**debt ratio** *n.* ပေးရန်ရှိ ကြွေးမြီစုစုပေါင်းနှင့် ကုမ္ပဏီပိုင် ရန်ပုံငွေတို့၏ အချိုး။

**debt refunding** *n.* ကြွေးဟောင်းခုနှိမ်ငွေချေးခြင်း။

**debt security** *n.* ချေးယူငွေအတွက် အထောက်အထားဖြစ်သည့် ငွေချေးစာချုပ်။

**debt service** *n.* အတိုးအရင်းပြန်ဆပ်မှု။

**debt service ration** *n.* ကြွေးမြီ ဝန်ဆောင်မှု အချိုးအစား။

**decade** *n.* ဆယ်စုနှစ်တစ်စု။

**decanter** *n.* ဖန်ဘူး။

**decay** *n.* ယိုယွင်းပျက်စီးခြင်း။ *v.* ယိုယွင်းပျက်စီးသည်။

**decentralisation** *n.* ဗဟိုထိန်းချုပ်မှု လျှော့ချသောစနစ်။

**deceptive advertising** *n.* ရောင်းကုန်ပစ္စည်းနှင့် လုပ်ငန်းကို အထင်ကြီးမှုရရန် လိမ်ညာကြော်ငြာခြင်း။

**decide** *v.* ဆုံးဖြတ်သည်။

**decided** *adj.* ဆုံးဖြတ်ပြီး။

**deciles** *n.* ဆယ်လီစိတ်။

**declining-marginal efficient-of-capital theory** *n.* မတည်ငွေပေါ် အသားတင်ငွေ။

**decision** *n.* ဆုံးဖြတ်ချက်။ အဆုံးအဖြတ်။

**decision maker** *n.* အဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်။

**decision making** *n.* ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခြင်း။

**decision tree** *n.* ဆုံးဖြတ်ချက်အမျိုးမျိုးတို့ကြောင့် ဖြစ်လာနိုင်သည့်အကျိုးဆက်များကိုသရုပ်ဖော်ပြသထားပုံ။

**deck closing** *n.* ကုန်းပတ် အဆုံး။

www.burmeseclassic.com

www.burmeseclassic.com



**deck commencing** *n.* ကုန်းပတ်အစ။

**deck repairs** *n.* ကုန်းပတ်ပြင်ဆင်စရိတ်။

**declaration** *n.* တရားဝင်ကြေညာခြင်း။

**declaration of income** *n.* အခွန်ဌာနသို့ တင်ပြရသည့် ဝင်ငွေစာရင်း။

**declaration of of solvency** *n.* ဖျက်သိမ်းမည့် ကုမ္ပဏီက ပေးရန်ရှိ ငွေကြေးအားလုံးကို သတ်မှတ်နေ့ရက်တွင် ပေးချေမည်ဖြစ်ကြောင်း ကြေညာချက်။

**declaration of trust** *n.* ပစ္စည်းဥစ္စာကို အခြားသူတစ်ဦးအကျိုးအတွက်ထိန်းသိမ်းထားကြောင်း အပ်နှံခြင်းခံရသူ၏ ကြေညာချက်။

**declare** *v.* တရားဝင်ကြေညာသည်။ အကောက်ခွန်ဌာနသို့ တင်ပြသည်။

**decoded copy** *n.* စကားဝှက်ဖော်ပြီးမိတ္တူ။

**decrease** *n.* အလျော့။ လျော့ခြင်း။ *v.* လျော့နည်းသည်။

**decrease in demand** *n.* ဝယ်လိုအားလျော့ခြင်း။

**decreasing costs** *n.* အထွက်များ၍ စရိတ်နည်း။

**decreasing returns** *n.* အလျော့ပြန်ပေး။ လျော့နည်းသွားအထွက်။

**decreasing term assurance** *n.* တန်ဖိုးလျော့သက်တမ်းပိုင်းအာမခံ။

**decree** *n.* အမိန့်။ဥပဒေ။ *v.*အမိန့်ချမှတ်သည်။

**dedication** *n.* ပေးအပ်ခြင်း။

**deduct** *v.* နုတ်ယူသည်။ ဖြတ်သည်။

**deductible** *adj.* အခွန်မဆောင်မီဝင်ငွေမှနုတ်ရမည်ဖြစ်သော။

**deductions** *n.* နုတ်ငွေ။ နုတ်ယူခြင်း။ ဖြတ်တောက်ခြင်း။

**dedutive method** *n.* ကောက်နုတ်ဆင်ခြင်နည်း။

**deed** *n.* စာချုပ်စာတမ်း။

**deed of agreement** *n.* သဘောတူစာချုပ်။

**deed of assignment** *n.* လွှဲအပ်စာချုပ်။



**deed of lease** *n.* အငှားစာချုပ်။

**deed of mortage** *n.* အပေါင်စာချုပ်။

**deed of partnership** *n.* နှစ်ဦးနှင့် အထက်စီးပွားရေး စပ်တူလုပ်ရန်။

**deed of transfer** *n.* ပိုင်ဆိုင်မှုလွှဲပြောင်းပေးသည့် တရားဝင်စာချုပ်စာတမ်း။

**deed restriction** *n.* မြေ လွှဲပြောင်းမှုစာချုပ်ပါ ကန့်သတ်စည်းကမ်းချက်။

**defaced note** *n.* ပုံပျက်ငွေစက္ကူ။

**defalcation** *n.* စာရင်းလိမ်ခြင်း။

**default** *v.* ပျက်ကွက်သည်။ အကြွေးဆပ်ရန်ပျက်ကွက်ခြင်း။

**defeasance** *n.* စာချုပ်၊ သေတမ်းစာတို့၏ အကျိုးသက်ရောက်မှုကို ပျက်ပြယ်စေသော စာချုပ်စာတမ်း။

**defect** *n.* ချွတ်ယွင်းချက်။

**defective** *adj.* အပြစ် အနာရှိသော။ ချွတ်ယွင်းသော။ မပြည့်စုံသော။

**defective note** *n.* ချွတ်ယွင်းငွေစက္ကူ။

**defective title** *n.* လွှဲပြောင်းရောင်းချမှု မလုပ်နိုင်သည့် ပိုင်ဆိုင်ခွင့်။ ဥပဒေနှင့် မညီသည့်နည်းလမ်းများဖြင့်ရရှိထားသောလွှဲပြောင်းနိုင်သည့် စာချုပ် စာတမ်း ပိုင်ဆိုင်မှု။

**defence** *n.* ကာကွယ်ရေး။ ကာကွယ်ခြင်း။

**defendant** *n.* တရားခံ။ တရားပြိုင်။

**defensive securities** *n.* နိုင်လုံစိတ်ချရ၍ အကျိုးအမြတ်ရှိစေသည့် စတော့ရှယ်ယာ၊ ငွေချေးစာချုပ်များ။

**defer** *v.* ရွှေ့ဆိုင်းသည်။

**deferal of taxes** *n.* ယခုနှစ်ပေးဆောင်ရမည့်ဝင်ငွေခွန်ကိုနောက်နှစ်သို့ ရွှေ့ဆိုင်းခြင်း။

**deferred** *adj.* ဆိုင်းငံ့။ ဆိုင်းငံ့ထားသော။ရွှေ့ဆိုင်းထားသော။

**deferred annuity** *n.* ဆိုင်းငံ့နှစ်စဉ်ငွေ။

**deferred bond** *n.* ဆိုင်းငံ့ခံဝန်ချုပ်။

www.burmeseclassic.com

www.burmeseclassic.com



**deferred charge** *n.* ပိုင်ဆိုင်ပစ္စည်းကိုကာလအလိုက်တန်ဖိုးလျှော့၍ စာရင်းမှ ပယ်ဖျက်သည့် အသုံးစရိတ်။

**deferred credit** *n.* ရရှိပြီးစာရင်းမပြသေးသည့် လုပ်ငန်းဝင်ငွေ။

**deferred creditor** *n.* ဆိုင်းငံ့မြီရှင်။

**deferred demand** *n.* ဆိုင်းငံ့ဝယ်လိုအား။

**deferred income** *n.* ကြိုတင်ဝင်ငွေ။

**deferred interest bond** *n.* အတိုးကို ပုံမှန်ပေးခြင်းမဟုတ်ဘဲ နောက်ပိုင်းကာလမှ ပေးသည့် ငွေချေးစာချုပ်။

**deferred item** *n.* ရွှေ့ဆိုင်းအမျိုးအမည်။

**deferred liabilities** *n.* ကာလအတော်ကြာ ပေးဆပ်ရန်မလိုသည့် ကြွေးမြီများ။

**deferred maintenance cost** *n.* ရွှေ့ဆိုင်းပြုပြင် ကုန်ကျစရိတ်။

**deferred ordinary share** *n.* ဆိုင်းငံ့သာမန် အစုရှယ်ယာ။

**deferred payment annuity** *n.* သတ်မှတ်ကာလရောက်မှ ငွေပေးရန် ချုပ်ဆိုထားသည့် အာမခံစာချုပ်။

**deferred rebate** *n.* ဆိုင်းငံ့လျှော့ပေးငွေ။

**deferred revunue expenditure** *n.* ဆိုင်းငံ့ အခွန်တော် အသုံးငွေ။ ရွှေ့ဆိုင်း သာမန် အသုံးစရိတ်။

**deferred share** *n.* ဆိုင်းငံ့အစုရှယ်ယာ။

**deferred share capital** *n.* ရွှေ့ဆိုင်း ရှယ်ယာမတည်ငွေ။

**deferred stock** *n.* ဆိုင်းငံ့စတော့ရှယ်ယာ။

**deficiency** *n.* ချို့တဲ့ခြင်း၊ လိုခြင်း၊ လျော့ခြင်း။

**deficiency account** *n.* လိုငွေစာရင်း။

**deticiency of capital** *n.* အရင်းအနှီးချို့တဲ့ခြင်း။



**deficient** *adj.* လျော့သော။ ချို့တဲ့သော။ လိုသော။

**deficit** *n.* လိုငွေ။ လျော့ငွေ။

**deficit financing** *n.* လိုငွေဘတ်ဂျက်နည်း။

**deficit net worth** *n.* ပေးရန်တာဝန်က ရရန်ပိုင်ခွင့်၊ မတည်စတော့နှစ်ရပ်ပေါင်းထက် ပိုများနေခြင်း။

**deficit spending** *n.* သုံးငွေက ရငွေထက်များ၍ လိုငွေကို ချေးငွေဖြင့် ဖြည့်တင်းခြင်း။

**deflation** *n.* ငွေကျုံ့ခြင်း။ ပစ္စည်းများ၍ ငွေနည်းခြင်း။ လျှော့ချခြင်း။

**deflationary gap** *n.* ထုတ်လုပ်မှုအားထက် ဝယ်ယူအားလျော့နည်းခြင်း။

**defraud** *v.* (ကုန်ပစ္စည်း၊ ငွေကြေး) လိမ်ညာယူသည်။

**defray** *v.* လိုအပ်သောငွေကို ကျခံသည်။ ထုတ်ပေးသည်။

**defunct** *adj.* ရပ်စဲနေသော။ အသုံးမဝင်တော့သော။

**defunct company** *n.* လုပ်ငန်းရပ်သွားသည့် ကုမ္ပဏီ။

**degradation** *n.* ဆင်းရဲမွဲတေခြင်း။

**degree** *n.* အပူချိန်ယူနစ်။ အတိုင်းအတာ။ ဘွဲ့။

**degression** *n.* လျော့နည်း ကျဆင်းလာခြင်း။

**dehiring** *n.* အလုပ်သမား လျှော့ချခြင်း။ အလုပ်ဖြုတ်ခြင်း။

**deindustrialization** *n.* စက်မှုလုပ်ငန်းကျဆင်းခြင်း။

**del credere agent** *n.* ကြွေးတာဝန်ယူသောကိုယ်စားလှယ်။

**del credere agreement** *n.* ကြွေး တာဝန်ယူ သဘောတူညီချက်။

**del credere commission** *n.* ကြွေးတာဝန်ယူ ဒိုင်ကြေး။

**delay** *v.* နှောင့်နှေး ကြန့်ကြာသည်။ *n.* နှောင့်နှေးခြင်း။ ကြန့်ကြာခြင်း။

**delay of increment** *n.* နှစ်တိုးနှောင့်နှေးခြင်း။

**delinquent tax** *n.* ရက်လွန်အခွန်။

www.burmeseclassic.com

www.burmeseclassic.com



**delegate** *n.* ကိုယ်စားလှယ်။ *v.* အလုပ်တာဝန်ခွဲဝေပေးသည်။

**delegation** *n.* ကိုယ်စားလှယ်အဖွဲ့။ တာဝန်လွှဲအပ်ခြင်း။

**delicatessen** *n.* အသင့်စားဖွယ်နိုင်ငံခြားအစားအစာများရောင်းသောဆိုင်။

**delete** *v.* ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမှု ရပ်ဆိုင်းသည်။ (စာရင်းမှ) ပယ်ဖျက်သည်။(ကွန်ပျူတာ အချက်အလက်) ဖျက်ပစ်သည်။

**delinquency** *n.* အချိန်စေ့သော်လည်းပေးရန်ပျက်ကွက်နေခြင်း။

**delisting** *n.* စတော့ အရောင်းအဝယ်စာရင်းမှ ပယ်ဖျက်ခြင်း။

**delivery** *n.* ပေးဝေခြင်း၊ ပေးအပ်ခြင်း။

**delivery book** *n.* ပေးအပ် စာအုပ်။

**delivery charges** *n.* ကုန်တင်ကုန်ချစရိတ်။

**delivery form** *n.* ပစ္စည်းပေးပုံစံ။

**delivery list** *n.* ပစ္စည်းထုတ်ပေးစာရင်း။

**delivery note** *n.* ကုန်ပို့လွှာ။

**delivery order** *n.* ပေးအပ်ခွင့်အမိန့်။

**delivery receipt** *n.* ကုန်ရပြေစာ။

**demand** *n.* တောင်းခံခြင်း။ ဝယ်လိုအား။ အဝယ်။

**demand and supply curve** *n.* ဝယ်လိုအား ရောင်းလိုအားမျဉ်းကွေး။

**demand bill** *n.* ချက်ချင်းပေးငွေတောင်းလွှာ။

**demand curve** *n.* ဝယ်လိုအားမျဉ်းကွေး။

**demand deposit** *n.* စာရင်းရှင်အပ်ငွေ။

**demand determined industry** *n.* ဝယ်လိုအား ပြဋ္ဌာန်းသော လုပ်ငန်းစု။

**demand draft** *n.* ချက်ချင်းပေးငွေလွှဲလွှာ။

**demand factor** *n.* တောင်းဆိုကိန်း။

**demand inflation** *n.* ဝယ်လိုအားငွေ ဖောင်းပွမှု။



**demand liabilities** *n.* တောင်းလျှင် ပေးရန်တာဝန်။

**demand loan** *n.* တောင်းဆိုလျှင်ပေးချေငွေ။

**demand note** *n.* တောင်းဆိုလျှင်ပေးရန် စာချုပ်စာတမ်း။

**demand price** *n.* ဝယ်လိုအားဈေးနှုန်း။

**demand pull inflation** *n.* ဝယ်လိုအားက ဆွဲတင်သောဖောင်းပွမှု။

**demand schedule** *n.* ဝယ်လိုအားဇယား။

**demarcation** *n.* လုပ်ငန်းပိုင်းခြား သတ်မှတ်ခြင်း။

**democratic centralism** *n.* ဒီမိုကရေစီ ဗဟိုဦးစီးစနစ်။

**demonetization** *n.* တရားဝင်အဖြစ်မှရပ်စဲခြင်း။

**demonstrate** *v.* (စက်၊ကိရိယာ) အသုံးပြုပုံ ရှင်းလင်းပြသည်။ သရုပ်ပြသည်။

**demurrage** *n.* နှောင့်နှေး ကြန့်ကြာကြေး။

**denationalization** *n.* နိုင်ငံပိုင်အဖြစ်မှ ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲခြင်း။

**denationalize** *v.* နိုင်ငံပိုင်အဖြစ်မှ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲသည်။

**denomination** *n.* တန်ဖိုးအမျိုးအစား။

**denominational value** *n.* ပြဋ္ဌာန်းတန်ဖိုး။

**department** *n.* ဌာန၊ ဌာနခွဲ။

**department of economics** *n.* ဘောဂဗေဒဌာန။

**department of statistics** *n.* စာရင်းအင်းစုဌာန။

**departmental** *adj.* ဌာနဆိုင်ရာ။

**departmental account** *n.* ဌာနဆိုင်ရာငွေစာရင်း။

**departmental bookkeeping** *n.* ဌာနဆိုင်ရာစာရင်းထိန်းခြင်း။

**departmental column** *n.* ဌာနဆိုင်ရာ ဇယားကွက်။

**departmental store** *n.* ကုန်တိုက်။ ကုန်ပဒေသာ စတိုးဆိုင်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



**dependant** *n.* မှီခိုသူ။ မှီခို။

**dependency allowance** *n.* မှီခိုသူများအတွက်ထောက်ပံ့ကြေး။

**dependency theories** *n.* မှီခိုမှုသီအိုရီများ။

**deplete** *v.* လျော့နည်းလာသည်။

**depletion allowance** *n.* ဖြုန်းတီးမှုလျာထားငွေ။

**deposit** *n.* အပ်ငွေ။ အာမခံစပေါ်ငွေ။

**deposit account** *n.* အပ်ငွေ စာရင်း။ စာရင်းသေအပ်ငွေ။

**deposit book** *n.* အပ်ငွေစာအုပ်။

**deposit reccipt** *n.* အပ်ငွေပြေစာ။ အပ်နှံပြေစာ။

**deposit register** *n.* အာမခံငွေမှတ်ပုံတင်။

**depositor** *n.* ဘဏ်တွင် ငွေအပ်နှံသူ။

**depository** *n.* ပစ္စည်းသိုထားရာနေရာ။ ဘဏ္ဍာတိုက်။

**deposit slip** *n.* ငွေသွင်းဖြတ်ပိုင်း။

**depot** *n.* ကုန်လှောင်ရုံ။ ဂိုဒေါင်။ စခန်း။

**depreciable life** *n.* ပိုင်ဆိုင်ပစ္စည်း တန်ဖိုးလျော့ ခန့်မှန်းအသုံးဝင်သက်တမ်း။

**depreciate** *v.* တန်ဖိုးလျော့ ကျသည်။

**depreciation** *n.* တန်ဖိုးလျော့ကျခြင်း။ ဖြုန်းတီးမှု။

**depreciation account** *n.* တန်ဖိုးလျော့စာရင်း။

**depreciation allowance** *n.* ပွန်းတီး ချွတ်ယွင်းမှုအတွက်လျာထားငွေ။

**depreciation fund** *n.* တန်ဖိုးလျော့ ရန်ပုံငွေ။

**depreciation fund system** *n.* တန်ဖိုးလျော့ ရန်ပုံငွေစနစ်။

**depreciation in exchange rate** *n.* ငွေလဲနှုန်းလျော့ခြင်း။

**depreciation of assets** *n.* ပိုင်ဆိုင် ပစ္စည်းတန်ဖိုးလျော့ခြင်း။ ပိုင်ဆိုင်ပစ္စည်း ပြုန်းတီးမှု။

**depreciation policy** *n.* တန်ဖိုးလျော့စနစ်။

**depreciation reserve fund** *n.* တန်ဖိုးလျော့သီးသန့် ရန်ပုံငွေ။



**depreciation table** *n.* တန်ဖိုးလျော့ကိန်းသေဇယား။

**depressed area** *n.* အလုပ် အကိုင် ရှားပါးသော ဆင်းရဲသားရပ်ကွက်။

**depressed market** *n.* ကုန်ပစ္စည်းအရောင်းအဝယ်မကောင်းသော ဈေးကွက်။

**depression** *n.* စီးပွားရေး ကျပ်တည်းမှု။ စီးပွားရေးဆုတ်ယုတ်မှု၊ စီးပွားပျက်ကပ်။

**deputation** *n.* ကိုယ်စားလှယ်အဖွဲ့။

**depute** *v.* ကိုယ်စားလှယ်လွှဲသည်။ အလုပ်တာဝန် လွှဲအပ်သည်။

**deputy** *n.* လက်ထောက်။

**deregulate** *v.* ကန့်သတ် ထိန်းချုပ်ထားခြင်းမှ ကင်းလွတ်စေသည်။

**deregulation** *n.* ကန့်သတ်ထိန်းချုပ်ထားခြင်းမှ ကင်းလွတ်စေခြင်း။

**dereliction** *n.* စွန့်ပစ်ထား၍ပျက်စီးနေခြင်း။တာဝန်ဝတ္တရားများ တမင်ပျက်ကွက်ခြင်း။

**derivation deposit** *n.* အကြွေးဆပ်ရန် အပ်ငွေ။

**derived demand** *n.* အကြောင်းသွယ် ဝယ်လိုအား။

**derrick** *n.* ဝန်ချီစက်။ ဝန်ချီမောင်း။ ရေနံစင်။

**derv** *n.* ဒီဇယ်ဆီ။

**description** *n.* မြေရာအဆောက်အအုံ အရောင်းအဝယ် စာချုပ်များပါ မြေရာအဆောက်အအုံတည်ရှိရာ ဖော်ပြထားပုံ။

**descriptive economics** *n.* သရုပ်ဖော် ဘောဂဗေဒ။

**desert** *v.* ထွက်ခွာသည်၊ ထွက်ပြေးသည်။

**design** *n.* ပုံကြမ်း။ ပုံစံ။ ဒီဇိုင်း။ *v.* ပုံစံထုတ်သည်။ ဒီဇိုင်းရေးဆွဲသည်။

**designate** *adj.* ရာထူးခန့်အပ်ပြီးဖြစ်သော်လည်း တာဝန်မထမ်းဆောင်ရသေးသော။ *v.* သတ်မှတ်သည်။

**designate value** *n.* သတ်မှတ်တန်ဖိုး။

www.burmeseclassic.com

www.burmeseclassic.com



**designation** *n.* ရာထူး။ ရာထူးခန့်ထားခြင်း။

**designer** *n.* ဒီဇိုင်နာ။ ဒီဇိုင်းပညာရှင်။

**designing** *n.* ပုံစံထုတ်ခြင်း။

**desk** *n.* စာရေးစားပွဲ၊ စားပွဲခုံ။

**deskilling** *n.* အလုပ်သမားတို့၏ ကျွမ်းကျင်မှု ဆုံးရှုံးခြင်း။ ကျွမ်းကျင်မှု မရှိသေးသော အလုပ်သမားများဖြင့် လုပ်ဆောင်၍ ရနိုင်အောင် စက်မှုဆိုင်ရာ နည်းပညာများကို ပြင်ဆင် ဆောင်ရွက်ခြင်း။

**desk research** *n.* လက်ဝယ်ရှိ အချက်အလက်များကို အသုံးပြု၍ ဈေးကွက်သုတေသန ဆောင်ရွက်မှု။

**desktop** *n.* စာရေးစားပွဲမျက်နှာပြင်။

**desktop computer** *n.* စားပွဲတင် ကွန်ပျူတာ။

**desktop publishing** *n.* ကွန်ပျူတာ စာစီလုပ်ငန်း။

**despatch** *n.* ပေးပို့ခြင်း။ *v.* ပေးပို့သည်။

**despatch book** *n.* ရုံးစာပေးပို့စာအုပ်။

**despatch clerk** *n.* ရုံးစာပို့စာရေး။

**despatcher** *n.* ပေးပို့သူ။

**despatch note** *n.* ပေးပို့လွှာ။

**destination** *n.* ပေးပို့လိုသောနေရာဒေသ။

**destruction certificate** *n.* ဖျက်ဆီးပြီးဖြစ်ကြောင်း သက်သေခံလက်မှတ်။

**detail** *n.* အသေးစိတ်။ အသေးစိတ်အချက်အလက်။

**detailed** *adj.* အသေးစိတ်ကျသော။ အနုစိတ်ကျသော။

**detail person** *n.* ဖောက်သည်များထံအိမ်တိုင်ရာရောက်ဆောင်ရွက်ပေးသည့် အရောင်း ကိုယ်စားလှယ်။

**detect** *v.* စိစစ်သည်။

**detecting error** *n.* အမှားစိစစ်ခြင်း။

**detection** *n.* စိစစ်ခြင်း။

**devaluation** *n.* ငွေတန်ဖိုးချခြင်း။



**develop** *v.* တိုးတက်လာသည်။ ကြီးပွားလာသည်။

**developed countries** *n.* ဖွံ့ဖြိုးပြီးနိုင်ငံများ။

**developer** *n.* ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သော ကုမ္ပဏီ။

**developing countries** *n.* ဖွံ့ဖြိုးဆဲနိုင်ငံများ။

**development** *n.* ဖွံ့ဖြိုးတိုးတက်မှု။ ဖွံ့ဖြိုးတိုးတက်ခြင်း။

**development expenses** *n.* ဖွံ့ဖြိုးစရိတ်။

**development programme** *n.* ဖွံ့ဖြိုးရေးအစီအစဉ်။

**deviation** *n.* လမ်းလွဲခြင်း၊ တိမ်းချော်ခြင်း။

**device** *n.* ကိရိယာတန်ဆာပလာ။

**devise** *n.* အမွေပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်း။

**dexterity** *n.* ကျွမ်းကျင်မှု၊ ကျွမ်းကျင်ခြင်း။

**diagonal expansion** *n.* ထောင့်ဖြတ်ချဲ့ခြင်း။

**diagram** *n.* ပုံစံ။ ကားချပ်။

**diamond** *n.* စိန်။

**diary** *n.* နေ့စဉ်မှတ်တမ်း စာအုပ်။ ဒိုင်ယာရီ။

**diesel** *n.* ဒီဇယ်ဆီ။

**diesel engine** *n.* ဒီဇယ်အင်ဂျင်။

**difference** *n.* ခြားနားချက်။

**different** *adj.* ခြားနားသော။

**differential** *n.* ငွေကြေး၊ လစာ၊ လုပ်ခ မတူညီမှု၊ ခွဲခြားမှု။ ကုန်ပစ္စည်းအမျိုးအစားဈေးနှုန်း ကွာခြားချက်။

**differential advantage** *n.* နိုင်ငံကွဲပြားမှုကြောင့်ကုန်ပစ္စည်းတစ်မျိုး ထုတ်လုပ်မှုတွင် တစ်နိုင်ငံက တစ်နိုင်ငံထက် အခွင့်အလမ်းသာခြင်း။

**differential duty** *n.* နှုန်းခွဲ အကောက်ခွန်။

**differentiate** *v.* ခွဲခြားနိုင်သည်။

**differentiation** *n.* ပြိုင်ဘက်ကုမ္ပဏီချင်း ကုန်ပစ္စည်း၊ ဈေးနှုန်း၊ ထုပ်ပိုးပုံ၊ ကြော်ငြာနည်းလမ်း စသည်မတူညီစေဘဲဝယ်သူအပေါ် ဆွဲဆောင်မှုရှိအောင်ပြုလုပ်ခြင်း။

**difficult** *adj.* ခက်ခဲသော။ ခဲယဉ်းသော။

www.burmeseclassic.com

www.burmeseclassic.com



**digit** *n.* ဝမှ၉အထိကိန်းဂဏန်း။

**digital** *adj.* ကိန်းဂဏန်းဖြင့် ပြသသော။

**diligence** *n.* လုံ့လဝီရိယ။ ကြိုးစားခြင်း။

**diligent** *adj.* လုံ့လဝီရိယရှိသော။ ကြိုးစားသော။

**dilute** *adj.* အာနိသင်ပျော့သော။

**dilution** *n.* အရည်ဖျော်ခြင်း။ အရည် ရောနှောခြင်း။

**dimension** *n.* အတိုင်းအတာ။ ပမာဏ၊ ထုထည်။

**diminish** *v.* လျော့လာသည်။ နည်းလာသည်။

**diminishing cost** *n.* လျော့နည်း ကုန်ကျစရိတ်။

**diminishing productivity** *n.* ကုန်ထုတ်လုပ်မှု လျော့ကျခြင်း။ လျော့နည်း ထုတ်လုပ်မှု စွမ်းအား။

**diminishing returns** *n.* အလျော့စာရင်း။

**diminishing utility** *n.* အသုံးလျော့မှု။

**diminution** *n.* လျော့သောပမာဏ။ လျှော့ခြင်း။ လျော့နည်းလာခြင်း။ ဆုတ်ယုတ်လာခြင်း။

**dinar** *n.* အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းတွင် သုံးသော ငွေကြေးယူနစ်။ ဒီးနား။

**dining-room** *n.* ထမင်းစားခန်း။

**dinner** *n.* ညစာစားပွဲ။

**diplomatic** *adj.* သံတမန်ရေးရာ။

**diplomatic bag** *n.* သံရုံးအိတ်။

**diplomatic corps** *n.* သံတမန်များ။

**direct** *adv.* တိုက်ရိုက်။ *v.* စီမံသည်။ ညွှန်ကြားသည်။

**direct access** *n.* ကွန်ပျူတာရှိ လိုအပ်သည့် အချက်အလက်ကို တိုက်ရိုက် ရှာဖွေနိုင်သည့်စနစ်။

**direct charge** *n.* တိုက်ရိုက်စရိတ်။

**direct cost** *n.* တိုက်ရိုက်ကုန်ကျစရိတ်။



**direct debit** *n.* မိမိငွေစာရင်းမှ တစ်စုံတစ်ယောက်အား သတ်မှတ်ရက်အတွင်း ငွေထုတ်ပေးရန် ဘဏ်သို့လွှဲသောစာ။

**directed economy** *n.* ညွှန်ကြားပြီး စီးပွားရေး။

**direct expense** *n.* တိုက်ရိုက်ကုန်ကျစရိတ်။

**direct export** *n.* ကြားခံ ကိုယ်စားလှယ် မထားဘဲ ပြည်ပသို့ တိုက်ရိုက်ရောင်းချမှု။

**direct financing** *n.* တိုက်ရိုက်စိုက်ထုတ်ခြင်း။

**direct labour** *n.* တိုက်ရိုက်လုပ်သားခ။

**direct income** *n.* တိုက်ရိုက် ဝင်ငွေ။

**direct investment** *n.* တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု။

**direction** *n.* ညွှန်ကြားခြင်း၊ ရည်မှန်းချက်။

**directive** *n.* ညွှန်ကြားချက်။

**direct letter of credit** *n.* ဘဏ်ခွဲသို့ လိပ်မူပေးပို့သည့် ငွေရပိုင်ခွင့်စာ။

**directly** *adv.* တည့်တည့်၊ တိတိကျကျ။

**direct material** *n.* တိုက်ရိုက်ကုန်ကြမ်းပစ္စည်း။

**director** *n.* ညွှန်ကြားရေးမှူး၊ ဒါရိုက်တာ၊ ဒါရိုက်တာလူကြီး၊ ဒါရိုက်တာအဖွဲ့ဝင်။

**director general** *n.* ညွှန်ကြားရေးမှူးချုပ်။

**director's fees** *n.* ဒါရိုက်တာကြေး။

**director's meeting** *n.* ဒါရိုက်တာအဖွဲ့အစည်းအဝေး။

**director's remuneration** *n.* ဒါရိုက်တာ ရပိုင်ခွင့်ငွေကြေး။

**directorship** *n.* ကုမ္ပဏီဒါရိုက်ရာထူး။

**directory** *n.* လမ်းညွှန်စာအုပ်။

**directory enquiries** *n.* တယ်လီဖုန်း စုံစမ်းရေးရုံး။

**direct overhead** *n.* ကုန်ထုတ်လုပ်မှုတွင် တိုက်ရိုက် ကုန်ကျငွေအဖြစ် သတ်မှတ်သည့် ဝန်ဆောင် စရိတ်။

**direct planning** *n.* တိုက်ရိုက်စီမံကိန်း။

www.burmeseclassic.com

www.burmeseclassic.com



**direct production** *n.* တိုက်ရိုက် ကုန်ထုတ်လုပ်မှု။

**direct remittance from chest to chest** *n.* ဘဏ်ငွေသေတ္တာတစ်လုံးမှ တစ်လုံးသို့ တိုက်ရိုက်ပြောင်းခြင်း။

**direct sale** *n.* တိုက်ရိုက်ရောင်းချမှု။

**direct tax** *n.* တိုက်ရိုက်စည်းကြပ်ခွန်။

**direct wages** *n.* တိုက်ရိုက်လုပ်ခ။

**dirty cargo allowance** *n.* ညစ်ပတ်သော ကုန်များကိုင်တွယ်စရိတ်။

**disability benefits** *n.* မသန်စွမ်းသူများအကျိုးခံစားခွင့်။

**disadvantage** *n.* ဆိုးကျိုး။ အားနည်းချက်။ အခွင့်မသာမှု။

**disagreement** *n.* မကိုက်ညီခြင်း။ ကွဲလွဲမှု။

**disallowance** *n.* ဖြတ်တောက်ငွေ။

**disbursement** *n.* ငွေထုတ်ပေးခြင်း။ ထုတ်ပေးငွေ။

**disbursement account** *n.* ထုတ်ပေးငွေ စာရင်း။

**disburser's statement** *n.* ငွေထုတ်ပေးသူ၏ စာရင်းရှင်းတမ်း။

**discharge** *n.* အကြွေးဆပ်ခြင်း၊ ရှင်းခြင်း၊ လွတ်ခြင်း။

**discharged** *pp.* ရှင်းလင်းပြီး။

**discharged bankrupt** *n.* လူမွဲအဖြစ်မှ ထွက်လာခြင်း။လူမွဲလူထွက်။

**discharge of a bill** *n.* ဘီလ်ရှင်းပြီးခြင်း။

**discharge of a contract** *n.* ပဋိညာဉ်မှကင်းလွတ်ခြင်း။

**discharge of a debtor** *n.* မြီစားအဖြစ်မှ လွတ်ခြင်း။

**discharge of a liability** *n.* ပေးရန်တာဝန်မှ ကင်းလွတ်ခြင်း။

**discharge of a loan** *n.* ကြွေးရှင်းလင်းပြီးခြင်း။

**discipline** *v.* ထိန်းသိမ်းကြပ်မတ်သည်။ *n.* စည်းကမ်း၊စည်းကမ်း ကျနခြင်း။



**disclaimer** *n.* မသက်ဆိုင်ကြောင်း၊ တာဝန်မရှိကြောင်း တရားဝင် ရှင်းလင်းချက်။

**disclosed factoring** *n.* ကုန်ထုတ်လုပ်သူက ရရန်ရှိ ကုန်ကြွေး ကောက်ခံခွင့်ကို မြီစားများအား အသိပေးပြီး ဝယ်ယူခြင်း။

**discount** *n.* လျှော့ဈေး။ *v.* ဈေးလျှော့ပေးသည်။

**discount allowed** *n.* လျှော့ငွေအပေး။

**discount column** *n.* လျှော့ငွေကော်လံ။

**discount for creditor** *n.* မြီရှင်အပေါ်လျှော့ငွေ။

**discounting** *n.* လျှော့ပေးခြင်း။

**discounting the news** *n.* သတင်းကြိုပေးခြင်း။

**discounting fiscal policy** *n.* အရေးပေါ်ဘဏ္ဍာရေးပေါ်လစီ။

**discount off purchases** *n.* အဝယ်မှလျှော့ငွေ။

**discount off sales** *n.* အရောင်းမှ လျှော့ငွေ။

**discount off debtors** *n.* မြီစားအပေါ် လျှော့ငွေ။

**discount on issue of debenture** *n.* ဒီဗင်ချာ စာချုပ်ထုတ်လျှော့ငွေ။

**discount on issue of shares** *n.* ရှယ်ယာထုတ် လျှော့ငွေ။

**discount price** *n.* လျှော့ပြီးဈေးနှုန်း။

**discount rate** *n.* လျှော့ငွေနှုန်း။ (အမေရိကန်) ဗဟိုဘဏ် အတိုးနှုန်း။

**discount received** *n.* လျှော့ငွေအရ။

**discount yield** *n.* လျှော့နှုန်းဖြင့်ရောင်းချသည့် ငွေချေးစာချုပ်မှ ရသော အကျိုးအမြတ်။

**discretionary buying power** *n.* အလိုကျ ဝယ်နိုင်အား။

**discretionary cost** *n.* စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ဖြင့် အလွယ်တကူ ပြောင်းလဲနိုင်သည့် ကုန်ကျစရိတ်။

**discretionary power** *n.* ဆင်ခြင် ဆုံးဖြတ်ခွင့်အာဏာ။

www.burmeseclassic.com

www.burmeseclassic.com



**discretionary trust** *n.* ချင့်ချိန်သုံးမှု စီမံအုပ်ထိန်းရေးအဖွဲ့။

**discriminating duty** *n.* ခွဲခြားသော အကောက်ခွန်။

**discriminatory taxation** *n.* ခွဲခြား၍ အခွန်စည်းကြပ်ခြင်း။

**diseconomies** *n.* စီးပွားရေးလုပ်ငန်းတွင် ပါဝင်နေသူများက ကုန်ကျခံခြင်းမရှိ၍ ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များ။

**diseconomics of scales** *n.* ချဲ့တာမှု အကျိုးယုတ်စေခြင်း။

**disequilibrium** *n.* ချိန်ခွင်လျှာမှန်ပျက်ခြင်း။

**disguised unemployment** *n.* ဖုံးကွယ်နေသော အလုပ်လက်မဲ့ ဖြစ်မှု။

**dishoarding** *n.* ပစ္စည်းထုတ်သုံးခြင်း။

**dishonest** *adj.* မရိုးဖြောင့်သော။

**dishonour** *n.* မလေးစားခြင်း။ ပယ်ခြင်း။ *v.* စာရင်းတွင် ငွေအလုံအလောက်မရှိ၍ ငွေထုတ်ပေးရန် ဘဏ်က ငြင်းဆိုသည်။

**dishonour by nonacceptance** *n.* လက်မခံ၍ပယ်ခြင်း။

**dishonour by nonpayment** *n.* ငွေမချေ၍ ပယ်ခြင်း။

**dishonour of a bill** *n.* ဘီလ် ပယ်ခြင်း။

**dishonour of a cheque** *n.* ချက်လက်မှတ်ပယ်ခြင်း။

**dishonoured** *pp.* ပယ်ပြီး။

**dishonoured bill** *n.* ပယ်ပြီး ဘီလ်။

**dishonoured cheque** *n.* ပယ်ပြီး ချက်လက်မှတ်။

**dishonour for non-acceptance** *n.* တာဝန်မယူ၍ ငြင်းပယ်ခြင်း။

**disinfectant** *n.* ပိုးသတ်ဆေး။

**disinflation** *n.* ငွေတန်ဖိုး တက်ခြင်း။

**disinherit** *v.* အမွေဖြတ်သည်။

**disintegrate** *v.* အစိတ်စိတ်အမြွာမြွာ ပြိုကွဲသည်။

**disintegration** *n.* ကုမ္ပဏီ၊ဦးပိုင်ကုမ္ပဏီ ပြိုကွဲခြင်း။

**disintermediation** *n.* ငွေချေးစာချုပ်များ အတိုးနှုန်းတက်လာ၍ ဘဏ်များနှင့် ငွေစုငွေချေးအသင်းများမှ စုဆောင်းငွေများ ငွေချေးစာချုပ်များသို့ တိုက်ရိုက်ကူးပြောင်းသွားခြင်း။



**disinvest** *v.* ရင်းနှီးမြှုပ်နှံမှု ရုပ်သိမ်းသည်။ ရင်းနှီးမြှုပ်နှံမှု လျှော့ချသည်။

**disinvestment** *n.* ရင်းနှီးမြှုပ်နှံမှု ရုပ်သိမ်းခြင်း၊ လျှော့ချခြင်း။

**disk** *n.* ကွန်ပျူတာစီဒီ။

**disk drive** *n.* အချက်အလက်များကို ကွန်ပျူတာစီဒီမှ တစ်ဆင့် ရေးသွင်း၊ ဖတ်ရှုနိုင်သည့် ကွန်ပျူတာ ဒစ်(စ်)ဒရိုက်(ဗ်)။

**dislocated economy** *n.* စီးပွားရေး အခြေပျက်ခြင်း။

**dismiss** *v.* အလုပ်ထုတ်သည်။ ရာထူးမှဖြုတ်သည်။

**dismissal** *n.* အလုပ်မှထုတ်ပယ်ခြင်း။

**dismissal wage** *n.* အလုပ်ထုတ်ခံရ၍ပေးသောနစ်နာကြေး။

**disorder** *n.* ကစဥ့်ကလျား ဖရိုဖရဲဖြစ်ခြင်း။

**disorganized** *adj.* စည်းကမ်းမဲ့သော။ စီစဥ်မှုညံ့သော။

**dispatch** *v.* ပေးပို့သည်။ စေလွှတ်သည်။ *n.* ပေးပို့ခြင်း၊ စေလွှတ်ခြင်း။ အလျင်အမြန် ပေးပို့သော ရုံးစာ။

**dispatch-rider** *n.* မော်တော်ဆိုင်ကယ်စီးရုံးစာပို့သူ။

**dispensary** *n.* ဆေးခန်း။

**dispense** *v.* ထုတ်ပေးသည်။ ဝေပေးသည်။

**dispenser** *n.* ငွေ၊ ပစ္စည်း ထုတ်ပေးသောစက်။

**display** *v.* ခင်းကျင်းပြသသည်။ *n.* ပြပွဲ။ ခင်းကျင်းပြသခြင်း။

**disposable** *adj.* အသုံးပြုနိုင်သော။ တစ်ခါသုံးဖြစ်သော။

**disposable income** *n.* သုံးစွဲနိုင်သည့် ဝင်ငွေ။

**disposables** *n.* တစ်ခါသုံးပစ္စည်းများ။

**disposal** *n.* အပြီးသတ်ဆောင်ရွက်ခြင်း။ လုပ်ငန်းအချို့အဝင် ရောင်းပစ်ခြင်း။ ထုခွဲရောင်းချခြင်း။ ရှင်းလင်းပစ်ခြင်း။

**disposed** *pt.* ဆောင်ရွက်ပြီး။

www.burmeseclassic.com

www.burmeseclassic.com



**dispose of** *(PHRV)* ထုခွဲသည်။

**disposition** *n.* အခြေအနေ။

**disposition of craft** *n.* ရေယာဉ်များ အခြေအနေ။

**disrepair** *n.* တာရှည်အသုံးမပြုဘဲထား၍ ယိုယွင်းပျက်စီးနေမှု။

**disreputable** *adj.* မကောင်းသတင်းဖြင့် ကျော်စောသော။

**disrupt** *v.* နှောင့်ယှက်သည်၊ ပွဲဖျက်သည်။

**dissaving** *n.* အသုံးမမျှတခြင်း။

**dissolution of partner- ship** *n.* အစုစပ်ဖျက်သိမ်းခြင်း။

**dissolve** *v.* တရားဝင်ဖျက်သိမ်းသည်။

**dissolved** *pt.* ဖျက်သိမ်းပြီး။

**distance** *n.* ခရီးအကွာအဝေး။

**distant** *n.* ဝေးကွာသော။

**distil** *v.* အရက်ချက်သည်။

**distiller** *n.* အရက်ကုမ္ပဏီ။

**distillery** *n.* အရက်ချက်စက်ရုံ။

**distinction** *n.* အရည်အချင်း။ ထူးချွန်ခြင်း။ ဘွဲ့ထူး။

**distinctive** *adj.* သိသာကွဲပြားသည်။

**distinguished** *adj.* အောင်မြင်ကျော်ကြားသော။

**distribute** *v.* ခွဲဝေသည်။

**distributed market area** *n.* ခွဲဝေပြီး ဈေးကွက်ဧရိယာ။

**distributed yielding** *n.* မှားယွင်းဖြန့်ဝေမှု။

**distribution** *n.* ခွဲဝေခြင်း။ ဖြန့်ဖြူးခြင်း။

**distribution allowance** *n.* ကုန်ဖြန့်ဖြူးစရိတ် ကာမိရန် လက်လီ၊ လက်ကား ရောင်းချသူများကို ဈေးနှုန်းလျှော့ပေးခြင်း။

**distribution of assets** *n.* ပိုင်ဆိုင်ပစ္စည်းခွဲဝေခြင်း။

**distribution of dividends** *n.* အမြတ်ဝေစု ခွဲဝေခြင်း။

**distribution of imports** *n.* သွင်းကုန်ဖြန့်ဖြူးခြင်း။

**distribution of wealth** *n.* ဓနအင်အားပျံ့နှံ့မှု။

**distributive** *adj.* ခွဲဝေသော။ ဖြန့်ဖြူးသော။ ဖြန့်ဖြူးမှုဆိုင်ရာ။



**distributive co-operative** *n.* ဖြန့်ဖြူးရေးသမဝါယမအသင်း။

**distributive trade** *n.* ဖြန့်ဖြူးရေးလုပ်ငန်း။

**distributor** *n.* ခွဲဝေသူ။ ဖြန့်ဖြူးသူ။ ရောင်းချဖြန့်ဖြူးပေးသူ။

**district** *n.* ဒေသ။ ခရိုင်။ ဒိစတြိတ်။

**disuse** *n.* အသုံးမပြုဘဲ ပစ်ထားခြင်း။

**disutility** *n.* အသုံးမချခြင်း။

**ditto** *n.* အထက်ပါအတိုင်း။ ထိုနည်း လည်းကောင်း။

**diversification** *n.* အမျိုးမျိုးခွဲခြားခြင်း။ ကုန်ပစ္စည်းများကို တိုးချဲ့၊ ထုတ်လုပ်ရောင်းချခြင်း။

**diversified company** *n.* ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီ။

**diversify** *v.* အမျိုးမျိုးပြောင်းလဲ ထုတ်လုပ်သည်။

**divided note** *n.* ငွေစက္ကူပြတ်။

**dividend** *n.* အမြတ်ဝေစု၊ အစုပေါ်အမြတ်။

**dividend equalization fund** *n.* အမြတ်ဝေစုနှုန်းညှိ ရန်ပုံငွေ။

**dividend per share** *n.* အစုရှယ်ယာတစ်ခုအတွက် ထုတ်ပေးသည့် အမြတ်ဝေစု။

**dividend reinvestment plan** *n.* အစုရှယ်ယာရှင် အမြတ်ဝေစုများကို ကုမ္ပဏီရှယ်ယာအဖြစ် ရင်းနှီးမြှုပ်နှံသည့် အစီအစဉ်။

**dividend requirement** *n.* ဦးစားပေးစတော့အတွက်အမြတ်ဝေစုပေးရန် လိုအပ်သည့်ဝင်ငွေပမာဏ။

**dividend warrant** *n.* အမြတ်ဝေစုလွှာ။

**dividend yield** *n.* ရှယ်ယာဝယ်ယူစဉ်ပေးရသည့်ဈေးနှုန်း ရာခိုင်နှုန်းအဖြစ် ဖော်ပြသော (အခွန်မနုတ်မီ) အမြတ်ဝေစု။

**division** *n.* ခွဲဝေခြင်း။ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုအောက်ရှိဌာနကြီး။

**divisional bond** *n.* (မီးရထားလမ်း) အစိတ်အပိုင်းစာချုပ်။

**division of labour** *n.* အလုပ်ခွဲဝေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**dock** *n.* သင်္ဘောကျင်း။ သင်္ဘောကုန်တင်ကုန်ချဆိပ်။ *v.* (လှေ၊ သင်္ဘော)ဆိုက်ကပ်သည်။သင်္ဘောလွှန်းတင်သည်။

**dock dues** *n.* ဆိပ်ကမ်းကြေး။

**docker** *n.* ဆိပ်ကမ်း အလုပ်သမား။

**docket** *n.* စာရင်းစာရွက်။ *v.* စာရင်းစာရွက် ကပ်သည်။

**dock receipt** *n.* ဆိပ်ကမ်း လက်ခံ ဖြတ်ပိုင်း။

**docks** *n.* ကုန်လှောင်ရုံများ၊ ဆိပ်ကမ်း။

**dock yard** *n.* သင်္ဘောကျင်း။

**dockyard disbursement sheet** *n.* သင်္ဘောကျင်း အသုံးစာရင်း။

**doctor's bills** *n.* ဆေးကုသခြင်းအတွက် ငွေတောင်းလွှာများ။

**document** *n.* စာချုပ်စာတမ်း။ မှတ်တမ်းမှတ်ရာ သက်သေခံစာရွက်စာတမ်း။

**documentary** *adj.* အထောက်အထားပါဝင်သော။ခိုင်လုံသော။

**documentary bill** *n.* သက်သေစာရွက်စာတမ်းများအရ ငွေတောင်းလွှာ။

**documentary letter of credit** *n.* ကုန်တင်တန်ဆာ (bill of lading) အာမခံ စာရွက်စာတမ်းများ ပါရှိသည့်ငွေရပိုင်ခွင့်စာ။

**document of title** *n.* ဖော်ပြပါပစ္စည်းကို မိမိပိုင်ပစ္စည်းကဲ့သို့ ဆောင်ရွက်ခွင့်ပေးထားသည့် စာရွက်စာတမ်း။

**documents against acceptance bill** *n.* ကုန်တင်ပို့သူက ကိုယ်စားလှယ်ထံ သင်္ဘောတင်စာရွက်စာတမ်းနှင့် အတူပေးပို့သည့် ငွေလွှဲစာချုပ်။

**documents against payment bill** *n.* ကုန်တင်ပို့သူက ကိုယ်စားလှယ်ထံ သင်္ဘောတင်စာရွက်စာတမ်းနှင့် အတူပေးပို့သည့် ငွေလွှဲစာချုပ်။

**dollar** *n.* ဒေါ်လာ (အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် အခြားနိုင်ငံအချို့သုံးငွေ)။



**dollar diplomacy** *n.* နိုင်ငံရပ်ခြား၌ စီးပွားရေးလုပ်ငန်းမြှင့်တင်ရေးမူဝါဒ။

**dollar drain** *n.* အမေရိကန်ပြည်ထောင်စုမှ ဒေါ်လာများ ယိုစိမ့်ထွက်မှု။

**dollar facilities** *n.* ဒေါ်လာရလွယ်မှုများ။

**dollar gap** *n.* ဒေါ်လာလိုငွေ။

**domestic** *adj.* ပြည်တွင်းနှင့်ဆိုင်သော။ အိမ်သုံး။

**domenstic advances** *n.* ပြည်တွင်းကြိုတင်ထုတ်ပေးငွေ။

**domestic bill** *n.* ပြည်တွင်းငွေတောင်းလွှာ။

**domestic commodity** *n.* ပြည်တွင်းဖြစ်ကုန်ပစ္စည်း။

**domestic consumption** *n.* ပြည်တွင်းစားသုံးမှု။

**domestic export** *n.* ပြည်တွင်းထုတ်ကုန်။

**domestic goods** *n.* အိမ်သုံးပစ္စည်းများ။

**domestic import** *n.* ပြည်တွင်းသုံး သွင်းကုန်။

**domestic industry** *n.* ပြည်တွင်း စက်မှုလက်မှုလုပ်ငန်း။

**domestic investment** *n.* ပြည်တွင်း ရင်းနှီးမြှုပ်နှံခြင်း။

**domestic output** *n.* ပြည်တွင်းထွက်ကုန်။

**domestic producer** *n.* ပြည်တွင်းကုန်ထုတ်လုပ်သူ။

**domestic product** *n.* ပြည်တွင်း ထုတ်ကုန်။

**domestic product account** *n.* ပြည်တွင်းထုတ်ကုန်စာရင်း။

**domestic service** *n.* အိမ်တွင်နေရင်း ထုတ်လုပ်မှုတာဝန်ထမ်းဆောင်နေသူ။

**donated stock** *n.* အလှူစတော့။

**donation** *n.* ပေးလှူခြင်း။ ပေးလှူသည့် အရာဝတ္ထု။

**donation to abroad** *n.* ပြည်ပပေးပို့ငွေ။

**donee** *n.* အလှူခံပုဂ္ဂိုလ်။ အလှူခံသူ။

**donkey jacket** *n.* အလုပ်သမားဝတ်အပြာရင့်ရောင်ကုတ်အင်္ကျီ ထူထူတိုတို။

www.burmeseclassic.com

www.burmeseclassic.com



**donkey-work** *n.* အလုပ်တစ်ခု၏ ငြီးငွေ့ပင်ပန်းဖွယ် လုပ်ကိုင်ရသည့် အပိုင်း။

**donor** *n.* အလှူရှင်။

**door to door** *(IDM)* အိမ်တိုင်ရာရောက်။ တစ်အိမ်တက်ဆင်း။ တစ်အိမ်ဝင်တစ်အိမ်ထွက်။

**door-to-door salesman** *n.* ကုန်ပစ္စည်းများကို တစ်အိမ်ဝင် တစ်အိမ်ထွက် ရောင်းချသူ။

**door to door selling** *n.* ကုန်ပစ္စည်းများကို တစ်အိမ်ဝင် တစ်အိမ်ထွက် ရောင်းချခြင်း။

**dormant** *adj.* ငုပ်နေသော၊ ငြိမ်နေသော။

**dormant capital** *n.* အရင်းအိပ်နေခြင်း၊ ရင်းနှီးငွေအိပ်နေခြင်း။

**dormant partner** *n.* ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသည့် အစုစပ်ပါတနာ။ ထိုင်စားစီးပွားဖက်။

**double** *n.* နှစ်ဆ။ နှစ်ဖက်။

**double account system** *n.* စာရင်းနှစ်မျိုးစနစ်။

**double-book** *v.* (ကြိုတင်ရောင်းရာ၊ စာရင်းသွင်းရာတွင်) ခုံနံပါတ်ချင်း၊ အခန်းနံပါတ်ချင်း ထပ်သွားသည်။

**double budget** *n.* နှစ်မျိုးခွဲဘတ်ဂျက်။

**double check** *v.* ဒုတိယအကြိမ်ထပ်စစ်သည်။

**double coincidence of wants** *n.* လိုအင်ဆန္ဒချင်း အပြိုင် တိုက်ဆိုင်မှု။

**double counting** *n.* နှစ်ခါပြန်ထည့်တွက်ခြင်း။

**double effect** *n.* နှစ်ဖက်ဖြစ်အကျိုး။

**double entry** *n.* နှစ်ဖက်သွင်း။

**double entry system book keeping** *n.* နှစ်ဖက်သွင်းစာရင်းကိုင်စနစ်။

**double liabililty** *n.* စတော့ကျန်ပေးရန် တာဝန်။

**double option** *n.* နှစ်ဖက် ရွေးခွင့်၊ နှစ်ကြိမ်ရွေးခွင့်။

**double taxation** *n.* နှစ်ဆစည်းကြပ်ခြင်းအခွန်၊ နှစ်ခါပြန်အခွန်ကောက်ခြင်း။



**double time** *n.* အချိန်ပိုလုပ်ခအတွက် ပုံမှန်ထက် နှစ်ဆရခြင်း။

**doubtful** *adj.* သံသယဖြစ်သော၊ ဒွိဟဖြစ်သော။

**doubtful debt** *n.* သံသယရှိအကြွေး။

**Dow Jones Industrial Average** *n.* DJIA (ဒီဂျေအိုင်အေ) ရှယ်ယာဈေးနှုန်းအတက်အကျပြညွှန်းကိန်း။

**down** *adv.* အောက်သို့။

**down and out** *n.* အိမ်မဲ့ရာမဲ့ ငွေကြေးမရှိသူ။

**down grade** *v.* အဆင့်လျှော့သည်။

**down load** *n.* ကွန်ပျူတာအချက်အလက်အကြောင်းအရာစသည်ကို ကူးယူသည်။

**down-market** *adj.* ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည် အပေါစားဖြစ်သော၊ အများကြိုက် ဖြစ်သော။

**down payment** *n.* စရန်ငွေ။

**down scale** *n.* စီးပွားရေး ကျဆင်းလာခြင်း။

**downside** *n.* အဆိုးဘက်၊ အကျဘက်၊ မကောင်းဘက်။

**downside risk** *n.* ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျဆင်းမှု ခန့်မှန်းချက်။

**down tick** *n.* စတော့ရှယ်ယာ၊ ငွေချေးစာချုပ် စသည် ဈေးနှုန်းလျှော့၍ ရောင်းချခြင်း။

**down time** *n.* ကွန်ပျူတာချွတ်ယွင်းနေချိန်။

**downturn** *n.* စီးပွားရေး အကျဘက်သို့ အလှည့်အပြောင်း။

**draft** *n.* ဘဏ်ငွေလွှဲလွှာ။ ငွေလွှဲစာချုပ်။

**draft memorandum** *n.* ရှေ့ပြေးမှုကြမ်း။

**draft outline** *n.* စီမံကိန်းမှုကြမ်း။

**drafting** *n.* ငွေလွှဲလွှာရေးခြင်း။

**draw** *v.* ငွေထုတ်ပေးရန် ဘဏ်သို့ ချက်လက်မှတ်၊ အကြောင်းကြားစာ ရေးသားသည်။ ဘဏ်စာရင်းမှ ငွေထုတ်ယူသည်။ ရေးသည်၊ ပုံထုတ်သည်။

**draw a bill** *v.* ဘီလ်ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



**draw a cheque** *n.* ချက်လက်မှတ် ရေးသည်။
**draw back** *n.* ပြန်ပေးငွေ။ ပြန်အမ်းငွေ။
**drawee** *n.* ထုတ်ပေးသူ။
**drawee in case of need** *n.* လိုအပ်က ထုတ်ပေးသူ။
**drawer** *n.* ငွေထုတ်သူ။ ထုတ်ယူသူ။ ချက်လက်မှတ် ရေးထိုးသူ။
**drawing account** *n.* ထုတ်ယူငွေစာရင်း။
**drawing officer** *n.* ငွေထုတ်ခွင့်ရှိသော အရာရှိ။
**drayage** *n.* ကုန်သယ်ခ (ရထား)။
**dredging** *n.* သောင်တူးခြင်း။
**drift-net** *n.* မျှောပိုက်။
**driftwood** *n.* ရေမျှောသစ်။
**drill** *n.* တူးသည်။
**drive** *v.* မောင်းနှင်သည်။
**driver** *n.* ယာဉ်မောင်း။
**drive-in** *n.* ကားဖြင့်လာသူ ကားပေါ်မှ မဆင်းဘဲ ဝယ်ယူနိုင်အောင် လုပ်ဆောင်ထားသည့် အစီအစဉ်။
**drug** *n.* ဆေးဝါး၊ ဆေး။
**drugstore** *n.* ဆေးဝါး၊ အလှကုန်စသည် ရောင်းသည့်ကုန်စုံဆိုင်အသေး။
**drummer** *n.* နယ်လှည့်အရောင်းကိုယ်စားလှယ်။
**dry cultivation** *n.* အခြောက်ထွန်ယက်စိုက်ပျိုးခြင်း။
**dry goods** *n.* အဝတ်အထည်၊ ကော်ဖီ၊ သကြား၊ ဂျုံမှုန့်စသည့် ကုန်ပစ္စည်းများ။
**dual contract** *n.* အရောင်းအဝယ်တစ်ခုတည်းကို ကျင့်ဝတ် သိက္ခာမဲ့၊ ဥပဒေနှင့် မညီဘဲ စာချုပ်နှစ်မျိုးချုပ်ဆိုခြင်း။
**dual economy** *n.* နှစ်မျက်နှာစီးပွားရေး။
**dual pay system** *n.* လစာ နှစ်မျိုးစနစ်။
**dual property** *n.* ဒွိဂုဏ်သတ္တိ။
**dubious** *adj.* ယုံကြည်စိတ်ချရသော။
**due bill** *n.* ကျန်ရှိသည့် ကုန်ကျစရိတ်များအတွက် ထပ်မံ တင်ပြသည့် ငွေတောင်းခံလွှာ။



**due date** *n.* စေ့ရက်။
**dues** *n.* အခွန်အခကြေး။ဆိပ်ကမ်းခွန်။တရားဝင်ပေးဆောင်ရသည့်ငွေ။
**dummy incorporators** *n.* ကုမ္ပဏီစထောင်သူများ။
**dump bin** *n.* လျှော့ဈေးဖြင့် ရောင်းသည့် ကုန်ပစ္စည်းများ ထည့်ထားသည့် သေတ္တာကြီး။
**dumping** *n.* ဈေးချ၍ ကုန်ပစ္စည်းများ ထုတ်ရောင်းခြင်း။
**dun** *v.* သတ်မှတ်ရက် ကျော်နေသည့်ကြွေးမြီကိုတောင်းခံသည်။
**duopoly** *n.* နှစ်ဦးတည်းရောင်းဝယ်ခွင့်။
**duplicate** *n,adj.* မိတ္တူ၊ မိတ္တူဖြတ်ပိုင်း။
**duplicate bill** *n.* မိတ္တူဘီလ်။
**duplicate copy** *n.* ဆင့်ပွား မိတ္တူ။
**durable** *adj.* တာရှည်အသုံးခံသော။
**durable good** *n.* ကြာရှည်ခံ/အထားခံပစ္စည်း။
**duration** *n.* သက်တမ်း။ကာလ။ ကြာမြင့်သည့် ကာလ။
**Dutch auction** *n.* ဈေးနှုန်းကို ဖြည်းဖြည်းချင်း နှိမ့်ချ၍ လေလံပစ်ခြင်း။
**duty** *n.* အခွန်။ အကောက်။
**duty-bound** *adj.* တာဝန်ရှိသော။
**duty-free** *adj.* အခွန်ပေးဆောင်ရန် ကင်းလွတ်သော။
**duty-freeshop** *n.* (လေဆိပ်ရှိ) အကောက်အခွန်မဲ့ပစ္စည်းအရောင်းဆိုင်။
**dyeing and printing** *n.* ဆေးဆိုးပန်းရိုက်လုပ်ငန်း။
**dye liquor** *n.* ဆိုးဆေးရည်။
**dyestuff** *n.* ဆိုးဆေး။
**dye test** *n.* ဆိုးဆေး စစ်ဆေးနည်း။
**dye toning** *n.* ဆိုးဆေးအရောင်ညှိခြင်း။
**dye wood** *n.* သစ်ခေါက် ဆိုးဆေး။
**dynamite** *n.* ဒိုင်းနမိုက်။ ယမ်းဘီလူး။

www.burmeseclassic.com

www.burmeseclassic.com



**dynamo** *n.* ဒိုင်နမို။

**dynamo generator** *n.* ဒိုင်နမို လျှပ်စစ်ထုတ်စက်။

**dynamometer** *n.* ဒိုင်နမိုမီတာ။

## E e

**each way** *n.* ရောင်းသူဘက်က ရော၊ ဝယ်သူဘက်ကပါ ရသည့်ပွဲခ။

**eager beaver** *n.* အလုပ်ကို တက်ကြွ ထက်သန်စွာလုပ်သူ။

**earliest convenience** *(IDM)* တတ်နိုင်သမျှ အစောဆုံး။ ဖြစ်နိုင်သမျှ အစောဆုံး။ ဆောလျင်စွာ။

**earmark** *v.* ကြိုတင်လျာထားသည်။

**earmarked** *pp.* သတ်မှတ်ပြီး။

**earn** *v.* ရသည်။ ဝင်ငွေရှာသည်။

**earned income** *n.* အလုပ်လုပ်ကိုင်၍ ရရှိငွေ။ ဝင်ငွေ။

**earned surplus** *n.* ချန်လှပ်ထားရှိသည့် ဝင်ငွေ။

**earner** *n.* ငွေရှာသူ။ အကျိုးအမြတ်ရှိသည့်အလုပ်၊လုပ်ငန်း။

**earnest money** *n.* စပေါ်ငွေ။

**earnings** *n.* ရှာ၍ရသောငွေ။ ဝင်ငွေ။

**earnings and profits** *n.* အစုရှယ်ယာဝင်တို့အတွက် အမြတ်



ဝေစုဖြစ်လာမည့် ကုမ္ပဏီ ဝင် ငွေ။

**earnings asset** *n.* ဝင်ငွေရှိ ပိုင်ဆိုင် ပစ္စည်း။

**earnings before taxes** *n.* အခွန်ဆောင်ရမည့်ငွေ မနုတ်ရသေးခင် အသားတင်အမြတ်။

**earnings-capacity standard** *n.* ဝင်ငွေပေါ်တည်၍ တန်ဖိုးဖြတ်နည်း။

**earnings list** *n.* စုငွေစာရင်း။

**earnings-related** *adj.* ဝင်ငွေအလိုက် ဖြစ်သော။

**earnings report** *n.* လစဉ် သုံးလတစ်ကြိမ် ထုတ်ပြန်ထုတ်ပြန်သည့် ကုမ္ပဏီ၊ လုပ်ငန်း အစီရင်ခံစာ။

**earth road** *n.* မြေလမ်း။

**ease** *v.* (တန်ဖိုးနှုန်းထား) ကျလာသည်။ ကျအောင် လုပ်သည်။

**easily** *adv.* လွယ်ကူစွာ။ လွယ်လွယ် ကူကူ။

**easy market** *n.* ဈေးနှုန်းကျဆင်းနေသည့် စတော့ဈေးကွက်။

**easy money** *n.* အလွယ်တကူရရှိသည့်ငွေ။

**EC** *abbr.* ဥရောပဘုံဈေးအဖွဲ့။ European Community.

**econometric methods** *n.* စီးပွားရေး အတိုင်းအတာ နည်းလမ်းများ။

**econometrics** *n.* အီကိုနိုမက်ထရစ် စီးပွားရေးအတိုင်းအတာပညာ။

**economic** *adj.* စီးပွားရေး ဆိုင်ရာ။ ချွေတာရေးဆိုင်ရာ။

**economic accounting** *n.* စီးပွားရေးစာရင်းကိုင်ပညာ။

**economic accounting unit** *n.* စီးပွားရေးစာရင်းကိုင်ယူနစ်။

**economic analysis** *n.* စီးပွားရေး စိစစ်ချက်။

**economic and social council** *n.* စီးပွားရေးနှင့် လူမှုရေးကောင်စီ။

**economic approach** *n.* စီးပွားရေးနည်း။

**economic bad** *n.* စီးပွားရေး အဆိုး။

**economic balance** *n.* စီးပွားရေး ချိန်ထိုးလွှာ။ စီးပွားရေး ဟန်ချက်။

www.burmeseclassic.com

www.burmeseclassic.com



**economic barrier** *n.* စီးပွားရေး အဟန့်အတား။

**economic base** *n.* စီးပွားရေးအခြေခံ။

**economic blockade** *n.* စီးပွားရေးအရ ပိတ်ဆို့ခြင်း။

**economic boon** *n.* စီးပွားရေး စန်းပွင့်ချိန်။

**economic conquest** *n.* စီးပွားရေးအရ အောင်နိုင်ခြင်း။

**economic cooperation administration** *n.* အီးစီအေ။ စီးပွားရေး ပူပေါင်း စီမံခန့်ခွဲမှု။

**economic crisis** *n.* စီးပွားရေး ကျပ်တည်းမှု။

**economic decision-market** *n.* စီးပွားရေး ဆုံးဖြတ်ချက်ပြု လုပ်နည်း။

**economic depression** *n.* စီးပွားရေးကပ်။

**economic determination** *n.* စီးပွားရေးပြဋ္ဌာန်းမှု။

**economic determinism** *n.* စီးပွားရေး အင်အားကြီးဝါဒ။

**economic development** *n.* စီးပွားရေး ဖွံ့ဖြိုးမှု။ စီးပွားရေး တိုးချဲ့မှု။

**economic dislocation** *n.* စီးပွားရေးအခြေပျက်ခြင်း။

**economic dominance** *n.* စီးပွားရေး လွှမ်းမိုးမှု။

**economic domination** *n.* စီးပွားရေး လွှမ်းမိုးခြင်း။

**economic evaluation** *n.* တန်ဖိုးဖြတ်ခြင်း။

**economic factor** *n.* စီးပွားရေး အကြောင်းရပ်။

**economic fluctuation** *n.* စီးပွားရေး အတက်အကျ။

**economic friction** *n.* စီးပွားရေးချောမွေ့မှု အတားအဆီး။

**economic goods** *n.* စီးပွားရေး ဆိုင်ရာပစ္စည်း။

**economic goods and services** *n.* စီးပွားရေး ကုန်စည်နှင့် ဝန်ဆောင်မှုများ။

**economic growth** *n.* စီးပွားရေး တိုးတက်မှု။



**economic growth rate** *n.* စီးပွားရေး တိုးတက်မှု ရာခိုင်နှုန်း။

**economic holding** *n.* စီးပွားရေး ဦးပိုင်။ ဦးပိုင်။

**economic imperialism** *n.* စီးပွားရေး နယ်ချဲ့စနစ်။

**economic importance** *n.* စီးပွားရေး အရေးပါအရာရောက်ခြင်း။

**economic independence** *n.* စီးပွားရေး လွတ်လပ်မှု။

**economic isolation** *n.* စီးပွားရေး ဧကစာရီ ကျင့်သုံးမှု။

**economic law** *n.* စီးပွားရေး နိယာမ။

**economic liberalism** *n.* စီးပွားရေး လစ်ဘရယ်ဝါဒ။

**economic loss** *n.* အမြတ်အစွန်း မရှိသည့် အခြေအနေ။

**economic man** *n.* စီးပွားရေး သမား။

**economic mobilization** *n.* စီးပွားရေးအင်အားစုစည်းခြင်း။

**economic model** *n.* စီးပွားရေး ပုံစံ။

**economic organization** *n.* စီးပွားရေး ဖွဲ့စည်းပုံ။

**economic philosophy** *n.* စီးပွားရေး သဘောတရား။

**economic planner** *n.* စီးပွားရေး စီမံကိန်းဆွဲသူ။

**economic planning** *n.* စီးပွားရေး စီမံကိန်း။

**economic policy** *n.* စီးပွားရေး မူဝါဒ။

**economic potential** *n.* ကိန်းအောင်း စီးပွားရေးအင်အား။

**economic pressure** *n.* စီးပွားရေး ကျပ်တည်းမှု။ စီးပွားရေး ဖိနှိပ်မှု။

**economic principles** *n.* စီးပွားရေး အခြေခံမှု။

**economic process** *n.* စီးပွားရေး ဖြစ်စဉ်။

**economic profit** *n.* စီးပွားရေး အမြတ်။

**economic rent** *n.* သင့်တင့်မျှတသော ငှားရမ်းခနှုန်းထား။ ထိုက်သင့်သော ငှားရမ်းခ။

www.burmeseclassic.com

www.burmeseclassic.com



**economics** *n.* ဘောဂဗေဒ။

**economic sanction** *n.* စီးပွားရေး ပိတ်ဆို့မှု။

**economic self-suffciency** *n.* ပြည်တွင်းစီးပွားရေး ဖူလုံမှု။

**economics of scale** *n.* အရွယ်ပမာဏဘောဂဗေဒ။

**economic space** *n.* စီးပွားရေးနေရာ။

**economic statistics** *n.* စီးပွားရေး စာရင်းအင်း။

**economics surplus** *n.* စီးပွားရေး အပိုအလျှံ။

**economic survey** *n.* စီးပွားရေး စစ်တမ်း။

**economic system** *n.* စီးပွားရေးစနစ်။

**economic theory** *n.* စီးပွားရေးသီအိုရီ။

**economic ties** *n.* စီးပွားရေးအဆက်အသွယ်။ စီးပွားရေးအနှောင်အဖွဲ့။

**economic union** *n.* စီးပွားရေးအုပ်စု။စီးပွားရေးပူးပေါင်းခြင်း။

**economic unit** *n.* စီးပွားရေးယူနစ်။

**economic upturn** *n.* စီးပွားရေးဦးမော့လာမှု။

**economic warfare** *n.* စီးပွားရေး စစ်ဆင်မှု။

**economic wealth** *n.* စီးပွားရေး ဘောဂ။

**economies of scale** *n.* ကုန်ပစ္စည်း အမြောက်အမြား ထုတ်လုပ်၍ ကုန်ပစ္စည်း တစ်ယူနစ်ကုန်ကျစရိတ် လျော့ကျပြီး အမြတ်များလာခြင်း။

**economist** *n.* စီးပွားရေး ပါရဂူ။ ဘောဂဗေဒပညာရှင်။

**economize** *v.* ခြိုးခြံ ချွေတာသည်။

**economy** *n.* စီးပွားရေး။

**economy class** *n.* ဈေးအပေါဆုံး လေကြောင်းခရီးအတန်းအစား။

**economy measure** *n.* လူ၊ အချိန်၊ ငွေသက်သာရန် ဆောင်ရွက်မှု။



**economy of abudance** *n.* ကြွယ်ဝသော စီးပွားရေး အခြေအနေ။

**economy of scarcity** *n.* ရှားပါးသော စီးပွားရေးအခြေအနေ။

**economy pack** *n.* ပစ္စည်းတစ်ခုချင်းထက် ပို၍သက်သာအောင်ဝယ်ယူနိုင်သည့်ပစ္စည်းစု၊အထုပ်။

**economy size** *n.* အထုပ်ငယ်၊ ဘူးငယ်နှစ်ခုထက် ပို၍ အရွယ်အစားကြီးပြီးဈေးသက်သာသည့် ပစ္စည်း၊ အထုပ်၊ ဘူး။

**ECU** *abbr.* ဥရောပငွေကြေးစနစ်။ European Currency Unit.

**edible** *adj.* စားသုံးရန် သင့်လျော်သော။

**edible fat** *n.* စားဆီခဲ။

**edible oil** *n.* စားသုံးဆီ။

**edition** *n.* ပုံနှိပ်ထုတ်ဝေခြင်း။ ပုံမှန်ထုတ်လွှင့်၊ ပါဝင်သော ကဏ္ဍအစီအစဉ်။

**editor** *n.* အယ်ဒီတာ။ စာတည်း။ တည်းဖြတ်သူ။

**education** *n.* ပညာရေး။ သင်ကြားပေးမှု။

**education level** *n.* ပညာရည်အဆင့်အတန်း။

**educational expense** *n.* ပညာသင်စရိတ်။

**effect** *n.* အကျိုး။ ရလဒ်။ ထိရောက်မှု။

**effective date** *n.* အာမခံ ပေါ်လစီစာချုပ် စတင်အသက်ဝင်သည့် နေ့ရက်။ သဘောတူညီမှု စတင်၍ အသက်ဝင်သည့် နေ့ရက်။

**effective debt** *n.* ငွားရမ်းခအပါအဝင်ပေးရန်ရှိကြွေးမြီအားလုံး။

**effective demand** *n.* ထိရောက်သော အဝယ်အင်အား။

**effective supply** *n.* ထိရောက်သော ရောင်းလိုအား။

**effects** *n.* ရွှေ့ပြောင်းနိုင်သော ပစ္စည်း။ ဓာတ်မဥစ္စာ။

**effects not cleared** *n.* အကြောင်းအရာ မထင်ရှားခြင်း။ မထုတ်ယူရသေးသော ပစ္စည်း။

**efficiency** *n.* စွမ်းဆောင်နိုင်ရည်။

www.burmeseclassic.com

www.burmeseclassic.com



**efficiency book-keeping** *n.* နိုင်နင်းစွာ စာရင်းကိုင်ခြင်း။

**efficiency engineer** *n.* လုပ်ငန်းတွင်ကျယ်ရေး အကြံပေး အင်ဂျင်နီယာ။

**efficiency of capital** *n.* အရင်းအနှီး၏ စွမ်းဆောင်ရည်။

**efficiency of investment** *n.* ရင်းနှီးမြှုပ်နှံမှု၏ စွမ်းဆောင်ရည်။

**efficient** *adj.* စွမ်းဆောင်နိုင်သော။

**efficient market** *n.* ဖြစ်ရပ်များကစတော့ဈေးကွက်အပေါ်ရိုက်ခတ်နိုင်ခြင်း။

**efficient portfolio** *n.* အမြတ်များများ မျှော်လင့်၍ ဝယ်ယူထားသည့် ရင်းနှီးမြှုပ်နှံမှု စာချုပ်စု။

**effluent** *n.* မြစ်၊ ပင်လယ်အတွင်းသို့ စက်ရုံမှ စွန့်ထုတ်သော အညစ်အကြေး၊ ရေစိုး။

**EFTA** *abbr.* European Free Trade Association. ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေး အဖွဲ့။

**egalitarian** *adj.* သာတူညီမျှ။

**elastic** *adj.* ဆန့်နိုင် ကျုံ့နိုင်သော။ ပြောင်းလဲနိုင်သော။

**elastic seminar** *n.* အလျှော့အတင်းရှိသော ဆွေးနွေးပွဲ။

**elasticity** *n.* အလျှော့အတင်း။

**elasticity of demand** *n.* ဝယ်လိုအား အလျှော့အတင်း။

**elasticity of supply** *n.* ရောင်းလိုအား အလျှော့အတင်း။

**electric** *adj.* လျှပ်စစ်နှင့် ဆိုင်သော။

**electrical goods** *n.* လျှပ်စစ်ပစ္စည်း။

**eleotric company** *n.* လျှပ်စစ်ကုမ္ပဏီ။

**electric fan** *n.* လျှပ်စစ်ပန်ကာ။

**electrician** *n.* လျှပ်စစ်ကျွမ်းကျင်သူ။ မီးသမား။

**electric light installation** *n.* လျှပ်စစ်မီးသွယ်တန်း တပ်ဆင်ခြင်း။

**electricity** *n.* လျှပ်စစ်ဓာတ်အား။

**electricity supply** *n.* လျှပ်စစ်ဓာတ်အား ပေးရေး။



**electrified** *adj.* လျှပ်စစ်ဓာတ်အား လွှတ်ထားသော။

**electrify** *v.* လျှပ်စစ်ဓာတ်လွှတ်ထားသည်။

**electronic** *adj.* အီလက်ထရွန်နစ်စနစ်သုံး။ အီလက်ထရွန်နစ်နှင့် ဆိုင်သော။

**electronic mail** *n.* အီးမေးလ်။ အီလက်ထရွန်နစ် စာပို့စနစ်။

**elementary** *adj.* မူလ။ အခြေခံ။

**elementary stage** *n.* အခြေခံအဆင့်။

**elements of money supply** *n.* ငွေသွင်းအား၏ အရင်းခံ အကြောင်းတရားများ။

**elevator** *n.* ဓလားတပ်စက်ခါးပတ်။ အယ်လီဗေတာ။ ဓာတ်လှေကား။

**eliminate** *v.* ဖယ်ထုတ်သည်။ ရှင်းပစ်သည်။

**elimination** *n.* ဖယ်ထုတ်ခြင်း။ ရှင်းပစ်ခြင်း။

**email** *n.* အီးမေးလ်။ အီလက်ထရွန်နစ် စာပို့စနစ်။

**embargo** *n.* ကုန်သွယ်မှုပိတ်ပင်မိန့်။ သင်္ဘောထွက်ခွင့် တားမြစ်မိန့်။

**embark** *v.* လေယာဉ်၊ သင်္ဘောပေါ် တက်သည်၊ တင်သည်။

**embarkation** *n.* လေယာဉ်၊ သင်္ဘောပေါ်တက်ခြင်း၊ တင်ခြင်း။

**embassy** *n.* သံရုံး။ သံရုံး (အဆောက်အအုံ)။

**embassy account** *n.* သံရုံးငွေစာရင်း။

**embezzle** *v.* အလွဲသုံးစားလုပ်သည်။

**embezzlement** *n.* အလွဲသုံးစားလုပ်ခြင်း။

**embezzler** *n.* အလွဲသုံးစားလုပ်သူ။

**emblazon** *v.* ပုံ၊ တံဆိပ်၊ စာတန်းများ ရိုက်နှိပ်သည်။

**emblem** *n.* အမှတ်တံဆိပ်။ သင်္ကေတ။

**embody** *v.* ဖွဲ့စည်းပါဝင်သည်၊ ပုံဖော်သည်။

**embossed** *adj.* ဖောင်းကြွ။

www.burmeseclassic.com

www.burmeseclassic.com



**embrocation** *n.* ဒဏ်ကျေလိမ်းဆေး။

**embroidery** *n.* ပန်းထိုးထည်။ ပန်းထိုးအတတ်။

**embroil** *v.* ပတ်သက်သည်။ ငြိစွန်းသည်။

**emergent meeting** *n.* အရေးပေါ် အစည်းအဝေး။

**emerging market** *n.* အားသစ်ယူလာစ ဈေးကွက်။

**eminent domain** *n.* ပစ္စည်းသိမ်းယူခွင့် အာဏာ။

**emission** *n.* ထုတ်လွှတ်ခြင်း။ ထုတ်လုပ်ခြင်း။ ထုတ်လုပ်ပစ္စည်း။ ထုတ်လွှတ်ပစ္စည်း။

**emit** *v.* ထုတ်သည်။ ထွက်သည်။ ထုတ်လွှတ်သည်။

**emoluments** *n.* လစာ။ လုပ်ခငွေ။

**emphasize** *v.* အသားပေးသည်။ အလေးပေးသည်။

**empire** *n.* တစ်ဦးတစ်ဖွဲ့က ချုပ်ကိုင်သော စီးပွားရေး အဖွဲ့အစည်း။

**employ** *v.* အလုပ်ခန့်သည်။ ငှားရမ်းသည်။ အသုံးပြုသည်။

**employable** *adj.* အလုပ်ခန့်ရန်သင့်တော်သော။

**employed** *pt.* အလုပ်ခန့်ထားပြီး။

**employed students** *n.* အလုပ်လုပ်ရင်း ပညာသင်ကြားနေသူများ။ အလုပ်လုပ်ရင်း ကျောင်းတက်နေသူများ။

**employee** *n.* အလုပ်သမား။ အမှုထမ်း။ လုပ်သား။

**employee contributions** *n.* အလုပ်သမား၏ ရှေ့ကာလအကျိုးအတွက် အလုပ်သမားက ထည့်ဝင်ရငွေ။

**employee participation** *n.* ကုမ္ပဏီ၏ အရေးပါသည့် ဆုံးဖြတ်ချက်များ ချရာတွင်အလုပ်သမားများ ပါဝင်ခွင့်ပြုခြင်း။

**employee profit sharing** *n.* ကုမ္ပဏီအမြတ်မှ ဝေစုရရှိသည့် ဝန်ထမ်းအကျိုး ခံစားခွင့်။

**employee's buyout** *n.* ကုမ္ပဏီရှယ်ယာ အများစုကို ဝန်ထမ်းများက ဝယ်ယူ၍ ကုမ္ပဏီ လုပ်ပိုင်ခွင့်ကို ရယူခြင်း။



**employee stock option** *n.* ကုမ္ပဏီအစုရှယ်ယာကိုဝန်ထမ်းက ပေါက်ဈေးထက်နည်းသောနှုန်းထားဖြင့် ဝယ်ယူခွင့်။

**employer** *n.* အလုပ်ရှင်။

**employment** *n.* အလုပ်သမားငှားရမ်းခြင်း။ အလုပ်ခန့်ခြင်း။

**employment agency** *n.* အလုပ်အကိုင်ရှာဖွေရေး။ အကျိုးဆောင်လုပ်ငန်း။

**employment contract** *n.* အလုပ်ရှင်အလုပ်သမားသဘောတူညီချက်။

**employment procedure** *n.* အလုပ်ခန့်ဆောင်ရွက်နည်း။

**employment rate** *n.* အလုပ်လက်ရှိနှုန်း။

**employment test** *n.* အလုပ်လျှောက်ထားသူများအားရေးဖြေ၊ လူတွေ့စစ်ဆေးခြင်း။

**emporium** *n.* ကုန်စည်ပြပွဲ။ ကုန်တိုက်။

**empower** *v.* လုပ်ပိုင်ခွင့် အာဏာပေးသည်။

**empowerment** *n.* လုပ်ပိုင်ခွင့်အာဏာပေးခြင်း။

**empty** *adj.* အလွတ်၊ဗလာ၊အခွံ။

**EMS** *abbr.* European Monetary System. ဥရောပငွေကြေးစနစ်။

**EMU** *abbr.* Economic and Monetary Union. စီးပွားရေးနှင့် ငွေကြေးသမဂ္ဂ။

**emulate** *v.* အတုယူလုပ်ဆောင်သည်။ ပို၍ သာလွန်အောင် လုပ်သည်။

**emulsion** *n.* ရေဆေး။ ရေနှင့်ဖျော်စပ်ထားသည့် သုတ်ဆေး။

**enable** *v.* (ကွန်ပျူတာ) စတင်လုပ်ဆောင်စေသည်။

**enamel** *n.* ကြွေရည်။ ကြွေ။ (သွား) ကြွေ။ *v.* ကြွေရည်သုတ်သည်။

**enamel paint** *n.* ကြွေဆေး။

**encapsulate** *v.* အရှင်းဆုံးနှင့်အတိုဆုံး ဖော်ပြသည်။

**encash** *v.* ချက်လက်မှတ်ကို ငွေသားဖြင့် လဲလှယ်သည်။

**encashment** *n.* ချက်လက်မှတ်ကို ငွေသားဖြင့်လဲလှယ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com





**encashment of demonetized notes** *n.* တရားဝင်အဖြစ်မှရုပ်စဲပြီး ငွေစက္ကူများအတွက် တန်ဖိုးထုတ်ပေးခြင်း။

**enclose** *v.* ထည့်သည်။ ပူးတွဲထည့်သည်။

**enclosure** *n.* ခြံခတ်ခြင်း။ ပူးတွဲပေးပို့သောအရာ။

**encompass** *v.* အကျုံးဝင်စေသည်။ ခြုံငုံမိစေသည်။

**encumber** *v.* ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသည်။

**encumbrance** *n.* ဝန်ထုပ်ဝန်ပိုး။ အနှောင့်အယှက်။

**endanger** *v.* အန္တရာယ်ဖြစ်စေသည်။ ဘေးသင့်သည်။

**end consumer** *n.* ကုန်ပစ္စည်းကို အမှန်တကယ် သုံးစွဲသူ။

**endogenous variable** *n.* ပြန်လည်ဆက်စပ်မှုကိန်းရှင်။

**endorse** *v.* အတည်ပြုပေးသည်။ ထောက်ခံချက်ပေးသည်။

**endorse a bill** *v.* ဘီလ်ထပ်ဆင့်အတည်ပြု လက်မှတ်ထိုးပေးသည်။

**endorse a cheque** *v.* ချက်လက်မှတ်ကို ထပ်ဆင့်အတည်ပြုလက်မှတ်ထိုးပေးသည်။

**endorsed proposal** *n.* ထပ်ဆင့်အတည်ပြုပေးပြီး စီမံချက်။

**endorsee** *n.* လွှဲအပ်ခံရသူ။

**endorsement** *n.* ထောက်ခံချက်။ ရေးသွင်းချက်။

**endorser** *n.* လွှဲအပ်သူ။ ထပ်ဆင့်ရေးသွင်းသူ။

**endorsing** *n.* ထပ်ဆင့်ထောက်ခံပေးခြင်း။

**endow** *v.* ထောက်ပံ့ လှူဒါန်းသည်။ ငွေပဒေသာပင် စိုက်ထူပေးသည်။

**endowment** *n.* ငွေပဒေသာပင်စိုက်ထူခြင်း။

**endowment assurance** *n.* ရာသက်ပန်ထောက်ပံ့ကြေးအာမခံ။

**endowment fund** *n.* ရာသက်ပန် ထောက်ပံ့ကြေး ရန်ပုံငွေ။

**endowment mortgage** *n.* ဆက်ခံခွင့် ရှိသည့် အသက်အာမခံပေါ်လစီသို့ သွင်းငွေမှ အပေါင်ချေးငွေကို ပြန်ဆပ်သည့်စနစ်။

**endowment policy** *n.* အသက်အာမခံပေါ်လစီ။

**end-product** *n.* နောက်ဆုံးအဆင့် ထွက်လာသည့် ကုန်ပစ္စည်း။

**end-user** *n.* အမှန်တကယ် သုံးမည့်သူ။

**energize** *v.* အားစိုက်သည်။ အားထုတ်သည်။

**energy** *n.* စွမ်းအင်။

**engage** *v.* အသုံးပြုသည်။ ငှားရမ်းသည်။ ခန့်သည်။

**engaged** *adj.* အသုံးပြုပြီး၊ ငှားရမ်းပြီး၊ ချိန်းဆိုထားပြီး ဖြစ်သော။

**engagement** *n.* ချိန်းဆိုချက်။ ကတိထားခြင်း။ ငှားရမ်းခြင်း။ ခန့်ထားခြင်း။ စက်ကိရိယာအစိတ်အပိုင်းများ အံဝင်ခွင်ကျလည်ပတ်ခြင်း။

**engagement note** *n.* အလုပ်သမားရေးပုံစံ။

**engine** *n.* အင်ဂျင်။ စက်။ မီးရထားစက်ခေါင်း။

**engine repairs** *n.* အင်ဂျင်စက်ပြင်ဆင်မှုများ။

**engineer** *n.* အင်ဂျင်နီယာ။ စက်မှုအတတ်ပညာရှင်။

**engineering** *n.* အင်ဂျင်နီယာလုပ်ငန်း။ စက်မှုပညာ။

**engineering company** *n.* အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ။

**English system** *n.* အင်္ဂလိပ်စနစ်။

**enhance** *v.* တိုးမြှင့်သည်။ မြှင့်တင်သည်။

**enhance rate** *n.* တိုးမြှင့်လိုက်သောဈေးနှုန်း။

**enlarge** *v.* တိုးချဲ့သည်။ ကြီးလာသည်။ အကျယ်ချဲ့သည်။

**enlargement** *n.* တိုးချဲ့လာခြင်း။ ကြီးထွားလာခြင်း။

**enrich** *v.* ကြွယ်ဝချမ်းသာစေသည်။

**enroll** *v.* စာရင်းတင်သွင်းသည်။

**enrollee** *n.* စာရင်းသွင်းထားသူ။

**enrolment** *n.* စာရင်းဝင် အရေအတွက်။ စာရင်းသွင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**entail** *n.* ပစ္စည်း ဆက်ခံရေးအမိန့်။

**enter (up)** *v.* စာရင်းသွင်းသည်။ ရေးသွင်းသည်။

**enterprise** *n.* လုပ်ငန်း။ စီမံကိန်း။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း။ စီးပွားရေး အဖွဲ့အစည်း။

**enterprise fund** *n.* လုပ်ငန်းရန်ပုံငွေ။

**enterprise level** *n.* လုပ်ငန်း အဆင့်။

**enterprise zone** *n.* စီးပွားရေးဖွံ့ဖြိုးမှုဇုန်နယ်မြေ။

**entertainment** *n.* ဧည့်ခံပြုစုခြင်း။ ဖြေဖျော်မှု။

**entertainment allowance** *n.* ဧည့်ခံပြုစုစရိတ် ခွင့်ပြုငွေ။ ဖြေဖျော်မှုစရိတ် ခွင့်ပြုငွေ။

**entertainment programme** *n.* ရပိုင်ခွင့် အစီအစဉ်။

**entertainment tax** *n.* ပွဲခွန်။

**entrance** *n.* ဝင်ရောက်ခြင်း။ ဝင်ပေါက်။ ဝင်ခွင့်။

**entrepot** *n.* လေဆိပ်၊ သင်္ဘောဆိပ်ရှိ ကုန်လှောင်ရုံ။ နိုင်ငံခြားကုန်စည်ပွဲ။

**entrepot trade** *n.* ကုန်စည်များကို ရပ်ဝေးကုန်လှောင်ရုံ မပို့မီ အရောင်းအဝယ်ပြုလုပ်မှု။

**entrepreneur** *n.* စီးပွားရေးစွမ်းဆောင်ရှင်။ စီးပွားရေးနှင့် စွန့်စားသူ။ စွန့်ဦးစီးပွားတီထွင်သူ။

**entrepreneurship** *n.* စွန့်ဦးစီးပွားရေး တီထွင်မှု။

**entrust** *v.* အပ်နှံသည်။

**entry** *n.* စာရင်းသွင်းခြင်း။ ဝင်ခွင့်။ ဝင်လာခြင်း။

**entry visa** *n.* အမြဲတမ်းဖြစ်စေ၊ ကာလပိုင်းအခြားဖြစ်စေ နေထိုင်ခွင့်ပြုသည့် ပြည်ဝင်ခွင့်ဗီဇာ။

**enumerate** *v.* ရေတွက်သည်။ တစ်ခုချင်း စာရင်းတင်သည်။

**envelope** *n.* စာအိတ်။

**environment** *n.* သဘာဝ ပတ်ဝန်းကျင်။ ပတ်ဝန်းကျင်။

**envoirmental audit** *n.* ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာ



ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် အစီရင်ခံစာ။

**environmentalist** *n.* ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာပုဂ္ဂိုလ်။

**envoirmentally-friendly** *adj.* ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေသည့် ကုန်ပစ္စည်း၊ ကုန်ထုတ်လုပ်မှု နည်းလမ်းလုပ်ငန်းများနှင့် ဆိုင်သော။

**equal** *n.* ညီမျှ။ တန်းတူရည်တူ။ *v.* ညီမျှသည်။ *adj.* ညီမျှသော။

**equal footing** *v.* ရင်ပေါင်တန်းလိုက်သည်။

**equalization fee** *n.* အကျိုးညီကြေး။

**equalization fund** *n.* မျှတရေးရန်ပုံငွေ။

**equalization of assessment** *n.* စည်းကြပ်ရေး အကျိုးညီနိုင်းခြင်း။

**equalize** *v.* ညီမျှစေသည်။ ညီသည်။

**equalizing** *n.* ညီမျှစေခြင်း။ ညီခြင်း။

**equalizing errors** *n.* ညီတူညီမျှ အမှား။

**equalizing fund** *n.* ညှိပေးရန်ပုံငွေ။

**equalizing two sides** *n.* နှစ်ဖက်ညှိနှိုင်းခြင်း။

**equation** *n.* ညီမျှခြင်း။

**equation of exchange** *n.* ဖလှယ်မှု ညီမျှခြင်း။

**equilibrium** *n.* ဈေးနှုန်း တည်ငြိမ်မှုရှိသည့် အခြေအနေ။ ဟန်ချက်ညီခြင်း။ အနားမျှခြင်း။

**equilibrium output** *n.* ဟန်ချက်ညီထွက်နှုန်း။

**equilibrium price** *n.* ဟန်ချက်ညီဈေးနှုန်း။

**equilibrium quantity** *n.* ဝယ်လိုအားနှင့် ရောင်းလိုအား ဟန်ချက်ညီမျှချိန် ထုတ်လုပ်မည့်ကုန်ပစ္စည်းအရေအတွက်။

**equip** *v.* တပ်ဆင်သည်။ အပြည့်အစုံထားရှိသည်။

**equipment** *n.* ကိရိယာတန်ဆာပလာများ။ အသုံးအဆောင်။

**nominal** *adj.* အမည်ခံ။ အမည်ခံဖြစ်သော။ မဆိုစလောက် ဖြစ်သော။

**nominal account** *n.* အမည်ခံစာရင်း။

**nominal capital** *n.* အမည်ခံ အရင်းအနှီး။ အမည်ခံ အရင်း။

**nominal count** *n.* အမည်ခံ ရေတွက်ခြင်း။

**nominal general ledger** *n.* အထွေထွေလယ်ဂျာ။ လယ်ဂျာစာချုပ်။

**nominal ledger** *n.* အမည်ခံလယ်ဂျာ။ အမည်ခံစာရင်းချုပ်။ အရှုံးအမြတ် စာရင်းရေးဆွဲရာတွင် အသုံးပြုသည့် ဝင်ငွေနှင့် စရိတ်စာရင်းများ ပါဝင်သည့် စာရင်းစာအုပ်။

**nominal partner** *n.* အမည်ခံအစုစပ်သူ။ အစုစပ်ဝင် ဖြစ်ကြောင်း အမည်ခံထားသူ။ အမည်ခံ စီးပွားဖက်။

**nominal price** *n.* အမည်ခံ ဈေးနှုန်း။ အမှန်တကယ် ဈေးနှုန်းထက် များစွာ လျော့နည်းနေသည့် ဈေးနှုန်း။

**nominal rate of interest** *n.* အမည်ခံ အတိုးနှုန်း။

**nominal value** *n.* အမည်ခံတန်ဖိုး။ ပညတ်တန်ဖိုး။

**nominal wages** *n.* အမည်ခံလုပ်ခ။ ငွေဝယ်နိုင်စွမ်းအားကို ထည့်သွင်း မစဉ်းစားဘဲ မျက်မြင် တန်ဖိုးအရ အလုပ်လုပ်ကိုင်ရရှိငွေ။

**nominal yield** *n.* အမည်ခံအရ

**nomination** *n.* ရွေးချယ်တင်မြှောက်ခြင်း။ ခန့်ထားရန် အဆိုပြုခြင်း၊ အဆိုပြုချက်။



**nomination technique** *n.* အမည်တင်သွင်းခြင်း နည်းလမ်း။

**nominee** *n.* အရာဌာန တစ်ခုခုအတွက်အဆိုပြုခံရသူ။ စီးပွားရေးလုပ်ငန်းတွင် တစ်စုံတစ်ယောက်အမည်ဖြင့် ငွေရင်းထည့်ခြင်း။

**nominee holding** *n.* လူတစ်ဦးအား အမည်ခံစေ၍ ဝယ်ယူထားသော အစုရှယ်ယာများ။

**non-acceptance** *n.* လက်မှတ်ရေးထိုးပေးရန် ငြင်းဆန်မှု။ လက်မခံခြင်း။

**nonassented stock** *n.* မူသဘောစတော့။ မူသဘောငွေချေးစာချုပ်။

**nonassessable stock** *n.* ရာဖြတ်ရန်မသင့်သည့်စတော့။

**non-attendance** *n.* မတက်ရောက်ခြင်း။

**nonbanks** *n.* ဘဏ်မဟုတ်သည့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ။

**nonclearinghouse stock** *n.* အချင်းချင်းစာရင်း မရှင်းနိုင်သောစတော့ရှယ်ယာ။

**non-contributory** *adj.* အလုပ်ရှင်က ပုံမှန်ထည့်ဝင်ပေးသော (ပင်စင်၊ အာမခံ)။

**noncontributory pension** *n.* အလုပ်ရှင်ပေး အငြိမ်းစားပင်စင်။

**non-cooperation** *n.* ကန့်ကွက်သည့်အနေဖြင့် ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း။

**non-cumulative** *adj.* ထပ်ဆင့်မဲ့။

**noncumulative stock** *n.* အမြတ်ဝေစု နှစ်ပြတ်စတော့။

**non-current liabilities** *n.* အချိန်ကာလ အတော်အသင့်တိုင်အောင်ပေးဆပ်ရန်မလိုအပ်သေးသည့် ကြွေးမြီများ။

**nondiscretionary trust** *n.* ချင့်ချိန်သုံးခွင့်မဲ့ စီးပွားရေး အဖွဲ့။ ချင့်ချိန်သုံးခွင့်မဲ့ အုပ်ထိန်းရေး အဖွဲ့။

**non-durables** *n.* သတင်းစာ၊ အစားအသောက်ကဲ့သို့ ကြာရှည် မခံသော၊ နေ့စဉ်တမ်းတို လူသုံးကုန်ပစ္စည်းများ။

www.burmeseclassic.com

www.burmeseclassic.com



**noninterst-bearing discount bond** *n.* အချိန်မစေ့ အတိုးမရ လျှော့တွက်ငွေချေးစာချုပ်။

**non-monetary advantage** *n.* ငွေကြေးမဟုတ်သောအကျိုးကျေးဇူး။

**non-negotiable** *adj.* စေ့စပ်ဆွေးနွေး၍ ပြောင်းလဲပြုပြင်မရသော။ ဖော်ပြထားသည့် ပုဂ္ဂိုလ်မှတစ်ပါး ငွေထုတ်ယူ၍မရနိုင်သော။

**non-payment** *n.* ငွေမပေးချေခြင်း။ ကြွေးမဆပ်ခြင်း။

**nonprice competition** *n.* ဈေးနှုန်းမလျှော့ချဘဲ ယှဉ်ပြိုင်ရောင်းချခြင်း။ ဈေးနှုန်းမလျှော့ဘဲ အခြား နည်းလမ်းမျိုးစုံဖြင့် ဝယ်ယူသုံးစွဲသူ တိုးပွားအောင်ဆောင်ရွက်ခြင်း။

**non-profit-making** *adj.* အမြတ်အစွန်းအတွက်မရည်ရွယ်သော။

**nonprofit organization** *n.* အမြတ်အစွန်းအတွက် ဆောင်ရွက်နေခြင်း မဟုတ်သည့် အဖွဲ့အစည်း။

**non-recurring expense** *n.* ထပ်တလဲလဲ ပြန်မဖြစ်သော အသုံးစရိတ်။

**non-redeemable shares** *n.* ရွေးပိုင်ခွင့်မရှိသော အစုရှယ်ယာ။

**non-resident** *adj.* အလုပ်ခွင်၌ မနေသော။ အလုပ်ခွင်၌ နေရန်မလိုသော။

**non-smoker** *n.* ဆေးလိပ်မသောက်သူ။ဆေးလိပ်သောက်ခွင့်မပြုသောနေရာ။

**non-standard** *adj.* စံမဟုတ်သော။ စံချိန်မီ မဟုတ်သော။

**no-stop** *adj.* မရပ်မနားသော။ လမ်းခရီးတွင် မရပ်နားသော။

**non-union** *adj.* အလုပ်သမားသမဂ္ဂနှင့် မသက်ဆိုင်သော။ အလုပ်သမားသမဂ္ဂ မရှိသော (စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီစသည်)။

**non-votable item** *n.* ဝေဖန်ခွင့်မရှိသော အကြောင်းအရပ်။



**noon** *n.* နေ့လယ် ၁၂ နာရီ။ မွန်းတည့်။

**no-parking zone** *n.* ကားမရပ်ရသည့် နယ်မြေ။

**no-par-value stock** *n.* တန်ဖိုးမပြဋ္ဌာန်းထားသည့် စတော့ရှယ်ယာ။

**normal** *adj.* ပုံမှန်ဖြစ်သော။ သာမန် ဖြစ်သော။ *n.* ပုံမှန်။ အခြေမှန်။ ဖြစ်ရိုး။ ဖြစ်စဉ်။ ဖြစ်မြဲ။ ရှိမြဲ။

**normal balance** *n.* အခြေမှန်လက်ကျန်။ ပုံမှန် လက်ကျန်။

**normal condition** *n.* ပုံမှန် အခြေအနေ။

**normal demand** *n.* ပုံမှန်ဝယ်လိုအား။

**normal interest** *n.* ပုံမှန်အတိုး။

**normal price** *n.* ပုံမှန်ဈေးနှုန်း။

**normal profit** *n.* ပုံမှန် အမြတ်ငွေ။

**normal supply schedule** *n.* ပုံမှန်ရောင်းအား ဇယား။

**normal times** *n.* ပုံမှန်ကာလ။

**normal value** *n.* ပုံမှန်တန်ဖိုး။

**normal wages** *n.* ပုံမှန် လုပ်ခ။

**normal year** *n.* သာမန်နှစ်။

**normal yield** *n.* ပုံမှန်ထွက်။

**normative** *adj.* စံအဖြစ်၊ စည်းမျဉ်းအဖြစ် သတ်မှတ်သော။

**North American Free Trade Agreement** *n.* မြောက်အမေရိကနိုင်ငံများ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်။

**Nos** *abbr.* အမှတ်စဉ်။ နံပါတ်။ numbers.

**nosedive** *n.* (ဈေးနှုန်း၊ ရှယ်ယာဈေးနှုန်း) ထိုးကျခြင်း။ *v.* (ရှယ်ယာဈေးနှုန်း၊ ကုန်ဈေးနှုန်း) ထိုးကျသည်။

**nosh-up** *n.* စားပွဲသောက်ပွဲ။

**nostro account** *n.* ဘဏ်တစ်ခုက နိုင်ငံခြားဘဏ်တစ်ခုတွင် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်း။

**notable** *adj.* ဂရုစိုက်ထိုက်သော။ သတိပြုမိအောင် ထင်ရှားသော။ *n.* ထင်ရှားသူ။

www.burmeseclassic.com

www.burmeseclassic.com



အရေးပါသူ။ (မြို့၊ ရွာ)မျက်နှာဖုံး။

**notary public** *n.* စာချုပ်စာတမ်း သက်သေခံရှေ့နေ။ နိုတြီပဗ္ဗလစ်။

**notation** *n.* သင်္ကေတ(စနစ်)။

**note** *n.* မှတ်စု။ မှတ်စာတို။ မှတ်ချက်။ သဘောထား။ ငွေစက္ကူ။

**notebook** *n.* မှတ်စုစာအုပ်။

**notebook computer** *n.* ခရီးဆောင် ကွန်ပျူတာ။

**notepad** *n.* စာရေးစက္ကူကတ်။

**notepaper** *n.* စာရေးစက္ကူ။

**notes account** *n.* ငွေစက္ကူစာရင်း။

**notes cypher book** *n.* ဝှက်စာဖော် စာအုပ်။

**notes examination section** *n.* ငွေစက္ကူစစ်ဆေးရေး ဌာနစိတ်။

**notes issued account** *n.* ထုတ်ပေးပြီး ငွေစက္ကူစာရင်း။

**notes payable** *n.* ဘဏ် (သို့) အခြားငွေချေးသူများထံ ပေးရန်ရှိသည့် ကာလတိုချေးငွေ ပမာဏ။ ပေးရန်ရှိ ငွေစက္ကူများ။

**notes receivable** *n.* ရရန်ရှိ ငွေစက္ကူများ။

**notes refund direction** *n.* ငွေစက္ကူတန်ဖိုး ပြန်ပေးရေး ညွှန်ကြားချက်များ။

**notes refund direction rules** *n.* ငွေစက္ကူတန်ဖိုး ပြန်ပေးရေး ညွှန်ကြားချက်များ နည်းဥပဒေ။

**note to note opposite transfer** *n.* ငွေတန်ဖိုးအမျိုးကွဲ ဘဏ်ငွေသေတ္တာချင်းအပြောင်းအလွဲ။

**nothingness** *n.* ဘာမျှမရှိခြင်း။

**notice** *n.* ကြိုတင်အကြောင်းကြားစာ။ နို့တစ်စာ။ ဆင့်စာ။ အကြောင်းကြားစာ။ နှိုးဆော်ချက်။ သတိပေးချက်။

**notice-board** *n.* ကြော်ငြာသင်ပုန်း။ နို့တစ်ဘုတ်။

**notification** *n.* ဆင့်ခေါ်စာ။ အကြောင်းကြားချက်။ သတိပေးချက်။

**notified** *pt.* ကြေညာထားသော။



**notify** *v.* အစီရင်ခံသည်။ အကြောင်းကြားသည်။

**not negotiable** *adj.* မလွှဲပြောင်းနိုင်သော။

**notorious** *adj.* နာမည်ဆိုးဖြင့် ကျော်ကြားသော။

**not sufficient** *adj.* မလုံလောက်သော။

**not transferable** *adj.* မလွှဲပြောင်းနိုင်သော။

**not under command lights** *adj.* ထိန်းမရသော သင်္ဘောမီး။

**not under command vessel** *adj.* ထိန်းမရသော သင်္ဘော။

**nought** *n.* သုည။ သုညဂဏန်း။

**nourish** *v.* အာဟာရ ဖြစ်စေသည်။ အားဖြစ်စေသည်။

**nourishment** *n.* အာဟာရဓာတ်။

**novelist** *n.* ဝတ္ထုရေးဆရာ။

**NPV** *abbr.* လက်ကျန် ပကတိတန်ဖိုး။ လက်ရှိပကတိ တန်ဖိုး။ net present value.

**NRV** *abbr.* ရောင်းချစရိတ်နုတ်ပြီး ကျန်ရှိငွေတန်ဖိုး။ net realizable value.

**novice** *n.* လက်သစ်။ လက်သင်။

**nub** *n.* (ပြဿနာ၊ အခြေအနေ၏) အခရာ၊ အဓိက၊ သော့ချက်။

**nuclear** *adj.* နျူကလီးယား။ အဏုမြူ။ နျူကလီးယားစွမ်းအင်သုံး။

**nuclear energy** *n.* အဏုမြူစွမ်းအင်။

**nuclear fuel** *n.* အဏုမြူလောင်စာ။

**nuclear power-station** *n.* နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

**nuclear reactor** *n.* နျူကလီးယား ဓာတ်ပေါင်းဖို။ အဏုမြူဓာတ်ပေါင်းဖို။

**nugget** *n.* ရွှေအတုံးအခဲ။ အဖိုးတန် စိတ်ကူး။

**null and void** *adj.* ဥပဒေအရ တရားမဝင်သော၊ ပျက်ပြယ်သော။

**nullify** *v.* (သဘောတူညီချက်၊ အမိန့် စသည်ကို) ပယ်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တရားမဝင်ကြောင်းကြေညာသည်။

**number** *n.* ကိန်း။ ဂဏန်းနံပါတ်အမှတ်စဉ်။ သတင်းစာ၊မဂ္ဂဇင်းစသည် ထုတ်ဝေမှုအကြိမ် တစ်ကြိမ်။ *v.* နံပါတ်တပ်သည်။ အရေအတွက်ရှိသည်။

**number crunching** *n.* (ကွန်ပျူတာဖြင့်) ကိန်းဂဏန်းကြီးများကို အလျင်အမြန် တွက်ချက်ခြင်း။

**numbered** *pt.* နံပါတ်မှတ်ပြီး။

**numerless** *adj.* မရေတွက်နိုင်သော။

**number one** *n.* အကောင်းဆုံး။ နံပါတ်တစ်။

**number plate** *n.* ကားနံပါတ်ပြား။

**numeral** *n.* ဂဏန်းခြေ။

**numerate** *adj.* အတွက်အချက်တတ်ကျွမ်းသော။

**numerator** *n.* ပိုင်းဝေ။

**numerical** *adj.* ကိန်းဂဏန်းနှင့်သက်ဆိုင်သော။

**numerical control** *n.* အချက်အလက်များ ထည့်သွင်းထားသည့် ကွန်ပျူတာစနစ် အသုံးပြု၍ စက်ကိရိယာများ အလိုအလျောက် လည်ပတ်အောင်ဆောင်ရွက်ခြင်း။

**nurse** *n.* သူနာပြု။ ကလေးထိန်း။ ကလေးများ စောင့်ရှောက်ရသည့် အမျိုးသမီး။

**nursery** *n.* နေ့ကလေးထိန်းဌာန။

**nursery man** *n.* စိုက်ပျိုးခင်းလုပ်သား။ စိုက်ပျိုးခင်းရှင်။

**nursery nurse** *n.* ကလေးထိန်း။ ကလေးထိန်း ဆရာမ။

**nursing** *n.* သူနာပြုအတတ်။

**nursing home** *n.* ဘိုးဘွားရိပ်သာ။

**nurture** *n.* စောင့်ရှောက်ခြင်း။ ထောက်ပံ့ခြင်း။

**nut** *n.* အခွံမာသီး။

**nutshell** *n.* အခွံမာသီး အခွံ။

**NY** *abbr.* နယူးယောက်မြို့။ New York.

**nylon** *n.* နိုင်လွန်။

**NZ** *abbr.* နယူးဇီလန်။ New Zealand.



## O o

**oak** *n.* ဝက်သစ်ချပင်။ ဝက်သစ်ချသား။

**oar** *n.* ခတ်တက်။(လှေ)ခတ်တက်။

**oarsman** *n.* (လှေ) တက်ခတ်သမား။

**OAS** *abbr.* အမေရိကန်နိုင်ငံများအဖွဲ့။ Organization of American States.

**oasis** *n.* အိုအေစစ်။ ကွန်းခိုရာ။

**oatmeal** *n.* အုတ်ဂျုံမှုန့်။

**oats** *n.* အုတ်ဂျုံ။ မြင်းစားဂျုံ။

**OAU** *abbr.* အာဖရိက ညီညွတ်ရေးအဖွဲ့။ Organization of African Unity.

**obedience** *n.* ရိုကျိုးခြင်း။ လိုက်နာမှု။

**obedient** *adj.* နာခံသော။ ကျိုးနွံသော။

**obediently** *adv.* ကျိုးကျိုးနွံနွံ။

**obey** *v.* လိုက်နာသည်။ နာခံသည်။

**obituary** *n.* နာရေးကြော်ငြာ။ နာရေးသတင်း။

**object** *n.* ရည်မှန်းချက်။ ဒြပ်ရှိအရာဝတ္ထု။ *v.* ကန့်ကွက်သည်။

**objection** *n.* ကန့်ကွက်ချက်။ ကန့်ကွက်ရသည့်အကြောင်း။

**objector** *n.* ကန့်ကွက်သူ။

**objective** *n.* ရည်မှန်းချက်။ *adj.* မျှတသော။ ဓမ္မဓိဋ္ဌာန်ကျသော။

**objet d' art** *n.* အနုပညာမြောက်သော ပစ္စည်းအတိုအထွာ။

**obligation** *n.* တာဝန်။ ဝတ္တရား။ အသိတရား။

**oblige** *v.* မဖြစ်မနေ လုပ်ရသည်။ မလုပ်မနေ လုပ်ရသည်။

**oblique** *n.* မျဉ်းစောင်း။ *adj.* တိုက်ရိုက်မဟုတ်သော။ သွယ်ဝိုက်သော။

**obliterate** *v.* ပိတ်ဆို့နေသည်။ ဖုံးကွယ် ကာဆီးသည်။

**observation** *n.* စောင့်ကြည့်ခြင်း။ အကဲခတ်ခြင်း။ လေ့လာခြင်း။ လေ့လာချက်။ တွေ့မြင်ချက်။ သဘောတရား။

**observer** *n.* လေ့လာသူ။ အကဲခတ်သူ။

www.burmeseclassic.com

www.burmeseclassic.com



**obsolescence** *n.* ခေတ်ကုန်သွားခြင်း။ ခေတ်မမီခြင်း။ အသုံးမတွင်ခြင်း။ အသုံးမရှိတော့ခြင်း။

**obsolescent** *adj.* ခေတ်မစားတော့သော။ အသုံးမတွင်တော့သော။

**obsolete** *adj.* ခေတ်ကုန် သွားသော။ ခေတ်နောက်ကျသော။ တိမ်ကောပပျောက်သွားသော။ အသုံးမတွင်တော့သော။ အသုံးမဝင်တော့သော။

**obstetrician** *n.* သားဖွား ဆရာဝန်။

**obstruction** *n.* ပိတ်ဆို့မှု။ တားဆီး ပိတ်ပင်ခြင်း။

**occasion** *n.* ဖြစ်စဉ်။ ဖြစ်ရပ်။ပွဲ။ အခမ်းအနား။သမယ။ကာလ။ *v.* ဖြစ်ပေါ်စေသည်။ပေါ်ပေါက်ရသည်။

**occasional** *adj.* တစ်ခါတလေဖြစ်သော။ ရံဖန်ရံခါဖြစ်သော။ အခါအားလျော်စွာ ဖြစ်သော။

**occasional remittance** *n.* ရံဖန်ရံခါ ငွေလွှဲခြင်း။

**occasional table** *n.* အမျိုးစုံသုံးစွဲနိုင်သော စားပွဲငယ်။

**occupancy** *n.* (အိမ်၊ မြေစသည်တွင်) နေထိုင်မှု။

**occupant** *n.* (မော်တော်ယာဉ်) စီးနင်းလိုက်ပါလာသူ၊ စီးသူ။ ခရီးသည်။

**occupation** *n.* အလုပ်။ အလုပ်အကိုင်။ အတတ်ပညာဆိုင် အသက်မွေးဝမ်းကျောင်း အလုပ်။ (အိမ်၊ အိမ်ခန်းစသည်) နေထိုင်ခြင်း၊ အသုံးပြုခြင်း။

**occupational** *adj.* အလုပ်နှင့်ဆိုင်သော။ အလုပ်ကြောင့် ဖြစ်သော။ လုပ်ငန်းခွင်နှင့် ဆိုင်သော။

**occupational hazard** *n.* လုပ်ငန်းခွင်သဘာဝအလျောက်ရှိသော အန္တရာယ်။

**occupational group** *n.* လုပ်ငန်းအုပ်စု။

**occupational level** *n.* လုပ်ငန်းအဆင့်။

**occupational mentality** *n.* လုပ်ငန်း စိတ်ဓာတ်။

**occupational representation** *n.* အလုပ်အကိုင်အလိုက်ကိုယ်စားလှယ်။



**occupational research** *n.* အသက်မွေးဝမ်းကျောင်းသုတေသန။

**occupational status** *n.* အသက်မွေးဝမ်းကျောင်း အဆင့်အတန်း။

**occupational structure** *n.* တိုင်းပြည်စီးပွားရေးအတွက် အချိန်ကာလ တစ်ခုခုတွင် လိုအပ်လာမည့် အလုပ်အကိုင် အမျိုးအစားနှင့် အရေအတွက်။

**occupational therapy** *n.* အလုပ်ပေး ကုထုံး။ ပြန်လည်ကျန်းမာစေရန် သင့်လျော်သည့် လုပ်ငန်းများ လုပ်ကိုင်စေနည်း။

**occupation money** *n.* မြို့၊ နိုင်ငံ သိမ်းပိုက်အုပ်ချုပ်စဉ်သုံးစွဲငွေ။

**occupation tax** *n.* အလုပ်ခွန်။

**occupied** *adj.* အသုံးပြုနေသော။

**occupier** *n.* (အိမ်၊ အိမ်ခန်းတွင်) နေထိုင်သူ။

**occur** *v.* ဖြစ်ပေါ်သည်။ပေါ်ပေါက်သည်။ ဖြစ်ပွားသည်။

**occurrence** *n.* ဖြစ်ပျက်ခြင်း။ ဖြစ်စဉ်။ ဖြစ်ရပ်။ ဖြစ်ပွားမှုနှုန်း။

**ocean** *n.* သမုဒ္ဒရာ။

**ocean deep** *n.* သမုဒ္ဒရာချောက်။

**ocean freighter** *n.* ပင်လယ်ကူးကုန်တင်သင်္ဘော။

**ocean going liner** *n.* ပင်လယ်ကူးသင်္ဘော။

**oceanographer** *n.* အဏ္ဏဝါဗေဒပညာရှင်။

**oceanography** *n.* အဏ္ဏဝါဗေဒ။

**ocean shipping** *n.* ပင်လယ်ရေကြောင်း ပို့ဆောင်ရေး။

**ocean trade routes** *n.* ပင်လယ် ရေကြောင်းကုန်သွယ်လမ်းများ။

**octane** *n.* အောက်တိန်းဓာတ်ဆီ။

**oculist** *n.* မျက်စိအထူးကု။

**odd** *adj.* ယုတ်လျော့သော။

**odd-even pricing** *n.* ဈေးနှုန်းချိုသာသည်ဟု စားသုံးသူများထင်မှတ်ဝယ်ယူစေရန် ဂဏန်းပြည့်များဖြင့် ဈေးနှုန်းဖော်ပြဘဲ မဆိုစလောက် လျှော့ချ၍ မဂဏန်းအဆုံးဖြင့် ဈေးနှုန်းဖော်

www.burmeseclassic.com

www.burmeseclassic.com



ပြခြင်း။ (၁၀၀၀ ကျပ်ဟု မဖော်ပြဘဲ ၉၉၉ ကျပ်ဟု ဖော်ပြသတ်မှတ်ခြင်း)။

**odd-lot broker** *n.* ပွဲစားလေး။ ပွဲစားကလေး။

**oddment** *n.* လက်ကျန်ပစ္စည်းဖြစ်နေ၍ ဈေးနှုန်းလျှော့ချရောင်းလိုက်သည့် ပစ္စည်း။ ဘက်ပုံကျန်နေသည့် ပစ္စည်း။

**odd number** *n.* မကိန်း။

**odd order** *n.* မကိန်းထပ်။

**odour** *n.* အနံ့အသက်။ အနံ့။

**odourless liquid** *n.* အနံ့အသက်မရှိသော အရည်။

**OECD** *abbr.* စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့။ Organization for Economic Cooperation and Development.

**oeuvre** *n.* စာရေးဆရာ၊ ပန်းချီဆရာစသည်၏ အနုပညာလက်ရာစုစုပေါင်း။

**off** *adj.* လက်မခံနိုင်သော။ ပုပ်သိုးသော။ နေမကောင်းသော။

**offal** *n.* ကလီစာ။ အူစုံအသည်းစုံ။

**offbeat** *adj.* သမားရိုးကျမဟုတ်သော။ တစ်မူထူးသော။

**offcut** *n.* သစ်တို သစ်စ။ ဖြတ်စညှပ်စ။

**offer** *n.* ပေးဈေး။ကမ်းလှမ်းချက်။ ကမ်းလှမ်းသည့် ငွေပမာဏ၊ ဈေးနှုန်း။ ပုံမှန်ထက် ဈေးလျှော့ရောင်းသည့် ပစ္စည်း။ *v.* ဈေးပေးသည်။ ကမ်းလှမ်းသည်။

**offer by prospectus** *n.* ကုမ္ပဏီသမိုင်းကြောင်း၊ ငွေကြေး အခြေအနေနှင့် ရေ့ရှည်မှန်းချက် စသည်တို့ဖော်ပြသည့်စာဖြင့် အများပြည်သူဝယ်ယူရန် ဖိတ်ခေါ်ထားသည့် အစုရှယ်ယာအသစ်များ။

**offer document** *n.* အခြားကုမ္ပဏီတစ်ခုက ကုမ္ပဏီအားဝယ်ယူသိမ်းပိုက်ရန် ကြိုးပမ်းသည့် အသေးစိတ် အချက်အလက်များကို အစုရှယ်ယာရှင်များအား အသိပေးတင်ပြသည့် အထောက်အထား စာရွက် စာတမ်းများ။

**offered** *pt.* ဈေးပေးပြီး။



**offerer** *n.* ဈေးပေးသူ။

**offer for sale** *n.* အများပြည်သူဝယ်ယူနိုင်ရန် ဘဏ်မှတစ်ဆင့် ကမ်းလှမ်းလာသည့် အစုရှယ်ယာအသစ်များ။

**offer to purchase** *n.* ကုမ္ပဏီကိုချုပ်ကိုင်နိုင်ရန် အစုရှယ်ယာများကို ဈေးနှုန်းတစ်ရပ်ဖြင့် ဝယ်ယူရန် ကမ်းလှမ်းခြင်း။

**office** *n.* ရုံး။ ရုံးခန်း။

**office automation** *n.* ရုံးသုံးစက်ကိရိယာပစ္စည်း။

**office block** *n.* စုပေါင်းရုံး။

**office charges** *n.* ရုံးစရိတ်။

**office furniture** *n.* ရုံးသုံး ပရိဘောဂ။

**office holder** *n.* အသင်း အမှုဆောင်။

**office hours** *n.* ရုံးချိန်။ အလုပ်ချိန်။

**officer** *n.* အရာရှိ။ ရဲအရာရှိ။

**official** *n.* အရာရှိ။ အမှုဆောင်။ *adj.* ရုံးသုံး။

**official list** *n.* နိုင်ငံတကာစတော့ဈေးကွက်ကနေ့စဉ်ထုတ်ပြန်သည့် စာရင်း၊ မှတ်တမ်း။

**official name** *n.* စံထားသည့် အမည်။

**official price** *n.* ပြဋ္ဌာန်း ဈေးနှုန်း။ အစိုးရဈေးနှုန်း။

**official rate** *n.* တရားဝင် နိုင်ငံခြားငွေလဲနှုန်း။

**official receiver** *n.* ပစ္စည်း၊ ဘဏ္ဍာထိန်းအရာရှိ။ (လူမွဲစာခံမှုများတွင်) ပစ္စည်းထိန်း။

**officiating pay** *n.* ခေတ္တခန့်လစာ။

**officious** *adj.* အာဏာပါဝါပြတတ်သော။ ဩဇာပေးတတ်သော။

**off-licence** *n.* ဆိုင်တွင် ထိုင်သောက်ရန် မဟုတ်ဘဲ ပုလင်းလိုက်ဝယ်ယူရသော အရက်ဆိုင်၊ အရောင်းကောင်တာ။

**off-line** *adj.* ကွန်ပျူတာ ဗဟိုဌာန၊ အချက်အလက်များ သိုမှီးထားရှိရာ ပင်မစက်နှင့် ချိတ်ဆွဲထားမှုမရှိသော (ကွန်ပျူတာတွဲဖက်ပစ္စည်း)။

**off-peak** *adj.* ကုန်ပစ္စည်း၊ ဝန်ဆောင်မှုစသည် လူသုံးမများသည့် အချိန်နှင့်ဆိုင်သော။

www.burmeseclassic.com

www.burmeseclassic.com



**off-peak travel fare** *n.* ခရီးသွားအလာ ကျဲချိန်တွင်ကောက်ခံသည့် ယာဉ်စီးခနှုန်းထား။

**off-season** *n.* အရောင်းအဝယ်၊ အသွားအလာ၊ လုပ်ငန်းစသည် ပါးသည့်ရာသီ၊ ကာလ၊ အချိန်။

**off-season rates** *n.* အရောင်းအဝယ်ပါးသည့် ကာလတွင် တောင်းခံသည့်နှုန်းထား။

**offset** *v.* ထေလိုက်သည်။ ခုနှိမ်သည်။ ကာမိစေသည်။ *n.* တူညီသော ခုနှိမ်ငွေကြေး၊ ပစ္စည်း။ (ပုံနှိပ်) အော့ဖ်ဆက်။

**offsetting gold** *n.* ခုနှိမ်ရွှေ။

**offshore** *adj.* ကမ်းလွန်ပင်လယ်တွင် ဖြစ်သော။ ပြည်ပတွင် မှတ်ပုံတင်ထားလာသော၊ အခြေစိုက်ထားသော (ရုံး၊ စက်ရုံ၊ ကုမ္ပဏီစသည်)။

**offshore bank** *n.* ပြည်ပတွင် အခြေစိုက်သော ဘဏ်။

**offshore bank account** *n.* ပြည်ပတွင် ဖွင့်လှစ်ထားသော ဘဏ်စာရင်း။

**offshore fund** *n.* ပြည်ပတွင် ရင်းနှီးမြှုပ်နှံထားငွေ။

**off-the-peg research** *n.* ဈေးကွက်အသစ်ကို စူးစမ်းလေ့လာသည်ထက် ရှိပြီး စုဆောင်းပြီး အချက်အလက်များကို အသုံးပြု၍ ဈေးကွက်သုတေသနပြုခြင်း။

**off-the-shelf** *adj.* သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားသော။ အသင့်ချုပ်ထားပြီးဖြစ်သော။

**off-the-shelf computer system** *n.* သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားသည့် ကွန်ပျူတာစနစ်။

**ogive** *n.* ခုံးချွန်။ အိုဂျိုက်။

**O.G.L import** *n.* အိုဂျီအယ်လ် သွင်းကုန်။

**oil** *n.* ဆီ။ ရေနံ။ စက်ဆီ။

**oil cake** *n.* ဆီကြိတ်ဖတ်။

**oilcan** *n.* ဆီထိုးရန် နှုတ်သီးရှည်ပါရှိသည့် ဆီဘူး။

**oil cloth** *n.* ဖယောင်းပုဆိုးအပျော့။



**oil crop** *n.* ဆီထွက်သီးနှံ။

**oil diffusion pump** *n.* ဆီစစ်ပန့်စက်။

**oil engine** *n.* ဆီအင်ဂျင်။

**oiler** *n.* ဆီလောင်းသမား။ ဆီထိုးသမား။

**oiler ring** *n.* ဆီထည့်ကွင်း။

**oilfield** *n.* ရေနံမြေ။

**oilfired** *adj.* မီးထိုးဆီသုံး (စက်၊ အပူပေးစနစ်စသည်)။

**oil gas** *n.* ဆီဓာတ်ငွေ့။

**oil industry** *n.* ရေနံလုပ်ငန်းစု။ ရေနံလုပ်ငန်း။

**oilman** *n.* ဆီကုန်သည်။ ရေနံလုပ်ငန်းရှင်။ ဆီထိုး။ ဆီလောင်းသမား။

**oil-paint** *n.* ဆီဆေး။

**oil-painting** *n.* ဆီဆေး ပန်းချီကား။

**oil palm** *n.* ဆီအုန်းပင်။

**oil reservoir** *n.* ရေနံရှိအောင်းနေသည့် နေရာ။

**oil rig** *n.* ရေနံတူးစင်။

**oil rock interface** *n.* ရေနံ ကျောက်ကြား မျက်နှာ။

**oil sand** *n.* ရေနံအောင်းသဲကျောက်။ ဆီရောသဲ။

**oil seed** *n.* ဆီစေ့။

**oil-tanker** *n.* ရေနံတင်သင်္ဘော။

**oil-well** *n.* ရေနံတွင်း။

**old age and survivor's insurance** *n.* အိုနာစာနှင့် ကျန်ရစ်သူ အာမခံ။

**old age pension** *n.* သက်ပြည့်ပင်စင်။

**old age pensioner** *n.* ပင်စင်စား။ အငြိမ်းစား။

**old-established** *adj.* အစွန့်ကြာရှည်ခဲ့ပြီး ဖြစ်သော။

**old-fashioned** *adj.* ခေတ်နောက်ကျသော။ ခေတ်မမီသော။

**oligopoly** *n.* လူတစ်စု လက်ဝါးကြီးအုပ် ရောင်းချမှု။

**oligopsony** *n.* လူတစ်စု လက်ဝါးကြီးအုပ် ဝယ်ယူမှု။

**olive oil** *n.* သံလွင်ဆီ။

**Olympiad** *n.* မျက်မှောက်ခေတ် အိုလံပစ်ပွဲတော်။

www.burmeseclassic.com

www.burmeseclassic.com



**Olympic** *adj.* အိုလံပစ်နှင့် စပ်ဆိုင်သော။ အိုလံပစ် (ပွဲတော်၊ အားကစားသမား)

**ombudsman** *n.* အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် အစိုးရက ခန့်အပ်ထားသည့် အရာရှိ။

**omission** *n.* ထိမ်ချန်ခြင်း။ ချန်ထားခြင်း။ ချန်လှပ်ထားခြင်း၊ ချန်လှပ်ထားချက်။

**omit** *v.* ချန်ထားသည်။ ပျက်ကွက်သည်။

**omitting** *n.* ချန်ထားခြင်း၊ ချန်ခြင်း။

**on approval** *adj.* ကြိုက်မှ။ မကြိုက်လျှင် ပြန်ပို့နိုင်သော။

**on board bill of lading** *n.* ကုန်တင်ပြီး တန်ဆာ။

**on board endorsement** *n.* ကုန်တင်ပြီးကြောင်း ထပ်ဆင့်လက်မှတ်။

**on consignment** *(IDM)* ရောင်းပြီးငွေချေစနစ်။

**oncost** *n.* သွယ်ဝိုက်စရိတ်။ ထုတ်လုပ်သည့် ကုန်ပစ္စည်း အရေအတွက်ကို လိုက်၍ မပြောင်းလဲသည့် ထုတ်လုပ်မှု စရိတ်။

**on demand** *adj.* တောင်းပေး။ ငွေလွှဲလက်မှတ် တင်ပြလျှင် ချက်ချင်း ငွေထုတ်ပေးရန် ဖြစ်သော။

**on-lending** *n.* တစ်နေရာမှ ထုတ်ချေးလာသည့် ငွေကိုပြန်၍ ထုတ်ချေးခြင်း။

**on-line** *adj.* အွန်လိုင်း(စနစ်)။ ပင်မကွန်ပျူတာအချက်အလက်များ သိမ်းဆည်းထားသည့်ဗဟို အစိတ်အပိုင်းနှင့် ချိတ်ဆက်ထားသော။ အွန်လိုင်းချိတ်ဆက်ထားသည့် (ဘဏ်စနစ်စသည်)

**one man company** *n.* တစ်ဦးတည်းပိုင် ကုမ္ပဏီ။

**one man show** *n.* တစ်ကိုယ်တော်ပြသဖျော်ဖြေပွဲ။

**one price policy** *n.* တစ်ဈေးနှုန်းတည်း ပေါ်လစီ။

**ono** *abbr.* သို့မဟုတ် အနီးစပ်ဆုံး (ဈေးပေးနိုင်သူ)။ or near offer.



**onshore** *adj.* ကမ်းခြေနှင့်ဆိုင်သော။ ပင်လယ်ကမ်းခြေနှင့် စပ်ဆိုင်သော။

**OPEC** *abbr.* ရေနံရောင်းနိုင်ငံများအဖွဲ့။ Organization of Petroleum Exporting Countries.

**open** *adj.* ဖွင့်ထားသော။ ဖွင့်သော။ ကန့်သတ်မထားသော။ ဖုံးကွယ် မထားသော။ *v.* ပွင့်သည်။ ဖွင့်သည်။

**open account** *n.* ငွေစာရင်းရှင်။ စာရင်းဖွင့်ခြင်း။

**open an account** *v.* ငွေစာရင်းဖွင့်သည်။

**open cast** *adj.* ဟင်းလင်းတွင်းကျယ် (သတ္တုတွင်း)။

**open cheque** *n.* မျဉ်းမဲ့ချက်လက်မှတ်။ မျဉ်းသားချက်လက်မှတ် မဟုတ်သော ချက်လက်မှတ်။

**open competition** *n.* လွတ်လပ်စွာ ပြိုင်ဆိုင်ခြင်း။

**open credit** *n.* ကန့်သတ်မဲ့ ချေးငွေ။ ကန့်သတ်မဲ့ ထောက်ပံ့ငွေ။

**open-door** *adj.* ပွင့်လင်းသော။ ကန့်သတ်မှု မရှိသော။

**open-door policy** *n.* တံခါးဖွင့်မူဝါဒ။ မဆိုစလောက် ကန့်သတ်ချုပ်ချယ်မှုရှိသော သွင်းကုန် မူဝါဒ။ သွင်းကုန်အပေါ် အခွန်စည်းကြပ်မှု မရှိသော၊ မဆိုစလောက်ရှိသော သွင်းကုန်မူဝါဒ။

**open-end contract** *n.* စည်းကမ်းချက်အချို့ကို သတ်မှတ်ခြင်းမပြုဘဲထားသည့် ပဋိညာဉ်စာချုပ်။

**open indent** *n.* မည်သူ့ထံမှ ဝယ်ယူရမည်ဟု ဖော်ပြမထားဘဲ နိုင်ငံခြားရှိ ကိုယ်စားလှယ်ထံ ကုန်ပစ္စည်းဝယ်ယူရန် မှာကြားချက်။

**opening** *n.* ဖွင့်ပွဲ အခမ်းအနား။ အခွင့်အလမ်း။

**opening balance** *n.* စာရင်းဖွင့်လက်ကျန်။

**opening bank** *n.* စာရင်းဖွင့်ဘဏ်။

**opening entry** *n.* စာရင်းဖွင့်သွင်းချက်။

www.burmeseclassic.com

www.burmeseclassic.com



**opening price** *n.* တစ်နေ့တာအတွင်း ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းတစ်ရပ်အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်း။

**opening stock** *n.* စာရင်းဖွင့်ကုန်ပစ္စည်း။

**open letter of credit** *n.* အထူးစည်းကမ်းချက်မဲ့ ငွေရပိုင်ခွင့်စာ။

**open market** *n.* ကုန်ပစ္စည်းပမာဏနှင့် ဝယ်လိုမှုအပေါ် မူတည်သော ဈေးနှုန်း အတက်အကျအခြေအနေ။

**open market operation** *n.* ဈေးကွက်တွင် ငွေချေးစာချုပ်ရောင်းဝယ်ခြင်း။ ဗဟိုဘဏ်၏ စာချုပ်အရောင်းအဝယ်။

**open mortgage** *n.* ကန့်သတ်မထားသော အပေါင်ပစ္စည်း။

**open position** *n.* ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်း၊ နိုင်ငံခြားငွေ စသည်ကို ဝယ်ယူထားပြီး ဖြစ်သော်လည်း ပြန်မရောင်းချရသေးသည့် အခြေအနေ။

**open shop** *n.* (အလုပ်သမားကို) လွတ်လပ်စွာ အလုပ်ခန့်သည့် ဆိုင်။

**opera** *n.* အော်ပရာဇာတ်။

**opera-house** *n.* အော်ပရာဇာတ်ရုံ။

**operate** *v.* (စက်) လည်ပတ်သည်၊ အလုပ်လုပ်သည်။ (စက်) ဖွင့်သည်၊ မောင်းသည်။ လုပ်ငန်း လည်ပတ်သည်။ စီမံခန့်ခွဲသည်။

**operating** *n.* (စက်) လည်ပတ်ခြင်း။ အလုပ်လုပ်ခြင်း။

**operating capacity** *n.* လုပ်ဆောင်မှုစွမ်းအင်။

**operating cost** *n.* လုပ်ဆောင်မှုကုန်ကျစရိတ်။ အလုပ်လည်ပတ်စရိတ်။

**operating curve** *n.* အလုပ်ပြမျဉ်းကွေး။

**operating expense** *n.* လုပ်ငန်းလုပ်ဆောင်မှုစရိတ်။

**operating loss** *n.* ကုမ္ပဏီထူးထူးခြားခြား ကုန်ကျစရိတ်နှင့် ဝင်ငွေများ ထည့်သွင်းမတွက်ချက်မီ အသားတင် ဆုံးရှုံးငွေ။



**operating point** *n.* စတင်လုပ်ဆောင်သည့် အမှတ်။

**operating profit** *n.* ကုမ္ပဏီ ထူးထူးခြားခြား ကုန်ကျစရိတ်နှင့်ဝင်ငွေများထည့်သွင်းမတွက်ချက်မီ အသားတင်အမြတ်ငွေ။

**operating ratio** *n.* လုပ်ဆောင်မှု အချိုး။ စုစုပေါင်းဝင်ငွေနှင့် အသားတင် အမြတ်အချိုး။ ရောင်းရငွေနှင့် ကုန်ကျစရိတ်အချိုး။ ကုမ္ပဏီအောင်မြင်မှုကို တိုင်းတာတွက်ချက်သည့်အချိုး။

**operating statement** *n.* လုပ်ဆောင်မှု ရှင်းတမ်း။

**operating system** *n.* ကွန်ပျူတာ စက်လည်ပတ်ရေး စနစ်ပရိုဂရမ်။

**operating voltage** *n.* (စက်စသည်) အလုပ်လုပ်သော ဗို့အား။

**operation** *n.* စီးပွားရေးလုပ်ငန်း။ ကုမ္ပဏီ။ (စက်စသည်) လည်ပတ်မှု။

**operation analysis** *n.* လုပ်ဆောင်ချက် စိစစ်ခြင်း။

**operation costing** *n.* လုပ်ဆောင်ချက် ကုန်ကျတန်ဖိုးတွက်ချက်ခြင်း။

**operation research** *n.* လုပ်ဆောင်ချက် သုတေသန။

**operation standardization** *n.* လုပ်ဆောင်ချက်စံ သတ်မှတ်ခြင်း။

**operative** *n.* ကာယလုပ်သား။ စက်ရုံ၊ အလုပ်ရုံအလုပ်သမား။

**operator** *n.* လုပ်ငန်းရှင်။ ကုမ္ပဏီ။ စက်ကိုင်။ စက်မောင်း။ အော်ပရေတာ။

**opium** *n.* ဘိန်း။

**opportunist** *n.* အခွင့်အရေးသမား။ အချောင်သမား။

**opportunity** *n.* အခွင့်အရေး။ အခွင့်အလမ်း။ အခါအခွင့်။

**opportunity cost** *n.* အခွင့်အလမ်းတန်ဖိုး။

**opposite** *n.* ဆန့်ကျင်ဘက်။

**opposite effect** *n.* ဆန့်ကျင်ဘက် အကျိုး။

**optimum efficiency** *n.* အကောင်းဆုံး အခြေအနေ၊ စွမ်းရည်။

www.burmeseclassic.com

www.burmeseclassic.com



**optimum population** *n.* အနေတော်လူဦးရေ။အသင့်လျော်ဆုံး လူဦးရေ။

**optimum statistic** *n.* အသင့်လျော်ဆုံး နမူနာကိန်း။

**optimum temperture** *n.* အသင့်လျော်ဆုံး အပူချိန်။

**optimum test** *n.* အသင့်လျော်ဆုံး စစ်ဆေးချက်။

**optimum value** *n.* အသင့်လျော်ဆုံး တန်ဖိုး။

**option** *n.* ရွေးပိုင်ခွင့်။ (မဆုံးဖြတ်မီ) စဉ်းစားရန်အချိန်။ ကုန်ပစ္စည်း နိုင်ငံခြားငွေ စသည်ကို သတ်မှတ်နေ့ရက်တွင်သတ်မှတ်ဈေးဖြင့်ဝယ်ယူရောင်းချပိုင်ခွင့်။

**optional bond** *n.* စိတ်ကြိုက် အာမခံစာချုပ်။

**optional dividend** *n.* စိတ်ကြိုက် အမြတ်ဝေစု။

**option dealing** *n.* သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရင်းနှီးမြှုပ်နှံမှုစာချုပ်တစ်မျိုး၏ ဝယ်ယူ ရောင်းချပိုင်ခွင့်ကို ဝယ်ယူခြင်း။

**option money** *n.* သတ်မှတ်နေ့ရက်၊ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူ၊ ရောင်းချပိုင်ခွင့်ကို ဝယ်ယူသည့်ငွေကြေး။

**option to purchase** *n.* ကုမ္ပဏီ အစုရှယ်ယာများကို လျှော့ဈေးဖြင့် ဝယ်ယူနိုင်ရန် ရှယ်ယာပိုင်ရှင်အတွက် ပေးအပ်ထားသော အခွင့်အရေး။

**Oracle** *n.* သီးသန့် ဗီဒီယိုလိုင်းဖြင့် သတင်းအချက်အလက် ထုတ်လွှင့်ပေးသောပုဂ္ဂလိကကုမ္ပဏီ တစ်ခု၏ အမည်အတိုကောက်။

**oral** *n.* နှုတ်ဖြေစာမေးပွဲ။

**orange** *n.* လိမ္မော်ပင်။ လိမ္မော်ရည်။ လိမ္မော်ရောင်။

**oration** *n.* အခမ်းအနားအလိုက် ပြောကြားသည့်စကား၊ မိန့်ခွန်း။

**orbit** *n.* ဂြိုဟ်၊ လ စသည်ပတ်လမ်း။ မြို့ပတ်လမ်း။

**orchard** *n.* သစ်သီးခြံ။

**orchestra** *n.* သံစုံတီးဝိုင်း။

**orchid** *n.* သစ်ခွပင်။

**order** *n.* (ကုန်ပစ္စည်း) အမှာစာ အော်ဒါ၊ မှာကုန်။ ကုန်အမှာ



*v.* အမှာစာပို့သည်။ မှာသည်။ မှာစားသည်။ မှာသောက်သည်။

**order bill of lading** *n.* သင်္ဘောကုန်တင်တန်ဆာ လက်မှတ်။

**order book** *n.* အမှာစာ မှတ်တမ်း။ အမှာစာစာရင်း။ အမှာစာအုပ်။

**order cheque** *n.* အမှာ ချက်လက်မှတ်။

**order-form** *n.* အမှာစာ ပုံစံ။ ကုန်ပစ္စည်း မှာကြားရာတွင် ဖြည့်စွက်ပေးပို့ရမည့် ပုံစံ။

**orderly** *n.* ဆေးရုံ အထွေထွေလုပ်သား။

**order-point control** *n.* ကုန်ကြမ်း မှာကြားရန် သတ်မှတ်ထားသည့် လက်ကျန်ထိန်းချုပ်မှုစနစ်။

**order quantity** *n.* ကုန်ကြမ်း (သို့) ကုန်ပစ္စည်း တစ်ကြိမ်မှာကြားသည့် အရေအတွက်။ မှာယူ အရေအတွက်။

**order statistics** *n.* အစဉ်လိုက် စာရင်းအင်းများ။

**order supplier** *n.* အမှာဖြည့်တင်းပေးသူ။

**ordinarily** *adv.* သာမန်အားဖြင့်။ယေဘုယျအားဖြင့်။အများအားဖြင့်။

**ordinary** *adj.* သာမန်။ ပုံမှန်။ ရိုးရိုး။ ယေဘုယျ။

**ordinary asset** *n.* သာမန်ပိုင်ဆိုင်ပစ္စည်းများ။

**ordinary bill** *n.* သာမန်ငွေတောင်းလွှာ။ သာမန် ဘီလ်စာရင်း။

**ordinary debt** *n.* သာမန်ကြွေးမြီ။

**ordinary life assurance** *n.* သာမန်အသက်အာမခံ။

**ordinary partner** *n.* သာမန်စီးပွားဖက်။

**ordinary rent** *n.* သာမန်အခ။

**ordinary resolution** *n.* သာမန်ဆုံးဖြတ်ချက်။ မဲအများစု ၅၀ ရာခိုင်နှုန်းကျော် လိုအပ်သည့် ဆုံးဖြတ်ချက်။

**ordinary share** *n.* သာမန် အစုရှယ်ယာ။

www.burmeseclassic.com

www.burmeseclassic.com



**ordinary share capital** *n.* သာမန် ရှယ်ယာမတည်ငွေ။

**ordinary stock** *n.* သာမန် စတော့ရှယ်ယာ။

**ore** *n.* သတ္တုရိုင်း။ တွင်းထွက်ပစ္စည်းရိုင်း။

**ore-deposit** *n.* သတ္တုသိုက်။

**ore dressing** *n.* သတ္တုရိုင်း သန့်စင်ခြင်း။

**ore smelting** *n.* သတ္တုရိုင်း ကျိုချက်ခြင်း။

**organ** *n.* သတင်းထုတ်ပြန်ရေး ယန္တရား။ အော်ဂင် (တူရိယာ)။

**organic** *adj.* သဘာဝမြေသြဇာ အသုံးပြုထားသော။

**organization** *n.* အဖွဲ့အစည်း။ စီစဉ်မှု။ အစီအစဉ်။ စနစ်တကျ စီစဉ်ကြီးကြပ် လုပ်ဆောင်ခြင်း။

**organizational culture** *n.* အဖွဲ့အစည်းတစ်ခုအတွင်းညီညွတ်မှုတစ်ခု ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှု။

**organizational unit** *n.* ဖွဲ့စည်းမှု ယူနစ်။

**organization chart** *n.* ဖွဲ့စည်းပုံ ကားချပ်။

**organization development** *n.* အဖွဲ့အစည်း တိုးတက်ရေး။

**organization structure** *n.* ဖွဲ့စည်းမှုအဆောက်အအုံ။

**organize** *v.* စုစည်းသည်။ ဖွဲ့စည်းသည်။ စည်းရုံးသည်။ စီစဉ်သည်။

**organized** *adj.* ဖွဲ့စည်းပြီးဖြစ်သော။ စနစ်ဖယားကျသော။

**organized market** *n.* ချမှတ်ထားသည့် စည်းကမ်းများ အတိုင်း ရောင်းသူရော ဝယ်သူပါ လိုက်နာ လုပ်ဆောင်ရသည့် ဈေးကွက်။

**organizer** *n.* စည်းရုံးရေးမှူး။ စီစဉ်သူ။ ဖွဲ့စည်းသူ။

**organizing** *n.* ဖွဲ့စည်းခြင်း။

**origin** *n.* မူလ။ အစ။ အစဦး။ မူရင်း။ ပင်ရင်း။ ဇာစ်မြစ်။

**original cost** *n.* ပစ္စည်းဝယ်ယူစဉ်က တန်ဖိုး။ မူလလုပ်ငန်းတည်ထောင်မှု စရိတ်။

**original entry** *n.* နေ့စဉ်ကုန်ရောင်း၊ ကုန်ဝယ်မှတ်တမ်း စာအုပ်များတွင် စာရင်းရေးသွင်းချက်။ မူလရေးသွင်းချက်။



**original figure** *n.* မူလကိန်းဂဏန်း။

**original goods** *n.* မူလအရင်းခံပစ္စည်းများ။ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် အရင်းခံ ပစ္စည်းများ။

**original-issue stock** *n.* မူလထုတ် စတော့။

**originality** *n.* တီထွင်နိုင်မှု။ ကိုယ်ပိုင်ဟန်။

**original-slip** *n.* မူလဖြတ်ပိုင်း။ မူလစာရွက်ပိုင်း။

**ornamentation** *n.* အဆင်တန်ဆာ။ အဆင်အယင်။

**orphanage** *n.* မိဘမဲ့ကလေးဂေဟာ။

**orthodoxy** *n.* သမားရိုးကျ အတွေးအခေါ်၊ အမူအကျင့်။

**orthography** *n.* စာလုံးပေါင်းသတ်ပုံ။ ရေးထုံး။

**Oscar** *n.* အမေရိကန်ရုပ်ရှင် အော်စကာဆု။

**osmosis** *n.* စိမ့်ဝင်ပျံ့နှံ့ခြင်း။

**ostensible partner** *n.* အသွင်းပြကုန်ဖက်။

**otiose** *adj.* မလိုလားအပ်သော၊ အသုံးမဝင်သော (စကား၊ အကြံဉာဏ်)။

**ounce** *n.* အောင်စ။

**outbargain** *v.* အခြားသူထက် ဈေးပိုပေး၍ အရောင်းအဝယ်ဖြစ်မြောက်အောင်မြင်စေသည်။

**outbid** *v.* အခြားသူထက်(လေလံ) ဈေးပို၍ ပေးသည်။

**outboard** *adj.* (သင်္ဘော၊ လေယာဉ်) ကိုယ်ထည်။ အပြင်ဘက်။ *n.* ပဲ့ချိတ်မော်တော်။

**outbound logistics** *n.* သယ်ယူပို့ဆောင်ထောက်ပံ့မှု ပြုလုပ်ပေးနိုင်သည့် အရပ်တစ်ပါးဒေသ။ စီးပွားရေးသတင်းအချက်အလက်များ၊ ကုန်ချောပစ္စည်းများ၊ စားသုံးသူများ၊ ရောင်းချသူများ အားလုံး စီမံခန့်ခွဲနိုင်သည့် သယ်ယူထောက်ပံ့မှု ပြုလုပ်ပေးနိုင်ရာ အရပ်ဒေသ။

**outbuilding** *n.* သီးခြားအဆောက်အအုံ။

www.burmeseclassic.com

www.burmeseclassic.com



**outclass** *adj.* မယှဉ်သာနိုင်သော။

**outcome** *n.* အကျိုး။ ရလဒ်။

**outdated** *adj.* ခေတ်မမီတော့သော။

**outdo** *v.* အများထက်သာအောင်ပြုလုပ်သည်။

**outdoor** *adj.* အပြင်ဘက်တွင် အလုပ်လုပ်ရသည်ကို နှစ်သက်သော။

**outer pilot** *n.* မြစ်ကြောင်းပြအရာရှိ။

**outflow** *n.* စီမ့်ယိုထွက်ခြင်း။

**outgoing partner** *n.* နုတ်ထွက်အစုစပ်ဝင်။

**outgoings** *n.* ပုံမှန်ထွက်ငွေ၊ သုံးငွေ။

**outgroup** *n.* အပြင်အုပ်စု။

**outlay** *n.* သုံးစွဲသည့်ငွေ။ သုံးစွဲခြင်း။ ရင်းနှီးငွေ။

**outlay account** *n.* အမြတ်ခွဲဝေအသုံးပြုပုံစာရင်း။

**outlay line** *n.* စရိတ်မျဉ်း။

**outlet** *n.* ကုန်အမှတ်တံဆိပ်ပစ္စည်းအရောင်းဆိုင်။ ကုမ္ပဏီထုတ်ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးသည့် ဆိုင်။

**outlet store** *n.* ရောင်းမကုန်ပစ္စည်း၊ ခေတ်မမီတော့သည့်ပစ္စည်း၊ ကြွေးဖြင့်သိမ်းထားသည့် ပစ္စည်းများကို ဈေးပေါပေါဖြင့် လက်လီရောင်းချသည့် စတိုး၊ ဆိုင်။

**out of date** *n.* ခေတ်မမီတော့ခြင်း။ ခေတ်ကုန်နေခြင်း။

**out-of-pocket cost** *n.* ဓာတ်အားခ၊ အခွန်အခ၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူစရိတ်စသည်ငွေသားဖြင့် လက်ငင်းပေးချေရသော အသုံးစရိတ်။

**out of stock** *adj.* ဆိုင်တွင်ပစ္စည်းလက်ကျန် မရှိတော့သော။

**out-of-touch** *v.* အဆက်ဖြတ်သည်။ ဆက်သွယ်မှု ဖြတ်တောက်လိုက်သည်။

**output** *n.* အထွက်။ ကုန်ထွက်။ အထုတ်။ အလုပ်သမားတစ်ဦး၊ စက်ရုံ တစ်ရုံ၊ စက်ပစ္စည်းတစ်ခု၊ ကုမ္ပဏီလုပ်ငန်း တစ်ရပ်က ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းအရေအတွက်။ ထုတ်လုပ်ပေး



သည့် ပမာဏ။ ကွန်ပျူတာက ထုတ်လုပ်ပေးနိုင်သည့် သတင်းအချက်အလက်။ (စက်သုံးမြင်းကောင်ရေ၊ ဝပ် စသည်)အား။ *v.* စက်ရုံ၊စက်မှုလုပ်ငန်းစသည်က ကုန်ပစ္စည်း တစ်ရပ်ကို ထုတ်လုပ်ပေးသည်။ ကွန်ပျူတာက သတင်း အချက်အလက်၊ ရလဒ် စသည် ပို့ပေးသည်။

**output cost account** *n.* ကုန်ထုတ်လုပ်မှု ကုန်ကျစာရင်း။

**output norms** *n.* ကုန်ထွက်စံထားနှုန်း။

**output product** *n.* ထုတ်လုပ်ကုန်။

**outsell** *v.* ပို၍ရောင်းရသည်။

**outside** *adj.* အများဆုံး၊ အမြင့်ဆုံး (ဈေးနှုန်းစသည်)။

**outside broadcast** *n.* ပြင်ပတွင် ရိုက်ကူးသော (ရေဒီယို၊ ရုပ်မြင်သံကြား) အစီအစဉ်။

**outside broker** *n.* စတော့ရှယ်ယာ ဈေးကွက်ဒိုင် အဖွဲ့ဝင်မဟုတ်သည့် စတော့ရှယ်ယာပွဲစား။

**outside dealer** *n.* စတော့ရှယ်ယာဈေးကွက် ဒိုင်အဖွဲ့ဝင်မဟုတ်သော်လည်း လိုင်စင်ရစတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်သူ။

**outside lane** *n.* လမ်းမကြီး၏အလယ်ဗဟိုနှင့် အနီးဆုံး ယာဉ်ကြော။

**outsourcing** *n.* သီးခြား အလုပ်တာဝန်များစွာ (စာရင်းကိုင်၊ လုံခြုံရေး၊ ကုန်ထုတ်လုပ်မှု၊ ဥပဒေရေးရာ၊ ထိန်းသိမ်းရေး စသည်) သတ်မှတ်မှု ပြင်ပတွင်ရှိနေသည့် အဖွဲ့အစည်း။

**outstanding** *adj.* ကြွေးတင်နေသော။ ပေးရန် ကျန်ရှိသော။ မပေးဆပ်ရသေးသော။

**outstanding account** *n.* ရှင်းရန် ကျန်ငွေစာရင်း။

**outstanding claims** *n.* မပြေကျန် တောင်းငွေ။ မပြေကျေသေးသည့် တောင်းငွေ။ ပေးရန်ကျန်ရှိမှု တောင်းငွေ။

**outstanding debts** *n.* မပေးဆပ်ရသေးသည့် ကြွေးမြီ။ ပေးရန် ကျန်ရှိကြွေးမြီ။

www.burmeseclassic.com

www.burmeseclassic.com



**outstanding dividend** *n.* ပေးရန်ရှိ အမြတ်ဝေစု။

**oustanding expenses** *n.* ပေးရန်အသုံးစရိတ်။

**outstanding income** *n.* ရရန်ဝင်ငွေ။

**outstanding liabilities** *n.* ပေးရန် တာဝန်များ။

**outstandings** *n.* ရှင်းလင်းရန်လက်ကျန်များ။

**outstation agencies account** *n.* နယ်ဌာနခွဲများငွေစာရင်း။

**out-tray** *n.* အထွက်စာအံ။

**outward** *adj.* အပြင်။ အထွက်။

**outward consignment** *n.* အပြင်ပို့ကုန်။

**outworn** *adj.* ခေတ်မမီတော့သော။ အသုံးမဝင်တော့သော။

**oven** *n.* (မုန့် စသည်ဖုတ်ရန်) ဖို။

**ovenware** *n.* ဖိုသုံး အိုးခွက်ပန်းကန်။

**over** *pref.* အလွန်။ ပိုခြင်း။

**overall** *n.* ညစ်ပေခံ စက်ရုံဝတ်စုံ။

**overbook** *v.* (ဟိုတယ်၊ လေယာဉ် စသည်တွင်) ရှိသည့်နေရာလွတ်ထက် ပို၍ လက်ခံထားသည်။

**overcapacity** *n.* လိုအပ်ချက်ထက် ကျော်လွန်အောင် ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်စွမ်းရှိခြင်း။

**overcapitalization** *n.* ရင်းနှီးငွေလွန်ကဲခြင်း။

**over capitalized** *adj.* ပို၍ ရင်းနှီးထားသော။ ရင်းနှီးငွေပိုများသော။

**overcharge** *v.* မတန်တဆ ဈေးပိုတောင်းသည်။

**overcropping** *n.* လွန်ကဲစွာစိုက်ပျိုးခြင်း။

**overcrowded** *adj.* ပြည့်ကျပ်နေသော။ ပြည့်သိပ်နေသော။

**overcrowding** *n.* ပြည့်သိပ်နေခြင်း။

**overcut** *n.* ပိုခုတ်ခြင်း။ ပိုခွဲခြင်း။

**overdraft** *n.* ပိုထုတ်ခွင့်။ ဘဏ်စာရင်းရှိငွေပမာဏထက်ပိုထုတ်ခြင်း။



**overdraft facilities** *n.* ငွေပိုထုတ်ခွင့်တောင်းယူခြင်း။

**overdrawn** *adj.* ပိုထုတ်ပြီး၊သွင်းငွေထက် ပိုမိုထုတ်ယူသော။

**overfishing** *n.* (ငါးမျိုးသုဉ်းသွားလောက်အောင်) အလွန်အကျွံဖမ်းဆီးခြင်း။

**overhead** *n.* သွယ်ဝိုက်အသုံးစရိတ်။ (ထုတ်လုပ်မှုအတွက်မဟုတ်သည့်)အထွေထွေအသုံးစရိတ်။

**overhead charge** *n.* ဝန်ဆောင်မှုစရိတ်။ ဝန်ဆောင်စရိတ်။

**overhead cost** *n.* Also overhead charge.

**overhead efficiency variance** *n.* စွမ်းဆောင်နိုင်မှုဝန်ဆောင်စရိတ် ကွဲလွဲချက်။

**overhead expenses** *n.* သွယ်ဝိုက်အသုံးစရိတ်။

**overhead projector** *n.* ရုပ်သေပြစက်။

**overinvestment theory of the business cycle** *n.* ရင်းနှီးမြှုပ်နှံမှုလွန်ကဲခြင်းသီအိုရီ။ မြှုပ်နှံလွန် စီးပွားရေး သံသရာစက်ဝန်း။

**overload** *v.* မတန်တဆဝန်တင်သည်။ လျှပ်စစ်ဓာတ်အား မတန်တဆပို့လွှတ်ပေးသည်။

**overloaded economy** *n.* ဝယ်လိုအားက ရောင်းလိုအားထက်လွန်ကဲသော်လည်း တင်းကျပ်သော ကုန်ဈေးနှုန်း ထိန်းချုပ်မှုကြောင့်ဈေးနှုန်းမတက်သည့် စီးပွားရေး အခြေအနေ။

**overlying bond** *n.* ဦးစားပေးအာမခံစာချုပ်။

**overlying mortgage** *n.* ထပ်ဆင့်အပေါင်ခံစာချုပ်။

**overpayment** *n.* ပိုပေးငွေ။

**overprinted note** *n.* ထပ်ဆင့်ရိုက်ငွေစက္ကူ။

**overproduce** *v.* ပိုမိုထုတ်လုပ်သည်။ ကုန်ပိုထုတ်သည်။

**overproduction** *n.* ကုန်ထုတ်လုပ်မှု လွန်ကဲခြင်း။

**oversaving** *n.* ငွေစုလွန်ကဲခြင်း။

**oversaving theory of busi**

www.burmeseclassic.com

www.burmeseclassic.com



**ness cycle** *n.* ငွေစုလွှန် သီ အိုရီ။ အရင်းမြှုပ်လွှန် သီအိုရီ စီးပွားရေး သံသရာစက်ဝန်း။

**overseas** *adj.* ပင်လယ်ရပ်ခြား။ နိုင်ငံရပ်ခြား။ နိုင်ငံခြား။

**overside charge** *n.* ကုန်လှေပြောင်းခ။

**oversize** *n.* အရွယ်ပို။

**oversized** *adj.* ပုံမှန်မကသော။ ကြီးလွန်းသော။

**oversold** *adj.* ရရှိနိုင်သည်ထက် ပို၍ ကြိုတင် ရောင်းချထားသော။ ပိုမို လက်ခံထားသော။

**overspend** *n.* ကျော်လွန်သုံးစွဲငွေ။ *v.* ကျော်လွန် သုံးစွဲသည်။ လျာထားငွေထက် ပို၍ သုံးစွဲသည်။

**overstaffed** *adj.* ဝန်ထမ်းများ ပိုလျှံနေသော။

**overstayal of leave** *n.* ခွင့်ရက်ကျော်လွန် ပျက်ကွက်ခြင်း။

**overstock** *v.* ကုန်ပစ္စည်းများကို အလွန်အမင်း ဖြည့်တင်းထားသည်။

**oversubscribed** *adj.* ရောင်းနိုင်သည်ထက် ပို၍ အဝယ်လိုက်နေသော။

**oversubscription** *n.* ထုတ်ဝေထားသည့် အစုရှယ်ယာ အရေအတွက်ထက် ဝယ်လိုအားက ပိုမို များပြားနေခြင်း။

**overtaken vessel** *n.* ကျော်အတက်ခံသည့် သင်္ဘော။

**overtaking vessel** *n.* ကျော်တက်သည့် သင်္ဘော။

**over-the-counter market** *n.* အဖွဲ့အစည်းပြင်ပ စာချုပ်ဈေးကွက်။ ဈေးအပြင် (ငွေကြေး) ဆိုင်ရာ အရောင်းအဝယ်။ စတော့ရှယ်ယာ ဈေးကွက်ဒိုင် ပြင်ပ၌ ပြုလုပ်သည့် အရောင်းအဝယ် ဈေးကွက်။

**overtime** *n.* အိုဗာတိုင်။ အချိန်ပို။

**overtime charge** *n.* အချိန်ပိုစရိတ်။

**overtrading** *n.* ငွေအရင်းအနှီး အနည်းငယ်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရန် ကြိုးပမ်းခြင်း။



**overuse** *n.* အလွန်အကျွံသုံးစွဲခြင်း။ *v.* အလွန်အကျွံ သုံးစွဲသည်။

**overvalued** *adj.* ဈေးနှုန်းအလွန်မြင့်တင်ထားသော။

**overvalued currency** *n.* ငွေလဲလှယ်နှုန်း ထိန်းချုပ်ထားမှုကြောင့် လဲလှယ်နှုန်းထား မြင့်မားနေသည့် နိုင်ငံသုံးငွေကြေး။

**overview** *n.* ခြုံငုံသုံးသပ်ချက်။ အကျဉ်း။

**overweight** *adj.* သတ်မှတ်ချက်ထက် အလေးချိန်ပိုနေသော။

**overwork** *n.* အလုပ်ပိခြင်း။ *v.* အလုပ်ပိသည်။

**overwrite** *v.* ကွန်ပျူတာ ဖိုင်ဟောင်းတွင် အချက်အလက်သစ်များ ထပ်မံဖြည့်သွင်းသိမ်းဆည်းမှုကြောင့် ဖိုင်ဟောင်းရှိ အချက်အလက်များ ပျက်စီးသည်။

**owe** *v.* အကြွေးတင်သည်။ ဆပ်ရန် ရှိသည်။

**owing** *adj.* ကြွေးတင်သော။ကြွေးမြီတင်သော။

**own** *v.* ပိုင်သည်။ ပိုင်ဆိုင်သည်။

**own brand** *n.* ကိုယ်ပိုင် (ကုန်ပစ္စည်း) အမည်၊ တံဆိပ်။ ဆိုင်၊ ကုန်တိုက် စသည် အမည်ဖြင့် ရောင်းချသည့် ကုန်ပစ္စည်း။ အရောင်းဆိုင်တံဆိပ်ဖြင့် တင်သည့် ကုန်ပစ္စည်း။

**owner** *n.* ပိုင်ရှင်။

**owner cultivator** *n.* ကိုယ်ပိုင်စိုက်ပျိုးသူ။ ကိုယ်ပိုင် လယ်လုပ်သူ။

**owner's equity** *n.* လုပ်ငန်းရှင်ပေးရန်ရှိနေသည့် ကြွေးမြီများ နုတ်ပြီးကျန်ရှိသောငွေလက်ကျန်တန်ဖိုး။

**ownership** *n.* ပိုင်ရှင်အဖြစ်။ ပိုင်ဆိုင်မှု။ ပိုင်ဆိုင်ခြင်း။

**ownership fund** *n.* ပိုင်ဆိုင်မှုဘဏ္ဍာ။ ဘဏ္ဍာငွေကြေး ပိုင်ဆိုင်မှု။

**ownership utility** *n.* ပိုင်ဆိုင်ခြင်းကြောင့် ကျေနပ်မှု

**oxyacetylene** *n.* အောက်ဆီအက်ဆီတလင်း ဓာတ်ငွေ့။

www.burmeseclassic.com

www.burmeseclassic.com



**oxygen** *n.* အောက်ဆီဂျင်။

**ozone** *n.* အိုဇုန်းဓာတ်ငွေ့။

**ozone layer** *n.* အိုဇုန်းလွှာ။ ကမ္ဘာလေထုအပေါ်ပိုင်းရှိ အိုဇုန်းလွှာ။

# Pp

**pacemaker** *n.* ဦးဆောင် လမ်းပြ။

**pace setter** *n.* စံပြအလုပ်သမား။

**pack** *n.* စက္ကူဘူး။ ကတ်ထူဘူး။ လိုအပ်ရာရာများကို စုစည်းထုပ်ပိုးပေးထားသည့် အထုပ်။ တစ်ပုံ တစ်ခေါင်း။ တစ်ပုံတစ်ပင်။ *v.* ထုပ်ပိုးသည်။ (ထုတ်လုပ်ပြီး အစားအစာ၊ ပစ္စည်းစသည်ကို) ထုပ်ပိုးသည်။

**package** *n.* အထုပ်။ ဘူးခွံ။ သေတ္တာခွံ။ အစုံလိုက် တွဲ၍ ရောင်းချသည့် အသုံးချ ကွန်ပျူတာပရိုဂရမ်။ တစ်ပေါင်းတည်း ရောင်းချသည့် ကုန်ပစ္စည်းစု။ *v.* ထုပ်ပိုးသည်။ မပေးပို့မီ၊ မရောင်းချမီ ထုပ်ပိုးသည်။

**package deal** *n.* တစ်ပေါင်းတည်းအစုံလိုက်အဆိုပြုလက်ခံရသော ကမ်းလှမ်းချက်။



**package goods** *n.* ဘူး၊ ပုလင်းစသည်ဖြင့် အသင့်ထည့်သွင်းထုပ်ပိုးရောင်းချသည့်ကုန်ပစ္စည်းများ။

**package holiday** *n.* ပုတ်ပြတ်ဝန်ဆောင်ခနှုန်းဖြင့် တည်းခို၊ စားသောက်၊ ပို့ဆောင်မှုကို တာဝန်ယူပို့ဆောင်ထားသည့်အပျော်ခရီး။

**package mortgage** *n.* နေအိမ်အပါအဝင် အိမ်သုံးပစ္စည်းကိရိယာများ (အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြား၊ လျှပ်စစ်မီးဖို စသည်) ကိုပါ ဝယ်ယူရန် ငွေချေးယူထားသည့် အိမ်အပေါင်စာချုပ်။

**package pay** *n.* လုပ်ခ၊ လစာအပြင် အမြတ်ဝေစုရပိုင်ခွင့်၊ ရှယ်ယာ ဝယ်ယူခွင့်စသည့် အကျိုးခံစားခွင့်များ ရရှိနိုင်သည့် လုပ်အားခ။

**packages** *n.* အထုပ်များ။ ဘူးခွံ၊ သေတ္တာခွံများ။

**packages reserve account** *n.* ကုန်ထုပ်ပိုးမှု ယာယီစာရင်း။

**packages stock account** *n.* ကုန်ထုပ်ပစ္စည်းလက်ကျန်စာရင်း။

**packages trading account** *n.* ကုန်ထုပ်ပစ္စည်း အရောင်းအဝယ်စာရင်း။

**packages tour** *n.*Also Packagc holiday.

**packaging** *n.* ကုန်ထုပ်ပစ္စည်း။ ထုပ်ပိုးပစ္စည်း။ ကုန်ထုပ်ပိုးမှုအပြင်အဆင်။

**pack-animal** *n.* ဝန်တင်တိရစ္ဆာန်။

**pack dyeing machine** *n.* အထုပ်ဆေးဆိုးစက်။

**packer** *n.* အစားအသောက်ထုပ်ပိုးစက်၊ ကုမ္ပဏီ။ (အစားအသောက်) ထုပ်ပိုးသူ။

**packet** *n.* အထုပ်ငယ်။ အထုပ်။ စက္ကူ၊ကတ်ထူဘူး၊ဖာ၊အထုပ်။ အထုပ်ကလေး။

**packet bag** *n.* အထုပ်ထည့်သည့်အိတ်။

**packet port** *n.* ကူးတို့ဆိပ်။

**pack gear** *n.* ဝန်တင်ကြိုးဆာ။

**pack ice** *n.* ပင်လယ် ရေခဲမျော။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



**packing** *n.* ထုပ်ပိုးမှု။ အထုပ်ပိုးပြင်ဆင်ခြင်း။ မကွဲမရှအောင်ထုပ်ပိုးရာတွင် အသုံးပြုသည့်စက္ကူ၊ ကောက်ရိုးစသည်။ ကုန်ပစ္စည်းထုပ်ပိုးရန် သုံးသည့်ပစ္စည်း။

**packing account** *n.* အထုပ်ပါပစ္စည်းစာရင်း။ ထုပ်ပိုးပစ္စည်းစာရင်း

**packing case** *n.* ကုန်ထုပ်သေတ္တာ၊ ပစ္စည်း သေတ္တာ။

**packing charges** *n.* ထုပ်ပိုးခ။ ကုန်ပစ္စည်း ထုပ်ပိုးခ။

**packing list** *n.* ကုန်ပစ္စည်းတန်ဖိုး စာရင်း။ ကုန်ပစ္စည်း အထုပ်တွင် ပစ္စည်းပါတန်ဖိုးစာရင်း။

**packing material** *n.* ကုန်ထုပ်ပိုးပစ္စည်း။

**pack lunch** *n.* နေ့လယ်စာထုပ်၊ ထမင်းချိုင့်။

**pact** *n.* ကတိကဝတ်။ ပဋိညာဉ်။ ကတိစာချုပ်။ သဘောတူညီချက်။

**pact of steel** *n.* သံမဏိ စာချုပ်။

**pad** *n.* အခုအခံ။ အချပ်။ အပြား။ အဖတ်။ (စာရေး) စက္ကူကတ်။

**padding** *n.* အခုအခံ။ ငွေကြေးဆိုင်ရာ စာရင်းမှတ်တမ်းများကို မမှန်မကန်ပြင်ဆင်ပြောင်းလဲ၍ အလွဲသုံးစားလုပ်ခြင်း။

**paddle** *n.* လှော်တက်။ လှော်ခြင်း။ (လှေ) တက်။

**paddle-steamer** *n.* ယက်ဘီးတပ်မီးသင်္ဘော။

**paddling pool** *n.* ကလေးများလျှောက်သွား ဆော့ကစားရန်ရေကန်တိမ်။

**paddock** *n.* မြင်းပွဲမစမီ ပြိုင်မြင်းများကို ပြသသည့် ခြံဝိုင်း။ကားပြိုင်ပွဲမစမီ ပြိုင်ကားများ ပြသသည့်နေရာ။

**paddy** *n.* စပါး။ လယ်။

**paddy-field** *n.* လယ်ကွက်။ လယ်။ စပါးခင်း။

**paddy gig** *n.* စပါးတုန်ကင်း (လှေ)။

**padlock** *n.* သော့ခလောက်။ *v.* သော့ခလောက်ခတ်ထားသည်။

**paediatrician** *n.* ကလေးအထူးကု ဆရာဝန်။



**page-boy** *n.* ဟိုတယ်၊ ကလပ်စသည်တွင် တံခါးဖွင့်ပေးရန်၊ ပစ္စည်းကူသယ်ပေးရန် တာဝန်ယူရသည့် ဝတ်စုံဝတ်လူငယ်။

**pager** *n.* ရေဒီယိုလှိုင်းဖြင့် ဆက်သွယ်မှုကို အသိပေးသည့် ကိရိယာ။ ပေဂျာ။

**paid** *adj.* လစာရရှိသော။ လစာပြည့်။

**paid-in full** *adj.* အပြည့်ပေးပြီးဖြစ်သော။ အပြည့်အဝပေးသွင်းပြီးဖြစ်သော။

**paid-in surplus** *n.* အမြင်တန်ဖိုးထက် ပိုငွေ။ စတော့ဝယ်သူက စတော့တန်ဖိုးထက် ပို၍သွင်းထားငွေ။ စာရင်းကျေအပို။

**paid-up** *adj.* (လစဉ်ကြေး၊ အသင်းဝင်ကြေး စသည်) ပေးသွင်းပြီးဖြစ်သော။

**paid-up capital** *n.* ပေးသွင်းပြီး ငွေရင်း။ ရှယ်ယာဝယ်ယူခြင်းအတွက် အပြည့်အဝ ပေးသွင်းထားပြီးငွေ။

**paid-up policy** *n.* အသက် အာမခံစာချုပ်သက်တမ်း မကုန်ဆုံးမီ ပရီမီယံကြေး ပေးသွင်းခြင်းကို အာမခံထားရှိသူက ရပ်ဆိုင်းလိုက်သည့် အသက်အာမခံစာချုပ်။

**paid-up share** *n.* ရှယ်ယာတန်ဖိုးအပြည့်အဝ ပေးသွင်းထားပြီးဖြစ်သောရှယ်ယာ။ ပေးသွင်းပြီးအစုရှယ်ယာ။

**paid-up stock** *n.* စတော့ရှယ်ယာတန်ဖိုး အပြည့်ပေးသွင်းပြီးဖြစ်သော စတော့ရှယ်ယာ။

**paint** *n.* သင်္ဘောဆေး။ သုတ်ဆေး။အိမ်သုတ်ဆေး။ဆေးသုတ်ဆေး။ *v.* ဆေးသုတ်သည်။ ဆေးခြယ်သည်။ ရေးဆွဲသည်။ ခြယ်မှုန်းသည်။

**paint box** *n.* ဆေးရောင်စုံဘူး။

**paintbrush** *n.* စုတ်တံ။ ဆေးသုတ်တံ။

**painter** *n.* ဆေးသုတ်သမား။ ပန်းချီဆရာ။ လှေဦးကြိုး။ သင်္ဘောဦးကြိုး။

**painting** *n.* ပန်းချီ။ ပန်းချီကား။ ဆေးသုတ်ခြင်း။

**paintwork** *n.* ဆေးသား။

www.burmeseclassic.com

www.burmeseclassic.com



**pair** *n.* တစ်ရန်။ တစ်စုံ။ (နှစ်ပိုင်း၊ နှစ်ဖက်ပေါင်းစပ်ထားသောအရာ) တစ်ခု။ တစ်စုံ။ တစ်တွဲ။ အစုံ။

**palace** *n.* နန်းတော်။ သမ္မတအိမ်တော်။ နန်းတော်တမျှ အိမ်ကြီးရခိုင်။

**pale** *n.* ခြံတိုင်။ စည်းရိုး။

**pale fencing** *n.* သစ်ချွန်ဖြင့် ခြံကာရံခြင်း။

**paling** *n.* ထိပ်ချွန်ခြံတိုင်ကာရံထားသည့် ခြံစည်းရိုး။

**pallet** *n.* ကုန်စည်တင်ရန်၊ သယ်ရန်ခင်းပျဉ်၊ ခင်းပြား။ ကွပ်ပျစ်။

**palm** *n.* အုန်း၊ ထန်းမျိုးအပင်။

**palmist** *n.* လက္ခဏာဆရာ။

**palm oil** *n.* စားအုန်းဆီ။

**pampass-grass** *n.* အလှစိုက်မြက်ရှည် တစ်မျိုး။ ပမ်းပပ်မြက်။

**pamphlet** *n.* လက်ကမ်းစာစောင်။

**pamphleteer** *n.* လက်ကမ်းစာစောင် ရေးသားသူ။

**pan** *n.* လက်ကိုင်ပါဒယ်။ ဒယ်အိုး။ ချိန်ခွင်ခွက်။ (ရွှေ) ကျင်ခွက်။

**panacea** *n.* ကုထုံး။ ကုနည်း။

**panatella** *n.* ရှည်သွယ်သော ဆေးပြင်းလိပ် တစ်မျိုး။

**p and p** *abbr.* စာပို့ခနှင့် ထုပ်ပိုးခ။ postage and packing.

**panel** *n.* ကား၏ကိုယ်ထည် မျက်နှာပြင်မှ အကန့်တစ်ကန့်။ (စက်တပ်ယာဉ်များရှိ ခလုတ်၊ ဒိုင်ခွက်များပါသည့်) ဘောင်ကွက်။ ရေဒီယို၊ ရုပ်မြင်သံကြား ဆွေးနွေးပွဲ၊ ပြိုင်ပွဲ စသည်တွင် ပါဝင်ရန် ရွေးချယ်ထားသည့် အဖွဲ့။

**panellist** *n.* ရေဒီယို၊ ရုပ်မြင်သံကြားပြိုင်ပွဲ၊ ဆွေးနွေးပွဲစသည်တွင်ပါဝင်သည့် အဖွဲ့ဝင်။

**panic buying** *n.* ကုန်ပစ္စည်း၊ အစုရှယ်ယာ စသည် ပြတ်လပ်မည့်အရိပ်အယောင်ကြောင့် ဖြစ်စေ၊ ဈေးတက်တော့မည့် အရိပ်အယောင်ကြောင့်ဖြစ်စေအတင်းအဓမ္မ အလုအယက် ဝယ်ယူသိမ်းဆည်းကြခြင်း။

**panic selling** *n.* ကုန်ပစ္စည်း၊ အစုရှယ်ယာ စသည် ဗုံးပေါလ



အောစုပုံနေ၍ဖြစ်စေ၊ ဈေးထိုးကျမည့် အရိပ်အယောင်ကြောင့်ဖြစ်စေ ရရာဈေးဖြင့် အတင်းထိုး ရောင်းချခြင်း။

**pannier** *n.* စက်ဘီး၊ ဆိုင်ကယ်နောက်တွဲအိတ်။ လား၊ မြည်းတို့ကျောပေါ်တွင် တစ်ဖက်တစ်ချက်စီ တင်ထားသည့် ဝန်တင်ခြင်း။

**pantechnicon** *n.* အိမ်ထောင်ပရိဘောဂ ရွှေ့ရာတွင် သုံးသော ကုန်တင်ယာဉ်ကြီး။

**pantile** *n.* အုပ်ကြွပ်အမိုးခုံး။ အုပ်ကြွပ်ခုံး။

**pantry** *n.* မီးဖိုဆောင်နှင့်တွဲ၍ စားစရာများထားရှိသည့် ဗီရို၊ အခန်း။

**paper** *n.* စက္ကူ။ စာရွက်။ နံရံကပ် ပန်းပြောက်စက္ကူ။

**paperback** *n.* အဖုံးပျော့စာအုပ်။

**paper-boy** *n.* သတင်းစာပို့သမားကလေး။

**paper-clip** *n.* စက္ကူညှပ်ကလစ်။

**paper-currency** *n.* ငွေစက္ကူ။ စက္ကူငွေ။

**paper industry** *n.* စက္ကူလုပ်ငန်း။

**paper-knife** *n.* စာအိတ်ဖွင့်ဓား။

**paper loss** *n.* စာရင်းအရ ဆုံးရှုံးမှု။ အမှန်တကယ် ဆုံးရှုံးမှုမဟုတ်ဘဲ ပြင်ပပေါက်ဈေးလျော့ကျခြင်းကြောင့် စာရင်းအရ ဆုံးရှုံးမှု။

**paper money** *n.* ငွေစက္ကူ။

**paper profit** *n.* အမှန်တကယ်မြတ်ခြင်းမဟုတ်ဘဲပြင်ပပေါက်ဈေးတက်လာခြင်းကြောင့် စာရင်းအရ မြတ်စွန်းမှု။

**paper-pusher** *n.* စာရေးစာချီ (အလုပ်လုပ်သူ)။

**paper round** *n.* သတင်းစာပို့အလုပ်။ သတင်းစာပို့သည့် လမ်းကြောင်း။

**papers** *n.* တရားဝင် (မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ် စသည်) စာရွက်စာတမ်းများ။

**paper tiger** *n.* ဟိန်းဟောက်ပြောဆိုနေသော်လည်း လက်တွေ့တွင် ဘာမျှစွမ်းဆောင်နိုင်စွမ်းမရှိသူ။ စက္ကူကျား။

www.burmeseclassic.com

www.burmeseclassic.com



**paperweight** *n.* စက္ကူဖိ (ဖန်တုံး၊ ကျောက်စသည်)။

**paperwork** *n.* ရုံးလုပ်ငန်း။ ရုံးစာလုပ်ငန်း။ ရုံးတွင်းလုပ်ငန်း။

**par** *n.* (ဂေါက်သီးကစားနည်းတွင် ကျင်းတစ်ကျင်းအတွက် ဖြစ်စေ၊ တစ်ပတ်အပြည့်အတွက်ဖြစ်စေ သတ်မှတ်ထားသည့်) သတ်မှတ်ရိုက်ချက်။

**paragraph** *n.* အပိုဒ်။ စာပိုဒ်။

**parallel** *adj.* ပြိုင်တူဖြစ်သော။ တူညီသော။ အပြိုင်ဖြစ်သော။ *n.* အပြိုင်။ ပြိုင်ဘက်။

**parallel standards** *n.* အပြိုင်စနစ်။

**paramount** *adj.* ထိပ်တန်း။ ပဓာန။

**paraquat** *n.* အလွန်ပြင်းထန်သည့် ပေါင်းသတ်ဆေး။

**parasite** *n.* ကပ်ပါးကောင်။ ကပ်ပါးရပ်ပါး။

**parboiled rice** *n.* ပြုတ်ဆန်။

**parbuckling** *n.* ကြိုးလိုမ့် ရွှေ့၊ တင်ခြင်း။

**parcel** *n.* ပါဆယ်။ ပါဆယ်ထုပ်။ ချောထုပ်။ မြေကွက်အစိတ်အပိုင်း။

**parcel office** *n.* ပါဆယ်ရုံး။ ချောထုပ်ရုံး။

**parcelling of land** *n.* မြေယာကွဲပြားခြင်း။

**parchmentizing** *n.* သားရေတုလုပ်ခြင်း။

**parchment paper** *n.* သားရေပါးစက္ကူ။

**parent company** *n.* မိခင်ကုမ္ပဏီ။ ဦးပိုင်ကုမ္ပဏီ။

**parity** *n.* တန်းတူရည်တူ (လစာ၊ အဆင့်) ခံစားခွင့်။ ငွေတန်ဖိုးချင်းတူညီမှု။

**parity grid** *n.* နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးနှင့် အခြားနိုင်ငံများ၏ ငွေကြေးဖလှယ်နှုန်းထားကိုဖော်ပြသည့်ဇယား။

**parity of exchange** *n.* ငွေလဲနှုန်း ညီမျှခြင်း။

**parity rate** *n.* စံနှုန်း။

**park** *n.* ဥယျာဉ်။ ပန်းခြံ။ စီးပွားရေးလုပ်ငန်း ကဏ္ဍစသည်အတွက် အထူးစီမံထားသည့် နေရာ၊ ဒေသ၊ ဇုန်။



**park-and-ride** *n.* ဆင်ခြေဖုံးဒေသများတွင် ယာဉ်ရပ်စခန်းများထား၍ ယင်းမှမြို့တွင်းသို့ အများသုံးယာဉ်များဖြင့် လွှန်းပြန်ပို့ဆောင်ပေးသည့် စနစ်။

**parking** *n.* ယာဉ်ရပ်နားရန် နေရာ။ ယာဉ်ရပ်ထားရန် နေရာလွတ်။

**parking-meter** *n.* အချိန်ကာလတစ်ခုအတွင်း ယာဉ်ရပ်ထားနိုင်ရန်သတ်မှတ်ငွေအကြွေထည့်ရသည့် မီတာ။ ယာဉ်ရပ်ထားခမီတာ။

**parking-ticket** *n.* ယာဉ်ရပ်နားခွင့်မရှိသည့် နေရာတွင် ရပ်ထားသည့်အတွက် ဒဏ်ငွေဆောင်ရန် သတိပေးစာ။

**parland** *n.* သစ်ပင်အုပ်နှင့် ကွင်းပြင်ရောနေသော လွင်ပြင်။

**parkway** *n.* လမ်းမအလယ်၊ လမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်၊ မြက်ခင်းစိုက်ထားသည့် လမ်းမကျယ်ကြီး။

**parlour** *n.* (အလှပြင်၊ ရေခဲမုန့်) ဆိုင်။

**par of exchange** *n.* ငွေလဲစံနှုန်း။

**parpet** *n.* အမိုး၊ တံတားစသည် အစွန်းတစ်လျှောက် ကာရံထားသော နံရံနိမ့်။

**parquet** *n.* သစ်ကွက် အလှစီကြမ်းခင်း။ ကြမ်းခင်းတုံး။ ပါကေး။

**part-exchange** *n.* ငွေအလိုက်ပေး၍ ပစ္စည်းအဟောင်းကို အသစ်နှင့် လဲလှယ်ခြင်း။

**partial** *adj.* တစ်စိတ် တစ်ဒေသဖြစ်သော။ တစ်ပိုင်း တစ်စဖြစ်သော။

**partial acceptance** *n.* ငွေလွှဲလက်မှတ်တန်ဖိုး တစ်စိတ်တစ်ဒေသကို ပေးချေရန် သဘောတူညီခြင်း။

**partial audit** *n.* ပိုင်းခွဲစာရင်းစစ်ခြင်း။

**partial damage** *n.* တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှု။

www.burmeseclassic.com

www.burmeseclassic.com



**partial endorsement** *n.* မပြည့် ထပ်ဆင့်စာ။ တစ်ပိုင်းတစ်စ ထပ်ဆင့်စာ။

**partial equilibrium theory** *n.* တစ်စိတ်တစ်ပိုင်း အားမျှ သီအိုရီ။ တိုင်းပြည်စီးပွားရေး တစ်ရပ်၊ ဈေးကွက်ကြီး တစ်ခုတွင် ဖြစ်ပေါ်နေသည့် ပြောင်းလဲမှုကို ကိန်းသေအဖြစ်ထားရှိ၍ စီးပွားရေး အဖွဲ့အစည်းငယ်တစ်ခု၊ စက်မှုလက်မှုလုပ်ငန်း တစ်ရပ်စီကို အသေးစိတ်ခွဲခြမ်းလေ့လာသည့် သဘောတရား သီအိုရီ။

**partial eviction** *n.* တစ်စိတ်တစ်ပိုင်း နှင်ထုတ်ခြင်း။

**partiality** *n.* ဘက်လိုက်မှု။ မက်မောခြင်း။

**partial limitation** *n.* အာမခံပေါ်လစီစာချုပ်တွင် သတ်မှတ်ထားသည့် ငွေကြေးတန်ဖိုးထက် ဆုံးရှုံးသည့် ကုန်ပစ္စည်းတန်ဖိုးက ပိုမိုများပြားမှသာလျှင် ဆုံးရှုံးငွေပမာဏကို ပေးလျော်မည်ဟူသည့် အာမခံစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်။

**partial loss** *n.* သင်္ဘော (သို့) သင်္ဘောတင်ကုန်စည် တစ်စိတ်တစ်ဒေသ ပျက်စီးဆုံးရှုံးခြင်း။

**partially bad debts** *n.* တစ်စိတ်တစ်ဒေသ ကြွေးဆုံး။

**partially substituable** *adj.* တစ်စိတ်တစ်ဒေသ အစားထိုးနိုင်သော။

**partial monopoly** *n.* လူနှစ်ဦး (သို့) လူတစ်စုက လက်ဝါးကြီးအုပ်ထားခြင်း။

**partial withdrawl** *n.* တစ်စိတ်တစ်ဒေသ နောက်ဆုတ်ခြင်း။

**participant** *n.* ပါဝင်သူ။

**participate** *v.* ပါဝင်သည်။ပါဝင်ပတ်သက်သည်။

**participating bond** *n.* အမြတ်ပါ ငွေချေးစာချုပ်။

**participating certificate** *n.* ပါဝင်ကြောင်း အသိအမှတ်ပြုလက်မှတ်။

**participating preference share** *n.* လက်ကျန် အမြတ်ခံစားခွင့် အစုရှယ်ယာ။



**participating preferred stock** *n.* အမြတ်ပါ ဦးစားပေးစတော့ရှယ်ယာ။

**particular agent** *n.* သီးခြားကိုယ်စားလှယ်။

**particular average** *n.* တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှု။

**particularity** *n.* သီးခြားလက္ခဏာ။

**particularize** *v.* တစ်ခုချင်း၊ တစ်ချက်ချင်း ဖော်ပြသည်။

**particular lien** *n.* သီးခြားကုန်မျိုး။

**partition** *n.* ပိုင်းကန့်ခြားထားသည့် ခပ်ပါးပါးနံရံ။ ခွဲခြမ်းခြင်း။

**partly** *adv.* တစ်ပိုင်းတစ်စအားဖြင့်။ တစ်စိတ်တစ်ဒေသ အားဖြင့်။

**partly paid share** *n.* တစ်ပိုင်းတစ်စပေးပြီး အစုရှယ်ယာ။

**partly renewed** *adj.* တစ်ပိုင်းတစ်စ အသစ်လဲပြီးဖြစ်သော။

**partner** *n.* စီးပွားဖက်။ အစုစပ်။ အစုဝင်။ လုပ်ဖော်ကိုင်ဖက်။ မိတ်ဖက် (အဖွဲ့အစည်းများ) အစုစပ်ဝင်။

**partnership** *n.* အစုစပ်။ စီးပွားဖက်အဖြစ်။ အစုစပ်လုပ်ငန်း။ စီးပွားဖက်လုပ်ငန်း။

**partnership account** *n.* စီးပွားဖက် လုပ်ငန်းစာရင်း။

**partnership agreement** *n.* အစုစပ်လုပ်ငန်း၏ စည်းမျဉ်းစည်းကမ်းနှင့် အမြတ်ခွဲဝေမှု သဘောတူညီချက်။

**partnership and company law** *n.* ဖက်စပ်လုပ်ငန်းနှင့် ကုမ္ပဏီအက်ဥပဒေ။

**partnership-at-will** *n.* သဘောကျစီးပွားဖက်လုပ်ငန်း။ အစုစပ်ဝင် တစ်ဦးက ကျန်အစုစပ်ဝင်များအား အသိပေး၍ အချိန်မရွေး ဖျက်သိမ်းနိုင်သည့် အစုစပ်လုပ်ငန်း။

**partnership deed** *n.* စီးပွားဖက် လုပ်ငန်းစာချုပ်။

**partnership tenancy** *n.* ဖက်စပ်သီးစားချခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**part-owner** *n.* အစုစပ်ပိုင်ရှင်။ အချို့အဝက် ပိုင်ဆိုင်သူ။ စပ်တူပိုင်ရှင်။

**part-ownership** *n.* အစုစပ်ပိုင်ရှင်အဖြစ်။ စပ်တူပိုင်ရှင်အဖြစ်။

**part-paid stock** *n.* အချို့အဝက်ပေးပြီး စတော့ရှယ်ယာ။

**part-payment** *n.* တစ်ပိုင်းတစ်စပေးခြင်း။

**part-timer** *n.* အချိန်ပိုင်း အလုပ်လုပ်သူ။

**party** *n.* ပါတီပွဲ။ (နိုင်ငံရေး) ပါတီ။ *v.* ပါတီတက်သည်။

**party-goer** *n.* ပါတီပွဲတက်သူ။

**party line** *n.* ဖုန်းလိုင်းတစ်ခုတည်းတွင် တယ်လီဖုန်းများစွာ ချိတ်ဆက်အသုံးပြုသည့် တယ်လီဖုန်းလိုင်း။

**par value** *n.* မူရင်းတန်ဖိုးထက်များစွာ လျှော့ချထားသော ဈေးနှုန်း။ အစုရှယ်ယာတစ်ခု စတင်ထုတ်ဝေစဉ်က တန်ဖိုး။

**par value stock** *n.* သတ်မှတ်တန်ဖိုးစတော့ရှယ်ယာ။ ပြဋ္ဌာန်းတန်ဖိုးစတော့ရှယ်ယာ။

**PASCAL** *n.* ကွန်ပျူတာပရိုဂရမ်ရေးဆွဲရာတွင် အသုံးပြုသည့် ကွန်ပျူတာဆိုင်ရာ ဘာသာစကား။

**pass** *n.* ဝင်ခွင့်ကတ်ပြား။ ယာဉ်စီးခွင့်လက်မှတ်။ တောင်ကြားလမ်း။ တောင်ကျော်လမ်း။ ဖြတ်ပျံသန်းခြင်း။

**pass a dividend** *v.* တစ်နှစ်တာအမြတ်ဝေစုကို ခွဲဝေမပေးဘဲထားသည်။

**passage** *n.* လေယာဉ်ခရီး။ သင်္ဘောခရီး။ လေယာဉ်ခ။ သင်္ဘောခ။ လူစီးခ။

**passage bill** *n.* လူစီးခကြေးစာရင်း။

**passage booking** *n.* လူစီးလက်မှတ်ကြိုတင်ယူခြင်း။ ခရီးသွားလက်မှတ် ကြိုယူခြင်း။

**passgae paid** *n.* ပေးပြီးလူစီးခ။ ပေးပြီးယာဉ်စီးခ။

**passage receipt** *n.* ယာဉ်စီးခပြေစာ။

**passage warrant** *n.* ယာဉ်စီးခွင့် လက်မှတ်။ လူစီးခကြေးလက်မှတ်။



**passage way** *n.* လူသွားလမ်း။

**passbook** *n.* ဘဏ် ငွေစုစာအုပ်။ (ဘဏ်) ငွေထုတ်စာအုပ်။

**passenger** *n.* ခရီးသည်။ (ကား၊ ရထား၊ လေယာဉ်) ခရီးသည်။

**passengers up and down** *n.* အစုန်အဆန် ခရီးသည်။

**passive bond** *n.* အတိုးမဲ့ငွေချေးစာချုပ်။

**passive trade balance** *n.* ပို့ကုန်ထက် သွင်းကုန် ပိုများနေခြင်း။

**passkey** *n.* ဝင်ခွင့်ရှိသူများ အတွက်ထုတ်ပေးထားသည့်သော့။

**passport** *n.* နိုင်ငံကူးလက်မှတ်။

**password** *n.* ကွန်ပျူတာစနစ်တစ်ရပ်ကို အသုံးပြုရန် ရိုက်သွင်းထည့်ရသည့် စကားဝှက်။ ကွန်ပျူတာဖွင့် စကားဝှက်။

**paste** *n.* ကော်။ ဂျုံကော်။ *v.* (ကော်ဖြင့်) ကပ်သည်။ (ကော်) ကပ်သည်။

**paste board** *n.* (စက္ကူပါးလွှာများဖြင့် ပြုလုပ်ထားသည့်) ကတ်ပြား။

**pastel** *n.* (ပန်းချီရေးသည့်) ရောင်စုံမြေဖြူနုအချောင်း။

**pastime** *n.* (စီးပွားရေးအတွက် မဟုတ်ဘဲ) ဝါသနာပါ၍ လုပ်သော အလုပ်။

**pasture** *n.* စားကျက် (မြေ)။ စားကျက်မြေတစ်ကွက်။

**pastures** *n.* စီးပွားရေးအကွက်အကွင်း။ စီးပွားရေး စားကျက်။

**patchwork** *n.* (စပ်စောင်၊ စပ်ထဘီစသည့် အဆင်အမျိုးစုံ ပိတ်စငယ်လေးများကို) စပ်ဖာ၍ ချုပ်လုပ်သည့် အချုပ်အလုပ် အတတ်။

**patent** *n.* မှတ်ပုံတင်မူပိုင်။ မူပိုင်ခွင့်။ မူပိုင်ခွင့် မှတ်ပုံတင်ထားပြီးသော အရာ။ မူပိုင်ခွင့် မှတ်ပုံတင်ခြင်း။ မူပိုင်မှတ်ပုံတင်ခြင်း။ *adj* မူပိုင်ခွင့် မှတ်ပုံတင်ပြီးဖြစ်သော။ *v.* တီထွင်မှု တစ်ရပ်၊ လုပ်ငန်းစဉ် တစ်ခုကို မူပိုင်ခွင့် မှတ်ပုံတင်သည်။

**patentee** *n.* မှတ်ပုံတင် မူပိုင်ခွင့်ထားသူ။ မူပိုင်ခွင့်မှတ်ပုံတင်ထားသူ။ မူပိုင်ခွင့် ပိုင်ရှင်။

www.burmeseclassic.com

www.burmeseclassic.com



**patent leather** *n.* ဖိနပ်နှင့်လက်ကိုင်အိတ်ပြုလုပ်ရာတွင် အသုံးပြုသည့်မာကျောတောက်ပြောင်သော သားရေ။

**patent medicine** *n.* မူပိုင်ခွင့်မှတ်ပုံတင်ပြီးဆေးဝါး။ (ဆရာဝန်အညွှန်းမပါဘဲ ဝယ်ယူနိုင်သည့်) ဆေးတိုက်အလိုက်ထုတ်လုပ်ထားသည့် မူပိုင်ဆေးဝါး။

**patent office** *n.* မူပိုင်ခွင့် မှတ်ပုံတင်ရုံး။

**patent pool** *n.* နည်းပညာအဆင့်မြင့်စွာ ထုတ်လုပ်ထားသည့်ကုမ္ပဏီကြီးများ (မော်တော်ကားကုမ္ပဏီ၊နည်းပညာကုမ္ပဏီ၊ အီလက်ထရောနစ်ကုမ္ပဏီ စသည်) အချင်းချင်း မိမိတို့ တီထွင်ထားသည့် နည်းပညာမူပိုင်ခွင့်များကို အသုံးပြုခွင့်ရှိရန် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့။

**paternalism** *n.* (အစိုးရ၊ လုပ်ငန်းရှင်အချို့၏) ဖခင်သဖွယ်အုပ်ချုပ်သော (လိုအပ်ချက်ကိုဖြည့်ဆည်းပေးသော်လည်း တာဝန်နှင့် ရွေးချယ်ပိုင်ခွင့် မပေးသည့်) မူဝါဒ။

**path** *n.* လူသွားလမ်း။ လမ်းကြောင်း။ လမ်း။

**pathfinder** *n.* ရှေ့ဆောင် လမ်းပြ။

**patio** *n.* နားနေရန်အိမ်နှင့် တစ်ဆက်တည်း ထုတ်ထားသည့် အမိုးမဲ့ခင်း ဟင်းလင်းပြင်။

**patron** *n.* ငွေအား (သို့) အခြားနည်းလမ်းဖြင့် ကူညီထောက်ပံ့အားပေးသူ။

**patronage refund** *n.* အားပေးချီးမြှောက်မှုအတွက် ပြန်အမ်းငွေ။

**pattern** *n.* ပုံစံ။ အဆင်။ အဆင်ဒီဇိုင်း။ အပြောက်အမွမ်း။ဒီဇိုင်း။ နမူနာ။ *v.* ပုံစံဖော်သည်။ ပုံစံကို နမူနာယူသည်။

**pattern and models** *n.* အဆင်နှင့်ပုံစံ။

**patterning** *n.*ဒီဇိုင်း။ပန်းပြောက်။ ပုံစံဖော်မှု။

**pattern maker** *n.* အဆင်ဒီဇိုင်းပုံစံထုတ်သူ။



**pauper** *n.* လူမွဲ။ သူဆင်းရဲ။

**pavement** *n.* လူသွားစင်္ကြံ။ လျှောက်လမ်း။ ကျောက်ပြားခင်းထားသည့် မျက်နှာပြင်။ လမ်းဘေးစင်္ကြံ။

**paver** *n.* လမ်းခင်းစက်။

**pavilion** *n.* ကပွဲ၊ ဂီတဖျော်ဖြေပွဲ စသည်အတွက် အလှအပအဆင်တန်ဆာများ ဆင်ယင်ထားသည့် အဆောက်အအုံ၊ ပြခန်း၊ ယာယီ အဆောက်အအုံ (ကနား၊ မဏ္ဍပ်)။

**paving** *n.* အခင်း ကျောက်ပြားမျက်နှာပြင်။

**paving stone** *n.* ကျောက်ပြား။

**pawn** *v.* ပေါင်နှံသည်။ပေါင်သည်။

**pawnbroker** *n.* အပေါင်ဆိုင်လုပ်ငန်းရှင်။ အပေါင်ဆိုင်ရှင်။

**pawnee** *n.* အပေါင်ခံသူ။

**pawner** *n.* ပေါင်နှံသူ။ ပေါင်သူ။

**pawnshop** *n.* အပေါင်ဆိုင်။

**pay** *n.* လစာ။ လစာစသည့် ပုံမှန်လုပ်ခ။ *v.* မြတ်စွန်းသည်။ ငွေရှင်းသည်။ ပေးသွင်းသည်။

**payable** *adj.* ပေးရန်ရှိသော။ ပေးချေနိုင်သော။

**payable in advance** *adj.* ကြိုတင် ပေးသွင်းရမည်ဖြစ်သော။ ကြိုတင် ပေးသွင်းနိုင်သော။

**payable on demand** *adj.* (ချက်လက်မှတ်၊ ငွေလွှဲလက်မှတ် စသည်ကို) တင်ပြလာသည့်အခါ ငွေထုတ်ပေးရမည်ဖြစ်သော။

**payable to bearer** *adj.* ချက်လက်မှတ်၊ ငွေလွှဲလက်မှတ်ကိုင်ဆောင်ထားသူသို့ ငွေထုတ် ပေးရမည်ဖြစ်သော။

**payable to order** *adj.* ချက်လက်မှတ်၊ ငွေလွှဲလက်မှတ်ပေါ်တွင် အမည်ဖော်ပြထားသူအား ငွေထုတ်ရမည် ဖြစ်သော။

**pay-as-you-earn** *n.* ဝင်ငွေခွန်ကို လစာ၊ လုပ်ခမှဖြတ်ယူသောစနစ်။ အလုပ်ရှင်က ဝန်ထမ်းလစာမှ အခွန်ငွေကို ဖြတ်တောက်၍ အစိုးရသို့ တိုက်ရိုက်ပေးသွင်းသည့်နည်း။

www.burmeseclassic.com

www.burmeseclassic.com



**pay-as-you-go** *n.* ကုန်ကျစရိတ် (အိမ်ငှားခ၊ ဝင်ငွေခွန်၊ ပရီမီယံကြေး)၊ အသုံးစရိတ် စသည်ကို လုပ်ခ၊ လစာထုတ်ပေးစဉ်ကတည်းကဖြတ်တောက်ပေးသွင်းစေသည့်စနစ်။

**payback** *n.* စီးပွားရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၍ အမြတ်အစွန်းအဖြစ် ရရှိလာသည့်ငွေ။

**payback clause** *n.* ဘဏ်ချေးငွေ ပြန်လည်ပေးဆပ်ရမည့် စည်းကမ်းချက်များ ဖော်ပြထားသော ငွေချေးစာချုပ်ပါစာပိုဒ်။

**payback period** *n.* ဘဏ်ချေးငွေ ပြန်လည်ပေးဆပ်ရန် ခွင့်ပြုထားသည့် အချိန်ကာလ အတိုင်းအတာ။ ရင်းနှီးမြှုပ်နှံ ထားငွေများ အရင်းကျေပြီး အမြတ်အစွန်းစတင်ရရှိမည့် ကာလ အတိုင်းအတာ။

**pay bed** *n.* ပြည်သူ့ဆေးရုံ တက်ရောက်ကုသရာတွင် အခပေးရသော ခုတင်။

**pay book** *n.* လစာ စာအုပ်။

**pay claim** *n.* (အလုပ်သမား အဖွဲ့အစည်းများက မိမိတို့အဖွဲ့ဝင် အလုပ်သမားများအတွက်) လစာတိုးမြှင့်ပေးရန် တောင်းဆိုချက်။

**pay day** *n.* လစာပေးသည့်နေ့။ လစာထုတ်ရက်။ လုပ်ခထုတ်ရက်။

**PAYE** *abbr.* ဝင်ငွေခွန်ကို လစာ၊ လုပ်ခမှဖြတ်ယူသော စနစ်။ pay-as-you-earn.

**payee** *n.* ငွေလက်ခံသူ။

**payer** *n.* ငွေထုတ်ပေးသူ။ ငွေထုတ်ပေးသည့် လုပ်ငန်း၊ အဖွဲ့အစည်း။

**paying bank** *n.* ငွေပေးဘဏ်။

**paying banker** *n.* ချက်လက်မှတ်၊ ငွေလွှဲလက်မှတ် စသည်အတွက် ငွေထုတ်ပေးရန် တာဝန်ရှိသည့် ဘဏ်။

**paying guest** *n.* အိမ်တစ်အိမ်တွင် အခန်းခ၊ ထမင်းလခပေး၍ နေထိုင်သူ။

**paying in book** *n.* ဘဏ်ငွေသွင်းစာအုပ်။

**paying in slip** *n.* ငွေပေးလွှာ၊ ဘဏ်စာရင်း ပေးသွင်းသည့်



ငွေသားနှင့် ချက်လက်မှတ်များကို ဘဏ်စာရင်းပိုင်ရှင်က ရေးသွင်းရသော ပုံနှိပ်ပုံစံ။

**paying off** *n.* အပြေရှင်းခြင်း။

**paying teller** *n.* ဘဏ်ငွေထုတ်စာရေး။ ဘဏ်ငွေ ထုတ်ပေးစာရေး။

**payload** *n.* (သင်္ဘော၊ လေယာဉ် စသည်တွင် လောင်စာဆီအပြင်) သယ်ဆောင်နိုင်သော ဝန်ချိန်။

**paymaster** *n.* စစ်သည်၊ အလုပ်သမားစသည်တို့ကို လစာထုတ်ပေးသူ အရာရှိ။ ငွေပေး၍ တရားမဝင်လုပ်ငန်းများ စေခိုင်းလျှက်နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်သူ။

**Paymaster-General** *n.* *(Brit)* ဘဏ္ဍာရေးဌာနဝန်ကြီး။

**payment** *n.* ငွေပေးချေခြင်း။ ပေးချေသည့်ငွေ။ ပေးငွေ။ ငွေထုတ်ပေးခြင်း။ ပေးငွေရရှိခြင်း။ ပေးချေရမည့် ပမာဏ၊

**payment bill** *n.* ငွေပေးစာရင်း။

**payment by instalments** *n.* အရစ်ကျငွေပေးခြင်း။

**payment by results** *n.* လုပ်ကိုင်ပြီးစီးသွားသည့် အလုပ်ပမာဏ၊ ရရှိခံစားသည့် အမြတ်ငွေတို့အပေါ် မူတည်ငွေထုတ်ပေးသည့် နည်းလမ်း။

**payment in advance** *n.* ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည်ကို လက်မခံရသေးမီ၊ မရရှိသေးမီ ငွေကြိုတင် ထုတ်ပေးခြင်း။ တင်ကြိုငွေ ထုတ်ပေးခြင်း။

**payment in due course** *n.* တရားဝင်ငွေထုတ်ပေးခြင်း။ အချိန်စေ့သည့် ငွေလွှဲလက်မှတ်အတွက် ငွေထုတ်ပေးခြင်း။

**payment in kind** *n.* ငွေကြေးဖြင့် မဟုတ်ဘဲ ကုန်ပစ္စည်းဖြင့် ပေးချေခြင်း။

**payment on account** *n.* အပ်နှံငွေအဖြစ် ငွေပေးခြင်း။

**payments agreement** *n.* ငွေအပေးအယူ သဘောတူညီချက်။

**payment with order** *n.* ကုန်ပစ္စည်းကို ကုန်အမှာစာနှင့်တွဲ၍

www.burmeseclassic.com

www.burmeseclassic.com



ပေးချေရမည် ဟူသော သတ် မှတ် ကန့်သတ်ချက်။

**pay-off** *n.* အမြတ်အစွန်း။ ဆု လာဘ်။ လာဘ်ထိုးခြင်း။လာဘ် ထိုးငွေ။

**pay off** *v.* လုပ်ခရှင်းပြီး အလုပ် ရပ်စဲလိုက်သည်။ လာဘ်ထိုး သည်။ အကြွေးစာရင်းရှင်းလိုက် သည်ကာလ။

**pay off note** *n.* လစာပေးလွှာ။

**pay out** *n.* ငွေ များများစားစား ထုတ်ပေးခြင်း။

**pay-packet** *n.* လခ၊ လုပ်ခ၊ လစာ စာအိတ်။ လစာငွေ စာ အိတ်။ လုပ်ခ၊ လစာထည့်ပေး ထားသည့် စာအိတ်။

**pay-phone** *n.* (အကြွေစေ့ထည့် ခေါ်ဆိုနိုင်သော) အများသုံး ဖုန်း။

**payroll** *n.* ကုမ္ပဏီတစ်ခု၏ အမှု ထမ်းလစာစာရင်း။ ယင်းစာ ရင်းအရ စုစုပေါင်းငွေပမာဏ။

**payroll department** *n.* လစာ ဌာန။

**payroll section** *n.* လစာဌာန ခွဲ။

**pay scale** *n.* ကုမ္ပဏီအတွင်း အလုပ်အကိုင် ရာထူးအဆင့် အတန်းအလိုက် သတ်မှတ်ထား သည့် လုပ်ခ၊ လစာနှုန်းထားစာ ရင်း။

**payslip** *n.* ရသည့် လစာ၊ လုပ်ခ နှင့်ဝင်ငွေခွန်၊ အသက်အာမခံ ကြေးစသည်နုတ်ငွေများ ဖော် ပြသည့် လစာရှင်းတမ်းစာရွက်။ လစာထုတ်ခွင့်ပြုလွှာ။

**pay squeeze** *n.* လုပ်ခ၊ လစာ တိုးမြှင့်ပေးခြင်းကို ကန့်သတ် ထားမှု။

**PC** *abbr.* အိမ်သုံး၊ ရုံးသုံးကွန်ပျူ တာငယ်။ personal computer.

**pea** *n.* ပဲစေ့။ ပဲ။ ပဲပင်။

**peak** *n.* အထွတ်အထိပ်။ အမြင့် ဆုံး။ အများဆုံး။

**peak load** *n.* အမြင့်ဆုံးသုံးအား။

**peanuts** *n.* မဖြစ်စလောက် ငွေ ကြေး။ မြေပဲ ခြောက်ပြားတစ်ပဲ။

**pearl** *n.* ပုလဲ။



**pearl culture** *n.* ပုလဲမွေးမြူ ရေး။

**pearl fishery** *n.* ပုလဲလုပ်ငန်း။

**pearl-shell** *n.* မုတ်ခွံ။

**peasant agriculture** *n.* တောင်သူလယ်သမား စိုက်ပျိုး ရေး။

**peasant movement** *n.* တောင် သူလယ်သမား လှုပ်ရှားမှု။

**peasant proprietor** *n.* ကိုယ် ပိုင်လုပ် လယ်သမား။

**peasant proprietorship** *n.* ကိုယ်ပိုင်လုပ် လယ်ယာစနစ်။

**peat** *n.* (အမည်း၊ အညိုရောင်ရှိ ၍ မြေဩဇာ၊ လောင်စာအဖြစ် သုံးသော) သစ်ဆွေးမြေ။

**peculiarity** *n.* ထူးခြားကွဲပြားမှု။ ထူးခြားသော အင်္ဂါရပ်။

**pecuniary** *adj.* ငွေကြေးအရ။

**pecuniary circumstances** *n.* ငွေရေးကြေးရေးအခြေအနေ။

**pecuniary exchange** *n.* ငွေဖြတ်ပစ္စည်းဖလှယ်ခြင်း။

**pecuniary transactions** *n.* ငွေရေးကြေးရေး ဆက်ဆံခြင်း။ ငွေကြေးဆိုင်ရာ ဆက်ဆံခြင်း။

**pedal** *n.* ခြေနင်း။ ခြေနင်းခ လုတ်။ *v.* (ခြေနင်းကို)နင်းသည်။

**pedantry** *n.* အသေးအဖွဲကိစ္စကို တခမ်းတနား ဇာချဲ့နေခြင်း။

**peddle** *v.* ကုန်ပစ္စည်းများကို တစ် အိမ်တက်ဆင်း လှည့်လည် ရောင်းချသည်။

**pedestrian crossing** *n.* ခြေကျင်လမ်းသွားလမ်းလာများ လမ်းဖြတ်ကူးရန် သတ်မှတ် ထားသည့်နေရာ။

**pedestrian precinct** *n.* ယာဉ် ဝင်ခွင့် တားဆီးပိတ်ပင်ထား သည့် ဈေးတန်းစသည်။

**pedlar** *n.* အိမ်အနှံ့လျှောက်လည် ၍ ကုန်သေးကုန်နုပ်ကလေးများ ရောင်းသူ။

**peeler** *n.* အခွံနွှာကိရိယာ။

**peg** *v.* လစာ၊ ကုန်ဈေးနှုန်းများကို နှုန်းတစ်ရပ်ဖြင့် ကန့်သတ်ထား သည်။

**pegging** *n.* ကုန်ဈေးနှုန်း၊ ရင်းနှီး မြှုပ်နှံမှု စာချုပ်ဈေးနှုန်း၊ နိုင်ငံ သုံးငွေကြေး စသည်ကိုကြိုတင် သတ်မှတ်ထားသည့် ဈေးနှုန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်တွင်ရှိနေရန် ကန့်သတ် လုပ်ဆောင်ခြင်း။ ဈေးနှုန်း သတ်မှတ် အရောင်းအဝယ်။

**peg point** *n.* လုပ်ခစံချက်။

**pelagic** *adj.* ပင်လယ်ပြင် (ငါး ဖမ်းလုပ်ငန်း)။ ကမ်းလွန် (ငါး ဖမ်းလုပ်ငန်း)။

**pen** *n.* ကလောင်။ မင်တံ။ ဖောင် တိန်။ ဘောလ်ပင်။ မွေးမြူထား သည့် တိရစ္ဆာန်များ လှောင် ထားသည့်ခြံ။

**penalty** *n.* ဥပဒေ ချိုးဖောက်မှု အတွက် ပြစ်ဒဏ်။ ပဋိညာဉ် ချိုးဖောက်သူက ပေးရသောငွေ။ သတ်မှတ်သဘောတူထားသည့် ကာလထက်စောနေ၍ ချေးငွေ ပြန်လည်တောင်းခံသူက ပေးရ ငွေ။

**penalty clause** *n.* ပဋိညာဉ်စာ ချုပ်တွင် ဖော်ပြထားသည့် ပဋိ ညာဉ်ချိုးဖောက်သူ ပေးလျော် ရမည့် ငွေပမာဏပါ စာပိုဒ်။

**pencil** *n.* ခဲတံ။ ခဲတံရာ။ ခဲတံ ဖြင့် အရေးအသား။ *v.* ခဲတံဖြင့် ရေးသားသည်။

**pendant** *n.* မီးဆိုင်းပဒေသာတွင် တွဲလောင်းဆွဲထားသည့် အလှ ဆင်ဖန်တုံး။

**penetration strategy** *n.* ကုန် ပစ္စည်းများကို ဈေးနှိမ့်ရောင်းချ၍ ဈေးကွက်ထိုးဖောက်သည့် ဗျူဟာ။

**pending investment** *n.* ငွေရင်းနှီးမြှုပ်နှံမှု မပြုမီ။

**peninsula** *n.* ကျွန်းဆွယ်။

**pennant** *n.* (သင်္ဘောတွင် အ ချက်ပြရန်၊ မည်သည့်သင်္ဘော ဖြစ်ကြောင်းပြရန် သုံးသော) အလံ။ ကြက်လျှာတံခွန်။ (လှေ၊ သင်္ဘော) ကုက္ကလံ။

**penniless** *adj.* (ငွေ) ခြူးတစ် ပြားမျှ မရှိသော။

**penny-pincher** *n.* ကပ်စေးနှဲ ကော်တရာ။ တစ်ပြားကို နှစ် ပြားခွာသူ။

**penny share** *n.* ရှယ်ယာဈေး ကွက်တွင် ပေါက်ဈေး အလွန် နိမ့်ကျသော ကုမ္ပဏီအသေးစား များမှ ဝယ်ယူသည့် ရှယ်ယာ။



**pension** *n.* ပင်စင်။ သက်ပြည့် အငြိမ်းစား လစာ။ အငြိမ်းစား လစာ။

**pensionable** *adj.* အငြိမ်းစား ယူခွင့်ရှိသော။ အငြိမ်းစား ယူ နိုင်ပြီ ဖြစ်သော။

**pensioner** *n.* ပင်စင်စား။ အငြိမ်း စား။

**pension fund** *n.* အငြိမ်းစား လစာ ရန်ပုံငွေ။ ပင်စင်လစာ ရန်ပုံငွေ။ အငြိမ်းစားရိက္ခာ ရန် ပုံငွေ။

**pension pool** *n.* အငြိမ်းစား လစာ အဖွဲ့။ အငြိမ်းစား ရိက္ခာ အဖွဲ့။

**penthouse** *n.* မိုးပျံတိုက်ထိပ်ဆုံး တွင် ဆောက်လုပ်ထားသည့် အိမ် (သို့) တိုက်ခန်း။ မိုးထိ တိုက်ခန်း။

**penury** *n.* ကုန်းကောက်စရာ မရှိ အောင် ဆင်းရဲမွဲပြာကျခြင်း။

**peon** *n.* ရုံးလုလင်။

**people's bank** *n.* ပြည်သူ့ ဘဏ်။

**PEP** *abbr.* စက်မှုလုပ်ငန်းစသည် တွင် သာမန်ပြည်သူများ ပါဝင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာအစိုးရ စီမံကိန်း။ Personal Equity Plan.

**peppercorn rent** *n.* အလွန် သက်သာသည့် အိမ်ငှားခ။

**per** *prep.* ကျ။ လျှင်။ ဖြင့်။ စီ။ တွက်။

**per annum** *adv.* တစ်နှစ်လျှင်။

**per capita** *adv.* တစ်ဦးစာ။ တစ် ဦးကျ။ တစ်ဦးလျှင်။ တစ်ဦး ချင်း။

**per capita consumption** *n.* တစ်ဦးချင်း စားသုံးမှု။

**per cent** *adj, adv.* တစ်ရာလျှင်။ ရာခိုင်နှုန်းအားဖြင့်။ *n.* ရာခိုင် နှုန်း။

**percentage** *n.* ရာခိုင်နှုန်း။ အချိုး အစား။

**percentile** *n.* ရာခိုင်နှုန်းစိတ်။

**per contra** *adv.* တစ်ဖက်တွင်။

**per diem** *adv.* နေ့တွက်။

**per mensem** *adv.* တစ်လလျှင်။

**per milli** *adv.* တစ်ထောင်လျှင်။

**perfect competition** *n.* အပြည့် ပြိုင်ဆိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**perfect market** *n.* ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုက ချုပ်ကိုင်ခြင်းမပြုနိုင်သည့် အမြတ်အများဆုံးရရှိရေးအတွက် ကုမ္ပဏီအချင်းချင်း လွတ်လပ်စွာယှဉ်ပြိုင်ရောင်းဝယ်နိုင်သည့် ဈေးကွက်။ အကြောင်းစုံဈေး။ အပြည့်ပြိုင်ဈေးကွက်။

**perfectly elastic** *adj.* အလျော့အတင်း အတောမသတ်နိုင်သော။

**perfectly inelastic** *n.* အလျော့အတင်းကင်းခြင်း၊ မရှိခြင်း။

**perfect monopoly** *n.* ကုန်ပစ္စည်းတစ်မျိုးအား ပုဂ္ဂိုလ်၊ အဖွဲ့အစည်း စသည် တစ်ဦး၊တစ်ဖွဲ့က လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခြင်း။

**performance** *n.* ဆောင်ရွက်ချက်။ လုပ်ဆောင်ပုံ။ ဆောင်ရွက်မှု။ စွမ်းဆောင်နိုင်မှု။ စွမ်းပကား။

**performance appraisal** *n.* ဝန်ထမ်းနှင့် သက်ဆိုင်ရာမန်နေဂျာ ဆုံတွေ့၍ ယင်းဝန်ထမ်းဆောင်ရွက်ချက်ကို စိစစ်ပြီး အနာဂတ် လုပ်ဆောင်မှုအတွက် စီမံထားခြင်း။

**performance evaluation** *n.* ဆောင်ရွက်မှု အကဲဖြတ်ခြင်း။

**performance index** *n.* အကျိုးအမြတ်ဖြစ်ထွန်းမှုအညွှန်းကိန်း။

**performance indices** *n.* ဆောင်ရွက်မှုပြ ဆန္ဒန်းကိန်းများ။

**performance rating** *n.* **Also** performance evaluation.

**performance-related pay** *n.* အလုပ်ကို မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်ခဲ့သည် ဆိုသော အချက်အပေါ် မူတည်သတ်မှတ်သည့် လုပ်ခ၊ လစာ။

**perfume** *n.* ရေမွှေး။ ရနံ့။

**perfumer** *n.* ရေမွှေးထုတ်လုပ်သူ။ ရေမွှေးရောင်းသူ။

**perfumery** *n.* ရေမွှေးထုတ်လုပ်ရာ ဌာန။ ရေမွှေး အရောင်းဌာန။

**peril** *n.* ကြီးမားသော အန္တရာယ်။ ဘေးသင့်မှု။



**period** *n.* ကာလအပိုင်းအခြား။ အချိန်ကာလ အပိုင်းအခြား။ ကာလ။

**period bill** *n.* သတ်မှတ်နေ့ရက်တွင် ငွေပေးချေရမည့် ငွေလွှဲလက်မှတ်။

**periodic** *adj.* အခါအားလျော်စွာပေါ်ပေါက်သော။ ရံဖန်ရံခါ။ ပုံမှန်။

**periodic annual increment** *n.* ကာလပိုင်း ပျမ်းမျှနှစ်တိုး။

**periodic ordering** *n.* ကုန်ကြမ်းအရေအတွက်မှာကြားမှု လိုအပ်ချက်အနည်းအများအပေါ်မူတည်၍ ကုန်လက်ကျန်ထိန်းချုပ်မှုစနစ်။

**periodic table** *n.* အလှည့်ကျဇယား။

**periodic variation** *n.* ကာလအလိုက် ပြောင်းလဲခြင်း။

**period of grace** *n.* ကြွေးမြီပြန်ပေးဆပ်ရန် မြီစားအား ခွင့်ပြုသည့်အပိုကာလအပိုင်းအခြား။

**peripheral** *n.* (ကွန်ပျူတာ) အရံပစ္စည်း (ပရင်တာ၊စကဲင်နာ၊ ကီးဘုတ်စသည်)။

**perishable** *adj.* ပျက်စီး၊ ပုပ်သိုးလွယ်သော။

**perishable crop** *n.* ပျက်စီး၊ ပုပ်သိုးလွယ်သော သီးနှံ။

**perishable goods** *n.* ပျက်စီးလွယ်သော ကုန်စည်။

**perishable product** *n.* ပျက်စီးလွယ်သော ထွက်ကုန်။

**perishables** *n.* ပျက်စီးပုပ်သိုးလွယ်သော ကုန်ပစ္စည်းများ (အစား အသောက်၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည်)။

**perk** *n.* ပုံမှန်ဝင်ငွေအပြင် အလုပ်ရှင်ကပေးသော အခွင့်အရေး။ ရာထူး၊ လုပ်ငန်းအရ အကျိုးခံစားခွင့်။

**permanent** *adj.* အမြဲတမ်း။ ထာဝစဉ်။

**permanent adjustment** *n.* ပုံသေညှိငွေ။

**permanent advance** *n.* အမြဲတမ်း ကြိုတင်ပေးငွေ။

**permanent asset** *n.* စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် သက်တမ်းကြာရှည်စွာ အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် (မြေ၊ စက်ပစ္စည်း၊ ယာဉ်၊ အဆောက်အအုံကဲ့သို့) ပစ္စည်းများ။

**permanent endowment** *n.* အတိုးသုံး အမြဲထားငွေ။

**permanent - income hypothesis** *n.* အမြဲတမ်း ဝင်ငွေ အဆိုကြမ်း။ စားသုံးသူ၏ ပုံမှန် ဝင်ငွေ၊ ကြားပေါက်ဝင်ငွေ နှစ်ရပ်ပေါင်းနှင့် သုံးစွဲပုံ၊ စုဆောင်းပုံ ဆက်စပ်မှုသဘောတရား။

**permanent international labour office** *n.* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အမြဲတမ်းရုံး။

**permanent pasture** *n.* အမြဲတမ်း စားကျက်။

**permissible** *adj.* လက်သင့်ခံနိုင်သော။ လက်ခံနိုင်လောက်သော။

**permissible error** *n.* ခွင့်ပြုနိုင်သော အမှား။

**permission** *n.* ခွင့်ပြုချက်။ သဘောတူညီချက်။

**permissive wage adjustment clause** *n.* လုပ်ခညှိနှိုင်းခွင့်စာပိုဒ်။

**permit** *n.* တရားဝင် ခွင့်ပြုသည့် စာရွက်စာတမ်း။ ပါမစ်။ *v.* ခွင့်ပြုသည်။

**perpetual** *adj.* ထာဝစဉ်။ ထာဝရ။ မရပ်မနားသော။ ထပ်တလဲလဲဖြစ်သော။

**perpetual annuity** *n.* ထာဝစဉ်နှစ်စဉ်ကြေး။ရာသက်ပန်နှစ်စဉ်ကြေး။

**perpetual bond** *n.* ငွေချေး ထာဝစဉ်စာချုပ်။

**perpetual inventory system** *n.* လက်ရှိပစ္စည်း စဉ်ဆက်မပြတ်မှတ်နည်း။

**perpetual ledger** *n.* ထာဝစဉ် လယ်ဂျာ။

**perpetual loan** *n.* ထာဝရ ချေးငွေ။

**perquisite** *n.* ပုံမှန်ဝင်ငွေအပြင် အခြား အခွင့်အရေး။ ဆုငွေ။

**Persian carpet** *n.* ပါရှန်ကော်ဇော။ သိုးမွေးကော်ဇော။



**persian wheel** *n.* ရေတင်ဘီး။

**personal account** *n.* ပုဂ္ဂိုလ်တစ်ဦးစီနှင့်ဆိုင်သော စာရင်းစု။ ပုဂ္ဂိုလ်ဆိုင်ရာ စာရင်း။

**personal assistant** *n.* ကိုယ်ရေးအရာရှိ။

**personal column** *n.* (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တွင်) သာရေး၊ နာရေးနှင့် ပုဂ္ဂလိကကြော်ငြာကဏ္ဍ။

**personal computer** *n.* စားပွဲတင် ကွန်ပျူတာ။ အိမ်သုံး၊ ရုံးသုံး၊ တစ်ကိုယ်ရေသုံးနိုင်သော ကွန်ပျူတာ။

**personal consumption** *n.* တစ်ဦးချင်း စားသုံးမှု။

**personal consumption expenditure** *n.* စားသုံးသူတို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် စုစုပေါင်း သုံးစွဲမည့် ငွေကြေးခန့်မှန်းချက်။

**personal cost centre** *n.* ပုဂ္ဂိုလ်အရ တန်ဖိုးစုစည်းရာ။

**personal distribution** *n.* အမျိုးသားဝင်ငွေ ခွဲဝေခြင်း။

**personal document** *n.* ကိုယ်ရေးကိုယ်တာ မှတ်တမ်း။

**personal expenses** *n.* ပုဂ္ဂလိက သုံးငွေ။ ကိုယ်ရေးကိုယ်တာ သုံးငွေ။

**personal finance** *n.* ပုဂ္ဂလိက ဘဏ္ဍာရေး။

**personal holding company** *n.* အခွန်သက်သာခွင့် ရရှိစေရန် အဓိကရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် ဦးပိုင်ကုမ္ပဏီ။

**personal identification number** *n.* ဘဏ်ကတ်၊ အကြွေးဝယ်ကတ် ကိုင်ဆောင်ထားသူအတွက် အလိုအလျောက်ငွေထုတ်စက်မှ ငွေထုတ်နိုင်ရန်နှင့် ဘဏ်ငွေသွင်း ငွေထုတ်စာရင်း တောင်းခံနိုင်ရန် ဘဏ်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်လျှို့ဝှက်နံပါတ်။

**personal income** *n.* လူပုဂ္ဂိုလ်တစ်ဦး၏ ဝင်ငွေ။

**personality** *n.* ပင်ကိုစရိုက်။ ကိုယ်ရည်ကိုယ်သွေး ထူးခြားသည့် ပင်ကိုအရည်အသွေး။

www.burmeseclassic.com

www.burmeseclassic.com



**personality changes** *n.* ကိုယ်ရည် ကိုယ်သွေးပြောင်းလဲခြင်း။

**personality characteristic** *n.* ကိုယ်ရည်ကိုယ်သွေး ခြင်းရာ သွင်္ဂြိ။

**personality develoment** *n.* ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှု။

**personality functioning** *n.* ကိုယ်ရည်ကိုယ်သွေး လုပ်ကိုင်ပုံ။

**personality measurement** *n.* ကိုယ်ရည်ကိုယ်သွေး တိုင်းတာမှု။

**personality rating scale** *n.* ကိုယ်ရည်ကိုယ်သွေး အကဲဖြတ်စကေး။

**personality record** *n.* ကိုယ်ရည် ကိုယ်သွေးမှတ်တမ်း။

**personality role** *n.* ကိုယ်ရည်ကိုယ်သွေး အခန်းကဏ္ဍ။

**personality test** *n.* ကိုယ်ရည်ကိုယ်သွေး စစ်ဆေးချက်။

**personality type** *n.* ကိုယ်ရည်ကိုယ်သွေး အမျိုးအစား။

**personal ledger** *n.* ကိုယ်ပိုင်လယ်ဂျာ။

**personal living** *n.* ပုဂ္ဂလိကနေထိုင်မှု။

**personal loan** *n.* ပုဂ္ဂိုလ်ရေး ယုံကြည်မှု သက်သက်ဖြင့် ထုတ်ချေးငွေ။

**personal material incentive** *n.* ကိုယ်ပိုင်အကျိုးစီးပွား ခံစားခွင့်။

**personal property** *n.* ရွှေ့ပြောင်းနိုင်သည့် ကိုယ်ပိုင်အတွင်းပစ္စည်းများ။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း။ ဇင်္ဂမဥစ္စာ။

**personal property tax** *n.* ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းခွန်။ ဇင်္ဂမဥစ္စာခွန်။

**personal role** *n.* ကိုယ်ရေးကိုယ်တာ အခန်းကဏ္ဍ။

**personal security** *n.* ပုဂ္ဂလိကအာမခံ။ ကိုယ်ပိုင်အာမခံ။

**personal selling** *n.* လူကိုယ်တိုင် ရောင်းခြင်း။

**personal services** *n.* ကိုယ်ပိုင်လုပ်ကိုင်ပေးမှု။



**personal social behaviour** *n.* ပုဂ္ဂလိကဆက်ဆံရေး အပြုအမူ။

**personal social needs** *n.* ပုဂ္ဂလိက ဆက်ဆံရေးလိုအင်။

**personal transport** *n.* ကိုယ်ပိုင် ပို့ဆောင်ရေး။

**personnel** *n.* အမှုထမ်း။ အမှုထမ်းအရာထမ်း။ ဝန်ထမ်းရေးရာ (ဌာန)။

**personnel management** *n.* ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်း။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် ဝန်ထမ်းရေးရာများ ဆောင်ရွက်ခြင်း။

**personnel policy** *n.* အမှုထမ်းပေါ်လစီ။

**personnel programme** *n.* အမှုထမ်းဆိုင်ရာ အစီအစဉ်။

**personnel psychology** *n.* လူရွေးချယ်မှု စိတ်ပညာ။

**personnel research** *n.* အမှုထမ်းဆိုင်ရာ သုတေသန။

**personnel test** *n.* အမှုထမ်းဆိုင်ရာ စစ်ဆေးချက်။

**perspective** *n.* မျက်မြင်တစ်ဆုံးမြင်ကွင်း။ ရှုထောင့်။

**perspicacity** *n.* အမြော်အမြင်ကြီးမားမှု။

**peso** *n.* ပီဆိုငွေ။ လက်တင်အမေရိကနိုင်ငံများနှင့် ဖိလစ်ပိုင်နိုင်ငံသုံးငွေ။

**pessimism** *n.* အဆိုးမြင်ဝါဒ။ မကောင်းမြင်ဝါဒ။

**pest** *n.* ဖျက်ဆီးတတ်သည့် ပိုးမွှားတိရစ္ဆာန်။

**pesticide** *n.* ပိုးသတ်ဆေး၊ ကြွက်သတ်ဆေးကဲ့သို့ ဆေးမျိုး။

**pet** *n.* အိမ်မွေးတိရစ္ဆာန်။

**petit bourgeois** *n.* ဓနရှင်ပေါက်စ။

**petition** *n.* အသနားခံစာ။ တရားဝင် လျှောက်လွှာ။

**petition of right** *n.* ရပိုင်ခွင့် ရှိအသနားခံစာ။

**petrochemical** *n.* ရေနံဓာတုပစ္စည်း။ ရေနံ (သို့) သဘာဝဓာတ်ငွေ့မှရသောဓာတုပစ္စည်း။

**petrol** *n.* ဓာတ်ဆီ။

**petrol engine** *n.* ဓာတ်ဆီအင်ဂျင်။

www.burmeseclassic.com

www.burmeseclassic.com



**petroleum** *n.* ရေနံ။

**petroleum product** *n.* ရေနံထွက်ပစ္စည်း။

**petroleum production** *n.* ရေနံထုတ်လုပ်ရေး။

**petrology** *n.* ကျောက်များကို သိပ္ပံနည်းကျလေ့လာသောပညာ။

**petrol station** *n.* ဓာတ်ဆီပန့်။ ဓာတ်ဆီဆိုင်။

**petty** *adj.* အသေးအဖွဲ။ အရေးမပါသော။ သေးနုပ်သော။

**petty average** *n.* ရေကြောင်းခရီးစဉ်အတွင်းသင်္ဘောကပ္ပတိန်ပေးချေရသည့် အသုံးစရိတ်များ။

**petty cash** *n.* အသေးသုံးငွေ။

**petty cash account** *n.* အသေးသုံးငွေစာရင်း။

**petty cash book** *n.* အသေးသုံးငွေ စာရင်းစာအုပ်။

**petty expenses** *n.* အသေးသုံးကုန်ကျငွေ။

**pharmaceutical** *n.* ဆေး၊ ဆေးဝါး။ ဆေးဖော်ထုတ်လုပ်ဖြန့်ချိမှုနှင့်ဆိုင်သော။

**pharmacist** *n.* ဆေးဖော်ရောင်းသူ။ ဆေးစပ်သမား။

**pharmacologist** *n.* ဆေးဝါးဗေဒပညာရှင်။

**pharmacology** *n.* ဆေးဝါးဗေဒ။

**pharmacy** *n.* ဆေးဆိုင်။ (ဆေးရုံ စသည်၏) ဆေးစပ်ခန်း။ ဆေးဝါးဖော်စပ်သည့် ပညာ။ ဆေးစပ်ပညာ။

**phase** *n.* ပြောင်းလဲဖြစ်ပေါ် တိုးတက်မှု အဆင့်၊ ကဏ္ဍ။

**phases of homemaking** *n.* အိမ်တွင်းမှု အပိုင်းအဆင့်။

**PhD** *abbr.* ပါရဂူဘွဲ့။ ဒေါက်တာဘွဲ့။ Doctor of philosophy.

**philanthropist** *n.* အများအကျိုးအတွက် ငွေ စသည် လှူဒါန်းသူ။ အလှူရှင်။ ပရဟိတဒါနရှင်။

**philanthropy** *n.* ပရဟိတအလုပ်။

**philatelist** *n.* စာပို့တံဆိပ်ခေါင်းစုဆောင်းသူ။



**Phillips curve** *n.* အလုပ်လက်မဲ့ ဦးရေလျော့နည်းလေ၊ လုပ်ခနှုန်းမြင့်မားလေဟူသည့်သဘောတရားကို ဖော်ပြသည့်ပုံပြမျဉ်း။

**philologist** *n.* ဝေါဟာရဗေဒပညာရှင်။

**phone** *n.* တယ်လီဖုန်း။ ဖုန်း။ *v.* ဖုန်းဆက်သည်။

**phone bill** *n.* တယ်လီဖုန်းကျသင့်ငွေ တောင်းခံလွှာ။

**phone book** *n.* တယ်လီဖုန်းလမ်းညွှန်စာအုပ်။

**phone box** *n.* အများသုံးတယ်လီဖုန်းရုံး။

**phoney** *n.* အတု။ အတုအယောင်။

**phosphate** *n.* မီးစုန်းဓာတ်ပါသော(မြေဩဇာ) ဒြပ်ပေါင်း။ ဖော့စဖိတ်။

**photo** *n.* ဓာတ်ပုံ။

**photo alblum** *n.* ဓာတ်ပုံအယ်လ်ဘမ်။

**photo booth** *n.* ငွေထည့်လိုက်လျှင် အလိုအလျောက် ရိုက်ကူးပေးသော ဓာတ်ပုံရိုက်ခန်း။

**photo call** *n.* အထင်ကရပုဂ္ဂိုလ်တစ်ဦးအား ဓာတ်ပုံ၊ ဗီဒီယိုရိုက်ရန် ဓာတ်ပုံဆရာတို့ကို ချိန်းဆိုထားချိန်။

**photocopier** *n.* မိတ္တူစက်။ (ဓာတ်ပုံ) မိတ္တူစက်။ မိတ္တူကူးစက်။

**photocopy** *n.* မိတ္တူ။ (ဓာတ်ပုံ) မိတ္တူ။ *v.* မိတ္တူကူးသည်။

**photograph** *n.* ဓာတ်ပုံ။ *v.* ဓာတ်ပုံရိုက်သည်။

**photographer** *n.* ဓာတ်ပုံဆရာ။

**photography** *n.* ဓာတ်ပုံပညာ။

**photo map** *n.* ဓာတ်ပုံမြေပုံ။

**photoshop** *n.* ဓာတ်ပုံဆိုင်ရာ ကွန်ပျူတာဒီဇိုင်း။

**photo studio** *n.* ဓာတ်ပုံ စတူဒီယို။

**physical capital** *n.* (မြေရာ အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်ယန္တရား၊ စက်ပစ္စည်းကိရိယာစသည်) မတည်ပစ္စည်းများ။

**physical distribution** *n.* ပစ္စည်း ဖြန့်ဖြူးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**physicals** *n.* အနာဂတ်ကာလ အရောင်းအဝယ်စာချုပ်ပါ ကုန်ပစ္စည်းများ မဟုတ်ဘဲ အမှန်တကယ် ဝယ်ယူ အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများ။

**piano** *n.* စန္ဒရား။

**pick** *n.* ကြိုက်ရာ။ လက်ရွေးစင်။ ခေါင်။ *v.* ကောက်သည်။ ခူးသည်။ ရွေးသည်။

**picker** *n.* ခူးသူ။

**picket** *n.* (စက်ရုံ၊ အလုပ်ရုံရှေ့၌ ဆန္ဒပြသူများ)။ သပိတ်တားသူများ။ *v.* (စက်ရုံ၊ အလုပ်ရုံရှေ့တွင်) ဆန္ဒပြသည်။ သပိတ်တားသည်။

**picketing** *n.* ဆန္ဒပြခြင်း။ သပိတ်တားခြင်း။

**pickings** *n.* (မတရားရသော၊ အလွယ်တကူ ရထားသော) အကျိုးအမြတ်။

**pickle** *n.* ဆားစိမ်။ သနပ်။ *v.* ဆားစိမ်သည်။သနပ်တည်သည်။

**pickup and delivery** *n.* ကုန်ပစ္စည်းများကို စက်ရုံ၊ သဘော်စသည်မှ စားသုံးသူထံအရောက် သယ်ယူပို့ဆောင်ပေးရေးလုပ်ငန်း။

**pick-your-own** *adj.(abbr* PYO) ကြိုက်ရာခူးယူစနစ်ဖြင့် ရောင်းချသော။

**picnic** *n.* ပျော်ပွဲစားထွက်ခြင်း။ *v.* ပျော်ပွဲစားထွက်သည်။

**picnicker** *n.* ပျော်ပွဲစားထွက်သူ။

**pictogram** *n.* အရုပ်မြေပုံ။ ရုပ်ပုံငယ်တစ်ခုစီကို အရေအတွက် ပမာဏသတ်မှတ်၍ ပုံပြဇယား၊ ပုံပြမျဉ်းတွင် စာရင်းအချက်အလက်များကို ဖော်ပြခြင်း။

**pictorial** *adj.* ပုံပြ။ ပုံများပါဝင်သော။ ရုပ်စုံ။

**picterial chart** *n.* ရုပ်ပြပုံ၊ ရုပ်ပုံပြ ကားချပ်။

**picture** *n.* ပန်းချီကား။ ရုပ်ပုံ။ ဓာတ်ပုံ။ ရုပ်ရှင်ကား။ ရုပ်မြင်သံကြား။

**picture book** *n.* ရုပ်ပုံစာအုပ်။

**picture gallery** *n.* ပန်းချီပြခန်း။

**picture postcard** *n.* ပုံများပါသော ပို့စကတ်။

**picture rail** *n.* ပန်းချီးကားများ ချိတ်ဆွဲရန် နံရံကပ်သစ်သားဖောင်းတန်း။



**picture window** *n.* အကန့်မကန့်ထားသည့် မှန်သားပြင်ကျယ် ပြတင်းပေါက်။

**pie** *n.* ပိုင်မုန့်။

**piece** *n.* အပိုင်းအစ။ အပိုင်း။

**piece goods** *n.* အထည်အလိပ်။

**piece rates** *n.* ပုတ်ပြတ်နှုန်း။

**piece wages** *n.* ပုတ်ပြတ်လုပ်ခ။

**piece-work** *n.* ပုတ်ပြတ်အလုပ်။

**piece-worker** *n.* ပုတ်ပြတ်အလုပ်သမား။

**piece-work rate** *n.* ပုတ်ပြတ်နှုန်း။ အလုပ်အလိုက်နှုန်း။

**pie chart** *n.* အမျိုးအစားများကို စက်ဝိုင်းအစိတ်အပိုင်းများအဖြစ် ဖော်ပြသည့်ပုံပြဇယား။စက်ဝိုင်းပြဇယား။

**pier** *n.* စားသောက်ဆိုင်၊ အပန်းဖြေနေရာများ ပါရှိသည့် ပင်လယ် လေညင်းခံတံတားရှည်။ လှေ၊ သင်္ဘောဆိုက်ရန် ဆိပ်ခံတံတား။ ဆိပ်ခံတံတားရှည်။

**piggyback** *n.* ကုန်တင်ကားနှင့် မီးရထားနှစ်မျိုးစလုံးကို အသုံးပြု၍ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှု။

**pig iron** *n.* သံစိမ်း။

**pigment** *n.* အရောင်ဆေး။

**pigmentation** *n.* အရောင်ခြယ်ခြင်း။ အရောင်စွဲခြင်း။

**pigment layer** *n.* အရောင်ခြယ်လွှာ။

**pile** *n.* မြေသွင်းတိုင်။ ပိုင်တိုင်။ (တံတား၊ အဆောက်အအုံ) အောက်ခံတိုင်။

**pile-driver** *n.* တိုင်ရိုက်စက်။ ပိုင်ရိုက်စက်။

**pilfer** *v.* တစ်တိတစ်တိ ခိုးသည်။ ကဲ့ဝှက်ခိုးသည်။

**pilferage** *n.* အခိုးခံရခြင်း။ ကြားဖြတ် ခိုးယူခံရခြင်း။ ခိုးယူမှု။

**pilgrimage** *n.* ဘုရားဖူးခရီး။ ဝတ်ပြုခရီး။ ဂါရဝပြုရန် သွားရောက်သော ခရီး။

**pill** *n.* ဆေးပြား။ ဆေးလုံး။

**pillage** *n.* လုယက်ဖျက်ဆီးမှု။ *n.* လုယက်ဖျက်ဆီးသည်။(ငွေကြေး၊ ပစ္စည်း၊ ဥစ္စာ) ဗုန်းသည်။

**pillar** *n.* (ကျောက်၊ ဘိလပ်မြေ၊ သံ စသည်ဖြင့် ပြုလုပ်ထားသော) တိုင်၊ တိုင်လုံး၊ တိုင်မ။ အချက်

www.burmeseclassic.com

www.burmeseclassic.com



အချာကျသော အစိတ်အပိုင်း၊ ကဏ္ဍ။

**pillow** *n.* ခေါင်းအုံး။

**pillowcase** *n.* ခေါင်းအုံးစွပ်။

**pilot** *n.* လေယာဉ်မှူး။ လေသူရဲ။ ရေကြောင်းပြ။ *v.* သင်္ဘော၊ လေယာဉ် မောင်းသည်။ *adj.* ရှေ့ပြေးဖြစ်သော။ စမ်းသပ်ချက်အဖြစ် ပြုလုပ်သော။

**pilotage** *n.* ပင်လယ်ရေကြောင်းပြအား ပေးရသော အဖိုးအခ။

**pilotage fee** *n.* ရေကြောင်းပြခ။

**piloting vessel** *n.* ရေကြောင်းပြသင်္ဘော။

**pilot ladder** *n.* ကြိုးလှေကား။

**pilot piece** *n.* အစမ်းထုတ်ပစ္စည်း။

**pilot plant** *n.* ရှေ့ပြေး စစ်တမ်း။

**pilot project** *n.* ရှေ့ပြေးစီမံချက်။

**pilot runs** *n.* အစမ်းထုတ်လုပ်ခြင်း။

**pilot survey** *n.*ရှေ့ပြေးစစ်တမ်း။

**pin** *n.* ပင်အပ်။ (ဂေါက်ကွင်း) အလံတိုင်။

**PIN** *abbr.* (ငွေထုတ်ကတ်ပြားတွင် သုံးရန်) ကိုယ်တိုင် စိစစ်ရေးအမှတ်။ personal identification number.

**pine** *n.* ထင်းရှူးပင်။ ထင်းရှူးသား။

**pink** *n.* ပန်းရောင်။ ပန်းရောင်အဝတ်အစား။

**pinking shears** *n.* အဝတ်ညှပ်ရာတွင် အစဖွာမထွက်စေရန် လွှသွားပုံအသွားပါသောကတ်ကြေး။

**pin map** *n.* အပ်ထိုး မြေပုံ။

**pinstripe** *n.* အခမ်းအနားဝတ်စုံများတွင် ပါလေ့ရှိသော အဖြူစင်း သေးသေးမျှင်မျှင်။ ယင်းအစဖြင့် ချုပ်လုပ်ထားသော ဝတ်စုံ။

**pint** *n.* ပိုင့်။ *(Brit)* အရည်နှင့်ကုန်ခြောက် အချိုးခြင်တွယ်ရာတွင် သုံးသော ဂါလန် (သို့) ၀.၅၆၈လီတာနှင့် ညီမျှသော ချင့်ဝန်။ *(US)* ၀.၄၇၃ လီတာနှင့် ညီမျှသည့် အလားတူ ချင့်ဝန်။



**pioneer** *n.* ရှေ့ဆောင်သူ။ တီထွင်သူ။ *v.*တီထွင်သည်။စတင်ပြုလုပ်သည်။

**pip** *n.* (ရေဒီယို၊ တယ်လီဖုန်းစသည်တွင်) တီခနဲအချက်ပေးသံ။

**pipe** *n.* ပြွန်။ ပိုက်။ *v.* ပြွန်၊ ပိုက်တို့ဖြင့် သွယ်ပို့သည်။ ပိုက်သွယ်သည်။

**piped music** *n.* ဆိုင်ကြီး၊ကနားကြီးများတွင် စဉ်ဆက်မပြတ်ဖွင့်ပေးထားသည့် ငြိမ့်ညောင်းသာယာသော တေးသံ။

**pipeline** *n.* ပိုက်လိုင်း။

**pipette** *n.* ဓာတ်ခွဲခန်းသုံး ပီးပက်ဖန်ပြွန်ရှည်။

**pipework** *n.* အကြောင်းကိစ္စတစ်စုံတစ်ရာအတွက်ဆက်သွယ်စုဖွဲ့ထားသည့် ပိုက်အစုအဖွဲ့။

**piracy** *n.* ပင်လယ်ဓားပြမှု။ ခိုးချခြင်း။ မူပိုင်ခွင့် ထိပါးခြင်း။ လိုင်စင်မဲ့ အသံလွှင့်ထုတ်ခြင်း။

**pirate** *n.* ပင်လယ်ဓားပြ။ မူပိုင်ခွင့်ကို ထိပါး၍ ခိုးချသူ။ လိုင်စင်မဲ့ အသံလွှင့်သူ၊ အသံလွှင့်ဌာန။ *v.* မူပိုင်ခွင့်ကို ထိပါး၍ ခိုးချသည်။ တရားမဝင် ခိုးကူးသည်။

**piste** *n.* နှင်းလျှောစီးကောင်းသော ဆီးနှင်း သိပ်သည်းသည့် လမ်းကြော။

**piston** *n.* ပစ်စတင်။ ပစ်စတင်ပြွန်ကျပ်။

**pit** *n.* (မြေကြီးတွင် ဖြစ်ပေါ်နေသော) ချိုင့်၊ တွင်း၊ ကျင်း။ (သတ္တု၊ ကျောက် စသည် တူးဖော်ရာမှ ဖြစ်ပေါ်လာသည့်) ကျင်း၊ တွင်း။

**pitch** *n.* ကတ္တရာ။ ကစားကွင်း။ ကွင်း။ ဈေးဝယ်ချင်လာအောင် အမွှမ်းတင်ခြင်း။ ဈေး၊ လမ်း စသည်တွင် ဆိုင်ခင်းနေကျ နေရာ။ *v.* (လေယာဉ်၊ သင်္ဘော) ဆောင့်သည်။ ရှေ့ထိုးစိုက်ကျသည်။ လွှင့်စဉ်သွားသည်။ တဲထိုးစခန်းချသည်။

**pit-head** *n.* ကျောက်မီးသွေးတွင်း အဝရှိ စက်ပစ္စည်း၊ ရုံ၊ အဆောက်အအုံ စသည်ရှိရာ အပိုင်း။

www.burmeseclassic.com

www.burmeseclassic.com



**pit-prop** *n.* ကျောက်မီးသွေးတွင်း လိုဏ်ခေါင်းအမိုးကို ထောက်ကန်ထားသည့်ဒေါက်တိုင်၊ကျား။

**pits** *n.* (ကားပြိုင်ကွင်းရှိ) တာပတ်ကွင်းနှင့် ကပ်လျက် ပြိုင်ကားများ ဆီဖြည့်၊ ဘီးလဲ စသည်ပြုရန် ခေတ္တဝင်ထိုးဆိုက်နိုင်သည့်နေရာ။

**pit stop** *n.* (ကားပြိုင်ပွဲတွင်) ဓာတ်ဆီဖြည့်၊ ဘီးလဲစသည် ပြုလုပ်ရန် ခေတ္တဘေးထွက်ရပ်ခြင်း။ *(US)* ခရီးလမ်း တစ်ထောက်နားခြင်း။

**pittance** *n.* မသဒ္ဓါရေစာ။ မဖြစ်စလောက်။ တစ်ပဲခြောက်ပြား။

**pixel** *n.* ရုပ်သံဖမ်းစက်၊ကွန်ပျူတာစသည် ဖန်သားပြင်တွင် ပုံရိပ်ထင်စေသည့် အစက်အပြောက်များအနက် တစ်ခု။

**pizza** *n.* အီတလီ မုန့်ဝိုင်း။ ပီဇာမုန့်။

**pizzeria** *n.* ပီဇာမုန့်ဆိုင်။

**place** *n.* နေရာ။ နေရာဌာန။ တစ်စုံတစ်ရာပြုလုပ်ရန် ဌာန။ နေရာထိုင်ခင်း။ ထိုင်ခုံ။ အခန်းအကျအ။ နေစရာအိမ်၊ တိုက်ခန်း။ နေရာလပ်။ နေရာလွတ်။ *v.* တင်သည်။ ထားသည်။ (ယုံကြည်မှု၊ သဘောစသည်) ထားသည်။ (အမှာစာ) ပို့သည်။ (ရာထူး၊ အလုပ်၊ နေရာစသည်) ရှာပေးသည်။

**placement** *n.* (အလုပ်အကိုင် နေရာ) ရှာဖွေပေးခြင်း။ ကုမ္ပဏီ အစုရှယ်ယာ အသစ် အများအပြား ဝယ်ယူနိုင်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ကမ်းလှမ်းရောင်းချသည့်နည်း။

**place utility** *n.* ဒေသအလိုက် (ကုန်စည်) အရေးပါခြင်း။

**place-name** *n.* မြို့ရွာဒေသ အမည်။

**place-setting** *n.* တစ်ယောက်စာ ပန်းကန်၊ ဇွန်း၊ ခက်ရင်းစသည် အခင်းအကျင်း။

**placing** *n.* (အစဉ်၊ ဇယားစသည်တွင်) ဝင်သည့် အဆင့်။

**plagiarism** *n.* ခိုးယူကူးချမှု။

**palgiarist** *n.* ခိုးယူကူးချသူ။

**plagiarize** *v.* ခိုးယူကူးချသည်။



**plague** *v.* ဒုက္ခပေးသည်။ ဖိစီးစေသည်။ *n.* ကပ်ဘေးဆိုး။

**plain** *adj.* ရိုးစင်းသော။ ဖြောင့်။ ဗလာ။ ရိုးရိုး။ သာမန်။

**plain chocolate** *n.* (ခါးသက်သက် အရသာရှိသည့်) ချောကလက် သက်သက်။

**plain clothes** *n.* အရပ်ဝတ် အရပ်စား။

**plain flour** *n.* (တဆေးမပါသည့်) ဂျုံမှုန့်။

**plan** *n.* ကြိုတင်ကြံဆချက်။ စီမံချက်။ အစီအစဉ်။ ရုံး၊ လုပ်ငန်းဖွဲ့စည်းပုံကို ဖော်ပြထားသည့် ရုပ်ပုံကားချက်။ ပန္နက်ပုံ။ စနစ်ပုံ။ (ရေးဆွဲထားသော) ပုံစံ။ (နေရာချထားမှု) အစီအစဉ် ဇယား။ (ရင်းနှီးမြှုပ်နှံမှု) အစီအစဉ်။ *v.* စီမံကိန်းထုတ်သည်။ ကြိုတင်စီစဉ်သည်။ ပြင်ဆင်သည်။ အကွက်ချ စီစဉ်သည်။ စီစဉ်ထားသည်။ရည်ရွယ်သည်။ အသေးစိတ် ပုံစံထုတ်သည်။

**plane** *n.* လေယာဉ်ပျံ။ မျက်နှာပြင်။ ပြင်ညီ။ ရွှေပေါ်။

**planer** *n.* ရွှေပေါ်စက်။

**planet** *n.* ဂြိုဟ်။

**planetarium** *n.* နက္ခတ်တာရာ ပြခန်း။

**plank** *n.* ပျဉ်။ ပျဉ်ပြား။

**planking** *n.* ပျဉ်ခင်း။

**plankton** *n.* (အပင်၊ အကောင်) မျောလှေး။

**planned economy** *n.* ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်။ စီမံကိန်းစီးပွားရေးစနစ်။

**planned obsolescence** *n.* ကုန်ပစ္စည်းအသစ်ကို ဝယ်ယူစေရန် အတွက် ကာလအတိုင်းအတာ တစ်ခုအတွင်း ပျက်စီးချို့ယွင်းသွားရန်နှင့် ခေတ်မမီဖြစ်သွားရန် ကုန်ပစ္စည်းကို စီစဉ် ထုတ်လုပ်ခြင်း။

**planned output** *n.* စီမံကိန်း အရ ကုန်ထွက်။

**planned price** *n.* စီမံကိန်းဈေးနှုန်း။

**planned target** *n.* စီမံကိန်းချမှတ်ထားချက်။

**planner** *n.* မြို့ပြစီမံကိန်း ရေးဆွဲသူ။ စီမံချက်ရေးဆွဲသူ။

www.burmeseclassic.com

www.burmeseclassic.com



**planning** *n.* စီမံကိန်း။ စီမံကိန်းချခြင်း။

**planning curve** *n.* စီမံမှု မျဉ်းကွေး။

**planning permission** *n.* ဒေသန္တရ အာဏာပိုင်တို့က ထုတ်ပေးသော အဆောက်အအုံဆောက်လုပ်ပြင်ဆင်ခွင့်။

**plan of operations** *n.* လုပ်ငန်းစဉ် ဇယား။

**planometrics** *n.* စီမံကိန်းပညာ။

**plant** *n.* ကုန်ထုတ်စက်ကိရိယာ။ စက်မှုလက်မှုလုပ်ငန်းသုံး စက်ယန္တရားနှင့် စက်ကိရိယာတန်ဆာပလာများ။ စက်။ စက်ရုံ။ အပင်။ အပင်ငယ်။

**plant and machinery** *n.* ကုန်ထုတ်စက်ယန္တရားနှင့် စက်ကိရိယာ။

**plantation** *n.* စိုက်ခင်း။ ခြံ၊ ခြံကြီး။ ခြံစိုက်ပျိုးရေး။

**plantation agriculture** *n.* ခြံကြီးစိုက်ပျိုးရေး။ ခြံစိုက်ပျိုးရေး။

**plantation centre** *n.* စိုက်ခင်းဗဟိုစခန်း။

**plantation farming** *n.* ခြံစိုက်ပျိုးရေး။

**plantation system** *n.* အကြီးအကျယ် စိုက်ပျိုးခြင်း။ အကြီးအကျယ်စိုက်ပျိုးသည့်စနစ်။

**plant band** *n.* အုတ်ပန်းဆွဲ။

**plant capacity** *n.* စက်လုံးချင်းအင်အား။

**plant engineer** *n.* စက်ရုံအင်ဂျင်နီယာ။

**planter** *n.* (အပူပိုင်းဒေသများတွင်) ခြံစိုက်သူ။ (စိုက်ပျိုး) ခြံရှင်။ ခြံသမား။ အစေ့စိုက်စက်။ ပျိုးအိုး။

**planting** *n.* အပင်စိုက်ခြင်း။ ငုတ်ပင်စိုက်ခြင်း။

**planting out** *n.* ပျိုးပင်စိုက်ခြင်း။

**planting plan** *n.* စိုက်ခင်းစီမံကိန်း။

**planting series** *n.* စိုက်ခင်းအစဉ်။

**plant inspection** *n.* စက်ရုံစစ်ဆေးခြင်း။

**plant layout** *n.* စက်ရုံအနေအထား။



**plant location** *n.* စက်ရုံတည်နေရာ။ စက်ရုံတည်ရှိရာ။

**plant percent** *n.* ပျိုးထွက်ရာခိုင်နှုန်း။

**plant product** *n.* အပင်ထွက်ပစ္စည်း။

**plant register** *n.* စက်ရုံမှတ်တမ်းစာအုပ်။

**plaque** *n.* မော်ကွန်းကမ္ပည်းရေးထိုးထားသည့် ကျောက်ပြား၊ သတ္တုပြား။

**plasma** *n.* အဖို၊ အမဓာတ်အားအညီအမျှပါဝင်သည့်ဓာတ်ငွေ့။

**plaster** *n.* သရွတ်။ အင်္ဂတေ။ ပလတ်စတာ။ (အင်္ဂတေ) မဆလာ။

**plasterboard** *n.* မျက်နှာကြက်၊ နံရံစသည်ကာရန် အသုံးပြုသည့် ဂျစ်ပဆမ်ဘုတ်ပြား။

**plaster cast** *n.* ပုံလောင်းရန် သရွတ် ပုံစံခွက်။

**plasterer** *n.* သရွတ်ကိုင်သူ။ အင်္ဂတေပန်းရန်ဆရာ။

**plasterwork** *n.* ပန်းပြောက်ဖော်ထားသည့်မျက်နှာကြက်အင်္ဂတေဘုတ်ပြား။

**plastic** *n.* ပလတ်စတစ်။ အကြွေးဝယ်ကတ်ပြား။

**plastic arts** *n.* ပုံစံသွန်းမှု၊ ရုပ်တုပြုလုပ်ခြယ်မှုန်းမှု ပညာ။

**plastic design** *n.* ပလတ်စတစ်ဒီဇိုင်း။

**plasticine** *n.* ပလတ်စတစ်ရွှံ့။ ရွှံ့စေးကဲ့သို့ အရုပ်လုပ်နိုင်ပြီး ခြောက်သွေ့သွားခြင်း မရှိသည့် ကလေးကစားစရာ ရောင်စုံပစ္စည်း။

**plastic surgery** *n.* ရုပ်ပြင်ခွဲစိတ်ကုသမှု ပညာ။ ပလတ်စတစ်ဆာဂျရီပညာ။

**plate** *n.* ပန်းကန်ပြား။ ရွှေရည်စိမ်၊ ငွေရည်စိမ် (အသုံးအဆောင်)။ (ပုံနှိပ်) ပလိတ်ပြား။ နံပါတ်ပြား။ နာမည်ပြား။ ဖန်၊ သတ္တုအပြားအချပ်။ *v.*(ရွှေရည် ငွေရည် စိမ်သည်) စိမ်သည်။

**plate glass** *n.* (ဆိုင်မျက်နှာစာ၊ အိမ်တံခါးရွက်အဖြစ် အသုံးပြုသော) မှန်ထူပြား။

**platelayer** *n.* ရထားသံလမ်းခင်းသူ၊ ပြင်သူ။ (ရထားသံချောင်းဆက်။

www.burmeseclassic.com

www.burmeseclassic.com



**plater** *n.* သံပြားကပ်။

**plate-rack** *n.* ပန်းကန်ရေစစ်စင်။

**platform** *n.* စင်မြင့်။ စင်္ကြံ။ မီးရထားစင်္ကြံ။ စက်ယန္တရားဆင်ထားရာ စင်မြင့်။ ဘတ်စ်ကားခရီးသည် အတက်အဆင်း ခြေနင်းခုံ။

**plating** *n.* သတ္တုရည်စိမ်ခြင်း။

**platinum** *n.* ပလက်တီနမ်။ ရွှေဖြူ။

**platter** *n.* (ဟင်းပွဲပြင်ရာတွင် သုံးသော) လင်ပန်း။

**play** *n.* ပြဇာတ်။ ဇာတ်လမ်း။ ကစားပွဲ။ ကစားကွက်။ လုပ်ဆောင်မှု။ စိုးမိုးမှု။ *v.* ကပြဖျော်ဖြေသည်။ ကပြသရုပ်ဆောင်သည်။

**play-acting** *n.* ဟန်ဆောင်ခြင်း။

**play-back** *n.* ရုပ်သံဖမ်းပြီးသားဖွင့်ခြင်း အလုပ်။ ယင်းကဲ့သို့ ပြန်ဖွင့်ပြခြင်း။

**playboy** *n.* ပေါ်ကြော့လူချမ်းသာ။

**player** *n.* အားကစားသမား။ တူရိယာတီးမှုတ်သူ။

**playground** *n.* ကလေးကစားကွင်း။

**playhouse** *n.* ကဇာတ်ရုံ။ ပြဇာတ်ရုံ။

**playing-card** *n.* (စက္ကူ) ဖဲ။

**playing-field** *n.* အားကစားကွင်း။ ကစားကွင်း။

**plaything** *n.* ကစားစရာ။ (ပြုစရာ နုရတော့မည့်) အရုပ်။

**plaza** *n.* (စပိန်နိုင်ငံတွင်) မြို့တွင်းကွက်လပ်။ ဈေးရုံ။ ပလာဇာ။

**PLC** *abbr.* အများပိုင်ကုမ္ပဏီ။ Public limited company.

**plea** *n.* မေတ္တာရပ်ခံချက်။ တောင်းပန်မှု။ လျှောက်လဲချက်။

**pleasant** *adj.* ယဉ်ကျေးဖော်ရွေသော။ ချောင်ပြေပြစ်သော။ သာယာသော။

**pleasure** *n.* ပျော်ရွှင်မှု။ အပျော်အပါး။ သာယာမှု။

**pleasure-craft** *n.* အပျော်စီးလှေ၊ သင်္ဘော။

**pleat** *n.* (အထည်စ၊ ပိတ်စတွင်) ထပ်တွန့်။

**pledge** *n.* အပေါင်ပစ္စည်း။ အာမခံ။ ကတိ။ အထိမ်းအမှတ်



သက်သေ။ *v.* အာမခံအဖြစ်ထားသည်။ ပေါင်သည်။ ကတိပြုသည်။

**pledged note** *n.* လက်လွှဲပေါင်လွှဲ။

**pledgee** *n.* အပေါင်ခံသူ။

**pledger** *n.* ပေါင်နှံသူ။ ပေါင်သူ။

**plenary** *adj.* မျက်နှာစုံညီ။

**plentiful** *adj.* ပေါများသော။

**plenty** *pron.* အများအပြား။ အလုံ အလောက်။ အများကြီး။ တစ်ပုံကြီး။ တစ်ပုံ တစ်ခေါင်းကြီး။ ဖောခြင်း သောခြင်း။ ပိုပိုလျှံလျှံ။ အလျှံပယ်။

**plinth** *n.* (စေတီ) ဖိနပ်။ ပန်းတည်ခုံ။(ကျောက်တိုင်)အောက်ခံခုံ။

**plot** *n.* မြေကွက်။ မြေနေရာ။

**plough** *n.* ထယ်။ *v.* ထယ်ထိုးသည်။

**plough back** *v.* အမြတ်ငွေကို အရင်းအနှီးပြန်ထည့်၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်သည်။

**plough body** *n.* ထယ်ဒူး။ ထယ်ကိုယ်။

**plough cattle** *n.* ထယ်ထိုးကျွဲ၊ နွား။

**ploughman** *n.* ထယ်ထိုးသူ။

**ploughman's lunch** *n.* ပေါင်မုန့်၊ ဒိန်ခဲ၊ စားစိမ်၊ အသုပ်ပါဝင်သည့် နေ့လယ်စာ။

**ploughshare** *n.* ထယ်သွား။

**plug** *n.* ပလတ်ခေါင်း။ ပလတ်ပေါက်။ ကြော်ငြာ။ ကုန်ပစ္စည်း၊ စာအုပ်၊ ရုပ်ရှင် စသည်ကို လူအများ ဝယ်ယူ၊ ကြည့်ရှုရန် ထောက်ခံ ရေးသားခြင်း လွှင့်ထုတ်ပေးခြင်း။ *v.* ထပ်ကာတလဲလဲ ကြော်ငြာပေးသည်။ လူအများစိတ်ဝင်စားပြီး ဝယ်ယူလာရန် ချီးကျူးရေးသား ဖော်ပြသည်၊ ထုတ်လွှင့်သည်။

**plum** *n.* ဝင်ငွေလစာကောင်းသောအလုပ်။ အလုပ်အကိုင်ကောင်း။

**plumber** *n.* ရေပိုက်သမား။ ပိုက်ပြင်ဆရာ။

**plumbing** *n.* ရေပိုက်ဆက်သွယ်မှုစနစ်။ ပိုက်ဆက်ပိုက်ပြင်လုပ်ငန်း။

**plummet** *v.* (အိမ်မြေဈေး စသည်) ထိုးဆင်းကျသည်။

www.burmeseclassic.com

www.burmeseclassic.com



**plunder** *v.* လုယက်ယူခြင်း။ အဓမ္မယူဆောင်ခြင်း။ လုယက်ပစ္စည်း။

**plunge** *n.* (ရှယ်ယာဈေးနှုန်းစသည်) ထိုးကျသွားခြင်း၊ ထိုးဆင်းခြင်း။ *v.* (ရှယ်ယာဈေးနှုန်းစသည်) ထိုးကျသွားသည်၊ ထိုးဆင်းသွားသည်။

**plunger** *n.* (စီးပွားရေးလုပ်ငန်းတွင်) စွန့်ဦးသူ။

**plush** *n.* အမွေးပွပိုးထည်၊ ချည်ထည်။ *adj.* ဇိမ်ခံ (ဟိုတယ်၊ စသည်)။

**plus point** *n.* အားသာချက်။ ကောင်းမွန်ချက်။

**plus sign** *n.* အပေါင်းလက္ခဏာ။

**plutocracy** *n.* ဓနရှင်အစိုးရ။ ဓနရှင်အစိုးရ စိုးမိုးအုပ်ချုပ်သည့်နိုင်ငံ။

**plutocrat** *n.* ဓနအရှိန်အဝါဖြင့် သြဇာကြီးထွားနေသူ။ ဓနအရှိန်အဝါကြီးသူ။

**plutonium** *n.* ပလူတိုနီယမ်ဒြပ်စင်။ ရေဒီယို ဓာတ်သတ္တိကြွမှုရှိသော ဒြပ်စင်။

**ply** *n.* သစ်ပါးလွှာ။ အထည်စလွှာ။ (သိုးမွေး၊ ချည်ထည်စသည်) လွှန်း။

**plywood** *n.* အထပ်သား။

**pm** *abbr.* မွန်းလွဲ။ post meridiem.

**pneumatic** *adj.* လေထိုးရသော (ကားတာယာစသည်)။ လေဖိအားဖြင့် အလုပ်လုပ်ရသော။

**po** *abbr.* စာတိုက်။ post office. (စာပို့) ငွေလွှဲစာ။ postal order.

**poach** *v.* သူတစ်ပါးပိုင်နက် အတွင်းသားငါးကျေးငှက်တိရစ္ဆာန်များကို အခွင့်မရှိဘဲခိုးဖမ်းသည်။

**poacher** *n.* ပိုင်နက်ကျူးကျော်၍ သားငါးကျေးငှက်တိရစ္ဆာန်ခိုးဖမ်းသူ။

**pocket** *n.* အိတ်ကပ်။ (အကျႌ၊ ဘောင်းဘီ) အိတ်။ (ကားတံခါး၊ အဝတ်သေတ္တာ စသည်ရှိ) အိတ်။ ငွေအင်အား။ ဝယ်ယူသုံးစွဲနိုင်သော ငွေအင်အား။ *v.* (ငွေကြေးဥစ္စာစသည်တို့) ဖြောင်လိုက်သည်။ (သူတစ်ပါး၊ အများပိုင် စသည်ငွေကြေးဥစ္စာကို ကိုယ့်) အိတ်ထဲ ထည့်ပစ်လိုက်သည်။



**pocketbook** *n.* အိတ်ဆောင်မှတ်စု။ ခေါက်ပိုက်ဆံအိတ်။ *(US)* မိန်းမပိုက်ဆံအိတ်။

**pocket money** *n.* မုန့်ဖိုး။ ဈေးသုံး။ အသေးသုံး။

**point** *n.* ပွိုင့်။ ဈေးနှုန်း။ နိုင်ငံတကာ ငွေကြေးဖလှယ်နှုန်းကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြရာတွင် စတုတ္ထမြောက် ဒသမဂဏန်း။ ငွေချေးစာချုပ်တစ်ခု၏ ရာခိုင်နှုန်းအားဖြင့် မျက်မြင်တန်ဖိုးပြောင်းလဲချက်။ စတော့ရှယ်ယာ တစ်ခုချင်း ဈေးကွက်ပေါက်ဈေး တစ်ဒေါ်လာ၏ ပြောင်းလဲမှု။

**pointer** *n.* ညွှန်တံ။ အလားအလာပြ။

**point of ideal proportions** *n.* အနေတော် အချိုးအဆ။

**point of indifference** *n.* တိုးရကျိုးမနပ်သည့် အနေအထား။

**point of order** *n.* ဆွေးနွေးပွဲ၊ စည်းဝေးပွဲစည်းမျဉ်း။

**point of purchase advertising** *n.* ကုန်ပစ္စည်း အရောင်းတွင်ကျယ်စေရန် ကြော်ငြာပိုစတာများ၊ ရုပ်လုံးကြွပုံများစသည်ဖြင့် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများအတွင်း အသုံးပြုဆောင်ရွက်သည့် ကြော်ငြာနည်းလမ်းများ။

**point of sale** *n.* စားသုံးသူက ကုန်ပစ္စည်းဝယ်ယူသည့် နေရာ။

**point of view** *n.* သဘောထား။ သဘောထားရှုထောင့်။ သဘောထားအမြင်။

**point-to-point** *n.* သတ်မှတ် အကွာအဝေးအတွင်း အခက်အခဲများ ကျော်လွှားစီးနင်းရသည့် မြင်းပြိုင်ပွဲ။

**poison** *n.* အဆိပ်။ အန္တရာယ်။

**poisonous** *adj.* အဆိပ်ရှိသော။ တောက်တတ်သော။ ဥပဒ်ဖြစ်စေသော။

**poison-pen letter** *n.* မလိုမုန်းထားစိတ်ဖြင့် ရေးသောစာ။

**poison pill** *n.* ကုမ္ပဏီကို ဝယ်ယူသိမ်းပိုက်ရန် ကြိုးပမ်းမှုအပေါ်

www.burmeseclassic.com

www.burmeseclassic.com



တားဆီးရန်အတွက် ကုမ္ပဏီ ပိုင်ဆိုင်ပစ္စည်းများကိုထုတ်ဖော်ရောင်း၍ ကာကွယ်တားဆီးခြင်း။

**police** *n.* ရဲ။

**police force** *n.* ရဲတပ်ဖွဲ့။

**police station** *n.* ရဲစခန်း။

**policeman** *n.* အမျိုးသား ရဲတပ်ဖွဲ့ဝင်။ ရဲသား။

**policewoman** *n.* အမျိုးသမီး ရဲတပ်ဖွဲ့ဝင်။ ရဲမေ။

**policy** *n.* ပေါ်လစီ။ မူ။ မူဝါဒ။ အာမခံပေါ်လစီ။ အာမခံစာချုပ်။

**policy cost** *n.* ပေါ်လစီအရ ကုန်ကျတန်ဖိုး။

**policy holder** *n.* အာမခံထားရှိသူ။ အာမခံထားသူ။

**policy loan** *n.* အာမခံစာချုပ်ကို အပေါင်ထား၍ ချေးယူငွေ။ အသက်အာမခံ စာချုပ်အရ အရစ်ကျပေးသွင်းပြီး ငွေကို အပေါင်အဖြစ်ထား၍ အာမခံကုမ္ပဏီထံမှ ချေးယူငွေ။

**policy year** *n.* အာမခံစာချုပ်သက်တမ်းနှစ်။

**polish** *n.* အရောင်တင်ဆေး။ ပါလစ်။အရောင်တင်ထားသော မျက်နှာပြင်။ *v.* (အရောင်တင်ဆေးဖြင့်) ပြောင်လက်နေအောင် တိုက်ချွတ်သည်။

**polisher** *n.* အရောင်တင်စက်။

**politeness** *n.* ယဉ်ကျေးသိမ်မွေ့မှု။ ယဉ်ကျေးသိမ်မွေ့ခြင်း။

**politics** *n.* နိုင်ငံရေး။အဖွဲ့အစည်းတစ်ရပ်အတွင်း ခြေရှုပ်မှု၊ အာဏာလုမှု။

**poll** *n.* လူထုသဘောထား စစ်တမ်း နမူနာ ကောက်ယူခြင်း။ လူထုသဘောထား သိရှိနိုင်ရန် ကိုယ်စားပြုနိုင်သူအချို့ကို ရွေး၍ ဆန္ဒမေးမြန်းရယူခြင်း။ *v.* လူထုသဘော စစ်တမ်းကောက်ယူသည်။

**polling** *n.* လူထုသဘောထား စစ်တမ်းမေးမြန်းခံယူမှု။

**pollster** *n.* လူထုသဘောထား မေးမြန်းကောက်ခံသူ။

**poll tax** *n.* လူခွန်။

**pollutant** *n.* (စက်ရုံမီးခိုး၊ အမှိုက်စသည်ကဲ့သို့) ညစ်ညမ်းစေသော ညစ်ညမ်းပစ္စည်း။



**pollute** *v.* (ရေထု၊ လေထုအတွင်းသို့ တစ်စုံတစ်ရာ ထုတ်လွှတ်ခြင်းဖြင့် ပတ်ဝန်းကျင်) ညစ်ညမ်းစေသည်။

**polluter** *n.* ညစ်ညမ်းစေသော ပစ္စည်းစွန့်ထုတ်သူ။

**pollution** *n.* (ပတ်ဝန်းကျင်) ညစ်ညမ်းစေခြင်း။ (ညစ်ညမ်းစေသော) အညစ်အကြေး။

**polyester** *n.* ပိုလီယက်စ်တာထည်၊ အစ။

**polyglot** *adj.* ဘာသာစကား အများအပြား သုံးစွဲသော။ *n.* ဘာသာစကား အမျိုးမျိုးပြောဆိုနိုင်သောသူ။

**polymath** *n.* ဗဟုသုတနှံ့စပ်သူ။

**polymer** *n.* ပေါ်လီမာဒြပ်ပေါင်း။

**polypropylene** *n.* ကုလားထိုင် စားပွဲ၊ အရုပ် စသည် ပုံသွန်းပစ္စည်းလုပ်နိုင်သော ပလတ်စတစ် တစ်မျိုး။ ပေါ်လီပရိုပလင်း။

**polystyrene** *n.* (စားစရာထည့်သည့် ဘူး၊ ခွက် ပြုလုပ်လေ့ရှိပြီး အပူထိန်း) ပလတ်စတစ်ဖော့အဖြူ။

**polytechnic** *n.* သိပ္ပံနှင့် နည်းပညာ အဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်။

**polythene** *n.* ကုန်ထုတ်ပစ္စည်း၊ အိတ်အဖြစ် သုံးနိုင်သော ပျော့ပျောင်းပါးလွှာသည့် ပလတ်စတစ်။ ပေါ်လီသင်း။

**polyurethane** *n.* အိမ်သုတ်ဆေးနှင့် ပလတ်စတစ်ဖော့ပြုလုပ်ရာတွင် အသုံးပြုသည့် ပလတ်စတစ်တစ်မျိုး။ ပေါ်လီယူရသိမ်း။

**pomp** *n.* ခမ်းနားထည်ဝါမှု။

**pond** *n.* ရေကန်ငယ်။

**pontoon** *n.* ဆိပ်ခံဖော။ တံတားခင်းရန် ဆိပ်ခံသမ္ဗန်၊ ဖော။

**pontoon berth** *n.* ဆိပ်ခံဖော သင်္ဘောဆိုက်ကပ်ရာ။

**pontoon hull** *n.* ဆိပ်ခံဖောကိုယ်ထည်။

**pontoon jetty** *n.* ဆိပ်ခံဖော တံတား။

**pontoon wharf** *n.* ဆိပ်ခံဖော တံတား။

www.burmeseclassic.com

www.burmeseclassic.com



**pool** *n.* လူအများ အသုံးပြုရန် ထားရှိသော ပစ္စည်းဥစ္စာ၊ ရန်ပုံငွေ။ စီးပွားရေး အုပ်စု။ လုပ်ငန်း လိုအပ်ချက် ပေါ်ပေါက်လာသည့်အခါ အရန်သင့်ဆောင်ရွက်ပေးရန် ထားရှိသော လူစု။ *v.* အသီးသီးစုပေါင်းပါဝင်သည်။ ငွေအား၊ ပစ္စည်းအား၊ လူအား စသည် အသီးသီးစုပေါင်းထည့်ဝင်သည်။

**pool car** *n.* ရုံးသုံးရုံးသား၊ ကုမ္ပဏီဝန်ထမ်းများစသည် စုပေါင်းအသုံးပြုရန် ထားရှိသောကား၊ မော်တော်ကား၊ မော်တော်ယာဉ်။

**poolside** *n.* ရေကူးကန်ဘေး။

**poop** *n.* ပဲ့စင်ကုန်းပတ်။ ပဲ့ပိုင်း။

**poor** *adj.* အခြေခံလိုအပ်ချက်များကိုပင် မဝယ်ယူနိုင်သော။ ဆင်းရဲနွမ်းပါးသော။ ညံ့ဖျင်းသော။ ညံ့သော။ အားနည်းသော။

**poor relation** *n.* ဒုတိယတန်းစား။

**pop** *n.* ဘိလပ်ရည်။ အချိုရည်။ ခေတ်ပေါ် (ဂီတစသည်)။

**pop art** *n.* ခေတ်ပေါ်ကြော်ငြာ၊ ရုပ်ရှင်၊ ဓာတ်ပုံ စသည်တို့ဖြင့် သရုပ်ဖော်သော ပန်းချီ။

**pop festival** *n.* (ကွင်းပြင်တွင် ရက်နှင့် ချီ၍ ကျင်းပသော) ခေတ်ပေါ်တေးဂီတဝိုင်း ဖျော်ဖြေမှု။

**poplin** *n.* ပေါ်ပလင်ပိတ်စ။

**popular** *adj.* ခေတ်စားသော။ ရေပန်းစားနေသော။ လူကြိုက်များ ထင်ရှားသော။ လူအများနှစ်သက် သဘောကျသော။

**popularity** *n.* ရေပန်းစားမှု။ ထင်ပေါ်ကျော်ကြားမှု။ လူကြိုက်များခြင်း။

**popularize** *v.* (ကုန်ပစ္စည်း စသည်) နာမည်ကြီးအောင် လုပ်သည်။ (အရောင်း)တွင်ကျယ်လာစေသည်။

**population** *n.* (လူဦးရေ) သိပ်သည်းမှု။

**population centre** *n.* လူအများစုဝေးနေထိုင်ရာ။ မြို့ကြီးပြကြီး။

**population explosion** *n.* လူဦးရေ တစ်ဟုန်ထိုးတိုးပွားမှု။



**population migration** *n.* လူဦးရေ ရွှေ့ပြောင်းမှု။

**population statistics** *n.* လူဦးရေစာရင်းအင်း။

**population wave** *n.* လူဦးရေလှိုင်း။

**porcelain** *n.* ကြွေ။ ကြွေထည်။

**porcelain basin** *n.* ကြွေလက်ဆေးကန်။

**porcelain enamel** *n.* ကြွေရည်။ ကြွေဆေး။

**porch** *n.* ဆင်ဝင်။

**port** *n.* ဆိပ်ကမ်း။ သင်္ဘောဆိပ်။ ဆိပ်ကမ်းမြို့။ (သင်္ဘော၊ လေယာဉ်တို့၏) ဝဲဘက်ပိုင်း။

**portable** *adj.* သယ်ဆောင်ရလွယ်ကူသော။ ခရီးဆောင် (ရေဒီယို၊ ကွန်ပျူတာစသည်)။ *n.* ခရီးဆောင် (လက်ဆွဲအိတ်၊ မီးပူစသည်)။

**portakabin** *n.* အလွယ်တကူဖြုတ်ယူ၊ ပြောင်းရွှေ့ပြင်ဆင်နိုင်သော အခန်း။

**portal** *n.* မုခ်ဝ။ အပေါက်ဝ။ ဝင်းဝ။

**portal and harbour engineering** *n.* သင်္ဘောဆိပ် အင်ဂျင်နီယာပညာ။

**portal-to-portal pay** *n.* အလုပ်လုပ်ခဲ့ရသည် ဖြစ်စေ၊ မလုပ်ကိုင်ခဲ့ရသည် ဖြစ်စေ လုပ်ငန်းခွင် ဥပစာအတွင်း ကုန်လွန်ခဲ့ရသည့် အချိန်အပေါ်တွင် မူတည်၍ပေးသော လုပ်အားခ။

**portal bill of lading** *n.* ဆိပ်ကမ်းကုန်တင်တန်ဆာ။

**port authority** *n.* ဆိပ်ကမ်းအာဏာပိုင်။

**port clearance certificate** *n.* သင်္ဘောထွက်ခွင့် လက်မှတ်။

**port due** *n.* ဆိပ်ကမ်းခွန်။

**porte cochere** *n.* ရထားဝင်တံခါး။

**port fee** *n.* ဆိပ်ကမ်းခ။ ဆိပ်ကမ်းခွန်။

**portfolio** *n.* ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု အစုစု။ ရင်းနှီးမြှုပ်နှံသူ (သို့) ငွေကြေးအဖွဲ့အစည်းတစ်ခုက ပိုင်ဆိုင်သည့်ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းစု။ စာရွက်

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းထည့်ရန်သေတ္တာ၊အိတ်။ ကိုယ်ရေးဂုဏ်ဒြပ်အချက်အလက်အစုစု။

**portfolio management** *n.* ဆုံးရှုံးမှု အနည်းဆုံး၊ အကျိုးအမြတ်အများဆုံး ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းအမျိုးမျိုးကို လေ့လာဆန်းစစ်၍ဝယ်ယူ၊ရောင်းချခြင်း။

**porthole** *n.* (သင်္ဘော၊ လေယာဉ်ဘေးဘက်) ပြတင်း (အဝိုင်း)။

**portico** *n.* ဆင်ဝင်။ မုခ်။ ပေါ်တီကို။ တိုင်လုံးကြီးများဖြင့် ခမ်းနားသောဆင်ဝင်။

**portion** *n.* အပိုင်း။ အစိတ်အပိုင်း (သို့) ဝေစု။ တစ်ယောက်စာပြင်ပေးသော စားပွဲ။

**portland stone** *n.* အဆောက်အအုံဆောက်ရာတွင် သုံးသည့် ဝါကြင့်ကြင့် ထုံးကျောက်တစ်မျိုး။

**port of entry** *n.* ခရီးသည်နှင့်ကုန်စည်များ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ဝင်ရောက်ရာနေရာ။

**port of exist** *n.* ခရီးသည်နှင့်ကုန်စည်များ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ထွက်ခွာရာနေရာ။

**portrait** *n.* (လူ) ပုံတူ (ပန်းချီဓာတ်ပုံ)။

**portraitist** *n.* (လူ) ပုံတူ ရေးဆွဲရိုက်ကူးသူ။

**portraiture** *n.* ပုံတူရေးပညာ။

**port side** *n.* (သင်္ဘော၊ လေယာဉ်) ဝဲဘက်၊ ဝဲဘက်ပိုင်း။

**posh** *adj.* တန်ဖိုးကြီးသော (ကား၊ ဟိုတယ်စသည်)။ အပျံစား။

**position** *n.* အလုပ်အကိုင်။ နေရာ။ ရာထူး။ အခြေအနေ။ အနေအထား။ အလုပ်ရာထူးဂုဏ်သိန်။

**positive** *adj.* တိုးတက်မှုရှိသော။ အပေါင်းလက္ခဏာဆောင်သော။ အပြုသဘော ဆောင်သော။

**possession** *n.* လက်ဝယ်ရှိခြင်း။ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာ။

**possession utility** *n.* ပိုင်ဆိုင်ရကျိုး။

**possessor** *n.* ပိုင်ရှင်။



**possessory lien** *n.* လက်ဝယ်ထား သက်ဆိုင်ခွင့်။

**possible** *n.* အလားအလာရှိသူ။ *adj.* ဖြစ်နိုင်သော။

**post** *n.* အလုပ်။ ရာထူး။ တာဝန်ကျရာ။ စာ၊ ချောထုပ်၊ ပါဆယ်စသည်။ စာတိုက်။ ချောပို့။ *v.* တာဝန်ပေးသည်။ တာဝန်ချသည်။ နေရာချထားသည်။ (အလုပ်) ခန့်သည်။ စာထည့်သည်။ စာတိုက်မှ ပို့သည်။

**postage** *n.* စာပို့ခ။ ချောထုပ်ပို့ခ။

**postage stamp** *n.* စာပို့တံဆိပ်ခေါင်း။

**postal** *adj.* စာတိုက်မှ ပေးပို့သော။ စာတိုက်မှပို့သော။

**postal code** *n.* စာပို့သင်္ကေတ။

**postal order** *n.* (စာပို့) ငွေလွှဲစာ။ ငွေပို့လွှာ။

**postal savings** *n.* စာတိုက်ငွေစုစနစ်။

**postal savings certificate** *n.* စာတိုက်ငွေစုလက်မှတ်။

**post and telecommunications** *n.* စာတိုက်နှင့် ဆက်သွယ်ရေး။

**post and teledgraph services** *n.* စာတိုက်နှင့် ကြေးနန်းဆောင်ရွက်မှု။

**postaudit** *n.* သုံးပြီးစာရင်းစစ်။

**postbag** *n.* စာဝေအိတ်။

**postbox** *n.* စာတိုက်ပုံး။

**postcard** *n.* ပို့စကတ်။

**postcode** *n.* စာပို့သင်္ကေတ။

**postdate** *v.* နှောင်းရက်စွဲတပ်သည်။ စာရွက် စာတမ်း၊ ချက်လက်မှတ်စသည်တွင် အမှန်တကယ် ရေးသားသည့် ရက်စွဲထက် နောက်ကျသည့် ရက်စွဲကိုတပ်သည်။

**poster** *n.* ပိုစတာ။ နံရံကပ်ကြော်ငြာ။ နံရံအလှကပ်ပုံနှိပ်ကားချပ်ကြီး။

**poste restante** *n.* လိပ်စာရှင်ကိုယ်တိုင် လာရောက်ရွေးယူရမည့် စာများ၊ ချောထုပ်များကို ထိန်းသိမ်းထားသည့် စာတိုက်ဌာနခွဲ။

www.burmeseclassic.com

www.burmeseclassic.com



**poster's examiner's day book** *n.* စာရင်းသွင်းသူနှင့် စစ်ဆေးသူ နေ့စဉ်မှတ်တမ်း။

**postfree** *adj.* စာပို့ခလွတ်။ စာပို့ခကင်းလွတ်သော။ စာပို့ခပေးဆောင်ပြီး ဖြစ်သော။

**postgraduate** *n.* ဘွဲ့လွန်ဒီပလိုမာ၊ ဒီဂရီသင်တန်းသား။

**postindustrial** *adj.* အကြီးစားစက်မှုခေတ်ကို ကျော်လွန်ပြီး ဖြစ်သော (မြို့၊ ဒေသ၊ လူ့အသိုင်း အဝိုင်းစသည်)။

**posting** *n.* စာရင်းသွင်းခြင်း။ အလုပ်တာဝန်ကျရာနေရာ။ပြောင်းရွှေ့ခန့်အပ်သည့် ရာထူး။

**posting stamp** *n.* စာရင်းသွင်းခြင်း တံဆိပ်တုံး။

**postman** *n.* စာပို့လုလင်။

**postmark** *n.* (စာပို့သည့်နေရာ၊ ရက်စွဲနှင့် စာပို့တံဆိပ်ခေါင်း အသုံးပြုပြီးကြောင်း ဖော်ပြရန် ရိုက်နှိပ်ထားသည့်) စာတိုက်တံဆိပ်။

**postmarked** *adj.* စာတိုက်တံဆိပ် ရိုက်နှိပ်ထားသော။

**postmaster** *n.* စာတိုက်မှူး။ ဆက်သွယ်ရေးစခန်းမှူး။

**post office** *n.* စာတိုက်။

**postponement** *n.* ရွှေ့ဆိုင်းထားခြင်း။

**postscript** *n.* စာကြွင်း။ နောက်ဆက်တွဲ။

**postulate** *n.* (ဆွေးနွေးဆင်ခြင်ရာတွင် အခြေခံအဖြစ် ထားရှိရန်) အမှန်အဖြစ်ယူသည်။

**pot** *n.* အိုး။ ကရား။

**potash** *n.* ပြာခါတ်။

**potassium** *n.* ပိုတက်စီယမ် ဒြပ်စင်။

**potdar** *n.* ငွေစစ်သူ။ ငွေစစ်သမား။

**potdar slip** *n.* ငွေစစ်သူ ဖြတ်ပိုင်း။ ငွေစစ်သမား ဖြတ်ပိုင်း။

**potential** *adj.* အလားအလာရှိသော။ *n.* တိုးတက်ကောင်းမွန်လာနိုင်သော အလားအလာ။

**potential client** *n.* ဖောက်သည်ဖြစ်ရန် အလားအလာရှိသူ။

**potential demand** *n.* အကြောင်းရှိသော အနုတ်အသိမ်း။



**potential market** *n.* အလားအလာကောင်းသော ဈေးကွက်။

**potential stock** *n.* အလားအလာကောင်းသော စတော့ရှယ်ယာ။ ရောင်းချရန် အကြောင်းမရှိသေးသော စတော့ရှယ်ယာ။

**pothole** *n.* (ရေတိုက်စား၍ ဖြစ်ပေါ်လာသည့်) ကျောက်ဂူ၊ ကျောက်ကလိုင်။ လမ်းပေါ်ရှိ ကျင်း၊ ချိုင့်၊ တွင်း။

**pot plant** *n.* အိုးဖြင့် စိုက်သော အပင်မျိုး။

**potter** *n.* အိုးလုပ်သူ။ အိုးထိန်းသည်။

**potter's wheel** *n.* အိုးထိန်းစက်။

**pottery** *n.* အိုးလုပ်ငန်း။ မြေအိုးမြေထည်ပစ္စည်း။ အိုးလုပ်ငန်းအတတ်။

**poultry** *n.* ဥစား၊ အသားစားအတွက် မွေးမြူသော ကြက်၊ ဘဲ၊ တိရစ္ဆာန်။

**pound** *n.* စတာလင်ပေါင်ငွေ။ ပေါင် (အလေးချိန်)။ (၀.၄၅၄ ကီလိုဂရမ်နှင့် ညီမျှသော) အလေးချိန်။ စည်းကမ်းမဲ့ ရပ်နားယာဉ်များကို ပိုင်ရှင်လာရွေးသည်အထိ ထိန်းသိမ်း ထားသည့် စခန်း။ လေလွင့်ကြောင်၊ ခွေးများကို ပိုင်ရှင်လာရွေးသည် အထိ ထိန်းသိမ်းထားသည့် နေရာ။

**poundage** *n.* (တစ်) ပေါင်နှုန်း။ ပေါင်ချိန်။

**poverty** *n.* ဆင်းရဲခြင်း။ ညံ့ဖျင်းနုံချာမှု။

**poverty trap** *n.* ဆင်းရဲခြင်းဝဲဩဃ သံသရာ။

**powder** *n.* အမှုန့်။

**powdered** *adj.* (အရည်ကို ခြောက်သွေ့အောင် ပြုလုပ်၍) အမှုန့်ပြုလုပ်ထားသော။

**powder-room** *n.* အမျိုးသမီးသန့်စင်ခန်း။

**power** *n.* စွမ်းအင်။ အခွင့်အာဏာ။ ဩဇာအာဏာ။ အင်အား။ တတ်နိုင်စွမ်း။ လျှပ်စစ်ဓာတ်အား။ လျှပ်စစ် (သို့) ယန္တရားစွမ်းအား ပံ့ပိုးပေးထားသော စက်ကိရိယာ။ (အင်ဂျင်) စွမ်းအား။

www.burmeseclassic.com

www.burmeseclassic.com



**powerboat** *n.* စက်အားကောင်းသော (ပြိုင်မောင်းရန်စသည်) မော်တော်ဘုတ်။

**power cut** *n.* လျှပ်စစ်ဓာတ်အားပြတ်တောက်မှု။

**power consumption** *n.* စွမ်းအားအသုံး။ စွမ်းအားသုံးစွဲမှု။

**power factory** *n.* စက်အား။ စက်စွမ်းအား။

**power level** *n.* စွမ်းအားအဆင့်။

**power line** *n.* ဓာတ်အားလိုင်း။

**power loom** *n.* စက်ရက်ကန်း။

**power machine** *n.* စွမ်းအားစက်။ ပါဝါစက်။

**power of attorney** *n.* ကိုယ်စားလှယ်လွှဲစာ။

**power plant** *n.* လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

**power saw** *n.* စက်လွှ။

**power station** *n.* **Also** power plant.

**power supply** *n.* စွမ်းအားပင်ရင်း။

**power test** *n.* စွမ်းအားစစ်ဆေးချက်။

**power transmission** *n.* စွမ်းအားပို့လွှတ်ခြင်း။

**PPI** *abbr.* ကာလတစ်ခုအတွင်း ကုန်ထုတ်လုပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းအတက်အကျကိန်းဂဏန်းများ။ Producer Price Indcx.

**practical** *adj.* လက်တွေ့။ လက်တွေ့ကျသော။ ဖြစ်နိုင်ခြေရှိသော။ *n.* လက်တွေ့ စစ်မေးခြင်း။ လက်တွေ့ သင်ခန်းစာ။

**practical record** *n.* လက်တွေ့မှတ်တမ်း။

**practical work** *n.* လက်တွေ့အလုပ်ပီ။

**practice** *n.* လက်တွေ့လုပ်ခြင်း။ လက်တွေ့။ လေ့ကျင့်မှု။အလေ့အကျင့်။ (ရှေ့နေ၊ ဆရာဝန်စသည်၏) လုပ်ငန်း၊ အလုပ်။ ဆောင်ရွက်ခြင်း။

**practise** *v.* လေ့ကျင့်သည်။ ကျင့်သုံးသည်။ (ရှေ့နေ၊ ဆရာဝန်စသည်ဖြင့်) လုပ်ကိုင်သည်။

**practitioner** *n.* အတတ်ပညာတစ်ရပ်ရပ်ကို လက်တွေ့ကျင့်သုံးသူ။ (ဆေးပညာဖြင့်) အသက်မွေးသူ။ ဆရာဝန် အလုပ်လုပ်ကိုင်သူ။



**preaudit** *n.* ကြိုတင်စာရင်းစစ်ခြင်း။ မသုံးမီ စာရင်းစစ်ခြင်း။

**pre-cast** *adj.* ကြိုတင်ပုံစံလောင်းထားသော (ကွန်ကရစ်တုံး)။

**precaution** *n.* ကြိုတင်ကာကွယ်မှု။

**precedence** *n.* ဦးစားပေးမှု။

**precedent** *n.* သာဓက။ အစဉ်အလာ။ ထုံးတမ်း။

**precept** *n.* စည်းမျဉ်း။ ပညတ်ချက်။ ကျင့်ဝတ်သီလ။

**precinct** *n.* သီးသန့်သတ်မှတ်နေရာ။ ယာဉ်မဝင်ရနေရာ။ ပရိဝုဏ်။ ပရဝဏ်။

**precipitation** *n.* (မိုး) ရွာခြင်း၊ (ဆီးနှင်း) ကျခြင်းပမာဏ။

**preclusive buying** *n.* သိမ်းကျုံးဝယ်ယူခြင်း။

**predator** *n.* စီးပွားရေး၊ လူမှုရေးတွင် သရဲမရဲစီးနေသူ။ ခေါင်းပုံဖြတ် အမြတ်ကြီးစား။

**predatory pricing** *n.* ပြိုင်ဘက်စီးပွားရေးလုပ်ငန်းများကို အပြုတ်တိုက်ရန် ကုန်ပစ္စည်းဈေးနှုန်းကို လွန်လွန်ကဲကဲ၊ အဆမတန်ဈေးနှုန်းလျှော့ချခြင်း။

**pre-empt** *v.* လက်ဦးသွားသည်။ ကြိုတင်ဟန့်တားသည်။

**pre-emption** *n.* ဦးဦးဖျားဖျားဝယ်ယူခွင့်။ (စာရင်းဝင်ပြီး အစုစပ်သမားကို) ဦးစားပေးခြင်း။

**pre-emptive rights** *n.* ကုမ္ပဏီဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းအရ စတော့ရှယ်ယာအသစ်များကို လက်ရှိ မူလစတော့ပိုင်ရှင်များက ကနဦး ဝယ်ယူပိုင်ဆိုင်ခွင့်ရှိသည့် အခွင့်အရေး။ ဦးစွာဝယ်ယူခွင့်။

**pre-evacuation liabilites** *n.* စစ်မပြေးမီက ပေးရန် တာဝန်များပြားခြင်း။

**prefab** *n.* အသင့်ထုတ်လုပ်ထားသည့် အစိတ်အပိုင်းများဖြင့် ဆောက်လုပ်သော အိမ်၊ အဆောက်အအုံ။

www.burmeseclassic.com

www.burmeseclassic.com



**prefabricated** *adj.* အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် ဆောက်လုပ်ထားသော (အိမ်၊ အဆောက်အအုံ)။

**prefer** *v.* ပိုမိုနှစ်သက်သည်။ ဆန္ဒရှိသည်။ တင်သွင်းသည်။

**preferable** *adj.* ပိုမို နှစ်သက်သော။ တင်သွင်းနိုင်သော။

**preference** *n.* ပိုမိုနှစ်သက်ခြင်း။ အခွင့်အရေး။ နှစ်သက် လိုလားမှု။ ဦးစားပေးမှု။ အကြိုက်ဆုံးအရာ။ ဦးစားပေးခံဝန်ချုပ်။

**preference creditors** *n.* ဦးစားပေးမြီရှင်။

**preference dividend** *n.* ဦးစားပေး အမြတ်ဝေစု။

**preference shares** *n.* ဦးစားပေး အစုရှယ်ယာ။

**preference shares capital** *n.* ဦးစားပေး အစုရှယ်ယာ မတည်ငွေ။

**preference stock** *n.* ဦးစားပေးစတော့ရှယ်ယာ။

**preferential** *adj.* ဦးစားပေး။ ဦးစားပေးသော။

**preferential creditor** *n.* ဦးစားပေးမြီရှင်။ ကုမ္ပဏီဖျက်သိမ်းခဲ့လျှင် အခြားသူများထက် ဦးစွာ ကြွေးမြီပေးဆပ်ခြင်းခံရမည့်မြီရှင်။

**preferential duty** *n.* ဦးစားပေး အကောက်ခွန်။ ငဲ့ကွက်အကောက်ခွန်။

**preferential shop** *n.* ဦးစားပေးအရောင်းဆိုင်။

**prefered stock** *n.* ဦးစားပေးစတော့ရှယ်ယာ။

**prefix** *n.* ရှေ့ဆက် (ပုဒ်)။

**preheat** *n.* (လိုအပ်သည့် အပူချိန်အထိ) ဖိုကို ကြိုတင် အပူပေးထားခြင်း။

**preliminary analysis** *n.* ရှေးဦးစိစစ်ခြင်း။

**preliminary expenses** *n.* ပဏာမ ကုန်ကျစရိတ်။ ရှေးဦးကုန်ကျစရိတ်။

**preliminary report** *n.* ရှေးဦးအစီရင်ခံစာ။

**preliminary test** *n.* ရှေးဦးစစ်ဆေးခြင်း။



**premier** *adj.* ပထမတန်းဖြစ်သော။ ပထမတန်းစား ဖြစ်သော။

**premiere** *n.* ပွဲဦးထွက်တင်ဆက်ခြင်း။ ဦးဆုံးပွဲ။ ပွဲဦးထွက်ပွဲ။ *v.* ပထမဆုံးအကြိမ် တင်ဆက်သည်။ ပွဲဦးထွက်တင်ဆက်သည်။

**premises** *n.* အဆောက်အအုံတစ်ခုနှင့် ယင်းဥပစာ။

**premium** *n.* အာမခံအတွက် အရစ်ကျပေးသွင်းငွေ။ ပရီမီယံ။ ပရီမီယံကြေး။ အာမခံကြေး။ အတိုးတွင် ထပ်ဆောင်းငွေ။ အာမခံငွေ။

**premium on debentures** *n.* ရှုန်းသေဒီဗင်ချာစာချုပ်အာမခံငွေ။

**premium on lease** *n.* အငှားပေါ် အာမခံငွေ။

**premium pay** *n.* အပိုလုပ်ခ။

**premium share** *n.* အစုရှယ်ယာပေါ် အာမခံငွေ။

**premium stock** *n.* ငွေပိုပေးစတော့ရှယ်ယာ။

**prepack** *v.* ကုန်ပစ္စည်းများကိုဆိုင်များဆီသို့ မဖြန့်ဝေမီထုပ်ပိုးသည်။

**pre-package** *v.* **Also** pre-pack.

**prepaid** *pp.* ကြိုတင်ငွေပေးချေပြီး။ ကြိုတင်ပေး။ ကြိုပေး။

**prepaid calls** *n.* ခေါ်ငွေကြိုပေး။

**prepaid card** *n.* ကြိုတင်ငွေပေးကတ်။

**prepaid expense** *n.* စရိတ်ကြိုပေး။ ကြိုတင်ပေး အသုံးစရိတ်။

**prepaid premium** *n.* အပိုဆောင်းငွေကြိုပေး။

**preparation** *n.* သုံးစွဲရန် အသင့်ဖော်စပ်ပြီးဆေး။

**prepare** *v.* အသင့်ပြင်ဆင်သည်။ အစားအသောက် ပြင်ဆင်သည်။ ဓာတုဗေဒနည်းဖြင့်ဖော်စပ်သည်။

**prepayment** *n.* ကြိုတင်ပေးငွေ။ စရန်ငွေ။ ကြိုတင်ပေးခြင်း။

**prerequisite** *n.* မရှိမဖြစ်ရှိထားရမည့် လိုအပ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



**prescription** *n.* (ဆရာဝန်)ဆေးညွှန်း။ ဆေးစာ။ (သောက်သုံးရန်ဆေး စသည်) ညွှန်ကြားခြင်း။ (ပိုင်ဆိုင်ခွင့်) သတ်မှတ်ထားခြင်း။

**presence** *n.* ရှိနေခြင်း။ တက်ရောက်ခြင်း။

**present** *adj.* မျက်မှောက်ဖြစ်သော။ လက်ရှိ။ ရောက်ရှိနေသော။ *n.* လက်ဆောင်။ *v.* တင်ပြသည်။ တင်သွင်းသည်။ တောင်းခံသည်။ ပေးအပ်သည်။ လက် ဆောင်ပေးသည်။ စတင်ကြော်ငြာရောင်းချသည်။ (ငွေပေးချေရန်၊ထုတ်ပေးရန် ပြေစာ၊ ချက် လက်မှတ်စသည်) တင်သည်၊ ပေးပို့သည်။

**presentation** *n.* ဂုဏ်ပြု လက်ဆောင် ပေးအပ်ခြင်း။ အသစ်ထုတ်လုပ်လိုက်သောကုန်ပစ္စည်း၊ လုပ်ငန်းဆိုင်ရာ သဘောတရား နည်းနာအသစ် စသည် မိတ်ဆက်တင်ပြသည့် အခမ်းအနား။ ဖျော်ဖြေရေးအစီအစဉ်တင်ပြမှု။

**presentation of a cheque** *n.* ချက်လက်မှတ် တင်ပြခြင်း။

**presentation of bill** *n.* ငွေတောင်းခံလွှာ တင်ပြခြင်း။

**presented** *pt.* တင်ပြပြီး။ တောင်းခံပြီး။

**present value** *n.* လက်ငင်းတန်ဖိုး။

**preservation** *n.* ကြာရှည်ခံအောင် ပြုခြင်း။ ကြာရှည်ခံစေခြင်း။ သိုမှီးထားခြင်း။ ထိန်းသိမ်းထားရှိခြင်း။ ယိုယွင်းမှု မရှိဘဲ အကောင်းပကတိရှိခြင်း။

**preservation of wood** *n.* သစ်ကို တာရှည်ခံရန် စိမ်ခြင်း။

**preservation test** *n.* ကြာရှည်ခံ စစ်ဆေးခြင်း။

**preservative** *n.* တာရှည်ခံဆေး။ ထိန်းဆေး။

**preservatives** *n.* ကြာရှည်ခံဆေး။ ကြာရှည်ခံပစ္စည်း။

**press** *n.* စာနယ်ဇင်းဆရာများနှင့် ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်တင်ဆက်သူများ။ စာနယ်ဇင်းသမားများ။ ပုံနှိပ်စက်။



**press agency** *n.* သတင်းဌာန။

**press agent** *n.* ကြော်ငြာတာဝန်ခံ။ စာနယ်ဇင်းတွင် ကြော်ငြာထည့်ရန်၊ သတင်းထုတ်ပြန်ရန် ကိစ္စများအတွက် ခန့်အပ်ထားသူ။

**press-box** *n.* (အားကစားပွဲ စသည်တွင်) စာနယ်ဇင်းဆရာများအတွက် သီးသန့်နေရာ။

**press conference** *n.* သတင်းစာ ရှင်းလင်းပွဲ။

**pressed** *adj.* (ငွေ) ပြတ်လပ်နေသော။

**press handout** *n.* သတင်းလွှာ။

**pressing** *n.* ဖိစက်ဖြင့် ပုံသွင်းထားသော ပစ္စည်း။ ဖိစက်ဖြင့် တစ်သုတ်ထုတ်လုပ်ထားသော ပုံသွင်းပစ္စည်း။

**press office** *n.* (စီးပွားရေးလုပ်ငန်း၊ အဖွဲ့အစည်း စသည်၏) သတင်းထုတ်ပြန်ရေးဌာန။

**press officer** *n.* သတင်းဌာန တာဝန်ခံ။

**press release** *n.* သတင်းထုတ်ပြန်ချက်။ တရားဝင် ကြေညာချက်။

**press report** *n.* သတင်းစာတွင် ပါရှိသော သတင်း။

**pressure** *n.* ဖိအား။ ဖိအားပမာဏ။ လေထုဖိအား။

**pressure-cooker** *n.* လေလုံပေါင်းအိုး။

**pressure group** *n.* (အစိုးရ၊ အဖွဲ့အစည်းတစ်ရပ်ကို) ၎င်းတို့ ဦးတည်သည့် ကိစ္စတစ်ရပ်အတွက်နည်းအမျိုးမျိုးဖြင့်အရေးဆိုသော အဖွဲ့။

**prestige** *n.* ဂုဏ်ဒြပ်။ ဩဇာတိက္ကမ။ သိက္ခာ။

**prestigious** *adj.* ဂုဏ်သတင်းကြီးသော။

**pre-tax** *adj.* အခွန်ငွေ မနုတ်ရသေးမီဖြစ်သော။ အခွန်မကောက်မီ။

**pre-tax income** *n.* အခွန် မကောက်ခံမီဝင်ငွေ။ ဝင်ငွေခွန်မနုတ်ခင် ဝင်ငွေ။

**pretence** *n.* ဟန်ဆောင်မှု။ အယောင်ဆောင်မှု။

**pretend** *v.* ဟန်ဆောင်သည်။ အယောင်ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**pretender** *n.* (ကန့်ကွက်နေသည့်ကြားမှ) တောင်းဆိုသူ။

**pretension** *n.* ဟိတ်ဟန်များခြင်း။ အယောင်ဆောင်ခြင်း။

**pretentious** *adj.* ဟန်များသော။ လေလုံးထွားသော။

**preternatural** *adj.* ထူးခြားသော။ သဘာဝကို လွန်ဆန်သော။

**pre-testing** *n.* ကြော်ငြာ ထိရောက်မှု မည်မျှအကျိုးသက်ရောက်သည်ကို သိနိုင်ရန် စမ်းကြည့်ခြင်း။

**prettify** *v.* ရှုချင်စဖွယ်ဖြစ်အောင် (တိုက်ခန်း၊အိမ်စသည်)ပြင်ဆင်ထားသည်။

**(a) pretty penny** *(IDM)* ငွေအတော်များများ။

**preventive maintenance** *n.* ငွေကုန်ကြေးကျများသည့် အကြီးစားပြင်ဆင်မှုများနှင့် အစားထိုးလဲလှယ်ရမှုများ လျော့နည်းရန် လုပ်ငန်းသုံးစက်ယန္တရား၊ ကိရိယာ တန်ဆာပလာများကို စနစ်တကျပြုပြင်ထိန်းသိမ်းထားရှိခြင်း။

**preview** *n.* ရုံမတင်မီ ပြသသောအထူးပွဲ။ ပွဲမထုတ်မီ ကြိုတင်သတင်းပို့ချက်၊ အသိပေးခြင်း။ *v.*အထူးပွဲပြသ၊တင်ဆက်သည်။

**price** *n.* ဈေးနှုန်း။ ဈေး။တန်ဖိုး။ အဖိုး။ *v.* ဈေးနှုန်း သတ်မှတ်သည်။

**price ceiling** *n.* ခေါင်ဈေး နှုန်းသတ်မှတ်ခြင်း။

**price competition** *n.* ဈေးနှုန်းပြိုင်ဆိုင်မှု။

**price consumption line** *n.* ဈေးနှုန်းနှင့် စားသုံးမှုမျဉ်း။

**price control** *n.* ဈေးနှုန်းကန့်သတ်မှု။ ဈေးနှုန်းကန့်သတ်ခြင်း။

**price-control legislation** *n.* ဈေးနှုန်းကြီးကြပ်ရေး ဥပဒေပြုခြင်း။

**price current** *n.* ကာလပေါက်ဈေးနှုန်းများ။

**price-cutting** *n.* ဈေးကွက်တွင် အခြားသူများထက် ပိုမိုရောင်း



ချရစေရန် စနစ်တကျ ဈေးနှုန်းလျှော့ချခြင်း။

**price discrimination** *n.* ဈေးနှုန်းခွဲခြားခြင်း။

**price dividend ratio** *n.* ရှယ်ယာတစ်ခု၏ လက်ရှိပေါက်ဈေးကို လွန်ခဲ့သောနှစ်က ယင်းရှယ်ယာအတွက် ရရှိခဲ့သည့် အမြတ်ဝေစုဖြင့် စား၍ရသောအချိုး။

**price-earnings ration** *n.* အစုရှယ်ယာတစ်ခု၏ လက်ရှိပေါက်ဈေးကို လွန်ခဲ့သောနှစ်က ယင်းရှယ်ယာရရှိသော ဝင်ငွေဖြင့် စား၍ရသော အချိုး။

**price elasticity** *n.* ဈေးနှုန်းအလျှော့အတင်း။

**price exwarehouse** *n.* ကုန်လှောင်ရုံဈေးနှုန်း။

**price fixing** *n.* ဈေးနှုန်းသတ်မှတ်ခြင်း။

**price floor** *n.* အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ခြင်း။

**price fluctuation** *n.* ဈေးနှုန်းအတက်အကျ။

**price guarantee** *n.* ဈေးနှုန်းအာမခံ။

**price index** *n.* လက်လီဈေးနှုန်းအညွှန်းကိန်း။

**Price Jones curve** *n.* ဂျုန်း(စ်)ဈေးနှုန်းမျဉ်းကွေး။

**price leadership** *n.* အဓိကကျသည့် စီးပွားရေးလုပ်ငန်းကြီးတစ်ခုကဈေးနှုန်းအပြောင်းအလဲဦးဆောင်သတ်မှတ်ရာတွင်ပါဝင်လုပ်ဆောင်မှု။

**price level** *n.* ဈေးနှုန်း အဆင့်အတန်း။ ဈေးနှုန်းအခြေအနေ။

**price line** *n.* ဈေးနှုန်းမျဉ်း။

**price list** *n.* ဈေးနှုန်းစာရင်း။ ကုန်ဈေးနှုန်း (ပေါက်ဈေး) စာရင်း။

**price loco** *n.* ဒေသပေါက်ဈေး။ အရပ်ပေါက်ဈေး။

**price mechanism** *n.* ဈေးနှုန်းယန္တရား။

**price movement** *n.* ဈေးနှုန်းလှုပ်ရှားမှု။

**price quotation** *n.* ဈေးနှုန်းဆိုခြင်း။ ဈေးနှုန်းခေါ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**price range** *n.* သတ်မှတ်ချက်နှစ်ခုကြားရှိ ဈေးနှုန်း။

**price relative** *n.* နှိုင်းယှဉ်ဈေးနှုန်း။

**price ring** *n.* ကုန်ပစ္စည်းတစ်မျိုးအတွက် ဈေးအနိမ့်ဆုံး ရောင်းချရမည့် ဈေးနှုန်းကိုသဘောတူသတ်မှတ်ထားကြသော အမျိုးတူကုန်ပစ္စည်းရောင်းချသူများ။

**prices and incomes policy** *n.* ငွေဖောင်းပွမှု လျော့နည်းရန်နှင့် တိုင်းပြည်စီးပွားရေး တည်ငြိမ်မှုရှိရန် ဈေးနှုန်းနှင့် လုပ်အားခ၊ လုပ်ခများကို အစိုးရထိန်းချုပ်ထားသည့်စနစ်။

**price spread** *n.* ဈေးနှုန်းခြားနားချက်။ အမြတ်အစွန်း။

**price stabilization** *n.* ဈေးနှုန်းတည်တံ့စေရေး။

**price support** *n.* ဈေးနှုန်းထောက်ပံ့မှု။

**price system** *n.* ဈေးနှုန်းစနစ်။ စားသုံးသူကြိုက်ဈေးနှုန်းစနစ်။

**price-tag** *n.* ကုန်ပစ္စည်းတွင်ချိတ်ဆွဲထားသည့် ဈေးနှုန်း အမှတ်အသား။ ကုန်ကျစရိတ်။

**price trend** *n.* ဈေးနှုန်းပြောင်းလဲပုံ။

**price variance** *n.* ကုန်ထုတ်လုပ်မှု ခန့်မှန်းခြေကုန်ကျစရိတ်နှင့် အမှန်ကုန်ကျစရိတ်တို့၏ ခြားနားမှု။

**price war** *n.* ပြိုင်ဘက်ကုမ္ပဏီများ အပြိုင်အဆိုင်ဈေးလျှော့ရောင်းခြင်း။

**pricey** *adj.* ဈေးကြီးသော။

**pricing** *n.* ဈေးနှုန်းသတ်မှတ်ခြင်း။

**pricing out of the market** *n.* ပေါက်ဈေးနှုန်းကို ဖျက်ဈေးခေါ်ခြင်း။

**pricing policy** *n.* ဈေးကွက်အရ ပြိုင်ဘက်လုပ်ငန်းများထက် မိမိလုပ်ငန်းက အမြတ်အစွန်းပို၍ရစေရန် မိမိကုန်ပစ္စည်း ဈေးနှုန်းသတ်မှတ်သည့် ပေါ်လစီ၊ မူဝါဒ။

**primage** *n.* (ကွဲအက်လွယ်သော ကုန်ပစ္စည်းများ) ကိုင်တွယ်ရာတွင် ဂရုတစိုက် လုပ်ဆောင်



ရခြင်းအတွက် သင်္ဘောတင်ခ အပြင်ထပ်၍ အပိုဆောင်းပေးရသည့် အဖိုးအခ။

**primary deposit** *n.* မူလအပ်ငွေ။

**primary industry** *n.* သတ္တုတူးဖော်ခြင်း စသည်ကဲ့သို့ ကုန်ကြမ်းရရှိရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်း။

**primary items** *n.* အခြေခံကုန်စည်များ။

**primary market** *n.* ကနဦးစတင်ရောင်းချသည့် ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများကို အရောင်းအဝယ် ပြုလုပ်သော ငွေကြေးဈေးကွက်။

**primary money** *n.* စံနှုန်းငွေ။

**primary principle** *n.* အခြေခံသဘောတရား။

**primary production** *n.* ကောက်ပဲသီးနှံ၊ ရေနံ၊ ဓာတ်သတ္တု၊ သစ်၊ တွင်းထွက်ပစ္စည်းနှင့် အခြားသဘာဝသယံဇာတ ရင်းမြစ်များကို ထုတ်လုပ်ခြင်း။

**primary reserves** *n.* မူလသီးသန့်ငွေ။ မူလအဆင့်သီးသန့်ငွေ။

**prime** *adj.* အကောင်းဆုံး။ ထိပ်တန်း။ အရေးကြီးဆုံး။

**prime bill** *n.* ခိုင်လုံသော ငွေတောင်းလွှာ။ ခိုင်လုံဘီလ်။

**prime cost** *n.* အဓိကကုန်ကျစရိတ်။

**prime cost percentage rate** *n.* အဓိကစရိတ်မှီး ရာခိုင်နှုန်း။

**prime cost sum** *n.* နောက်ဖြည့်ကျသင့်ငွေ။

**prime entry** *n.* မူလစာရင်းသွင်းချက်။

**prime entry book** *n.* ပထမသွင်း စာရင်းစာအုပ်။ လုပ်ငန်းအဝင်အထွက်များ ပထမဆုံးရေးသွင်းရသည့် စာရင်းစာအုပ်။

**prime lending rate** *n.* ဘဏ်များက ငွေချေးသူများအပေါ်ကောက်ခံသည့် အတိုးနှုန်းများ၏ အခြေခံအတိုးနှုန်း။

**prime mover** *n.* ဦးဆောင်သူ။ အဓိကစွမ်းအား။ အဓိကစွမ်းအားရှင်။

www.burmeseclassic.com

www.burmeseclassic.com



**prime time** *n.* (ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု) နားဆင်၊ ကြည့်ရှုသည့် ပရိသတ်အများဆုံးအချိန်။

**priming** *n.* အောက်ခံလွှာ ဆေးသုတ်ခြင်း။

**Primus stove** *n.* (စခန်းချခရီးထွက်သူများ သုံးလေ့ရှိသော) ခရီးဆောင်ရေနံဆီမီးဖိုငယ်။

**principal** *n.* ငွေရင်း။ စီးပွားရေး (သို့)တရားဥပဒေဆိုင်ရာ ကိစ္စအတွက် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးသူ။ အတိုးရရှိစေရန်ထုတ်ချေးထားငွေ။အတိုးရရှိရန် ရင်းနှီးမြှုပ်နှံထားငွေ။ ချေးငွေရင်း။ *adj.* အခြေခံသော။

**principal book** *n.* အခြေခံစာအုပ်။

**principal of the advance** *n.* ထုတ်ချေးငွေရင်း။

**principal security** *n.* အခြေခံအာမခံ။

**principal value** *n.* အဓိကတန်ဖိုး။ အခြေခံတန်ဖိုး။

**principle** *n.* အခြေခံသဘောတရား။ (ကိုယ်ပိုင်) မူ။ နိယာမ။ ဥပဒေသ။

**principle of bookeeping** *n.* စာရင်းကိုင် သဘောတရား။

**principle of comparative cost** *n.* နှိုင်းယှဉ်စရိတ်သဘောတရား။

**principle of energy** *n.* စွမ်းအင်နိယာမ။

**principle of work** *n.* အလုပ်နိယာမ။

**principles of management** *n.* စီမံအုပ်ချုပ်ရေး အခြေခံမူများ။

**print** *n.* ပုံနှိပ်စာလုံး။ ဓာတ်ပုံပန်းရိုက်ထည်။ မင်နှိပ်ပုံ။ မင်နှိပ်ဒီဇိုင်း။ *v.* ပုံနှိပ်သည်။ ပုံနှိပ်ထုတ်ဝေသည်။ (သတင်းစာ၊ မဂ္ဂဇင်းစသည်တွင်) ဖော်ပြသည်။

**printed form** *n.* ပုံနှိပ်ပြီး ပုံစံ။

**printed matter** *n.* သက်သာသောနှုန်းထားဖြင့် စာတိုက်မှပေးပို့နိုင်သော သတင်းစာ၊ မဂ္ဂဇင်းစသည်။



**printer** *n.* ပုံနှိပ်စက်။ (ကွန်ပျူတာ) ပရင်တာ။ ပုံနှိပ်တိုက်ပိုင်ရှင်။

**printing** *n.* ပုံနှိပ်ခြင်း။ ပုံနှိပ်ပညာ။ တစ်ကြိမ်တွင် ပုံနှိပ်ထားသည့်အုပ်ရေ။

**printing and stationery** *n.* ပုံနှိပ်ခြင်းနှင့် စာရေးကိရိယာ။

**printing ink** *n.* ပုံနှိပ်မင်။

**printing machine** *n.* ပုံနှိပ်စက်။

**printout** *n.* ကွန်ပျူတာမှ ထုတ်ပေးသောစာ၊ ရုပ်ပုံ စသည်။

**print run** *n.* တစ်ကြိမ်တွင် ပုံနှိပ်ရသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ စာအုပ်စသည် စောင်ရေပေါင်း၊ အုပ်ရေပေါင်း။

**prior approval** *n.* ကြိုတင်ခွင့်ပြုချက်။

**prior-lien bond** *n.* ရှေးဦးပိုင်ဆိုင်ခွင့်စာချုပ်။

**prior stock** *n.* ဦးစားပေးစတော့ရှယ်ယာ။

**priorty system** *n.* ဦးစားပေးစနစ်။

**prison** *n.* ထောင်။ အကျဉ်းထောင်။ ထောင်ကျခြင်း။

**prisoner** *n.* အကျဉ်းသား။ အဖမ်းခံနေရသောသူ။

**pristine** *adj.* အသစ်အတိုင်းရှိသော။ အသစ်စက်စက် ဖြစ်သော။

**privacy** *n.* သီးသန့်တည်ရှိမှု။ အနှောင့်အယှက် ကင်းဝေးမှု။

**private** *adj.* ကိုယ်တိုင်။ ပုဂ္ဂလိက။ သီးသန့်။ ကိုယ်ရေးကိစ္စဖြစ်သော။ အလုပ်တာဝန်အရ မဟုတ်သော။

**private account** *n.* ကိုယ်ပိုင်ငွေစာရင်း။

**private bank** *n.* ပုဂ္ဂလိကဘဏ်။

**private branch cxchange** *n.* ရုံးတွင်းတယ်လီဖုန်းများနှင့် ပြင်ပမှ တယ်လီဖုန်းဆက်သွယ်ရေးစနစ်ကို ဆက်စပ်ပေးသည့် ဖုန်းအိတ်ချိန်းလိုင်း။

**private capital movement** *n.*ကိုယ်ပိုင်မတည်ငွေရွှေပြောင်းမှု။

www.burmeseclassic.com

www.burmeseclassic.com



**private company** *n.* ပုဂ္ဂလိက ကုမ္ပဏီ။ အစုရှယ်ယာများကို မည်သူမဆို ဝယ်ယူနိုင်ရန်ထုတ် ရောင်းခြင်းမပြုသော ကုမ္ပဏီ။

**private concern** *n.* ကိုယ်ပိုင် လုပ်ငန်း။

**private consumer expenditure** *n.* ပုဂ္ဂလိကပိုင် စားသုံးငွေ။

**private consumption** *n.* ပုဂ္ဂလိက စားသုံးမှု။

**private debt** *n.* ကိုယ်ပိုင်ကြွေးမြီ။

**private detective** *n.* အလွတ်စုံထောက်။

**private enterprise** *n.* ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း။ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း။

**private enterprise economy** *n.* ပုဂ္ဂလိက စီးပွားရေးစနစ်။

**private expense** *n.* ကိုယ်ရေးအသုံးစရိတ်။

**private foreign investment** *n.* ပုဂ္ဂလိက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု။

**private gain** *n.* ကိုယ်ပိုင်အမြတ်။

**private industry** *n.* ပုဂ္ဂလိက လုပ်ငန်းစု။

**private investor** *n.* မိမိကိုယ်ပိုင်ငွေဖြင့်အမြတ်အစွန်းအတွက် ရင်းနှီးမြှုပ်နှံသူ။

**private ledger** *n.* ကိုယ်ပိုင် လယ်ဂျာ။

**private limited company** *n.* အများပြည်သူထံ အစုရှယ်ယာများ ထုတ်မရောင်းဘဲ၊ ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ။

**private ownership** *n.* ပုဂ္ဂလိက ပိုင်ဆိုင်မှု။

**private practice** *n.* ကိုယ်ပိုင် အသက်မွေးမှုလုပ်ငန်း။

**private property** *n.* ပုဂ္ဂလိက ပိုင်ဆိုင်ပစ္စည်း။ ကိုယ်ပိုင် ပစ္စည်း။

**private school** *n.* ကိုယ်ပိုင် ကျောင်း။ ပုဂ္ဂလိကကျောင်း။

**private secretary** *n.* ကိုယ်ပိုင် အတွင်းရေးမှူး။ ကိုယ်ရေးလက်ထောက်။



**private sector** *n.* ပုဂ္ဂလိက ကဏ္ဍ။ ပုဂ္ဂလိကအခန်းကဏ္ဍ။

**private stockholder** *n.* ကိုယ်ပိုင်အစုရှယ်ယာရှင်။

**privation** *n.* စားဝတ်နေမှု ဆင်းရဲခြင်း။ အကျပ်အတည်း။

**privatization** *n.* ပုဂ္ဂလိက လက်သို့ လွှဲပြောင်းခြင်း။

**privatize** *v.* နိုင်ငံတော်ချုပ်ကိုင် ပိုင်ဆိုင်မှုမှ ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးသည်။ အစိုးရပိုင် လုပ်ငန်း၊ ကုမ္ပဏီကို ပုဂ္ဂလိက လက်သို့လွှဲပြောင်းသည်။

**privilege** *n.* အထူးအခွင့်အရေး။ (ချမ်းသာမှု၊ ဩဇာရှိသူတို့၏) အခွင့်ထူး။ အကျိုးခံစားခွင့်။

**privileged class** *n.* အခွင့်ထူးခံ လူတန်းစား။

**privileged familiarity** *n.* ရင်းနှီးမှု အခွင့်အရေး။

**privilege tax** *n.* အထူးအခွင့် အရေးရခွန်။

**prize** *n.* ဆု။ (ဂုဏ်ပြု) ဆု။ ကြိုးပမ်းမှုရလဒ်။ ဆုလာဘ်။

**prize-fight** *n.* ဆုကြေးအတွက် ထိုးသတ်သော လက်ဝှေ့ပွဲ။

**prize-giving** *n.* ကျောင်းနှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနား။

**proactive marketing** *n.* လက်ရှိလူအများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများ မထုတ်ဘဲ၊ ကုန်ပစ္စည်းအသစ် တစ်မျိုးကို လူအများက မိမိတို့အတွက် လိုအပ်သည်ဟု ထင်မှတ် သဘောပေါက်လာအောင် ဆွဲဆောင်ခြင်း။

**probate** *n.* သေတမ်းစာခန့် တရားဝင်စာ။ သေတမ်းစာအတည်ပြုချက်။ *v.* သေတမ်းများကို အစစ်အမှန်ဖြစ်ကြောင်းအတည် ပြုပေးသည်။

**probation** *n.* အစမ်းခန့်ကာလ။

**probationary** *adj.* အစမ်းခန့် အပ်ထားသော။ အစမ်းခန့် (ကာလ စသည်)။

**probe** *n.* ကိုယ်ခန္ဓာအတွင်းသို့ စစ်ဆေးရန် ရှည်သွယ်သော ကိရိယာ။ စမ်းတံ။ *v.* စူးစမ်းသည်။ စုံစမ်းလေ့လာသည်။

**probity** *n.* ရိုးဖြောင့်ခြင်း။ သမာဓိ။ ရိုးသားတည်ကြည်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**problem** *n.* ပြဿနာ။ အခက်အခဲ။

**problem solving** *n.* ပြဿနာဖြေရှင်းချက်။

**problem solving method** *n.* ပြဿနာဖြေရှင်းနည်း။

**procedure** *n.* လုပ်ထုံးလုပ်နည်း။ လုပ်ငန်းစဉ်။ ကျင့်ထုံး။ လုပ်ကိုင် ဆောင်ရွက်ရမည့် နည်းလမ်း၊ လုပ်ငန်းအစီအစဉ်။

**proceedings** *n.* တရားစွဲဆိုခြင်း။ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း။ (အစည်းအဝေး၊ အခမ်းအနား စသည်) အစီအစဉ်။ (အစည်းအဝေး၊ ဆွေးနွေးပွဲစသည်) မှတ်တမ်း၊ အစီရင်ခံစာ ထုတ်ပြန်ချက်။

**proceeds** *n.* ရောင်းရငွေ။ ကောက်ခံရငွေ။အမြတ်အစွန်း။

**process** *n.* လုပ်ငန်းစဉ်။ ကိစ္စ။ ပြုလုပ်ခိုက်ပြုလုပ်ဆဲ။ (သဘာဝ) ဖြစ်စဉ်။ နည်းစနစ်။ *v.* (နည်းစနစ်တစ်မျိုးဖြင့်) ထုတ်လုပ်၊ စီမံ၊ ပြုပြင်သည်။ အရေးယူ ဆောင်ရွက်သည်။ကွန်ပျူတာဖြင့် (လုပ်ငန်းစဉ် တစ်ခုခု) ဆောင်ရွက်သည်။

**process chart** *n.* ဖြစ်စဉ်ပြကားချပ်။

**process cost** *n.* ဖြစ်စဉ်တန်ဖိုး။ ကုန်ထုတ်လုပ်မှု အဆင့်တစ်ဆင့်၏ ကုန်ကျစရိတ်။ ထုတ်ကုန်တစ်ယူနစ်၏ ပျမ်းမျှကုန်ကျစရိတ်ကို တွက်ချက်သည့် တန်ဖိုးတွက်နည်း။

**process costing** *n.* ဖြစ်စဉ်တန်ဖိုးတွက်ခြင်း။

**process effects** *n.* စီးပွားရေးဆက်ပွားအကျိုးရလဒ်။

**processing** *n.* ဆင့်တက်ပြုပြင်မှု။ ကုန်စည်လုပ်နည်း။

**processing industry** *n.* ဆင့်တက်ပြုပြင်လုပ်ငန်းစု။

**processing tax** *n.* ဆင့်တက်ပြုပြင်မှုခွန်။

**process of manufacturing** *n.* ကုန်ထုတ်လုပ်ငန်းစဉ်အဆင့်ဆင့်။

**processor** *n.* လုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက် ဆောင်ရွက်ပေးသောစက်။



**proclaim** *v.* ကြေညာသည်။ ထုတ်ဖော်ပြောဆိုသည်။ ဖော်ပြသည်။

**proclamation** *n.* ကြေညာချက်။ ကြေညာခြင်း။ ထုတ်ဖော်ခြင်း။

**produce** *v.* ထုတ်လုပ်သည်။ စိုက်ပျိုးထုတ်လုပ်သည်။ စီစဉ်ထုတ်လုပ်သည်။ ဖန်တီးသည်။ အကျိုးဖြစ်ပေါ်စေသည်။ *n.* သီးနှံ စသော လယ်ယာထွက်ကုန်။

**producer** *n.* ကုန်ထုတ်သူ။ ထုတ်လုပ်သူ။ (ရုပ်ရှင်၊ ပြဇာတ်စသည်) စီစဉ်တင်ဆက်သူ။ (ရေဒီယိုအစီအစဉ်၊ ဇာတ်ပြား၊ ရုပ်မြင်သံကြားအစီအစဉ်)ထုတ်လုပ်သူ။

**producer gas** *n.* မီးထွန်းဓာတ်ငွေ့။

**Producer Price Index** *n.* ကာလတစ်ခုအတွင်းကုန်ထုတ်လုပ်လုပ်ငန်းတစ်ရပ်၏ ဝယ်ယူထုတ်လုပ်မှု ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းအတက်အကျကို ဖော်ပြသည့်အညွှန်း။

**producer prices** *n.* ထုတ်လုပ်သူ ဈေးနှုန်း။

**producer's capital** *n.* ကုန်ထုတ်လုပ်သူ အရင်းအနှီး။

**producing** *n.* ကုန်ထုတ်လုပ်ခြင်း။

**product** *n.* ထုတ်ကုန်။ ဓာတုဖြစ်စဉ်၊ သဘာဝဖြစ်စဉ်၊ ကုန်ထုတ်လုပ်မှုဖြစ်စဉ်တို့မှ ထွက်ရှိသော အရာ၊ ပစ္စည်း။

**product analysis** *n.* ထွက်ကုန်စိစစ်ခြင်း။

**product contour** *n.* ထုတ်ကုန်ကွန်တိုမျဉ်း။

**product development** *n.* ထုတ်ကုန် ပြုပြင်တီထွင်ခြင်း။

**product group** *n.* ထုတ်လုပ်ရေးကုမ္ပဏီ၊ အဖွဲ့အစည်း တစ်ရပ်က ထုတ်လုပ်သည့် ပစ္စည်းစု၊ ကုန်ပစ္စည်းစု။

**production** *n.* ထုတ်လုပ်မှု။ ကုန်ထုတ်လုပ်ခြင်း။

**production and marketing administration** *n.* ကုန်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်း အုပ်ချုပ်မှု။

**production assets** *n.* ကုန်ထုတ်လုပ်မှု ရပိုင်ခွင့်များ။

**production assignment** *n.* ကုန်ထုတ်လုပ်မှုဆိုင်ရာ အလုပ်တာဝန်။

**production capacity** *n.* ထုတ်လုပ်နိုင်အား။

**production centre** *n.* ကုန်ထုတ်လုပ်မှု ဗဟို။

**production constant** *n.* ကုန်ထုတ်လုပ်မှု ကိန်းသေ။

**production control** *n.* ကုန်ထုတ်လုပ်မှုကို ကြီးကြပ်ထိန်းချုပ်ခြင်း။ ကုန်ထုတ်လုပ်မှု ထိန်းခြင်း။

**production cost** *n.* ကုန်ထုတ်လုပ်မှု စရိတ်။

**production decline curve** *n.* ကုန်ထွက်နှုန်းလျော့မျဉ်းကွေး။

**production efficiency** *n.* ကုန်ထုတ်လုပ်မှု တွင်ကျယ်ခြင်း။

**production factors** *n.* ကုန်ထုတ်လုပ်မှု အင်အားစု။

**production gear** *n.* ကုန်ထုတ်လုပ်မှု ဂီယာ။

**production hour** *n.* ကုန်ထုတ်လုပ်မှုအချိန်။ ကုန်ထုတ်ချိန်။

**production hour method** *n.* ကုန်ထုတ်လုပ်မှုအချိန်နည်းလမ်း။

**production line** *n.* ကုန်ချော ပစ္စည်းအဖြစ် ရောက်ရန် စက်ရုံတွင်းဖြတ်သန်းသွားခဲ့ရသည့် ကုန်ထုတ်လုပ်မှု အဆင့်ဆင့်။ စဉ်တိုက်ကုန်ထုတ်စနစ်။

**production management** *n.* ကုန်ထုတ်လုပ်ရေး စီမံမှု။ ကုန်ထုတ်လုပ်ငန်း အုပ်ချုပ်စီမံရေး ပညာ။ ထုတ်လုပ်ရေးစီမံမှု။

**production manager** *n.* ထုတ်လုပ်မှု မန်နေဂျာ။

**production method** *n.* ပုံသေ ပစ္စည်းတစ်ခုအား သက်တမ်းတစ်လျှောက် စာရင်းနှစ်အလိုက် အသုံးပြုသည့် နာရီပေါင်းအရေ ထုတ်လုပ်ခဲ့သည့် ကုန်ပစ္စည်း အရေအတွက်အရ အခြေခံ၍ တန်ဖိုးလျော့တွက်ချက်နည်း။



**production planning** *n.* ကုန်ထုတ်လုပ်ခြင်း စီမံမှု။

**production possibility curve** *n.* ထုတ်လုပ်နိုင်မှုမျဉ်းကွေး။

**production potentiality** *n.* ဖြစ်ဆဲကုန်ထုတ်လုပ်မှုအင်အား။

**production relations** *n.* ကုန်လုပ်ဆက်ဆံရေး။

**production stimulation** *n.* ကုန်အထွက်နှုန်းပိုအောင် မွမ်းမံခြင်း။

**production surface** *n.* ထုတ်လုပ်မှု မျက်နှာပြင်။

**production theory** *n.* ထုတ်လုပ်မှု သီအိုရီ။ ထုတ်လုပ်မှု သဘောတရား။

**production unit method** *n.* ထုတ်လုပ်မှု ယူနစ်နည်း။

**productive** *adj.* ထုတ်လုပ်နိုင်စွမ်းရှိသော။ ထုတ်လုပ်အားကောင်းသော။

**productive economy** *n.* အကျိုးဖြစ်စီးပွားရေး။

**productive expenses** *n.* ကုန်ထုတ်အား စရိတ်။

**productive forces** *n.* ကုန်ထုတ်စွမ်းအားစု။

**productive labour** *n.* ကုန်ထုတ်လုပ်အား။

**productive wages** *n.* ကုန်ထုတ်လုပ်အားခ။

**productivity** *n.* ကုန်ထုတ်လုပ်မှုစွမ်းအား။ ကုန်ထုတ်လုပ်နိုင်ခြင်း။

**productivity agreement** *n.* အလုပ်သမားများက ကုန်ပစ္စည်းအရေအတွက် တိုး၍ ထုတ်နိုင်ခဲ့လျှင် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း လုပ်ခလစာတိုးပေးရန် အလုပ်ရှင်နှင့် သဘောတူညီထားချက်။

**productivity of soil** *n.* စိုက်ပျိုးမြေ၏ သီးနှံထွက်အား။

**productivity of capital** *n.* အရင်းအနှီး၏ ထုတ်လုပ်မှု စွမ်းအား။

**productivity of labour** *n.* လုပ်အား၏ ထုတ်လုပ်မှုစွမ်းအား။

**product liability** *n.* ကုန်ပစ္စည်းတွင် ချွတ်ယွင်းမှုရှိ၍ တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ ဘေးဥပဒ်ဖြစ်ခဲ့လျှင် ကုန်ထုတ်လုပ်သည့်ကုမ္ပဏီ၊အဖွဲ့အစည်းက ဥပဒေအရ လျော်ကြေးပေးလျော်ရန် တာဝန်။

**product life cycle** *n.* ကုန်ပစ္စည်းတစ်မျိုးကို ရောင်းချရာတွင် စတင်ရောင်းခြင်း၊ ရောင်းအားကောင်းလာခြင်း၊ ရောင်းအားတည်ငြိမ်ခြင်း၊ ရောင်းအားကျဆင်းခြင်း ဟူသည့် ကာလလေးမျိုးကို ဖြတ်သန်းရမှု။

**product line** *n.* ထုတ်ကုန်လိုင်း။ ထွက်ကုန်လိုင်း။

**product manager** *n.* ထုတ်ကုန် မန်နေဂျာ။

**product mix** *n.* ထုတ်ကုန်မျိုးစုံအချိုး။ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီတစ်ခုက ရောင်းချသည့် ကုန်မျိုးစုံ။

**product - oriented** *adj.* ကောင်းမွန်သော ကုန်ပစ္စည်းကို ထုတ်လုပ်ပြီး နောက်မှ ဈေးကွက်ရှာယူသော။

**product-oriented company** *n.* ကုန်ပစ္စည်း အမျိုးအစားကောင်း ထုတ်လုပ်ပြီးမှ ဈေးကွက်ရှာယူသော ကုမ္ပဏီ။

**product policy** *n.* ကုန်စည်မူဝါဒ။ ထုတ်ကုန်မူဝါဒ။

**product research** *n.* ထုတ်ကုန်သုတေသန။ ထွက်ကုန်သုတေသန။

**profess** *v.* ကြေညာသည်။ ထုတ်ပြောသည်။ ပြောဆိုသည်။

**professed** *adj.* အတိအလင်းကြေညာထားသော။

**profession** *n.* သက်မွေးဝမ်းကျောင်း အလုပ်အကိုင်။ အဆင့်မြင့် ပညာနှင့် ကျွမ်းကျင်မှုလိုအပ်သော ဗိသုကာ၊ ဥပဒေ၊ ဆေးပညာ စသည့် အသက်မွေးဝမ်းကျောင်း အလုပ်။ အတတ်ပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းအလုပ်။

**professional** *n.* ကျွမ်းကျင်အတတ်ပညာရှင်။ ပညာရှင်ပီသသူ။ ကြေးစား (အားကစား၊ ဖျော်ဖြေသူ)။

**professionalism** *n.* သက်ဆိုင်ရာလုပ်ငန်းတာဝန်ကို ပိုင်နိုင်



ခြင်း။ ကျွမ်းကျင်ပိုင်နိုင်မှု။ ကြေးစားအားကစားသမားများ ပါဝင်မှု။

**professor** *n.* ပါမောက္ခ။ *(US)* တက္ကသိုလ် ကောလိပ် ဆရာ၊ ဆရာမ။

**proficiency** *n.* ကျွမ်းကျင်မှု။

**profile** *n.* တစေ့တစောင်း လေ့လာချက်။ သတင်းဆောင်းပါး။ ကောက်ကြောင်းပုံ။ အများ၏ တစ်စုံတစ်ရာအပေါ် ထင်မြင်ချက်။

**profit** *n.* အမြတ်။ အမြတ်အစွန်း။ အကျိုးအမြတ်ရှိခြင်း။ *v.* အမြတ်ထွက်သည်။

**profitability** *n.* အမြတ်အစွန်း။ အမြတ်အစွန်း ရရှိနိုင်မှု။

**profitable** *adj.* အမြတ်အစွန်းထွက်သော။ အကျိုးရှိသော။

**profit and loss account** *n.* အရှုံးအမြတ်စာရင်း။

**profit and loss adjustment account** *n.* အရှုံးအမြတ်ညှိစာရင်း။

**profit and loss appropriation account** *n.* အရှုံးအမြတ်ခွဲဝေစာရင်း။

**profit and loss statement** *n.* အရှုံးအမြတ်ဖော်ပြချက်။ အရှုံးအမြတ်စာရင်း။

**profit centre** *n.* အဖွဲ့အစည်း၊ လုပ်ငန်းတစ်ခုအတွင်း သီးခြားစာရင်းထား၍ အမြတ်အစွန်းရရှိမည်ဟု မျှော်လင့်ထားသော လုပ်ငန်းခွဲတစ်ခု။

**porfiteer** *n.* ခေါင်းပုံဖြတ်အမြတ်ကြီးစား။

**profit margin** *n.* အမြတ်နှုန်း။

**profit motive** *n.* အမြတ်ရလိုသောဆန္ဒ။

**profit on realization** *n.* လုပ်ငန်းရောင်းအမြတ်။

**profit sharing** *n.* လုပ်ငန်းမှရရှိသော အကျိုးအမြတ်ကို အလုပ်သမားများနှင့် ခွဲဝေယူသည့် စနစ်။

**profit sharing bond** *n.* အမြတ်ဝေစုစာချုပ်။

www.burmeseclassic.com

www.burmeseclassic.com



**profit sharing ratio** *n.* အမြတ်ခွဲဝေမှုအချိုးအစား။

**profligacy** *n.* စည်းကမ်းမဲ့ သုံးဖြုန်းခြင်း။

**profligate** *adj.* ဖြုန်းတီးသော။ အသုံးအဖြုန်းကြီးသော။

**pro forma** *n.* ကြိုတင်ပို့ကုန်ပို့လွှာ။

**pro forma account** *n.* သီးခြားပုံစံပြ ငွေစာရင်း။ အစမ်းပြစာရင်း။

**pro forma balance sheet** *n.* ကြိုတင်ရေးဆွဲ လက်ကျန် ရှင်းတမ်း။

**pro forma income statement** *n.* ကြိုတင်ရေးဆွဲ ဝင်ငွေရှင်းတမ်း။

**pro forma invoice** *n.* ကြိုတင်ပို့ကုန်တန်ဖိုးစာရင်းလွှာ။

**pro forma profit and loss account** *n.* ကြိုတင်ရေးဆွဲ အရှုံးအမြတ်စာရင်း။

**program** *n.* ကွန်ပျူတာ ပရိုဂရမ်။ ပရိုဂရမ်။ လုပ်ငန်းစဉ်။

**programmable** *adj.* ကွန်ပျူတာပရိုဂရမ်ဖြင့် ထိန်းချုပ်နိုင်သော။

**programme** *n.* အစီအစဉ်။ ပရိုဂရမ်။ (ရေဒီယို၊ ရုပ်မြင်သံကြား) အစီအစဉ်။ ဂီတဖျော်ဖြေမှု အစီအစဉ်။ သင်တန်းဂီတအစီအစဉ်။ အစီအစဉ် စာစောင်။ *v.* အစီအစဉ် ရှိသည်။ အလိုအလျောက်လုပ်ဆောင်ရန် စီမံထားပြီးသည်။ စက်ပစ္စည်း၊ ကိရိယာတစ်ရပ်ကိုတစ်စုံတစ်ရာ ညွှန်ကြား သညာပေးထားပြီးဖြစ်သည်။

**programmer** *n.* ကွန်ပျူတာအတွက် ညွှန်ကြားချက် ရေးသားပြုစုသူ။ ကွန်ပျူတာ ပရိုဂရမ်မာ။ ကွန်ပျူတာအစီအစဉ် ရေးဆွဲသူ။

**programming** *n.* ကွန်ပျူတာ ညွှန်ကြားချက် ရေးသားမှု။ ကွန်ပျူတာအစီအစဉ်များ ရေးသားမှု။ (ရေဒီယို၊ ရုပ်မြင်သံကြား) အစီအစဉ်များ ရွေးချယ်စီစဉ်မှု။



**programming language** *n.* ကွန်ပျူတာပရိုဂရမ် ရေးဆွဲရာတွင် အသုံးပြုသည့် သင်္ကေတ၊ ဘာသာစကား။

**program trading** *n.* စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်းခြင်းနှင့်ကျဆင်းလာသည့်အခြေအနေအပေါ် ကြိုတင်ရှောင်လွှဲနိုင်ရန် ကွန်ပျူတာများက အလိုအလျောက်ညွှန်ကြားမှုပေးခြင်း။

**progress** *n.* တိုးတက်မှု။ *v.* တိုးတက်သည်။ အခြေအနေတိုးတက်လာသည်။

**progression** *n.* တိုးတက်မှု။ အစဉ်အဆက်။

**progressive** *adj.* တိုးတက်သော။ တိုးတက်တီထွင်သော။

**progressive tax** *n.* ဝင်ငွေ အနည်းအများအပေါ် မူတည်၍ ကောက်ခံသည့် အခွန်။ (ဝင်ငွေနည်းလျှင် အခွန်နည်း၍၊ ဝင်ငွေများလျှင် အခွန်များသည့် အကောက်ခံမှု)။

**progressive taxation** *n.* ဆင့်တိုးခွန်စည်းကြပ်ခြင်း။ နှုန်းတိုးအခွန်စည်းကြပ်ခြင်း။

**progressive total** *n.* အဆင့်ဆင့် စုစုပေါင်း။

**progress payment** *n.* သတ်မှတ်ထားသည့် လုပ်ငန်းအဆင့် ပြီးစီးမှုအလိုက် အရစ်ကျ ငွေပေးချေခြင်း။

**prohibit** *v.* တားမြစ်ထားသည်။ ပိတ်ပင်ဟန့်တားသည်။

**prohibition** *n.* တားမြစ်ခြင်း။ (စည်းမျဉ်း၊ ဥပဒေအရ) တားမြစ်ချက်။

**prohibitionist** *n.* တားမြစ်ပိတ်ပင်သူ။

**project** *n.* စီမံကိန်း။ စီမံချက်။ အစီအစဉ်တကျ လုပ်ငန်း။ ပရောဂျက်။ စီးပွားရေးဆောင်ရွက်ချက်။ စီးပွားရေး စီမံချက်။ (ကျောင်း၊ တက္ကသိုလ်ကျောင်းသားများ၏) သုတေသနလုပ်ငန်း။

**project director** *n.* စီမံကိန်း ဒါရိုက်တာ။ စီမံချက်ဒါရိုက်တာ။

**projection** *n.* (ကုန်ကျစရိတ်၊ အလားအလာ) ခန့်မှန်းချက်။

www.burmeseclassic.com

www.burmeseclassic.com



**porject manager** *n.* စီမံကိန်းမန်နေဂျာ။ စီမံချက်မန်နေဂျာ။

**project method** *n.* စီမံကိန်းနည်း။

**projector** *n.* ရုပ်ရှင်၊ ရုပ်သေပြစက်။ ပရိုဂျက်တာ။

**proletarian** *n.* ပစ္စည်းမဲ့ လုပ်တန်းစား။

**proliferate** *v.* တိုးတက်ပွားများသည်။ တစ်ဟုန်ထိုး တိုးပွားလာသည်။

**proliferation** *n.* တစ်ဟုန်ထိုး တိုးပွားလာခြင်း။ ဖောခြင်းသောခြင်း။

**promise** *n.* ကတိ။ ကတိကဝတ်။ အလားအလာ။ *v.* ကတိပေးသည်။ ကတိပြုသည်။ အာမခံေခံသည်။

**promissory note** *n.* ငွေပေးချေရန် ကတိစာချုပ်။

**promo** *n.* ကြော်ငြာ။

**promote** *v.* ကြော်ငြာသည်။ ရာထူးတိုးမြှင့်ခံရသည်။ အဆင့်တိုးမြှင့်သွားသည်။ အထောက်အကူပြုသည်။ အားပေးသည်။

**promoter** *n.* ပွဲဖြစ်မြောက်ရေးကမကထပြု ဆော်သြသူ။တည်ထောင်သူ။ မတည်သူ။ထောက်ခံအားပေးသူ။ စီးပွားရေး၊ လူမှုရေး၊ အားကစားစသည် လုပ်ငန်းအား၊ ငွေအားစိုက်ထုတ်ဆောင်ရွက်သူ။

**promoter's share** *n.* တည်ထောင်သူ ရှယ်ယာ။

**promotion** *n.* ရာထူးတိုးမြှင့်ခြင်း။ အဆင့်တိုးခြင်း။ ကြော်ငြာကိစ္စ။ ကြော်ငြာအစီအစဉ်။ တိုးမြှင့်ခြင်း။

**promotional** *adj.* ကြော်ငြာနှင့်စပ်ဆိုင်သော။

**promotional activities** *n.* ကြော်ငြာဆိုင်ရာ လှုပ်ရှားမှုများ။

**promotional work** *n.* ကြော်ငြာအလုပ်။ ကြော်ငြာလုပ်ငန်း။

**promotion expense** *n.* တည်ထောင်စရိတ်။

**prompt** *adj.* အချိန်မီ။မဆိုင်းမတွ (ပြုလုပ်သော)။

**prompt cash** *n.* ကုန်ပစ္စည်းပေးပို့ပြီး၊ လုပ်ငန်းဆောင်ရွက်



ပေးပြီး ရက်အနည်းငယ်အတွင်း ငွေပေးချေရန် စည်းကမ်း သတ်မှတ်ချက်။

**prompt day** *n.* ဝယ်ယူထားသည့် ကုန်ပစ္စည်းတန်ဖိုးများအတွက် ငွေပေးချေရန်အချိန်စေ့သော နေ့ရက်။

**prompt note** *n.* ကုန်ဝယ်ထားသူထံသို့ ကုန်ဖိုးငွေပေးရန် အချိန်စေ့နေကြောင်း အသိပေးနှိုးဆော်စာ။

**promulgation** *n.* ထုတ်ပြန်ကြေညာချက်။

**pronouncement** *n.* တရားဝင်ထုတ်ပြန်ချက်။ ကြေညာချက်။

**pronunciation** *n.* အသံထွက်။ အသံထွက်ပုံ။

**proof** *n.* သက်သေသက္ခာယ။ အထောက်အထား။ သက်သေခံ အထောက်အထား။ လက်တွေ့စမ်းသပ်မှု။ မှတ်ကျောက်တင်ခြင်း။ ရာနှုန်းပြည့် သတ်မှတ်ထားသော အရက်ပြင်းနှုန်းစံ။ ပုံနှိပ် (စာ) မူကြမ်း။ *adj.* ကာကွယ်ပေးနိုင်စွမ်းသော။ ခံနိုင်ရည်ရှိသော။ ခံသော။ ကာသော။ ကျော်လွှားနိုင်သော။

**proof of accuracy** *n.* မှန်ကန်ကြောင်းသက်သေ။

**propaganda** *n.* ဝါဒဖြန့်မှု။ ဝါဒဖြန့်ခြင်း။

**propagate** *v.* (အပင်) စိုက်ပျိုးတိုးပွားစေသည်။ (အပင်) မျိုးပွားသည်။

**propagation** *n.* (အပင်) မျိုးပွားခြင်း။

**propagator** *n.* (အပင်) မျိုးပွားသေတ္တာ၊ အုံ။

**propane** *n.* ပရိုပိန်းဓာတ်ငွေ့။ လောင်စာအဖြစ် သုံးရသောရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ပါရှိသည့် အဆင်းမဲ့ဓာတ်ငွေ့။

**propel** *v.* (လူအား၊ စက်အား စသည်ဖြင့်) မောင်းနှင်သည်။ တွန်းပို့သည်။

**propellant** *n.* (မှုတ်ဆေးဘူး၊ ခြင်ဆေးဘူး စသည့်အတွင်းရှိဆေးရည်ကို) တွန်းကန်မှုတ်ထုတ်ပေးသည့် ဓာတ်ငွေ့။

www.burmeseclassic.com

www.burmeseclassic.com



**propeller** *n.* (လေယာဉ်ပျံ) ပန်ကာ။ (သင်္ဘော) ငါးမန်းတောင်၊ ပန်ကာ။

**propelling pencil** *n.* ခဲတံထိပ်ဖျားကို နှိပ်ခြင်း၊ လှည့်ခြင်းဖြင့် ခဲဆန့်သွင်းထုတ်နိုင်သည့် ခဲတံ။

**propensity** *n.* ဇရှိခြင်း။ အလေ့အထရှိခြင်း။

**propensity to consume** *n.* စားသုံးရန် ချိန်ဆခြင်း။ စားသုံးလိုမှု။

**propensity to invest** *n.* အရင်းအနှီးမြှုပ်နှံလိုမှု။

**propensity to save** *n.* စုဆောင်းလိုမှု။

**proper name** *n.* ကိုယ်ပိုင်အမည်။

**property** *n.* ပစ္စည်း။ ဥစ္စာ။ မြေနှင့် အိမ်ရာအဆောက်အအုံ။ မြေ၊ အိမ်ရာအဆောက်အအုံ။ ဂုဏ်သတ္တိ။ အိမ်၊ စက်ရုံ၊ အလုပ်ရုံစသည် တည်ရှိရာခြံဝင်း။

**property account** *n.* ပိုင်ဆိုင်ပစ္စည်းစာရင်း။

**property capital** *n.* ပိုင်ဆိုင်ခွင့် အရင်းအနှီး။

**property mark** *n.* ပိုင်ဆိုင်မှုတံဆိပ်။ ကိုယ်ပိုင်တံဆိပ်။

**property of life** *n.* သက်ရှိဂုဏ်သတ္တိ။

**property qualification** *n.* ပစ္စည်းအင်အား အရည်အချင်း။

**property right** *n.* ပစ္စည်းပိုင်ဆိုင်ခွင့်။

**property tax** *n.* ပစ္စည်းခွန်။ စံငွေခွန်။ ပစ္စည်းပိုင်ဆိုင်မှုခွန်။

**propitious** *adj.* အခါအခွင့်သင့်သော။

**proportion** *n.* အချိုးအစား။ အချိုး။ အစိတ်အပိုင်း တစ်ရပ်။ အချိုးအစားတကျရှိခြင်း။

**proportional** *adj.* အချိုးကျဖြစ်သော။

**proportional rate** *n.* အချိုးကျနှုန်းထား။

**proportional taxation** *n.* အချိုးကျ အခွန်စည်းကြပ်ခြင်း။

**proportimate growth** *n.* အချိုးတူ တိုးတက်ခြင်း။



**proposal** *n.* အဆိုပြုချက်။ စီမံချက်။ အဆို (ဈေး)။ အဆိုပြုခြင်း။

**propose** *v.* အဆိုပြုသည်။ ရည်ရွယ်သည်။ ကြံရွယ်သည်။

**proposer** *n.* အဆိုတင်သွင်းသူ။ (ဈေး)ဆိုသူ။ အာမခံပေါ်လစီ စာချုပ်အလိုရှိကြောင်းလျှောက်ထားသူ။

**proposition** *n.* အဆိုပြုချက်။ ကိစ္စ။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရန် အစီအစဉ်။ တစ်စုံတစ်ရာကိုဝယ်ယူ၊ ဆောင်ရွက်ရန် ကမ်းလှမ်းချက်။

**proposition statement** *n.* ကုန်စရိတ်တွက်ကိန်း။ အမှုထမ်းစရိတ် အဆိုပြုချက်။

**proprietary** *adj.* ကုမ္ပဏီတစ်ခုက ထုတ်လုပ်ရောင်းချသော (ကုန်ပစ္စည်း)။ မူပိုင်။ တစ်ခုတည်းသော ကုမ္ပဏီကသာ ခေါ်ဆိုသုံးပိုင်ခွင့်ရှိသော (အမည်)။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော။

**proprietary name** *n.* သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုတည်းကသာလျှင် အသုံးပြုခွင့်ရှိသော ကုန်ပစ္စည်းအမည်။

**proprieties** *n.* အသေးစိတ်လိုက်နာဖွယ်ရာ ကျင့်ဝတ်၊ စည်းကမ်း။

**proprietor** *n.* စီးပွားရေးလုပ်ငန်းရှင်။ ဟိုတယ်ပိုင်ရှင်။ စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ရှင်။

**proprietorship** *n.* ပိုင်စိုးခြင်း။ ပိုင်ဆိုင်ခြင်း။ ပိုင်ဆိုင်လုပ်ငန်း။ လုပ်ငန်းပိုင်ဆိုင်မှု။

**proprietory account** *n.* လုပ်ငန်းရှင် စာရင်း။

**proprietory right** *n.* လုပ်ငန်းပိုင်ခွင့်။

**propulsion** *n.* တွန်းကန်မှု။ မောင်းနှင်မှု။ ခရီးနှင်ခြင်း။

**pro rata** *adj,adv.* အချိုးကျ။

**proration** *n.* အထွက်ချုပ်ထိန်းခြင်း။

**proscribe** *v.* တရားဝင်တားမြစ်ပိတ်ပင်သည်။

**proscription** *n.* တားမြစ်ပိတ်ပင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**prosecute** *v.* တရားစွဲသည်။(ရှေ့နေတစ်ဦး) တရားလိုကို ကိုယ်စားပြုသည်။

**prosection** *n.* တရားစွဲခြင်း။ တရားစွဲဆိုခြင်း။

**prosecutor** *n.* တရားလိုရှေ့နေ။ အစိုးရရှေ့နေ။

**prospect** *n.* အလားအလာ။ မျှော်လင့်ချက်။ အလားအလာရှိသူ။ *v.* (ဓာတ်သတ္တု၊ ရေနံ စသည်) ရှာဖွေသည်။

**prospective** *adj.* ရှေ့လာမည့်။ မျှော်မှန်းရသော။ (ပုဂ္ဂိုလ်) လောင်း။ ...မည့်သူ။

**prospector** *n.* ကွင်းဆင်း၍ (ရွှေ၊ ဓာတ်သတ္တုစသည်) ရှာဖွေသူ။

**prospectus** *n.* (စီးပွားရေးလုပ်ငန်း၊ တက္ကသိုလ် စသည်၏) လမ်းညွှန်စာအုပ်။ အစုခေါ်ကြော်ငြာစာတမ်း။ အစုရှယ်ယာအသစ်များဆိုင်ရာ သိသင့် သိထိုက်သည်များကို ဖော်ပြထားသည့်စာရွက်စာတမ်း၊စာစောင်။ ကုမ္ပဏီအသစ်၊စီးပွားရေးလုပ်ငန်းအသစ်များအကြောင်း ဖော်ပြထားသည့် စာရွက်စာတမ်း၊ စာစောင်။ အစုရှယ်ယာအသစ်ဖိတ်ခေါ်စာ။ ညွှန်းတမ်း။ လုပ်ကိုင်ဆောင်ရွက်ပုံ ကြေညာစာတမ်း။

**prosper** *v.* ကြီးပွားသည်။ အောင်မြင်သည်။စီးပွားဖြစ်ထွန်းသည်။

**prosperity** *n.* ချမ်းသာကြွယ်ဝခြင်း။ ကြီးပွားချမ်းသာခြင်း။ ချမ်းသာဝပြောခြင်း။ စီးပွားတက်ခြင်း။

**prosperous** *adj.* ဥစ္စာခနကြွယ်ဝ ချမ်းသာသော။ ကြီးပွားချမ်းသာသော။ ဖြစ်ထွန်း စည်ပင်သော။

**prostitute** *v.* မိမိပညာကို ငွေကြေးအတွက် ပေါ့ပျက်သည့်ကိစ္စမျိုးတွင် ရောင်းစားသည်၊ အသုံးချသည်။

**prostitution** *n.* ပညာရောင်းစားခြင်း။

**protect** *v.* ကာကွယ်သည်။ လုံလုံခြုံခြုံထားသည်။ (ပြည်ပ ယှဉ်ပြိုင်မှုမှ) အကောက်ခွန်မြှင့်၍ ကာကွယ်ပေးထားသည်။ အာမခံပေးထားသည်။



**protection** *n.* အကာအကွယ်။ ကာကွယ်မှု။ (အခွန်တိုးမြှင့်ကောက်ခံ၍ ပြည်ပယှဉ်ပြိုင်မှုမှ) ကာကွယ်ပေးမှု။

**protectionism** *n.* ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးထားသည့်ဝါဒ။ ပြည်ပပြိုင်ဆိုင်မှုကာကွယ်ရန် အစိုးရက ချမှတ်ဆောင်ရွက်သော သွင်းကုန်ထိန်းချုပ်မှုစနစ်။

**protective custody** *n.* ကာကွယ် ထိန်းသိမ်းခြင်း။

**protective duty** *n.* ကာကွယ်ပေးသည့် အကောက်ခွန်။

**protective tariff** *n.* အကာအကွယ်ပေးထားသည့်အကောက်ခွန်နှုန်းထား။

**protein** *n.* ပရိုတင်းဓာတ်။ အသားဓာတ်။

**protest** *n.* ကန့်ကွက်ချက်။ ကန့်ကွက်ခြင်း။ ကန့်ကွက်လွှာ။

**protesting a bill** *n.* ငွေတောင်းလွှာ ဘီလ်ကို ကန့်ကွက်ခြင်း။

**protocol** *n.* နိုင်ငံတော်အခမ်းအနားနှင့် သံခင်းတမန်ခင်းတွင် စောင့်ထိန်း လိုက်နာအပ်သော လုပ်ထုံးလုပ်နည်း ကျင့်ဝတ်။ ကြိုတင်သဘောတူ ညှိနှိုင်းချက်မှတ်တမ်း။

**proton** *n.* ပရိုတွန်။

**prototype** *n.* နမူနာရှေ့ပြေးပုံစံ။ ထုတ်လုပ်မည့် ကုန်ပစ္စည်း၏ နမူနာရှေ့ပြေးပုံစံ။

**prove** *v.* သက်သေပြသည်။ သက်သေအခိုင်အလုံပြသည်။

**proved** *pt.* သက်သေခိုင်လုံပြပြီး။

**provide** *v.* ပေးသည်။ စီစဉ်ပေးသည်။ (အခွင့်အလမ်း၊ အဖြေ) ပေးသည်။

**provident fund** *n.* နောင်ရေးအတွက် ကြိုတင်စီမံထားသော ရန်ပုံငွေ။

**provident fund account staff** *n.* ဝန်ထမ်းနောင်ရေးရန်ပုံငွေစာရင်း။

**provident fund account book** *n.* နောင်ရေးရန်ပုံငွေစာရင်းစာအုပ်။

www.burmeseclassic.com

www.burmeseclassic.com



**provider** *n.* ရှာဖွေကျွေးမွေးသူ။ ဖြည့်ဆည်းပေးသူ။ ပံ့ပိုးပေးသူ။

**province** *n.* စီရင်စု။ နယ်ပယ်။

**provision** *n.* ထောက်ပံ့ခြင်း။ ဖန်တီးပေးခြင်း။ ခန့်ခွဲပေးသော ပမာဏ။ လျာထားချက်။ ပြဋ္ဌာန်းချက်။ သတ်မှတ်ချက်။

**provisional** *adj.* ယာယီ။ အခိုက်အတန့်အားဖြင့်သာ။

**provisional adjustment** *n.* ယာယီညှိခြင်း။

**provisional figure** *n.* ယာယီကိန်းဂဏန်း။

**provisional liquidator** *n.* ကုမ္ပဏီ ဖျက်သိမ်းခံရ၍ သက်ဆိုင်သူများအားလုံး၏ အကျိုးစီးပွားကိုကာကွယ်ရန် တရားရုံးက ခန့်အပ်ခြင်း ခံထားရသူ။

**provisional order** *n.* ယာယီအမိန့်။

**provisional sum** *n.* အရန်ငွေ။

**provision for bad debts** *n.* ကြွေးဆုံး လျာထားချက်။

**provision for depreciation** *n.* တန်ဖိုးလျော့လျာထားချက်။

**provision for renewals account** *n.* အသစ်လဲလှယ်ရန် လျာထားစာရင်း။

**provisions** *n.* စားနပ်ရိက္ခာ။ ရိက္ခာ။

**provisions stores** *n.* ရိက္ခာဆိုင်။ စားနပ်ရိက္ခာဆိုင်။

**provost** *n.* (ကောလိပ်) ကျောင်းအုပ်ကြီး။ (တက္ကသိုလ် အချို့တွင်) စီမံခန့်ခွဲရေး အရာရှိကြီး။ (မြို့နယ်) ဒေသန္တရအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ။

**prow** *n.* (လှေ၊ သင်္ဘော) ဦး။

**proxy** *n.* ကိုယ်စားလှယ်။ အခြားသူတစ်ဦးအတွက် ကိုယ်စားဆောင်ရွက်ခွင့်။

**proxy form** *n.* ကိုယ်စားလှယ်ပုံစံ။

**prudence concept** *n.* မျှော်လင့်ခန့်မှန်းထားသည့် ဆုံးရှုံးငွေများကို သာသာထိုးထိုး ခန့်မှန်း စာရင်းတင်ရမည်ဟူသော စာရင်းကိုင်သဘောတရား။

**prune** *n.* သင်္ဘောဆီးသီးခြောက်။ *v.* စိစစ်လျှော့ချသည်။ ဖြတ်တောက်သည်။



**psychic income** *n.* စိတ်အေးဝင်ငွေ။ ကုန်ပစ္စည်းမှ ဖြစ်စေ၊ ဝန်ဆောင်မှုမှ ဖြစ်စေ အလုပ်ရှင်က ဆောင်ရွက်ပေးခြင်းကြောင့် အလုပ်သမားများရရှိခံစားလိုက်ရသည့် ပီတိ၊ စိတ်ကျေနပ်မှု။

**psychic tension** *n.* စိတ်တင်းကျပ်မှု။

**psychoanalyst** *n.* စိတ်စိစစ်မှုပညာရှင်။

**psychological theory of the business cycle** *n.* စိတ်ယှဉ်ဖြစ် စီးပွားရေး သံသရာစက်ဝန်း။

**psychologist** *n.* စိတ်ပညာရှင်။

**PTO** *abbr.* (စာမျက်နှာ အောက်ဆုံးတွင်) နောက်တစ်မျက်နှာ လှန်ပါ။ please turn over.

**pub** *n.* (ဝိုင်းဖွဲ့စားသောက်နိုင်သည့်) အရက်ဆိုင်။

**pub crawl** *n.* အရက်ဆိုင်တစ်ဆိုင်ပြီး တစ်ဆိုင် လှည့်ပတ်သောက်ခြင်း။

**public** *adj.* အများပြည်သူ။ ပြည်သူလူထု။ အများသုံး။ အများဆိုင်။ ပြည်သူ့။ *n.* အများ။ အများပြည်သူ။ ပရိသတ်။ လူထု။

**public account** *n.* ပြည်သူပိုင်စာရင်း။ ပြည်သူပိုင် ငွေစာရင်း။

**public accountant** *n.* ပြည်သူ့စာရင်းကိုင်။

**public administration** *n.* ပြည်သူ့အုပ်ချုပ်ရေး။

**publican** *n.* အရက်ဆိုင်ရှင်။ အရက်ဆိုင်မန်နေဂျာ။

**public authorities** *n.* အုပ်ချုပ်ရေးအဖွဲ့များ။

**publication** *n.* စာအုပ် စာနယ်ဇင်းပုံနှိပ်ထုတ်ဝေခြင်း။ အများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း။

**public bar** *n.* ဘုံဆိုင်။

**public boards** *n.* နိုင်ငံပိုင်ဘုတ်အဖွဲ့များ။

**public company** *n.* အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။

**public consumption** *n.* အများပြည်သူ စားသုံးမှု။

**public consumption monopoly** *n.* အများပြည်သူ စား

www.burmeseclassic.com

www.burmeseclassic.com



သုံးရေး တစ်ဦးတည်းလုပ်ကိုင်ဆောင်ရွက်မှု။

**public convenience** *n.* အများပြည်သူသုံး သန့်စင်ခန်း။

**public corporation** *n.* နိုင်ငံပိုင်ကော်ပိုရေးရှင်း။

**public debt** *n.* နိုင်ငံပိုင်ကဏ္ဍက ပေးရန်ရှိသော ကြွေးမြီ။

**public deposits** *n.* ဗဟိုဘဏ်တွင် အပ်နှံထားရှိသော အစိုးရဌာနများ၏ အပ်ငွေစာရင်းများ။

**public domain** *n.* အရာတော်နယ်။ အများပြည်သူပိုင်နယ်။ အင်တာနက်တင်ထားသည့်လုပ်ငန်းအုပ်စု။

**public enterprise** *n.* ပြည်သူပိုင် လုပ်ငန်း။

**public examination** *n.* ဒေဝါလီခံရသူက ကြွေးရှင်များနှင့် စာရင်းရှင်းတာဝန်ခံတို့အား ရုံးတော်တွင် ရှင်းလင်းတင်ပြရသည့် ကြားနာစစ်ဆေးမှု။

**public finance** *n.* ပြည်သူ့ဘဏ္ဍာရေး။ ပြည်သူ့ဘဏ္ဍာငွေ။ အစိုးရနှင့် ဒေသန္တရအာဏာပိုင်များက ဖြည့်ဆည်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေရှာဖွေခြင်း။

**public finance and rural economic section** *n.* ပြည်သူ့ဘဏ္ဍာရေးနှင့်ကျေးလက်စီးပွားရေးဌာနစိတ်။

**public good** *n.* ပြည်သူ့ကောင်းကျိုး။အများပြည်သူကောင်းကျိုး။

**public health** *n.* ပြည်သူ့ ကျန်းမာရေး။

**public holiday** *n.* အများပြည်သူရုံးပိတ်ရက်။

**public house** *n.* **Also** Pub.

**public issue** *n.* သတင်းစာ စသည်တွင် ကြော်ငြာ၍ အများပြည်သူများ ဝယ်ယူနိုင်ရန်ကမ်းလှမ်းဖိတ်ခေါ်သည့် အစုရှယ်ယာသစ်များ ထုတ်ဝေမှု။

**publicist** *n.* အများပြည်သူ သိရှိအောင် ကြေညာပြန်ကြားပေးသူ။

**publicity** *n.* ကျော်ကြားမှု။ သတင်းသမားများ၏ အာရုံစူးစိုက်မှု။ ကြော်ငြာခြင်း။



**publicize** *v.* ကြော်ငြာသည်။ လူသိများထင်ရှားအောင် ပြုလုပ်သည်။

**public lands** *n.* အရာတော်မြေ။ အများပြည်သူပိုင်မြေ။

**public law** *n.* ပြည်သူ့ဥပဒေ။

**public liability insurance** *n.* ပြည်သူ့ထိခိုက်နစ်နာမှု အာမခံ။

**public limited company** *n.* စတော့ဈေးကွက်တွင် အများပြည်သူကို မိမိကုမ္ပဏီရှယ်ယာများ ရောင်းချပေးသည့် လီမိတက်ကုမ္ပဏီ။ အများပြည်သူဆိုင်ရာ လီမိတက်ကုမ္ပဏီ။

**public meeting** *n.* အများဆိုင်အစည်းအဝေး။

**public nuisance** *n.* အများပြည်သူကို နှောင့်ယှက်မှု။

**public opinion** *n.* ပြည်သူလူထုသဘောထားဆန္ဒ။ ပြည်သူ့ထင်မြင်ချက်။

**public opinion survey** *n.* ပြည်သူ့ ထင်မြင်ချက်ဆန်းစစ်ခြင်း။

**public order act** *n.* အများပြည်သူ စည်းကမ်းသေဝပ်ရေးဥပဒေ။

**public ownership** *n.* ပြည်သူပိုင်ခြင်း။ နိုင်ငံတော် ပိုင်ဆိုင်ခြင်း။ ပြည်သူ့ ပိုင်ဆိုင်မှု။

**public policy** *n.* အစိုးရပေါ်လစီ။

**public property** *n.* ပြည်သူပိုင်။ ပြည်သူပိုင်ပစ္စည်း။

**public prosecutor** *n.* အစိုးရရှေ့နေ။

**Public Record Office** *n.* ဖွားသေစာရင်း၊ ထိမ်းမြားလက်ထပ်ခြင်းမှတ်တမ်းများ ထိန်းသိမ်းထားရှိသည့်ရုံး။

**public relations** *n.* ပြည်သူ့ဆက်ဆံရေး လုပ်ငန်း။ အများပြည်သူ့နှင့် ဆက်ဆံရေး။ ပြည်သူ့ဆက်ဆံရေး။

**public relations manager** *n.* အများပြည်သူဆက်ဆံရေး မန်နေဂျာ။ လူထုဆက်ဆံရေးမန်နေဂျာ။

**public relations officer** *n.* လူထုဆက်ဆံရေး အရာရှိ။

www.burmeseclassic.com

www.burmeseclassic.com



**public revenue** *n.* ပြည်သူ့အခွန်တော်။ အခွန်တော်။

**public school** *n.* ကျောင်းအိပ်ကျောင်းစားတက်ကြရပြီးကျောင်းလခပေးရသောကျောင်း။ (အမေရိကန်၊ ဩစတြေးလျတွင်) ကျောင်းလခမပေးရသည့်အစိုးရအထက်တန်းကျောင်း။

**public sector** *n.* ပြည်သူပိုင်စီးပွားရေးကဏ္ဍ။ နိုင်ငံပိုင်။ အစိုးရပိုင်။

**public spending** *n.* ပြည်သူ့အကျိုးဆောင်လုပ်ငန်းများအတွက်ကျခံသုံးစွဲခြင်း။

**public spirit** *n.* ပရဟိတ စိတ်ဓာတ်။

**public utility** *n.* လျှပ်စစ်မီး၊ ရေ၊ ဓာတ်ငွေ့စသည်ကို အများပြည်သူသုံးစွဲရန် ဖြန့်ချိပေးသောအဖွဲ့အစည်း။ အများပြည်သူသုံးလုပ်ငန်း။

**public warehouse** *n.* ဆိပ်ကမ်းကုန်သိုလှောင်ရုံ။

**public works** *n.* (ဆေးရုံ၊ ကျောင်း၊ တံတား၊ လမ်း စသော) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။ ပြည်သူ့လုပ်ငန်း။ ပြည်သူ့ထူထောင်ရေးလုပ်ငန်း။

**publish** *v.* ပုံနှိပ်ထုတ်ဝေသည်။ (သတင်းစာ၊ မဂ္ဂဇင်းတွင်) ပုံနှိပ်ထုတ်ဝေခံရသည်။ အများပြည်သူကို အသိပေးသည်။ ထုတ်ပြန်ကြေညာသည်။ (ဝတ္ထု၊ ဆောင်းပါး၊ စာတမ်းစသည်) ပုံနှိပ်ထုတ်ဝေသည်။

**publisher** *n.* ပုံနှိပ်ထုတ်ဝေသူ။ ထုတ်ဝေသူ။

**publishing** *n.* ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း။

**publishign house** *n.* ပုံနှိပ်ထုတ်ဝေသည့် ကုမ္ပဏီ။ စာပေတိုက်။

**pull** *v.* ဆွဲသည်။ ဆွဲယူသည်။ ဆွဲသွားသည်။(ခတ်တက်ဖြင့်လှေ) လှော်သည်။ (မောင်းဆွဲချပြီးစည်ဘီယာ) ထည့်သည်။(စက်၊ အင်ဂျင်စသည်) (နှင်းကန်) ရုန်းသည်။

**pulley** *n.* စက်သီး။ ပူလီ။

**pull-in** *n.* လမ်းမဘေး စားသောက်ဆိုင်။

**Pullman** *n.* ဇိမ်ခံလူစီးတွဲ(ကား)။



**pull strategy** *n.* အကြီးအကျယ်ကြော်ငြာအင်အားသုံး၍ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေးကို ဆောင်ရွက်သည့် အရောင်းမြှင့်တင်ရေးဗျူဟာ။

**pump** *n.* ပန့်စက်။ (ရေ၊ အရည်) စုပ်စက်။ လေထိုးပိုက်၊ လေထိုးစက်၊ လေထိုးတံ၊ လေမှုတ်စက်။ (အရည်၊အငွေ့)ပို့စက်။ *v.* (ရေ၊ အရည်၊ လေ၊ အငွေ့) စုပ်ထုတ်ထိုးသွင်းပို့လွှတ်သည်။

**pump priming** *n.* စီးပွားရေးပွင့်လန်းစေခြင်း။ (လုပ်ငန်းတစ်ရပ် ကြီးထွားတိုးတက်လာစေရန် အစိုးရက) ငွေပင်ငွေရင်းစိုက်ထုတ်မြှုပ်နှံပေးခြင်း။ စီးပွားရေးချုံနည်း။ စီးပွားရေး ချုံဆီထည့်ခြင်း။

**punch** *n.* ဖောက်စက်။ *v.* ဖောက်စက်ဖြင့် ဖောက်သည်။ (ကွန်ပျူတာ၊ တယ်လီဖုန်း စသည်ရှိ ခလုတ်ခုံကို) နှိပ်သည်။

**punch-bowl** *n.* ပန့်(ချ်)ယမကာအဖျော်တည်ခင်းသည့် ဇလုံ။

**punching** *n.* ဖောက်စက်ဖြင့်ဖောက်ခြင်း။ အပေါက်ဖောက်ခြင်း။

**punish** *v.* ပြစ်ဒဏ်ခတ်သည်။ ပြစ်ဒဏ်ကျခံစေသည်။ အပြစ်ပေးသည်။

**punishment** *n.* ပြစ်ဒဏ်။ ပြစ်ဒဏ်ပေးခြင်း။ ဒဏ်ခတ်မှု။ ပြစ်ဒဏ်ကျခြင်း။

**punt** *n.* ဦးတုံး၊ ပဲ့တုံးဝမ်းပြားလှေငယ်။ အလောင်းအစားပြုခြင်း။ လောင်းကြေး။ *v.* (မြင်းစသည်) လောင်းသည်။

**punter** *n.* ထိုးသား။ ကစားသမား။ ဝယ်ယူသုံးစွဲသူ။ ဆွဲဆောင်ရလွယ်ကူသည့် ဝယ်ယူသူ၊ ဖောက်သည်။

**puppet** *n.* ရုပ်သေး။ (လက်ထိုး၊ ကြိုးဆွဲ) ရုပ်သေးရုပ်။

**puppeteer** *n.* ရုပ်သေးဆရာ။ ရုပ်သေးပညာရှင်။

**purchase** *n.* ဝယ်ယူခြင်း။ ဝယ်ယူမှု။ ဝယ်ယူသည့် အရာ။ ဝယ်ယူသည့် ပစ္စည်း။ *v.* ဝယ်သည်။ ဝယ်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



**purchased** *pt.* ဝယ်ယူပြီး။

**purchase day book** *n.* နေ့စဉ်ကုန်ဝယ်စာအုပ်။

**purchase in advance** *n.* ကြိုတင်ဝယ်ယူခြင်း။ ကြိုတင်ဝယ်။ ကြိုဝယ်။

**purchase invoice** *n.* အဝယ်ကုန်ဖိုးလွှာ။

**purchase ledger** *n.* ကုန်ဝယ်လယ်ဂျာ။ ကုန်ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှုများအတွက် ကုန်ကျငွေများကို ရေးသွင်းထားသည့် လယ်ဂျာစာအုပ်။ ကုန်ရောင်းသူများ၏ ပုဂ္ဂိုလ်ရေးစာရင်းများ ရေးသွင်းထားသည့် လယ်ဂျာစာအုပ်။

**purchase money** *n.* ကုန်ဝယ်ငွေ။ ဝယ်ငွေ။

**purchase money mortgage** *n.* ဝယ်ငွေကျန် ပစ္စည်းပေါင်စနစ်။

**purchase order** *n.* ကုန်ဝယ်အမှာစာ။

**purchase price** *n.* ဝယ်ဈေး။

**purchaser** *n.* ဝယ်သူ။ ဝယ်ယူသူ။ အဝယ်။

**purchase requisition** *n.* ဝယ်ယူခွင့်တောင်းခြင်း။ ဝယ်ခွင့်တောင်းခံစာ။ ဝယ်မိန့်တောင်းခံစာ။ ဝယ်ပေးရန်တောင်းခံစာ။

**purchase returns** *n.* အဝယ်ပြန်သွင်း။ ဝယ်ကုန်ပြန်ပို့။

**purchases account** *n.* ကုန်ဝယ် စာရင်း။

**purchase transaction** *n.* အဝယ်ကိစ္စ။

**purchase warrant** *n.* ဝယ်ယူခွင့်လက်မှတ်။

**purchasing** *n.* အဝယ်။ ဝယ်ယူခြင်း။ ဝယ်ခြင်း။

**purchasing depot** *n.* အဝယ်ဒိုင်။ အဝယ်ဒိုင်။

**purchasing officer** *n.* ကုန်ကြမ်းပစ္စည်းများ ဝယ်ယူပေးသူ။ ကုန်ဝယ်အရာရှိ။

**purchasing manager** *n.* ကုန်ဝယ်မန်နေဂျာ။

**purchasing power** *n.* ဝယ်နိုင်အား။ ဝယ်အား။ ငွေတန်ဖိုး။

**purchasing power parity** *n.* ဝယ်နိုင်အားနှုန်းပြည့်။ ဝယ်အားညီခြင်း။



**purchasing power parity theory** *n.* ငွေကြေးဖလှယ်နှုန်းထားများသည် နိုင်ငံသုံးငွေကြေးတို့၏ ဝယ်နိုင်အားအချိုးအစားကို ဖော်ပြနေသည် ဟူသော အယူအဆ။

**purchasing sales management** *n.* အရောင်းအဝယ် စီမံမှု။

**pure** *adj.* စစ်စစ်။ သန့်သော။ စစ်မှန်သော။ စင်ကြယ်သော။ သက်သက်။

**pure-bred** *adj.* မျိုးသန့်သော၊ သွေးမနှောသော (တိရစ္ဆာန်)။

**pure competition** *n.* အပြည့်ပြိုင်ဆိုင်မှု။ တူညီသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရောင်းချနေသူအများအပြားရှိနေရုံသာမက ထပ်မံ ရောင်းချလိုသူများလည်း လွယ်လင့်တကူဝင်ရောက်နိုင်ခြင်း။

**pure interest** *n.* ငွေတိုးသက်သက်။

**pure monopoly** *n.* ထုတ်လုပ်သူတစ်ဦးတည်းက ကုန်ပစ္စည်းတစ်မျိုးတည်းကို လက်ဝါးကြီးအုပ် ထုတ်လုပ် ရောင်းချနေခြင်း။

**pure profit** *n.* အသားတင်အမြတ်။

**pure risk** *n.* အကျိုးအမြတ်မရှိ စွန့်စားမှုသက်သက်။

**purification** *n.* သန့်စင်ခြင်း။

**purified drinking water** *n.* ရေသန့်။

**purify** *v.* သန့်စင်သည်။

**purloin** *v.* ခိုးယူသည်။ ခိုးသုံးသည်။

**purpose** *n.* ရည်ရွယ်ချက်။ ကြံရွယ်ချက်။ လိုအပ်ချက်။ အသုံးဝင်ပုံ။ အရာရောက်မှု။ စိတ်ကျေနပ်မှု။ ရည်မှန်းချက်။ သန္နိဋ္ဌာန်ချမှု။

**purpose-built** *adj.* သတ်သတ်မှတ်မှတ် လုပ်ငန်းတစ်ရပ်အတွက် ဆောက်လုပ်ထားသော။

**purposive sampling** *n.* စစ်တမ်းကောက်ယူရန်အတွက် အခြေအနေများ တူညီနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဒေသတစ်ခုကို စံနမူနာအဖြစ် ရွေးချယ်သတ်မှတ်ခြင်း။

**purse** *n.* ပိုက်ဆံအိတ်ငယ်။ အသုံးစရိတ်။ (အားကစား) ဆုငွေ။

**purser** *n.* ခရီးသည်များ သက်သာချောင်ချိမှုအတွက် ဆောင်ရွက်ပေးရသော သင်္ဘော၊ လေယာဉ် အရာရှိ။

**purse-strings** *n.* ငွေသုံးစွဲပုံ။ အသုံးအစွဲ။ ဘဏ္ဍာရေး။

**pursuance** *n.* လိုက်နာခြင်း။ လိုက်နာဆောင်ရွက်ခြင်း။

**purvey** *v.* ဖြန့်ချိသည်။

**purveyor** *n.* ဖြန့်ချိသူ။ ဖြန့်ချိရေးဌာန။ ဖြန့်ချိရေး ကုမ္ပဏီ။

**push** *v.* (ရောင်းကုန် စသည်) အစွံထုတ်သည်။

**pushcart** *n.* လက်တွန်းလှည်း။

**pushchair** *n.* (ထိုင်လိုက်ရသော) ကလေးလက်တွန်းလှည်း။

**push strategy** *n.* လက်လီ၊ လက်ကား ရောင်းဝယ်သူများ၏ ကုန်ပစ္စည်းအပေါ် ယုံကြည်မှု ရှိလာစေရန် ထုတ်လုပ်သူက အရောင်းမြှင့်တင်မှုဆိုင်ရာ ကြော်ငြာနည်းလမ်းမျိုးစုံ အသုံးပြုသည့် အရောင်းမြှင့်တင်ရေးဗျူဟာ။

**put and call** *n.* အလိုက်နှင့်အခေါ်။ (စတော့ဈေးကွက်) အရောင်းနှင့် အဝယ်။

**put option** *n.* ပစ္စည်းအပ်ချိန်ရွေးခွင့်။ ကုန်ပစ္စည်း၊ နိုင်ငံသုံးငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းတစ်ခုကို သတ်မှတ်ဈေးနှုန်းဖြင့် သတ်မှတ် အရေအတွက်အတိုင်း၊ သတ်မှတ် နေ့ရက်တွင် ရောင်းချပိုင်ခွင့်။

**putt** *v.* (ဂေါက်သီး) ကျင်းစိမ်သည်။ *n.* ကျင်းစိမ်သည့် (ဂေါက်) ရိုက်ချက်။

**putter** *n.* (ဂေါက်သီး) ကျင်းစိမ်သည့်တုတ်။ (ဂေါက်သီး) ကျင်းစိမ်သူ။

**puzzle** *n.* ပဟေဠိ။ ဉာဏ်စမ်း။ ဉာဏ်စမ်းပဟေဠိ။

**PVC** *abbr.* ပီဗီစီ။ (ပလတ်စတစ်ပိုက်၊ ကြမ်းခင်းစသည် ပြုလုပ်ရသော) ပေါ်လီဗီနိုင်းကလိုရိုက်ဒ်။ polyvinyl chloride.



**pw** *abbr.* တစ်ပတ်လျှင်။ per week.

**pyjamas** *n.* အိပ်ရာဝင်ဝတ်စုံ။

**pyramid** *n.* ပိရမစ်။ ရာထူး အဆင့်မြင့်သည်နှင့်အမျှ လူဦးရေနည်းသွားသော ဖွဲ့စည်းမှု။

**pyramiding** *n.* ဖြန့်ချိရေး အဆင့်ပေါင်းများစွာ ထားရှိ၍ ဖြန့်ချိသူ တစ်ဦးချင်းက ဈေးအဆင့်ဆင့်တင်၍ ရောင်းချသဖြင့် လက်လီဈေးနှုန်းမြင့်မားစေသည့် မရိုးသားသော စီးပွားရေးလုပ်ဆောင်မှု။

**pyramid selling** *n.* ကုမ္ပဏီတစ်ခုက ထုတ်လုပ်သည့် ကုန်ပစ္စည်းဖြန့်ချိခွင့်အတွက် ဖြန့်ချိသူက ငွေပေးရပြီး ယင်းကတစ်ဆင့် လက်အောက်ဖြန့်ချိသူများကလည်း အဆင့်ဆင့် ဖြန့်ချိခွင့်ငွေကြေးရယူ၍ ရောင်းချသော စနစ်။ ကုန်ပစ္စည်းဖြန့်ချိသူတစ်ဦးက ကုန်ပစ္စည်းများကို မိမိဒေသအတွင်း ရောင်းချခွင့်ရရှိပြီး ယင်းအခွင့်အရေးကို အခြား ဖြန့်ချိသူများ လက်သို့ ထပ်ဆင့် ရောင်းချသည့် နည်းလမ်း။

**Pyrex** *n.* အပူခံဖန်ထည်။

**pyrotechnics** *n.* မီးရှူး၊ မီးပန်း၊ ပြောက်အိုး စသည်လုပ်ငန်း။

www.burmeseclassic.com

www.burmeseclassic.com



# Q q

**QE 2** *abbr.* ဒုတိယမြောက် အဲလီဇဘက်ဘုရင်မအမည်ရှိ ဇိမ်ခံသင်္ဘောကြီး။ Queen Elizabeth the second.

**Q ratio** *n.* စက်ရုံ၊ အလုပ်ရုံ၊ စက်ပစ္စည်း ကိရိယာများ ကဲ့သို့ မတည်အရင်းအနှီးပစ္စည်းများ လက်ရှိဈေးကွက်ပေါက်ဈေးနှင့် ယင်းပစ္စည်းများကို အစားထိုး တည်ဆောက် ပြုလုပ်ရာတွင် ကုန်ကျမည့် ငွေကြေးပမာဏတို့၏ အချိုးအစား။

**quadraphonic** *adj.* (ရေဒီယို၊ ရုပ်မြင်သံကြား ဆက်ကြောင်း လေးကြောင်းမှ) ဖမ်းယူသွင်းယူသော၊ ထုတ်လွှင့်သော။ လေးဖက်ကြား။

**quadrilateral** *n.* စတုဂံ။ လေးထောင့်ပုံ။

**quadruple** *adj.* လေးဆ။ လေးစီး။ လေးဖက်ဆိုင်။ *n.* လေးဆ လေးလီ။ လေးကြိမ်။ လေးပြန်။ *v.* (အမြတ် စသည်) လေးဆ တိုးသည်။

**quadruplicate** *n.* လေးစောင်မြောက် မိတ္တူ။ စတုတ္ထမြောက် မိတ္တူ။

**qualification** *n.* အရည်အချင်း။ ပညာအရည်အချင်း။ အရည်အချင်းပြည့်မီခြင်း။

**qualified** *adj.* အရည်အချင်း ပြည့်မီသော။ သတ်မှတ်ချက် ပြည့်မီသော။ ပိုင်နိုင်သော။ သင့်လျော်သော။

**qualified acceptance** *n.* သတ်မှတ်လက်ခံခြင်း။ ငွေပေး မည့် နေ့ရက်၊ နေရာစသည် သတ်မှတ်ချက်များဖြင့် ငွေလွှဲ လက်မှတ်အတွက် ပေးချေရန် လက်ခံသဘောတူညီမှု။

**qualified audit report** *n.* ခြွင်းချက်ပါစာရင်းစစ် အစီရင် ခံစာ။



**qualified endorsement** *n.* ခြွင်းချက်ပါ ထပ်ဆင့်လက်မှတ်ရေးထိုးချက်။

**qualified report** *n.* ကုမ္ပဏီစာရင်းများအပေါ်တွင် မှန်ကန်သင့်လျော်ကြောင်း မှတ်ချက်မပေးနိုင်သည့် စာရင်းစစ်အစီရင်ခံစာ။

**qualified status** *n.* အဆင့်အတန်းမီအဆင့်။ တန်းမီအဆင့်။

**qualify** *v.* အရည်အချင်း ပြည့်မီကြောင်း အသိအမှတ်ပြုခံရသည်။ အဆင့်မီသည်။ အခွင့်ရသည်။ ဘောင်ဝင်စေသည်။

**qualifying** *v.* ကုန်ပစ္စည်း၏ မရှိမဖြစ်လိုအပ်မှုကိုအများပြည်သူသိရှိနားလည်ရန်ဈေးရောင်းရင်းမှ ကြားပြောဆိုပေးသည့်အရောင်းလုပ်ဆောင်ချက်လုပ်သည်။

**qualitative** *adj.* အရည်အသွေးဆိုင်ရာ။ အရည်အချင်းအရ။

**qualitative analysis** *n.* အရေအတွက်စိစစ်ခြင်း။

**qualitative assignment** *n.* အရည်အချင်းဆိုင်ရာ ဆောင်ရွက်ရန် တာဝန်။

**qualitative criterion** *n.* အရည်အသွေးစံ။ အမျိုးအစားစံ။

**qualitative data** *n.* အရည်အချင်းအလိုက် တွေ့ရှိချက်။

**qualitative examination** *n.* အမျိုးအစားစစ်ဆေးခြင်း။

**qualitative market research** *n.* လူအများ၏ အမြင်သဘောထားများကို ဆန်းစစ်လေ့လာ၍ အများပြည်သူတို့၏ ဝယ်ယူသုံးစွဲမှုများအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိသည်ကို လေ့လာခြင်း။

**qualitative method** *n.* အမျိုးအစားခွဲနည်း။

**qualitative test** *n.* အမျိုးအစားစမ်းသပ်ခြင်း။ အရည်အချင်းစမ်းသပ်ခြင်း။

**quality** *n.* အရည်အချင်း။ အမျိုးအစား။ အဆင့်။ အတန်း။ အဆင့်အတန်း။

**representative figure** *n.* ကိုယ်စားပြုကိန်းဂဏန်း။

**representative goods** *n.* စီးပွားရေး ကုန်ပစ္စည်းမျိုး။

**representative money** *n.* ကြေးထိုက်ငွေ။ အဖိုးတန် သတ္တု (ရွှေ၊ ငွေ)ကို ကျော ထောက် နောက်ခံထား၍ ထုတ် ဝေသည့် ငွေစက္ကူ။

**repressed inflation** *n.* နှိပ်ကွပ် ငွေဖောင်းပွမှု။

**repressive tax** *n.* ဖိနှိပ်ခွန်။

**reprint** *v.* ထပ်မံရိုက်နှိပ်သည်။ (စာအုပ်ကို) ထပ်မံရိုက်နှိပ်ရန် ရှိသည်။ *n.* ထပ်မံရိုက်နှိပ်ခြင်း။ ထပ်မံရိုက်နှိပ်ထားသောမှု။

**reproduction** *n.* ပြန်လည်ထုတ် ပေးနိုင်စွမ်း အရည်အသွေး။

**reproduction cost** *n.* လတ် တလောပေါက်ဈေးဖြင့် ပုံသေ ပိုင်ပစ္စည်းကို အစားထိုးရပါက ကျသင့်မည့် ကုန်ကျငွေဖြင့် တန်ဖိုးသင့်ခြင်း။

**reproduction cost standard** *n.* ပြန်ထုတ်တန်ဖိုး စံနှုန်း။

**reproduction rate** *n.* လူဦးရေ ပြန့်ပွားမှုနှုန်း။

**repudiate** *v.* ပယ်သည်။ ငြင်း ပယ်သည်။ (ကြွေးမြီပေးဆပ် ရန်) ငြင်းဆိုသည်။

**repudiation** *n.* ငြင်းပယ်ခြင်း။ ကြွေးဆပ်မှု ငြင်းပယ်ခြင်း။

**repurchase agreement** *n.* ရင်းနှီးမြှုပ်နှံမှုစာချုပ်ကို ရောင်း ချထားပြီး၊ သဘောတူညီထား သည့် ကာလတစ်ခုတွင်၊ သ ဘောတူထားသည့် ဈေးနှုန်း ဖြင့်ပြန်လည်ဝယ်ယူရန်သဘော တူညီထားရှိမှု။

**repute** *n.* နာမည်။ ဂုဏ်သတင်း။

**request** *n.* မေတ္တာရပ်ခံခြင်း။ တောင်းပန်ချက်။ တောင်းဆို ချက်။ *v.* မေတ္တာရပ်ခံသည်။ တောင်းပန်သည်။



**request stop** *n.* ခရီးသည်က ဆင်းလိုကြောင်း အချက်ပေးမှ သာ ရပ်ပေးသော ဘတ်စ်ကား မှတ်တိုင်။

**require** *v.* လိုအပ်သည်။ သတ် မှတ်ပြဋ္ဌာန်းထားသည်။

**requirement** *n.* လိုအပ်ချက်။ သတ်မှတ်ချက်။ ပြဋ္ဌာန်းချက်။

**requisition** *n.* ကုန်ကြမ်းများ ထုတ်ပေးရန် တောင်းခံသည့် အမှာစာ။ ချောဆွဲခြင်း။ *v.* ချော ဆွဲသည်။

**re-route** *v.* လမ်းကြောင်းပြောင်း လွှတ်သည်။ လမ်းကြောင်း လွှဲ သည်။

**rerun** *n.* တစ်ကျော့ပြန်ထပ်မံပြ သည့် ရုပ်ရှင်၊ ရုပ်မြင်သံကြား အစီအစဉ်။

**resale** *n.* ထပ်ဆင့် ရောင်းချခြင်း။

**resale price maintenance** *n.* ပြန်လည် ရောင်းချသော ဈေး နှုန်း ထိန်းသိမ်းရေး။

**reschedule** *v.* အကြွေးဆပ်ရ မည့်အချိန် ရွှေ့ဆိုင်းနိုင်ရန် စီစဉ်ပေးသည်။ ရွှေ့ဆိုင်းထား နိုင်ရန် အစီအစဉ်ပြန်လည် ရေး ဆွဲသည်။

**rescind** *v.* ပယ်ဖျက်သည်။

**rescue** *v.* ကယ်ဆယ်သည်။ကယ် တင်သည်။ ကယ်သည်။ *n.* ကယ်ဆယ်ရေး။ ကယ်ဆယ် ခြင်း။ ကယ်မခြင်း။ ကယ်တင် ခြင်း။

**research** *n.* သုတေသန။ သု တေသနပြုခြင်း။ *v.* သုတေသ န ပြုလုပ်သည်။

**research and development** *n.* သုတေသနနှင့် တီထွင်ထုတ် လုပ်မှု။ တီထွင် မွမ်းမံထုတ် လုပ်နိုင်ရန် သုတေသနပြုခြင်း။

**researcher** *n.* သုတေသနပြု သူ။ သုတေသီ။

**resell** *v.* ပြန်လည် ရောင်းချသည်။

**resemblance** *n.* တူခြင်း။ ဆင် တူခြင်း။ ဆင်ခြင်း။

**reservation** *n.* ကြိုတင်စာရင်း သွင်းထားခြင်း။ သီးသန့် ကြို တင် မှာကြားထားခြင်း။ သီး သန့်ထားခြင်း။ဆောင်ထားခြင်း။ ဆိုင်းငံ့ထားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**reservation price** *n.* အနည်းဆုံး ခေါ်ဈေး။

**reserve** *v.* သီးသန့်ထားသည်။ အရန်ထားသည်။ သိုမှီးထားသည်။ သီးသန့်ဖယ်ခိုင်းထားသည်။ ပိုင်ခွင့်ကို လက်ဝယ်ထားရှိသည်။ *n.* သီးသန့်ထားရှိသည့်ရန်ပုံငွေ။ သီးသန့်ထားရှိသည့် စီးပွားရေးလုပ်ငန်း အရင်းအနှီး။ အရန်။ ခြေစောင့်လက်စောင့်ထားရှိသည့် အရာ။ သီးသန့်ရန်ပုံငွေ။

**reserve account** *n.* သီးသန့်ငွေစာရင်း။

**reserve balance** *n.* သီးသန့်လက်ကျန်။

**reserve bank** *n.* သီးသန့်ဘဏ်။

**reserve capital** *n.* ကုမ္ပဏီဖျက်သိမ်းသည့်အခါမှ ငွေပေးသွင်းရန် တောင်းခံနိုင်သော ကုမ္ပဏီရှယ်ယာများ။

**reserve currency** *n.* သီးသန့်ငွေကြေး။ ပြည်ပကြွေးမြီများကို ပေးဆပ်နိုင်ရန် အစိုးရက သီးသန့်ထားရှိသော နိုင်ငံခြားငွေကြေးငွေမာ။

**reserved areas** *n.* သီးသန့်နယ်မြေများ။

**reserved forest** *n.* ကြိုးဝိုင်းသစ်တော။

**reserved tree** *n.* တားမြစ်ထားသည့် အပင်။

**reserve for bad debts** *n.* ကြွေးဆုံး သီးသန့်ငွေ။

**reserve for contingencies** *n.* အသေးသုံးအတွက် သီးသန့်ငွေ။

**reserve for contingency** *n.* အရေးပေါ် သီးသန့်ရန်ပုံငွေ။

**reserve for discount** *n.* အလျှော့သီးသန့်ငွေ။

**reserve for doubtful debt** *n.* မရေရာသော ကြွေးမြီအတွက် သီးသန့်ငွေ။ မသေချာသော ကြွေးမြီအတွက် သီးသန့်ငွေ။

**reserve fund** *n.* သီးသန့် ရန်ပုံငွေ။

**reserve liability** *n.* သီးသန့်ပေးလျော်ရန် တာဝန်။

**reserve position** *n.* သီးသန့်ငွေကြေး အခြေအနေ။



**reserve price** *n.* သီးသန့်ဈေးနှုန်း။ ကြမ်းခင်းဈေး။

**reserve ratio** *n.* သီးသန့်အချိုးအစား။ သီးသန့်ထားသင့်သော ဈေးနှုန်း။

**reserve requirement** *n.* ကူးသန်း ရောင်းဝယ်ရေးဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားရှိမှုများကို စစ်ဆေးတွေ့ရှိသည့် ရာခိုင်နှုန်း။

**reserve share capital** *n.* အမြတ်ထဲမှသီးသန့်ထားရှိသော ငွေရင်း။

**reservoir** *n.* ရေလှောင်ကန်။ စုစည်းသိုမှီးထားရှိရာ ဌာန။

**resettle** *v.* ပြန်လည် နေရာချထားသည်။

**resettlment** *n.* ပြန်လည်နေရာထားရေး။

**reshape** *v.* (စီးပွားရေးစသည်) ပုံစံအသစ် ဖန်တီးသည်။

**residence** *n.* ဂေဟာ။ နေထိုင်ရာ။ နေထိုင်ခွင့်။ နေထိုင်ခြင်း။

**residency** *n.* နေထိုင်ခွင့်။ နေထိုင်ခြင်း။ အလုပ်တာဝန်ဖြင့် နေထိုင်စေမှု။

**resident** *n.* နေရာ၊ ဒေသတစ်ခုတွင် အိမ်ရာအတည်တကျ နေထိုင်သူ။ ရွာခံ။ ဒေသခံ။ ဟိုတယ်တစ်ခုတွင် တည်းခိုနေထိုင်လျက်ရှိသူ။

**residual** *adj.* ကြွင်းကျန်သော။

**residual value** *n.* အကြွင်းအကျန် တန်ဖိုး။

**residuary** *adj.* ကွယ်လွန်သူ၏ လက်ကျန်ပစ္စည်းစာရင်းမှဆက်ခံရန်ဖြစ်သော။ အကြွင်းဖြစ်သော။

**residue** *n.* အကြွင်းအကျန်။ အကပ်အသပ်။ (ပေးရန်တာဝန်များ ရှင်းလင်းပြီးနောက် ကျန်ရှိသည့်) ကွယ်လွန်သူ၏ လက်ကျန်ပစ္စည်းစာရင်း။

**resign** *v.* နုတ်ထွက်သည်။

**resignation** *n.* နုတ်ထွက်ခြင်း။ နုတ်ထွက်စာ။ ထွက်စာ။

**resigning** *n.* နုတ်ထွက်ခြင်း။

**resilient** *adj.* (ရာသီဥတုဒဏ်စသည်) ကြံ့ကြံ့ခံနိုင်သော (အပင်၊ အကောင်)။ (ဖိအား၊ ဆွဲအားဒဏ် စသည်) ခံနိုင်ရည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော (ပစ္စည်း)။ ဒဏ်ခံနိုင်သော။

**resin** *n.* (ထင်းရှူး) ဆီ။ (သစ်) စေး။ ကော်စေး။ (ပလတ်စတစ်) ကော်စေး။

**resist** *v.* ခံနိုင်သည်။ ခံနိုင်စွမ်းရှိသည်။

**resistance** *n.* ခံနိုင်ရည်။ ခံနိုင်ရည်အား။ ခံနိုင်စွမ်း။ (အပူ၊ လျှပ်စီးပြန်ခြင်း ခုခံမှု)။

**resister** *n.* ဆန့်ကျင်သူ။ အတိုက်အခံလုပ်သူ။

**resistor** *n.* လျှပ်ခံ။

**resolution** *n.* ဆုံးဖြတ်ချက်။ ပြေလည်အောင် ဖြေရှင်းပေးခြင်း။ (ပုံရိပ်) ကွဲပြားမှု။ ပြတ်သားမှု။ (ကုမ္ပဏီအစုရှယ်ယာဝင်များ၏) တရားဝင်မဲခွဲ ဆုံးဖြတ်ချက်။

**resolve** *v.* ဆုံးဖြတ်သည်။ (အစည်းအဝေး၊ အဖွဲ့အစည်းစသည်မှ) ဆုံးဖြတ်ချက်ချသည်။ ဆုံးဖြတ်သည်။

**resort** *n.* အပန်းဖြေစခန်း။ အပန်းဖြေရာ နေရာ။

**resource** *n.* (ပစ္စည်း) အင်အား။ (ငွေ) အရင်းအနှီး၊ အင်အား။ (လူ)အင်အား၊ အရင်းအမြစ်။ ကြံရည်ဖန်ရည်။ *v.* အရင်းအနှီး စီမံပေးသည်။

**resourceful** *adj.* ကြံရည်ဖန်ရည်ရှိသော။ လုပ်ရည် ကိုင်ရည်ရှိသော။

**respect** *n.* လေးစားမှု။ အလေးထားမှု။ အလေးဂရုပြုမှု။ *v.* လေးစားသည်။ ထောက်ထားသည်။ အလေးထားသည်။ အသိအမှတ်ပြုသည်။

**respectively** *adv.* အသီးသီး။

**respirator** *n.* အသက်ရှူကိရိယာ။ အသက်ရှူစက်။

**respondent** *n.* (တရားမမှုများတွင်) လျှောက်ထားခံရသူ။

**responsibility** *n.* တာဝန်ယူခြင်း။ တာဝန်ရှိခြင်း။ တာဝန်။

**responsible** *adj.* တာဝန်ရှိသော။ တာဝန်သိသော။ စိတ်ချယုံကြည်ရသော။

**restaurant** *n.* ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင် ကဲ့သို့သော စားသောက်ဆိုင်။ စားသောက်ဆိုင်။



**restaurant car** *n.(Brit)* စားသောက်ဆိုင်တွဲ။

**restaurateur** *n.* စားသောက်ဆိုင်ပိုင်ရှင်။

**resting account** *n.* စုဆောင်းမြုပ်နှံငွေ စာရင်း။ စုဆောင်းရင်းနှီးငွေစာရင်း။

**resting room** *n.(US)* အများသုံး သန့်စင်ခန်း။

**restitution** *n.* ထိခိုက်မှုအတွက် လျော်ကြေး။ ပျောက်ဆုံး၊ အခိုးခံရသည့် ပစ္စည်းကို မူရင်း ပိုင်ရှင်ထံ ပြန်လည်အပ်နှံခြင်း။

**restoration** *n.* နဂိုမူလအတိုင်း ပြန်လည် ပြင်ဆင်မွမ်းမံခြင်း။ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခြင်း။

**restore** *v.* နဂိုမူလအတိုင်း ပြန်ဖြစ်စေသည်။ (မူလ ရာထူး၊ အလုပ်အကိုင်) ပြန်ပေးသည်။ ပြင်ဆင်မွမ်းမံသည်။ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်သည်။

**restorer** *n.* အနုပညာလက်ရာ၊ ရှေးဟောင်း အဆောက်အအုံစသည်ကို နဂိုမူလအတိုင်း ပြန်လည် ဖော်ထုတ်ပေးနိုင်အောင် ကျွမ်းကျင်သူ။

**restraint of trade** *n.* ကုန်သွယ်မှု ထိန်းချုပ်ခြင်း။

**restrict** *v.* ကန့်သတ်သည်။ ချုပ်ချယ်သည်။

**restricted** *adj.* ကန့်သတ်ထားသော။

**restriction** *n.* ကန့်သတ်ချက်။ ထိန်းချုပ်မှု။

**restrictive endorsement** *n.* ကန့်သတ်ထပ်ဆင့်လက်မှတ်ရေးထိုးချက်။

**restrictive policy** *n.* ချေးငွေချုပ်ကိုင်ဝါဒ။

**restrictive practices** *n.* ကုန်ထုတ်လုပ်မှု ပမာဏနှင့် ရောင်းဈေးတို့ကို လုပ်ငန်းရှင်အချင်းချင်း ညှိ၍ ကန့်သတ်ထားခြင်း။

**restrictive trade practices** *n.* (လုပ်ငန်းရှင်ချင်း ယှဉ်ပြိုင်ရမှု မရှိစေရန်၊ အလုပ်သမားများကို အလုပ်အကိုင် ဆက်ပေးနိုင်ရန်) ကန့်သတ်သည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်း ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းသဘောတူညီမှုထားရှိခြင်း။

**restructure** *v.* ပြန်လည်ဖွဲ့စည်းသည်။

**restructuring** *n.* လုပ်ငန်း၊ ကုမ္ပဏီအတွင်း ဝန်ထမ်းဖွဲ့စည်းပုံ၊ တာဝန်ခွဲဝေချထားမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက် စသည်ကို စနစ်တကျ ပြန်လည်စီမံ ဖွဲ့စည်းထားရှိခြင်း။

**resubmission** *n.* ထပ်မံတင်ပြခြင်း။

**result** *n.* အကျိုး။ အကျိုးဆက်။ ရလဒ်။

**results** *n.* ကုန်ရောင်း ကုန်ဝယ်ပြုလုပ်မှု ကာလအတိုင်းအတာတစ်ခု ကုန်ဆုံးချိန်တွင် ရောင်းဝယ်ရေး လုပ်ငန်း၊ ကုမ္ပဏီ၏ အရှုံး၊ အမြတ်။ အကျိုးကျေးဇူး။ စမ်းသပ်တွေ့ရှိချက်။

**résumé** *n.* အကျဉ်း။ (အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရသော) ပညာရေး မှတ်တမ်းအကျဉ်း။

**resumption** *n.* ပြန်ဆက်ခြင်း။ ပြန်စခြင်း။

**resurrect** *v.* ပြန်လည်ဖော်ထုတ်သည်။ ပြန်လည်ကျင့်သုံးသည်။

**retail** *n.* လက်လီရောင်းခြင်း။ လက်လီ။ *v.* လက်လီရောင်းသည်။ လက်လီဈေးနှုန်းဖြင့်ရောင်းချသည်။

**retailatory duty** *n.* ဒဏ်ပြန်အကောက်ခွန်။

**retailer** *n.* လက်လီဖြန့်ချိသူ။ လက်လီရောင်းချသူ။

**retailing** *n.* ကုန်စည် လက်လီဖြန့်ချိမှုလုပ်ငန်း။

**retail price** *n.* လက်လီဈေးနှုန်း။

**retail price index** *n.*လအလိုက်ကုန်ဈေးနှုန်းစာရင်း။

**retail sale** *n.* လက်လီရောင်းခြင်း။ လက်လီရောင်းချခြင်း။

**retail sales** *n.* (စားသုံးသူများကိုတိုက်ရိုက်ရောင်းချသော) လက်လီဆိုင်များ၏ ကုန်ပစ္စည်းဈေးနှုန်း။

**retail society** *n.* လက်လီဆိုင်အသင်း။



**retail trade** *n.* လက်လီရောင်းဝယ်မှု။

**retain** *v.* ထိန်းသိမ်းထားသည်။ (ရှေ့နေ) ငှားရမ်းထားသည်။ (အကျိုးဆောင်မှု တစ်စုံတစ်ရာအတွက်) ပုံမှန်အခကြေးငွေပေးသည်။

**retained earnings** *n.* ချန်လှပ်ထိန်းသိမ်းထားသည့် ဝင်ငွေ။ အမြတ်ဝေစုများ ထုတ်ပေးပြီး၊ အခွန်ဆောင်ပြီး နောက်ပိုင်း ကုမ္ပဏီလုပ်ငန်းတွင် လက်ကျန်ရှိနေသည့် ဝင်ငွေ။

**retained profit** *n.* အစုရှယ်ယာရှင်များသို့ အမြတ်ခွဲဝေမပေးဘဲ၊ ကုမ္ပဏီ လုပ်ငန်းတွင်သာ ပြန်လည်ရင်းနှီးမြှုပ်နှံသည့် နှစ်စဉ်ရရှိသော အမြတ်ငွေ။

**retainer** *n.* အကျိုးဆောင်ခအဖြစ် ပုံမှန်ပေးငွေ။

**retension money** *n.* လက်မလွှတ်နိုင်သည့် ငွေကြေး။

**retire** *v.* အငြိမ်းစား ယူသည်။ ပင်စင်ယူသည်။ အငြိမ်းစားပေးသည်။ ပင်စင်ပေးသည်။

**retired** *adj.* အငြိမ်းစား။ ပင်စင်စား။

**retired bill** *n.* အချိန်ကာလအတိုင်းအတာ စေ့မြောက်သည့်နေ့ရက်မတိုင်မီ ရုပ်သိမ်းပြီး ဖြစ်နေသည့် ငွေလွှဲစာချုပ်။

**retirement** *n.* အငြိမ်းစား ယူခြင်း။ ပင်စင်ယူခြင်း။

**retract** *v.* ပြန်လည် ရုပ်သိမ်းသည်။ (ကတိစကား၊ ကမ်းလှမ်းချက်စသည်) ပြန်ရုပ်သိမ်းသည်။

**retraction** *n.* (ဆိုပြီးစကား၊ ဝန်ခံချက်စသည်) ပြန်ရုပ်သိမ်းကြောင်း၊ နုတ်သိမ်းကြောင်း ထုတ်ပြန်ချက်။

**retrain** *n.* လုပ်ငန်းအသစ်အတွက် ပြန်လည်သင်တန်းဆင်းသည်၊ မွမ်းမံသင်တန်းဆင်းသည်။

**retraining** *n.* လုပ်ငန်းသစ် သင်တန်း။ လုပ်ငန်း မွမ်းမံသင်တန်း။

**retread** *n.* ပန်းပြန်တင် ထားသည့် (ကား) တာယာ။

www.burmeseclassic.com

www.burmeseclassic.com



**retreat** *v.* (စတော့ရှယ်ယာ ဈေးနှုန်း စသည်) တန်ဖိုးကျသွားသည်။ ဆုံးဖြတ်ချက် ပြင်ဆင်ပြောင်းလဲသည်။

**retrench** *v.* ကုန်ကျစရိတ်လျှော့ချသည်။

**retrenchment** *n.* လျှော့ချခြင်း။ ဖြတ်တောက်ခြင်း။ အင်အားလျှော့ခြင်း။

**retrieve** *v.* ပြန်လည် သိမ်းယူသည်။ (ကွန်ပျူတာမှ အချက်အလက်စသည်) ပြန်ထုတ်ယူသည်။

**retroactive** *adj.* နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ရှိသော။

**retrospective** *adj.* နောက်ကြောင်းပြန်အာဏာသက်ရောက်မှု ရှိသော။

**retsina** *n.* ဂရိစပျစ်ဝိုင်အဖြူ။

**return** *n.* ရင်းနှီးမြှုပ်နှံမှ ရရှိသောဝင်ငွေ၊ အကျိုးအမြတ်။ အမြတ်အစွန်း။ ပြန်အပ်ခြင်း။ ပြန်ရောက်ခြင်း။ ပြန်သွင်းထားသော ပွဲလက်မှတ်။ အသွားအပြန် လက်မှတ်။ *v.* (ကုန်ပစ္စည်းများကို) ပြန်ပို့သည်။ ပြန်ပေးသည်။ အမြတ်အစွန်းပေါ်သည်။

**returnable** *adj.* ပြန်သွင်းနိုင်သော။ ပြန်သွင်းရသော။

**return fare** *n.* အသွားအပြန် လက်မှတ်ခ။

**return of capital** *n.* ရင်းနှီးငွေ၏ အကျိုးအမြတ်။

**return on assets** *n.* ပိုင်ဆိုင်ပစ္စည်း စုစုပေါင်းမှပေးရန် တာဝန်စုစုပေါင်းကို နုတ်၍ ကျန်သည်ကို ရာခိုင်နှုန်းဖွဲ့ ဖော်ပြသည့် စီးပွားရေးလုပ်ငန်း၏ အမြတ်။

**return on capital** *n.* Also return on assets.

**return on equity** *n.* ကုမ္ပဏီ အမြတ်အစွန်းကို တိုင်းတာတွက်ချက်သည့် နည်းလမ်း။

**return on investment** *n.* ရင်းနှီးမြှုပ်နှံမှု ပြန်ပေါ်နှုန်း။

**returns** *n.* အမြတ်အစွန်း။ ထုတ်လုပ်ကုန် တစ်ယူနစ်အမြတ်။



နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ရောင်းချမှု အစီရင်ခံချက်။ ပြန်လည်ပေးပို့သည့် ကုန်ပစ္စည်းများ။

**returns outward** *n.* ကုန်ဝယ်ပြန်ပို့။

**returns to a factor** *n.* အင်အားစုတစ်ခုမှအထွက်နှုန်း။ ထုတ်လုပ်မှုအင်အားစု အထွက်နှုန်း။

**returns to scale** *n.* စကေးအလိုက် အထွက်။

**reusable** *adj.* (ထပ်ကာတလဲလဲ) ပြန်အသုံးချနိုင်သော၊ အသုံးပြုနိုင်သော။

**reuse** *v.* ပြန်သုံးသည်။ ပြန်လည်အသုံးပြုသည်။ *n.* ပြန်လည်အသုံးပြုမှု။

**reuse price** *n.* ပြန်သုံး ဈေးနှုန်း။

**rev** *n.* (အင်ဂျင်) (တစ်မိနစ်) လည်ပတ်နှုန်း။ *v.* စက်ရှိန် မြှင့်တင်သည်။

**revalidation** *n.* ထပ်မံအတည်ပြုခြင်း။

**revalorization** *n.* ငွေဈေးမြှင့်တင်ရေး။

**revaluation** *n.* ငွေလဲလှယ်နှုန်းတန်ဖိုး မြှင့်ခြင်း။ ငွေကြေး တန်ဖိုးမြှင့်တင်ခြင်း။ တစ်ဖန်တန်ဖိုးဖြတ်ခြင်း။

**revaluation method** *n.* ပြန်လည် တန်ဖိုးဖြတ်နည်း။

**revaluation of assets** *n.* ပိုင်ဆိုင်ပစ္စည်းတန်ဖိုး မြှင့်တင်ခြင်း။

**revalue** *v.* ပြန်လည် တန်ဖိုးဖြတ်သည်။ ငွေလဲလှယ်နှုန်းတန်ဖိုးမြှင့်သည်။

**reveal** *v.* ပေါ်ထွက်လာသည်။ ပြသသည်။

**revenue** *n.* (နိုင်ငံတော်) အခွန်။ (ကုမ္ပဏီ၊ လုပ်ငန်းစသည်၏) ဝင်ငွေ။ ဘဏ္ဍာအခွန်ငွေ။ ရငွေ။

**revenue account** *n.* အခွန်တော်စာရင်း။ (ကုမ္ပဏီ၊ လုပ်ငန်းစသည်၏) ပုံမှန်ကုန်ရောင်းကုန်ဝယ် ဝင်ငွေ စာရင်း။

**revenue collection** *n.* အခွန်ကောက်ခံရေး။

**revenue duty** *n.* အခွန်တော်အကောက်။ အခွန်အကောက်။

www.burmeseclassic.com

www.burmeseclassic.com



**revenue expenditure** *n.* သာမန်အသုံးစရိတ်။

**revenue expenses** *n.* အခွန်တော် အသုံးစရိတ်။

**revenue receipts** *n.* အခွန်တော်ရငွေ။

**reversal** *n.* ပြောင်းပြန်ဖြစ်အောင် ပြုလုပ်ခြင်း။ ကပြောင်းကပြန်ဖြစ်စေခြင်း။

**reversal condition** *n.* ပြောင်းပြန်အခြေအနေ။

**reversal test** *n.* ပြောင်းပြန်လှန်စစ်ဆေးချက်။

**reverse** *adj.* ပြောင်းပြန်။ နောက်ပြန်။

**reverse discrimination** *n.* ပြောင်းပြန် ခွဲခြားဆက်ဆံပြုမူခြင်း။

**reverse logistics** *n.* (ထုတ်လုပ်သူများအတွက် ပြန်လည်အသုံးပြုနိုင်သည့် ကုန်ကြမ်းများ ပြန်ရရှိစေသော) နောက်ပြန်ထောက်ပံ့ပို့ဆောင်ရေး ဗေဒ။

**reverse order** *n.* ပြောင်းပြန်အစဉ်။

**reverse takeover** *n.* အများပြည်သူပိုင် ကုမ္ပဏီကို ပုဂ္ဂလိကကုမ္ပဏီကဝယ်ယူခြင်း။ ကုမ္ပဏီငယ်လေးကကုမ္ပဏီကြီးကိုဝယ်ယူခြင်း။

**reversion** *n.* မူလပိုင်ရှင် လက်ဝယ်သို့ ပြန်လည်ရောက်ရှိခြင်း။ နောက်ကြောင်းပြန်ခြင်း။ ပစ္စည်းတစ်ခုကို ရောင်းချလိုက်ပြီး၊ ဝယ်သွားသူထံမှ ယင်းပစ္စည်းကို ပြန်လည်ငှားရမ်းခြင်း။

**reversionary** *adj.* ပြန်လည်ပေးအပ်သော။ မူလပိုင်ရှင်ထံ ပြန်ပေးသော။

**reversionary annuity** *n.* ပြန်လည်ပေး နှစ်စဉ်ကြေး။ အာမခံထားသူ ကွယ်လွန်ပြီးနောက် စာချုပ်ပါ အမည်ဖော်ပြထားသူအား ပုံမှန် (နှစ်စဉ်၊ လစဉ်) ကြေး ပေးအပ်ရသည့် အာမခံပေါ်လစီ။

**reversionary bonus** *n.* ဆိုင်းငံ့ဆုကြေး။

**reversionary interest** *n.* ဆိုင်းငံ့အတိုး။



**revert** *v.* မူလအခြေအနေ ပြန်ဆိုက်သည်။ ဒုံရင်းအတိုင်း ပြန်ဖြစ်သည်။

**reverted** *adj.* မူလအနေအထားအတိုင်းပင် ပြန်ဖြစ်သော။

**review** *n.* ပြန်လည်ဆန်းစစ်ခြင်း။ ပြန်လည် သုံးသပ်ခြင်း။ ပြန်လည် သုံးသပ်ချက်။ အစီရင်ခံစာ။ *v.* ပြန်လည် ဆန်းစစ်သည်။ ပြန်လည်သုံးသပ်သည်။

**revise** *v.* ပြင်ဆင်သည်။ ပြုပြင်သည်။ စိစစ် တည်းဖြတ်သည်။

**revised charge** *n.* ပြင်ဆင်ပြီးတန်ဖိုး။ ပြုပြင်ပြီးအဖိုးအခ။

**revised currency chest slip** *n.* ပြုပြင်ပြီး ဘဏ်ငွေသေတ္တာစာလွှာ။

**revised estimate** *n.* ပြုပြင်ပြီးခန့်မှန်းခြေ။ ပြင်ဆင်ပြီး ခန့်မှန်းခြေ။

**revised list** *n.* ပြုပြင်ပြီး စာရင်း။

**revision** *n.* ပြုပြင်ခြင်း။ ပြင်ဆင်ခြင်း။ စိစစ် တည်းဖြတ်ခြင်း။

**revival** *n.* ပြန်လည် ဖော်ထုတ်ခြင်း။ ပြန်လည် ဆန်းသစ်ခြင်း။ အားပြန်လည်ကောင်းလာခြင်း။

**revocable letter of credit** *n.* ရုပ်သိမ်းခွင့်ရှိ ငွေရပိုင်ခွင့်စာ။

**revocation** *n.* ပြန်လည်ရုပ်သိမ်းခြင်း။

**revocable commercial credit** *n.* ဖျက်သိမ်းနိုင်သော ကုန်သွယ်ကြွေးမြီ။

**revoke** *v.* ပြန်လည်ရုပ်သိမ်းသည်။ အသိမ်းခံရသည်။

**revolving commercial credit** *n.* လှည့်လည် ကုန်သွယ်ကြွေးမြီ။

**revolving credit** *n.* အများဆုံးသတ်မှတ်ထားသည့် ချေးငွေထက်မပိုသ၍ အကြိမ်ကြိမ်ချေးယူခြင်း၊ ပေးဆပ်ခြင်း ပြုလုပ်နိုင်သည့် ဘဏ်နှင့်ဘဏ်ဖောက်သည်တို့ သဘောတူညီ ရယူထားသော ဘဏ်ငွေချေးစနစ်။

**revolving credit agreement** *n.* ချေးငွေအတွက် ဘဏ်နှင့် သဘောတူညီချက် ရယူထားမှု။

**revolving door** *n.* ဆုံလည်တံခါး။

www.burmeseclassic.com

www.burmeseclassic.com



**revolving fund** *n.* လျော့ဖြည့်ရန်ပုံငွေ။ ပတ်လည် ရန်ပုံငွေ။ လည်ပတ်နေသောအရေအတွက်။ လှည့်လည် ရန်ပုံငွေ။ ထုတ်ချေးငွေကို အတိုးနှင့် ပြန်လည် ပေးသွင်း၍အကြိမ်ကြိမ်ဆက်လက်ထုတ်ချေးရန်ထားရှိသော ရန်ပုံငွေ။

**revolving letter of credit** *n.* လျော့ဖြည့်ငွေရပိုင်ခွင့်စာ။

**reward** *n.* ဆု။ ဆုလာဘ်။ ဆုငွေ။ *v.* ဆုချီးမြှင့်သည်။ အကျိုးခံစားရသည်။

**rewire** *v.* မီးကြိုးပြန်သွယ်တန်းသည်။ ဝိုင်ယာကြိုး ပြန်လည်သွယ်သည်။

**Ricardian theory of rent** *n.* ငှားရမ်းခ သီအိုရီ။

**rice** *n.* ဆန်။ ဆန်စေ့။ စပါးစေ့။

**rice and rice products** *n.* ဆန်နှင့် ဆန်ထွက်ပစ္စည်း။

**rich** *adj.* ဥစ္စာဓနကြွယ်ဝသော။ ချမ်းသာသော။ မြေဩဇာကောင်းသော။ ပြည့်နှက်နေသော။ ထူးကဲသော။ အဖိုးထိုက်တန်လှပသော။

**riches** *n.* စည်းစိမ်ဥစ္စာ။ ဥစ္စာဓန။ ဥစ္စာပစ္စည်း။

**ride** *n.* ယာဉ်စီးနင်းခြင်း။ ယာဉ်ဖြင့် တင်ဆောင်ခြင်း။ *v.* ဖြတ်သန်းစီးနင်းသည်။ ယာဉ်ပေါ်တွင် စီးနင်းသည်။ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည်။

**rider** *n.* (စက်ဘီး၊ မော်တော်ဆိုင်ကယ်) စီးသူ။ မြင်းစီးလာသူ။ နောက်ဆက်တွဲမှတ်ချက်။ (ပဋိညာဉ် စာချုပ်စာတမ်းတွင် အဓိပ္ပာယ် ပို၍ရှင်းလင်းတိကျစေရန်) ထပ်မံဖြည့်စွက်သည့် အပိုဒ်ငယ်။

**ridge** *n.* တောင်ကြော။တောင်ရိုး။

**rig** *v.* လှေ၊ သင်္ဘောတွင် ရွက်တိုင်၊ ရွက်၊ ဆိုင်းကြိုးတပ်ဆင်သည်။ အကွက်ဆင်သည်။ အကြံအဖန်လုပ်သည်။

**rigging** *n.* လှေ၊ သင်္ဘော ရွက်တိုင်ဆိုင်းကြိုး။ အကြံအဖန်လုပ်ခြင်း။ အကွက်ဆင်ခြင်း။



**right** *n.* လုပ်ဆောင်ပိုင်ခွင့် အခွင့်အာဏာ။ လုပ်ပိုင်ခွင့်။ အခွင့်အရေး။ ဥပဒေအရ ရရှိခံစားပိုင်ခွင့်။

**right hand side** *n.* ညာဘက်။

**rightness** *n.* တရားမျှတခြင်း။ မှန်ကန်ခြင်း။

**right of abode** *n.* တရားဝင်နေထိုင်ခွင့်။

**right of action** *n.* တရားစွဲဆိုပိုင်ခွင့်။ တရားစွဲဆိုခွင့်။

**right of way** *n.* ဖြတ်သန်း သွားလာခွင့်။ ဖြတ်လမ်း။

**rights** *n.* ပိုင်ခွင့်။

**rights and liabilities** *n.* အခွင့်အရေးနှင့် တာဝန်များ။

**rights issue** *n.* အစုရှယ်ယာအသစ်ထပ်ခေါ်သည့်အခါ လက်ရှိ အစုရှယ်ယာရှင်များအတွက် လျှော့ဈေးဖြင့် ရောင်းချသော အစုရှယ်ယာများ။

**rights letter** *n.* အစုရှယ်ယာရှင်များထံသို့ အစုရှယ်ယာအသစ်များကို လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းအကြောင်းကြားသည့်စာ။

**rights manager** *n.* ကုန်ပစ္စည်း၊ တီထွင်မှု၊ ဒီဇိုင်းပုံစံစသည်တို့အား ပြည်ပနိုင်ငံများတွင် ထုတ်လုပ်ခွင့်၊ ရောင်းချခွင့်၊ ဖြန့်ချိခွင့်များအတွက် စာချုပ်ချုပ်ဆိုခြင်း၊ အဖိုးအခ သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ်။

**rigidity of economic system** *n.* စီးပွားရေးစနစ်တင်းမာမှု။

**rigmarole** *n.* မလိုအပ်ဘဲ ရှုပ်ထွေးလှသည့် လုပ်ထုံးလုပ်နည်းစနစ်။

**ring** *n.* လက်စွပ်။ အကွင်း။ ပွဲဝိုင်း။ (မာတ်ငွေ့၊ လျှပ်စစ်) မီးဖို။ တယ်လီဖုန်းဆက်ခြင်း။ *v.* တယ်လီဖုန်းဆက်သည်၊ မြည်သည်။

**ring-binder** *n.* ကွင်းများဖြင့် စာရွက်တို့ကို တွဲချုပ်ထားသည့် စာတွဲမျိုး။ ကွင်းဖောက်စာတွဲ။

**ring-pull** *n.* သံဘူးဖွင့် လက်ဆွဲကွင်း။

**ring road** *n.* မြို့ပတ်လမ်း။

www.burmeseclassic.com

www.burmeseclassic.com



**ringside** *n.* ဆပ်ကပ်ပွဲ၊ လက်ဝှေ့ပွဲတို့တွင် ရှေ့ဆုံးတန်းထိုင်ခုံ။

**rinse** *n.* ရေဖြင့် ဆေးကြောခြင်း။ ဆံပင်ဆိုးဆေးရည်။ *v.* ရေဆေးသည်။ (လက်) ဆေးသည်။

**riot** *n.* အဓိကရုဏ်း။ ရုန်းရင်းဆန်ခတ်မှု။ဝေဝေဆာဆာအလှပြပွဲ။

**rip** *v.* ဆုတ်ဖြဲသည်။ စုတ်ပြဲစေသည်။ ဆွဲဖောက်သည်။

**ripe** *adj.* မှည့်သော။ ရင့်မှည့်သော၊ ပျော်နေသော (ဒိန်ခဲ စသည်)။

**ripen** *v.* မှည့်လာသည်။ ရင့်မှည့်စေသည်။

**rip-off** *n.* မတန်တဆဈေးတင်ရောင်းခြင်း။

**rise** *n.* အတက်။ တိုးတက်ခြင်း။ တိုးတက်မှု။ လစာတိုးခြင်း။ *v.* တက်သည်။ တိုးသွားသည်။ ကြီးမြင့်သွားသည်။ (အစည်းအဝေး) ရုပ်သိမ်းသည်။ ရာထူးတိုးသည်။

**rise and fall** *n.* အတက်အကျ။

**riser** *n.* (လှေကား) ထုပိတ်။ (အိပ်ရာစောစော၊ နောက်ကျ) ထတတ်သူ။

**rising damp** *n.* (မြေထဲမှ နံရံ တွင်းသို့) အစိုဓာတ်စိမ့်တက်ခြင်း။

**risk** *n.* အန္တရာယ်။ စွန့်စားမှု။ အရှုံးစွန့်ခြင်း။ ဥစ္စာပစ္စည်း၊ ငွေကြေးဆုံးရှုံးနိုင်သည့် အလားအလာ။ ပိုင်ဆိုင်ပစ္စည်း ဥစ္စာတန်ဖိုး အနိမ့်အမြင့် ရှိသည့်အလားအလာ။

**risk bearer** *n.* စွန့်ဝံ့သူ။ စွန့်စားဝံ့သူ။

**risk capital** *n.* အရှုံးစွန့်၍ ရင်းနှီးထားသည့် ငွေ။

**risk-capital pooling** *n.* အရှုံးစွန့်၍ ရင်းနှီးငွေ စုပေါင်းခြင်း။

**risky** *adj.* ဘေးအန္တရာယ်များသော။ အရှုံးစွန့်ရလွန်းသော (စီးပွားရေးလုပ်ငန်း)။

**risotto** *n.* အီတာလျံ သားပြွမ်းထမင်း။

**rival** *n.* ပြိုင်ဘက်။

**rivalry** *n.* ပြိုင်ဆိုင်မှု။ ယှဉ်ပြိုင်ဘက်။



**river** *n.* မြစ်။

**river-bank** *n.* မြစ်ကမ်းပါး။

**river-bed** *n.* မြစ်ကြမ်းပြင်။

**river conservancy** *n.* မြစ်ကြောင်းထိန်းသိမ်းခြင်း။

**river due** *n.* မြစ်ခွန်။

**river gauge** *n.* မြစ်ရေချိန်။

**riverside** *n.* မြစ်ကမ်းခြေ။

**river training works** *n.* မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်း။ မြစ်ချောင်းပြုပြင်ရေး။

**rivet** *n.* သံမှို။ *v.* သံမှိုစွဲသည်။သံမှိုနှက်သည်။

**riviera** *n.* သာယာလှပ၍ အပန်းဖြေစခန်းပေါများသော ပင်လယ် ကမ်းခြေဒေသ။

**rivulet** *n.* ချောင်းငယ်။

**road** *n.* လမ်း။ လမ်းမ။ လမ်းကြောင်း။

**road and street** *n.* လမ်းကြီးလမ်းငယ်။

**roadblock** *n.* လမ်းဆို့။

**road drag** *n.* ဂျုတ်။

**road haulage** *n.* လော်ရီကား၊ ကုန်တင်ကားကြီးများဖြင့် လေးလံသည့် ကုန်စည်များကို သယ်ယူ ပို့ဆောင်ခြင်း။ ကုန်းလမ်းကုန်စည် ပို့ဆောင်ခြင်း။

**road haulage business** *n.* ကုန်းလမ်း ကုန်စည် ပို့ဆောင်ရေးလုပ်ငန်း။

**road metal** *n.* လမ်းခင်းကျောက်။

**road metalling** *n.* ကျောက်လမ်းခင်းခြင်း။

**road roller** *n.* လမ်းကြိတ်စက်။

**roadway** *n.* ယာဉ်လမ်းကြော။

**roadworks** *n.* လမ်းဖောက်လုပ်ပြုပြင်မှုလုပ်ငန်း။

**rob** *v.* ဓားပြတိုက်သည်။ လုယက်သည်။ အခွင့်အလမ်း ဆုံးရှုံးသည်။လက်လွှတ်လိုက်ရသည်။

**robber** *n.* သူခိုးဓားပြ။ လုယက်သူ။

**robbery** *n.* လုယက်မှု။

**robot** *n.* စက်ရုပ်။ ကိုယ်ပိုင်ဉာဏ်မသုံးဘဲ စက်ရုပ်သဖွယ် ပြုမူလုပ်ကိုင်သူ။

**robotic** *adj.* စက်ရုပ်သဖွယ် ရုပ်ရှားပြုမူမှု မချောမွေ့မပြေပြစ်သော။

www.burmeseclassic.com

www.burmeseclassic.com



**robotics** *n.* စက်ရုပ်တီထွင်ဖန်တီး၍ အသုံးချမှု ပညာ။ စက်မှုဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများတွင် စက်ရုပ်များ အသုံးပြုဆောင်ရွက်ခြင်း။

**rock** *n.* ကျောက်သား။ ကျောက်ဆောင်။ ကျောက်တုံး။

**rock-bottom** *adj.* (အရောင်းအဝယ် အခြေအနေ၊ ဈေးနှုန်းစသည်) အလွန့်အလွန်အောက်ဆုံးသို့ နိမ့်ကျနေသော။

**rock-bottom price** *n.* အနိမ့်ဆုံးဈေးနှုန်း။

**rock-climbling** *n.* ကျောက်တောင်၊ ကျောက်ကမ်းပါးကို တွယ်တက်သည့် အားကစား။

**rock-garden** *n.* ကျောက်ပုံဥယျာဉ်။

**rocking-chair** *n.* လှုပ်ကုလားထိုင်။

**rocket** *n.* ဒုံးကျည်။ ဒုံးစက်။ ဒုံးလက်နက်။ ဒုံးပျံ။ ဒုံးယာဉ်ပျံ။

**rod** *n.* အချောင်း။ အတံ။

**role** *n.* (ဇာတ်ဆောင်၊ သရုပ်ဆောင်၏) အခန်း။ ဇာတ်ကောင်။ အခန်း။ ကဏ္ဍ။

**role model** *n.* အတုယူရန် စံ... နာထားထိုက်သူ။

**roll** *n.* အလိပ်။ အလိပ်လိုက်... သောပုံ။ (အမည်) စာရင်း... ပေါင်မုန့်အလုံး။ *v.* လူးသည်... လိမ့်သည်။(စက်ယန္တရား)လည်... ပတ်စေသည်။ စတင်လည်ပတ်... စေသည်။

**roll bar** *n.* ကားမှောက်ခဲ့လျှင်... မောင်းနှင်၊ စီးနင်းလာသူများကို... ကာကွယ်နိုင်ရန် တပ်ဆင်ထား... သည့် ထူထဲသော အမိုးကိုင်း...

**roll-call** *n.* အမည်စာရင်း ခေါ်... လူစစ်ဆေးခြင်း။ တန်းစီလူစစ်... ခြင်း။

**roller** *n.* တလိမ့်။ တလိမ့်တုံး... လိမ့်တုံး။

**roller-coaster** *n.* ရိုလာကိုစတာ... အပျော်စီးရထား။ တစ်ဟုန်ထိုး... ထိုးဆင်း၊ ထိုးတက်ပတ်ပြေး... သော အပျော်စီးရထား။

**roller skate** *n.* လျှောစီးရန် ဘီး... ပါသော ဖိနပ်။ ရိုလာစကိတ်...

**roll in** *(PHRV)* (အမှာစာ... စသည်) ဒလဟောလိမ့်ဝင်လာ... သည်။



**rolling** *adj.* အလှည့်ကျလည်ပတ် သွားနေသော (အစီအစဉ်၊ လုပ်ငန်းစဉ်စသည်)။

**rolling stock** *n.* မီးရထားစက်ခေါင်းနှင့် တွဲအမျိုးမျိုး။ မီးရထားတွဲ။ (မီးရထား) လူစီးတွဲနှင့် ကုန်တင်တွဲများ။

**rolling stone** *n.* အတည်တကျနေထိုင် လုပ်ကိုင်ခြင်းမရှိသူ။

**roll-on** *n.* ဘူးအဝတွင် အံကျတပ်ဆင်ထားသည့် ဘောလုံးငယ်ဖြင့် ကိုယ်ကို လိမ်းကျံရသည့် အရည်မျိုး။

**roll-on roll-off** *adj.* (ယာဉ်ကို) မောင်းတက် မောင်းဆင်းပြုလုပ်နိုင်သော (ကူးတို့သင်္ဘော)။

**roll-top desk** *n.* ပတ္တလားရွက်ပုံအဖုံးပါ စာရေးစားပွဲ။

**ROM** *abbr.* (ကွန်ပျူတာ) ပြန်ကြည့်ရုံသက်သက် မှတ်ဉာဏ်ပိုင်း။ read-only memory.

**Roman numeral** *n.* ရောမအက္ခရာဖြင့် ဂဏန်းခြေ။ ရောမဂဏန်းခြေ။

**Romanesque** *n.* အေဒီ ၁၀ရာစုမှ ၁၃ရာစုအတွင်း အနောက်ဥရောပတွင် ခေတ်စားခဲ့သည့် (မုခ်ခုံး၊ ကျောက်တိုင်လုံးကြီးများနှင့်) ဗိသုကာပုံစံ။

**roof** *n.* ခေါင်မိုး။ အမိုး။ *v.* အမိုးမိုးသည်။

**roof-angle** *n.* အမိုးထောင့်။

**roofing** *n.* အမိုးမိုးသော ပစ္စည်း။ အမိုးမိုးခြင်း လုပ်ငန်း။

**roof-garden** *n.* ခေါင်မိုးဥယျာဉ်ငယ်။

**roofing stone** *n.* အမိုးကျောက်။

**roofing tile** *n.* အုတ်ကြွပ်မိုး။

**roof line** *n.* အမိုးစွန်း။

**roof-rack** *n.* မော်တော်ကား၊ ယာဉ်အမိုးစသည်တွင် တပ်ဆင်ထားသည့် ပစ္စည်းတင်စင်။

**roof truss** *n.* ဒိုင်းခွေ။

**roof vent** *n.* (အိမ်ခေါင်) စံပယ်ထပ်။

**rookie** *n.* လူသစ်။

**room** *n.* အခန်း။ (ဟိုတယ်) အခန်း။ နေရာ။ (ဧည့်သည်တည်းခိုရန်) အခန်း။

**roomful** *n.* တစ်ခန်းလုံးစာ။ ခန်းလုံးပြည့်မျှ။

www.burmeseclassic.com

www.burmeseclassic.com



**rooming-house** *n.* ပရိဘောဂနှင့်တကွငှားရမ်းနိုင်သောအခန်း။

**room-mate** *n.* အခန်းဖော်။ တစ်ခန်းတည်းပေါင်းနေသူ။

**room service** *n.* အစား အသောက်များကို ဟိုတယ်အခန်းသို့ ပေးပို့ရန် မှာကြားနိုင်ခြင်း။

**root** *n.* အမြစ်။ အရင်းအမြစ်။ အရင်းခံ။ အကြောင်းရင်း။ ဇာစ်မြစ်။ (သင်္ချာ) ကိန်းရင်း။ *v.* အမြစ်တွယ်သည်။

**root mean-square** *n.* နှစ်ထပ်ကိန်းပျမ်းမျှကိန်းရင်း။

**root mean-square deviation** *n.* ကိန်းရင်းသမတ်ကိန်းတိမ်းချက်၏ နှစ်ထပ်ကိန်းရင်း။

**root mean-square value** *n.* နှစ်ထပ်ကိန်း ပျမ်းမျှကိန်းရင်းတန်ဖိုး။

**root mean-square velocity** *n.* နှစ်ထပ်ကိန်းပျမ်းမျှကိန်းရင်းအလျင်။

**rope** *n.* ကြိုး။ (လျှော်၊ နိုင်လွန်စသည်) ကြိုး။

**rope brake** *n.* ကြိုးဘရိတ်။

**rope form** *n.* ကြိုးပုံ။ ကြိုးပုံစံ။

**rope-ladder** *n.* ကြိုးလှေကား။

**rose** *n.* နှင်းဆီပန်း။ရေပန်းခေါင်း

**rosette** *n.* ဖဲပွင့်ရင်ထိုး။ တံဆိပ် အဖြစ်တပ်ဆင်ရန် ပန်းပွင့်ပုံ ဖဲပြား။

**rose-water** *n.* နှင်းရည်။

**rose-window** *n.* ပန်းပြတင်း ပေါက်ဝိုင်း။

**rosin** *n.* ထင်းရှူးဆီတုံး။

**roster** *n.* တာဝန်ကျစာရင်း။ *v.* တာဝန်ကျစာရင်းတွင် အမည်သွင်းသည်။

**rot** *v.* ရိဆွေးသည်။ ဆွေးသည်၊ မြည့်သည်။ ဆွေးစေ၊ မြည့်စေ ရိစေသည်။ *n.* အဆွေးအမြည့်

**rota** *n.* အလှည့်ကျ တာဝန်ချ ဇယား။

**rotary** *adj.* လည်ပတ်သော ပတ်လည် (လှည့်သည့်စက်၊ စက်ယန္တရားစသည်)။

**rotate** *v.* အလှည့်ကျဖြစ်သည်။ လည်သည်။ လှည့်သည်။ အလှည့်ကျ ပြုလုပ်သည်။

**rotating shifts** *n.* အလှည့်ကျ ပြောင်းသည့် လုပ်သားအဆိုင်း။



**ratation** *n.* အလှည့်ကျ လှည့်ပေးခြင်း။ လည်ခြင်း။ တစ်ပတ်လည်ခြင်း။

**rotor** *n.* ရဟတ်။ဒလက်။ ရိုတာ။

**rotten** *adj.* ပုပ်သော။ ဆွေးမြည့်သော။ ဆိုးရွားသော။ နေမကောင်းသော။

**rouble** *n.* ရုရှားနိုင်ငံသုံး ရူဘယ်ငွေ။ ရူဘယ်။

**rough** *adj.* အကြမ်းဖျင်း (ခန့်မှန်းခြေ) ဖြစ်သော။ အချောမသတ်ရသေးသော (စာချုပ်စာတမ်း၊ စာစသည်)။ ကြမ်းသော (ဝိုင်၊ အရက် စသည်)။

**rough account** *n.* စာရင်းကြမ်း။

**rough-and-ready** *adj.* အကြမ်းထည်ဖြစ်သော်လည်း တာသွားသော။

**roughcast** *n.* သရွတ်ကြမ်း။

**rough diamond** *n.* အပြင်ပန်းကြမ်းတမ်းသော်လည်း အားကိုးရသူ။

**rough edges** *n.* ပုံစံမကျသေးမှု။

**rough estimate** *n.* အကြမ်းခန့်မှန်းခြေ။

**rough ledger** *n.* လယ်ဂျာအကြမ်း။

**roughness** *n.* ကြမ်းထော်ခြင်း။ ကြမ်းတမ်းခြင်း။

**roulette** *n.* ၃၆ ဂဏန်းလောင်းကစားနည်း။

**roulette wheel** *n.* ၃၆ ဂဏန်းကစားရန် ဂဏန်းထိုးထားသောအံခွက်များပါရှိသည့် ဆုံလည်ခွက်။

**roundabout method of production** *n.* သွယ်ဝိုက်ကုန်ထုတ်လုပ်နည်း။

**roundabout production** *n.* သွယ်ဝိုက် ကုန်ထုတ်လုပ်ခြင်း။

**round figures** *n.* အနီးစပ်ဆုံးဆယ်၊ ရာ၊ ထောင်ဂဏန်း။

**round log** *n.* သစ်လုံး။

**round log depot** *n.* သစ်လုံးဆိပ်။

**round log sales** *n.* သစ်လုံးရောင်းချရေး။

www.burmeseclassic.com

www.burmeseclassic.com



**round numbers** *n.* Also round figures.

**round-of-wage increase** *n.* လုပ်ခ စုပြုံတိုးခြင်း။

**roundsman** *n.* မှာကြားထားသည့်စားသောက်ဖွယ်၊ ပစ္စည်းစသည်ကို အိမ်တိုင်ရာရောက်ပို့ပေးသူ။

**round turn** *n.* စတော့ရှယ်ယာ၊ ကုန်ပစ္စည်းစသည် ဝယ်ယူပြီး ပြန်ရောင်းချသည့် လုပ်ငန်း။

**roustabout** *n.* ဆပ်ကပ်၊ ရေနံတူးစင် အလုပ်ကြမ်းသမား။

**route** *n.* လမ်း။ လမ်းကြောင်း။ ခရီး။ လမ်းစဉ်။

**routine** *n.* ပုံမှန်လုပ်ရိုးလုပ်စဉ်လုပ်ငန်း။ လုပ်ရိုးလုပ်စဉ် ပုံသေသတ်မှတ်ထားသည့် လှုပ်ရှားမှု။

**row** *n.* အတန်း။

**rower** *n.* လှေလှော်ခတ်သူ။

**row house** *n.* (*US*) တိုက်တန်း။

**rowing boat** *n.* လှော်ခတ်ရသော လှေငယ်။

**rowlock** *n.* လှေခတ်ကွင်း။

**royalties paid-in-advance** *n.* ကြိုတင်ပေးခွန်။

**royalties suspense account** *n.* အခွန်ယာယီစာရင်း။

**royalty** *n.* မူပိုင်ကြေး။ မူပိုင်ခ။ ရေနံ၊ ဓာတ်သတ္တုတူးဖော်ခွင့်အတွက်မြေပိုင်ရှင်ထံပေးရသောငွေ။ လုပ်ကွက် ငှားရမ်းခငွေ။

**RPI** *abbr.* လအလိုက် ကုန်ဈေးနှုန်းစာရင်း။ retail price index.

**rpm** *abbr.* (စက်၊ အင်ဂျင်) တစ်မိနစ်လည်နှုန်း။ revolution per minute.

**RRP** *abbr.* ကုန်ပစ္စည်း ထုတ်လုပ်သူက လက်လီဆိုင်များ အတွက် သတ်မှတ်ပေးထားသည့် လက်လီဈေးနှုန်း။ recommended retail price.

**RSVP** *abbr.* (ဖိတ်စာတွင်) အကြောင်းပြန်ပါရန်။ please reply.

**rubber** *n.* ကြက်ပေါင်စေး။ ရော်ဘာ။

**rubber check** *n.* ဘဏ်စာရင်းတွင် ငွေမရှိ၍ ဘဏ်က ငွေထုတ်မပေးဘဲ၊ ပြန်ပေးလိုက်သည့် ချက်လက်မှတ်။



**rubber stamp** *n.* ရော်ဘာတံဆိပ်တုံး။ အလွယ်သဘောတူခြင်း။

**rubbish** *n.* အမှိုက်။ အမှိုက်သရိုက်။

**rubble** *n.* အုတ်ကျိုးအုတ်ပဲ့။

**ruby** *n.* ပတ္တမြား။

**rucksack** *n.* ကျောပိုးအိတ်။

**ructions** *n.* ဆူပူကန့်ကွက်ခြင်း။

**rudder** *n.* လှေ၊သင်္ဘောတက်မ။ (လေယာဉ်နောက်မြီးရှိ)တက်မ။

**rug** *n.* ကော်ဇော။

**rugged** *adj.* ကျောက်ဆောင်၊ ကျောက်ကမ်းပါးပေါများသော။ မြေမျက်နှာပြင်ကြမ်းတမ်းသော။

**ruin** *v.* ဖျက်သိမ်းသည်။ ပျက်စီးစေသည်။ ပြိုပျက်စေသည်။ ဆုံးရှုံးစေသည်။ *n.* ပျက်စီးခြင်း။ အပြိုအပျက်။ ပျက်ကိန်းဆိုက်ခြင်း။ ပြုတ်ပြုတ်ပြုန်းခြင်း။

**ruinous** *adj.* မဆဲ့အင်တန်ကြီးမားသော (အသုံးစရိတ်၊ ကုန်ကျစရိတ်စသည်)။

**rule** *n.* စည်းမျဉ်း။ စည်းကမ်း။ အမိန့်။ နည်းဥပဒေ။ ထုံးစံ။ အကျင့်။ *v.* စိုးမိုးသည်။အုပ်ချုပ်သည်။ လွှမ်းမိုးသည်။ အမိန့်ချသည်။

**rulebook** *n.* စည်းမျဉ်းစာအုပ်။

**ruled** *pt, pp.* မျဉ်းသားထားသော။ မျဉ်းသားပြီး။

**ruled paper** *n.* မျဉ်းသားထားပြီး စာရွက်။

**rule of distribution** *n.* ဝေငှဖြန့်ချိခြင်းဆိုင်ရာ စည်းမျဉ်း။

**rule of indemnity** *n.* လျော်ကြေးဆိုင်ရာ စည်းမျဉ်း (ဆိုရိုး)။

**ruler** *n.* အုပ်ချုပ်သူ။ အစိုးရမင်း။ ပေတံ၊ မျဉ်းတံ၊ ကိုက်တံ။

**ruling** *n.* စီရင်ထုံး။ ပြဋ္ဌာန်းချက်။

**rumour** *adj.* ကောလာဟလဖြစ်ပေါ်နေသော။

**run** *v.* စီမံခန့်ခွဲသည်။ စီမံသည်။ (လုပ်ငန်း၊ ကုမ္ပဏီအဖွဲ့အစည်းစသည်ကို) စီမံခန့်ခွဲသည်။ ပြေးဆွဲသည်။ ပြေးသည်။ (ဘတ်စ်

www.burmeseclassic.com

www.burmeseclassic.com



ကား၊ မီးရထား၊ ဓာတ်ရထား စသည် ခရီးစဉ်အတိုင်းပုံမှန်) ပြေးဆွဲသည်။ လည်ပတ်သည်။ လည်သည်။ (စက်၊ ယန္တရား စသည်) လည်ပတ်သည်။လည်သည်။ (စမ်းသပ်မှု) ပြုလုပ်သည်။ မောင်းနှင်သည်။ (သတင်းစာ၊ မဂ္ဂဇင်းတွင်) ထည့်သွင်းဖော်ပြသည်။ ခိုးသွင်းသည်။ မှောင်ခိုကုန်ကူးသည်။ *n.* အလုအယက် စုပြုံ တိုးကြခြင်း။ (ကုမ္ပဏီပစ္စည်း စသည်) အလုအယက် စုပြုံဝယ်ယူခြင်း။ လမ်းကြောင်း။ (ပုံမှန်ပြေးဆွဲနေသည့်) လမ်းကြောင်း၊ ခရီးစဉ်။

**runabout** *n.* (မြို့တွင်းသုံး) ပေါ့ပါးသည့် ကားငယ်။

**runaway inflation** *n.* ထိန်း၍မရအောင် ငွေဖောင်းပွမှု။ ထိန်း၍မရအောင် ငွေတန်ဖိုးကျဆင်းခြင်း။

**rung** *n.* လှေကားဆန့်။ ရာထူးအဆင့်။ ဂုဏ်အဆင့်အတန်း။

**run on a bank** *n.* ဘဏ်တွင် (ငွေ) စုပြုံထုတ်ယူခြင်း။

**running broker** *n.* ငွေလွှဲ စာချုပ်ရောင်းဝယ်ကြသူများကိုယ်စား ငွေကြေးဆိုင်ရာပေးချေမှုကိုကြားမှအခကြေးငွေယူ၍ဆောင်ရွက်ပေးသူပွဲစား။

**running cost** *n.* လုပ်ငန်းလည်ပတ်စရိတ်။ လုပ်ငန်းတစ်ရပ်လုံး လည်ပတ်နိုင်အောင် ကုန်ကျသည့် စရိတ်။

**running-down clause** *n.* အခြားသင်္ဘောတစ်စင်းစင်းနှင့် တိုက်မိပါက အာမခံလျော်ကြေးပေးလျော်မည်ဟုဖော်ပြထားသည့်ရေကြောင်း အာမခံစာချုပ်ပါ သတ်မှတ်ချက်။

**running free vessel** *n.* လေစုန်လွင့်ရွက် လှေ၊ သင်္ဘော။

**running policy** *n.* လက်ရှိ မူဝါဒ။ လက်ရှိပေါ်လစီ။

**running repairs** *n.* အသေးအဖွဲ ပြင်ဆင်ထိန်းသိမ်းမှု။

**running total** *n.* ကုန်ကျစရိတ် စသည် စာရင်းပေါက်သည့်



အတိုင်း တစ်ခုပြီးတစ်ခု ရေးသွင်း၍ အဆင့်ဆင့်ဆက်ပေါင်းသွင်းခြင်း။ အဆင့်ဆင့် စုစုပေါင်း။

**runway** *n.* လေယာဉ်ပြေးလမ်း။

**rupee** *n.* အိန္ဒိယ၊ ပါကစ္စတန် စသည် နိုင်ငံတို့၏ သုံးငွေ။ ရူပီးငွေ။

**rural development** *n.* ကျေးလက်ဒေသဖွံ့ဖြိုးရေး။

**rural economics** *n.* ကျေးလက်ဒေသ စီးပွားရေး။ ကျေးလက်ဒေသ ဘောဂဗေဒ။

**rural reconstruction** *n.* ကျေးလက်ဒေသ ပြုပြင်ရေး။ ကျေးလက်ဒေသ ပြန်လည်ထူထောင်ရေး။

**rush** *v.* အပြေးအလွှား လုပ်သည်။ ကမန်းကတန်း လုပ်သည်။အပူတပြင်း ပို့သည်။အမြန်ပို့သည်။ လောဆော်သည်။ အလောတကြီး လုပ်သည်။ *n.* လောဆော်ခြင်း။ ကမန်းကတန်းပြုလုပ်ခြင်း။ တက်သုတ်ရိုက်ခြင်း။ အလောသုံးဆယ် ဖြစ်နေခြင်း။

**rush hour** *n.* လမ်းသွားလမ်းလာများ စုပြုံကျနေတတ်သည့် ရုံးတက် ရုံးဆင်းချိန်။ အလုပ်ဆင်းချိန်။

**rust** *n.* သံချေး။ *v.* သံချေးတက်သည်။

**rustproof** *adj.* သံချေးမတက်အောင် စီမံထားသော၊ ပြုလုပ်ထားသော။

**rut** *n.* ဘီးရာချိုင့်။ လှည်းပုံတောင်းရာ။

**rutted** *adj.* လှည်းဘီးရာ မွနေသော။ လှည်းဘီးရာ အပြိုင်းအရိုင်းမွနေသော။

**rye** *n.* ရိုင်းဂျုံ။

www.burmeseclassic.com

www.burmeseclassic.com



## S s

**sabbatical** *n.* (တက္ကသိုလ်ဆရာ ဆရာမ စသည်ကို လေ့လာရေးကိစ္စ၊ ခရီးထွက်ရန်ကိစ္စ၊ စသည် အတွက် လစာငွေ မထိခိုက်စေဘဲ ခွင့်ပြုသည့်) ခွင့်ကာလ။

**sabbath day** *n.* ဥပုသ်နေ့။

**sabotage** *n.* အဖျက်အမှောင့်လုပ်ငန်း။ *v.* တမင်ဖျက်ဆီးသည်။

**sachet** *n.* စက္ကူ၊ ပလတ်စတစ် အိတ်ငယ်လေး။

**sack** *n.* (ဘိလပ်မြေ၊ ဂျုံထည့်ရန် အိတ်။ *v.* အလုပ်မှ ထုတ်ပစ်သည်။

**sackcloth** *n.* အိတ်လုပ်ရန် အထည်ကြမ်း။

**sacking** *n.* အိတ်ချုပ်ရန် အထည်စ။ အလုပ်မှ ထုတ်ပစ်ခြင်း။

**sacrifice** *n.* စွန့်လွှတ်ခြင်း။ စွန့်လွှတ်မှု။ အနစ်နာခံမှု။ *v.* စွန့်လွှတ်သည်။

**saddle** *n.* ကုန်းနှီး။ (စက်ဘီး) ထိုင်ခုံ။ တောင်ကြောဆက်၊ *v.* ကုန်းနှီးတင်သည်။

**saddleback mine car** *n.* မြင်းကုန်းနှီးပုံ သတ္တုတွင်းသုံးကား။

**saddler** *n.* (မြင်း)ကုန်းနှီးဆရာ။ မြင်းကုန်းနှီး၊ ကကြိုးတန်ဆာ ချုပ်လုပ်သူ။

**saddle reef** *n.* လှော်တွန့်ပုံ သတ္တုကြော။

**safari** *n.* တောပစ်ရန်၊ တောမပစ်ဘဲ လှည့်လည်ကြည့်ရှု ဓာတ်ပုံရိုက်ရန် တောလည်ခရီး။ ဆာဖာရီ။

**safari park** *n.* တောလည်ခရီး ထွက်သည့် တောမြိုင်ဥယျာဉ်။ ဆာဖာရီဥယျာဉ်။

**safe** *adj* လုံခြုံသော။ ကာကွယ်ထားသော။ စိတ်ချရသော။ ဘေးကင်းသော။ အန္တရာယ်ကင်းရှင်းသော။ *n.* အာမခံသေတ္တာ။ မီးခံသေတ္တာ။

**safe conduct** *n.* အနှောက်အယှက်မဲ့ သွားပိုင်ခွင့်။ အနှောင့်အယှက်မဲ့ သွားလာပိုင်ခွင့် အမိန့်။



**safe custody** *n* လုံခြုံစွာ ထိန်းသိမ်းခြင်း။

**safe deposit** *n.* အာမခံသေတ္တာများထားရှိရာ အဆောက်အအုံ၊ လုံခြုံခိုင်ခံ့သည့် အခန်း။

**safe deposit box** *n.* (တစ်ဦးဆိုင်) အာမခံသေတ္တာ။ စာချုပ်စာတမ်း လက်ဝတ်ရတနာ၊ အဖိုးတန်ပစ္စည်း၊ ငွေကြေး စသည်ကို ထည့်သွင်း၍ လုံခြုံစိတ်ချစွာ အပ်နှံနိုင်ရန် ဘဏ်ကငှားရမ်းသည့် အာမခံသေတ္တာ။

**safe- deposit company** *n.* အာမခံသေတ္တာ ငှားရမ်းသည့် ကုမ္ပဏီ။

**safety** *n.* လုံခြုံမှု၊ ဘေးကင်းမှု၊ အန္တရာယ်ကင်းရှင်းခြင်း။ အကာအကွယ်။

**safety belt** *n.* ထိုင်ခုံခါးပတ်။

**safety glass** *n.* အာမခံ မှန်။ ကွဲသည့်အခါ မရှနိုင်အောင် စီမံထားသည့် (ကား)မှန်။

**safety net** *n.* ဆပ်ကပ်၊ ကျွမ်းဘား စသည်တွင် အန္တရာယ် မဖြစ်အောင် အောက်မှ ခံထားသည့် ပိုက်ကွန်။ (စီးပွားရေး၊ ငွေကြေး စသည်) ခြေချော် လက်ချော် ဖြစ်ခဲ့လျှင် ကယ်တင်နိုင်မည့် အားကိုးစရာ။

**safety pin** *n.* တွယ်ချိတ်။

**safety programme** *n.* အန္တရာယ်ကာကွယ်ရေး အစီအစဉ်။

**safety stock** *n.* (ကုန်ပစ္စည်း ပြတ်လပ်မှု၊ ကြန့်ကြာမှုများ မဖြစ်စေရန်အတွက်) လက်ဝယ် အပို သီးသန့်ထားရှိရသည့် ကုန်ပစ္စည်း လက်ကျန်ပမာဏ။

**safety valve** *n.* ရေနွေးငွေ့ ဖိအား လွန်ကဲလာသည့်အခါ ပေါက်ကွဲမှု မဖြစ်အောင် ဖွင့်ပေးသည့် ဗား။ လုံခြုံမှုဗား။

**sail** *n.* လှေ၊ သင်္ဘောရွက်။ ရွက်လွှင့်ခြင်း။ ရွက်လွှင့်ချိန်။ လေရဟတ် ဒလက်။ *v.* ရေလမ်းခရီး ထွက်သည်။ ရွက်လွှင့်သည်။ ပင်လယ်ခရီးထွက်သည်။

**sailboat** *n.* ရွက်လှေ။ ရွက်သင်္ဘော။

**sail cloth** *n.* ရွက်ဖျင်။ ရွက်။

www.burmeseclassic.com

www.burmeseclassic.com



**sailing** *n.* အပျော်ရွက်တိုက်ခြင်း။ ရွက်လွှင့်ခြင်း။ ရေလမ်းခရီးပုံမှန်ထွက်ခြင်း။

**sailing - boat** *n.* ရွက်လှေ။ ရွက်သင်္ဘော။

**sailing list** *n.* သင်္ဘောအဝင်အထွက်စာရင်း။

**sailing order** *n.* လှေ၊ သင်္ဘောထွက်ခွာခွင့် အမိန့်။

**sailor** *n.* သင်္ဘောသား။

**sake** *n.* ဂျပန်ဆာကေးအရက်။

**salad** *n.* အသုပ်။ ဆလတ်ရွက်စသည် သုပ်စားရသော ဟင်းသီးဟင်းရွက်။

**salad dressing** *n.* အသုပ်တွင်ထည့်၍ စားရသော ရေတ်ကောင်း၊ ဆား၊ ဆီ၊ ရှလကာရည် စသည်။

**salami** *n.* အများအားဖြင့် အစိမ်းလိုက် စားလေ့ရှိသော အရသာလေးသည့် ကြက်သား၊ အမဲသား အူချောင်းတစ်မျိုး။

**salamy** *n.* ဆလာမီ။ အပျောက်ပေးရသော ငွေ။

**salaries and wages** *n.* လစာနှင့် လုပ်အားခများ။

**salary** *n.* လစာ။ လုပ်ခလစာ။ လစာငွေ။

**sale** *n* ရောင်းချခြင်း။ ရောင်းခြင်း။ အရောင်း။ လျှော့ဈေး။ လေလံ။

**saleable** *adj* . ရောင်းစွံနိုင်သော။ ရောင်းချ၍ စွံနိုင်သော။

**saleable stock** *n.* ရောင်းလွယ်ကုန်စည်။

**sale and leaseback** *n.* ရောင်းပြီး ပြန်ငှားခြင်း။

**sale as seen** *n.* ဝယ်သူမျက်မြင်ရောင်းချခြင်း။ မျက်မြင်အတိုင်းရောင်းခြင်း။

**sale by description** *n.* ကုန်ပစ္စည်းကို မျက်မြင် မတွေ့ရသော်လည်း အရောင်းစာချုပ်ပါ ကုန်ပစ္စည်း အရည်အသွေးအခြေအနေအတိုင်း မှန်ကန်မှုရှိသည်ဟူသော နားလည်မှုဖြင့်ရောင်းချခြင်း။

**sale by sample** *n.* နမူနာပေးပို့ထားသည့် ကုန်ပစ္စည်း အရည်အသွေးအတိုင်း ကိုက်ညီမှုရှိနေသည်ဟူသော နားလည်မှုဖြင့် ကုန်ပစ္စည်းများကိုရောင်းချခြင်း။



**sale contract** *n.* အရောင်းအဝယ်စာချုပ်။

**sale depot** *n.* သစ်ဆိပ်။

**sale hammer** *n.* အရောင်းတံဆိပ်နှိပ်သူ။

**sale or return** *n.* ရောင်းမကုန်သည့် ပစ္စည်းများကို ဖြန့်ချိရောင်းချသူက ပြန်ယူရန် သဘောတူမှုဖြင့် ဆိုင်ပေါ်တင်ရောင်းချသည့် စနစ်။

**sale proclamation** *n.* ရောင်းချရန် ကြေညာချက်။

**sales** *n.* အရောင်း။ ရောင်းရငွေ။ အရောင်းဌာန။ အရောင်း လုပ်ငန်း။ ရောင်းချရသည့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုပမာဏ။

**sales account** *n.* ကုန်ရောင်းစာရင်း။ အရောင်းစာရင်း။

**sales adviser** *n.* ကုန်ရောင်းဝယ်ရေး အကြံပေးအရာရှိ။

**sales agent** *n.* အရောင်းကိုယ်စားလှယ်။

**sales allowance variance** *n.* အရောင်းအပေါ် လျှော့ပေးငွေကွဲလွဲချက်။

**sales analysis** *n.* အရောင်းစိစစ် ခွဲခြားခြင်း။

**sales appeal** *n.* အရောင်းဆွဲဆောင်မှု။

**sales by auction** *n.* လေလံတင်ရောင်းချခြင်း။

**sales campaign** *n.* ကုန်ပစ္စည်းပိုမို ရောင်းချရစေရန် ဈေးကွက်တစ်ခုတွင်ဖြစ်စေ၊ ဒေသတစ်ခုတွင်ဖြစ်စေ အစီအစဉ်ဖြင့်လှုပ်ရှားဆောင်ရွက်မှု။

**sales clerk** *n.* အရောင်းစာရေး။

**sales commission** *n.* အရောင်းကော်မရှင်ရငွေ။ အရောင်းဝန်ဆောင်ခ။

**sales conference** *n.* အရောင်းကွန်ဖရင့်။ အနာဂတ် အရောင်းစီမံချက်ဆိုင်ရာများကို ဆွေးနွေးသည့် ကွန်ဖရင့်၊ အစည်းအဝေးပွဲ။

**sales control** *n.* အရောင်းထိန်းချုပ်ခြင်း။

**sales curve** *n.* အရောင်းမျဉ်းကွေး။

**sales day book** *n.* နေ့စဉ် ကုန်ရောင်းစာအုပ်။

www.burmeseclassic.com

www.burmeseclassic.com



**sales department** *n.* အရောင်းဌာန။

**sales drive** *n.* ကုန်ပစ္စည်းအရောင်းတွင်ကျယ်စေရန် အစီအစဉ်ဖြင့် ကြိုးပမ်းအားထုတ်မှု။

**sales force composite** *n.* အရောင်းအင်အားစု။

**sales forecast** *n.* ကုန်ပစ္စည်းရောင်းချရမှု ပမာဏ(သို့) ရောင်းချရရှိမည့် ငွေပမာဏကို ခန့်မှန်းခြင်း။

**sales forecasting** *n.* အရောင်းကြိုတင်ခန့်မှန်းခြင်း။

**sales for future delivery** *n.* လက်မလွှဲရသေးသောအရောင်း။

**sales girl** *n.* အရောင်းစာရေးမ။

**sales invoice** *n.* အရောင်း ကုန်ပို့လွှာ။

**sales ledger** *n.* အရောင်းလယ်ဂျာ။ ကုန်ရောင်းလယ်ဂျာ။

**sales ledger adjustment account** *n.* အရောင်းလယ်ဂျာညှိနှိုင်းစာရင်း။

**sales literature** *n.* ကုန်ပစ္စည်းဝယ်ယူရန် အလားအလာရှိသူများထံပေးပို့ရန် ပုံနှိပ်ထားသည့် ကုန်ပစ္စည်းဆိုင်ရာ စာအုပ်ငယ်၊ ကြော်ငြာစာရွက်။

**sales man** *n.* အရောင်းစာရေး၊ ကုန်ပစ္စည်းရောင်းချရန်အတွက် လက်လီဆိုင်များနှင့် ကုန်ပစ္စည်းဝယ်ယူရန် အလားအလာရှိသူများထံဝင်ထွက်သွားလာရောင်းချ နေရသောသူ။

**sales manger** *n.* အရောင်းမန်နေဂျာ။

**salesmanship** *n.* အရောင်းပညာ။' ရောင်းပုံရောင်းနည်း။

**salesman training** *n.* ရောင်းပုံရောင်းနည်း သင်ကြားပေးခြင်း။

**sales mixture variance** *n.* အရောင်းရောစပ်မှု ကွဲလွဲချက်။

**sales on commission** *n.* ကော်မရှင်ဖြင့် ရောင်းခြင်း။

**sales person** *n.* အရောင်းစျေးသည်။

**sales price variance** *n.* အရောင်းစျေးနှုန်း ကွဲလွဲချက်။



**sales promotion** *n.* အရောင်းမြှင့်တင်ခြင်း။

**sales quota** *n.* အရောင်းကိုတာ။ အရောင်းခွဲတမ်း။

**sales representative** *n.* အရောင်းကိုယ်စားလှယ်။

**sales return** *n.* ပြန်သွင်း ရောင်းကုန်။

**sales slip** *n.* ငွေရပြေစာ။

**sales talk** *n.* (ဝယ်သူကို) စျေးခေါ်သည့်စကား။

**sales tax** *n.* ရောင်းခွန်။အရောင်းခွန်။ ကုန်ရောင်းခွန်။

**sales tax account** *n.* ရောင်းဝယ်ခွန် ငွေစာရင်း။

**sales territory** *n.* အရောင်းနယ်ပယ်။ အရောင်းစျေးကွက်နယ်နိမိတ်။

**sales value** *n.* အရောင်းတန်ဖိုး။

**sales value variance** *n.* အရောင်းတန်ဖိုး ကွဲလွဲချက်။

**sales warrant** *n.* အရောင်းဝရမ်း။ အရောင်းခွင့်ပြုမိန့်။

**sales woman** *n.* အရောင်းစာရေးမ။

**sales transaction** *n.* အရောင်းကိစ္စ။

**sales value** *n.* အရောင်းတန်ဖိုး။

**salinity** *n.* ဆားဓာတ်ပါဝင်မှု။

**salmon** *n.* ဆာမွန်ငါး။

**salmonella** *n.* အစာအဆိပ်သင့်စေသော ပိုး။

**salon** *n.* အလှပြင်ဆိုင်။

**saloon** *n.* ဆလွန်းကား။ *(US)* အရက်ဘား။

**salt** *n.* ဆား။ ဓာတ်ဆား။ *v.* ဆားခတ်သည်။ ဆားစိမ်သည်။

**saltpetre** *n.* ယမ်းစိမ်း။

**salts** *n.* (ရေချိုးကန်သုံး) ဓာတ်ဆားမွှေး။

**salutation** *n.* ပဋိသန္ဓာရစကား။ ပဋိသန္ဓာရပြုခြင်း။ နှုတ်ခွန်းဆက်စကား။

**salvage** *n.* ဆယ်တင်မှု။ ဆယ်တင်ထားသောပစ္စည်း။(သင်္ဘော၊ သင်္ဘောတင်ကုန်စည်ကို) ဆယ်ယူခြင်း။ (မီးဘေး၊ ရေဘေးမှ ရသမျှ ကုန်စည်ပစ္စည်းကို) ဆယ်ထုတ်ခြင်း။ ဆယ်ယူ ရရှိထားသော ကုန်စည် ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ။ *v.* ဆယ်တင်သည်။ ကယ်တင်သည်။ (သင်္ဘော၊ ကုန်ပစ္စည်း စသည်ကို) ဆယ်ယူသည်။

**salvage company** *n.* နစ်မြုပ်ပျက်စီးသွားသည့် သင်္ဘောနှင့် ကုန်ပစ္စည်းများကို အခကြေးငွေယူ၍ ဆယ်ယူပေးသော ကုမ္ပဏီ၊ အဖွဲ့အစည်း။

**salvage money** *n.* ပိုင်ရှင်များက သင်္ဘောနှင့် ကုန်ပစ္စည်းများကို ဆယ်ယူပေးသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းစသည်သို့ပေးသော အခကြေးငွေ၊ လုပ်အားခငွေ။

**salvage value** *n.* ဆယ်ယူကုန်ပစ္စည်း၊ သင်္ဘော စသည် တန်ဖိုး။

**sampan** *n.* သမ္ဗန်။ ငှက် (လှေ)။

**sample** *n.* နမူနာ။ (ကုန်ပစ္စည်း) နမူနာ။ နမူနာလက်ဆောင်။ ကျပန်းကောက်ယူထားသော စာရင်း။ နမူနာစစ်တမ်းကောက်ယူမှု။ *v.* နမူနာကောက်ယူသည်။ ကုန်ပစ္စည်း အနည်းငယ်ကို နမူနာ ကောက်ယူစစ်ဆေးသည်။ နမူနာစစ်တမ်း ကောက်ယူသည်။

**sample design** *n.* နမူနာဒီဇိုင်း

**sampler** *n.* ရစ်တံထိုးထားသည့် နမူနာပိတ်စ။ နမူနာ။

**sample size** *n.* နမူနာအရွယ်အစား။

**sampling** *n.* နမူနာ ကောက်ယူခြင်း။ နမူနာ ကောက်ခြင်း။ နမူနာယူနည်း။ နမူနာကောက်ယူနည်း။

**sampling bottle** *n.* နမူနာပုလင်း။

**sampling error** *n.* စစ်တမ်းကောက်ယူသည့် နမူနာသည် လူဦးရေအားလုံးနှင့် မနီးစပ်မှုကြောင့် ဖြစ်ပေါ်တွေ့ရှိရသည့် အမှား။

**sampling unit** *n.* နမူနာယူနစ်

**sanctify** *v.* မှန်ကန်ကြောင်း သက်သေထူပေးထားသည်။

**sanction** *n.* ခွင့်ပြုမိန့်။ ခွင့်ပြုချက်။ (ဥပဒေ စည်းကမ်းတို့ကို လေးစားလိုက်နာစေသော အရေးယူမှု။(နိုင်ငံတကာဥပဒေ



စည်းကမ်းတို့ကို လိုက်နာစေရန် နိုင်ငံတစ်နိုင်ငံချင်းအပေါ်) အရေးယူမှု။ *v.* သဘောတူသည်။ ခွင့်ပြုသည်။

**sand** *n.* သဲ။ သောင်ပြင်။ သောင်ခုံ။

**sandbank** *n.* သောင်၊ သဲသောင်။ သဲသောင်ခုံ။

**sandbar** *n.* သောင်ခုံ။ သောင်။

**sanding machine** *n.* ကော်ဖတ်စားစက်။

**sandpaper** *n.* ကော်ဖတ်။ *v.* ကော်ဖတ် တိုက်သည်။

**sandstone** *n.* သဲကျောက်။

**sandstorm** *n.* သဲမုန်တိုင်း။

**sandwich** *n.* အသားညှပ်ပေါင်မုန့်။ ဆင်းဒွစ်မုန့်။

**sandwich course** *n.* စာသင်ကြားလိုက်၊ အလုပ်ပြန်ဝင်လိုက် ပြုလုပ်နိုင်သော သင်တန်း။ တက္ကသိုလ်၊ ကောလိပ်တွင် စာတွေ့ သင်ကြားပြီး ကုမ္ပဏီ၊ လုပ်ငန်းတစ်ခုတွင် လက်တွေ့လေ့လာမှုကို ပြုလုပ်နိုင်သည့် သင်တန်း။

**sang-froid** *n.* (ကျဉ်းထဲ ကျပ်ထဲတွင်) ခေါင်းအေးအေး ထားနိုင်ခြင်း။ ဟန်မပျက်ခြင်း။

**sanitary** *adj.* မိလ္လာ၊ ရေဆိုးစွန့်ထုတ်ပယ်ရေးနှင့် ဆိုင်သော။ သန့်စင်သော။ ကျန်းမာရေးနှင့် ညီညွတ်သော။

**sanitary installation** *n.* ကျန်းမာရေးအတွက် ရေနှင့် မိလ္လာ တပ်ဆင်ခြင်း။

**sanitation** *n.* မိလ္လာ၊ ရေဆိုးစွန့်ထုတ်စနစ်။

**sanitize** *v* . သန့်စင်ထားသည်။ သန့်ရှင်းထားသည်။

**sans recourse** *n.* ငွေလွှဲစာချုပ်အရငွေထုတ်ပေးရန်အကြောင်းကြားခံရသူက ငွေမထုတ်ပေးလျှင် ယင်းစာချုပ်ပိုင်ရှင်က တစ်ဆင့် လက်မှတ်ရေးထိုးသူထံမှ ငွေ တောင်းခံခြင်း မပြုလုပ်နိုင်ကြောင်း ငွေလွှဲစာချုပ်ပေါ် ထပ်ဆင့် ရေးထိုးထားသည့် လက်မှတ်အပေါ်ရှိ စကားရပ်။

**sans recourse endorsement** *n.* တာဝန်မရှိကြောင်း ထပ်ဆင့် လက်မှတ်ရေးထိုးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**sap** *v.* ကုန်ခန်းစေသည်။ ဆုတ်ယုတ်စေသည်။ လျော့ပါးစေသည်။ *n.* သစ်ရည်။

**sapling** *n.* ပင်ပျို။

**sapphire** *n.* နီလာ(ကျောက်မျက်)။

**sapwood** *n.* (သစ်) ပကာသား။

**satellite** *n.* (ဆက်သွယ်ရေးစသည့်လုပ်ငန်းတစ်ရပ်အတွက် တင်လွှတ်ထားသော) ဂြိုဟ်တု။

**satellite dish** *n.* ဂြိုဟ်တုစလောင်း။

**satellite receiver** *n.* ဂြိုဟ်တုစလောင်း ရုပ်သံဖမ်းစက်။

**satiety** *n.* အလိုပြည့်ခြင်း။

**satisfaction** *n.* ကျေနပ်မှု။ ကျေနပ်ခြင်း။ အားရခြင်း။

**satisfactory** *adj.* လက်သင့်ခံနိုင်သော။ သင့်တင့်သော။သင့်သော။

**satisfactory consequence** *n.* ကျေနပ်မှုပေးရသောအကျိုး။

**satisfy** *v.* ကျေနပ်သည်။ အားရသည်။ ဖြည့်ဆည်းသည်။

**satisfying** *adj.* ကျေနပ်ဖွယ်ရာ။ အားရဖွယ်ရာ။ ကျေနပ်စေသော။

**saturation** *n.* ပြည့်ဝခြင်း။ တင်းကျမ်း ပြည့်နှက်ခြင်း။

**saturation campaign** *n.* ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများတွင် လူအများ မကြားချင် မမြင်ချင်လောက်အောင် ကုန်ပစ္စည်းကို ထပ်ကာတလဲလဲ ကြော်ငြာခြင်း။

**saturation point** *n.* တင်းကျမ်းပြည့်နှက်နေသည့် အခြေအနေ။ ပြည့်သိပ်နေခြင်း။ ပြည့်နှက်နေခြင်း။' ပြည့်ဝမှတ်။ ဈေးကွက်ကိုထပ်မံတိုးချဲ့၍ မရနိုင်တော့သည့် အခြေအနေ။

**sauna** *n.* ပေါင်းခံချွေးထုတ်ခြင်း။ ချွေးပေါင်းအိမ်။

**save** *v.* ငွေစုသည်။ချွေတာသည်။ သက်သာစေသည်။

**saver** *n.* (ဘဏ်စသည်တွင်)ပုံမှန် ငွေစုဆောင်းသူ။

**saving** *n.* ချွေတာမှု။အကုန်အကျသက်သာခြင်း။



**saving ratio** *n.* စုဆောင်းမှုအချိုးအစား။

**savings** *n.* စုဆောင်းငွေ။စုငွေ။

**savings account** *n.* *(Brit)* စုငွေစာရင်း။ *(US)* ဘဏ်တိုးရသော ငွေစာရင်း။

**savings and loan association** *n.* *(US)* ငွေစုငွေချေးအသင်း။

**Savings Association Insurance Fund** *n.* ငွေစုအသင်းအာမခံ ရန်ပုံငွေအဖွဲ့။

**savings bank** *n.* ငွေစုဘဏ်။

**savings bank accounts** *n.* ငွေစုဘဏ်စာရင်း။

**savings bank balance** *n.* ငွေစုဘဏ်လက်ကျန်။

**savings bank deposit** *n.* ငွေစုဘဏ်သွင်းငွေ။

**savings bank journal** *n.* ငွေစုဘဏ်စာရင်းဂျာနယ်။

**savings bank ledger** *n.* ငွေစုဘဏ်လယ်ဂျာစာအုပ်။

**savings bank memo** *n.* ငွေစုမှတ်တမ်း။

**savings bank money order** *n.* ငွေစုဘဏ် ငွေပို့လွှာ။

**savings bank return** *n.* ငွေစုဘဏ်ရှင်းတမ်း။

**savings bank slip** *n.* ငွေစုဘဏ်လွှာ။

**savings bank voucher list** *n.* ငွေစုဘဏ်ပြေစာစာရင်း။

**savings bank withdrawal** *n.* ငွေစုဘဏ်ထုတ်ငွေ။

**savings bond** *n.* ငွေစုစာချုပ်။

**savings branch** *n.* ငွေစုဆောင်းရေး ဌာနခွဲ။

**savings certificate** *n.* ငွေစုလက်မှတ်။

**saviour** *n.* ကယ်တင်သူ။ ကယ်တင်ရှင်။ ကယ်ဆယ်သူ။

**savour** *n.* အရသာ။ *v.* အရသာခံသည်။

**savouries** *n.* အမြည်း။

**savvy** *n.* သူလိုငါလို အကြံဉာဏ်။ သာမန်ဦးနှောက်။ *v.* နားလည်သဘောပေါက်သည်။

**saw** *n.* လွှ *v.* လွှနှင့်ဖြတ်သည်။ လွှတိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**saw arbor** *n.* လွှဝိုင်းဝင်ရိုး။
**saw bench** *n.* လွှခုံ။
**saw doctor** *n.* လွှပြင်ဆရာ။
**saw dust** *n.* လွှစာ။
**saw filer** *n.* လွှသွေးသမား။
**saw fitter** *n.* လွှဆင်သူ။
**sawmill** *n.* သစ်စက်။
**saw pit** *n.* လွှစင်။
**saw tooth** *n.* လွှသွား။ လွှအသွား။
**sawyer** *n.* လွှသမား။ လွှဆရာ။
**say** *n.* ပြောရေးဆိုခွင့်။ ပြောပိုင်ခွင့်။ *v.* ပြောသည်။ ပြောဆိုသည်။
**say-so** *n.* ခွင့်ပြုချက်။
**scab** *n.* (လုပ်ငန်းဆိုင်ရာ) သပိတ်မှောက်သူနေရာတွင် အစားထိုးဝင်ရောက် လုပ်ကိုင်သူ။ သပိတ်မမှောက်ဘဲနေသူ။
**scads** *n.* ဖောခြင်းသောခြင်း။ အောတိုက်။ အဆမတန်များပြားခြင်း။
**scale** *n.* စကေး။ နှုန်းထား။ လစာနှုန်းထား။ တိုင်းတာမှုစနစ်။ (မြေပုံ၊ပုံ)စကေး။ တိုင်းတာ မှုအမှတ်အသားစနစ်။ ချိန်ခွင်။ စဉ်း။ ရာဇူ။ အကြေးခွံ။ (ရေနွေးအိုး၊ ပိုက်စသည်တွင် တက်သော)ချေး။
**scale of preference** *n.* နှစ်သက်ခြင်းအဆင့်။
**scale order** *n.* သတ်မှတ်ထားသည့်ဈေးနှုန်းပြောင်းလဲမှုအလိုက် ရင်းနှီးမြှုပ်နှံမှုစာချုပ် မည်၍မည်မျှ ဝယ်ယူ၊ ရောင်းချရန် မှာကြားချက်။
**scam** *n.* လိမ်ညာလှည့်စားခြင်း။ ရိုက်စား။
**scampi** *n.* ပုစွန်တုပ်ကြော်။
**scan** *v.* ကွန်ပျူတာစကဲန်ဖတ်သည်။ ကွန်ပျူတာမှတ်စက် အလင်းတန်းဖြင့် ပုံ၊ စာစသည် ဖြန့်ကြက်ရိုက်၊ ဖတ်သည်။
**scanner** *n.* ကွန်ပျူတာ စကဲန်နာစက်။ မော်နီတာ ဖန်သားပြင်တွင်ပုံရိပ်ထင်စေသောကိရိယာ။
**scarcity** *n.* ရှားပါးမှု။
**scarcity price** *n.* ရှားပါးဈေးနှုန်း။
**scarcity value** *n.* ရှားပါးတန်ဖိုး။
**scarecrow** *n.* စာခြောက်ရုပ်။



**scaremonger** *n.* လူသူ အလန့်တကြား ဖြစ်အောင် လိုက်လံသတင်းဖြန့်တတ်သူ။ ကောလာဟာလ လိုက်လံပြောဆိုတတ်သူ။
**scarp** *n.* ကမ်းပါးစောက်။ စောက်နက်လျှော။ တာရိုး။
**scenario** *n.* စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ။
**scene** *n.* တကယ့်ဖြစ်ရပ်။ အဖြစ်အပျက်။ ရှုခင်း။ ရှုခင်းပုံ။
**scenery** *n.* သဘာဝရှုခင်း။
**schedule** *n.* အစီအစဉ်။ ဇယား။ စာရင်း။ လုပ်ငန်းစဉ်။ လုပ်ငန်းအစီအစဉ်။ ပစ္စည်းစာရင်း။ စာရင်း ဇယား။ နောက်ဆက်တွဲဇယား။ *v.* စီစဉ်ထားသည်။ အစီအစဉ် ရေးဆွဲထားသည်။ အချိန်ဇယား ရေးဆွဲသတ်မှတ်သည်။
**scheduled areas** *n.* စာရင်းဇယားဝင် နယ်မြေဒေသများ။
**scheduled bank** *n.* စာရင်းဝင်ဘဏ်။
**scheduled territories** *n.* စာရင်းဇယားဝင် နယ်ပယ်များ။
**schedule number** *n.* စာရင်းနံပါတ်။
**scheduling** *n.* လုပ်ငန်းအချိန်ဇယားရေးဆွဲခြင်း။
**schema** *n.* စီမံချက်။ ပုံကြမ်း။
**schemer** *n.* အကြံသမား။
**schlock** *n.* အပေါစား၊ အညံ့စားပစ္စည်း။
**schnapps** *n.* အပြင်းစား အရက်ဖြူ။
**scholar** *n.* ပညာရှင်။ ပညာသင်ဆုရ ကျောင်းသား။
**scholarship** *n.* ပညာသင်ဆု။ ပညာနှင့် အရည်အသွေး။
**school** *n.* ကျောင်း။ စာသင်ကျောင်း။
**school age** *n.* ကျောင်းနေသည့်အရွယ်။
**school bill** *n.* ကျောင်းငွေတောင်းခံလွှာ။
**school -days** *n.* ကျောင်းနေစဉ်ကာလ။ ကျောင်းသားဘဝ။
**school friend** *n.* ကျောင်းနေဖက် သူငယ်ချင်း။ ကျောင်းနေဖက်။

www.burmeseclassic.com

www.burmeseclassic.com



**school- leaver** *n.* ကျောင်းထွက်သွားသူ။ ကျောင်းပြီးသွားသူ။

**schoolmaster** *n.* (ပုဂ္ဂလိက၊ ကိုယ်ပိုင်) ကျောင်းဆရာ။

**schooner** *n.* စက်လှေ။ နှစ်ပင်တိုင်နှင့်အထက်ရွက်လှေ။ *(US)* ဘီယာဖန်ခွက်ရှည်။ *(Brit)* ရှယ်ရီအရက်ထည့်သောက်သည့် ဖန်ခွက်ရှည်။

**science** *n.* သိပ္ပံပညာ။ သိပ္ပံဘာသာရပ်။

**scientific** *adj.* သိပ္ပံနည်းကျဖြစ်သော။ သိပ္ပံဆိုင်ရာ။

**scientific management** *n.* အလုပ်သမားများထံမှ ရှာဖွေလေ့လာတွေ့ရှိခဲ့သည့် အကျိုးများသော နည်းပညာများကို အများပြည်သူအား သင်ကြားပေးခြင်း။

**scientific method** *n.* သိပ္ပံနည်း။

**scientist** *n.* သိပ္ပံပညာရှင်။

**scissors** *n.* ကတ်ကြေး။

**scoop** *n.* ရေခဲမုန့် ခပ်သည့်ယောက်ချို။ လက်ကိုင်ပါဂေါ်။ (ပြိုင်ဘက်သတင်းစာ၊ ရေဒီယို ရုပ်မြင်သံကြား ဌာနများထက် ဦးဦးဖျားဖျား ဖော်ပြထုတ်လွှင့်နိုင်သော သတင်း။ သတင်းဦးသတင်းထူး။

**scooter** *n.* စကူတာမော်တော်ဆိုင်ကယ်။

**scope** *n.* အခွင့်အလမ်း။ အတိုင်းအတာ။ နယ်ပယ်။

**scroched earth policy** *n.* မြေလှန်စနစ်။ ကုမ္ပဏီဝယ်ယူသိမ်းပိုက်ရန် ကြိုးပမ်းမှုကို ကာကွယ်နိုင်ရန်အတွက် (လက်ကျန်ရှင်းတမ်းအရ ကုမ္ပဏီကို မက်လောက်စရာ မရှိအောင်) လွှန်လွှန်ကြူးကြူး ဆောင်ရွက်ထားသည့် နည်းစနစ်။

**Scotch** *n.* စကော့တလန် ဝီစကီ။ စကော့ဝီစကီ။

**scramble** *v.* (လေယာဉ်) အရေးပေါ် ချက်ချင်းတက်သည်။ *n.* အလုအယက်တိုးဝှေ့ကြိုးပမ်းရခြင်း။ လမ်းကြမ်းမော်တော်စီးပြိုင်ပွဲ။

**scrap** *n.* အစအန။ သံတိုသံစ၊ သစ်တိုသစ်စ၊ ဖြတ်စညှပ်စ



စသည်။ အသုံးမပြုတော့သည့် အပိုင်းအစ၊ အစအနပစ္စည်း။ *v.* တစ်ပိုင်းတစ်စစီ ဖြုတ်ရောင်းသည်၊ ဖျက်ဆီးသည်၊ စွန့်ပစ်သည်၊ အသုံးမပြုတော့ဘဲ စွန့်ပစ်ထားသည်။

**scrap book** *n.* အတိုအထွာစာအုပ်။

**scrap metal** *n.* သတ္တုအတိုအစ။

**scrap value** *n.* ပစ်ပယ်တန်ဖိုး။

**screen** *n.* ရုပ်မြင်သံကြားစက်ဖန်သားပြင်။ ကွန်ပျူတာမော်နီတာ ဖန်သားပြင်။ ခြင်လုံဆန်ခါ။ လိုက်ကာ။ ခန်းဆီး။ *v.* အလုပ်လျှောက်ထားသူကို အလုပ်နှင့် သင့်လျော်ခြင်း ရှိမရှိ စစ်ဆေးသည်။ ကုန်ပစ္စည်းအသစ် ထုတ်လုပ်ရန် သင့်၊ မသင့် စိစစ်သည်။ (ရုပ်ရှင်ရုပ်မြင်သံကြားတွင်) ပြသသည်။

**screening** *n.* ရုပ်ရှင်ပြခြင်း။ ရုပ်မြင်သံကြား အစီအစဉ် ပြသခြင်း။ စစ်ဆေးမှု။

**screening** *n.* ရုပ်ရှင်ပြခြင်း။ ရုပ်မြင်သံကြားအစီအစဉ် ပြသခြင်း။

**screenplay** *n.* ရုပ်ရှင်ဇာတ်ညွှန်း။

**screen test** *n.* လူရွေးရန်စမ်းသပ်ရုပ်ရှင်ရိုက်ကြည့်ခြင်း။

**screen writer** *n.* ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ။

**screw** *n.* ဝက်အူ။ ဝက်အူကျပ်ခြင်း။ (မော်တော်၊ သင်္ဘော) ပန်ကာ၊ ငါးမန်းတောင်။ *v.* ဝက်အူစုပ်သည်။ ဝက်အူကျပ်သည်။

**screwdriver** *n.* ဝက်အူလှည့်။

**screwhead** *n.* ဝက်အူခေါင်း။

**scribbler** *n.* စာရေးဆရာ။ သတင်းစာဆရာ။

**scrip** *n.* အမြတ်ငွေ ခွဲဝေပေးမည့်အစား တိုးပေးသော အစုရှယ်ယာ။ စတော့လက်မှတ်၊ အစုရှယ်ယာ၊ ငွေချေးစာချုပ်စသည်တို့ ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်။

**scrip dividend** *n.* အမြတ်ဝေစုလက်မှတ်။

**scrip issue** *n.* လက်ရှိ အစုရှယ်ယာရှင်များအား အခမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာသစ်များ ထုတ်ဝေပေးခြင်း။

**scrip provisional ceritificate** *n.* ယာယီ အထောက်အထားစာရွက်။

**scroll** *n.* စာ၊ ပန်းချီ ရေးရန် စက္ကူလိပ်၊ သိုးသားရေလိပ်။ *v.* ကွန်ပျူတာမော်နီတာ ဖန်သားပြင်ပေါ်ရှိ စာကြောင်းများကို အထက်၊ အောက်ရွှေ့သည်။ ကွန်ပျူတာမော်နီတာ ဖန်သားပြင်ရှိစာကြောင်းများကိုအထက်အောက် ရွှေ့လျား ပေါ်လာစေသည်။

**scrub** *v.* တိုက်ချွတ်ဆေးကြောသည်။ *n.* တိုက်ချွတ်ဆေးကြောခြင်း။ပွတ်တိုက်ဆေးကြောခြင်း။

**scrubbing- brush** *n.* (ကြမ်းတိုက်) ဝက်မှင်ဘီး။

**scrupulous** *adj.* စေ့စပ်သေချာသော။ လစ်ဟင်းမှု မရှိအောင်လိုက်နာသော။

**scuba- diving** *n.*ကျောပိုးအသက်ရှူကိရိယာဖြင့်ရေငုပ်ခြင်း။

**sculptor** *n.* ပန်းပုဆရာ၊ ပုံပစ္စည်းများ သွန်းလောင်းထုလုပ်၊ သွန်းလောင်းသူ။

**sculpture** *n.* ပုံပစ္စည်းများ ထုလုပ်၊ သွန်းလောင်းသည့် ပညာရပ်။ ပန်းပု၊ ကျောက်ဆစ်၊ ပန်းတမော့၊ ပန်းတော့၊ ပန်းတဉ်းပညာ။ ကျောက်ရုပ်၊ ကြေးရုပ်၊ ပန်းပုရုပ်စသည်။ *v.* ထုဆစ်သွန်းလုပ်သည်။ ပန်းပု ပန်းတမော့စသည့် လက်ရာများဖြင့် အလှဆင်ထားသည်။

**scum** *n.* ရေ၊ အရည်မျက်နှာပြင်ပေါ်ရှိ အညစ်အကြေး၊ ချော်မှော်၊ အမြှုပ်။

**scuttle** *v.* သင်္ဘောဝမ်းကို ဖောက်၍ တမင်သက်သက် မြှုပ်ပစ်သည်။

**sea** *n.* ပင်လယ်။ (သမုဒ္ဒရာ အောက်ငယ်သော) ပင်လယ်။

**sea air** *n.* ပင်လယ်လေ။

**sea anemone** *n.* ပင်လယ်မှို။

**sea bird** *n.* ပင်လယ်ပျော်ငှက်။

**seaborne tonnage** *n.* ပင်လယ်ရေကြောင်း ကုန်တင်ချိန်။



**seaborne trade** *n.* ပင်လယ်ရေကြောင်း ကုန်သွယ်မှု။

**sea cliff** *n.* ပင်လယ်ကမ်းပါးစောက်။

**sea dog** *n.* ဝါရင့်သင်္ဘောသားကြီး။ သက်ကြီးရွယ်အို သင်္ဘောသား။

**SEAF** *abbr.* နိုင်ငံတကာစတော့ဈေးကွက်တွင် ကွန်ပျူတာစနစ်ဖြင့် ရှယ်ယာရောင်းဝယ်မှု လုပ်ငန်းများကို မှတ်တမ်းတင်ထားသည့်စနစ်။ Stock Exchange Automatic Exchange Facility.

**sea- fish** *n.* ပင်လယ်ငါး။

**seafood** *n.* ပင်လယ်စာ။

**sea front** *n.* မြို့၏ပင်လယ်ကမ်းခြေပိုင်း။

**seagoing vessel** *n.* ပင်လယ်ကူး သင်္ဘော။

**seal** *n.* ချိပ်တံဆိပ်နှင့် အလားတူခတ်နှိပ်သော အမှတ်တံဆိပ်။ (ချိပ်တံဆိပ်နှိပ်ရန်) တံဆိပ်တုံး။ မသက်ဆိုင်သူ မဖွင့်ဖောက်စေရန်အတွက် စာ၊ ချောထုပ်စသည် ပေါ်တွင် ခတ်နှိပ်ထားသည့် ချိပ်တံဆိပ်။ စာရွက်စာတမ်း တရားဝင် အစစ်အမှန်ဖြစ်ကြောင်း ခတ်နှိပ်ထားသည့် အမှတ်တံဆိပ်။ပင်လယ်ဖျံ။ *v.* (စာရွက်စာတမ်းကို တရားဝင် အစစ်အမှန် ဖြစ်ကြောင်း ထင်ရှားသိသာစေရန်) ပိတ်သည်၊ တံဆိပ်ခတ်နှိပ်သည်။

**sealing** *n.* ပင်လယ်ဖျံဖမ်းလုပ်ငန်း။

**sealing - wax** *n.* ချိပ်။

**sea wall** *n.* ပင်လယ်ကမ်းခြေရေကာတာ။

**sea water** *n.* ပင်လယ်ရေ။

**seam** *n.* ချုပ်ရိုးချုပ်သား။ စပ်ကြောင်း။ အလွှာ။ အကြော။

**seaman** *n.* သင်္ဘောသား။

**seamstress** *n.* အပ်ချုပ်သမ။

**sea plane** *n.* ရေယာဉ်ပျံ။

**sea port** *n.* ပင်လယ်ဆိပ်ကမ်း။ ဆိပ်ကမ်းမြို့။

**SEAQ** *abbr.* နိုင်ငံတကာစတော့ရှယ်ယာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှု ဈေးနှုန်းများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် အလိုအလျောက်သတ်မှတ်၊ မှတ်ပုံတင်ခြင်းများကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်သည့် စနစ်။ Stock Exchange Automated Quotation.

**search** *v.* ရှာဖွေသည်။ ရှာသည်။ *n.* ရှာဖွေခြင်း။

**searcher** *n.* ရှာဖွေသူ။

**searchlight** *n.* မီးမောင်း။ ဆလိုက်မီး။

**search warrant** *n.* ရှာဖွေဝရမ်း။ ရှာဖွေအမိန့်။

**sea scape** *n.* ပင်လယ်ရှုခင်း

**seashore** *n.* ပင်လယ်ကမ်းခြေ။ ပင်လယ်ကမ်းစပ်။

**sea side** *n.* ပင်လယ်ကမ်းခြေ။

**season** *n.* ရာသီ။ ဥတုရာသီ။ ကပွဲပြဇာတ်။ ရုပ်ရှင်တစ်မျိုးမျိုး ဆက်တိုက်ပြသော ရာသီ။ (စိုက်ပျိုး၊ သားပေါက်စသည်) ရာသီ။ ထူးခြားသည့် အခြေအနေများရှိသော ရာသီချိန်။ (အရောင်းထိုင်း၊အရောင်းသွက်) ရာသီ။

**seasonable** *adj.* အချိန်ရာသီအလျောက်။

**seasonable clothes** *n.* အချိန်ရာသီနှင့်သင့်လျော်သောအဝတ်အစား။

**seasonal** *adj.* ရာသီအလိုက်။ အချိန်၊ အခါရာသီအလျောက်။

**seasonal effect** *n.* ရာသီအလိုက် ဖြစ်ပေါ်မှု။

**seasonal growth** *n.* ရာသီအလိုက်ကြီးထွားခြင်း။

**seasonal industry** *n.* ရာသီအလိုက် လုပ်ငန်းစု။

**seasonal migration** *n.* ရာသီအလိုက်' ရွှေ့ပြောင်းမှု။

**seasonal product** *n.* ရာသီထွက်ကုန်။ ရာသီအလိုက်ထွက်ကုန်။

**seasonal rate** *n.* ရာသီအလိုက်ဈေးနှုန်း။ ရာသီအလိုက်ပြောင်းလဲသတ်မှတ်သော ဈေးနှုန်း။

**seasonal unemployment** *n.* ရာသီအလိုက် အလုပ်လက်မဲ့ဖြစ်ခြင်း။အချို့သော လုပ်ငန်းများတွင် ပုံမှန် ဖြစ်ပေါ်တတ်



သည့် အလုပ်လက်မဲ့ ပြဿနာဖြစ်မှု။

**seasonal variation** *n.* ရာသီအလိုက်ပြောင်းလဲခြင်း။ ရာသီဥတုပြောင်းလဲခြင်း။ ရာသီအလိုက်ပွဲတော်၊ အားလပ်ရက်၊ ပျော်ပွဲရွှင်ပွဲစသည်တို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင် နှစ်စဉ်ဖြစ်ပေါ်တတ်သောပြောင်းလဲမှု။

**seasoned security** *n.* အရည်အချင်းပြည့်စုံသော စာချုပ်။

**seasoning** *n.* ဟင်းခတ်အမွှေးအကြိုင်။

**season ticket** *n.* သတ်မှတ်အချိန်ကာလအတွင်း အကြိမ်ကြိမ် သုံးစွဲနိုင်သော (ခရီးသွား၊ အားကစားပွဲ) လက်မှတ်။

**seat** *n.* ထိုင်စရာ။ (ယာဉ်၊ ဇာတ်ရုံ၊စသည့်) ထိုင်ခုံ။ အခြေစိုက်ရာ။ ရုံးစိုက်ရာ။ *v.* ထိုင်စရာနေရာရှိသည်။ ထိုင်စရာ ထိုင်ခုံရှိသည်။

**seat- belt** *n.* ထိုင်ခုံခါးပတ်။

**seating** *n.* ထိုင်စရာ။ ထိုင်ခုံ။

**sea way** *n.* (ပင်လယ်ကူးသင်္ဘောကြီးများ ခုတ်မောင်းနိုင်သည့်) ကုန်းတွင်းပိုင်း ရေနက် လမ်းကြောင်း။

**seaweed** *n.* ပင်လယ်ရေညှိ။ ကျောက်ပွင့်။

**SEC** *abbr.* ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းရောင်းဝယ်ရေး ကော်မရှင်အဖွဲ့။ Securities and Exchange Commission.

**secateurs** *n.* သစ်ကိုင်းသစ်ခက်ညှပ် ကတ်ကြေး။

**second** *n.* ထုတ်လုပ်ရာတွင်အပြစ်အနာအဆာပါရှိ၍ ဈေးလျှော့ရောင်းချသည့် ကုန်ပစ္စည်း။ *v.* (အဆို၊တင်ပြချက်ကို) ထောက်ခံသည်။ မူလရာထူး တာဝန်မှ အခြားဌာန လက်အောက်သို့ ယာယီရွှေ့ပြောင်းလုပ်ကိုင်စေသည်။

**secondary** *adj.* သာမညဖြစ်သော။ ပင်ရင်းမှခွဲထွက်သော။ ဆင့်ပွား။ အဓိက မဟုတ်သော။

**secondary boycott** *n.* ထောက်ခံသပိတ်။

www.burmeseclassic.com

www.burmeseclassic.com



**secondary data** *n.* ရည်ရွယ်ချက်တစ်ခုအတွက်ယခင်ကောက်ယူ စုဆောင်းထားပြီး အချက်အလက်များကို ယခု အခြားရည်ရွယ်ချက် တစ်ခုအတွက် အခြားသုတေသီက ပြန်လည်သုံးစွဲသည့် အချက်အလက်များ။

**secondary education** *n.* အလယ်တန်းပညာရေး။

**secondary industry** *n.* ကုန်ကြမ်း အသုံးပြု၍ စားသုံးကုန်ပစ္စည်းများ၊ စက်ယန္တရား၊ ကုန်ထုတ်ကိရိယာများ ထုတ်လုပ်သည့်လုပ်ငန်း။

**secondary market** *n.* ရှိထားပြီး ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းများကို အရောင်းအဝယ်ပြုသည့်ဈေးကွက်။

**secondary picketing** *n.* ထောက်ခံသပိတ်တားခြင်း။ သပိတ်မှောက်ခံရသည့် ကုမ္ပဏီသို့ ကုန်ကြမ်းပစ္စည်းများ မပေးသွင်းရန်တားခြင်း။သပိတ်မှောက်ခံရသည့် ကုမ္ပဏီနှင့် အဆက်အသွယ်ရှိသည့် အခြားကုမ္ပဏီတစ်ခုအား သပိတ်တားခြင်း။

**secondary product** *n.* တစ်ဆင့်ထွက်ကုန်ပစ္စည်း။

**secondary production** *n.* ဒုတိယဆင့် လုပ်ငန်းလွှာ။ ကုန်ကြမ်းမှတစ်ဆင့် ကုန်ချောထုတ်လုပ်ခြင်း။

**secondary reserves** *n.* ဒုတိယ သီးသန့်ငွေ။ ဒုတိယ အရန်ငွေ။

**secondary strike** *n.* ထောက်ခံသပိတ်။

**second -best** *n.* ဒုတိယတန်းစား။

**second .charge** *n.* ဒုတိယ အဆင့် အပေါင်ခံခြင်း။

**seconder** *n.* အဆိုပြုချက်ကို ထောက်ခံသူ။

**second- hand** *adj.* တစ်ပတ်ရစ်ဖြစ်သော။ တစ်ပတ်ရစ်။

**second-hand car** *n.* တစ်ပတ်ရစ် မော်တော်ကား။

**second home** *n.* (အပန်းဖြေရန်စသည် ဝယ်ထားသည့်) အရန်အိမ်၊ အိမ်ခန်း၊ အခန်း။ လက်ရှိနေထိုင်သည့် အိမ်အပြင် တစ်လှည့်စီ သွားရောက်နေထိုင်လေ့ရှိသည့်အခြားမြို့ရွာဒေသရှိအိမ်။



**second in command** *n.* ဒုတိယ တာဝန်ခံ။

**second language** *n* မိမိဘာသာစကားအပြင်အပိုတတ်မြောက်ထားသည့် ဘာသာခြားစကား။

**secondment** *n.* ယာယီရွှေ့ပြောင်းတာဝန်ထမ်းဆောင်စေခြင်း။

**second name** *n.* မျိုးရိုးအမည်။ အခြားအမည်။

**second of exchange** *n.*ငွေလွှဲစာချုပ် ပထမမိတ္တူ။ ဒုတိယ ဖလှယ်ခြင်း။

**second- rate** *n.* ညံ့သော။ အညံ့စား။

**second- rate restaurant** *n.* အညံ့စား စားသောက်ဆိုင်။

**second security** *n.* ဒုတိယ အာမခံ။

**secrecy** *n.* လျှို့ဝှက်ခြင်း။ လျှို့ဝှက်ထားမှု။

**secret** *adj.* လျှို့ဝှက်သော။ သိုသိပ်သော။ *n.* လျှို့ဝှက်ချက်။

**secretary** *n.* အတွင်းရေး လက်ထောက်။ အတွင်းရေးမှူး။ အထွေထွေစာရေး။

**secret reserves** *n.* လျှို့ဝှက်သီးသန့်။

**section** *n.* အပိုင်း။ကဏ္ဍ။ ဌာနစိတ်။ *v.* ပိုင်းသည်။ ကန့်သည်။

**sectional** *adj.* အကန့်လိုက်ပိုင်းခြားထားသော(အဆောက်အအုံ စသည်)။

**sectional balancing** *n.* ဌာနစိတ်အလိုက် ညှိခြင်း။ အပိုင်းကဏ္ဍအလိုက် ချိန်ထိုးကြည့်ခြင်း။

**sectional ledger** *n.* ဌာနစိတ်အလိုက် လယ်ဂျာ။

**sectional wholesaler** *n.* ဒေသစိတ် လက်ကားရောင်းသူ။

**sector** *n.* ကဏ္ဍ။ အခန်းကဏ္ဍ။ တိုင်းပြည်စီးပွားရေး ကဏ္ဍ၊ အစိတ်အပိုင်း။

**sector account** *n.* ကဏ္ဍအလိုက် စာရင်း။

**sectoral planning** *n.* ကဏ္ဍအလိုက် စီမံကိန်းချမှတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**secular stagnation** *n.* နှစ်ရှည် စီးပွားရေးတန့်နေခြင်း။

**secular trend** *n.* ရေရှည် အလားအလာမျိုး။

**secular variation** *n.* နှစ်ရှည် ပြောင်းလဲမှု။

**secure** *adj.* လုံခြုံသော။ စိတ်ချသော။ စိတ်ရသော။ အကာအကွယ်ရှိသော။ အာမခံချက် ရှိသော။ ခိုင်မာသော။

**secured bond** *n.* အာမခံချက်ရှိသော၊ ခိုင်မာသော ငွေချေးစာချုပ်။

**secured creditor** *n.* အာမခံချက်ရှိသော မြီရှင်၊ ကြွေးရှင်။ မြီစား၊ ကြွေးမဆပ်လျှင် မြီစားပိုင်ပစ္စည်းဥစ္စာများအပေါ် ဥပဒေကြောင်းအရ တောင်းဆိုပိုင်ခွင့် ရှိသည့် မြီရှင်၊ ကြွေးရှင်။

**secured debenture** *n.* ကုမ္ပဏီပိုင် ပစ္စည်းဥစ္စာများကို အာမခံပစ္စည်းအဖြစ်ထားရှိပြီး ယင်းကုမ္ပဏီကို ထုတ်ချေးငွေ။

**secured debt** *n.* အပေါင်အဖြစ် အဖိုးတန်ပစ္စည်း ပေးအပ်ထားသည့် ကြွေးမြီ၊ အကြွေး။

**secured loan** *n.* အာမခံပါ ချေးငွေ။ မြေရာ အဆောက်အအုံ၊ အဖိုးတန် ပစ္စည်းစသည်ကို အာမခံထား၍ ထုတ်ချေးငွေ။

**securities** *n.* အစုရှယ်ယာလက်မှတ်များ။ စတော့ရှယ်ယာလက်မှတ်များ။ အာမခံ (ငွေ၊ ပစ္စည်း စသည်)။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ။

**Securities and Exchange Commission** *n* . အာမခံစာချုပ်များနှင့် လဲလှယ်မှု ကော်မရှင်။

**Securities and Futures Authority** *n.* ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများနှင့် အနာဂတ် စာချုပ်ဈေးကွက်များတွင် အရောင်းအဝယ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းမျဉ်းစည်းကမ်း ရေးဆွဲချမှတ်သည့် အဖွဲ့ကြီး။

**securities market** *n.* စတော့ရှယ်ယာဈေးကွက်။

**securitization** *n.* ကုမ္ပဏီရှယ်ယာများ ထုတ်ဝေရောင်းချခြင်း။



**security** *n.* စတော့ရှယ်ယာ ဈေးကွက်တွင် ရောင်းဝယ်နိုင်သည့် အစုရှယ်ယာ၊ စတော့ရှယ်ယာ၊ ငွေချေးစာချုပ်၊ ရင်းနှီးမြှုပ်နှံမှု စာချုပ်စသည်။ အာမခံချက်။ အာမခံ(ငွေ၊ ပစ္စည်း စသည်)။ အာမခံပစ္စည်း။

**security capital** *n.* အာမခံငွေရင်း။ အာမခံရင်းနှီးငွေ။

**security deposit** *n.* အာမခံစပေါ်ငွေ။ အာမခံငွေ။

**security exchange** *n.* အာမခံစာချုပ်များ ရောင်းဝယ်ရေးဒိုင်။

**security of tenure** *n.* အိမ်ရှင်၊ မြေရှင်က နှင်ထုတ်လိုသော်လည်း အိမ်ငှားမြေငှားတို့ကမြေရာ အဆောက်အအုံကို ဆက်၍ အသုံးပြုပိုင်ခွင့်။

**security risk** *n.* လုံခြုံရေးစိတ်ချရမှု။

**security van** *n.* ငွေသယ်ကား။ ငွေသယ်ဗင်ကား။ငွေသယ်ယာဉ်။

**sedan** *n.* ဆလွန်းကား။ ဆီဒင်ကား။

**sedentary** *adj.* ထိုင်လုပ်ရသော။ ထိုင်၍လုပ်ကိုင်ရသော။ ရုံးထိုင်။

**sedentary agriculture** *n.* အတည်တကျ စိုက်ပျိုးခြင်း။

**sedentary job** *n.* ထိုင်၍ လုပ်ကိုင်ရသော အလုပ်။

**sedentary worker** *n.* အထိုင်အလုပ်သမား။ ထိုင်၍ လုပ်ကိုင်ရသော အလုပ်သမား။

**seed** *n.* အစေ့။ မျိုး။ မျိုးစေ့။ သစ်စေ့။ *v.* (မျိုး) ကြဲသည်။ အစေ့စိုက်သည်။ မျိုးစေ့ရသည်။

**seed- bed** *n.* ပျိုးခင်း။ ပျိုးပေါင်။

**seed capital** *n.* ကုန်ထုတ်လုပ်ငန်းမစမီ အဆင့်မြင့်ကောင်းမွန်သည့် ကုန်ပစ္စည်းနှင့် ကုန်ထုတ်နည်းလမ်းများကို သုတေသနပြုရန် လိုအပ်သည့် အရင်းအနှီး။

**seed coat** *n.* အစေ့ခွံ။

**seed drill** *n.* မျိုးစေ့ချထွန်။

**seeded** *adj.* အစေ့ထုတ်ထားသော။ အစေ့မရှိသော။

**seed improvement** *n.* မျိုးစေ့ပြုပြင်မှု။

**seeding** *n.* အစေ့စိုက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**seed lac** *n.* ချိပ်သန့်။

**seedless** *adj.* အစေ့မပါသော။

**seeding** *n.* မျိုးပင်။ မျိုး။ မျိုးပေါက်ပင်။ အစေ့ပင်ပေါက်။

**seed orchard** *n.* မျိုးစေ့ဥယျာဉ်။

**seed -pearl** *n.* မွေးပုလဲအတွက် မှတ်ကောင်တွင် ထည့်ရသော မျိုးစေ့ပုလဲ။

**seeds man** *n.* မျိုးစေ့ရောင်းသူ။

**seed tree** *n.* မျိုးစေ့ပင်။ မျိုးပင်။

**seek** *v.* ရှာသည်။ (ဥစ္စာစနေ စသည်) ရှာဖွေသည်။ (အကူအညီ၊ အကြံဉာဏ် စသည်) တောင်းခံသည်။ ရယူသည်။

**seep** *v.* ယိုသည်။ ယိုစိမ့်သည်။ စိမ့်ထွက်သည်။

**seepage** *n.* စိမ့်ထွက်ခြင်း။ ယိုစိမ့်ခြင်း။ ယိုစိမ့်ထွက်ခြင်း။

**segementation** *n.* အစိတ်စိတ်အမြွှာမြွှာဖြစ်ခြင်း။ အပိုင်းပိုင်းကွဲပြားခြင်း။ အသက်အရွယ်၊ ကျား၊မအလိုက်၊ နေထိုင်ပြုမှုပုံ၊ ဝင်ငွေစသည်ကို ခွဲခြား သတ်မှတ်ခြင်း။

**segregated appropriation** *n.* အချက်အလက်အလိုက် ခွဲဝေလျာထားခြင်း။

**seigniorage** *n.* ဒင်္ဂါးသွန်းလုပ်၍ရသည့် အမြတ်။

**seismic focus** *n.* ငလျင်ဗဟိုချက်။

**seismic map** *n.* ငလျင်မြေပုံ။

**seismic record** *n.* ငလျင်မှတ်တမ်း။

**seismograph** *n.* ငလျင်ပြင်းအား တိုင်းတာရေးစက်။ ငလျင်မှတ်စက်။

**select** *v.* (လူ၊ အလုပ်ခန့်ရန်) ရွေးချယ်သည်။ ရွေးသည်။

**selection** *n.* ရွေးချယ်ခြင်း။ ရွေးချယ်ခံရခြင်း။ ရွေးစရာ၊ လက်ရွေးစင်။

**selection committee** *n.* ရွေးချယ်ရေးကော်မတီ။

**selection procedure** *n.* ရွေးချယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

**selector** *n.* ရွေးချယ်သူ။ ရွေးချယ်ရေးအဖွဲ့။ ရွေးချယ်သော ကိရိယာ။



**self** *n.* ကိုယ်တိုင်။ ချက်လက်မှတ်ပေါ်တွင် ရေးသားရသည့် စကားလုံး။

**self-absorbed** *adj.* ကိုယ့်အတွက်သာ ကိုယ်သိသော။

**self-access** *n.* ကိုယ်တိုင်ရှာဖွေရွေးချယ်သင်ယူနည်း။

**self-apponited** *adj.* ကိုယ့်ဘာသာကိုယ် ခန့်အပ်သော။

**self-assembly** *adj.* (အစိတ်အပိုင်းများအလိုက် ဝယ်ယူပြီး)မိမိဘာသာပြန်လည်ဆင်ယူရသော (စက်၊ စက်ပစ္စည်း ကိရိယာ စသည်)။

**self-balancing ledger** *n.* အလိုအလျောက် ချိန်ထိုးလယ်ဂျာ။

**self-catering** *adj.* မိမိတို့ဘာသာ ချက်ပြုတ်စားသောက်နိုင်သော။

**self-centred** *adj.* တစ်ကိုယ်ကောင်းဆန်သော။ အတ္တဆန်သော။

**self-confident** *n.* မိမိကိုယ်မိမိ ယုံကြည်စိတ်ချသော။

**self-contained** *adj.* ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သော။ မိမိဘာသာ မိမိရပ်တည်နေထိုင်နိုင်သော။

**self-denial** *n.* မြိုးခြိုးစွာကျင့်ခြင်း။

**self-discipline** *n.* ကိုယ့်စည်းကမ်းနှင့်ကိုယ်နေထိုင်ခြင်း။

**self-drive** *adj* . ကိုယ်တိုင်မောင်းရသော (အငှားကား)။

**self-empolyed** *adi.* ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သော။

**self employment** *n.* ကိုယ်ပိုင်လုပ်ငန်း။

**self-financing** *adj.* မိမိဘဏ္ဍာငွေဖြင့် မိမိဘာသာ ရပ်တည်၍ရသော။

**self-insurance** *n.* ကိုယ်တိုင်အာမခံစနစ်။

**self-interest** *n.* ကိုယ်ကျိုးကြည့်ခြင်း။

**selfish** *n.* တစ်ကိုယ်ကောင်းဆန်သော။

**selfless** *adj.* ကိုယ်ကျိုးမငဲ့သော။ ကိုယ်ကျိုးမကြည့်သော တစ်ကိုယ်ကောင်း မဆန်သော။

www.burmeseclassic.com

www.burmeseclassic.com



**self-liquidating** *adj.* လုပ်ငန်းမှ ရရှိသည့် အမြတ်အစွန်းဖြင့် (ချေးယူသော ငွေ) အတိုးနှင့် အရင်းကို ကာလတိုအတွင်းပေးဆပ်နိုင်သော။ စုစုပေါင်းကုန်ကျထားသည့် စရိတ်ပြန်ကျေနိုင်သော။ (ကံစမ်းမဲ၊ လက်ဆောင်ပစ္စည်းစသည်တို့ကြောင့် အရောင်း တွင်ကျယ်၍ ကြော်ငြာစရိတ်ပါ) ကျေမည်ဖြစ်သော။

**self-made** *adj.*ကိုယ်ထူးကိုယ်ချွန် လုပ်ဆောင်၍ ကြွယ်ဝချမ်းသာလာသော၊ အောင်မြင်လာသော။

**self-made man** *n.*ကိုယ်ထူးကိုယ်ချွန်သမား။

**self-made millionaire** *n.* ကိုယ်ထူးကိုယ်ချွန် သန်းကြွယ်သူဌေး။

**self-sacrifice** *n.* ကိုယ်ကျိုးစွန့်ခြင်း။ အနစ်နာခံခြင်း။

**self-service** *n.* ကိုယ်တိုင်ယူဆောင်၍ ငွေရှင်းရသော စနစ်။ *adj.* ဝယ်ယူစားသုံးသူက လက်ငင်း ငွေပေးချေ၍ ကိုယ်တိုင်ယူဆောင် စားသောက်ရသော။

**self-service canteen** *n.* ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချ သောဆိုင်။

**self-sufficient** *adj.* မိမိဘာသာ ဖူလုံသော။ ( လိုအပ်သော ကုန်ပစ္စည်းများကို) မိမိဘာသာ မိမိ လုံလောက်စွာ ထုတ်လုပ်နိုင်သော။

**self-supporting** *adj.* မိမိဘာသာ မိမိ ရပ်တည်နိုင်သော

**self-tender** *n.* စုရှယ်ယာပိုင်ရှင်များ၏ ရှယ်ယာအချို့၊ အားလုံးကို ပြန်လည်ဝယ်ယူလိုကြောင်း ကုမ္ပဏီက အစုရှယ်ယာပိုင်ရှင်များထံ စာရေးသား ကမ်းလှမ်းချက်။

**sell** *v.* ရောင်းသည်။ ရောင်းရသည်။ရောင်းကောင်းသည်။ ဈေးကွက်တင်သည်။ အစွဲထုတ်သည်။ ကုန်ပစ္စည်းတစ်မျိုးမျိုး ရောင်းဝယ်သည့် လုပ်ငန်းကို လုပ်ကိုင်သည်။

**sell - by - date** *n.* (ဆေး၊ စား သောက်ဖွယ်တို့တွင် ကပ်ထားလေ့ရှိသော) နောက်ဆုံးထား၍ ရောင်းချရမည့် ရက်စွဲ။



**seller** *n.* ရောင်းသူ။ ရောင်းချသူ။ အရောင်း(ထိုင်းသော၊ သွက်သော) ပစ္စည်း။

**seller's market** *n.*ဈေးကောင်းခြင်း။ အဝယ်လိုက်ခြင်း။ရောင်းသူ့ဈေးကွက်။

**seller's surplus** *n.* အစွန်းထွက်အမြတ်။ အပိုအမြတ်ငွေ။ရောင်း၍ရသည့် ဈေးနှုန်းနှင့် လက်သင့်ခံသည့် အနိမ့်ဆုံးဈေးနှုန်း ကွာခြားချက်။ မှန်းထားသည့် ဈေးထက် ပိုရငွေ။

**selling** *n.* ရောင်းခြင်း။ ရောင်းချခြင်း။ ဝယ်မည့်လူရှာခြင်း။ ဝယ်ယူစေရန် ဆွဲဆောင်ခြင်း။

**selling agent** *n.* အရောင်းကိုယ်စားလှယ်။

**selling costs** *n.* အရောင်းစရိတ်။ ကုန်ပစ္စည်းများ ရောင်းချရာတွင် ကုန်ကျသည့် စရိတ်။

**selling efficiency** *n.* အရောင်းစွမ်းရည်။

**selling expenses** *n.* အရောင်းစရိတ်။

**selling out** *n.* မူလဝယ်သူက ငွေမပေးချေရသေးသည့် ရင်းနှီးမြှုပ်နှံမှုစာချုပ် စာတမ်းများကို ထုတ်ရောင်းခြင်း။

**selling -point** *n.* (ဝယ်သူများအတွက်) မက်လုံး။

**selling - price** *n.* ရောင်းဈေး။

**selling short** *n.* မိမိလက်ထဲတွင် မရှိသေးသော်လည်း အမြတ်အစွန်းကိုမျှော်လင့်၍ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းများကို ရှိသည့်အနေဖြင့် ကြိုတင်ရောင်းချခြင်း။

**Sellotape** *n.* ဆယ်လိုတိပ်။ တိပ်အကြည်။

**sell- out** *n.* လက်မှတ်တစ်စောင်မကျန် ရောင်းချရသော ပွဲ။ ရုံပြည့်ရုံလျှံပွဲ။

**semaphore** *n.* ရထားအချက်ပြမီး။ အလံဖြင့် အချက်ပြနည်း။ *v.* အလံဖြင့် အချက်ပြသည်။ အလံပြသည်။

**semiconductor** *n.* တစ်ပိုင်းလျှပ်ကူးပစ္စည်း။

**semi-durable** *adj.* (ကြွထည်၊ လျှပ်စစ်ပစ္စည်းများ စသည်ကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့) နှစ်အနည်းငယ်အတွင်း အစားထိုးဝယ်ယူရမည့်ဖြစ်သော။

**semi - finished** *adj.* တစ်ပိုင်းတစ်စသာပြုလုပ်ထားရသေးသော။ အချောမသတ်ရသေးသော(ကုန်ပစ္စည်းစသည်)။

**seminar** *n.* ဆွေးနွေးပွဲ။ နှီးနှောဖလှယ်ပွဲ။

**semi-skilled** *adj.*ကျွမ်းကျင်မကျ တကျဖြစ်သော။ အတန်အသင့် ကျွမ်းကျင်သော။

**semi-skilled job** *n.*ကျွမ်းကျင်မကျတကျဖြင့် လုပ်နိုင်သောအလုပ်။ ကျွမ်းကျင်မှု အတန်အသင့်ဖြင့် လုပ်ဆောင်နိုင်သောအလုပ်။

**semi-skilled machine operator** *n.* ကျွမ်းကျင်မှု မရှိတရှိ စက်မောင်း။

**semi-solus** *adj.* စာမျက်နှာတစ်မျက်နှာထဲတွင် အခြားကြော်ငြာများနှင့်အတူ ရောနှောဖော်ပြထားသော်လည်း၊ စာမျက်နှာထိပ်ဆုံးတွင် ဖော်ပြပါရှိသော။

**semivariable cost** *n.* ကုန်ထုတ်လုပ်မှု ပမာဏနှင့် တိုက်ရိုက်အချိုးကျ မပြောင်းလဲသော်လည်းအထိုက်အလျောက်ပြောင်းလဲသောလုပ်ငန်းကုန်ကျစရိတ်။

**send** *v.* ပို့သည်။ ပေးပို့သည်။ စေလွှတ်သည်။

**sender** *n.* ပို့သူ။ ပေးပို့သူ။

**send-off** *n.* လိုက်လံပို့ဆောင်နှုတ်ဆက်ခြင်း။

**senior** *adj.* ရာထူး၊ အဆင့်အားဖြင့် မြင့်သော။ *n.* (အသက်အားဖြင့်) ကြီးသူ။ စီနီယာ။ စီနီယာ ကျောင်းသား။

**seniority** *n.* အသက်၊ ရာထူးအားဖြင့် ကြီးခြင်း။ ရာထူးသက်ကြီးခြင်း။ ဝါရင့်ခြင်း။

**sensation** *n.* ထိတွေ့ခံစားရခြင်း။ အုတ်အော်သောင်းတင်းဖြစ်ခြင်း။ အကျော်အမော်။

**sensationalize** *v.* သတင်းတန်ဖိုး ဖောင်းပွစေသည်။

**senses** *n.* သတိ။ ဆင်ခြင်တုံတရား။ စဉ်းစားဉာဏ်။



**sensible** *adj.* သင့်တင့်သော။သင့်တင့်လျောက်ပတ်သော။

**sensitive** *adj.*ဆတ်ဆတ်ထိမခံသော။ ထိခိုက်လွယ်သော။

**sensitive market** *n.* တက်မြန်ကျမြန်ဈေး။ (နိုင်ငံရေး၊ သဘာဝဘေး၊ အခြေအနေစသည်တို့ကြောင့်)လွယ်လင့်တကူ အကျိုးသက်ရောက်စေသည့် အရောင်းအဝယ် အခြေအနေ။

**sensor** *n.* အာရုံခံ ကိရိယာ။

**separate** *adj.* သီးခြား။သီးသန့်။

**separate account** *n.* သီးခြားစာရင်း။ သီးသန့်စာရင်း။

**separates effects** *n.* ရွှေ့ပြောင်းနိုင်သော သီးခြားပစ္စည်း။

**separates** *n.* အထက်အောက်အမျိုးမျိုး တွဲဖက်နိုင်သော ဝတ်စုံ။

**separate sum** *n.* သီးခြားငွေပေါင်း။

**septic tank** *n.* မိလ္လာကန်။

**sequel** *n.* အကျိုးဆက်။ ရလဒ်။ နောက်ဆက်တွဲ။

**sequential** *adj.* (အချိန်၊ နေရာ) အစီအစဉ် ကျသော။

**sequentially** *adv.* အစီအစဉ်တကျ။ စီစဉ်တကျ။

**sequestration** *n.* ပိုင်ဆိုင်မှုဖြေရှင်းသည့်အခါနှင့် ဒေဝါလီခံရသည့်အခါတို့တွင် ပစ္စည်းခွဲဝေပြီးသည့်ကာလအထိ တရားရုံးအမိန့်ဖြင့် ပစ္စည်းများကို သိမ်းဆည်းထားရှိခြင်း။

**sequestrate** *v.* (မြီစား၏ ပစ္စည်းဥစ္စာစသည်ကို ကြွေးပြေလည်အောင်မဆပ်မချင်း)သိမ်းဆည်းထားသည်။

**serendipity** *n.* မှတ်ဆိတ်ပျားဆွဲ တတ်လေ့ရှိသည့် ပါရမီ။

**serf** *n.* ကျွန်ကဲ့သို့ ရက်စက်စွာအခိုင်းခံရသည့် အလုပ်သမား။

**serial** *adj.* အစဉ်အလိုက်ဖြစ်သော။အခန်းဆက်(ဝတ္ထု၊ ရေဒီယို၊ ရုပ်သံဇာတ်လမ်း)။

**serial bond** *n.* အစဉ်လိုက် ငွေချေးစာချုပ်။

**serial number** *n.* အမှတ်စဉ်နံပါတ်စဉ်။

**serialize** *n.* (ရေဒီယို၊ရုပ်သံဇာတ်လမ်းစသည်)အခန်းဆက်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လွှင့်သည်။(ဝတ္ထုစသည်)အခန်းဆက် ထုတ်ဝေသည်။

**series** *n.* ဖြစ်ရပ်။ အကြောင်းအရာအစဉ်။ (ရုပ်မြင်သံကြားစသည်) ဇာတ်လမ်းတွဲ။

**series bond** *n.* နှစ်မှန်စာချုပ်။

**serious** *adj.* အလေးအနက်ထားသော။ တကယ်ဖြစ်သော။ အတည်ဖြစ်သော။

**seriousness** *n.* လေးနက်ခြင်း။ စိုးရိမ်ရခြင်း။ အရေးကြီးခြင်း။

**servant** *n.* ဝန်ထမ်း။ ပြည်သူ့ဝန်ထမ်း။ အိမ်ဖော်။ အိမ်စေ။

**serve** *v.* အမှုထမ်းသည်။ တာဝန်ထမ်းဆောင်သည်။ အလုပ်အကျွေးပြုသည်။(နို့တစ်စာ၊ သမ္မန်စာ၊ ဝရမ်းစသည်)ကို ပေးပို့သည်။ (စားသောက်ဖွယ်)ထည့်ပေးသည်။ ပြင်ပေးသည်။တည်ခင်းသည်။ ဖြည့်ဆည်းပေးသည်။

**server** *n.* ကွန်ပျူတာ ဆာဗာကိရိယာ။ ချိတ်ဆက်ထားသောကွန်ပျူတာများသို့ အချက်အလက်ပေးပို့သော ပရိုဂရမ်။

**service** *n.* တာဝန်ထမ်းဆောင်ခြင်း။(အစိုးရ၊ တပ်မတော်၊ကုမ္ပဏီစသည်တွင်) အမှုထမ်းခြင်း။ (ယာဉ်၊စက်စသည်) ဝန်ဆောင်မှု၊ အသုံးခံမှု။ အကူအညီ ဝန်ဆောင်မှု။ ဝန်ဆောင် လုပ်ငန်း။ (ယာဉ်၊ စက် စသည်) ပြင်ဆင်ထိန်းသိမ်းမှု။ (ဟိုတယ်၊ စားသောက်ဆိုင် စသည်တွင်) တည်ခင်းပေးခြင်း၊ အပြုအစု၊ ဝန်ဆောင်မှု။ ဝယ်ယူစားသုံးသူနှင့် ဆက်ဆံရေး။ (ပို့ဆောင်ဆက်သွယ်ရေး) လုပ်ငန်း၊ ဝန်ဆောင်မှု။ *v.* (ယာဉ်၊ စက်စသည်)ထိန်းသိမ်း ပြုပြင်ပေးသည်။ ဝန်ဆောင်မှု ပေးသည်။ ဆောင်ရွက်ပေးသည်။ (ချေးငွေ) အတိုးပေးသည်။

**serviceable** *adj.* အကြမ်းပတမ်းခံသော(တာယာ၊ အဝတ်ထည်စသည်)။

**service agreement** *n.* ကုမ္ပဏီနှင့်အကြီးတန်းဝန်ထမ်းတို့အကြား အလုပ် ခန့်အပ်ခြင်းဆိုင်ရာ သဘောတူညီချက်။ ရောင်းသူနှင့် ဝယ်သူအကြား ဝယ်ယူပြီး



ကုန်ပစ္စည်းအား ပြင်ဆင်၊ထိန်းသိမ်း၊ စစ်ဆေးခြင်းဆိုင်ရာ သဘောတူ အစီအစဉ်။

**service area** *n.* ဝန်ဆောင်မှုပေးသည့် လုပ်ငန်း ဧရိယာ။လမ်းမကြီးဘေးရှိ ဓာတ်ဆီနှင့် စားသောက်ဖွယ်ရာ ရောင်းချသည့်ဆိုင်။

**service book** *n.* အမှုထမ်းစာအုပ်။ အမှုထမ်းသက် စာအုပ်။

**service card** *n.* အမှုထမ်းလွှာ။ အမှုထမ်းပုံစံ။

**service charge** *n.* စားသောက်ဆိုင် ငွေတောင်းခံလွှာ ပြေစာတွင် ကျသင့်ငွေအပေါ်(၁၀ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း စသည်ဖြင့်) အပိုထပ်ဆောင်းတောင်းခံသည့် တောင်းခံငွေ။ အပိုထပ်ဆောင်းဝန်ဆောင်ခ။အဆောက်အအုံ၊ အိမ်ရာ စသည်တွင် နေထိုင်ကြသူများက ပြင်ဆင်ထိန်းသိမ်းမွမ်းမံခြင်းစသည့် အတွက် ပေးရသောဝန်ဆောင်ခ။ ချေးငွေရရှိအောင် ဆောင်ရွက်ပေးခြင်းအတွက် ပေးရသော အဖိုးအခ။ ဝယ်ယူပြီး ပစ္စည်းအား ပုံမှန် ပြင်ဆင် ထိန်းသိမ်းပေးခြင်းအတွက် ပစ္စည်းပိုင်ရှင်က ပေးရသော အဖိုးအခ ။

**service department** *n.* ဆောင်ရွက်မှု ဌာန။ဝန်ဆောင်မှု ဌာန။

**service enterprise** *n.* ဆောင်ရွက်မှု၊ ဝန်ဆောင်မှုလုပ်ငန်း။

**service flat** *n.* ငှားရမ်းခတွင် သန့်ရှင်းရေး၊ ဝန်ဆောင်ခစသည် ပါဝင်သော အိမ်ခန်း၊ တိုက်ခန်း။

**service goods** *n.* ဆောင်ရွက်မှု၊ ဝန်ဆောင်မှုပစ္စည်းများ။

**service gratuity** *n.* အမှုထမ်းဆုကြေး။ လုပ်သက် ဆုကြေး။

**service industry** *n.* ဆောင်ရွက်မှု လုပ်ငန်းစု။ကြော်ငြာလုပ်ငန်း။ ကမ္ဘာလှည့် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း။ သယ်ယူပို့ဆောင်ရေး လုပ်ငန်း။ ဟိုတယ်လုပ်ငန်း။ အာမခံ လုပ်ငန်း ကဲ့သို့သော အကျိုးဆောင်လုပ်ငန်း။

**service life** *n.* ပုံသေပိုင်ပစ္စည်း၏ အသုံးဝင်သက်တမ်း။ ပုံသေ

www.burmeseclassic.com

www.burmeseclassic.com



ပိုင် ပစ္စည်းတစ်ခု၏ အသုံးပြုနိုင်သည့် ကာလ၊ သက်တမ်း။

**service policy** *n.* ဆောင်ရွက်မှု ပေါ်လစီ။

**service record** *n.* အမှုထမ်း မှတ်ပုံတင်ခြင်း။

**service road** *n.* လမ်းမကြီးနှင့် အပြိုင် လမ်းငယ်။

**services** *n.* ဝန်ဆောင်မှု။ ဝန်ဆောင်လုပ်ငန်း။

**service station** *n.* ဓာတ်ဆီဆိုင်။ ဓာတ်ဆီပန့်။

**service utility** *n.* ဝယ်ယူသုံးစွဲသူများအား အလျှင်အမြန် စီစဉ်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သုံးစွဲဝယ်ယူထားသည့် ပစ္စည်းများအကြောင်းကိုရှင်းလင်းပြသခြင်း စသည့် သုံးစွဲခြင်းဆိုင်ရာ အပိုဆောင်း ဝန်ဆောင်မှု။

**servo** *n.* စက်ခုတ်မောင်းမှုကို သက်သောင့်သက်သာ ထိန်းနိုင်ရန် ဆင်ထားသော စက်ကိရိယာ။ ဆာဗိုကိရိယာ။

**sesame** *n.* နှမ်း။

**sesame oil** *n* နှမ်းဆီ။

**session** *n.*အစည်းအဝေး။အစည်းအဝေး ကျင်းပချိန်။ လုပ်ငန်းဆောင်ရွက်မှု အခန်း၊ကာလ။

**set** *v.* ထားသည်။ တည်ရှိသည်။ သတ်မှတ်သည်။ ရေးဆွဲသည်။ စီစဉ်သည်။ ချမှတ်သည်။ ပြင်ဆင်သည်။ ဖက်ရှင် ဒီဇိုင်းသစ် တီထွင်သည်။ *n.* အစုံ၊ လူစု။ အသိုင်းအဝိုင်း။ ဆံပင်ပုံသွင်းခြင်း။ (ရေဒီယို၊ ရုပ်မြင်သံကြား) ဖမ်းစက်။ (ပြဇာတ်၊ ရုပ်ရှင် စသည်) အခင်းအကျင်း၊ ရှခင်း။ *adj.* သတ်မှတ်ထားသော ဈေးနှုန်းနှင့် ဟင်းအမည်ပုံသေ(နေ့လယ်စာ၊တစ်နပ်စာ)။

**set- aside** *n.* စိုက်ပျိုးမြေ ပလပ်ထားရန် ထောက်ပံ့သည့် စနစ်၊ ယင်းသို့ ပလပ်ထားသည့် မြေ။

**set- back** *n.*အနှောင့်အယှက်၊ ဆုတ်ဆိုင်းမှု။ အတားအဆီး၊ အဟန့်အတား။ (အစုရှယ်ယာ ဈေးနှုန်းများ) ဈေးတက်ရာမှ ကျဆင်းသွားခြင်း။

**set off** *n.* ခုနှိမ်ခြင်း။

**set of the tide** *n.* ဒီရေစီးပုံ။



**set price** *n.* သတ်မှတ်ထားသည့် ပုံသေဈေးနှုန်း။

**settee** *n.* ဆိုဖာ။ ဆက်တီ။

**setting** *n.* (စက်ကိရိယာစသည် တွင်လည်နှုန်း၊ အပူချိန်စသည်) ချိန်ညှိချက်။

**settle** *v.* စာရင်းရှင်းသည်။ (ကျသင့်ငွေ) ရှင်းသည်။ (ငွေ) ပေးချေသည်။ သဘောတူညီမှု ရရှိသည်။ *n.* နောက်မှီ လက်တန်းပါ သစ်သားခုံရှည်။

**settlement** *n.* ကြေးဆပ်ခြင်း။ ပြီးပြေအောင် ပေးဆပ်ခြင်း။ ကြွေးမြီတောင်းခံလွှာ စသည်တို့ကို ပေးချေခြင်း။ကျေအေးခြင်း။ ပြေငြိမ်းခြင်း။ အငြင်းပွားသူနှစ်ဦးနှစ်ဖက်အကြား သဘောတူညီချက်။ (တရားဝင်ပေးအပ်သည့်၊ ပေးအပ်ရသည့်) ဥစ္စာကြေးငွေ။ ပစ္စည်း၊ ငွေကြေးဥစ္စာ စသည် ခွဲဝေသည့် စည်းကမ်းချက်များ။

**settlement day** *n.* ငွေပေးချေရမည့် နေ့ရက်။ စာရင်းရှင်းရမည့်နေ့။

**settling day** *n.* စာရင်းရှင်းရမည့်နေ့။ စာရင်းရှင်းနေ့။

**settling of account** *n.* စာရင်းရှင်းခြင်း။

**set- up** *n.* (ကုမ္ပဏီလုပ်ငန်း) ဖွဲ့စည်းပုံ။ တပ်ဆင်ပုံ။

**set-up cost** *n.* ကုန်ပစ္စည်းသစ် စသည် ထုတ်လုပ်မှု စတင်ရန် အတွက် ကုန်ကျသည့် အလုပ်သမားစရိတ်။

**set- up time** *n.* တပ်ဆင်ချိန်။

**seven- eleven store** *n.* လူသွားလူလာထူထပ်၊လွယ်ကူသည့်နေရာတွင် တည်ရှိပြီး၊ အရေးပေါ်လိုအပ်သော ကုန်ပစ္စည်းများကို ညဉ့်နက်ပိုင်းအထိ ဖွင့်လှစ်ရောင်းချပေးသည့် စတိုးဆိုင်။

**severance pay** *n.* (ချုပ်ဆိုထားသည့်စာချုပ်စာတမ်းသက်တမ်း မစေ့မီ အလုပ်ရှင်က အလုပ်သမားကို အလုပ်ရပ်ဆိုင်း၍ ပေးရသော)ဖြတ်စာလျော်ကြေးငွေ။

**sew** *v.* ချုပ်သည်။ ချုပ်လုပ်သည်။

**sewage works** *n.* မိလ္လာလေမှုတ်စက်ရုံ။ မိလ္လာသန့်စင်ရုံ။

www.burmeseclassic.com

www.burmeseclassic.com



**sewer** *n.* ရေဆိုးပိုက်။ မိလ္လာပိုက်။ စက်ချုပ်သူ။ အပ်ချုပ်သူ။

**sewing** *n.* အချုပ်အလုပ်။ ချုပ်စရာ။ ချုပ်ထည်။

**sewing- machine** *n.* အပ်ချုပ်စက်။

**SFA** *abbr.* ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းများနှင့် အနာဂတ် စာချုပ်ဈေးကွက်များတွင်အရောင်းအဝယ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းမျဉ်းစည်းကမ်း ရေးဆွဲချမှတ်သည့် အဖွဲ့ကြီး။ Securites and Future Authority.

**shaded map** *n.* ရောင်စုံမြေပုံ။

**shady** *adj.* မရှင်းမရှင်း လုပ်တတ်သော။ကလိန်ကကျစ်ပြုမူတတ်သော။

**shaft** *n.* စက်ကိရိယာတွင် အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုဆက်သွယ်ရန်၊ စွမ်းအား ကူးပြောင်းပေးပို့ရန် တပ်ဆင်ထားသည့် ဝင်ရိုးအချောင်း၊ အတံ။ ရှပ်။ (သတ္တုတွင်း၊ အဆောက်အအုံတို့တွင် လူ၊ ပစ္စည်း၊ လေ စသည် ဝင်ထွက်နိုင်ရန်)တွင်း၊ဥမင်။လှည်း

သန်။ ထွန်သန်။ *v.* တစ်ပတ်ရိုက်လွှတ်သည်။

**shakedown** *n.* ငွေညှစ်ခြင်း။ ပိုက်စိပ်တိုက် ရှာဖွေခြင်း။

**shale** *n.* ယောလကျောက်။ နုန်းကျောက်။

**shallow-draught steamer** *n.* ရေတိမ်သွားသင်္ဘော။

**shallows** *n.* ရေတိမ်ပိုင်း။

**shambolic** *adj.* (ငွေစာရင်း၊ စာရင်းဇယားစသည်)ကပေါက်တိ ကပေါက်ချာ ဖြစ်နေသော၊ ဖရိုဖရဲဖြစ်နေသော၊ ကမောက်ကမ ဖြစ်နေသော။

**shampoo** *n.* ခေါင်းလျှော်ရည်။ ခေါင်းလျှော်ခြင်း။ ဆေးကြောသန့်စင်ခြင်း။ *v.* ခေါင်းလျှော်သည်။ဆေးကြောသန့်စင်သည်။

**shanghai** *v.* တစ်ပတ်ရိုက်၍ဖြစ်စေ၊ အတင်းအဓမ္မဖြစ်စေ (ဝယ်ယူ) စေသည်။

**shank** *n.* (ကျောက်ဆူး၊ သော့တံစသည်တွင်)အရိုးပိုင်း၊အဖြောင့်ပိုင်း။

**shanty** *n.* တဲကုပ်။ တဲပုတ်။



**shanty town** *n.* မြို့စွန်တဲစုရပ်ကွက်။

**shape** *n.* ပုံ။ ပုံပန်း။ ပုံစံ။ ပုံသဏ္ဍာန်။ အနေအထား။ သဘောသဘာဝ အခြေအနေ။ *v.* ပုံသွင်းသည်။ ပုံဖော်သည်။ ပုံပေါ်သည်။ အကောင်အထည်ပေါ်သည်။(ဖြစ်ထွန်း၊တိုးတက်)လာသည်။

**share** *n.* ဝေစု။ အစု။ အစုရှယ်ယာ။ လုပ်ငန်းအစုရှယ်ယာ။ ပါဝင်မှု။ဝေပုံကျ။ *v.* ဝေယူသည်။ မျှဝေ ကျခံသည်။ပေါင်းသုံးသည်။မျှသည်။ဝိုင်းလုပ်သည်။ ရိုင်းပင်းသည်။ မျှသုံးသည်။

**share certificate** *n.* အစုရှယ်ယာလက်မှတ်။ အစုလက်မှတ်။ ကုမ္ပဏီတွင်အစုရှယ်ယာပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထား စာရွက်စာတမ်း။

**share cropper** *n.*သီးစား။လယ်ရှင်အား အခပေး၍ လယ်ကိုငှားရမ်းလုပ်ကိုင်သူ။

**share holder** *n.* အစုရှင်။ အစုရှယ်ယာရှင်။

**share holding** *n.* (ပိုင်ဆိုင်သည့်အစုရှယ်ယာ ပမာဏ။

**share index** *n.*ရှယ်ယာအညွှန်းကိန်း။

**share issue** *n.* (ကုမ္ပဏီရေရှည်မတည်ရင်းနှီးငွေ ရရှိစေရန်အတွက် အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်း။

**share market** *n.* အစုရှယ်ယာဈေးကွက်။

**share option** *n.* ကုမ္ပဏီရှယ်ယာများကို ကုမ္ပဏီဝန်ထမ်းများအတွက်သက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူခွင့်။

**share-out** *n.* (အကျိုးအမြတ်၊ အမြတ်ငွေစသည်) ခွဲဝေခြင်း၊ ခွဲခြင်း။

**share produce tenancy** *n.* သီးနှံဝေစုပေးသီးစားချထားခြင်း။

**share register***n.* အစုရှယ်ယာမှတ်ပုံတင်စာရင်း။ ကုမ္ပဏီအစုရှယ်ယာပိုင်ရှင်များစာရင်း။

**share splitting** *n.* အစုရှယ်ယာမူလပေါက်ဈေးသည် အငယ်စား ရင်းနှီးမြှုပ်နှံသူများအတွက်

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားနေ၍ တန်ဖိုးသေးသော အစုရှယ်ယာများအဖြစ် ခွဲခြားသတ်မှတ်ခြင်း။

**share - the-work plan** *n.* လျှော့လုပ် မျှယူစနစ်၊

**share to bearer** *n.* လွှဲပြောင်းခွင့်ရှိသော ရှယ်ယာအာမခံစာ။

**share transfer** *n.* အစုရှယ်ယာလွှဲပြောင်းခြင်း။

**share transfer audit** *n.* အစုရှယ်ယာပြောင်းစာရင်းစစ်ခြင်း။

**shareware** *n.* အလားအလာရှိသည့် ဖောက်သည်များအတွက် အခမဲ့ ဖြန့်ချိပေးသော မူပိုင်ခွင့်ရှိပြီး ဆော့ဖ်ဝဲ။

**share warrant** *n.* ရှယ်ယာဝယ်ယူခွင့်လက်မှတ်။ အစုယာယီလက်မှတ်။ ရှယ်ယာအာမခံစာ။

**shark** *n.* အတိုးကြီးစား။ အတိုးကြီးစားသူ။ အလွန်မြင့်မားသော အတိုးနှုန်းဖြင့် ငွေချေးစားသူ။ ငါးမန်း။

**shark practice** *n.* စီးပွားရေးကွက်ကျော်ရိုက်မှု။

**sharp** *adj.* ထင်ရှားပြတ်သားသော။ (ပုံ၊ ရုပ်ပုံစသည်)။ ချွန်သော။ ထက်မြက်သော။ ရက်စက်သော။မထောက်မညှာသော။ ပါးနပ်သော။

**sharp practice** *n.* နွားမရှဲ့ပိတ်ရောင်းခြင်း။ နှစ်ပေါက်တစ်ပေါက် ရိုက်ခြင်း။

**shaver** *n.* မုတ်ဆိတ်ရိတ်စက်။

**shaving a note** *n.* ငွေချေးစာချုပ်၊ ငွေပေးကတိစာချုပ်စသည်ကို ပေါက်ဈေးထက်နည်းသောဈေးနှုန်းဖြင့် ဝယ်ယူခြင်း။ရင်းနှီးမြှုပ်နှံမှုစသည်စာချုပ်စာတမ်းအရောင်းအဝယ်တွင်အချိန်မီငွေမပေးချေနိုင်သည့်အခါနှင့် အချိန်မီစာချုပ်ကိုပေးအပ်နိုင်ခြင်းမရှိသည့်အခါမျိုးတွင်အချိန်ကာလတိုးမြှင့်ပေးရသည့်အတွက် အပိုကြေး တောင်းခံခြင်း။

**shaving- cream** *n.* မုတ်ဆိတ်ရိတ်ဆပ်ပြာ၊ အမြှုပ်။

**shavings** *n.* ရွှေပေါ်စာ။

**sheaf** *n.*စက္ကူစသည် အထပ်၊ အပုံ၊ အစည်း။ ပြောင်း၊ ဂျုံစသည် ကောက်နှံစည်း။



**shears** *n.* ခြံစည်းရိုးညှပ် ကတ်ကြေး။

**shebeen** *n.* အရက်ပုန်းဆိုင်။

**shed** *n.* ပစ္စည်းများ၊ ကျွဲနွား၊ ယာဉ် စသည် ထားရှိသည့် ရုံ။

**sheep** *n.* သိုး။

**sheep-dip** *n.* သိုးများအတွက် အသုံးပြုသည့် ပိုးသတ်ဆေးရည်။

**sheepdog** *n.* သိုးကျောင်းခွေး။ သိုးထိန်းခွေး။

**sheepfold** *n.* သိုးခြံ။

**sheet** *n.* အိပ်ရာခင်း။ (စာ)ရွက်။ အချပ်။ အပြား။ အလွှာ။ (လှေ၊ သင်္ဘောရွက်၏) ရေသီကြိုး။

**sheet anchor** *n.* (အရေးအကြောင်းကြုံတွေ့မှသာထုတ်သုံးရသည့် သင်္ဘော) ကျောက်ဆူးကြီး။ အခက်အခဲ၊ အကျပ်အတည်းနှင့် ကြုံတွေ့နေရချိန်တွင် အားထားရာ။

**shekel** *n.*အစ္စရေးနိုင်ငံသုံးငွေကြေးယူနစ်။ ရှီကယ်။

**shelf** *n.* ကမ်းဦးရေတိမ်ပိုင်း။ (နံရံကပ်)စင်၊ ဆင့်။

**shelf- life** *n.* (စားသောက်ကုန်၊ ဓာတုပစ္စည်း စသည်၏ အရည်အသွေးမကျဘဲ) ထားသိုထားနိုင်သည့် သက်တမ်း။သိုလှောင်ခံသက်တမ်း။

**shelf space** *n.* ရောင်းချမည့်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန်ရရှိသည့် နေရာအကျယ်အဝန်း။

**shell** *n.* အခွံ။အခွံမာ။ ကိုယ်ထည်ခွံ။ အဆောက်အအုံ၊ သင်္ဘောစသည်အပြင် ကိုယ်ထည်။

**shellac** *n.* ပရိဘောဂအရောင်တင်ဆီပြုလုပ်သည့်အလွှာလိုက်ချိပ်။

**shenanigans** *n.* (ငွေကြေးဆိုင်ရာစသည်) ရှုပ်ပွေမှု။

**shift** *n.* ပြောင်းလဲမှု။ ရွှေ့ခြင်း။ (အလုပ်သမား) အဆိုင်း။ (နေ့၊ ည)အဆိုင်း။(နေ့)ဆိုင်း။ (ည)ဆိုင်း။ (လက်နှိပ်စက်။ ကွန်ပျူတာ) စာလုံးပြောင်း ခလုတ်။ *v.* ရွှေ့သည်။ ပြောင်းသည်။ ရွှေ့ပြောင်းသည်။

**shifting agriculture** *n.*တောင်ယာ စိုက်ပျိုးရေး။ ရွှေ့ပြောင်းစိုက်ပျိုးရေး။

www.burmeseclassic.com

www.burmeseclassic.com



**shifting cultivation** *n.* တောင်ယာစိုက်ပျိုးခြင်း။ ရွှေ့ပြောင်းထွန်ယက်စိုက်ပျိုးခြင်း။

**shifting to taxation** *n.* အခွန်ပြောင်းလဲမှု။

**shingle** *n.* သစ်သားအုတ်ကြွပ်အမိုးပြား။

**ship** *n.* ပင်လယ်ကူးသင်္ဘော။ *v.* (သင်္ဘောဖြင့်) ပို့ဆောင်သည်။

**shipboard** *adj.* သင်္ဘောပေါ်၌ ကျင့်သုံးသော။ သင်္ဘောပေါ်၌ ကြုံတွေ့ရသော။

**shipbroker** *n.* သင်္ဘောကုန်တင်ပွဲစား။ ကုန်စည်၊ ခရီးသည် ပို့ဆောင်ရေး၊ အာမခံကိစ္စစသည်တို့အတွက် ငွေကြေးအရယူ၍ ဆောင်ရွက်သည့်ကိုယ်စားလှယ်။

**shipbuilder** *n.* သင်္ဘော တည်ဆောက်သူ။ သင်္ဘောတည်ဆောက်သည့် ကုမ္ပဏီ။

**shipbuilding** *n.* သင်္ဘော တည်ဆောက်ခြင်း။ သင်္ဘော တည်ဆောက်ရေး လုပ်ငန်း။

**shipload** *n.* ခရီးသည်။ ကုန်ပစ္စည်း စသည် သင်္ဘောတစ်စီးစာ၊ သင်္ဘော အပြည့်(ပမာဏ)။

**shipmaster** *n.* သင်္ဘောကပ္ပတိန်။

**shipmate** *n.* သင်္ဘောတွင် အတူလုပ်ဖော်ကိုင်ဖက်။

**shipment** *n.* (သင်္ဘောဖြင့်) ကုန်စည်ပစ္စည်းများ ပို့ဆောင်မှု။ သင်္ဘောဖြင့် ပို့သောကုန်။ တစ်သုတ်တည်းစုပေါင်းတင်ပို့လိုက်သော ကုန်ပစ္စည်းစု။ သင်္ဘောတင်ကုန်။

**shipowner** *n.* သင်္ဘောပိုင်ရှင်။

**shipper** *n.* သင်္ဘောတင်သူ။ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်။ ကုန်စည် ပို့ဆောင်ရေးကုမ္ပဏီ။ ပင်လယ်ရေကြောင်း၊ လေကြောင်းလမ်းများဖြင့် ကုန်စည် ပို့ဆောင်ပေးသည့်သူ၊ အဖွဲ့အစည်း၊ ကုမ္ပဏီ။ သင်္ဘောတင် ကုမ္ပဏီ၊ လုပ်ငန်း။

**shipper's load and- count loadings** *n.* ကုန်ပို့သူတာဝန်ရှိ ကုန်တင်တန်ဆာ။

**shipping** *n.* သင်္ဘောဖြင့် ကုန်စည် ပို့ဆောင်ခြင်း။ ကုန်စည်ပို့ဆောင်ခြင်း။ သင်္ဘောအသွားအလာ။ သင်္ဘော(လိုင်းစသည်)။



**shipping agent** *n.* သင်္ဘောကိုယ်စားလှယ်။

**shipping and forwarding** *n.* ပင်လယ်ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်း၊ မီးရထားလမ်းစသည်ဖြင့် ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် စီစဉ်ပေးခြင်း၊ အကောက်ခွန် လုပ်ငန်းများနှင့် အာမခံကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်းများကို အခကြေးငွေယူ၍ လုပ်ကိုင်သည့် အဖွဲ့အစည်း၊ လုပ်ငန်း။

**shipping bill** *n.* (သင်္ဘော) ကုန်ပို့လွှာ။

**shipping branch** *n.* သင်္ဘောတင် ဌာနခွဲ။ ကုန်ပို့ဌာနခွဲ။

**shipping charge** *n.* ကုန်တင်ခ။ သင်္ဘောတင်ခ။

**shipping conference** *n.* ရေကြောင်းလမ်းတူ ပြေးဆွဲနေသည့် သင်္ဘောပိုင်ရှင်များ အဖွဲ့အစည်း။

**shipping documents** *n.* သွင်းကုန် တင်သွင်းသူ၏ နိုင်ငံတွင်းရှိ ဘဏ်၊ ကိုယ်စားလှယ်ထံ ကုန်တင်ပို့သူက ပေးပို့သည့် သွင်းကုန်ဆိုင်ရာစာရွက်စာတမ်းများ (သင်္ဘောကုန်တင် တန်ဆာ၊ ပို့ကုန်လိုင်စင်၊ ကုန်တင်ကုန်ပို့နိုင်ငံ ထောက်ခံချက်၊ ကုန်ပစ္စည်းစာရင်းစသည်)။

**shipping instructions** *n.* ကုန်တင်ပို့သူ၏ ညွှန်ကြားချက်များ ဖော်ပြထားသည့် စာရွက်စာတမ်း။

**shipping intimation** *n.* သင်္ဘောကုန်ပို့ အကြောင်းကြားစာ။

**shipping line** *n.* သင်္ဘောလိုင်း။

**shipping order** *n.* သင်္ဘောကုန်တင်ခွင့်လက်မှတ်။

**shipping pool** *n.* ပင်လယ်ရေကြောင်း ပို့ဆောင်ရေး ဦးစီးအဖွဲ့။

**ship's certificate of registry** *n.* သင်္ဘောပိုင်ရှင်၊ သင်္ဘောတင် ကုန်တန်ချိန်နှင့် ခရီးသည် အရေအတွက်၊ သင်္ဘောမှတ်ပုံတင်

www.burmeseclassic.com

www.burmeseclassic.com



ရာ နိုင်ငံ စသည် အကြောင်း အရာများဖော်ပြထားသောစာရွက်စာတမ်း။

**ship's paper** *n.* သင်္ဘောတိုင်း အသင့် ဆောင်ထားရသည့် စာရွက်စာတမ်းများ (သင်္ဘောမှတ်ပုံတင်လက်မှတ် ကုန်စည်စာရင်း၊ ကုန်တင်တန်ဆာ၊ ခရီးသည်စာရင်း စသည်)။

**ship worm** *n.* လှေဖောက်ပိုး။

**shipwreck** *n.* သင်္ဘောပျက်ခြင်း။ *v.* သင်္ဘောပျက်ရာတွင် ပါဝင်သည်။

**shipyard** *n.* သင်္ဘောကျင်း။

**shirk** *v.* ခေါင်းရှောင်သည်။ အချောင်ခိုသည်။

**shirker** *n.* ခေါင်းရှောင်တတ်သူ။ ခေါင်းရှောင်။

**shirt** *n.* ရှပ်အင်္ကျီ။

**shoal** *n.* အုပ်စုဖွဲ့နေသောငါးအုပ်။ ပင်လယ်ရေတိမ်။ ရေအောက်သောင်စွယ်။

**shock** *n.* စိတ်ချောက်ချားမှု။ တုန်လှုပ်ခြင်း။ အံ့သြခြင်း။ ထိတ်လန့်ခြင်း။ *v.* တုန်လှုပ်သည်။ လန့်သည်။ ချောက်ချားသွားသည်။

**shock absorber** *n.* ရှော့အိတ်ဇော်ဘာ။ ကားဆောင့်ခြင်းသက်သာစေရန်အတွက် ခံထားသောပစ္စည်း။

**shoe** *n.* ရှူးဖိနပ်။

**shoe box** *n.* ရှူးဖိနပ်ဘူး။ အခန်းကျဉ်း။

**shoe maker** *n.* ဖိနပ်ချုပ်သူ။ ဖိနပ်ပြုလုပ်သူ။

**shoe shine** *n.* ရှူးဖိနပ်ကို အခကြေးငွေဖြင့် တိုက်ပေးခြင်း။ ဖိနပ်တိုက်သူ။

**shoot** *n.* စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်ပုံ၊ ရုပ်ရှင်စသည် ရိုက်ခြင်း။ *v.* (ရုပ်ရှင်၊ ဓာတ်ပုံ)ရိုက်သည်။

**shop** *n.* ဆိုင်။ ဆိုင်ခန်း။ ဈေးဆိုင်။ (အလုပ်)ရုံ။ (လုပ်ငန်း)ဌာန။ *v.* ဈေးဝယ်သည်။ ဈေးဝယ်ထွက်သည်။

**shop assistant** *n.* အရောင်းစာရေး။



**shop-floor** *n.* ကာယလုပ်သား။ စက်ရုံအလုပ်ရုံတွင် ကာယလုပ်သားများ အလုပ် လုပ်ကိုင်သည့် လုပ်ငန်း။ ရုံးလုပ်ငန်းမဟုတ်သည့် အလုပ်မျိုး။ စက်ရုံအလုပ်ရုံ အောက်ခြေ အလုပ်သမားများ။ စက်ရုံ အလုပ်ရုံရှိ ကုန်ပစ္စည်း ထုတ်လုပ်သည့် အစိတ်အပိုင်း။

**shop front** *n.* ဆိုင်ခန်း၊ ဆိုင်၊ ဈေးဆိုင်စသည်လမ်းဘက်မျက်နှာစာ။

**shopkeeper** *n.* ဆိုင်ရှင်။ ဈေးဆိုင်ရှင်။ ဆိုင်ထိုင်။

**shoplift** *v.* ဈေးဆိုင်မှ ပစ္စည်း အလစ်သုတ်သည်။

**shoplifter** *n.* (ဈေးဆိုင်၊ ကုန်တိုက်၊ စတိုး စသည်) ကုန်ပစ္စည်း အလစ်သုတ်သမား။

**shoplifting** *n.* (ဈေးဆိုင်၊ ကုန်တိုက်၊ စတိုးဆိုင်စသည်မှ) ကုန်ပစ္စည်း အလစ်သုတ်ခြင်း။

**shopper** *n.* ဈေးဝယ်သူ။ ဈေးဝယ်။ ဝယ်သူ။

**shopping** *n.* ဈေးဝယ်ထွက်ခြင်း။ ဝယ်ခြမ်းလာသည့် ပစ္စည်း။

**shopping center** *n.* ဆိုင်မျိုးစုံရှိရာ ဈေးရုံ။ ရှော့ပင်းစင်တာ။

**shopping goods** *n.* ဝယ်ယူသူက မဝယ်ယူခင်ကတည်းကပင် နည်းမျိုးစုံဖြင့် လေ့လာနှိုင်းယှဉ်ဆုံးဖြတ်ပြီးမှဝယ်ယူတတ်ကြသည့် ကုန်ပစ္စည်းများ။

**shopping mall** *n.* ယာဉ်မဝင်ရသည့်အမိုးအောက်ရှိဈေးတန်း။ ရှော့ပင်းမောလ်။

**shop- soiled** *adj.*တိုက်ဆွေး။ (ပစ္စည်း၊ အဝတ်အစားစသည်)။

**shop soiled goods** *n.* တိုက်ဆွေး ကုန်ပစ္စည်း။

**shop-steward** *n.* သမဂ္ဂဝင်လုပ်သားကိုယ်စားလှယ်။

**shore** *n.* ကမ်းခြေ။ ကမ်းစပ်။

**shore line** *n.* ကမ်းရိုးတန်း။ ကမ်းရိုး။

**short** *adj.* တိုသော။ ပုသော။ နိမ့်သော။ ရှားပါးသော။ မပြည့်ဝသော။ ခက်ခဲသော။ ချို့ငဲ့သော။ (သတ်မှတ်ချက် ပြည့်မီရန်) လိုသော။

www.burmeseclassic.com

www.burmeseclassic.com



**shortage** *n.* ရှားပါးမှု။ ပြတ်လပ်မှု။

**shortcoming** *n.* ချို့ယွင်းချက်။ အားနည်းချက်။

**short bill** *n.* ငွေထုတ်ပေးရန်တင်ပြလျှင် ၁၀ ရက်အတွင်း၊ ချက်ချင်း ထုတ်ပေးရမည့် ငွေလွှဲစာချုပ်။ ရှော့(ထ်) ဘီလ်။

**short covering** *n.* သတ်မှတ်နေ့ရက်တွင် သတ်မှတ်ဈေးနှုန်းဖြင့် ပေးအပ်ရန် စာချုပ်ဖြင့် ရောင်းချထားပြီး ရင်းနှီးမြှုပ်နှံမှုစာချုပ်၊ ကုန်ပစ္စည်းများကိုသတ်မှတ်ရက်တွင်ပေးအပ်နိုင်ရန်ဝယ်ယူခြင်း။

**short cut method** *n.* အတိုချုပ်တွက်နည်း။ ဖြတ်လမ်းတွက်နည်း။

**short-dated securities** *n.* ၅နှစ်အောက် ကာလအတွင်း ပြန်ဆပ်ခွင့်ရှိသော အစိုးရငွေချေးစာချုပ်များနှင့် ပုံသေအတိုးရသည့် ငွေချေးစာချုပ်များ။

**short delivery** *n.* ကုန်ပို့လွှာပါအရေအတွက်၊ အလေးချိန်ထက် လျော့နည်း၍ ရောက်လာသည့် ကုန်ပစ္စည်းများ။

**short distance** *n.* ခရီးတို။

**short exchange** *n.* လျော့၍ ဖလှယ်ခြင်း။

**short fall** *n.* ထုတ်လုပ်ရန် မျှော်မှန်းထားသည့် စုစုပေါင်းအရေအတွက်ထက် လျော့နည်းသည့် ပမာဏ။ လိုငွေစသည် ပြခြင်း။

**short hand** *n.* လက်ရေးတို။

**short-haul** *adj.* ခရီးတို(ပို့ဆောင်ရေး)။

**shortlanded certificate** *n.* ကုန်ပစ္စည်းများ လျော့ရသည့် ထောက်ခံစာလက်မှတ်။

**short list** *n.* ပဏာမအဆင့်အရွေးချယ်ခံရသူများစာရင်း။ ပဏာမဆန်ခါတင် ရွေးချယ်ခံရသူများစာရင်း။

**short order** *n.(US)* အမြန်ပြင်၍ တည်ခင်းနိုင်သည့် စားဖွယ်မျိုး။

**short period** *n.* ခေတ်ကာလတို။ ခရီးတို။ အချိန်ကာလတို။

**short position** *n.* သဘောတူဈေးနှုန်းဖြင့် ရောင်းရန် စီစဉ်



ထားရှိသည့် ကုန်ပစ္စည်းအားလုံး မိမိလက်ဝယ်မရှိသေးသော်လည်း၊ လွှဲပြောင်းပေးရမည့် နေ့ရက်မတိုင်မီ ပိုသက်သာသော ဈေးနှုန်းဖြင့်၊ ကုန်ပစ္စည်းများရနိုင်မည် မျှော်လင့်ချက်ဖြင့် ရောင်းချရန် သဘောတူထားသည့် အရောင်းအဝယ်သမားတစ်ဦး၏ အခြေအနေ။

**short price** *n.* လျှော့ဈေး။ ဈေးလျှော့။

**short run** *n.* ကာလတို။ *adj.* တာရှည် မခံသော။

**short run total cost curve** *n.* ကာလတို ကုန်ကျစရိတ် စုစုပေါင်းမျဉ်းကွေး။

**shorts** *n.* ၅နှစ်အောက် ကာလအတွင်း ပြန်ဆပ်နိုင်သည့် အစိုးရ ငွေချေးစာချုပ်များ၊ ပုံသေအတိုးနှုန်း ရနေသည့် ငွေချေးစာချုပ်များကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ။ လက်ဝယ်မရှိသေးသော်လည်း သတ်မှတ်ဈေးနှုန်းဖြင့် ကြိုတင်ရောင်းချထားသည့် ရင်းနှီးစာချုပ်များ၊ ကုန်ပစ္စည်းများ။ ဘောင်းဘီတို။

**short selling** *n.* လက်ဝယ်မရှိသေးသော်လည်း ရင်းနှီးမြှုပ်နှံမှုစာချုပ်များ၊ ကုန်ပစ္စည်းများကို အမြတ်အစွန်း ရလိုစိတ်ဖြင့် ကြိုတင်ရောင်းချခြင်း။ (သဘောတူထားသည့် ဈေးနှုန်းထက် ပို၍ချိုသာသော ဈေးဖြင့် ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှု စာချုပ်စသည်ကို ဝယ်ယူရရှိနိုင်မည်အမှတ်ဖြင့် ပြုလုပ်ခြင်း)။

**short shipment notice** *n.* ကုန်လျော့တင် အကြောင်းကြားစာ။

**short term** *n.* နှစ်တို။

**short-term financing** *n.* တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည့် ချေးငှားထားသည့် ငွေလုံးငွေရင်း။

**short-term forecast** *n.* နှစ်တို၊ ကာလတို (စီးပွားရေး) ခန့်မှန်းချက်။

**short-term liabilities** *n.* တစ်နှစ်အတွင်း တောင်းခံလာလျှင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီများ။

www.burmeseclassic.com

www.burmeseclassic.com



**short workings** *n.* ရွေးပိုင်ခွင့်ရှိသော ပုံသေငှားခ။

**shot** *n.* ဓာတ်ပုံရိုက်ချက်။ ရုပ်ရှင်ရိုက်ကွက်။ ကြိုးပမ်းချက်။

**shoulder** *v.* တာဝန်ယူဆောင်ရွက်သည်။ တာဝန်ထမ်းရွက်သည်။

**shoulder- bag** *n.* လွယ်အိတ်။

**shoulder pole** *n.* ထမ်းပိုး။

**shoulder-strap** *n.* လွယ်အိတ်ကြိုး။ ပခုံးသိုင်းကြိုး။

**shovel** *n.* ဂေါ်ပြား။ ငန်းပြား။ မြေသယ်စက်ကြီးများ၏ ဂေါ်။

**show** *n.* ပရိသတ်အား တင်ဆက်သည့် ဖျော်ဖြေပွဲ။ ပြပွဲ။ ပွဲ။ အပြင်ပန်း အသွင်သဏ္ဍာန်။ *v.* ထင်ရှားစေသည်။ ပြသသည်။ အစွမ်းပြသည်။

**showbiz** *n.* (ရုပ်ရှင်၊ ဗီဒီယို ရုပ်မြင်သံကြား စသည် ပါဝင်သော) အနုပညာလုပ်ငန်း။

**show business** *n.* **Also** show-biz.

**show case** *n.* မှန်ဗီရို။ ရှိုးကေ့စ်။ ဗန်းပြရာ။ *v.* စင်တင်သည်။ ဗန်းပြသည်။

**shower** *n.* ရေပန်း။ ရေပန်းရှိသည့်အခန်း။ *v.* ရေပန်းဖြင့် ချိုးသည်။

**shower proof** *adj* မိုးရေဒဏ်ခံနိုင်သော။ မိုးဒဏ်ခံနိုင်သော။

**showing** *n.* (ရုပ်ရှင်ပြပွဲ) ပြသခြင်း။ စွမ်းဆောင်နိုင်မှု။ ရလဒ်။

**showman** *n.* ပွဲကျအောင် လုပ်ပြတတ်သူ။ ပွဲလမ်းသဘင် စီစဉ်သူ။

**show-off** *n.* သူတစ်ပါးအထင်ကြီးအောင် ဟိတ်ဟန်ထုတ်သူ။

**show- piece** *n.* ပြရုပ်။

**show room** *n.* ပြခန်း။ အရောင်းပြခန်း။

**shredder** *n.* စွန့်ပစ်စက္ကူများကို ဖျက်ဆီးသည့် စက်။ စက္ကူမွှင်းစက်။ စက္ကူချေမွစက်။

**shrimp** *n.* ပုစွန်ဆိတ်။

**shrimping** *n.* ပုစွန်ဖမ်းခြင်း။

**shrink** *v.* အရွယ်အစား၊ပမာဏ ငယ်သွားသည်၊ကျုံ့သွားသည်။

**shrinkage** *n.* အလျော့။ကျုံ့ခြင်း။ အရေအတွက် လျော့ကျခြင်း။



စာရင်းရှိ ကုန်လက်ကျန်နှင့် အမှန်တကယ် ကျန်ရှိသည့်ကုန်လက်ကျန် ကွာဟချက်။ ဈေးဆိုင်စတိုးဆိုင်စသည်တွင်အလစ်သုတ်ခံရ၍ အမြတ်အစွန်းလျော့နည်းမှု။ ရိတ်သိမ်းပြီး သီးနှံအလေးချိန် ပမာဏနှင့် အခြောက်လှန်းပြီးသီးနှံအလေးချိန်ပမာဏ ကွာဟချက်။ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် လျော့နည်းသွားတတ်သည့် အလေးချိန် ပမာဏ။

**shrink-wrapped** *adj.* ပလတ်စတစ်အပါး အကြည်စဖြင့် ချပ်ရပ်နေအောင် ပိတ်ထားသော (စားသောက်ဖွယ်ရာ စသည်)။

**shrink-wrapping** *n.* ပလတ်စတစ်အပါး အကြည်ဖြင့် ချပ်ရပ်နေအောင် အလုံပိတ်ထားခြင်း။

**shroff** *n.* (ဘဏ်) ငွေလဲစာရေး။

**shrub** *n.* ချုံ။ ချုံပုတ်။

**shuffle** *v.* (လူ၊ ပစ္စည်းစသည်) နေရာအပြောင်းအလဲလုပ်သည်။

**shunt** *v.* (ရထား)လမ်းလွှဲသည်။ ရှန်တိန်လုပ်သည်။

**shut-down** *n.* ပိတ်ခြင်း။ (အားလပ်ရက်၊ အလုပ်ပိတ်ရက် စသည်ကြောင့်) စက်ရုံပိတ်ထားသည့် ကာလ။

**shut-out-cargo** *n.* မတင်ဖြစ်သော သင်္ဘောကုန်။

**shuttle** *n.* (ရက်ကန်း)လွန်း။ (အပ်ချုပ်စက်) လွန်း။ လွန်းပြန်ယာဉ်။ *v.* လွန်းပြန်သွားသည်။ ခေါက်တုံ့ခေါက်ပြန်သွားသည်။

**SI** *abbr.* တိုင်းတာမှုယူနစ်ဆိုင်ရာ နိုင်ငံတကာစနစ်။ System International.

**SIC** *abbr.* စက်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ကိန်းဂဏန်း သင်္ကေတများဖြင့် သတ်မှတ် ပြုစုထားသည့် စာရင်း။ Standard Industrial Classification.

**sick** *adj* မကျန်းမာသော။ နေမကောင်းသော။ ငြီးငွေ့သော။ စိတ်ကုန်သော။

**sick bay** *n.* သင်္ဘောတွင် နာမကျန်းသူများအတွက် ထားသည့်ခန်း။

www.burmeseclassic.com

www.burmeseclassic.com



**sickle** *n.* တံစဉ်။

**sick-leave** *n.* နာမကျန်းခွင့်။ ဆေးခွင့်ဖြင့်နေချိန်။

**sickness** *n.* နာမကျန်းဖြစ်ခြင်း။ နေထိုင်မကောင်းဖြစ်ခြင်း။

**sickness benefit** *n.*မကျန်းမာ၍အလုပ်မဆင်းနိုင်သူများအတွက် အစိုးရက ထောက်ပံ့ငွေ။

**sick-pay** *n.* ဆေးခွင့်ဖြင့် နေထိုင်စဉ် ရသည့်လစာ။

**sick report** *n.* ဖျားနာမှု၊ နာမကျန်းမှု အစီရင်ခံစာ။

**sickroom** *n.* လူနာခန်း။ နေမကောင်းသူအတွက် ထားသော အခန်း။

**side** *n.* ဘေး။ နံဘေး။ တစ်ဖက်။ ဘက်။ ဘေးဘက် (မျက်နှာပြင်)။ ရပ်တည်ချက်။ သဘောထား။ အမြင်။

**sideboard** *n.* ပန်းကန်၊ ဖန်ခွက် ထည့်သည့် ဗီရို။

**side-car** *n.* ဘေးတွဲပါသော မော်တော်ဆိုင်ကယ်။

**side dish** *n.* အရံဟင်း။

**side- effect** *n.* ဘေးထွက်ဆိုးကျိုး။ နောက်ဆက်တွဲ အကျိုးသက်ရောက်မှု။

**side-issue** *n.* အဓိကမဟုတ်သော ဘေးပန်းကိစ္စ။

**sidelight** *n.* ယာဉ်ရှေ့မီးအသေး။

**sideline** *n.* ဘေးပန်း။ ဘေးပေါက်။ အဓိက လုပ်ကိုင်သည့် အလုပ်အပြင်အပိုလုပ်ကိုင်သည့် ဘေးပန်းလုပ်ငန်း။

**side order** *n.* သီးခြားမှာယူသည့် ဟင်းရံပွဲ။

**side path** *n.* ဘေးလမ်း။

**side - road** *n.* လမ်းသွယ်။

**side-street** *n.* မြို့တွင်းလမ်းမ မှ ခွဲထွက်သည့် ဘေးလမ်း လမ်းမြောင်။

**sidewalk** *n.* လူသွားစင်္ကြံ ပလက်ဖောင်း။

**siding** *n.* (မီးရထားတွဲထိုးရန် လမ်းပြောင်းရန်) သံလမ်းခွယ် အဆောက်အအုံ အပြင်နံရံ အအုပ် အကာ။

**sienna** *n.* (ညိုဝါရောင်၊ ဖော်ကို ရောင် ဖော်စပ်ရာတွင်သုံးသည့် မြေစေး။



**sieve** *n.* ဆန်ခါ။ ဆန်ခါစစ်။ *v.* ဆန်ခါချသည်။ ဆန်ခါဖြင့် စစ်သည်။

**sift** *v.* အမှုန့်ကို ဆန်ခါချသည်။ ရွေးထုတ်သည်။စစ်ထုတ်သည်။

**sight** *n.* မြင်ကွင်း။ ရှုခင်း။ အမြင်အာရုံ။ မြင်ခြင်း။

**sight bill** *n.* ချက်ချင်း ငွေထုတ်ပေးရသည့် ငွေတောင်းလွှာ။

**sight draft** *n.* ချက်ချင်းငွေထုတ်ပေးရသည့် ငွေလွှဲလွှာ။

**sight entry** *n.* စာရင်းသွင်းထားသော ဘီလ်။

**sightseeing** *n.* ရှုခင်းများကို လည်ပတ်ကြည့်ရှုခြင်း။

**sign** *n.* သင်္ကေတ။ လက္ခဏာ အမှတ်အသား။ အမှတ်အသား။ ဆိုင်းဘုတ်။ *v.* လက်မှတ်ရေးထိုးသည်။ (အားကစား၊ အနုပညာ လုပ်ငန်းစသည်) စာချုပ် ချုပ်ဆိုသည်။

**signal** *n.* အချက်ပြခြင်း။ အချက်ပြမီး။ အချက်ပြ ကိရိယာ။ (ရေဒီယို၊ ရုပ်မြင်သံကြား) ထုတ်လွှင့်ချက်။ *v.* အချက်ပြသည်။

**signal box** *n.* ရထားသံလမ်းဘေးရှိ အချက်ပြထိန်းရုံ။

**signal light** *n.* အချက်ပြမီးရောင်။

**signalling** *n.* အချက်ပြ၍ ဆက်သွယ်ခြင်း။

**signalman** *n.*ရထားလမ်းအချက်ပြသူ။

**signatory** *n.* လက်မှတ်ရေးထိုးသူ။ သဘောတူညီချက်တွင် ပါဝင်လက်မှတ် ရေးထိုးသည့်သူ။ နိုင်ငံ။

**signatory to the memorandum** *n.* မှတ်တမ်းလက်မှတ်ရေးထိုးသူ။

**signature** *n.* ထိုးမြဲလက်မှတ်။ လက်မှတ် ရေးထိုးခြင်း အမှု။ ပင်ကို အမှတ်တံဆိပ်။ ကိုယ်ပိုင်လက္ခဏာ။

**signboard** *n.* ဆိုင်းဘုတ်။

**signed** *pt, pp.* လက်မှတ်ရေးထိုးပြီး။

**signer** *n.* လက်မှတ် ရေးထိုးသူ။ လက်မှတ်ထိုးသူ။

www.burmeseclassic.com

www.burmeseclassic.com



**signet** *n.* လက်မှတ်တံဆိပ်။

**signet ring** *n.* လက်မှတ်တံဆိပ်ပါ လက်စွပ်။

**significance** *n.* အဓိပ္ပာယ်။ ရည်ရွယ်ချက်။ အရေးပါမှု။ ဆိုလိုချက်။

**signify** *v.* အရေးကြီးသည်။ ကိစ္စရှိသည်။ ဖော်ပြသည်။ ညွှန်ပြသည်။

**signing** *n.* လူပုဂ္ဂိုလ်အား စာချုပ်ချုပ်ဆို ငှားရမ်းခြင်း။ လက်မှတ်ရေးထိုးခြင်း။

**sign post** *n.* လမ်းညွှန်ဆိုင်းဘုတ်။ *v.* လမ်းညွှန်ဆိုင်းဘုတ် စိုက်ထူတပ်ဆင်ထားသည်။

**silage** *n.* ဆောင်းကာလတွင် တိရစ္ဆာန်ကျွေးမွေးရန် အခြောက်မလှန်းဘဲ သိုလှောင်ထားသည့် မြက်၊ သစ်ရွက်စိမ်း။

**silence** *n.* ဆိတ်ငြိမ်ခြင်း။ ဆိတ်ဆိတ် နေခြင်း။ ရေငုံနှုတ်ပိတ် နေခြင်း။

**silencer** *n.* အိတ်ဇောမြည်သံကို လျော့ပါးစေသည့် ကိရိယာ။ ဆိုင်လင်ဇာ။

**silent partner** *n.* ကိုယ်တိုင် ကုမ္ပဏီတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ခြင်း မရှိသည့် အစုရှယ်ယာရှင်။

**silica** *n.* သဲ၊ ကျောက်တို့တွင် တွေ့ရသောဆီလီကွန်ဒြပ်ပေါင်း။ ဆီလီကာ။

**silicon** *n.* ဆီလီကွန် ဒြပ်စင်။

**silicon chip** *n.* (ကွန်ပျူတာစသည်တွင်အသုံးပြုသည့်)သေးငယ်ပါးလွှာသော ဆီလီကွန်ချစ်ပ်။

**silicon valley** *n.* ကွန်ပျူတာဆော့ဖ်ဝဲများ ရေးဆွဲထုတ်လုပ်သော စက်ရုံများတည်ရှိရာဇုန်။ သတင်းအချက်အလက် နည်းပညာရှင်များ၏ အိုင်တီလုပ်ငန်းဇုန်။ ဆီလီကွန်တောင်ကြား

**silk** *n.* ပိုးချည်။ ပိုးသား။ ပိုးထည်။

**silk-screen printing** *n.* ပန်းစာဖောက် ပုံနှိပ်နည်း။ ပန်းစာဖောက် ပုံနှိပ်လုပ်ငန်း။

**silkworm** *n.* ပိုးချည်ထုတ်လုပ်သည့် ပိုးကောင်။ ပိုး။



**silo** *n.* လယ်ယာလုပ်ငန်းတွင် တိရစ္ဆာန်အစာစိမ်းများသိုလှောင်ထားရှိသည့် ကျီ။ ဘိလပ်မြေ၊ ကောက်ပဲသီးနှံစသည်သိုလှောင်ရန် ဆောက်လုပ်ထားရှိသည့် ကျီ။

**silt** *n.* နုန်း။ နုန်းအနယ်အနှစ်။

**silt clearing** *n.* နုန်းဆယ်ခြင်း။ နုန်းဖော်ခြင်း။

**silver** *n.* ငွေ (သတ္တုဒြပ်စင်)။ ငွေဒင်္ဂါး။ ငွေထည်ပစ္စည်း။ *adj.* ငွေဖြင့် ပြုလုပ်ထားသော။

**silver ceritificate** *n.* ငွေသားရလက်မှတ်။

**silver jubilee** *n.* ငွေရတုသဘင်။ ၂၅နှစ်မြောက် အခမ်းအနား။

**silver medal** *n.* ငွေတံဆိပ်။ ငွေတံဆိပ်ဆု။

**silver paper** *n.* ပါးလွှာသည့် ခဲစက္ကူ။

**silver plate** *n.* ငွေရည်စိမ်ပစ္စည်း။

**silver purchase act** *n.* ငွေသားဝယ် ဥပဒေ။

**silversmith** *n.* ငွေပန်းထိမ်။

**silver standard** *n.* နိုင်ငံသုံးငွေကြေးစနစ်ကို ငွေစင်(သတ္တု) နှင့် သတ်မှတ်သည့် ငွေစံချိန်စနစ်။

**similar** *adj.* အလားတူသော။ ဆင်တူသော။ ဆင်သော။

**similarity** *n.* ဆင်တူခြင်း။ တူညီချက်။ တူညီမှု။

**similor** *n.* ရွှေတု။ ရွှေလိမ်။

**simple** *adj.* လွယ်သော။ မခက်သော။ ရိုးစင်းသော။ အပိုအလိုမရှိသော။ ရိုးရိုး။ သာမန်။

**simple calculation** *n.* ရိုးရိုးတွက်ချက်ခြင်း။

**simple debenture** *n.* အာမခံမဲ့ ဒီဗင်ချာစာချုပ်။

**simple interest** *n.* အတိုးရိုးရိုး။

**simplification** *n.* လွယ်ကူရိုးရှင်းအောင် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း။ လွယ်ကူရှင်းလင်းအောင် ပြုလုပ်ထားမှု၊ ပြုပြင်ထားမှု။

**simplify** *v.* ရှင်းလင်းလွယ်ကူစေသည်။

**simulacrum** *n.* အသွင်တူသော၊ အသွင်တူအောင် ဖန်တီးထားသောအရာ။

www.burmeseclassic.com

www.burmeseclassic.com



**simulate** *v.* အသွင်ဆောင်သည်။ အသွင်တူအောင် ပြုလုပ်သည်။

**simulated** *adj.* အတုဖြစ်သော။ (ပုလဲ၊ သားရေ စသည်) အတု။

**simulator** *n.* တကယ်ဖြစ်နေသကဲ့သို့ မြင်တွေ့ခံစားရအောင် ပြုလုပ်ဖန်တီးထားသည့်စက်ကိရိယာ။ ခွင်တုစက်။

**since** *prep.* ကတည်းက။ကစ၍။

**sincere** *adj.* (သဘောထား၊အပြုအမူစသည်) စစ်မှန်သော၊ ဟန်ဆောင် မဟုတ်သော။

**sincerity** *n* ရိုးသားမှု။ မှန်ကန်မှု။ ရိုးဖြောင့်မှု။

**sinecure** *n.* အလုပ်လုပ်ရန် မလိုအပ်လှဘဲ ဂုဏ်သိက္ခာ၊ငွေကြေးရရှိသည့် ရာထူး။

**singer** *n.* အဆိုတော်။ သီဆိုသူ။

**single** *adj.* တစ်မျိုး၊ တစ်ခုစသည်တည်းသော။သီးခြားဖြစ်သော။ အိမ်ထောင်မရှိသော။ တစ်ယောက် (စာ၊ သုံး၊ အတွက် စသည်) ဖြစ်သော။ *n.* အသွားလက်မှတ်။

**single account** *n* လုံးချင်း၊ တစ်ဖက်သွင်းစာရင်း။

**single account system** *n.* လုံးချင်း၊ တစ်ဖက်သွင်းစာရင်းစနစ်။

**single cast account** *n.*လုံးချင်း တစ်ဖက်သွင်း တန်ဖိုးစာရင်း။

**single costing** *n.* တစ်မျိုးတည်းကုန်ကျတန်ဖိုးတွက်နည်း။

**single -decker** *n.* (နှစ်ထပ်မဟုတ်သော) ဘတ်စ်ကား။

**single-entry bookeeping** *n.* တစ်ဖက်သွင်းစာရင်းရေးခြင်း။

**single entry system** *n.* လုံးချင်းသွင်းစာရင်းစနစ်။တစ်ဖက်သွင်း စာရင်းစနစ်။

**single market** *n.* နိုင်ငံအများစုပေါင်းပါဝင်ဖွဲ့စည်းထားသည့် တစ်ခုတည်းသော ဈေးကွက်၊ ဘုံဈေးကွက်။

**single-name paper** *n.* တစ်ဦးတည်း လက်မှတ်ရေးထိုးထားသည့် စာချုပ်။

**single-schedule tariff** *n.* မျိုးတူကုန်ပစ္စည်း အကောက်ခွန်နှုန်းထား။



**singlet** *n.* အားကစားစွပ်ကျယ်။ စွပ်ကျယ်လက်ပြတ်။

**single use good** *n.* တစ်ခါသုံးကုန်ပစ္စည်း။

**singularity** *n.* သူများနှင့် မတူသည့် အရည်အချင်း။ ထူးခြားသည့် လက္ခဏာ။

**sink** *v.* ကျဆင်းသည်။ ဆုတ်ယုတ်သည်။လျော့ပါးသည်။ *n.* လက်ဆေးကန်။ မျက်နှာသစ်ကန်။ (မီးဖို)ပန်းကန်ဆေးကန်။

**sinker** *n.* ငါးမျှားတံ ခဲသီး။ ငါးဖမ်းပိုက် ခဲသီး။

**sinking fund** *n.* ကြွေးမြီပေးဆပ်ရန်၊ စက်ကိရိယာယန္တရားစသည် အစားထိုးပြုပြင်ရန်အတွက် ပုံမှန် စုဆောင်းသွားသည့် ငွေ။ လိုအပ်ချက်အရ အသုံးပြုရန် စုဆောင်းထားရှိသည့်ငွေ။

**sinking-fund bond** *n.* လိုလျှင်သုံးရန်စုဆောင်းမြှုပ်နှံငွေစာရင်း။

**sinking fund insurance policy** *n.* လိုအပ်ချက်အရ အသုံးပြုရန် စုဆောင်းထားငွေ အာမခံပေါ်လစီငွေ။

**sinking fund investment account** *n.*လိုအပ်လျှင်အသုံးပြုရန် စုဆောင်းထားငွေ ရင်းနှီးမြှုပ်နှံမှုစာရင်း။

**sinking fund tables** *n.* လိုအပ်လျှင် အသုံးပြုရန် စုဆောင်းငွေဇယား။

**sinking fund to replace assets** *n.* ပိုင်ဆိုင်မှုပစ္စည်း အမျိုးအစားထည့် စုဆောင်းမြှုပ်နှံငွေ။

**sinking fund to repay liability** *n.* လျော်ကြေးပေးရန်အတွက် စုဆောင်းမြှုပ်နှံငွေ။

**siphon** *n.* မြင့်ရာမှ နိမ့်ရာသို့ စုပ်ထုတ်ယူရာတွင် သုံးသည့် ပြွန်ကောက်။

**Sir** *n.* သမားရိုးကျဆန်ဆန်စာရေးရာတွင် ကုမ္ပဏီ၊ ဌာန စသည့် တာဝန်ခံကို ရည်ညွှန်းရာ၌ အသုံးပြုသည့်ပဋိသန္ဓာရစကား။

**siren** *n.* အချက်ပေးဥသြ။ အသံစူးရှစွာ မြည်သည့် ဥသြ။

**sisal** *n.* နာနတ်လျှော်။

**sister** *n.* နှမ။ ညီမ။ အစ်မ။ တာဝန်ခံ သူနာပြုဆရာမ။

www.burmeseclassic.com

www.burmeseclassic.com



**sister company** *n.* ကုမ္ပဏီအုပ်စုကြီးအတွင်းမှ ကုမ္ပဏီတစ်ခု။

**sister ship clause** *n.* ပိုင်ရှင်တစ်ဦးတည်းပိုင်သင်္ဘောနှစ်စင်း တိုက်မိခဲ့လျှင်တောင်းခံနိုင်သည့် ရေကြောင်းအာမခံ စည်းကမ်းချက်။

**sit- down** *n.* ထိုင်သပိတ်မှောက်ခြင်း။ ထိုင်၍နားခြင်း။

**site** *n.* တည်နေရာ။တည်ရှိရာ။ အဆောက်အအုံ ဆောက်လုပ်ဆဲဖြစ်သောနေရာ။ *v.* တည်ထားသည်။ နေရာချထားသည်။ နေရာတစ်ခုတွင် တည်ဆောက်သည်။

**sit-in** *n.* အဆောက်အအုံ၊ နေရာတစ်ခုခုမှ ဖယ်မပေးဘဲ ဆန္ဒပြနည်း။

**sitting** *n.* ထမင်းပွဲ တစ်သုတ်စာကြာမြင့်ချိန်။

**sitting tenant** *n.* ရောင်းချလိုက်သည့် အဆောက်အအုံ၌ ဖြစ်စေ၊ ယင်းအဆောက်အအုံ တစ်နေရာ၌ ဖြစ်စေ ဆက်၍နေထိုင်သည့် အိမ်ငှား။

**situation** *n.* အခြေအနေ။ အနေအထား။ အလုပ်အကိုင်။

**situations vacant** *n.* (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် ဖော်ပြကြော်ငြာသည့်) အလုပ်အကိုင်၊ ရာထူးနေရာ လစ်လပ်ကြောင်း အသိပေးကြော်ငြာ ခေါင်းစီးစာသား။

**size** *n.* အရွယ်။ ပမာဏ။ (ကြီးမားသည့်) ပမာဏ။ စံအတိုင်းအတာ။ (သတ်မှတ်) အရွယ်အစား။ ဆိုက်(နံပါတ်၊ အကြီး၊ အသေးစသည်)။

**skate** *n.* စကိတ်။ ရေခဲပြင်စီးစကိတ်။ဘီးစကိတ်။ *v.* စကိတ်စီးသည်။

**skateboard** *n.* စကိတ်လျှောပြား။ စကိတ်ဘုတ်ပြား။

**skating-rink** *n.* ရေခဲပြင်စကိတ်ကွင်း။ မြေပြင်စကိတ်ကွင်း။

**skein** *n.* (ပိုး၊ ချည်) အခင်။

**skeleton** *n.* (အဆောက်အအုံ) အောက်ခံဘောင်။ ပုံကြမ်း။



အခြေခံ ကောက်ကြောင်း။ ဝန်ဆောင်မှုပေးနိုင်မည့် ဦးရေ။

**skeleton key** *n.* သော့ခလောက် ၄–၅မျိုး ဖွင့်နိုင်သည့် သော့။

**sketch** *n.* ပုံကြမ်း။ *v.* ပုံကြမ်းရေးသည်။ပုံကြမ်းလောင်းသည်။

**sketch-book** *n.* ပုံဆွဲစာအုပ်။

**sketch-map** *n.* မြေပုံကြမ်း။

**ski** *n.* စကီးခေါ် နှင်းလျှောစီးပျဉ်ချပ်နှစ်ချပ်အနက်မှ တစ်ချပ်။

**ski-bob** *n.* ဘီးအစား စကီးတပ်ထားသည့် စက်ဘီးနှင့် ဆင်တူသော နှင်းလျှောယာဉ်။

**skid** *v.* (ယာဉ်) ဘီးချော်သည်။ ချောနေသည့် လမ်းပေါ်တွင် အရှိန်ဖြင့် လျှောပါသွားသည်။ *n.* ဘီးချော်ခြင်း။

**skid-pan** *n.* ယာဉ်မောင်းများ ကားဘီးချော်သည့်အတွေ့အကြုံရစေရန် ချောအောင်ပြုပြင်ထားသည့် တလင်းပြင်။

**skiff** *n.* တစ်ယောက်စီး လှော်လှေ၊ ရွက်လှေငယ်။

**skiing** *n.* နှင်းလျှောစီးခြင်း။

**skilful** *adj.*ကျွမ်းကျင်လိမ္မာသော။

**skill** *n.* ကျွမ်းကျင်မှု။ အတတ်ပညာပိုင်း ကျွမ်းကျင်မှု။

**skilled** *adj.* ကျွမ်းကျင် လိမ္မာသော။ ကျွမ်းကျင်သော။ ကျွမ်းကျင်မှု လိုသော။

**skilled job** *n.* ကျွမ်းကျင်မှုလိုအပ်သော အလုပ်။

**skilled labour** *n.* ကျွမ်းကျင်အလုပ်သမား။ ကျွမ်းကျင်လုပ်သား။

**skills shortage** *n.* ကျွမ်းကျင်မှုမလုံလောက်သည့် အရေး။

**skim milk** *n.* မလိုင်ထုတ်ပြီးနွားနို့။

**skimp** *v.* ချွေတာသည်။ ခြိုးခြံချွေတာသည်။

**skip** *v.* လစ်ပြေးသွားသည်။ (ပိုက်ဆံ၊ ငွေကြေး၊ ပစ္စည်း) လစ်ပြေးသွားသည်။ *n.* ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အုတ်ကျိုး၊ အုတ်ပဲ့၊ အမှိုက်သရိုက် သယ်သည့် သတ္တုပုံးကြီး။

**skipper** *n.* သင်္ဘော(ငယ်)မာလိန်မှူး။

www.burmeseclassic.com

www.burmeseclassic.com



**sky- high** *adj.* (ဈေးနှုန်း၊ အတိုးနှုန်းစသည်) မိုးထိအောင် တက်နေသော။

**skylight** *n.* (ခေါင်မိုးရှိ) လသာပေါက်။

**sky- rocket** *v.* (အာမခံဈေးနှုန်းစသည်) တစ်ဟုန်ထိုးတက်နေသည်။

**skyscraper** *n.* မိုးမျှော်တိုက်။ မိုးထိတိုက်။

**slab** *n.* အချပ်။ အပြား။ အပျဉ်။

**slack** *adj.* (အရောင်းအဝယ်၊ လုပ်ငန်း စသည်) ထိုင်းသော၊ ပါးသော၊ အေးသော။ လျော့ရဲသော။ *n.* (အရောင်းအဝယ် လုပ်ငန်းစသည်)ပါးသော၊ထိုင်းသော၊ မကောင်းသော ကာလ။ ကျောက်မီးသွေး အမှုန့်အစ။

**slacker** *n.* အပျင်းထူသူ။ အလုပ်ခိုကပ်သူ။

**slate** *n.*သင်ပုန်းကျောက်။သင်ပုန်း အုတ်ကြွပ်။

**slaughterhouse** *n.* သားသတ်ရုံ။

**slave- driver** *n.* ကျွဲလို နွားလို ခိုင်းသောသူ။

**slave labour** *n.* ကျွန်သဖွယ် အခိုင်းခံရသည့် အလုပ်သမား။ ကျွန်သဖွယ် ပြုမူလုပ်ကိုင်ရသည့် အလုပ်။

**slave-trade** *n.* ၁၇ရာစုမှ၁၉ရာ[illegible] အတွင်း ခေတ်စားခဲ့သည့် ကျွ[illegible] ကုန်ကူးခြင်း အလုပ်။

**sledge** *n.* စွတ်ဖား။

**sledge-hammer** *n.* လက်ကိုင်ရိုးရှည်တပ် တူကြီး။

**sleeper** *n.* အိပ်ခန်းတွဲပါ ည ရထား။ ယင်းရထားတွဲရှိ အိပ် စင်၊ အိပ်စရာ။ ဇလီဖားတုံး။

**sleeping-bag** *n.* အနွေးထည်ခံ ပြီးလူတစ်ကိုယ်ဝင်အိပ်နိုင်သည့် အိတ်။

**sleeping-car** *n.* (ရထား) အိပ်ခန်းတွဲ။

**sleeping partner** *n.* ကုမ္ပဏီ တွင်ကိုယ်တိုင် အလုပ်ဝင်မလုပ် သည့် အစုရှယ်ယာရှင်။

**sleeping rent** *n.* ကောက်ခံမ[illegible] သော ငှားရမ်းခ။

**sleigh** *n.* (မြင်းဖြင့် ဆွဲသည့်) စွတ်ဖား။



**slice** *n.* အချပ်၊ အလွှာချပ်။ အစုအဖို့။ အစိတ်အပိုင်း။

**slick** *n.* ပင်လယ်၌ ရေနံတင် သင်္ဘောမှယိုဖိတ်သည့်ရေနံပြင်။

**slide** *v.* (ဈေးနှုန်းစသည်) လျှော ကျသည်။ တစ်စတစ်စ နိမ့်ပါး လာသည်။ *n.* ရေခဲပြင်လျှောစီး။ နှင်းလျှောစီးပြင်။

**slide error** *n.* ဒသမ သင်္ကေတ အစက်ချ လွဲမှားနေသည့် ကိန်း ဂဏန်း။

**slide rule** *n.* သင်္ချာပေတံ။ လျှော တွက်တံ။ တွက်မျဉ်းတံ။

**sliding door** *n.* (လျှောမြောင်း တစ်လျှောက် ဖွင့်ပိတ်နိုင်သည့်) ဆွဲတံခါး။

**sliding scale** *n.* အခြေအနေပေါ် မူတည်၍ အချိုးအစား ပြောင်း လဲသွားနိုင်သည့် နှုန်းထား။

**sling** *n.* (အရာဝတ္ထုများကို သယ်ရန်၊ ဆွဲပင့်ရန် သုံးသည့်) သိုင်းကြိုး၊ လွယ်ကြိုး၊ ကြိုး သိုင်းစသည်။ ကလေးငယ် ချီပိုး ရာတွင် သုံးသည့် အသိုင်း။

**slip** *n.* စာရွက် အတိုအစ။ ဖြတ်ပိုင်း။ ချွတ်ချော်မှု။ အသေးအဖွဲ မှားယွင်းမှု။

**slippage** *n.* (အဆောက်အအုံ စသည်) ရည်မှန်းထားသည့် ကာလထက် နောက်ကျ၍ပြီးစီး ခြင်း)။

**slipway** *n.* သင်္ဘောလွှန်းကျင်း၌ သင်္ဘောတင်ချရန် လမ်းလျှော။

**slogan** *n.* ကြော်ငြာဆောင်ပုဒ်။ ကုန်ပစ္စည်းကြော်ငြာ စာပိုဒ်၊ စာ ကြောင်း။

**sloop** *n.*တစ်ပင်တိုင် ရွက်သင်္ဘော ငယ်တစ်မျိုး။

**slope** *n.*ကုန်းစောင်း။ဆင်ခြေ လျှော။ တောင်စောင်း။ လျှော စောက်။

**slope of the indifference curve** *n.* မထူးခြား မကွဲပြား သည့် မျဉ်းကွေးလျှောစောက်။

**slope of the outlay line** *n.* အသုံးမျဉ်းလျှောစောက်။

**slot** *n.* (ကတ်ပြား၊ ဒင်္ဂါးပြား အကြွေစေ့) ထည့်ရန်အပေါက်။ (စာရင်း၊ ဇယားတွင်) အဆင့်၊ နေရာ။

www.burmeseclassic.com

www.burmeseclassic.com



**slot-machine** *n.* ငွေထည့်သည့်အပေါက်အတွင်းသို့ ငွေထည့်လိုက်လျှင် အစားအသောက်၊ စီးကရက်၊ ကုန်ပစ္စည်း စသည် ထွက်လာသည့် ဈေးရောင်းစက်။ အသေးအမွှားကုန်ပစ္စည်းများကို ငွေထည့်၍ ဝယ်ယူနိုင်သည့် ဈေးရောင်းစက်။ *(US)* စက်အပေါက် အတွင်းသို့ အကြွေစေ့ထည့်ပြီးဆွဲသည့်အခါ သစ်သီးပုံများ တစ်တန်းလုံးပေါ်ထွက်လာပါက အကြွေစေ့များထွက်ကျလာသည့် လောင်းကစားစက်။

**slow** *adj.* (အရောင်းအဝယ်) မသွက်သော၊ ထိုင်းသော၊ အေးသော။ ကြန့်ကြာသော။ လေးကန်သော။ နှေးကွေးသော။

**slow motion** *n.* (ရုပ်ရှင်၊ ဗီဒီယို) အနှေးရိုက်ချက်၊ ပြကွက်။

**sludge** *n.* ရွှံ့နှစ်။ အနည်။ မိလ္လာစက်ရုံမှ လေမှုတ်ပြီးနောက် ထွက်လာသည့် အနည်အနှစ်။

**sluice** *n.* ရေလွှဲပေါက်။ ကတွတ်ပေါက်။

**slum** *n.* ဆင်းရဲသားရပ်ကွက်။ ဆင်းရဲသားရပ်ကွက်ရှိ အိမ် အိမ်ခန်း။

**slump** *n.* (ဈေး) ကျဆင်းခြင်း။ (ဈေးနှုန်း) ကျဆင်းခြင်း။ အလုပ်အကိုင်၊ အရောင်းအဝယ် မကောင်းသည့် အချိန်။ (လုပ်ငန်းဆောင်တာ) တိုးတက်မှု အောင်မြင်မှုမရှိသော ကာလ။ *v.* (ဈေးနှုန်း၊ အရောင်းအဝယ် စသည်) ထိုးကျသည်။ အကြီးအကျယ် ကျဆင်းသည်။

**slush fund** *n.* လာဘ်ထိုးရန် တံစိုးလက်ဆောင်ပေးရန်ဆောင် ထားသည့် ငွေ။

**small** *adj.* သေးသော။ သေးငယ်သော။ အသေး။

**small ads** *n.* အလုပ်ကြော်ငြာ လူမှုရေးကြော်ငြာစသည့်ကြော်ငြာ ငယ်။

**small business** *n.* စီးပွားရေး လုပ်ငန်းငယ်။

**Small Business Administration** *n.* *(US)* စီးပွားရေး လုပ်ငန်းငယ်များ စီမံအုပ်ချုပ် ရေး အဖွဲ့အစည်း။ SBA.



**Small Business Investment Company (SBIC) Program** *n.* စီးပွားရေးလုပ်ငန်းငယ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုမ္ပဏီ အစီအစဉ်။

**small change** *n.* ငွေအကြွေ။

**small coins** *n.* အကြွေ။ အနုပ်။

**small holder** *n.* စိုက်ပျိုးမွေးမြူရေးအတွက် မြေကွက်ငယ်လေး ပိုင်ဆိုင်သူ။ ငှားရမ်းသူ။

**small print** *n.* စာချုပ်စာတမ်းများတွင် စာလုံးသေးများဖြင့် ရိုက်နှိပ်ထားပြီး ဖတ်သူ မျက်စိလျှမ်း၍ကျန်တတ်သည့်အပိုင်း။

**small scale** *n.* အသေးစား။

**small scale industry** *n.* အသေးစားလုပ်ငန်း။

**smart** *adj.* သစ်လွင်တောက်ပြောင်သော(ဝတ်စုံ၊ကားစသည်)။ ခေတ်မီသော (စားသောက်ဆိုင်၊ ဟိုတယ်၊ ဈေးဆိုင်စသည်)။

**smart card** *n.* ငွေပေးချေရာတွင် ငွေသားအစား အသုံးပြုနိုင်ရန် ဘဏ်စာရင်းဆိုင်ရာအချက်အလက်များကိုအီလက်ထရွန်နစ်နည်းပညာဖြင့် ထည့်သွင်းထားသည့် ပလတ်စတစ်ကတ်ပြား။ စမတ်ကတ်။

**smash** *n.* တစ်ခဲနက်အောင်မြင်ကျော်ကြားသွားသည့် သီချင်း၊ ရုပ်ရှင်ကားစသည်။

**smelter** *n.* သတ္တုကျိုချက်သည့်ကိရိယာ။

**smith** *n.* ပန်းပဲ၊ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ။

**smithy** *n.* ပန်းပဲဖို။

**smoke** *n.* မီးခိုး။ဆေးလိပ်သောက်ခြင်း။

**smoked glass** *n.* မှိုင်းခံမှန်။

**smoker** *n.* ဆေးလိပ်သောက်တတ်သူ။ ဆေးလိပ်သောက်နိုင်သည့် (မီးရထား)တွဲ။

**smokescreen** *n.* အမှန်ကို ဖုံးကွယ်ရန် ဇန်းပြထားသည့်ကိစ္စ။

**smokestack** *n.* သင်္ဘော၊ စက်ရုံ စသည် မီးခိုးခေါင်းတိုင်။ ရထားစက်ခေါင်းတွဲခေါင်းတိုင်။

**smorgasbord** *n.* နှစ်သက်ရာ ရွေးချယ်သုံးဆောင်နိုင်ရန် ခင်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်းထားသည့် အပူအအေး စားမြိန် ဟင်းပွဲစုံ။

**smuggle** *v.* မှောင်ခိုသွင်း၊ ထုတ်သည်။ မှောင်ခို ကုန်ကူးသည်။

**smuggler** *n.* မှောင်ခို ကုန်ကူးသူ။ မှောင်ခို ကုန်သည်။

**smuggling** *n.* မှောင်ခိုလုပ်ခြင်း။ မှောင်ခိုလုပ်ငန်း။ ဥပဒေမဲ့ ခိုးထုတ်သွင်းခြင်း။

**smut** *n.* ဖုန်၊ ပြာစသည့် အညစ်အကြေး။

**snack** *n.* သရေစာ။ အဆာပြေစားစရာ။ မုန့်ပဲသရေစာ။

**snack bar** *n.* လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ရောင်းသည့် ဆိုင်။

**snatch** *v.* အခြေအနေပေးခိုက် အခွင့်အရေးကိုအမြန်ရယူသည်။

**sneak preview** *n.* (ရုပ်ရှင်၊ပြပွဲစသည်) သီးသန့်အကြိုပွဲ။

**snooker** *n.* ဘိလိယက် စနူကာကစားနည်း။

**snowshoe** *n.* နှင်းတောစီးဖိနပ်။

**snowstorm** *n.* နှင်းမုန်တိုင်း။

**soap** *n.* ဆပ်ပြာ။

**soap flakes** *n.* ဆပ်ပြာဖတ်။

**soap making industry** *n.* ဆပ်ပြာချက် လုပ်ငန်း။

**soap powder** *n.* ဆပ်ပြာမှုန့်။

**sociability** *n.* လူ့ထုံးတမ်း လိုက်နာခြင်း။လူမှုရေးနားလည်ခြင်း။ လူမှုဆက်ဆံရေးပြေပြစ်ခြင်း။

**social** *adj.* လူမှုရေး။ လူ့အသွား ဖော်ရွေသော။

**social accounts** *n.* စီးပွားရေး အခြေပြစာရင်း။

**social adaptation** *n.* ဆက်ဆံရေး အလိုက်သင့်ပြုမူခြင်း။

**social benefits** *n.* လူမှုရေး အကျိုးခံစားခွင့်။

**social climber** *n.* မိမိတက်လမ်းအတွက် မင်းမြှောက်စိုးကပ် လုပ်သူ။

**social condition** *n.* လူမှုဆက်ဆံရေး အခြေအနေ။

**social division of labour** *n.* လူမှုလုပ်အား တာဝန်ခွဲဝေခြင်း။

**social drinker** *n.* ပွဲလမ်းအခမ်းအနားတွင်သာ လူမှုရေးအရ အရက်သောက်သူ။

**social education** *n.* လူမှုရေး ပညာ။ လူမှုပညာရေး။



**social function** *n.* လူမှုရေး လုပ်ငန်း။

**social infrastructure** *n.* လူမှုရေး နောက်ခံ အဆောက်အအုံ။

**social insurance** *n.* လူမှုဖူလုံရေး အာမခံ။

**socialism** *n.* ဆိုရှယ်လစ်စနစ်။ ဆိုရှယ်လစ်ဝါဒ။

**socialistic** *adj.* ဆိုရှယ်လစ်အရိပ်အငွေ့ မကင်းစင်သော။

**socialite** *n.* ခေတ်ဆန်သည့် အသိုင်းအဝိုင်းတွင် ထင်ရှားသူ။

**socialization** *n.* ဆိုရှယ်လစ်အသွင်ပြောင်းခြင်း။ ဆက်ဆံမှုပုံသွင်းခြင်း။

**social legislation** *n.* လူမှုရေးရာ ဥပဒေပြုခြင်း။

**social organization** *n.* လူမှုအဖွဲ့အစည်း။

**social relation** *n.* လူမှုဆက်ဆံရေး။

**social security** *n.* လူမှုဖူလုံရေး။

**social security act** *n.* လူမှုဖူလုံရေး အက်ဥပဒေ။

**social security administration** *n.* လူမှုဖူလုံရေးအုပ်ချုပ်မှု။

**social services** *n.* လူထုကျန်းမာရေး၊ ပညာရေး၊ အိုးအိမ်နှင့် ပတ်သက်၍အစိုးရ၏ဝန်ဆောင်မှု လုပ်ငန်း။

**social standard** *n.* လူမှုရေး အဆင့်အတန်း။

**social statistics** *n.* လူမှုရေး စာရင်းအင်း။

**social survey** *n.* လူမှုရေးစစ်တမ်း။

**social system** *n.* လူမှုရေးစနစ်။

**social theory** *n.* လူမှုရေး သီအိုရီ။

**social thought** *n.* လူမှုရေးတွေးခေါ်ချက်။

**social unit** *n.* လူမှုရေး ယူနစ်။

**social usage** *n.* လူမှုရေးကျင့်သုံးမှု။

**social work** *n.* လူမှုဖူလုံရေး လုပ်ငန်း။

**social worker** *n.* လူမှုဖူလုံရေး ဝန်ထမ်း။

www.burmeseclassic.com

www.burmeseclassic.com



**society** *n.* အများပြည်သူ။ ပြည်သူလူထု။ လူ့အဖွဲ့အစည်း။ လူတန်းစား အလွှာ။

**socio-economics** *n.* လူမှုစီးပွားရေး အခြေအနေ။

**soda** *n.* ဆော်ဒါ။ (*US*) ဘိလပ်ရည်။ အချိုရည်။

**soda water** *n.* ဆော်ဒါ(ဘိလပ်ရည်)။

**sodium** *n.* ဆိုဒီယမ် သတ္တုဒြပ်စင်။

**sofa** *n.* ဆိုဖာ။ ဆိုဖာ (ထိုင်ခုံ)။

**sofa bed** *n.* ဆိုဖာခုတင်။

**soft** *adj.* နူးညံ့သော။ ညင်သာသော။ ပျော့သော။

**soft commodities** *n.* ကော်ဖီ၊ ကိုကိုး၊ရော်ဘာ၊သကြား၊ သီးနှံအာလူးစသည် ကဲ့သို့သော ကုန်ပစ္စည်းများ။

**soft currency** *n.* ငွေကြေးတန်ဖိုးလျော့ကျနေသည့် နိုင်ငံသုံးငွေ။

**soft drug** *n.* အပျော့စားမူးယစ်ဆေး။

**soft fruit** *n.* အစေ့ကြီးကြီး မပါသော အသီး။

**soft goods** *n.* တာရှည်မခံသည့်ကုန်ပစ္စည်းများ။ ကော်ဇော၊ အဝတ်အထည်၊ အိပ်ရာခင်းကဲ့သို့အထိအတွေ့ ပျော့ပျောင်း နူးညံ့သည့် ကုန်ပစ္စည်းများ။

**soft loan** *n.* အတိုးနှုန်း အနည်းငယ်ဖြင့် ထုတ်ချေးငွေ။

**soft market** *n.* ရောင်းလိုအားကဝယ်လိုအားထက် အဆမတန်များပြားနေမှုကြောင့် ဈေးနှုန်းများကျဆင်းနေသည့်ဈေးကွက်။

**soft money** *n.* တန်ဖိုးပျော့ငွေ။ ငွေတန်ဖိုး ကျဆင်းနေသည့် နိုင်ငံသုံးငွေ။ ငွေစက္ကူ။ ငွေပျော့။

**soft pitch** *n.* ကတ္တရာပျော့။

**soft rubber** *n.* ရော်ဘာပျော့။

**soft sell** *n.* ကုန်ပစ္စည်းအရည်အသွေးအကြောင်းကို ပြောပြ၍ ကုန်ပစ္စည်းဝယ်ချင်စိတ်ဖြစ်ပေါ်လာအောင် ဆွဲဆောင်နည်း။

**software** *n.*ကွန်ပျူတာဆော့ဖ်ဝဲ။ ကွန်ပျူတာ ညွှန်ကြားချက်ဆော့ဖ်ဝဲ။



**softwood** *n.* (ထင်းရှူးသားကဲ့သို့သော)သစ်ပွ။

**soil** *n.* အပေါ်ယံမြေဆီလွှာ။ မြေကြီး။

**soil property** *n.* မြေဆီလွှာဂုဏ်သတ္တိ။

**soil saving dam** *n.* မြေထိန်းတမံ။

**sola** *n.* မိတ္တူပွား မရှိသည့် တစ်စောင်တည်းသောငွေလွှဲစာချုပ်။

**solar cell** *n.* နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်စွမ်းအားသို့ ပြောင်းလဲသည့် ကိရိယာ။

**solar energy** *n.* နေရောင်ခြည်စွမ်းအင်။

**sold book** *n.* အရောင်းစာအုပ်။

**sold ledger** *n.* အရောင်းလယ်ဂျာ။

**soldering-iron** *n.* ဂဟေဆော်ဂေါက်တံ။

**sold ledger adjustment account** *n.* အရောင်းလယ်ဂျာညှိ စာရင်း။

**sole** *adj.* တစ်ဦးတည်းသော။ တစ်ခုတည်းသော။

**sole agent** *n.* တစ်ဦးတည်းအရောင်းကိုယ်စားလှယ်။ တစ်ခုတည်းသော အရောင်းကိုယ်စားလှယ်အဖွဲ့။

**sole corporation** *n.* တစ်ဦးတည်းပိုင် စီးပွားရေး ကော်ပိုရေးရှင်း။

**sole distributor** *n.* တစ်ဦးတည်းအရောင်းကိုယ်စားလှယ်။

**sole owner** *n.* တစ်ဦးတည်းသောပိုင်ရှင်။

**sole proprietorship** *n.* တစ်ဦးတည်းပိုင်စီးပွားရေးလုပ်ငန်းရှင်။

**sole trader** *n.* စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို တစ်ဦးတည်းပိုင်ဆိုင်ပြီး၊ ယင်းကပင် တာဝန်ခံ၍ ဆောင်ရွက်လုပ်ကိုင်သူ။

**solicitor** *n.* (အောက်ရုံး) တရားရုံးရှေ့နေ။ ဥပဒေပြုဆိုင်ရာအကြံဉာဏ်ပေးခြင်း၊ အောက်ရုံး(တရားရုံး)များတွင် လျှောက်လဲချက်ပေးခြင်း စသည်များကိုလုပ်ဆောင်ရပေးသည့် အောက်ရုံး ရှေ့နေ။

**solid** *n.* ထုထည်ပုံ။ ဒုံပုံ ခုပြပုံ။ အစိုင်အခဲ။ အဖုတ်။

www.burmeseclassic.com

www.burmeseclassic.com



**solid fuel** *n.* လောင်စာခဲ။

**solid statistics** *n.* ခိုင်မာသော၊ ယုံကြည်စိတ်ချရသော ကိန်းဂဏန်း၊ စာရင်းဇယား။

**solus** *adj.* အခြားကြော်ငြာများ၊ ပိုစတာများဖြင့် ရောနှောမနေဘဲ သီးခြားဖော်ပြထားသော၊ ဖြစ်သော။

**solution** *n.* အဖြေရှာခြင်း။ ဖြေရှင်းနည်း။ ပျော်ဝင်ခြင်း။ပျော်ရည်။

**solvency** *n.*ကြွေးဆပ်နိုင်အား။

**solvent** *adj.* ကြွေးမြီကင်းရှင်းသော။ ကြွေးမြီ ပေးဆပ်နိုင်ရန် ငွေအလုံအလောက်ရှိသော။ လုပ်ငန်း၊ ကုမ္ပဏီပိုင်ဆိုင်မှုများက ပေးဆပ်ရန် ကြွေးမြီထက် ပိုမို များပြားနေသော။ *n.* ပျော်ဝင်မှုကိုအားပေးသော ပျော်ရည်။

**sophistry** *n.* တစ်ပတ်ရိုက်ခြင်း။ နှစ်ပေါက်တစ်ပေါက်ရိုက်ခြင်း။ နွားမရွှဲ့ပိတ်ရောင်းခြင်း။

**sort** *n.* အမျိုး။ အမျိုးအစား။ အစားစား။

**sorting** *n.* အမျိုးအစားခွဲခြင်း။ အစားစား ခွဲခြင်း။

**SOS** *n.* (သင်္ဘော)ကို ကယ်ဆယ်ရန် နိုင်ငံတကာသုံး သင်္ကေတ။ အရေးပေါ်အကူအညီ တောင်းခံချက်။

**sound effect** *n.* အသံအထူးပြုလုပ်ချက်။ အသံဖန်တီးချက်။

**soundness** *n.* ပိုင်နိုင်မှု။ခိုင်မာမှု။

**soundproof** *adj.* အသံလုံ (အခန်း စသည်)။ *v.* အသံလုံစေသည်။

**soundtrack** *n.* ရုပ်ရှင်ပြဇာတ်ကူးယူပွားထားသည့်အသံသွင်းတိပ်ခွေ။ရုပ်ရှင်ဖလင်ရှိ ပုံဘေးနေရာတွင်သွင်းထားသည့်အသံလိုင်း။

**soup-kitchen** *n.*ဆင်းရဲသားများကို စွပ်ပြုတ်ရည် အာဟာရများ ပေးဝေ လှူဒါန်းသည့်နေရာ။

**source** *n.* ဇာစ်မြစ်။ ရင်းမြစ်။ ပင်ရင်း။

**source and application of funds** *n.* စီးပွားရေးလုပ်ငန်း ကုမ္ပဏီစသည်၏ ရငွေ၊ထွက်ငွေကိုဖော်ပြသည့် စာရင်း။



**source of fund** *n.* ဘဏ္ဍာငွေ အခြေအမြစ်။

**souvenir** *n.*အမှတ်တရလက်ဆောင်ပစ္စည်း။

**sow** *v.* ပျိုးသည်။မျိုးကြဲသည်။စိုက်သည်။

**sower** *n.* စိုက်ပျိုးသူ။ မျိုးကြဲစက်။ စိုက်ပျိုးစက်။

**soya bean** *n.* ပဲပုပ်ပဲ။ပဲကျပ်ပျဉ်။

**spa** *n.* ရေပူစမ်း။

**space** *n.*မြေကွက်လပ်။ကွက်လပ်။ နေရာလပ်။ ကောင်းကင်။ အာကာသ။

**space-bar** *n.* (ကွန်ပျူတာ၊ လက်နှိပ်စက်စသည်) စာလုံးခွဲရန် လက်နှိပ်တန်း၊ ဘား။

**spacecraft** *n.* အာကာသယာဉ်။

**space shuttle** *n.*အာကာသလွန်းပျံယာဉ်။

**space station** *n.*အာကာသစခန်း။

**spade** *n.* ဂေါ်ပြား။ ငန်းပြား။

**spadework** *n.*အောက်ခြေသိမ်း။ (အလုပ်)။

**spanner** *n.* ခွ။ မူလီခေါင်း ဖြုတ်၊ တပ်နိုင်သည့် ကိရိယာ။

**span of control** *n.* အသင့်လျော်ဆုံး လက်အောက်မန်နေဂျာများကို ကြီးကြပ်ကွပ်ကဲစေခြင်း။

**spare** *n.* အပို (ပစ္စည်း၊ ဘီး စသည်)။

**sparepart** *n.* စက်အပိုပစ္စည်း။

**speak** *n.* စကားပြောသည်။စကားစမြည်ပြောဆိုသည်။ (တယ်လီဖုန်း)ပြောသည်။

**speaker** *n.* ပြောသူ။ ဟောသူ။ စပီကာ။ အသံချဲ့စက်။

**speakerphone** *n.* စပီကာဖုန်း။ ကိုင်ထားစရာမလိုဘဲ ပြောနိုင်၊ ကြားနိုင်သော ဖုန်း။

**special** *adj.* အထူးတလည်။ သီးသန့်။

**special accounts** *n.* အထူးငွေစာရင်း။

**special assessment** *n.* အထူးစည်းကြပ်ခြင်း။

**special assessment bond** *n.* အထူးစည်းကြပ်မှုအာမခံစာချုပ်။

www.burmeseclassic.com

www.burmeseclassic.com



**special crossing** *n.* အထူးမျဉ်းသားခြင်း။

**special deposit** *n.* လုံခြုံစွာသိမ်းဆည်းထားနိုင်ရန် ဘဏ်တွင် (ငွေ၊ ပစ္စည်း)အပ်နှံမှု။

**Special Drawing Rights** *n.* SDR. အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဝင်နိုင်ငံများအတွက် ရွှေနှင့် အမေရိကန်ဒေါ်လာအပြင် ထုတ်ယူခွင့်ပြုငွေပမာဏကို ဖော်ပြသည့် ငွေစက္ကူ။

**special economic zone law** *n.* အထူးစီးပွားရေးဇုန်ဥပဒေ။

**special goods account** *n.* အထူးကုန်စည်စာရင်း။

**special indorsement** *n.* အထူးထပ်ဆင့်အာမခံစာ။

**specialist** *n.* အထူးကျွမ်းကျင်သူ။ စတော့ရှယ်ယာကုန်သည်ပွဲစား။

**speciality** *n.* အထူးထုတ်ကုန်။ အထူးလုပ်ငန်း။

**speciality goods and services** *n.* အထူးကုန်ပစ္စည်းများနှင့် အထူးဝန်ဆောင်မှုများ။

**specialization** *n.* အထူးဆောင်ရွက်မှု။ အထူးပြုခြင်း။

**specialization of labour** *n.* ကျွမ်းကျင်မှုဆိုင်ရာ အလုပ်ခွဲဝေခြင်း။

**specialize** *v.* အထူးဆောင်ရွက်သည်။ အထူးထုတ်လုပ်၊ဆောင်ရွက်သည်။

**specialzed** *adj.* အထူး။ အထူးဆောင်ရွက်သော။အထူးတီထွင်ထားသော။

**specialized agency** *n.* ကျွမ်းကျင်မှုဆိုင်ရာ ဇောင်စီးအဖွဲ့အစည်း။

**specialized capital good** *n.* သတ်မှတ်သုံး မတည်ပစ္စည်း။

**specialized management trust** *n.* သတ်မှတ်လုပ်ငန်းစီမံဆောင်ရွက်မှု ဘဏ္ဍာထိန်းအဖွဲ့။

**special position** *n.* သတင်းစာဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် လူကြိုက်များထင်ရှားသည့်နေရာကောင်း စာမျက်နှာ။

**special right** *n.* အထူးအခွင့်အရေး။



**specie** *n.* ငွေအကြေစေ့များ။ ဒင်္ဂါး။ ဒင်္ဂါးပိုက်ဆံ။

**specie point** *n.* ရွှေအချက်။

**specie receipt** *n.* ငွေတန်ဆာ။

**specific** *adj.* သတ်သတ်မှတ်မှတ်ဖြစ်သော။ သတ်မှတ်။

**specification** *n.* သတ်မှတ်ချက်။ သတ်မှတ်မှု။ အသေးစိတ် ဖော်ပြချက်။

**specification buying** *n.* သတ်မှတ်ချက်ပေး၍ ဝယ်ယူခြင်း။

**specific cost rate** *n.* တိကျတန်ဖိုးနှုန်း။

**specific duty** *n.* ပမာဏအလိုက်အကောက်ခွန်။

**specific legacy** *n.* သတ်မှတ်အမွေ။

**specific requirement** *n.* သတ်မှတ် လိုလားချက်။

**specific subsidy** *n.* သီးသန့်ထောက်ပံ့ခြင်း။

**specific tax** *n.* သီးသန့်အခွန်။

**speculate** *v.* ဈေးကစားသည်။ ကုန်ဈေးနှုန်းအတက်အကျတွင် အမြတ်ထုတ်နိုင်ရန်အတွက် ငွေကြေး စွန့်စားရင်းနှီးမြှုပ်နှံသည်။

**speculation** *n.* ဈေးကစားခြင်း။ ဈေးကစားမှု။ထင်ကြေးပေးခြင်း။ မှန်းဆချက်။

**speculative** *adj.* ဈေးကစားသော။စွန့်စားရင်းနှီးမြှုပ်နှံသော။

**speculative risk** *n.* အရှုံး (သို့မဟုတ်) အမြတ်ရမည့် အခွင့်အရေး။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စွန့်စားမှု။

**speculator** *n.* ဈေးကစားသူ။ ဈေးနှုန်း အတက်အကျတွင် အမြတ်ထုတ်နိုင်ရန်အတွက် ငွေကြေး စွန့်စားရင်းနှီးမြှုပ်နှံသူ။

**speed** *n.* ရွေ့လျားနှုန်း။အမြန်။ အမြန်နှုန်း။ အရှိန်။

**speedboat** *n.* ပြေးအားအလွန်ကောင်းသည့် မော်တော်ဘုတ်။ စပီဘုတ်။

**speedometer** *n.* မြန်နှုန်းတိုင်းကိရိယာ။

**speed-up** *n.* (ကုန်ထုတ်လုပ်မှုစသည်)အရှိန်အဟုန်မြှင့်တင်ခြင်း။

**spelling** *n.* စာလုံးပေါင်း။

**spend** *v.* (ငွေ)သုံးသည်။ သုံးဖြုန်းသည်။ (အချိန်) ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



**spender** *n.* အသုံးအဖြုန်းကြီးသူ။ လက်ဖွာသူ။ လက်ကြီးသူ။

**spending** *n.* ငွေကြေးသုံးစွဲမှု။ သုံးစွဲငွေ။

**spending money** *n.* အသေးသုံးငွေ။ ဈေးဖိုး။ မုန့်ဖိုး။

**spending unit** *n.* တစ်စီးပွားတည်း။ စီးပွားတစ်ခုတည်း။

**spice** *n.* ဟင်းခတ်အမွှေးအကြိုင်။

**spigot** *n.* စည်ဘုံပိုင်ကို ဆို့သည့် သစ်သားအဆို့။

**spillage** *n.* ယိုဖိတ်ခြင်း။ ယိုဖိတ်မှု။ ယိုဖိတ်သည့် အရာ။

**spinning** *n.* ချည်သေ့ခြင်း။ ဇိုင်းငင်ခြင်း။

**spinning-wheel** *n.* ချည်သေ့သည့် ရစ်၊ ရဟတ်။

**spin-off** *n.* ကုန်ပစ္စည်းထုတ်လုပ်ရင်း ထွက်ရှိလာသည့် ဘေးပန်းထွက်ကုန်။ ဘေးပန်းရလဒ်။ *v.* ဦးဆောင်မှုကုမ္ပဏီ အစုရှယ်ယာရှင်များအား လက်အောက်ခံကုမ္ပဏီများ၏ အစုရှယ်ယာများကို ဝေငှသည်။

**spirit** *n.* (အသိုင်းအဝိုင်း၊ အဖွဲ့အစည်းအပေါ် ရိုင်းပင်းလိုသည့်) စိတ်။ အရက်ပြန်။

**split** *v.* (ကျသင့်ငွေစသည်)မျှခံသည်။ ခွဲဝေမျှခံသည်။

**splits** *n.* (အစုရှယ်ယာ) တန်ဖိုးနှစ်ခုခွဲခြင်း။

**splitting shares** *n.* မူလ အစုရှယ်ယာများကိုတန်ဖိုးငယ်သောရှယ်ယာများအဖြစ် ထပ်ဆင့်ခွဲခြားသတ်မှတ်ခြင်း။

**split-up** *n.* (ရှယ်ယာ)ခွဲစိတ်ခြင်း။

**spoil** *v.* (အစားအသောက်စသည်) ပုပ်သိုးသည်။

**spoilage** *n.* (အစားအသောက်စသည်) ပုပ်သိုးခြင်း။

**spoils** *n.* အမြတ်အစွန်း။ အကျိုးစီးပွား။

**spokesman** *n.* ပြောရေးဆိုခွင့်ရှိသူ။ ပြောခွင့်ရပုဂ္ဂိုလ်။

**spokesperson** *n.* ပြောရေးဆိုခွင့်ရှိသူ။ ပြောခွင့်ရပုဂ္ဂိုလ်။

**sponsor** *n.* (ပြပွဲ၊ပြိုင်ပွဲ၊ ရုပ်မြင်သံကြား၊ ရေဒီယို အစီအစဉ်ကျင်းပစရိတ်ကို ကြော်ငြာခွင့်အတွက်) ကမကထပြုလုပ်ပေး



သူ၊ ပြုလုပ်ပေးသည့် ကုမ္ပဏီ။ ပြပွဲ၊ ပြိုင်ပွဲ စသည်တွင် ပါဝင်သူအတွက် ကုန်ကျစရိတ်ခံ လှူဒါန်းသူ၊လှူဒါန်းသည့်ကုမ္ပဏီ။ (အားကစား)လေ့ကျင့်မှု ကုန်ကျစရိတ်အတွက် ထောက်ပံ့ပေးသူ၊ ထောက်ပံ့ပေးသည့် ကုမ္ပဏီ။ တစ်စုံတစ်ဦးအတွက် အာမခံသူ။ စပွန်ဆာ။ *v.* ပုဂ္ဂိုလ်တစ်ဦးဦး၊ ကိစ္စ၊ ပွဲလမ်းသဘင်တစ်ခုခုအတွက်ကမကထပြုလုပ်ပေးသည်၊ ထောက်ပံ့ လှူဒါန်းသည်၊ အာမခံပေးသည်။ စပွန်ဆာ ပေးသည်။

**sponsorship** *n.* ကမကထပြုလုပ် ပေးမှု။ ထောက်ပံ့လှူဒါန်းမှု။ ငွေကြေးပစ္စည်း အထောက်အပံ့။ ငွေကြေးပစ္စည်းစသည် စိုက်ထုတ် အကုန်အကျခံမှု။

**sports** *n.* အားကစား။

**sports car** *n.* ပုံသဏ္ဌာန်သွယ်လျ၍ (အမိုးတင်နိုင်ချနိုင်ပြီး) အရှိန်ပြင်းစွာ မောင်းနှင်နိုင်သည့် အပျော်စီး ကားငယ်။

**sportscast** *n.* ရေဒီယို၊ ရုပ်မြင်သံကြားမှ အားကစားပြိုင်ပွဲ အစီအစဉ် လွှင့်ထုတ်ခြင်း။

**sportscaster** *n.* ရေဒီယို၊ ရုပ်မြင်သံကြားမှ အားကစားပြိုင်ပွဲ အစီအစဉ် ကြေညာသူ။

**sportswear** *n.* အားကစားဝတ်စုံ။ အားကစားအဝတ်အစား။

**spot cash** *n.* ချက်ချင်းငွေချေခြင်း။ ကုန်ပစ္စည်း လက်ခံရရှိသည်နှင့် ချက်ချင်း ငွေပေးချေခြင်း။

**spot delivery** *n.* ချက်ချင်း ကုန်အပ်ခြင်း။ ချက်ချင်းကုန်ပစ္စည်းအပ်ခြင်း။

**spot goods** *n.* ချက်ချင်းပေးအပ်နိုင်သည့် ကုန်ပစ္စည်းများ။

**spot market** *n.* ချက်ချင်းလက်ငင်းပေးအပ်နိုင်သည့်ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်၊ နိုင်ငံသုံးငွေ စသည်များကို အရောင်းအဝယ် ပြုလုပ်သည့်ဈေးကွက်။လက်ငင်းအရောင်းအဝယ်ပြုခြင်း။လက်ငင်းဈေးကွက်။

**spot price** *n.* လက်ငင်းပေးကုန်ဈေးနှုန်း။ လက်ငင်းဈေးနှုန်း။

www.burmeseclassic.com

www.burmeseclassic.com



**spot sale** *n.*လက်ငင်းရောင်းခြင်း။

**spotter** *n.*(လုပ်ငန်းတစ်ခုအတွက် အလားအလာ အရည်အသွေးရှိသူတို့ကို) ရှာဖွေပေးသူ။

**spotting errors** *n.* အမှားဖော်ခြင်း။

**sprayer** *n.* ဆေးရည် စသည် မှုတ်ရန်၊ ဖျန်းရန် ကိရိယာ။ ဆေးမှုတ်သမား။

**spray-gun** *n.* အရည်ဖျန်းရန်၊ မှုတ်ရန် ကိရိယာ။

**spread** *n.* စတော့ဈေးကွက်တွင် ရောင်းဈေး၊ ဝယ်ဈေးခြားနားချက်။ လက်ငင်းဈေးနှုန်းနှင့် နောက်မှပေး ဈေးနှုန်း ခြားနားချက်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းပေါင်းစုံတွင် ဖြန့်ကြက်၍ ရင်းနှီးမြှုပ်နှံထားမှု။ ကျယ်ဝန်းလှသော လယ်ယာ၊ ခြံမြေ။

**spread effect** *n.* အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းက ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးအခြေအနေ အကျိုးဖြစ်ထွန်းစေမှု။

**spreadsheet** *n.* ကွန်ပျူတာဖြင့် စာရင်း၊ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို ဇယား၊ စာတိုင်များတွင် အလွယ်တကူ တွက်ချက်၊ ပြင်ဆင်၊ဖြည့်သွင်း၊ ပြောင်းရွှေ့ပေးနိုင်သော ကွန်ပျူတာ ပရိုဂရမ်။ ယင်းကွန်ပျူတာ ပရိုဂရမ်ဖြင့် ပြုစုပြီးသည့်စာရင်း ဇယား အချက်အလက်များကို ပရင်တာဖြင့် ထုတ်ယူထားသည့် ကွန်ပျူတာ ပုံနှိပ်မှု။

**spring** *n.* စပရင်။ သံပတ်။

**springboard** *n.* လုပ်ငန်းတစ်ရပ်သို့ စတင်တက်လှမ်းရာ။စပရင် ဒိုင်ဗင်ဘုတ်။

**spring scale** *n.* စပရင်ချိန်ခွင်။

**spring tide** *n.*ရေထရက်။ရေထ။

**sprinkler** *n.*မြက်ခင်းရေဖျန်းပိုက်ခေါင်း။ အဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားလာလျှင် အလိုအလျောက် ရေဖျန်းသတ်သည့် ပိုက်ခေါင်း။

**sprinkler irrigation** *n.* ဖျန်းရေပေးခြင်း။

**sprinkler leakage insurance** *n.* မီးသတ် ရေဖျန်းကိရိယာများယိုဖိတ်ခြင်းအာမခံ။



**sprocket** *n.* ခွေးသွားစိပ်ဘီးရှိ ခွေးသွားစိပ်။

**square** *adj.*စတုရန်းပုံရှိသော။ ထောင့်မှန်ကျသော။လေးထောင့်စပ်စပ်။ *n.* မြို့တွင်းရှိ လေးထောင့် မြေကွက်လပ်။ ယင်းမြေကွက်လပ်လေးဖက်လေးတန်ရှိ လမ်းနှင့်အဆောက်အအုံများ။ နှစ်ထပ်ကိန်း။ စတုရန်း။

**square root** *n.*နှစ်ထပ်ကိန်းရင်း။

**squat** *v.* ကျူးကျော်နေထိုင်သည်။ *n.* ကျူးကျော်ရပ်ကွက်။

**squatter** *n.*ကျူးကျော်နေထိုင်သူ။

**squeeze** *n.* ငွေကြေးဆိုင်ရာ အကျပ်ရိုက်မှု။ ငွေဖောင်းပွခြင်းကို ထိန်းချုပ်ထားလို၍ အစိုးရက လစာ၊ လုပ်ခ၊ ဘဏ်အတိုးနှုန်းစသည်ကို ကန့်သတ်ထားခြင်း။ *v.* ညှစ်ထုတ်ယူသည်။

**squeezer** *n.* သစ်သီး အရည်ညှစ်ကိရိယာ။

**squirearchy** *n.* မြေပိုင်ရှင် လူတန်းစား။

**stability** *n.* တည်ငြိမ်မှု။တည်ငြိမ်မှုရှိခြင်း။

**stabilization** *n.* တည်တံ့မှု။

**stalibilization of trade** *v.* ကုန်သွယ်ရောင်းဝယ်ရေး တည်တံ့မှု။

**stabilize** *v.* တည်ငြိမ်သည်။ တည်ငြိမ်စေသည်။

**stable** *adj* တည်ငြိမ်သော။ ခိုင်ခံ့သော။ *n.*မြင်းဇောင်း။ပြိုင်မြင်း၊စီးမြင်းများ ပြုစုမွေးမြူရာ။

**stable-boy** *n.* မြင်းဇောင်းလုပ်သားလူငယ်။

**stable money** *n.* တန်ဖိုးမှန်ငွေ။

**stack** *n.* ဆင့်စီထားသည့် အပုံ။ အဆင့်။(ငွေကြေး၊ ဥစ္စာ၊ ပစ္စည်းစသည်)တစ်ပုံတစ်ခေါင်း၊ တစ်ပုံတစ်ပင်။ မြင့်မားလွန်းသည့်ခေါင်းတိုင်။ *v.* တစ်ခုပေါ်တစ်ခုဆင့်တင်သည်။ပုံသည်။(အဆင့်များ အပေါ်တွင်) အစီအရီဆင့်ပုံထားသည်။(အလှည့်ကျဆင်းသက်လာမည့် လေယာဉ်များကို) လေယာဉ်ကွင်းထက်ဆင့်ပြီး ဝဲပျံခိုင်းထားသည်။

**stadium** *n.* အားကစားပွဲကြည့်စင်ပါသည့် အားကစားကွင်း။

www.burmeseclassic.com

www.burmeseclassic.com



**staff** *n.* ကုမ္ပဏီ၊ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရှိအမှုထမ်း အင်အားစုစုပေါင်း။ အမှုထမ်း အင်အား။ ဝန်ထမ်းအင်အား။ *v.* အမှုထမ်းခန့်အပ်သည်။ ရုံး၊ ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်း စသည်တွင် အမှုထမ်းလျက် ရှိသည်၊အလုပ်လုပ်ကိုင်နေသည်။

**staffing** *n.* ဝန်ထမ်းဆိုင်ရာ။ အမှုထမ်းဆိုင်ရာ။

**staff-party** *n.* (ကုမ္ပဏီ)ဝန်ထမ်းများ ညှိခံစားသောက်ပွဲ။

**stag** *n.* မြန်မြန်ဆန်ဆန်အမြတ် အစွန်းရရှိရန် မျှော်လင့်ချက်ဖြင့်၊ စတင်ထုတ်ရောင်းခါစ စတော့နှင့် ရှယ်ယာများကို ဝယ်ယူသူ။

**stage** *n.* ပွဲဇာတ်စင်။ ဇာတ်ခုံ။ အဆင့်။ ခရီးတစ်ထောက်။ ပုံသေယာဉ်စီးခ သတ်မှတ်ထားသည့် ဘတ်စ်ကားလမ်းကြောင်း အပိုင်းအခြား။ *v.* (ငွေကြေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ စသည်) အခြေအနေတစ်ရပ် ဖြစ်ပေါ်စေသည်။

**stagflation** *n.* ငွေကြေးဖောင်းပွမှု မြင့်မားလွန်းနေပြီး၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းများ ကျဆင်းနေသည့် (နိုင်ငံ့) စီးပွားရေးအခြေအနေ။

**stagger** *v.* တစ်ထပ်တည်းမကျအောင် အချိန်ဇယား ရေးဆွဲသည်။

**staging post** *n.* တစ်ထောက်နား ခရီးစခန်း။

**stagnant** *adj.* (စီးပွားရေး၊ ဈေးကွက် စသည်) ထိုင်းနေသော၊ မတိုးတက်သော၊ တန့်နေသော၊ လှုပ်ရှားမှုမရှိသော။

**stagnant business** *n.* ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသော စီးပွားရေး လုပ်ငန်း။

**stagnation** *n.* (စီးပွားရေး၊ဈေးကွက်စသည်) တိုးတက်ဖွံ့ဖြိုးမှု ဆိတ်သုဉ်းခြင်း။

**stain** *n.* အစွန်းအထင်း။ အရောင်တင်ဆီ။

**stainless steel** *n.* အစွန်းအထင်းခံ သံမဏိ။

**stair** *n.* (အိမ်၊တိုက်ခန်း)လှေကား လှေကားထစ်။



**staircase** *n.* လှေကားအုံ။

**stairwell** *n.* လှေကားခွင်။

**stake** *n.* အစုရှယ်ယာပါဝင်သည့် ရင်းနှီးမြှုပ်နှံထည့်ဝင်ငွေ။ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားငွေ။

**stakeholder** *n.* စီးပွားရေး လုပ်ငန်းတစ်ရပ်တွင် အစုရှယ်ယာ ပါဝင်သူ၊ ကုမ္ပဏီ။

**stale** *adj.* အချိန်အခါလွန်။

**stale cheque** *n.* ရေးသားထားပြီး ဖလ ကာလအတွင်း ဘဏ်၌ငွေ လာမထုတ်သောချက်လက်မှတ်။

**stall** *n.* စားပွဲ၊ ကောင်တာ စသည် မျက်နှာစာအဖြစ် ခင်းကျင်း ရောင်းချသည့် ဆိုင်၊ ဆိုင်ခန်း ငယ်။ဆိုင်ကနား။ယာဉ်အင်ဂျင် စက်လှုပ်ရှားမှုရပ်ဆိုင်းသွားခြင်း။

**stallholder** *n.* ဆိုင်ခန်းဖွင့်လှစ်ထားသူ။ ဆိုင်ဖွင့်ထားသူ။

**stamp** *v.* တံဆိပ်နှိပ်သည်။ ရိုက်သည်။ တံဆိပ်ခေါင်းကပ်သည်။ *n.*တံဆိပ်ခေါင်း။ စာအိတ်ခေါင်း။ အခွန်တော်ခေါင်း။ကုန်တံဆိပ်ခေါင်း။ တရားဝင် အသိအမှတ်ပြုသည့် တံဆိပ်။

**stamp-collecting** *n.* တံဆိပ်ခေါင်းစုခြင်း။

**stamp-collector** *n.* တံဆိပ်ခေါင်းစုသူ။

**stamp-duty** *n.* တံဆိပ်ခေါင်းခွန်။ တံဆိပ်ခေါင်း အခွန်။

**stamped bond** *n.* အထူးစည်းကမ်းရိုက်နှိပ်ထားသည့်စာချုပ်။

**stamp-pad** *n.* (တံဆိပ်တုံး ရိုက်နှိပ်ရန်) မင်ခံ။

**stamp tax** *n.* တံဆိပ်တော်ခွန်။

**stand** *n.* ရပ်တည်ချက်။ ကြံ့ကြံ့ခံရပ်တည်ချက်။ စင်၊ ခုံ စသည် တင်စရာ၊ ထားစရာ။ ဆိုင်ခန်း။ ဆိုင်ကနား။ ကုန်ပစ္စည်းတင်၍ ပြသထားသည့် စင်။

**stand-alone** *adj.* သီးခြားရပ်တည် နေနိုင်သော။အခြား ကွန်ပျူတာများနှင့် ချိတ်ဆက်မထားသော (ကွန်ပျူတာ)။

**standard** *n.* အဆင့်။ အဆင့်အတန်း။ စံ။ စံချိန်။ *adj.* စံပြု။ စံပြ။ စံနှုန်း။

**standard cost** *n.* သာမန်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အောက်ရှိ ကုန်ပစ္စည်းထုတ်လုပ်မှုအတွက်ခန့်မှန်းကုန်ကျစရိတ်။ စံကုန်ကျတန်ဖိုး။

**standard costing** *n.* စံထားတန်ဖိုးတွက်ခြင်း။

**standard deviation** *n.* စံချိန်တိမ်းချက်။ စံလိုက်တိမ်းချက်။ စံတိမ်းချက်။

**standard error** *n.* စံမှားယွင်းချက်။

**standard error of estimate** *n.* ခန့်မှန်းခြေမှားယွင်းချက်။

**standard from** *n.* စံပုံစံ။

**standard formula** *n.* စံပုံသေနည်း။

**standard gold** *n.* စံကိုက်ရွှေ။

**standard hour** *n.* တစ်နာရီကုန်ထုတ်လုပ်မှု စံ။

**standard industrial classification** *n.* ကုန်ထုတ်စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကိန်းဂဏန်း၊ သင်္ကေတများဖြင့်သတ်မှတ်ပြုစုထားသည့် စာရင်း။

**standardization** *n.* စံညွှန်းထားရှိခြင်း။ စံ သတ်မှတ်ခြင်း။ စံပြုခြင်း။

**standardization of basket** *n.* တင်း စံထားမှု။

**standardization of grade** *n.* အတန်းအစား စံသတ်မှတ်ထားမှု။

**standardization of living** *n.* လူနေမှု အဆင့်အတန်း။

**standardized appratus** *n.* စံကိုက်ကိရိယာ။

**standardized form** *n.* စံပြု ထားပုံစံ။

**standardized rate** *n.* စံပြု နှုန်း။

**standardized test** *n.* စံပြု စစ်ဆေးချက်။

**standard material** *n.* စံမီကုန် ကြမ်းပစ္စည်း။

**standard money** *n.*စံသုံးငွေ။

**standard of health** *n.* ကျန်းမာ ရေး အဆင့်အတန်း။

**standard of life line** *n.* လူနေ မှု အဆင့်အတန်း။



**standard of literacy** *n.*စာတတ်မြောက်မှုအဆင့်အတန်း။

**standard of living** *n.* လူနေမှုအဆင့်အတန်း။

**standard oil** *n.* စံမီ ဆီ။

**standard price method** *n.* စံဈေးနှုန်း စနစ်။

**standard procedure** *n.* စံလုပ်ထုံးလုပ်နည်း။

**standard time** *n.* စံတော်ချိန်။

**standard unit** *n.* စံယူနစ်။

**standard weight** *n.* စံအလေးချိန်။

**standing** *adj.* တည်ဆဲဖြစ်သော။ တည်ဆဲ။ အမြဲတမ်း။ *n.* အဆင့်အတန်း။ အဆင့်။ (ကြေးမြို စသည်)သက်တမ်း။

**standing charges** *n* တည်ဆဲစရိတ်များ။

**standing committee** *n.* အမြဲတမ်း ကော်မတီ။ တည်ဆဲကော်မတီ။

**standing expenses** *n.* အမြဲတမ်း အသုံးစရိတ်။

**standing order** *n.* (အချိန်မှန်ငွေလွှဲပေးရန် ဘဏ်သို့) ပုံသေညွှန်ကြားချက်။ သတ်မှတ်ထားသည့် ငွေကိုလစဉ်၊ နှစ်စဉ်ပုံမှန်ငွေလွှဲပေးရန် ဘဏ်တွင် ငွေအပ်နှံထားရှိသူက ဘဏ်အားညွှန်ကြားထားချက်။

**standing room** *n.* (ဓာတ်ပွဲ၊ အားကစားပွဲပရိသတ်)ရပ်ကြည့်အားပေးရန်နေရာ။

**standpipe** *n.* (အိမ်ပြင်၊ခြံဝင်း)အတွင်း စိုက်ထူထားသည့် မတ်တတ် ရေဘုံဘိုင်။

**stand point** *n.* (စားသုံးသူစသည်) ရှုထောင့်။

**staple** *adj.* ပင်မ(ထုတ်ကုန်၊ထွက်ကုန်စသည်)။ အဓိကကျသော။ *n.* အဓိက ထုတ်ကုန်။ အဓိက စားကုန်။ အခြေခံ စားကုန်။

**star** *n.* ကြယ်ပွင့်အရေအတွက်ဖြင့်အရည်အသွေးသတ်မှတ်ပေးသည့်စနစ်ပါ ကြယ်ပွင့်။ (ကြယ်ငါးပွင့် ဟိုတယ်အစရှိသည်)။ ကြယ်ပွင့်။ ခရေပွင့်။ ကြယ်ပွင့်၊ ခရေပွင့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



**starboard** *n.* (လေယာဉ်၊ သင်္ဘောတို့၏)၊ ညာဘက်၊ လက်ယာဘက်။

**starch** *n.* ကစီဓာတ်။ ကစီဓာတ်ပါသော စားဖွယ်။ ကော်ရည်။ ကော်မှုန့်။

**start** *n.* အစ။ လုပ်ငန်းစတင်ရန် မတည်ပေးခြင်း။ *v.* လုပ်ငန်းစသည်။

**starter** *n.* နှိုးမော်တာ စသည့် စက်နှိုးကိရိယာ။ စတတ်တာ။

**starting** *adj.* အစဖြစ်သော။ အစ။

**starting entry** *n.* စဦးရေးသွင်းချက်။ ကနဦးရေးသွင်းချက်။

**starting point** *n.* အစ။

**start-up** *n.* ပျိုးထောင်မှု။ ကနဦး။ *adj.* လုပ်ငန်းစတင်ရန် အတွက်လိုအပ်သော (ငွေကြေး စသည်)။

**start-up business** *n.* ကုမ္ပဏီအသစ်။

**start-up costs** *n.* လုပ်ငန်းစတင်နိုင်ရန် ကုန်ကျစရိတ်များ။

**state** *n.* အခြေအနေ။ အနေအထား။ နိုင်ငံ။ နိုင်ငံတော်အစိုးရ။ ပြည်နယ်။ နိုင်ငံတော်အဆင့်(အခမ်းအနား၊ အဆောင်အယောင်စသည်)။ *v.* ဖော်ပြသည်။ ထွက်ဆိုသည်။ ရှင်းသည်။ သတ်မှတ်ထားသည်။

**state agricultural marketing board** *n.* နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့။

**state bank** *n.* နိုင်ငံတော်ဘဏ်။

**state banking** *n.* နိုင်ငံပိုင်ဘဏ်လုပ်ငန်း။

**state bond** *n.* အစိုးရထုတ် ငွေချေးစာချုပ်။

**state communication** *n.* နိုင်ငံတော်ပိုင် ဆက်သွယ်ရေး။

**state enterprise** *n.* အစိုးရလုပ်ငန်း။

**state export sales** *n.* နိုင်ငံတော်ပြည်ပပို့ကုန် ရောင်းဝယ်ရေး။

**state forest** *n.* နိုင်ငံတော်ပိုင်သစ်တော။

**state government** *n.* ပြည်နယ်အစိုးရ။

**state land** *n.* နိုင်ငံပိုင်မြေ။ နိုင်ငံတော်ပိုင်မြေ။



**state lottery** *n.* နိုင်ငံတော်ထီ။ အစိုးရထီ။

**state marketing** *n.* နိုင်ငံပိုင်ရောင်းဝယ်ရေးလုပ်ငန်း။

**statement** *n.* ထုတ်ပြန်ချက်။ ကြေညာချက်။ ငွေစာရင်းရှင်းတမ်း။ ဘဏ်ရှင်းတမ်း။ ရှင်းတမ်း။

**statement in lieu of prospectus** *n.* ညွှန်းတမ်းတို။

**statement monopoly capitalism** *n.* နိုင်ငံတော်မှုပိုင်အရင်းရှင်ဝါဒ။

**statement of accounts** *n.* ငွေစာရင်းရှင်းတမ်း။

**statement of affairs** *n.* ဒေဝါလီခံရသည့်သူ၊ကုမ္ပဏီစသည် ပိုင်ဆိုင်ပစ္စည်းများ၊ ပေးရန်တာဝန်များ စာရင်း။ အခြေပြရှင်းတမ်း။

**statement of cash flows** *n.* ငွေလည်ပတ်စီးဆင်းမှုရှင်းတမ်း။

**statement of reserve position** *n.* သီးသန့်ငွေအခြေအနေရှင်းတမ်း။

**static** *adj.* (အိမ်ခြံမြေဈေး စသည်) တည်ငြိမ်သော။

**station** *n.* ကားဂိတ်။ ဘတ်စ်ကားဂိတ်။ ဘူတာရုံ။ ဝန်ဆောင်မှုလုပ်ငန်း တည်ရှိရာနေရာဌာန၊ စခန်း၊ ရုံ စသည်။ ရေဒီယို၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုဌာန။

**stationer** *n.* စက္ကူ၊ စာရေးကိရိယာ ဆိုင်ရှင်၊

**stationery** *n.* စက္ကူနှင့် စာရေးကိရိယာပစ္စည်း။

**statistic** *n.* ကိန်းဂဏန်းအချက်အလက်။

**statistical** *adj.* ကိန်းဂဏန်း၊ စာရင်းဇယားနှင့် စပ်ဆိုင်သော။

**statistical analysis** *n.* စာရင်းစုစစ်တမ်း။

**statistical generalization** *n.* စာရင်းစု ယေဘုယျ ပြုခြင်း။

**statistical independence** *n.* စာရင်းအင်းအရ ကင်းလွတ်ခြင်း။

**statistical method** *n.* စာရင်းစုနည်းလမ်း။ စာရင်းအင်းနည်း။

www.burmeseclassic.com

www.burmeseclassic.com



**statistical officer** *n.* စာရင်းစစ်တမ်းအရာရှိ။ စာရင်းအင်းအရာရှိ။

**statistical process control** *n.* ကိန်းဂဏန်းစာရင်းဇယားများအရ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ် ကြီးကြပ်ထိန်းသိမ်းမှု။ SPC.

**statistical quality control** *n.* ကိန်းဂဏန်း စာရင်းဇယားများအရ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှု။ SQC.

**statistical theory** *n.* စာရင်းအင်းသီအိုရီ။

**statistician** *n.* စာရင်းအင်းပညာရှင်။ စာရင်းစုပညာရှင်။

**statistics** *n.* ကိန်းဂဏန်းဇယား။ စာရင်းဇယား။ စာရင်းအင်းအချက်အလက်များ။ စာရင်းစု။ စာရင်းစုပညာ။ စာရင်းအင်းစုပညာ။

**statistics maths** *n.* စာရင်းစုသင်္ချာ။

**statue** *n.* ရုပ်တု၊ ကျောက်ဆစ်ရုပ်၊ ကြေးရုပ်စသည်။

**status** *n.* အဆင့်အတန်း။ ဂုဏ်။ အခြေအနေ။ ရာထူးဌာနန္တရ။ ဂုဏ်ဒြပ်။

**status inquiry** *n.* ငွေချေးလိုသူ၏ ငွေရေးကြေးရေးအခြေအနေကို စုံစမ်းခြင်း။

**status symbol** *n.* လူနေမှုအဆင့်အတန်းမြင့်မားပုံကိုပြသသော အဆောင်အယောင်။ ဂုဏ်အဆင့်အတန်း မြင့်မားသူတို့အဆောင်အယောင်။

**statute** *n.* ဥပဒေပြုအာဏာပိုင်အဖွဲ့ကပြဋ္ဌာန်းထားသည့်ဥပဒေ။ အဖွဲ့အစည်းတစ်ရပ်၌ ပြဋ္ဌာန်းထားသော နည်းပညာ ဥပဒေများ။ စတက်တျူဥပဒေ။

**statute barred debt** *n.* ဥပဒေလမ်းဆုံးကြွေး။

**statute-book** *n.* ပြဋ္ဌာန်းထားသော ဥပဒေပေါင်းချုပ်။

**statute law** *n.* ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေစု။



**statute of limitations** *n.* ကာလစည်းကမ်းသတ် စတက်တျူ။ ရပိုင်ခွင့်ရရှိစေရန် တရားစွဲဆိုရမည့် အချိန်ကာလအပိုင်းအခြားများကို သတ်မှတ်ထားသည့် ဥပဒေ။

**statutory** *adj.* ပြဋ္ဌာန်းဥပဒေအရ။ စတက်တျူဝင်။

**statutory audit** *n.* စတက်တျူဝင် စာရင်းစစ်ခြင်း။ ပြဋ္ဌာန်းဥပဒေအရ စာရင်းစစ်ခြင်း။

**statutory books** *n.* စတက်တျူဝင်စာအုပ်။ ကုမ္ပဏီရှယ်ယာဝင်စာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်စာရင်း၊ ဘဏ္ဍာရေးအခြေအနေ၊ ကုမ္ပဏီအစည်းအဝေးမှတ်တမ်း၊ ဒါရိုက်တာ အဖွဲ့ဝင် လူကြီးများပိုင်ဆိုင်သည့် အစုရှယ်ယာ စာရင်းစသည့်အကြောင်းအရာများကို ဖော်ပြထားသော ကုမ္ပဏီလီမိတက်ကုမ္ပဏီတိုင်း ပုံမှန်ထားရှိရသည့်မှတ်တမ်း စာအုပ် ၅ အုပ်။

**statutory company** *n.* စတက်တျူဝင် ကုမ္ပဏီ။ အထူးအက်ဥပဒေဖြင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီ။

**statutory law** *n.* စတက်တျူဥပဒေ။ ပြဋ္ဌာန်းဥပဒေ။

**statutory meeting** *n.* စတက်တျူဝင် အစည်းအဝေး။ ကုမ္ပဏီများ အက်ဥပဒေအရ ကျင်းပရသည့် ကုမ္ပဏီ အစည်းအဝေး။ ကုမ္ပဏီနှစ်ပတ်လည်အထွေထွေအစည်းအဝေး။

**statutory report** *n.* စတက်တျူဝင် အစီရင်ခံစာ။ ကုမ္ပဏီနှစ်ပတ်လည်အစီရင်ခံစာ။

**statutory total income** *n.* အခွန်ထမ်းဆောင်သူ ရရှိခဲ့သည့် ဝင်ငွေစုစုပေါင်း။

**stave** *n.* သစ်သားစည်၏ ဘေးနံပျဉ်ချပ်ရှည်။

**stay** *n.* ခေတ္တနေထိုင်သည်။ တည်းသည်။ *n.* အလည်အပတ်။ နေခြင်း။ (လှေ)တိုင်ဆိုင်းကြိုး။

**staying afloat** *n.* ခက်ခဲကြမ်းတမ်းသော ကာလတွင် ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ကုမ္ပဏီ၊ စီးပွားရေး လုပ်ငန်း။

**stay of proceedings** *n.* အမှုရပ်ဆိုင်းသွားခြင်း။ အမှုရပ်ဆိုင်းရေး။

**steak** *n.* (ကင်စားရန်) အမဲသားပျဉ်။ အမဲတုံး။ ငါးကြီးခုတ်သား။

**steak-house** *n.* အမဲကင်ဆိုင်။

**steam** *n.* ရေနွေးငွေ့။ ရေနွေးငွေ့အား။

**steamboat** *n.* (ကမ်းခြေနှင့် မြစ်တွင်းသွား) မီးသင်္ဘောယာဉ်။

**steam engine** *n.* (ရေနွေးငွေ့ဖြင့်မောင်းနှင်သော) မီးရထား၊ မီးရထားစက်ခေါင်း။

**steamer** *n.* မီးသင်္ဘော။ ပေါင်းအိုး။

**steam iron** *n.* ရေနွေးငွေ့မီးပူ။

**steamroller** *n.* လမ်းကြိတ်စက်။

**steamship** *n.* မီးသင်္ဘော။

**steam shovel** *n.* (ရေနွေးငွေ့မောင်း) မြေတူးစက်။

**steam train** *n.* (ရေနွေးငွေ့မောင်း) မီးရထား။

**steel** *n.* သံမဏိ။ သံမဏိလုပ်ငန်း။

**steelworks** *n.* သံမဏိစက်ရုံ။

**steeplejack** *n.* မျှော်စင်အထွတ်ခေါင်းတိုင် အမြင့်တို့ကို တက်၍ ပြင်ဆင်၊ မွမ်းမံ၊ ဆေးသုတ်သူ။

**steer** *v.* လှေ၊ ယာဉ်စသည် ပဲ့ကိုင်မောင်းနှင်သည့်အတိုင်း ဦးတည်သွားသည်။ *n.* (အသားအတွက်မွေးထားသည့်)သင်းပြီးနွားထီး။

**steerage** *n.* ဈေးအပေါဆုံးလက်မှတ်ကိုင် ခရီးသည်များစီးရန် သတ်မှတ်ထားသည့် သင်္ဘောအပိုင်း။ သင်္ဘောကုန်းပတ်။

**stenographer** *n.* လက်ရေးတိုလက်နှိပ်စက်။

**stenography** *n.* လက်ရေးတို။

**step** *n.* လှေကားထစ်။ (ရာထူး)အဆင့်။

**stepladder** *n.* ခေါက်လှေကား။

**stepping-stone** *n.* ရေတိမ်ဖြတ်ကူးရန်စီတန်းချထားသည့်ကျောက်တုံး။(အောင်မြင်မှု ရည်မှန်းချက်



ပန်းတိုင်တက်လှမ်းရာ)လှေကားထစ်။

**stereo** *n.* စတီရီယို။ စတီရီယိုစနစ်။

**sterile** *adj.* ရောဂါပိုးမွှားကင်းသော။ ပိုးသတ်ထားသော။ မြေဩဇာ မကောင်းသော။ သီးနှံမဖြစ်ထွန်းနိုင်သော။ သီးနှံမထွက်သော။

**sterilization***n.* ပိုးသတ်ထားခြင်း။

**sterilize** *v.* (နွားနို့ စသည်) ပိုးသတ်သည်။

**sterilized gold** *n.* ရွှေမြုံ။တန်ခိုးသတ်ထားသည့် ရွှေ။

**sterilized milk** *n.* ပိုးသတ်ပြီးနွားနို့။

**sterling** *n.* ဗြိတိသျှသုံးငွေ။ပေါင်စတာလင်။

**sterling area** *n.* စတာလင်ငွေကြေးနယ်ပယ်။ စတာလင်နယ်ပယ်။

**sterling balance** *n.* စတာလင်လက်ကျန်ငွေ။

**sterling bloc** *n.* စတာလင်ငွေအုပ်စု။

**sterling exchange standard** *n.* စတာလင်ငွေ စံချိန်စနစ်။

**sterling silver** *n.* စံအရည်အသွေးမီ ငွေ။

**stern** *n.* လှေ၊သင်္ဘောပဲ့ပိုင်း။ ပဲ့။

**stevedore** *n.* ဆိပ်ကမ်း အလုပ်သမား။ သင်္ဘော ကုန်တင်ကုန်ချ အလုပ်သမား။

**steward** *n.* လေယာဉ်မောင်။လေယာဉ်မယ်။ သင်္ဘောစားပွဲထိုး။ အိမ်၊ မြေစသောပစ္စည်းဥစ္စာများကို ကြီးကြပ်အုပ်ချုပ်ရသူ။ ဘဏ္ဍာစိုး။ ပစ္စည်းထိန်း။ ရိက္ခာမှူး။

**stewardship** *n.* ကြီးကြပ်အုပ်ချုပ်မှု။

**sticker** *n.*ကြော်ငြာစသည်ပါသော အရန်သင့်ကပ်ရန် စာရွက်။ စတစ်ကာ။

**stick lac** *n.* ချိပ်ကိုင်း။

**stile** *n.*နှစ်ဖက်ချတုံးတင်လှေကား။

**stipend** *n.* ထောက်ပံ့ကြေးငွေ။ လစာ။

**stipulate** *v.* စည်းကမ်းထားသည်။ သတ်မှတ်သည်။ပြဋ္ဌာန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



**stipulation** *n.* ပြဋ္ဌာန်းချက်။ သတ်မှတ်ချက်။

**stitch** *n.* ချုပ်ခြင်း။ သီခြင်း။ ချုပ်ရိုး။ ချုပ်ရာ။ ဇာထိုးနည်း။ သီချုပ် ချုပ်နည်း။ (သိုးမွေးထိုးရာတွင်) တစ်ကျော့ထိုးခြင်း။

**stock** *n.* ရောင်းရန်သိုလှောင်ထားရှိသော ကုန်၊ ကုန်စည်ပစ္စည်း။ သိုလှောင်ထားသောပစ္စည်း၊ စားနပ် ရိက္ခာစသည် လက်ဝယ်ရှိပစ္စည်း။ အစိုးရထံ ပုံသေအတိုးဖြင့် ချေးထားသောငွေ။ ကုမ္ပဏီတစ်ခု၏ မတည်ငွေ၊ ပစ္စည်း၊ အဆောက်အအုံစသည့်စုစုပေါင်း တန်ဖိုးအရင်းအနှီး။ ရင်းနှီးမြှုပ်နှံသည့် အနေဖြင့် ယင်းတန်ဖိုးမှ ဝယ်ယူထားသည့် တစ်စိတ်တစ်ဒေသ။ စတော့။ သာမန်ရှယ်ယာ။ ရောင်းချရန်၊ အသုံးပြုရန် တိုင်းပြည်တွင်းရှိနေသည့် ကုန်ကြမ်း၊ သယံဇာတ၊ ရင်းမြစ်များ ပမာဏ။ *v.* (ကုန်ပစ္စည်း) ဖြည့်တင်းထားသည်၊ ရနိုင်သည်၊ လက်ဝယ်ထားရှိသည်။ (ကုန်ပစ္စည်း)တင်သည်။

**stock account** *n.* ကုန်ပစ္စည်းစာရင်း။

**stock and debtors system** *n.* ကုန်စည်နှင့် မြီစားစနစ်။

**stock and shares** *n.* စတော့နှင့်ရှယ်ယာ။

**stock and shares broker** *n.* စတော့ရှယ်ယာပွဲစား။

**stock book** *n.* ကုန်ပစ္စည်းစာအုပ်။ လက်ရှိပစ္စည်းစာရင်းစာအုပ်။

**stock bottle** *n.*သိုလှောင်ပုလင်း။

**stock broker** *n.* စတော့ရှယ်ယာပွဲစား။

**stockbroking** *n.* စတော့ရှယ်ယာပွဲစားလုပ်ငန်း။

**stock -car** *n.* (ပြိုင်ပွဲဝင်ရန် မွမ်းမံထားသော) ရောင်းတမ်းကား။ *(US)* ကျွဲနွားတင် မီးရထားတွဲ။

**stock card** *n.* ကုန်ပစ္စည်းစာရင်းကတ်ပြား။

**stock certificate** *n.* စတော့ရှယ်ယာလက်မှတ်။

**stock concept** *n.* ရှိရင်း ကုန်စည်သဘော။



**stock control** *n.* ကုန်ပစ္စည်းနှင့် ကုန်ကြမ်းများကို ကြီးကြပ်ကွပ်ကဲ စစ်ဆေးထိန်းချုပ်သည့်စနစ်။ ကုန်စည်ထိန်းခြင်း။

**stock dividend** *n.* စတော့ရှယ်ယာအမြတ်ဝေစု။ ငွေသားဖြင့် မပေးဘဲ စတော့ရှယ်ယာများဖြင့်သာ ထုတ်ပေးသည့် အမြတ်ဝေစု။

**stock exchange** *n.* စတော့ဈေးကွက်။ စတော့နှင့် ရှယ်ယာဒိုင်။ စတော့အိတ်ချိန်း။

**Stock Exchange Automatic Facility** *n.* (SEAF). နိုင်ငံတကာစတော့ဈေးကွက်အတွင်း စတော့ အရောင်းအဝယ်ကိစ္စရပ်များကို ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက်ပြီးမြောက်မှတ်တမ်းတင်ပေးသည့် စနစ်။

**Stock Exchange Automated Quotations** *n.* (SEAQ). နိုင်ငံတကာ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၏ ဈေးနှုန်းကို ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက်မှတ်တမ်းတင်၊ သတ်မှတ်ပေးခြင်း။

**Stock Exchange Daily Official List** *n.* နေ့စဉ်တရားဝင်ထုတ်ပြန်ပေးသည့်နိုင်ငံတကာ စတော့ရှယ်ယာ ဈေးကွက်ဆိုင်ရာအသေးစိတ်မှတ်တမ်းစာရင်း။

**stock goods** *n.*လက်ရှိကုန်စည်။ လက်ရှိ ကုန်ပစ္စည်း။

**stockholder** *n.* စတော့ရှယ်ယာများ ပိုင်ဆိုင်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း။

**stocking** *n.* ခြေအိတ်ရှည်။

**stocking -filler** *n.* ခရစ္စမတ်ကာလတွင် ကလေးငယ်များအတွက် ခြေအိတ်ရှည်တွင်ထည့်ထားသည့် လက်ဆောင် အပြင်၊ အိတ်ပြည့်အောင် ဖြည့်ထည့်ပေးရသည့် လက်ဆောင်ပစ္စည်းအတိုအထွာ။

**stock insurance company** *n.* စတော့၊ ရှယ်ယာအာမခံကုမ္ပဏီ။

www.burmeseclassic.com

www.burmeseclassic.com



**stock-in-trade** *n.* ရောင်းဝယ်ဆဲ ကုန်ပစ္စည်း။ မူပိုင်ဟန်။ ရောင်းကုန်လုပ်ငန်းပရိဘောဂ။ကာလတစ်ခုတွင် ရောင်းချပေးရန် လက်ဝယ်ရှိ ကုန်ပစ္စည်းများ။

**stockist** *n.* ကုန်ပစ္စည်းအမျိုးအမည်၊ အမှတ်တံဆိပ်အလိုက် သတ်သတ်မှတ်မှတ် ရောင်းချသည့်ဆိုင်။ ကုန်ပစ္စည်းအမျိုးအမည်၊ အမှတ်တံဆိပ်အလိုက် သတ်မှတ်သိုလှောင်ရောင်းချသည့် ကုန်သည်၊ ဆိုင်။

**stockjobber** *n.* နိုင်ငံတကာ စတော့ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှု စာချုပ်တစ်မျိုးတည်းကိုသာ အဓိကထား၍ အရောင်းအဝယ်ပြုလုပ်သူ။

**stock ledger** *n.* ကုန်ပစ္စည်း လယ်ဂျာ။

**stock market** *n.* စတော့နှင့် ရှယ်ယာဒိုင်။ စတော့ဈေးကွက်။

**stock market valuation** *n.* ရှယ်ယာတစ်ခု၏လက်ရှိပေါက်ဈေးကို ရှယ်ယာ အရေအတွက် စုစုပေါင်းဖြင့် မြှောက်၍ ရရှိလာသည့် ကုမ္ပဏီတစ်ခု၏ တန်ဖိုး။

**stockout** *n.* လက်ရှိလိုအပ်နေသည့် ကုန်ကြမ်း၊ ကုန်ပစ္စည်း၊ စက်ပစ္စည်းကိရိယာ စသည် လက်ကျန်မရှိတော့ဘဲ ပြတ်လပ်သွားခြင်း။

**stockpile** *n.* သိုမှီးထားသော ကုန်ပစ္စည်း။ *v.* သိုမှီးထားရှိသည်။ သိုလှောင်ထားရှိသည်။

**stockpiling** *n.* ကုန်ပစ္စည်းစုပုံခြင်း။

**stock receipt** *n.* ကုန်ပစ္စည်း လက်ခံစာ။ စတော့လက်ခံစာ။

**stock register** *n.* ကုန်ပစ္စည်း စာရင်းစာအုပ်။

**stock rights** *n.* စတော့ ဝယ်ယူပိုင်ခွင့်။

**stocks** *n.* ကုမ္ပဏီပိုင် စုစုပေါင်းတန်ဖိုးမှ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝယ်ယူထားသည့် စတော့ရှယ်ယာ။

**stock-sales ratio** *n.* ကုန်ပစ္စည်း ကုန်ရောင်းအချိုး။

**stock savings bank** *n.* စတော့ငွေစုဘဏ်။



**stock sheet** *n.* လက်ရှိပစ္စည်းစာရင်း။

**stock split** *n.* လက်ရှိပိုင်ရှင်များအား စတော့ရှယ်ယာအသစ်များကို အခမဲ့ထုတ်ဝေပေးခြင်း။

**stock spliting** *n* **Also** share spliting.

**stock suspense account** *n.*ကုန်ပစ္စည်း ယာယီစာရင်း။

**stocktaking** *n.*စာရင်း ကောက်ခြင်း။ သိုလှောင်ရုံ၊ ဆိုင်စသည်တွင် ဘဏ္ဍာရေး နှစ်ကုန်၌ ကုန်ပစ္စည်းလက်ကျန် စာရင်းကောက်ယူခြင်း။ စစ်တမ်းထုတ်ခြင်း။ သုံးသပ် ဆင်ခြင်ခြင်း။

**stock transfer from** *n.* ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ ပိုင်ဆိုင်မှု လွှဲပြောင်းသည့်အခါရေးသွင်းရန်သတ်မှတ်ထားသည့် ပုံစံ။

**stock turnover** *n.*ကုန်ပစ္စည်းလည်ပတ်မှု။ လက်ဝယ်ရှိ ကုန်လက်ကျန်တန်ဖိုးနှင့် တစ်နှစ်အတွင်း ရောင်းချရငွေစုစုပေါင်းတို့၏အချိုး။

**stock turn rate** *n.*ကုန်ပစ္စည်းလည်ပတ်နှုန်း။

**stock valuation** *n.* စာရင်းနှစ်အကုန်တွင် မရောင်းရဘဲ ကျန်ရှိနေသည့် ကုန်လက်ကျန်တန်ဖိုးကို ခန့်မှန်းသတ်မှတ်ခြင်း။

**stock warrant** *n.* စတော့ရှယ်ယာ ဝယ်ယူခွင့်လက်မှတ်။

**stoker** *n.* မီးထိုးသမား။ မီးထိုးကိရိယာ။

**stolen note** *n.* ခိုးရာပါ ငွေစက္ကူ။

**stone** *n.* ကျောက်တုံး။ ကျောက်။ ကျောက်ခဲ။ ကျောက်ပြား။ စတုန်(၁၄ပေါင်၊ ၆.၅ကီလိုဂရမ်နှင့် ညီမျှသည်)။

**stop** *v.* ရပ်သည်။ရပ်စဲသည်။ ရပ်ဆိုင်းထားသည်။ ပိတ်သည်။ ဆို့သည်။ *n.* ရပ်ခြင်း။ ရပ်ဆိုင်းခြင်း။ ဘူတာ။ မှတ်တိုင်။

**stop light** *n.* ယာဉ်အချက်ပြမီးနီ။ (*US*). ဘရိတ်မီး။

**stop loss** *n.* ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်း

www.burmeseclassic.com

www.burmeseclassic.com



စသည် ဈေးနှုန်းများ ကျဆင်းလာ၍ ဆုံးရှုံးမှုကို ရှောင်လွှဲနိုင်ရန်အတွက် အမြန်ဆုံး ထုတ်ရောင်းရန်ပွဲစားထံသို့အကြောင်းကြားခြင်း။

**stop-loss order** *n.* အရှုံးရပ်ဆိုင်းရန် အမိန့်။

**stoppage** *n.* သပိတ်မှောက်၍ အလုပ်မလုပ်ဘဲနေခြင်း။သပိတ်မှောက်မှုကြောင့်အလုပ်ရပ်ဆိုင်းရခြင်း။

**stoppage in transit** *n.* ဝယ်သူ ဒေဝါလီခံရသဖြင့် ကုန်ဖိုးပေးချေနိုင်ခြင်းမရှိ၍ ကုန်ဖိုးမရသေးသည့်ရောင်းချသူက ကုန်ပစ္စည်းပေးပို့မှု ရပ်ဆိုင်းခြင်း။

**stoppages** *n.* လစာမှဖြတ်ငွေ။

**stopped cheque** *n.* ချက်လက်မှတ်တွင် လက်မှတ်ရေးထိုးထားသူက ယင်းချက်လက်မှတ်ကို ငွေထုတ်မပေးရန် ဘဏ်သို့ အကြောင်းကြားထားသည့် ချက်လက်မှတ်။

**stopper** *n.* ဖော့ဆို့။ အဆို့။ အပိတ်။ ဘူးဆို့။

**stopping** *n.* ရပ်မှု။ တားမှု။

**stopping payment** *n.* ထုတ်ပေးခြင်းကို တားမြစ်မှု။

**storage** *n.* သိုလှောင်ခြင်း။ (ကုန်ပစ္စည်း) သိုလှောင်ခြင်း၊ (ကုန်ပစ္စည်း)သိုလှောင်ခန်း။သိုလှောင်ရုံ။ (ကွန်ပျူတာတွင် အချက်အလက်များ) သိုလှောင်ထားရှိခြင်း။ (ကွန်ပျူတာ အချက်အလက်) သိုလှောင်ရေးပစ္စည်း။

**storage charge** *n.* သိုလှောင်ခ။

**storage godown** *n.* သိုလှောင်ရုံ။ သိုလှောင်ဂိုဒေါင်။

**storage of converted timber** *n.* ခွဲသစ်လှောင်ရုံ။ ခွဲသစ်လှောင်ခြင်း။

**storage tank** *n.* သိုလှောင်ကန်။

**store** *n.* သိုလှောင်ထားသည့်အရာ။ စတိုးဆိုင်။ ဆိုင်။ ကုန်သိုလှောင်ခြင်း။ (ကွန်ပျူတာ) မှတ်ဉာဏ်။ *v.*ကုန်လှောင်သည်။ သိုလှောင်သည်။

**store audit** *n.* ဆိုင်ရှိ မည်သည့်ကုန်ပစ္စည်းကို မည်မျှ ဝယ်ယူကြောင်း စစ်ဆေးခြင်း။



**store godown** *n.* ကုန်ပစ္စည်းဂိုဒေါင်။

**storehouse** *n.* ကုန်လှောင်ရုံ။ ဂိုဒေါင်။ ပစ္စည်းသိုလှောင်ရုံ။

**storekeeper** *n.* ဆိုင်ရှင်။ ဆိုင်ထိုင်။ ပစ္စည်းထိန်း။

**storeroom** *n.* ကုန်လှောင်ခန်း။ စတို။

**stores** *n.* သိုလှောင်ရုံ။ သိုလှောင်ခန်း။ စတို။ ဂိုဒေါင်။

**stores account** *n.* စတိုစာရင်း။

**store bin card** *n.* သိုလှောင်ရုံ ကုန်ပစ္စည်း အသေးစိတ် မှတ်ပုံတင် စာရင်းကတ်ပြား။

**stores control** *n.* စတိုထိန်းချုပ်ခြင်း။ သိုလှောင်ရုံ ထိန်းချုပ်ခြင်း။

**stores debit note** *n.* ကုန်ပစ္စည်းမြီစားလွှာ။

**stores issued** *n.* ထုတ်ပေးပြီးကုန်ပစ္စည်း။

**stores ledger** *n.* စတိုလယ်ဂျာ။ ပစ္စည်းလယ်ဂျာ။

**stores received book** *n.* စတိုလက်ခံစာအုပ်။

**stores requisition** *n.* သိုလှောင်ကုန်ထုတ်ယူစာရင်း။

**stores sheet** *n.* စတိုစာရင်း။ စတိုစာရင်းလွှာ။

**storing imported commodities** *n.* ကုန်လှောင်ခြင်း။

**storm** *n.* မုန်တိုင်း။

**stout** *n.* ဘီယာအပြင်းစား။

**stove** *n.* မီးဖို။

**stow** *v.* (ကုန်၊ ပစ္စည်းစသည်) ကောင်းမွန် သေသပ်စွာ ထားသိုသည်။

**stowage** *n.* (လေယာဉ်၊သင်္ဘော) ကုန်တင်ခန်း၊ကုန်ထားသိုသည့်အခန်း။

**straight bill of lading** *n.* လက်ပြောင်းလက်လွှဲမလုပ်နိုင်သော ကုန်တင်တန်ဆာ။

**straight letter of credit** *n.* အတည်ပြုပြီး ဘဏ်ငွေရပိုင်ခွင့်စာ။

**straight life plan of life insurance** *n.* ရိုးမြေကျအသက်အာမခံ။ ရာသက်ပန်အသက်အာမခံ။

www.burmeseclassic.com

www.burmeseclassic.com



**straight line depreciation** *n.* ပုံသေအရစ်ကျ တန်ဖိုးလျှော့ချသည့် နည်းလမ်း။

**straight line system of depreciation** *n.* ပုံသေ အရစ်ကျ တန်ဖိုးလျှော့စနစ်။

**strainer** *n.* အရည်စစ်။ ရေစစ်။

**strait** *n.* ရေလက်ကြား။

**straits** *n.* (ငွေကြေးဆိုင်ရာ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ စသည်) အကျပ်အတည်း။

**strap** *n.* လက်ပတ်ကြိုး။ (ကား၊ ရထားတို့တွင်) လက်ကိုင်ကွင်းကြိုးပြား။

**strategic alliance** *n.* ကာလကြာရှည် လက်တွဲခဲ့သည့် နှစ်ခုထက်ပိုသောစီးပွားဖက်ကုမ္ပဏီများ ပူးပေါင်းခြင်း။

**strategic commodites** *n.* ကာကွယ်ရေးသုံး ကုန်ပစ္စည်းများ။

**strategic materials** *n.* ကာကွယ်ရေးသုံးပစ္စည်း။

**strategic planning** *n.* ကုမ္ပဏီ၊ လုပ်ငန်းစသည်၏ရှေ့အနာဂတ် လုပ်ငန်းစဉ်များအတွက် စီမံချက် ရေးဆွဲခြင်း။

**strategic sector** *n.* အခရာကျသော စီးပွားရေးကဏ္ဍ။

**strategy** *n.* (စစ်ရေး၊ စီးပွားရေးစသည်) မဟာဗျူဟာ။

**straw** *n.* ကောက်ရိုး၊ ဂျုံရိုး။

**stream** *n.* စမ်းချောင်း။ ချောင်း။

**streamline** *v.* ထိရောက်ပြီးတွက်ခြေကိုက်သည့် လုပ်ငန်းစနစ်ကို အသုံးပြုသည်။ (ကုန်ထုတ်လုပ်မှု၊ လုပ်ငန်း၊ ကုမ္ပဏီစသည်ကို) ပိုမိုထိရောက်၍ အကျိုးရှိစေမည့် ဆောင်ရွက်မှုများကို ပြုမူဆောင်ရွက်သည်။

**street dealing** *n.* တရားဝင် အရောင်းအဝယ် ပြုလုပ်သည့် ကာလကျော်လွန်ပြီး နောက်ပိုင်း၊ စတော့ရှယ်ယာဈေးကွက် အဖွဲ့ဝင်များအချင်းချင်းအရောင်းအဝယ် ပြုလုပ်ခြင်း။

**street price** *n.* တရားဝင် အရောင်းအဝယ် ပြုလုပ်သည့် ကာလ ကျော်လွန်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်



စာတမ်းတစ်ခုစီ၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်း။

**street value** *n.* မှောင်ခိုပေါက်ဈေး။

**strength** *n.* ခွန်အား။ စွမ်းပကား။ ခံနိုင်အား။ စွမ်းရည်။ အင်အား။

**strenous** *adj.* အားသွန်ခွန်စိုက် လုပ်ကိုင်ရသော(အလုပ်စသည်)။

**stress** *n.* ဖိစီးမှု။ ကြောင့်ကြစိတ်သောက။

**stretch** *n.* တစ်ဆက်တည်းလုပ်ချိန်။

**stretch out** *n.* အဆမတန်ခိုင်းစေခြင်း။

**strict product liability** *n.* အန္တရာယ်ရှိ ကုန်ပစ္စည်းများ ကိုင်တွယ်ရာမှ မှားယွင်းမှုကြောင့် ဖြစ်ပေါ်ရသည့် ဘေးအန္တရာယ်အတွက် တာဝန်ဝတ္တရား။

**strike** *n.* သပိတ်မှောက်ခြင်း။ အလုပ်သမားများ လုပ်ခတိုးမြှင့်ရရှိရေး၊ အလုပ်ခွင် ကောင်းမွန်သာယာရေးအတွက် အလုပ်မလုပ်ဘဲသပိတ်မှောက်ခြင်း။ *v.* သပိတ်မှောက်သည်။ (ရွှေဒင်္ဂါးစသည်) သွန်းလုပ်သည်။ (ရွှေ၊ ငွေ၊ သတ္တု၊ ရေနံစသည်သိုက်) တွေ့ရှိသည်။

**strikebound** *adj.* သပိတ်မှောက်မှုကြောင့် ရပ်ဆိုင်းနေရသော၊ စုပုံနေသော။ သပိတ်မှောက်လျက်ရှိသော။

**strikebreaker** *n.* သပိတ်မှောက်သူနေရာတွင် အလုပ်ဝင်လုပ်သူ။ သပိတ်အစားထိုး လုပ်သား။ သပိတ်လှန်သူ။

**striker** *n.* သပိတ်မှောက်သူ။

**striking of balance** *v.* စာရင်းကိုက်သည်။

**stringer** *n.* ကော်လံစား(သတင်းထောက် စသည်)။

**strip club** *n.* ဝတ်လစ်စားလစ်ဖျော်ဖြေပွဲ။

**strip light** *n.* မီးချောင်း။

**strong** *adj.* အားကောင်းသော။ (ရှယ်ယာဈေးနှုန်း စသည်) တက်ရိပ်ရှိသော။ ပြင်းသော။ ပြင်းထန်သော။ ကြံ့ခိုင်သော။

www.burmeseclassic.com

www.burmeseclassic.com



**strongbox** *n.*အာမခံငွေသေတ္တာ။

**strongroom** *n.* ဘဏ်တွင်းရှိ အဖိုးတန်ပစ္စည်း၊စာရွက်စာတမ်းစသည်များကို လုံခြုံစိတ်ချစွာထားသို သိမ်းဆည်းနိုင်သည့် အလုံခန်း။

**structural analysis** *n.* အဆောက်အအုံ စိစစ်ခြင်း။

**structural design** *n.* အဆောက်အအုံဒီဇိုင်း။

**structural engineer** *n.* အဆောက်အအုံအင်ဂျင်နီယာ။

**structural engineering** *n.* အဆောက်အအုံ အင်ဂျင်နီယာပညာ။

**structural unemployment** *n.* အဆောက်အအုံ ပြောင်းရွေ့၍ အလုပ်လက်မဲ့ ဖြစ်ပေါ်မှု။ ကုန်ပစ္စည်းဝယ်လိုအားကျဆင်းခြင်း၊ နည်းပညာပြောင်းလဲခြင်းစသည်တို့ကြောင့်အလုပ်လက်မဲ့ဖြစ်ပေါ်ခြင်း။

**structure** *n.* ဖွဲ့စည်းတည်ဆောက်ပုံ။ အဆောက်အအုံ။ *v.* ဖွဲ့စည်းတည်ဆောက်သည်။

**structured situation** *n.* ဆောက်လုပ်မှု အခြေအနေ။

**structured test** *n.*အဆောက်အအုံရှိ စစ်ဆေးချက်။

**struggle** *v.* အပြင်းအထန်ကြိုးပမ်းသည်။ အပတ်တကုတ်ကြိုးစားအားထုတ်သည်။ ရုန်းကန်လှုပ်ရှားသည်။ *n.* ရုန်းကန်လှုပ်ရှားခြင်း။

**stub** *n.* လက်ခံဖြတ်ပိုင်း။

**student** *n.* ကျောင်းသား၊ ကျောင်းသူ။ လေ့လာလိုက်စားသူ။ပညာရှင်။

**studentship** *n.* ငွေကြေး အထောက်အပံ့ဖြင့် တက္ကသိုလ်တစ်ခုခုတွင် ဘွဲ့လွန်ပညာသုတေသနလုပ်ရန်အခွင့်အလမ်း။

**studio** *n.* စတူဒီယို။ (ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ ပန်းချီ) စတူဒီယို။

**studio apartment** *n.(US)* အိပ်ခန်း။ နေခန်း။ ရေချိုးခန်း၊ မီးဖိုစသည် အပြည့်အစုံပါရှိသည့် တိုက်ခန်းငယ်။

**studio flat** *n.(Brit)***Also Studio** apartment.



**study** *n.* လေ့လာခြင်း။ ဘာသာရပ်။ လေ့လာမှု။ စာကြည့်ခန်း။ နမူနာ။ သင်ခန်းစာ။ *v.* ပညာသင်ယူသည်။လေ့လာသည်။

**stuffing** *n.* အဆာသွတ်ခြင်း။

**stunt** *n.* ထွင်လုံး။ စတန့်။ လူအများ အာရုံစိုက်ရန် ကြံဖန်လုပ်ဆောင်ချက်။

**sturgeon** *n.* အရသာကောင်းမွန်သော စတာဂျင် ဇရာမငါးကြီး။

**style** *n.* အမူအရာ။ ဟန်ပန်။ ပုံစံ။ ဖက်ရှင်။ (အဆောက်အအုံ)ပုံစံ။

**sub-agent** *n.* တစ်ဆင့် ကိုယ်စားလှယ်။ ကိုယ်စားလှယ်တစ်ဦးက ထပ်ဆင့်တာဝန် လွှဲအပ်ထားသူ၊ အဖွဲ့အစည်း။

**subcontract** *n.* တစ်ဆင့်ခံ ကန်ထရိုက်လုပ်ငန်း။ *v.* တစ်ဆင့်ကန်ထရိုက်ပေးသည်၊ လုပ်ငန်းလက်ဆင့်ကမ်း ခွဲဝေပေးသည်။

**subcontractor** *n.* တစ်ဆင့်ခံ ကန်ထရိုက်တာ။ လက်ခွဲ ကန်ထရိုက်တာ။

**subdivide** *v.* ထပ်ဆင့်ပိုင်းခြားသည်။ ကန့်သည်။ ထပ်ဆင့်ခွဲထွက်သည်။

**subdivision** *n.* ထပ်ဆင့်ခွဲခြားခြင်း။ (ထပ်ဆင့်ခွဲထားသည့်) ကဏ္ဍ၊ အကန့်၊ အခန်း။

**sub-editor** *n.* လက်ထောက်အယ်ဒီတာ။

**subheading** *n.* ခေါင်းစဉ်ခွဲ။ ခေါင်းစဉ်ငယ်။

**subject** *n.* အကြောင်းအရာ။ အကြောင်းကိစ္စ။ ဘာသာရပ်။ စဉ်းစားစရာ။ ဆွေးနွေးစရာ။ ခေါင်းစဉ်။ ပြောစရာ။

**subject-matter** *n.* ခေါင်းစဉ်။ အကြောင်းအရာ။ ကိစ္စ။

**sublease** *n.* တစ်ဆင့်ငှားရမ်းခြင်း။ *v.* တစ်ဆင့်ငှားသည်။

**sublet** *v.* တစ်ဆင့်ငှားသည်။

**submarginal land** *n.* စရိတ်ရှုံးလယ်ယာမြေ။

**submission** *n.* တင်ပြခြင်း၊ တင်ပြလွှာ။ အဆိုပြုလွှာ။ တင်သွင်းချက်။

**submit** *v.* တင်ပြသည်။ တင်သွင်းသည်။ အဆိုပြုသည်။

**subnormal** *adj.* စံမမီသော။ ပုံမှန်အောက်ဖြစ်သော။

www.burmeseclassic.com

www.burmeseclassic.com



**subordinate** *adj.* အဆင့်နိမ့်သော။ အရေးမပါလှသော။ *n.* လက်အောက်ခံ။ အောက်လူ။

**subordinated debt** *n.* အောက်တန်း အကြွေး။ အရေးမပါလှသော အကြွေး။

**subpoena** *n.* တရားရုံးလာရောက်ရန် ဆင့်ခေါ်စာ။ ဆင့်စာ။ သမ္မန်စာ။ *n.* တရားရုံးလာရောက်ရန် ဆင့်ခေါ်သည်။ သမ္မန်စာချသည်။

**sub-proprietor** *n.* လက်ထောက် လုပ်ငန်းရှင်။

**subscribe** *v.* ငွေကြေးထည့်ဝင်သည်။ လှူဒါန်းသည်။ ရှယ်ယာဝယ်ယူသည်။ (ပုံမှန် လစဉ်ကြေး၊ နှစ်စဉ်ကြေး) ပေးသွင်းသည်။

**subscribed capital** *n.* တာဝန်ခံ မတည်ငွေ။ ဝန်ခံအရင်းငွေ။ ကုမ္ပဏီက ထုတ်ဝေထားသည့် အစုရှယ်ယာများ ရောင်းချ၍ရရှိသည့် ငွေ။

**subscriber** *n.* ထည့်ဝင်သူ။ (လစဉ်ကြေး၊ နှစ်စဉ်ကြေးပေး၍ သတင်းစာ၊ မဂ္ဂဇင်း) မှာယူသူ။ (တယ်လီဖုန်း) ငှားရမ်းအသုံးပြုသူ။

**subscription** *n.* အသင်းဝင်ကြေး။ ပုံမှန် အလှူထည့်ဝင်ငွေ။ စုငွေ။ (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်အတွက်) လစဉ်ကြေး၊ နှစ်စဉ်ကြေး။ လှူဒါန်းငွေ။

**subscription price** *n.* အသင်းဝင်(အတွက်)ဈေးနှုန်း။ အစုထည့်ဈေး။

**subscription shares** *n.* သဝါယာမအသင်းသို့ အရစ်ကျနည်းနည်းချင်း ပေးသွင်းရသည့် အစုငွေ။ ကုမ္ပဏီဝင်များက ဝယ်ယူထားသည့် ကနဦးထုတ်ဝေထားသော အစုရှယ်ယာများ။

**subsidiary** *adj.* အဓိက မဟုတ်သော။ လက်အောက်ခံဖြစ်သော (ကုမ္ပဏီ)ခွဲ *n.* လက်အောက်ခံကုမ္ပဏီ။ ကုမ္ပဏီခွဲ။

**subsidiary accounts** *n.* ထပ်ဆင့်ခွဲ စာရင်းများ။



**subsidiary book** *n.* ထပ်ဖြည့်စာအုပ်။

**subsidiary coins** *n.* ငွေအကြွေ။ အနုပ်။ အကြွေအနုပ်။

**subsidiary company** *n.* လက်အောက်ခံ ကုမ္ပဏီ။ ကုမ္ပဏီခွဲ။

**subsidiary ledger** *n.* ထပ်ဆင့်ခွဲ လယ်ဂျာ။

**subsidize** *v.* ထောက်ပံ့ကြေးပေးသည်။ အမတော်ကြေးပေးသည်။

**subsidy** *n.* ထောက်ပံ့ကြေး။ ထောက်ပံ့ငွေ။ အမတော်ငွေ။

**subsist** *v.* တည်မြဲနေသည်။ ဆက်လက် တည်ရှိနေသည်။

**subsistence** *n.* အသက်ရှင်နေနိုင်မှု။ ဝမ်းရေး ဖူလုံမှု။

**subsistence agriculture** *n.* ဝမ်းစာ စိုက်ပျိုးရေး။

**subsistence crop** *n.* ဝမ်းစာအတွက် စိုက်ပျိုးသောသီးနှံ။

**subsistence economy** *n.* ဝမ်းစာ စီးပွားရေးစနစ်။

**subsistence farming** *n.* ဝမ်းစာ စိုက်ပျိုးခြင်း။

**subsistence grant** *n.* စားစရိတ်ထောက်ပံ့ငွေ။

**subsistence level** *n.* ဝမ်းရေးဖူလုံရုံမျှလူနေမှုအဆင့်အတန်း။

**subsistence theory of wages** *n.* နေနိုင်ရုံလုပ်ခ သီအိုရီ။ စားနေ လုံလောက်မှု လုပ်ခသီအိုရီ။

**subsoil** *n.* အောက်ခံမြေဆီလွှာ။ အောက်မြေဆီလွှာ။

**substance** *n.* အရာ။ ဝတ္ထု။ ဥစ္စာ။ အထည်ကိုယ်၊ ဒြပ်။ ငွေကြေး၊ ဥစ္စာပစ္စည်း။

**substandard** *adj.* စံချိန်စံညွှန်းမမီသော။ အဆင့်မမီသော။

**substantial** *adj.* များပြားသော။ စိုစိုပိုပို ရှိသော။ ကုံလုံသော။

**substation** *n.* ဓာတ်အားခွဲရုံ။

**substitute** *n.* အစားထိုးသူ။ အစားထိုးသည့် အရာ။ *v.* အစားထိုးသည်။ ကိုယ်စားဆောင်ရွက်သည်။

**substitution** *n.* အစားထိုးခြင်း။

**substitution effect** *n.* ကုန်ပစ္စည်းတစ်ခုဈေးနှုန်းပြောင်းလဲမှုကြောင့် အခြား ဈေးသက်သာသည့် ကုန်ပစ္စည်းကို စားသုံးသူ

www.burmeseclassic.com

www.burmeseclassic.com



က အစားထိုး ဝယ်ယူသုံးစွဲ၍ ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှု။

**substructure** *n.* အဆောက်အအုံ အောက်ခြေ၊ အောက်ခံ။

**subtitle** *n.* ခေါင်းစဉ်ငယ်။ ထပ်ဆင့်အမည်။ (ရုပ်ရှင်၊ ရုပ်မြင်သံကြားတွင်ရေးထိုးဖော်ပြသည့်) စာတန်း။

**subtract** *v.* နုတ်သည်။

**suburb** *n.* ဆင်ခြေဖုံး။

**subvention** *n.* ကူညီထောက်ပံ့ငွေ။

**subway** *n.(US)* မြေအောက် မီးရထား။ *(Brit)* မြေအောက်ဥမင် လမ်းကူး။

**success** *n.* အောင်မြင်မှု။ အနိုင်ရခြင်း။ အောင်မြင်သူ။

**sue** *v.* တရားစွဲသည်။ ဥပဒေကြောင်းအရ တောင်းဆိုသည်။ တရားဝင် တောင်းဆိုသည်။

**sufficiency** *n.* ပြည့်စုံခြင်း။ ပြည့်စုံလုံလောက်ခြင်း။

**sufficient condition** *n.* ပြည့်စုံလုံလောက်သည့် အခြေအနေ။

**sugar** *n.* သကြား။

**sugar-cane** *n.* ကြံ။

**suggest** *v.* အကြံပြုသည်။အဆိုပြုသည်။ ညွှန်ပြသည်။ ဖော်ပြသည်။

**suggestion** *n.* အကြံပြုချက်။ အဆိုပြုချက်။

**suit** *n.* ဝတ်စုံ။

**suitable** *adj.* ကောင်းသော။သင့်မြတ်သော။ လျော်ကန်သော။

**suitcase** *n.* ခရီးဆောင် လက်ဆွဲသေတ္တာ။

**suite** *n.* ဧည့်ခန်းပါ ဟိုတယ်ခန်း။ *(US)* တိုက်ခန်း။ ပရိဘောဂ အသုံးအဆောင် အစုံ။ တွဲဖက်ပစ္စည်းအစုံ။

**sum** *n.* ငွေပမာဏ။ ငွေပေါင်း။ အပေါင်း။ ပေါင်းလဒ်။

**sum insured** *n.* လျော်ကြေး တောင်းခံလာလျှင်အာမခံကုမ္ပဏီက အများဆုံး ထုတ်ပေးမည့်ငွေ။

**summarize** *v.* အကျဉ်းချုပ်သည်။ အတိုချုံးသည်။

**summary** *n.* အကျဉ်းချုပ်။ အတိုချုပ်။ အကျဉ်း။



**summary dismissal** *n.* ကြီးလေးသောမှားယွင်းမှု၊တာဝန်ပေါ့လျော့မှု၊ပျက်ကွက်မှုစသည့်ကြောင့်အလုပ်မှချက်ချင်းထုတ်ပယ်ခြင်း။

**sum-of-digits method** *n.* ပုံသေပိုင် ပစ္စည်းသက်တမ်းအစောပိုင်းကာလများ၌ မြင့်မားသည့် နှုန်းထားဖြင့်တန်ဖိုးလျှော့ချနည်း။

**summit** *n.* ထိပ်သီးညီလာခံ။ ထိပ်သီး တွေ့ဆုံပွဲ။ အထွတ်။

**summons** *n.* ဆင့်ဆိုခြင်း။ သမ္မန်စာ။ *v.* သမ္မန်စာဆင့်သည်။

**sump** *n.* (ကားအင်ဂျင်)ဆီခံခွက်။ ရေပုပ်သိုကျင်း။

**sumptuous** *adj.* ငွေကုန် ကြေးကျ များသော။ ခမ်းနားသော။

**sun-blind** *n.* နေကာ။ တရုတ်ကတ်။

**sundries** *n.* အထွေထွေ။ သောင်းပြောင်း။ အမျိုးမျိုး။ သဗ္ဗရန်း။

**sundry account** *n.* အထွေထွေစာရင်း။

**sundry assets** *n.* အမျိုးမျိုးရပိုင်ခွင့်။ အထွေထွေပိုင်ဆိုင်ပစ္စည်း။

**sundry creditor** *n.* အထွေထွေ မြီရှင်။

**sundry debtor** *n.* အထွေထွေမြီစား။

**sundry expenses** *n.* အထွေထွေအသုံးစရိတ်။

**sundry liabilities** *n.* အထွေထွေပေးလျော်ရန် တာဝန်။

**sundry outstanding liabilities** *n.* စာရင်းရှင်းလင်းရန်ကျန်ရှိနေသော ပေးလျော်ရန်တာဝန်။

**sunk cost** *n.* ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်တော့သော ပြီးဆုံးခဲ့သည့် အတိတ်ကာလဆုံးဖြတ်မှုကြောင့် ဖြစ်ပေါ်လာရသော ကုန်ကျစရိတ်။

**sunken log** *n.* ရေမြုပ်သစ်။

**super** *pref.* အလွန်။ အထူး။ အပေါ်။ အထက်။ *adj.* ထူးကဲသော။ အထူး။ *n.* ကြီးကြပ်သူ။

**superannuation** *n.* သက်ပြည့်အငြိမ်းစားလစာ။

**superannuation fund** *n.* သက်ပြည့်အငြိမ်းစားလစာရန်ပုံငွေ။

www.burmeseclassic.com

www.burmeseclassic.com



**supercargo** *n.* စူကာနီ။ ကုန်ခေါင်း။ သင်္ဘောစာရေး။ စက်လှေ စာရေး။

**supercharger** *n.*အင်ဂျင်လောင်စာဝင်ပေါက်တွင် လေဖိအားကဲ၍ မှုတ်သွင်းပေးသည့်ကိရိယာ။

**supercomputer** *n.*စွမ်းအားကြီးမားသည့် ကွန်ပျူတာ။ စူပါကွန်ပျူတာ။

**superfine** *adj.* အရည်အသွေးအထူးကောင်းမွန်သော။

**superfluity** *n.* ပိုလျှံနေခြင်း။ လိုအပ်သည်ထက် ပိုနေခြင်း။

**superglue** *n.* အထူးကော်။ဆွဲကပ်နိုင်စွမ်းကြီးမားသော ကော်။

**superintendent** *n.* ကြီးကြပ်သူ။ ရုံးအုပ်။

**supermarket** *n.* ကုန်ပဒေသာတိုက်။ စူပါမားကက်။

**superseniority** *n.* အထူးဝါရင့်ခြင်း။

**superstar** *n.* (ဂီတ၊ အနုပညာ၊ အားကစားစသည်တွင်)အကျော်အမော်။ ထင်ရှားကျော်ကြားသူ။

**superstore** *n.* ကုန်ပဒေသာဆိုင်ကြီး။ စတိုးဆိုင်ကြီး။

**supertanker** *n.* ရေနံမရေနံတင်သင်္ဘောကြီး။

**supertax** *n.* အပိုခွန်။

**supertare** *n.* ပိုပြီးပယ်ခြင်း။

**supervise** *v.* ကြီးကြပ်သည်။ ကြီးကြပ်ကွပ်ကဲသည်။

**supervision** *n.* ကြီးကြပ်မှု။ ကြီးကြပ်ကွပ်ကဲမှု။

**supervision charges** *n.* ကြီးကြပ်ခ။

**supervisior** *n.* ကြီးကြပ်သူ။ ကြီးကြပ်ရေးမှူး။

**supervisory** *adj.* ကြီးကြပ်ရေးနှင့် ဆိုင်သော။

**supervisory duty** *n.* ကြီးကြပ်ရေး တာဝန်။

**supervisory management** *n.* ကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု။

**supervisory staff** *n.* ကြီးကြပ်ရေး ဝန်ထမ်း။

**supper** *n.*မအိပ်မီစားသည့်ညစာ။



**supplement** *n.* ဖြည့်စွက်ချက်။ (ရောင်စုံ) အချပ်ပို။ နောက်ဆက်တွဲ။ အပိုဆောင်းကြေး။ *v.* အပိုဆောင်းသည်။ ဖြည့်စွက်သည်။

**supplementary benefit** *n.* အပိုဆောင်း ခံစားခွင့်။

**supplementary cost** *n.* ပုံသေကုန်ကျစရိတ်။ ထပ်ဖြည့်စရိတ်။ ကုန်ထုတ်လုပ်မှုအတွက်တိုက်ရိုက်ကုန်ကျစရိတ်မဟုတ်သည့်အခြားကုန်ကျစရိတ်။

**supplementary earning** *n.* ထပ်ဖြည့်လုပ်ရငွေ။ အပိုဆောင်းလုပ်ရငွေ။

**supplementary estimate** *n.* ထပ်ဖြည့်ခန့်မှန်းချက်။

**supplementary grant** *n.* ထပ်ဖြည့် ခွင့်ပြုငွေ။ အပိုဆောင်းခွင့်ပြုငွေ။

**supplementary industry** *n.* ထပ်မံဖြည့်စွက်လုပ်ငန်း။ အပိုဆောင်းလုပ်ငန်း။

**supplementary invoice** *n.* ထပ်ဖြည့်ကုန်ပို့စာရင်း။ အပိုဆောင်း ကုန်ပို့စာရင်း။

**supplier** *n* . ပေးသွင်းသူ။ ကုန်သွင်းသူ။

**supply** *n.* ရောင်းအား။ ကုန်သွင်းအား။ ပေးသွင်းခြင်း။ ပို့ပေးမှု။ ပို့ပေးခြင်း။ ထောက်ပံ့မှု။ ဖြည့်ပေးခြင်း။ *v.* ထောက်ပံ့သည်။ ဖြည့်စွမ်းသည်။

**supply and demand** *n.*ရောင်းလိုအားနှင့် ဝယ်လိုအား။ ရောင်းအားနှင့် ဝယ်အား။

**supply and demand forces** *n.* ရောင်းလိုအားနှင့် ဝယ်လိုအားစု။

**supply chain** *n.* ကုန်ပေးသွင်းခြင်း ကွင်းဆက်။

**supply-chain management** *n.* ကုန်ပေးသွင်းခြင်းကွင်းဆက်စီမံခန့်ခွဲမှု။

**supply price** *n.* ရောင်းလိုအားဈေး။

**supply schedule** *n.* ရောင်းလိုအားဇယား။

**supply -side** *adj.* ထုတ်ကုန်မြင့်ရန် အခွန်အကောက်လျှော့ချပေးမှုစနစ် ကျင့်သုံးသော။

www.burmeseclassic.com

www.burmeseclassic.com



**supply-side economics** *n.* ထုတ်ကုန်မြှင့်တင်ရန်အကောက်ခွန်လျှော့ချပေးမှုစနစ် ကျင့်သုံးသော စီးပွားရေး(စနစ်)။

**support** *n.* ဝိုင်းဝန်းကူညီမှု။ အားပေးထောက်ခံမှု။အထောက်အကူ။ အားကိုးအားထား။ အမှီသဟဲ။ အားကိုးရသူ။ *v.* အားပေးသည်။ချီးမြှင့်သည်။ထောက်ခံသည်။ အစာရေစာ လုံလောက်စွာ ထွက်ရှိသည်။

**supported price** *n.* တမင်တကာကြီးမြင့်အောင် ပြုလုပ်ထားသော ဈေးနှုန်း။

**supporter** *n.* ထောက်ခံအားပေးသူ။

**suppose** *v.* ယူဆသည်။ မှတ်ယူသည်။ အကြံပြုသည်။

**suppressed inflation** *n.*အထွေထွေကုန်ဈေးနှုန်း ကြီးမြင့်မှုကို ဈေးနှုန်းကန့်သတ်ခြင်း၊ ခွဲတမ်းစနစ် ကျင့်သုံးခြင်း စသည်ဖြင့် ဖိနှိပ်ချုပ်နှိမ်ခြင်း။

**surcharge** *n.* အပိုကြေး။ *v.* အပိုကြေး ယူသည်။

**sure** *adj.* ကျိန်းသေသော။ သေချာသော။ သံသယမရှိသော။

**surety** *n.* အာမခံ။ အာမခံသူ။ အာမခံအနေဖြင့် ရယူထားသည့် ရှယ်ယာလက်မှတ်၊ အိမ်ရာအဆောက်အအုံ စသည်။

**surety bond** *n.* အာမခံစာချုပ်။

**suretyship insurance** *n.* သမာဓိအာမခံ။

**surface mail** *n.* လေယာဉ်ဖြင့်မဟုတ်ဘဲ မီးရထား၊ ကားသင်္ဘောဖြင့် ပေးပို့သော စာ။

**surface transport** *n.* မြေပြင်ပို့ဆောင်ရေး။

**surface worker** *n.* မြေမျက်နှာပြင်အပေါ်တွင် လုပ်ကိုင်ရသော အလုပ်သမား။

**surfeit** *n.* အလျှံပယ်ဖြစ်ခြင်း။

**surgeon** *n.*ခွဲစိတ်ကုဆရာဝန်။

**surgery** *n.* ခွဲစိတ်ကုသမှု။ ဆေးခန်း။ ဆေးခန်းလူနာတွေ့ချိန်။

**surname** *n.* မိသားစုအမည်။

**surplus** *n.* အပိုအလျှံ။ အပို။ အပိုအမို။ အမြတ်အစွန်း။



**surplus balance of payment** *n.* အပို ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်။

**surplus fund** *n.* အပိုရန်ပုံငွေ။

**surplus labour** *n.* အပိုလုပ်အား။

**surplus labour and value theory** *n.* အပိုလုပ်အားနှင့်တန်ဖိုးပိုသီအိုရီ။

**surplus property act** *n.* ပစ္စည်းပို အက်ဥပဒေ။

**surplus resource** *n.* အပိုစွမ်းအားစု။

**surplus savings** *n.* အပိုစုမိငွေ။

**surplus value** *n.* အပိုတန်ဖိုး။

**surplus value theory** *n.* အပိုတန်ဖိုးသီအိုရီ။

**surplus weir** *n.* ရေပိုလွှတ်ဆည်။

**surrender value** *n.* အသက်အာမခံစာချုပ်သက်တမ်း မပြည့်မီပယ်ဖျက်ပါကအသက်အာမခံကုမ္ပဏီမှ ထုတ်ပေးမည့် ငွေပမာဏ။

**surrogacy** *n.* ကိုယ်စားဆောင်ရွက်ခြင်း။

**surround** *n.*ပတ်လည်ကလနား။ *v.* ပတ်သည်။ ဝိုင်းသည်။

**surroundings** *n.* ပတ်ဝန်းကျင်။

**surtax** *n.* အပိုခွန်။

**survey** *n.* ခြုံငုံလေ့လာခြင်း။ ဆန်းစစ်လေ့လာခြင်း။ စာရင်းကောက်ယူချက်။ ဆန်းစစ်လေ့လာချက်။ ဆန်းစစ်ခြင်း။ ပန္နက်ပုံ။ အသေးစိတ် လေ့လာတင်ပြခြင်း။(ကုန်ပစ္စည်းဆိုင်ရာ) လူထုသဘောထား၊ နှစ်သက်မှုကို မေးမြန်းလေ့လာခြင်း။ *v.* ဆန်းစစ်သည်။ သုံးသပ်သည်။ ကြည့်ရှု စစ်ဆေးသည်။ဆန်းစစ်လေ့လာသည်။

**surveying** *n.* မြေတိုင်းခြင်း။ မြေတိုင်းပညာ။

**suveyor** *n.* မြေတိုင်း။ (လုပ်ငန်းအရည်အသွေး) စစ်ဆေးသူ အရာရှိ။

**survive** *v.* အသက်ရှင်ကျန်ရစ်သည်။ ကြွင်းကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**survivor** *n.* သေကံမရောက် အသက်မပျောက် ကျန်ရစ်သူ။ လက်ကျန်။

**survivorship annuity** *n.* အမွေခံ နှစ်စဉ်ကြေး။

**survior's insurance** *n.* ကျန်ရစ်သူ အာမခံ။

**suspect** *v* မယုံသင်္ကာရှိသည်။ မယုံသင်္ကာဖြစ်သည်။ သံသယရှိသည်။ *n.* သံသယဖြစ်သူ။ မသင်္ကာဖွယ် ဖြစ်သူ။

**suspend** *v.* ဆိုင်းငံ့ထားသည်။ ရပ်ဆိုင်းထားသည်။ ရာထူးခေတ္တချထားသည်။

**suspended animation** *n.* (စီမံကိန်းစသည်) မဖျက်သိမ်းဘဲ ယာယီ ဆိုင်းငံ့ထားခြင်း။

**suspense account** *n.* ယာယီစာရင်း။

**suspense ledger** *n.* ယာယီလယ်ဂျာ။

**suspension** *n.*ဆိုင်းငံ့ခြင်း။ရာထူးချထားခြင်း။ ခေတ္တရာထူးချထားခြင်း။ (မော်တော်ယာဉ်ကိုယ်ထည်နှင့် ဝင်ရိုးဆက်သွယ်ပေးသည့်) ဆိုင်းထိန်းစနစ်။ ဆိုင်းထားခြင်း။

**suspension bridge** *n.* ကြိုးတံတား။

**suspension of payment** *n.* ပေးငွေဆိုင်းထားခြင်း။

**suspicion** *n.* မသင်္ကာမှု။ ဒွိဟ။ သံသယ။

**swag** *n.* အလှဆင် ပန်းဆိုင်း။

**swamp** *n.* စိမ့်။ ညွှန်ပျောင်း။ ရွံ့ညွှန်။

**swap** *n.* ဖလှယ်ခြင်း။ ကုန်ပစ္စည်းချင်း ဖလှယ်ခြင်း။ ဖလှယ်သည့်ကုန်ပစ္စည်း။ *v.* လဲလှယ်သည်။ ဖလှယ်သည်။

**swatch** *n.* အထည်နမူနာစ။

**sweated labour** *n.* မဝရေစာပေး၍ခိုင်းသည့် အလုပ်။

**sweating** *n.* ချွေးနှိုးစနစ်။

**sweatshirt** *n.* အားကစားသမားဝတ် ချွေးထိန်းအင်္ကျီလက်ရှည်။

**sweatshop** *n.* အလုပ်သမားများကို မဝရေစာပေး၍ ခိုင်းသည့် စီးပွားရေးလုပ်ငန်း။



**sweep** *v* တံမြက်လှည်းသည်။ လှည်းကျင်းဖယ်ရှားသည်။ *n.* တံမြက်လှည်းခြင်း။

**sweeper** *n.* တံမြက်လှည်းသမား။ တံမြက်လှည်းစက်။

**sweepings** *n.* လှည်းကျင်းဖယ်ရှားပစ်သော အမှိုက်သရိုက်။

**sweepstake** *n.* အောင်ဘာလေထီ။အရှုံးမြင်းလောင်းကြေးအားလုံးကို အနိုင်မြင်းလောင်းသူများကခွဲဝေယူသောမြင်းလောင်းနည်း။

**sweet** *n.* အချို။ သကြားလုံး။ အချိုပွဲ။ အချိုတည်းစရာ။

**sweet corn** *n.* သကြားပြောင်း။

**sweetener** *n.* ဆု။ ဆုလာဘ်။ငွေချေးစာချုပ်များ ရောင်းစွံစေရန် ယင်းစာချုပ်များကို စတော့ရှယ်ယာများအဖြစ် လွှဲပြောင်းနိုင်ခွင့်ပေးမည်စသည့်ဆွဲဆောင်မက်လုံးပေးမှု။

**sweetheart agreement** *n.* မရိုးဖြောင့်သော အလုပ်သမားသမဂ္ဂခေါင်းဆောင်က အလုပ်ရှင်နှင့်ပေါင်း၍ ရေးဆွဲထားသည့် (အလုပ်ရှင် အသာစီးရစေသော) အလုပ်ရှင်၊ အလုပ်သမားစာချုပ်။

**swimmer** *n.* ရေကူးသမား။

**swimming- bath** *n.* မိုးလုံ လေလုံ ရေကူးကန်။

**swimming- costume** *n.* ရေကူးဝတ်စုံ။

**swimming-pool** *n.* ရေကူးကန်။

**swimming- trunks** *n.* ရေကူးဘောင်းဘီ။

**swimsuit** *n.* (အမျိုးသမီး)ရေကူးဝတ်စုံ။

**swimwear** *n.* ရေကူး အဝတ်အထည်။ ရေကူးအဝတ်အစား။

**swindle** *v.* ကလိမ်ကျသည်။ လိမ်လည်သည်။ *n.* လိမ်လည်မှု။ ကလိမ်ကျမှု။

**swing credits** *n.* ကုန်သွယ်ဖက်စပ်နိုင်ငံချင်း ကုန်သွယ်ရာတွင် လိုငွေပေါ်နေသော်လည်း စာရင်းရှင်းလင်းရန် မလိုသေးပါဟု သဘောတူညီထားသည့် လိုငွေပမာဏ။

www.burmeseclassic.com

www.burmeseclassic.com



**swingeing** *adj.* ပြင်းထန်သော၊ ကြီးလေးသော။ (ဒဏ်ငွေ။ အခွန် စသည်)

**swinging mooring** *n.* သင်္ဘောလည် ဖော်ယာ။

**Swiss Franc** *n.* ဆွစ်ဖာလန်ဖရန့် ငွေ။ ဆွစ် ဖရန့်ငွေ။

**switch** *n.* ခလုတ်။ ပြောင်းခြင်း။

**switchback** *n* လွန်းထိုးရထားလမ်း။ *(Brit).* ရိုလာကိုစတာ၊ အပျော်စီးရထား။

**switchboard** *n.* (တယ်လီဖုန်း) စက်ခုံ၊ ခလုတ်ခုံ။

**switching** *n.* ရင်းနှီးမြှုပ်နှံမှု တစ်ခုကိုရောင်း၍ ရသည့်ငွေဖြင့် အခြားရင်းနှီးမြှုပ်နှံမှု တစ်ခုကို ဝယ်ယူခြင်း။

**SWOT** *abbr.* အားသာချက်များ၊ အားနည်းချက်များ၊အခွင့်အလမ်းများ၊ အန္တရာယ်များ။ Strengths, weakness, opportunities, threats.

**SWOT analysis** *n.* ကုမ္ပဏီလုပ်ငန်းများ၊ အမြတ်အစွန်းရရှိ၍ အောင်မြင်တိုးတက်စေရန် ပြုလုပ်သည့် ကုန်အရောင်းတွင် ကျယ်ရေးစီမံချက်အစိတ်အပိုင်း တစ်ရပ်ဖြစ်သော ကုမ္ပဏီ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် အန္တရာယ်များကို ဆန်းစစ် လေ့လာချက်။

**symbol** *n.* သင်္ကေတ။ အမှတ်အသား။ အမှတ်သညာ။

**symmetry** *n.* ခေါက်ချိုး ညီခြင်း။ အချိုးညီခြင်း။ အချိုးကျခြင်း။

**symposium** *n.* စာတမ်းဖတ်ပွဲ။ စာတမ်း။

**synchromesh** *n.* လိုအပ်သည့် ဂီယာကို လွယ်ကူချောမွေ့စွာ သွင်းစေနိုင်သည့် အရှိန်ပြောင်းကိရိယာ။

**syndicalism** *n.* စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ အလုပ်သမားသမဂ္ဂက ပိုင်ဆိုင်ချုပ်ကိုင်ရေးဝါဒ။ ဆင်ဒီကိတ်ဝါဒ။

**syndicate** *n.* လုပ်ငန်းစု။ အသင်းစု။ အဖွဲ့။ ဆင်ဒီကိတ်။



ကုမ္ပဏီစု၊ သမဝါယမအသင်းစု၊ လုပ်ငန်းစု စသည်။

**syndicated loan** *n.* လုပ်ငန်းအဖွဲ့အစည်းကြီး တစ်ခုအား ဘဏ်တစ်စုက (သဘောတူထားသည့် ငွေပမာဏအလိုက်) ထုတ်ချေးငွေ။

**synkosiring of plans** *n.* စီမံကိန်းများ ပေါင်းစုခြင်း။

**synkotic economic indices** *n.* လက်ဖြစ်စီးပွားရေး ဆန္ဒကိန်းများ။

**synthesis** *n.*စုပေါင်းညှိနှိုင်းခြင်း။ စုပေါင်းညှိနှိုင်းမှု။ပေါင်းစပ်ခြင်း။

**synthetic materials** *n.* ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ။

**syringe** *n.* ဆေးထိုးပြွတ်။

**syrup** *n.* သကြားရည်။သကာရည်။ သကာအရည်။ ဖျော်ရည်အဆီ။

**system** *n.* စနစ်။ နည်းစနစ်။ ဖွဲ့စည်းပုံ။ ဖွဲ့စည်းမှု။

**systematic** *adj.* စနစ်တကျဖြစ်သော။စည်းကမ်းတကျဖြစ်သော။ အစီအစဉ်တကျဖြစ်သော။

**system of accounts** *n.* ငွေစာရင်းစနစ်။

**system of direct exchange** *n.* တိုက်ရိုက်ဖလှယ်မှုစနစ်။

**system of management** *n.* အုပ်ချုပ်ပုံစနစ်။

**system of rating** *n.* နှုန်းထားစနစ်။

**system of units** *n.* ယူနစ်စနစ်။

**systems analysis** *n.* လုပ်ငန်းတစ်ခုကို အထိရောက်ဆုံး၊ အကျိုးဖြစ်စေရန် လုပ်ဆောင်ချက်အဆင့်ဆင့်ကို ကွန်ပျူတာအသုံးပြု၍ တွက်ချက် စစ်ဆေးသုံးသပ်ခြင်း။

**systems analyst** *n.* လုပ်ငန်းတစ်ခုလုံး ကွန်ပျူတာစနစ် အသုံးပြုရေးအတွက် ကွန်ပျူတာတပ်ဆင်ခြင်း၊ ပရိုဂရမ် ရေးဆွဲခြင်း၊ လိုအပ်သော အချက်အလက်များ ဖြည့်ဆည်းပေးခြင်း၊ ဝန်ထမ်းများအား ကွန်ပျူတာ လေ့ကျင့်သင်ကြားပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသူ။

www.burmeseclassic.com

www.burmeseclassic.com



## Tt

**tab** *v.* ကိုယ်ထည်၌ အစွန်းထုတ်ထားသော၊ ကိုယ်ထည်တွင် တပ်ထားသော၊ ဖတ်လတ်အစ၊ ကွင်း၊တံဆိပ်၊ကတ်ပြားစသည်။ (ဘီယာဘူးစသည်) ကွင်း။ *(US)* ပြေစာ။ ဘီလ်။

**tabasco** *n.* ငရုတ်ဆီတစ်မျိုး။

**table** *n.* စားပွဲ။ ခုံ။ ဇယား။ ဇယားအင်းစောက်။

**table cloth** *n.* စားပွဲခင်း။

**table d' hôte** *n.* (စားသောက်ဆိုင်တွင်) ပုံသေ ဈေးနှုန်းဖြင့် ရနိုင်သည့် တစ်နပ်စာဟင်း၊ ထမင်းအမည်။

**tablet** *n.* ဆေးပြား။ ကျောက်စာတိုင်။

**tableware** *n.* ပန်းကန်ခွက်ယောက်။

**tabular** *adj.* ဇယားချထားသော။

**tabular bookkeeping** *n.* ဇယားချ စာရင်းကိုင်ပညာ။

**tabular journal** *n.* ဇယားဂျာနယ်။

**tabular ledger** *n.* ဇယားလယ်ဂျာ။

**tabular method** *n.* ဇယားနည်း။

**tabular petty cash book** *n.* အသေးသုံးဇယားစာအုပ်။

**tabular purchases book** *n.* အဝယ်ဇယားစာအုပ်။

**tubular sales book** *n.* အရောင်းဇယားစာအုပ်။

**tubular standard of value** *n.* ဇယားပြတန်ဖိုးစံနှုန်း။

**tubulate** *v.* ဇယားဆွဲသည်။ ဇယားဖြင့်ပြသည်။

**tubulator** *n.* (ကွန်ပျူတာ တီးဘုတ်တွင်) ဇယားကွက်ဆွဲခလုတ်။

**tack** *n.* လမ်းကြောင်း။နည်းလမ်း။

**tackle** *v.* ဆိုင်ရှင်းသည်။ *n.* အား ကစားစသည်သုံး ကိရိယာ။ ငါး အလေးကို ချိမရန်ကြိုး၊စက်သီး စသည်။



**tacky** *adj.* အညံ့စား၊ အပေါစား (ကြော်ငြာ၊ စားသောက်ဆိုင်၊ အမှတ်တရ ပစ္စည်းစသည်)။

**tactic** *n.* လုပ်နည်း။ နည်းလမ်း။ နည်းဗျူဟာ။

**tactical planning** *n.* အချိန်တို အတွင်း ဖွံ့ဖြိုးအောင် အသေးစိတ် ဆောင်ရွက်ရမည့် နည်းဗျူဟာ စီမံကိန်း။

**tactician** *n.* အကွက်ချတတ်သူ။ နည်းဗျူဟာ ကျွမ်းကျင်သူ။

**tag** *n.* (ချိတ်ဆွဲရန်) စာတန်း၊ ကတ်ပြား။

**tailback** *n.* ရှေ့ကို မတိုးနိုင်သည့် ကားတန်းရှည်ကြီး။

**tailgate** *n.* ကုန်တင်ကားကြီး နောက်မြီးပိုင်း။ ကားတွင် ပင့်၍ဖွင့်ရသော နောက်လေကာမှန်ကား။

**tail-light** *n.* ကား၊ ရထားတို့၏ နောက်မီး။

**tailor** *n.* အပ်ချုပ်သမား။

**tailoring** *n.* အပ်ချုပ်ဆိုင်။ အပ်ချုပ်လုပ်ငန်း။ ချုပ်လုပ်ပုံ။ လက်ရာ။

**tailplane** *n.* လေယာဉ်နောက်မြီးပိုင်း။

**take** *n.* အချိန်ကာလတစ်ခုအတွင်း စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်းက ရရှိသည့် ငွေပမာဏ။

**take- away** *n.* စားစရာများကို အထုပ်နှင့်ဝယ်ယူသွားနိုင်သောဆိုင်။ ယင်းဆိုင်မျိုးမှ ဝယ်ယူခဲ့သည့် စားဖွယ်။

**take-home pay** *n.* အရပ်ရပ်နုတ်ပြီးနောက်အသားတင်ကျန်ရှိနေသည့် လစာငွေ။

**take-off** *n.* (ကုမ္ပဏီ၊ စီးပွားရေး) ဦးမော့ထောင်မတ်လာခြင်း။

**take-over** *n.* (ဦးစီးခေါင်းဆောင်မှု) လွှဲပြောင်းယူခြင်း။ ဝယ်ယူသိမ်းပိုက်ရန် ကြိုးစားခံရသည့် ကုမ္ပဏီ၊ ယင်းကုမ္ပဏီ ရှယ်ယာတို့ကို လူပုဂ္ဂိုလ်၊ ကုမ္ပဏီ အဖွဲ့အစည်း စသည်ကဝယ်ယူခြင်း။

**take over** *(PHRV)* အခြားသူတစ်ဦးထံမှ တာဝန်လွှဲပြောင်းရယူသည်။ ကုမ္ပဏီ၊ လုပ်ငန်းစသည်ကို ဝယ်ယူ သိမ်းပိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကုမ္ပဏီရှယ်ယာများကို ဝယ်ယူစုဆောင်းပြီးယင်းကုမ္ပဏီ အပေါ် ခြယ်လှယ်ချုပ်ကိုင်သည်။

**take out** *(PHRV)* (အသက်အာမခံစာချုပ်၊ မူပိုင်ခွင့်စသည်) တရားဝင် ရယူစာချုပ် ချုပ်ဆိုသည်။ (ဘဏ်မှငွေ)ထုတ်သည်။ (ငွေ) နုတ်သည်။ ဖြတ်သည်။

**takeover bid** *n.*ကုမ္ပဏီ၊ လုပ်ငန်း အဖွဲ့အစည်းတစ်ရပ်အား ချုပ်ကိုင် ခြယ်လှယ်နိုင်ရန် အတွက် ယင်းကုမ္ပဏီရှယ်ယာ ပိုင်ရှင်များ၏ ရှယ်ယာများကို ဈေးနှုန်းတစ်ရပ်ဖြင့် ဝယ်ယူရန် ကမ်းလှမ်းခြင်း။

**take-up** *n.* အနုတ်အသိမ်း ပမာဏ။

**take up** *(PHRV)* (အလုပ်) ဝင်သည်။

**takings** *n.* ရောင်းရငွေ။ စီးပွားရေးလုပ်ငန်း တစ်ရပ်၊ ဆိုင်တစ်ဆိုင်စသည်၏ ရောင်းရငွေများ။

**talent** *n.* ပင်ကိုစွမ်းရည်။ပင်ကိုစွမ်းရည်ရှိသူ။ အထုံပါရမီရှိသူ။

**talk** *n.* ဆွေးနွေးခြင်း။ စကားလက်ဆုံပြောဆိုခြင်း။ ဟောပြောချက်။ မိန့်ခွန်း။

**talker** *n.* နှုတ်ရေး(ကြွယ်၊ ကျွမ်းကျင်လိမ္မာစသည်) သူ။ အပြောသမား။

**talking - point** *n.* ဆွေးနွေးရန်အချက်။

**tallboy** *n.* အံအဆင့်ဆင့်ပါရှိသော ဗီရိုအမြင့်။

**tall order** *n.* မလွယ်ကူသော လုပ်ငန်း။

**tall orgánization structure** *n.* ပိရမစ်ပုံ ဖွဲ့စည်းမှုဖယားအရ အမျိုးမျိုးသော စီမံခန့်ခွဲမှုအဆင့် အတန်းများနှင့် ဖွဲ့စည်းထားရှိသည့် တည်ဆောက်ပုံ။

**tallow** *n.* အမဲဆီ။

**tally** *n.* စာရင်း။ ဂရိ။ တာလီ။ သုံးစွဲငွေ။ ကုန်ပစ္စည်းစာရင်းစသည် စာရင်း။ *v.* (စာရင်း) ကိုက်ညီသည်။ ကိုက်သည်။ (စာရင်း၊ ကိန်းဂဏန်း စသည်



ကိုက်ညီသည်။ (ပြောဆိုချက်များ)ရှေ့နောက် ညီညွတ်သည်။

**tallying** *n.* ကိုက်ညီခြင်း။

**tangible** *adj.* အမှန်တကယ်ရှိသော။ လက်ဆုပ်လက်ကိုင်ပြနိုင်သော။ အထည်ကိုယ်ဒြပ် ရှိသော။

**tangible asset** *n.* အထည်ကိုယ် ဒြပ်ရှိသော ပိုင်ဆိုင်ပစ္စည်း။

**tangible goods** *n.* အထည် ကိုယ်ဒြပ်ရှိသော ကုန်ပစ္စည်း။

**tangible property** *n.* အထည် ကိုယ်ဒြပ်ရှိသော ပစ္စည်း။

**tangibles** *n.* **Also** tangible asset.

**tank** *n.*အရည်၊ဓာတ်ငွေ့သိုလှောင်ရန် ကန်။ ဘူး။ တိုင်ကီ။

**tankard** *n.* လက်ကိုင်ပါသော ခွက်ကြီး။ မတ်ခွက်ကြီး။

**tanker** *n.* ဓာတ်ငွေ့၊ လောင်စာဆီစသည် သယ်ယူရာတွင် အသုံးပြုသောသင်္ဘော၊ လော်ရီကား၊ လေယာဉ်ပျံ။

**tanner** *n.* သားရေနယ်သမား။

**tannery** *n.* သားရေနယ်ရုံ။

**tannin** *n.* သားရေနယ်ရာနှင့် မင်ပြုလုပ်ရာတွင် အသုံးပြုသည့် သစ်ရွက်၊ သစ်သီး၊သစ်ခေါက်မှရသော သဘာဝဆိုးဆေး။

**tanning** *n.* သားရေနယ် အတတ်ပညာ။

**tanning bark** *n.* သားရေနယ် အခေါက်။

**tanning material** *n.* သားရေနယ် ပစ္စည်း။

**tap** *n.* ဘုံဘိုင်ခေါင်း။ ပိုက်ခေါင်း။

**tap water** *n.* ဘုံဘိုင်ရေ။

**tape** *n.* ကြိုးပြား။ တိပ်ကြိုး။ တိပ်ခွေ။ အသံသွင်း ကြိုးခွေ။ *v.* ကြိုးပြားဖြင့် ချည်သည်။ တိပ်ဖြင့် ကပ်သည်။ တိပ်ခွေဖြင့် အသံသွင်း၊ ဖမ်းသည်။

**tape-measure** *n.* ပေကြိုး။

**tar** *n.* ကတ္တရာဆေး။ ဆေးချေး။

**tare** *n.* ထုပ်ပိုးပစ္စည်း အလေးချိန်။ သယ်ယူပို့ဆောင်သော ယာဉ်အလေးချိန်။ ပယ်ခြင်း။

**target** *n.* ရည်မှန်းချက်။ပန်းတိုင်။ ပစ်မှတ်။ ကုန်ပစ္စည်းကိုကြော်ငြာခြင်း၊ရောင်းချခြင်းပြုရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အဓိက ရည်ရွယ်သတ်မှတ်ထားသည့် အသက်အရွယ်၊ လူတန်းစား၊ အုပ်စုစသည်။ *v.* ရည်မှန်းသည်။ ပစ်မှတ်ထားသည်။ သက်ဆိုင်ရာ ကုန်ပစ္စည်းအား ဝယ်ယူရန် အလားအလာရှိသည့် လူတန်းစား၊ အသက်အရွယ်၊ လူစု၊ အုပ်စု အကြိုက်တွေ့မည့် နည်းလမ်းများဖြင့် ဆွဲဆောင်ကြော်ငြာရောင်းချသည်။

**target company** *n.* ဝယ်ယူသိမ်းပိုက်ရန် ကြိုးပမ်းမှု ခံနေရသည့် ကုမ္ပဏီ။

**target costing** *n.* သတ်မှတ်ခန့်မှန်းကုန်ကျစရိတ်။

**target group index** *n.* ကုမ္ပဏီမျိုးစုံက ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းမျိုးစုံနှင့် ပတ်သက်ပြီး၊ အများပြည်သူတို့အား တွေ့ဆုံမေးမြန်း၍ ရရှိလာသည့် အချက်အလက်များအပေါ် အခြေခံရေးသား ပြုစုထားသော အစီရင်ခံစာအညွှန်း။

**target marketing** *n.* ပြန့်ကျဲနေသည့် ဈေးကွက်များကို သတ်သတ်မှတ်မှတ် ဦးတည်၍ အရောင်းဈေးကွက်အဖြစ်ဆောင်ရွက်ခြင်း။

**tariff** *n.* သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အခွန်၊ ဈေးနှုန်းစာရင်း။ ဟိုတယ်တွင် သတ်မှတ်ဖော်ပြထားသည့်အခိုးအခစာရင်း။ အခွန်အကောက်နှုန်း။ အခွန်အကောက်နှုန်း စာရင်း။

**tariff board** *n.* အခွန်အကောက်နှုန်းဘုတ်အဖွဲ့။ အခွန်အကောက်နှုန်းအဖွဲ့။

**tariff company** *n.* အခြားအာမခံကုမ္ပဏီများနှင့် အာမခံပရီမီယံကြေးနှုန်းထားများ တစ်ပြေးညီတည်း ဖြစ်စေရန် ညှိနှိုင်းသဘောတူညီမှု ရယူထားသည့် အာမခံကုမ္ပဏီ။

**tariff for revenue only** *n.* အခွန်တော်အတွက် အခွန်အကောက်တော်။

**tariff information catalogue** *n.* အခွန်အကောက်နှုန်းထား ကက်တလောက်။



**tariff union** *n.* အခွန်အကောက်နှုန်းထားဆိုင်ရာ အုပ်စု။

**tariff wall** *n.* အခွန်အကောက်တံတိုင်း။

**tariff war** *n.* အခွန်အကောက်ရေးရာစစ်။

**tarmac** *n.* နိုင်လွန်ကတ္တရာ။ နိုင်လွန်ကတ္တရာ ခင်းထားသည့် လေယာဉ်ပြေးလမ်း။

**tarnish** *n.* (သတ္တု) ကြေး အညိုတက်ခြင်း။ *v.* (သတ္တု)အရောင်မှေးမှိန်သည်။ ဂုဏ်သိက္ခာစွန်းထင်းသည်။ နာမည်ပျက်သည်။

**tarpualin** *n.* မိုးရေခံဖျင်။ မိုးရေကာဖျင်။ တာပေါ်လင်အစ။

**task** *n.* လုပ်ငန်းတာဝန်။ အလုပ်။ လုပ်ငန်း။

**task force** *n.* အထူးလုပ်ငန်းအဖွဲ့။ အထူးတာဝန်တပ်ဖွဲ့။

**taste** *n.* အရသာခံနိုင်စွမ်း။ အရသာ။ မြည်းစမ်းခြင်း။ အတွေ့အကြုံ။

**taster** *n.* ဝိုင်အရက်၊ လက်ဖက်ရည်၊ ကော်ဖီ စသည်ကို အရသာ မြည်းစမ်းအကဲဖြတ်ရသူ။

**tasting** *n.* မြည်းခြင်း။ မြည်းပွဲ။ မြည်းစမ်းပွဲ။

**tax** *n.* အခွန်။ အခွန်အတုတ်။ *v.* အခွန်စည်းကြပ်သည်။ အခွန်ဆောင်သည်။ အခွန်ထမ်းသည်။ (ယာဉ်ခွန်၊ ဘီးခွန်စသည်)အခွန်ဆောင်သည်။

**taxable** *adj.* အခွန်တော်ဆောင်ရန် ဖြစ်သော။

**taxable capacity** *n.* အခွန်ထမ်းဆောင်နိုင်အား။

**taxable income** *n.* အခွန်စည်းကြပ်ခြင်းခံရမည့်ဝင်ငွေ။

**tax accountant** *n.* အခွန် ဆိုင်ရာ ကျွမ်းကျင်စာရင်းကိုင်။

**tax allowance** *n.* အခွန်ကင်းလွတ်ခွင့်ပြုထားသည့်သတ်မှတ်ဝင်ငွေ။

**tax and price index** *n.* ဝင်ငွေခွန် စည်းကြပ်ခံရသူများ အနေဖြင့်ပုံမှန်တက်လာသည့်ဈေးနှုန်းများနှင့် ကာမိစေရန် ဝင်ငွေတိုးလာမှုကြောင့် ထပ်တိုးထမ်းဆောင်ရမည့် အခွန်ငွေ အပါအဝင် ထပ်တိုးရရှိလာမည့် ဝင်ငွေအတိုင်းအတာ။

www.burmeseclassic.com

www.burmeseclassic.com



**tax assessment** *n.* အခွန်စည်းကြပ်ခြင်း။

**taxation** *n.* အခွန်ကောက်ခြင်း။ အခွန်စည်းကြပ်ခြင်း။ကောက်ခံခြင်း။ အခွန်အကောက်။

**tax avoidance** *n.* အခွန် သက်သာအောင် စာရင်းလိမ်ခြင်း။ အခွန်ရှောင်ခြင်း။

**tax base** *n.* အခွန်အခြေခံ။ အခွန်ကောက်ခံရမည့် ဝင်ငွေရှိရာ ဓာတ်မြစ်။

**tax bracket** *n.* နှုန်းထားတူ အခွန်စည်းကြပ်ခံရမည့်ဝင်ငွေ အုပ်စု။

**tax break** *n.* အချို့သော စီးပွားရေးလုပ်ငန်း၊ကုမ္ပဏီငယ်စသည်တို့ကို အထောက်အကူဖြစ်စေရန် အခွန်လျှော့ပေါ့ပေးခြင်း။

**tax burden** *n.* အခွန်ဝန်ထုပ်ဝန်ပိုး။

**tax collections** *n.* ကောက်ခံရရှိသော အခွန်ငွေ။

**tax collector** *n.* အခွန်ကောက်သူ။ အခွန်တော်ကောက်ခံသူ။

**tax credit** *n.* ယခင်အခွန်ငွေ ပေးဆောင်ထားပြီး ဖြစ်သဖြင့် အခွန်ငွေတောင်းခံလွှာအပေါ် တွင် လျှော့ပေးငွေ။

**tax deductible** *adj.* ဝင်ငွေ စုစုပေါင်းမှ အခွန်မကြီးကြပ်မီ နုတ်နိုင်သော (အသုံးစရိတ် စသည်)။

**tax deductible tax** *n.* ဝင်ငွေ စုစုပေါင်းမှ အခွန်မစည်းကြပ်မီ နုတ်ထားနိုင်ခွင့်ရှိသော အသုံးစရိတ်။

**tax-deferred contributions** *n.* အခွန်ရွှေ့ဆိုင်းပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာ ပိုမိုအဆင် ပြေစေခြင်း။

**tax disc** *n.*ယာဉ်ခွန်၊ဘီးခွန်ဆောင် ပြီးကြောင်း သက်သေခံ လက် မှတ်။ ဝိုးတာက်။

**tax dodging** *n.* အခွန်လှည့်ခြင်း။

**tax evasion** *n.* အခွန်ရှောင်ခြင်း။ အခွန်ရှောင်မှု။

**tax exempt** *adj.* အခွန်ကင်း လွတ်ခွင့်ရသော။

**tax exemption** *n.* အခွန်လွတ် ငြိမ်းခြင်း။အခွန်ကင်းလွတ်ခြင်း။



ဝင်ငွေခွန် စည်းကြပ်ခြင်း ကင်းလွတ်ခွင့်ပြုသည့် သတ်မှတ်ဝင်ငွေ။

**tax exile** *n.* ဇာတိနိုင်ငံတွင် အခွန်တိမ်းရှောင်နိုင်ရန်အတွက်၊အခွန်များများ ဆောင်ရခြင်းမရှိသည့် နိုင်ငံတွင် နေထိုင်သော ကြွယ်ဝချမ်းသာသူ။

**tax form** *n.* ဝင်ငွေကြေညာချက်အတွက် ဖြည့်သွင်းပေးရသော ပုံစံ။

**tax free** *adj.* အခွန်ကင်းလွတ်သော(လက်ဆောင်ပစ္စည်း၊ ဝင်ငွေ စသည်)။

**tax free allowance** *n.* Also tax allowance.

**tax haven** *n.* ဝင်ငွေခွန်စည်းကြပ်မှု သက်သာခြင်းကြောင့် အခြားနိုင်ငံများမှ အခွန်ထမ်း၊ လုပ်ငန်းရှင်များ ဝင်ရောက်ခိုလှုံရာ နိုင်ငံ။

**tax holiday** *n.* စီးပွားရေး လုပ်ငန်းသစ်များကို အားပေးသည့် အနေဖြင့် သက်သာသော နှုန်းထားဖြင့် အခွန်ပေးဆောင်ရန်၊ အခွန်ပေးဆောင်ခြင်း မပြုရန် စသည်ဖြင့် အစိုးရက သဘောတူခွင့်ပြုထားသည့် ကာလအပိုင်းအခြား။

**taxi** *n.* တက္ကစီ။ အငှားကား။

**tax incentive** *n.* စီးပွားရေးလုပ်ငန်းများကို အားပေးသည့် အနေဖြင့် အခွန်အတုတ်များကို လျှော့ချပေးခြင်း။

**tax in kind** *n.* ကုန်ပစ္စည်းပေး အခွန်။

**tax inspector** *n.* အမြတ်တော်ခွန်၊ ဝင်ငွေခွန် ကြီးကြပ်သူ။

**taxi rank** *n.* တက္ကစီဂိတ်။ အငှားကား စခန်း။

**tax limit** *n.* အခွန်ကန့်သတ်ခြင်း။ အခွန်စည်း။

**tax loss** *n.* ပေးဆောင်ရမည့် အခွန်လျော့နည်းစေရန် အခွန်ဌာနသို့ တင်ပြသည့် ဆုံးရှုံးငွေ။

**taxman** *n.* အခွန်တော် ကောက်ခံသူ။

**tax offset** *n.* Also tax credit.

**tax payer** *n.* အခွန်ထမ်း။ အခွန်ပေးဆောင်ရသူ။ လုပ်ငန်း၊ ကုမ္ပဏီ။

www.burmeseclassic.com

www.burmeseclassic.com



**tax rate** *n.* အခွန်နှုန်း။ အခွန်နှုန်းထား။

**tax relief** *n.* အခွန်စည်းကြပ်ရာတွင် သက်သာခွင့်။

**taxresearch** *n.*အခွန်သုတေသန။

**tax return** *n.* အခွန်စည်းကြပ်ရာတွင်တင်ပြသည့် ဝင်ငွေစာရင်း။ ဝင်ငွေကြေညာချက်၊ ဖြည့်သွင်းရေးသားဖော်ပြရသည့် ပုံနှိပ်ပုံစံ။

**tax schedule** *n.* အခွန်ငွေ စည်းကြပ်ရန် သတ်မှတ်ထားသည့် ဝင်ငွေအမျိုးအစား ခြောက်မျိုး။

**tax selling** *n.* အခွန်အတွက် ရောင်းခြင်း။

**tax sharing** *n.* အခွန်ဝေမျှခြင်း။

**tax shelter** *n.* တရားဝင် အခွန်သက်သာစေသည့်နည်း။

**tax threshold** *n.* အခွန်စတင်ထမ်းဆောင်ရမည့် လူတစ်ဦး၏ ဝင်ငွေအဆင့်။

**tax system** *n.* အခွန်စနစ်။

**tea** *n.* လက်ဖက်ပင်။ လက်ဖက်ရွက်။ လက်ဖက်ခြောက်။ လက်ဖက်ရည်။

**tea bag** *n.* တစ်ခွက်စာ လက်ဖက်ခြောက် အိတ်ငယ်။

**tea break** *n.* (စက်ရုံ၊ အလုပ်ရုံ၊ ရုံးတို့တွင်)လက်ဖက်ရည်သောက်ရန် ခေတ္တနားချိန်။

**teach** *v.* သင်ပေးသည်။ သင်ပြသည်။ဆရာအလုပ်ဖြင့်အသက်မွေးသည်။ သင်ခန်းစာ ပေးသည်။ ပြသသည်။

**teachable** *adj.* သင်ပြနိုင်သော။ သင်ပေးနိုင်သော။ သင်ယူနိုင်သော။ သင်ပေး၍ရသော။

**teacher** *n.*ကျောင်းဆရာ။ ကျောင်းဆရာမ။

**tea chest** *n.* လက်ဖက်ခြောက်ပုံး။

**teak** *n.* ကျွန်းသစ်။

**team** *n.* အားကစားအသင်း။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားသည့်အဖွဲ့။ အဖွဲ့။

**team-mate** *n.* အဖွဲ့သား၊အသင်းသား။

**team spirit** *n.* အသင်းအဖွဲ့ စိတ်ဓာတ်။

**teamster** *n.* လော်ရီကား မောင်းသမား။



**teamwork** *n.* ပူးပေါင်း ဆောင်ရွက်မှု။

**tea party** *n.* (မွန်းလွဲပိုင်းတွင်ကျင်းပလေ့ရှိသော) လက်ဖက်ရည် ဧည့်ခံပွဲ။

**teapot** *n.* လက်ဖက်ရည်ကရား။

**tear** *n.* အပေါက်အပြဲ။ *v.* ပေါက်ပြဲသွားသည်။

**tearoom** *n.* လက်ဖက်ရည်ဆိုင်။

**tea-table** *n.* လက်ဖက်ရည်စားပွဲ။

**tea time** *n.* လက်ဖက်ရည်သောက်ချိန်။

**tea trolley** *n.* လက်ဖက်ရည်လိုက်လံတည်ခင်းရာတွင် သုံးသည့် ဘီးတပ်စားပွဲငယ်။

**tech** *n.* စက်မှုသိပ္ပံကျောင်း။စက်မှုသိပ္ပံကောလိပ်။

**technical** *adj.* နည်းပညာ။ စက်မှု လက်မှုပညာ။ ပညာရပ်ဆန်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ။

**technical analysis** *n.* စက်ရုံသုံးဓာတ်ခွဲခြင်း။

**technical assistance** *n.* လုပ်ငန်းကျွမ်းကျင်မှု ကူညီရေး။ နည်းပညာ အကူအညီပေးရေး။ စက်မှုလက်မှုပညာ အကူအညီပေးရေး။

**technical assistant** *n.* နည်းပညာ လက်ထောက်။ စက်မှုလက်မှုပညာကျွမ်းကျင်မှု လက်ထောက်။

**technical author** *n.* စက်မှုနည်းပညာ၊ ကွန်ပျူတာဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံ၊ အသုံးပြုပုံများကို ဖော်ပြထားသည့် စက်မှု ဆိုင်ရာ၊နည်းပညာ ဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံ၊ အသုံးပြုပုံများကို ဖော်ပြထားသည့် စက်မှုဆိုင်ရာ နည်းပညာဆိုင်ရာ လက်စွဲစာအုပ်များ ပြုစုရေးသားသူ။

**technical change** *n.*နည်းပညာ ပြောင်းလဲခြင်း။

**technical college** *n.*စက်မှုသိပ္ပံ။

**technical cooperation** *n.*လုပ်ငန်း အတတ်ပညာပူးပေါင်းဆောင်ရွက်မှု။

**technical correction** *n.* ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်း၊

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသုံးငွေကြေးစသည်အလွန်အမင်း ဈေးအတက်အကျ ဖြစ်ရာမှ ပုံမှန်ဈေးနှုန်းသို့ပြန်တက်၊ ပြန်ကျလာခြင်း။

**technical hitch** *n.* စက်ချွတ်ယွင်းမှု။စက်ပိုင်းဆိုင်ရာ အထစ်အငေါ့။

**technical information** *n.* စက်မှုသိမှတ်ဖွယ်ရာ။

**technical method** *n.* နည်းပညာဆိုင်ရာနည်းလမ်း။

**technical officer** *n.* နည်းပညာ အရာရှိ။ စက်မှုလက်မှုအရာရှိ။

**technical progress** *n.* နည်းပညာတိုးတက်ခြင်း။

**technical relationship** *n.* နည်းပညာဆိုင်ရာ ဆက်စပ်မှု။

**technical skill** *n.* နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု။

**technical training** *n.* စက်မှုပညာသင်ကြားပေးခြင်း။ နည်းပညာဆိုင်ရာဆိုင်ရာ သင်ကြားပေးခြင်း။

**technician** *n.* ကျွမ်းကျင်သူ။ နည်းပညာရှင်။ အတတ်ပညာရှင်။

**technocracy** *n.* တက်ကနိုကရေစီ။ စက်မှုပညာရှင်၊ သိပ္ပံပညာရှင်များ ကြီးစိုးခြင်း။ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်လုံးကို စက်မှုလက်မှုပညာရှင်၊ အင်ဂျင်နီယာ၊ သိပ္ပံပညာရှင်များက ချုပ်ကိုင်ခြယ်လှယ်ကြီးစိုးခြင်း။

**technocrat** *n.* နိုင်ငံရေး၊ စက်မှုလုပ်ငန်းကဏ္ဍတို့တွင် အရှိန်အဝါကြီးမားသော သိပ္ပံ၊ စက်မှုပညာရှင်။

**technological** *adj.* နည်းပညာဆိုင်ရာ။ နည်းပညာနှင့်ဆိုင်သော။

**technological change** *n.* နည်းပညာပြောင်းလဲမှု။

**technological design** *n.* လုပ်ငန်းအတတ်ပညာဆိုင်ရာဒီဇိုင်း။

**technological progress** *n.* နည်းပညာဆိုင်ရာတိုးတက်မှု။



**technological unemployment** *n.* နည်းပညာဆိုင်ရာတိုးတက်ပြောင်းလဲလာမှုကြောင့် အလုပ်လက်မဲ့ဖြစ်ပေါ်မှု။ စက်မှုဆိုင်ရာ တိုးတက်မှု ဖြစ်ပေါ်မှုကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်း။

**technologist** *n.* နည်းပညာရှင်။

**technology** *n.* နည်းပညာ။ စက်မှုပညာ။အသုံးချသိပ္ပံပညာ။

**tee** *n.* ဂေါက်သီးစတင်ရိုက်ရာတီခုံ။ ဂေါက်သီးတင်ရိုက်သည့်တီချောင်း။

**Teflon** *n.* (ဒယ်အိုး၊ ခွက်အတွင်းဘက်တွင် ခံလေ့ရှိသော) အပူဒဏ်ခံ၍ မကပ်သော ပလတ်စတစ်တစ်မျိုး။

**telecommunications** *n.* ရေဒီယို၊ တယ်လီဖုန်း၊ ကြေးနန်း၊ တယ်လီဗေးရှင်း စသည်တို့နှင့် ဆက်သွယ်ခြင်း။

**telecoms** *abbr* ရေဒီယို၊ ဖုန်း၊ ကြေးနန်း၊ တီဗီ စသည်တို့ဖြင့် ဆက်သွယ်ခြင်း။ telecommunications.

**telecottage** *n.* (ကျေးလက်ဒေသများတွင်) ဒေသခံများ အသုံးပြုနိုင်ရန် ကွန်ပျူတာများ ထားရှိသော အခန်း၊ အဆောက်အအုံငယ်။

**telegram** *n* ကြေးနန်းစာ။ သံကြိုးစာ။

**telegraph** *n.* ကြေးနန်း။ *v.* ကြေးနန်းရိုက်သည်။ သံကြိုးရိုက်သည်။

**telegraphic transfer** *n.* ဘဏ်တစ်ဘဏ်မှ အခြားမြို့တစ်မြို့၊ အခြားနိုင်ငံရှိ ဘဏ်တစ်ဘဏ်မှတစ်ဆင့် လူပုဂ္ဂိုလ်တစ်ဦးထံ ကြေးနန်းစနစ်ဖြင့် အမြန်ငွေပို့သည့် နည်းစနစ်။

**telegraph pole** *n.* ကြေးနန်းတိုင်။

**telemarketing** *n.* တယ်လီဖုန်းဖြင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည် ဝယ်ယူရန် အလားအလာရှိသူထံ ပြောဆို ဆက်သွယ်ခြင်း။

**telemessage** *n.* သံကြိုးစာ။ ကြေးနန်းစာ။

www.burmeseclassic.com

www.burmeseclassic.com



**telephone** *n.* တယ်လီဖုန်း။ ဖုန်း၊ *v.* ဖုန်းဆက်သည်။ ဖုန်းဆက်သည်။ ဖုန်းပြောသည်။

**telephone directory** *n.* တယ်လီဖုန်း လမ်းညွှန်စာအုပ်။

**telephone exchange** *n.* တယ်လီဖုန်းရုံး။ ဖုန်းရုံး။

**telephone number** *n.* တယ်လီဖုန်းနံပါတ်။

**telephone operator** *n.* တယ်လီဖုန်းအော်ပရေတာ။

**telephone research** *n.* တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်း၍ ကုန်ပစ္စည်းအမျိုးအစား၊ ဈေးနှုန်း၊ အရောင်းလိုက်သည့် ကုန်ပစ္စည်း၊ အမြင့်ဆုံး ဈေးနှုန်း စသည်ကို စူးစမ်းလေ့လာခြင်း။

**telephone selling** *n.* တယ်လီဖုန်းအသုံးပြု၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ခြင်း၊ အခကြေးငွေဖြင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်း။ တယ်လီဖုန်းအသုံးပြု၍ ကုန်ရောင်းရသော ငွေ။

**telephony** *n.* တယ်လီဖုန်းဖြင့် ဆက်သွယ်မှု။

**teleprinter** *n.* ဖုန်းလိုင်းဖြင့်ပေးပို့သော အကြောင်းကြားချက်ကို ဖမ်းယူပြီး ရိုက်ကူးပေးသော ဆက်သွယ်ရေးစက်။ တယ်လီပရင်တာ။

**teleprompter** *n.*ရုပ်မြင်သံကြား အစီအစဉ်တွင် စကားပြောသူများ သရုပ်ဆောင်များအတွက် စကားထောက်ကိရိယာ။

**telesales** *n* **Also** telephone selling.

**teletext** *n.* ရုပ်မြင်သံကြားပြသနေစဉ် ဖန်သားပြင်ပေါ်တွင် ထိုးပြသည့်စာတန်း။

**teletext output of price information** *n.* နိုင်ငံတကာ စတော့ရှယ်ယာဈေးကွက်တွင် စတော့ရှယ်ယာအရောင်းအဝယ် ဈေးနှုန်းဆိုင်ရာ အချက်အလက်များကို (ကွန်ပျူတာစနစ်ဖြင့်) ဆောင်ရွက်ခြင်း။

**telethon** *n.* အလှူငွေရရှိရန် ထုတ်လွှင့်သည့် ရှည်လျားလှသောရုပ်မြင်သံကြားအစီအစဉ်။



**televise** *n.* ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည်။

**television** *n.* ရုပ်မြင်သံကြားစက်။ရုပ်မြင်သံကြားအစီအစဉ်။ ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ်။ ရုပ်မြင်သံကြား ဌာန။

**television rating** *n.* ရုပ်မြင်သံကြားအစီအစဉ်တစ်ရပ်ကို လူကြိုက်မည်မျှများပြားလှကြောင်း ဖော်ပြသည့် ကြည့်ရှုသူ (ကြော်ငြာထည့်သွင်းရန် အတွက် ဆုံးဖြတ်နိုင်ရန်) ရာခိုင်နှုန်း အတိုင်းအတာ။

**teleworking** *n.* တယ်လီဖုန်း၊ ကွန်ပျူတာတို့ဖြင့် အိမ်မှ ရုံးဌာနနှင့် အခြားပုဂ္ဂိုလ်များထံ ဆက်သွယ်၍ အိုးမကွာအိမ်မကွာ အလုပ်လုပ်ကိုင်ခြင်း။

**telex** *n.* တဲလက်(စ်)ရိုက်စက်ဖြင့် ဖုန်းလိုင်းမှ တစ်ဆင့်စာပို့ လက်ခံနိုင်သော စနစ်။ ယင်းကဲ့သို့ ပေးပို့ရရှိသော စာ။တဲလက်(စ်)စက်။ *v.* တဲလက်(စ်)ဖြင့် ဆက်သွယ်သည်။

**tell** *n.* ဖော်ပြသည်။ ညွှန်ပြသည်။ ပြောပြသည်။ ပြောသည်။ ပြောနိုင်သည်။

**teller** *n.* ဘဏ်တွင် ငွေလက်ခံသူ၊ ငွေထုတ်ပေးသူ။ ဘဏ်စာရေး။

**temp** *n.* ယာယီဝန်ထမ်း။ ခေတ္တခန့်အပ်ထားသူ။ *v.* ယာယီဝင်ရောက်လုပ်ကိုင်သည်။

**temperance** *n.* မြှုးခြံခြင်း။ ဆင်ခြင်ခြင်း။ အရက်သေစာ ရှောင်ကြဉ်ခြင်း။

**temperature** *n.* အပူအအေးပမာဏ။ အပူချိန် ဒီဂရီ။

**temperature control** *n.* အပူချိန် ထိန်းခြင်း။

**temperature controller** *n.* အပူချိန်ထိန်း ကိရိယာ။

**temporary** *adj.* ယာယီ၊ ခေတ္တ။

**temporary adjustment** *n.* ယာယီညှိခြင်း။

**temporary admission** *n.* ယာယီကုန်သွင်းခွင့်။ ကုန်ယာယီဝင်ခွင့်။

**temporary annuity** *n.* ယာယီနှစ်စဉ်ကြေး။

www.burmeseclassic.com

www.burmeseclassic.com



**temporary assurance** *n.* ယာယီ အသက်အာမခံ။

**temporary bond** *n.* ယာယီ ခံဝန်ချုပ်။

**tenable** *adj.* ယုတ္တိတန်သော။ ယုတ္တိရှိသော။ ရာထူးခန့်နိုင်သော (ကာလစသည်)။

**tenancy** *n.* သီးစားလုပ်ခြင်း။ အိမ်ငှားနေခြင်း။ အငှားကာလ။ မြေရာ၊ အဆောက်အအုံစသည် ငှားရမ်း အသုံးပြုခြင်း။

**tenant** *n.* အိမ်ငှား။ မြေငှား။ ငှားရမ်း အသုံးပြုသူ။ ကုမ္ပဏီ လုပ်ငန်း။ အဖွဲ့အစည်း *v.* ငှားရမ်းနေထိုင်သည်။ သီးစားနေသည်။

**tenant farmer** *n.* လယ်ယာ သီးစား။

**tend** *v.* ဂရုစိုက်သည်။စောင့်ရှောက်သည်။ ထိန်းကျောင်းသည်။ *(US)* ဆိုင်ထိုင်သည်။

**tendency** *n.* (ဈေးနှုန်းစသည် တက်) လိုဟန်ရှိခြင်း၊ လိုဟန်ပြခြင်း။

**tender** *n.* ကုန်ပစ္စည်းပေးသွင်းရန် လုပ်ငန်းဆောင်ရွက်ပေးရန် ဈေးနှုန်းကမ်းလှမ်းခြင်း။ တင်ဒါသွင်းခြင်း။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ ဝယ်ယူရန်၊ ရောင်းချရန် ကမ်းလှမ်းသည့်စာ။ တင်ဒါ။ ရေသယ်၊ ဆီသယ်သော ထရပ်ကား။ သင်္ဘောကြီးမှ၊ သင်္ဘောကြီးပေါ်သို့ ကုန်စည်များ ပို့ဆောင်ရာတွင်သုံးသော လှေ၊ သင်္ဘောငယ်။ *v.* တင်ဒါတင်သွင်းသည်။ ဈေးပြိုင်ကမ်းလှမ်းသည်။

**tenement** *n.* (ဆင်းရဲသားရပ်ကွက်တွင် တွေ့ရတတ်သော) အခန်းငယ် အမြောက်အမြားကန့်၊ ဖွဲ့ထားသည့် တိုက်။ ငှားရမ်းနေထိုင်ရန် အခန်းများစွာရှိသည့် အိမ်။

**tenon** *n.* စရွေးတံ။

**tenor** *n.* စည်းကမ်းသတ်ကာလ။ ငွေလွှဲစာချုပ်၊ ငွေပေးကတိစာချုပ်များ ငွေပေးချေရန် အချိန်မစေ့မြောက်ခင် ကာလအပိုင်းအခြား။

**tensile** *adj.* ဆန့်နိုင်အား။ဆန့်နိုင်အားရှိသော။



**tent** *n.* ရွက်ဖျင်တဲ။ မိုးကာတဲ။

**tenure** *n.* ရာထူးသက်တမ်း။ လုပ်ပိုင်ခွင့်။ ပိုင်ဆိုင်ခွင့်။ ပိုင်ရှင်နှင့်သဘောတူထားသည့်အတိုင်း မြေရာအဆောက်အအုံကိုအသုံးပြုပိုင်ခွင့်။ ရာထူးလက်ကိုင်ရှိမှု။

**term** *n.* စကားရပ်။ ဝေါဟာရ။ အချိန်ကာလ။ သက်တမ်း။

**term bill** *n.* သတ်မှတ်ထားသည့် နေ့ရက်တွင် ငွေပေးချေရမည့် ငွေလွှဲလက်မှတ်။

**terminable** *adj.* ရပ်စဲနိုင်သော။

**terminal** *n.* (ရထား၊ ကားလမ်းစ၊ လမ်းဆုံး) ဘူတာရုံ၊ ဂိတ်။ လေဆိပ်။ ဗဟိုကွန်ပျူတာစက်မှခွဲဖြန့်ထားသည့် ယင်းနှင့် ဆက်စပ်သုံးနိုင်သော မော်နီတာနှင့် ခလုတ်စက်ခုံအစုံ။ *adj.* ကာလအပိုင်းအခြား။ တစ်စိတ်တစ်ဒေသဖြစ်သော။ ကာလသတ်။

**terminal accounts** *n.* ကာလသတ် ငွေစာရင်း။

**terminal annuity** *n.* ကာလသတ် နှစ်စဉ်ကြေး။

**terminal bonus** *n.* အသက်အာမခံစာချုပ် သက်တမ်းစေ့ချိန်တွင် ထုတ်ပေးသည့် ငွေအပြင် အပိုထပ်ဆောင်းပေးသည့် ငွေ။

**terminal depot** *n.* လမ်းဆုံးသစ်ဆိပ်။

**terminal loan** *n.* ကာလသတ်ချေးငွေ။

**terminal loss** *n.* စီးပွားရေးလုပ်ငန်း ရပ်ဆိုင်းလိုက်ရသည့် နှစ်တွင် ဖြစ်ပေါ်ကြုံတွေ့ရသည့် အရှုံး၊ ဆုံးရှုံးမှု။

**terminal market** *n.* လက်ငင်းရရှိနိုင်သည့် ကုန်ပစ္စည်းများ မဟုတ်ဘဲအနာဂတ်ကာလတွင်သာ ရရှိနိုင်မည့် ကုန်ပစ္စည်းများကို ရောင်းဝယ်သည့် ဈေးကွက်။

**terminal tax** *n.* ကာလသတ်အခွန်။

**terminal wage** *n.* အလုပ်ရပ်စဲခ။

**termination** *n.* အဆုံးသတ်ခြင်း။ ပြီးဆုံးခြင်း။

**terminus** *n.* ရထားလမ်းဆုံးဘူတာ။ ကားဂိတ်။

www.burmeseclassic.com

www.burmeseclassic.com



**term insurance** *n.* ကာလသတ်မှတ်အာမခံ။

**term-loan agreement** *n.* ကာလသတ်ချေးငွေဆိုင်ရာ သဘောတူညီမှု။

**term plan of life insurance** *n.* အသက်အာမခံ နှစ်ပိုင်းစီမံကိန်း။

**terms** *n.* တရားဝင် သဘောတူညီမှုရယူထားသည့်အချက်အလက်များ။ ရောင်းမည့် ဝယ်မည့် ဈေးနှုန်း။ ငွေပေးငွေယူဆိုင်ရာ သဘောတူညီချက်များ။

**terms of agreement** *n.* သဘောတူ စည်းကမ်းချက်။

**terms of reference** *n.* သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်။

**terms of sales** *n.* အရောင်းစည်းမျဉ်းများ။

**terms of settlement** *n.* ကျေအေးမှု စည်းကမ်းချက်။

**terms of trade** *n.* ကုန်ဖလှယ်မှု အချိုး။ ကုန်ဖလှယ်နှုန်း။ ကုန်ဖလှယ်မှုဆိုင်ရာ အချက်အလက်။ ထုတ်ကုန် သွင်းကုန် အချိုး။

**terrace** *n.* အိမ်ချင်းဆက်ထားသော တိုက်ခန်း။ လှေကားထစ်စိုက်ခင်း။

**territorial bond** *n.* နယ်မြေဒေသဆိုင်ရာ ငွေချေးစာချုပ်။

**territorial distribution** *n.* နယ်ပယ်အလိုက် ဖြန့်ဖြူးခြင်း။

**territorial sales quota** *n.* နယ်ပယ်အလိုက် အရောင်းကိုတာ။

**territory** *n.* မြေ။ ပိုင်နက်။ နယ်မြေ။ နယ်ပယ်။ (စိတ်ဝင်စားရာ၊ ပိုင်နိုင်ရာ၊ ကျက်စားရာ) နယ်ပယ်၊ ပိုင်နက်။

**tertiary industry** *n.* အာမခံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ဘဏ်လုပ်ငန်း၊ကြော်ငြာလုပ်ငန်းစသည့် အကျိုးဆောင်လုပ်ငန်း။

**tertiary production** *n.* ဆောင်ရွက်မှု လုပ်ငန်းလွှာ။ တတိယအဆင့် လုပ်ငန်းလွှာ။

**test** *n.* စာမေးပွဲ။ စစ်ဆေးခြင်း။ စစ်ဆေးမှု။ စမ်းသပ်ခြင်း။ ဆေး



စစ်ခြင်း။ *v.* စမ်းသပ်သည်။ စစ်ဆေးသည်။ စစ်သည်။

**testable** *adj.* စမ်းသပ်စစ်ဆေးခံနိုင်သော။

**testament** *n.* သေတမ်းစာ။

**testamentary** *adj.* သေတမ်းစာနှင့်ဆိုင်သော။ သေတမ်းစာပါ။

**testator** *n.* သေတမ်းစာ ထားသူ။

**test case** *n.* (နောင်ကာလတွင် ဖြတ်ထုံး၊ စီရင်ထုံးဖြစ်မည့်) စံပြနမူနာပြ အမှု၊ စံပြနမူနာပြ ဆောင်ရွက်ချက်။

**test drive** *n.* စမ်းသပ်မောင်းနှင်ခြင်း။ *v.* စမ်းသပ်မောင်းနှင်သည်။

**tester** *n.* စမ်းသပ်စစ်ဆေးသူ။ စမ်းသပ်ကိရိယာ။

**testimonial** *n.* ထောက်ခံစာ။ ချီးကျူးဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ပေးအပ်သည့် အရာ၊ ကျင်းပသည့်ပွဲ စသည်။ ဂုဏ်ပြု (လွှာ၊ ဆုလက်မှတ်၊ ပွဲ စသည်)။

**testimonial advertising** *n.* ကုန်ပစ္စည်းအမျိုးအစား တစ်ခုကို ထောက်ခံချီးကျူးအတည်ပြုပေးရန် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များအား ကုန်ပစ္စည်းကြော်ငြာသူတို့က အသုံးပြု ဆောင်ရွက်ခြင်း။

**testing** *n.* စစ်ဆေးခြင်း။ စမ်းသပ်ခြင်း။

**testing market** *n.* ကုန်ပစ္စည်းအသစ်တစ်ခုကို ကျယ်ပြန့်စွာ ရောင်းချခြင်း မပြုမီ ယင်းကုန်ပစ္စည်းကိုစမ်းသပ်ရောင်းချသည့် နယ်ပယ်၊ ဒေသ၊ တိုင်းပြည်။

**test marketing** *n.* ကုန်ပစ္စည်းအသစ်အပေါ် သုံးစွဲသူတို့က မည်သို့ တုံ့ပြန်မှုရှိသည်ကို သိရှိနိုင်ရန်အတွက် ယင်းကုန်ပစ္စည်းကို နေရာဒေသတစ်ခုတွင် စမ်းသပ် ရောင်းချခြင်း။

**test on sample** *n.* နမူနာစစ်ဆေးခြင်း။

**test paper** *n.* စမ်းသပ်စက္ကူ။

**test piece** *n.* စမ်းသပ်ခံ အပိုင်းအစ။ စမ်းသပ်ခံ နမူနာ စမ်းသပ်ထည်။ စံနမူနာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင် စစ်ဆေးကြည့်နိုင်သော ကုန်ပစ္စည်း။

**test pilot** *n.* လေယာဉ်ပုံစံသစ်ကို စမ်းသပ်မောင်းနှင်သည့်လေယာဉ်မှူး။

**test tube** *n.* စမ်းသပ်ဖန်ပြွန်။ ဓာတ်ခွဲခန်း ဖန်ပြွန်။

**test-tube baby** *n.* ဖန်ပြွန်သန္ဓေသား။

**textile** *n.* အထည်အလိပ်။ ရက်ထည်။

**texile fabric** *n.* ရက်ထည်။

**textile industry** *n.* အထည်လုပ်ငန်း။ ရက်ထည်လုပ်ငန်း။

**textile mill** *n.* အထည်စက်ရုံ။

**texture** *n.* အထည်၊ မျက်နှာပြင်တို့၏ ချောမှု၊ ကြမ်းမှု စသည့် အနေအထား။

**thatch** *n.* သက်ငယ်။ သက်ငယ်အမိုး။ (အိမ်မိုးရန်) သက်ငယ်ကောက်ရိုးစသည်။

**thatcher** *n.* အိမ်(သက်ငယ်)မိုးသူ။

**thatching** *n.* သက်ငယ်မိုးခြင်းအတတ်။ (အိမ်မိုးရန်) သက်ငယ်။

**theatre** *n.* ကဇာတ်ရုံ။ ပြဇာတ်ရုံ။ ရုပ်ရှင်ရုံ။ ပြဇာတ်။ ပွဲလမ်းဇာတ်သဘင်။ဇာတ်သဘင်လောက။ လှေကားထစ်ပုံ ခုံတန်းအဆင့်ဆင့်ပါသည့်စာသင်ခန်းမ။

**theft** *n.* ခိုးခြင်း။ ခိုးမှု။

**theodolite** *n.* မြေတိုင်းသမားများသုံးသော ထောင့်တိုင်းကိရိယာ။

**theoretical production** *n.* တွက်ချက်ထုတ်လုပ်ခြင်း။

**theory** *n.* အယူအဆ။ အဆိုသဘောတရား။ သီအိုရီ။ ပညာရပ်ဆိုင်ရာပဓာနကျသည့် စည်းမျဉ်း၊ မူ၊ သဘောတရားများ။ ထင်မြင်ချက်။

**therapy** *n.* ရောဂါကုထုံး။

**therm** *n.* (ဓာတ်ငွေ့သုံးစွဲမှုကို တိုင်းတာရန် ဘီတီယူတစ်သိန်းနှင့် ညီမျှသော) အပူယူနစ်။

**thermodynamics** *n.* အပူအားနှင့် အခြားစွမ်းအင်များ ဆက်စပ်ပုံကို လေ့လာသော သိပ္ပံပညာရပ်။

**thermometer** *n.* သာမိုမီတာ။ အပူချိန်တိုင်း ကိရိယာ။



**thermostat** *n.* အပူချိန်ညှိ ကိရိယာ။အလိုအလျောက်အပူထိန်းကိရိယာ။

**thesis** *n.* သုတေသနစာတမ်း။ ဘွဲ့အတွက်တင်သွင်းသောကျမ်း။

**thick** *adj.* ထူသော။ အထုရှိသော။ ဒုရှိသော။ ထူထပ်သော။ ပြည့်နေသော။

**thickness** *n.* အထူ။ အထု။ ဒု။ အလွှာ။ အထပ်။

**thicket** *n.* ချုံပုတ်။ ချုံပိတ်ပေါင်း။

**thief** *n.* သူခိုး။ ခိုးသူ။

**thin** *adj.* ပါးသော။ပါးလွှာသော။ ကြုံလှီသော။ ကျဲသော။ နည်းသော။ အဝယ် မလိုက်သော။ အရောင်းအဝယ် မလိုက်သော။ အရောင်းအဝယ် ပါးသော။

**thin capitalization** *n.* ဦးပိုင်ကုမ္ပဏီ ချေးငွေဖြင့် ကုမ္ပဏီတစ်ခုကို ဘဏ္ဍာငွေထောက်ပံ့ထားရ၍ ယင်းကုမ္ပဏီတွင်အစုရှယ်ယာ အနည်းငယ်သာရှိနေသည့် အခြေအနေ။

**thin market** *n.* အရောင်းအဝယ်ပါးသည့်ဈေးကွက်။အရောင်းအဝယ်ပါးခြင်း။

**thinner** *n.* သုတ်ဆေး၊ အရောင်တင်ဆီတို့ကို ကျဲအောင် ဖျော်သော ပစ္စည်း။ သင်နှာ။

**third line forcing** *n.* စားသုံးသူ မလိုသောပစ္စည်းနှင့်လိုသောပစ္စည်းကို တွဲဖက်ရောင်းချမှု။ ဝယ်သူက မဝယ်လိုသည့် ကုန်ပစ္စည်းကိုဝယ်ယူခြင်း မပြုလျှင် ဝယ်သူလိုချင်သည့် ကုန်ပစ္စည်းကိုရောင်းချပေးရန် ငြင်းဆန်ခြင်း။

**third market** *n.* ပင်မဈေးကွက်တွင် စာရင်းမဝင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများကို အရောင်းအဝယ်ပြုလုပ်သည့်နိုင်ငံတကာစတော့ရှယ်ယာဈေးကွက်အစိတ်အပိုင်း။

**third party** *n.* (တိုက်ရိုက် ပါဝင်ပတ်သက်ခြင်း မရှိသည့်) ဘေးလူ၊ ကြားလူ။ ကိစ္စကြောင်းရာတစ်ရပ်၊ အစီအစဉ် တစ်ရပ်ရပ်တွင် အဓိကပါဝင်သည့် နှစ်ဦးနှစ်ဖက် မဟုတ်သော ကြားလူ၊ တတိယလူ။

www.burmeseclassic.com

www.burmeseclassic.com



**third party insurance** *n.* သူတစ်ပါးထိခိုက်နစ်နာမှုအာမခံ။

**(the) Third World** *n.* တတိယကမ္ဘာနိုင်ငံများ။ စက်မှုလက်မှုကြွယ်ဝမှုနှင့်နည်းပညာတိုးတက်မှု မရှိသော အာရှ၊အာဖရိကနှင့်လက်တင်အမေရိကဖွံ့ဖြိုးဆဲနိုင်ငံများ။

**Thirty share Index** *n.* ဖိုင်နဲမ်ရှဲ(လ်)တိုင်း(မ်) သတင်းစာတွင်ဖော်ပြထားသည့် သာမန်အစုရှယ်ယာများ၏ ဈေးနှုန်းဆိုင်ရာညွှန်းကိန်း။

**thread** *n.* အရစ်။ ဝက်အူရစ်။ ချည်မျှင်။ အမျှင်။

**threaded** *adj.* ဝက်အူရစ်ပါသော။ အရစ်ဖော်ထားသော။

**thresh** *v.* တလင်းနယ်သည်။ ခြွေသည်။ ခြွေလှေ့သည်။

**threshold** *n.* (အရည်အသွေးစသည်) သတ်မှတ်အဆင့်။ (လစာ ၊ ဝင်ငွေ၊ ငွေဖောင်းပွမှုစသည်တို့) မြင့်တက်ရောက်ရှိရမည့်အဆင့်။

**threshold agreement** *n.* သတ်မှတ်ထားသည့် ကာလအတွင်း ငွေဖောင်းပွမှုအဆင့်တစ်ခု တစ်ခုသို့ ရောက်လာလျှင် လုပ်ခ လစာတိုးပေးရန် အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်။

**threshold effect** *n.* ကြော်ငြာစရိတ်များတိုးမြှင့်အကုန်အကျခံ ကြော်ငြာနေစဉ်၊ ယင်းကြော်ငြာ သက်ရောက်မှုကြောင့် ကုန်ပစ္စည်းအရောင်းအဝယ် တက်မလာခင် စောင့်ဆိုင်းနေရခြင်း။

**threshold payment** *n.* သတ်မှတ်ငွေဖောင်းပွမှုအဆင့်ရောက်လာ၍ ပေးသည့်ငွေ။

**threshold value** *n.* အနည်းဆုံးလုပ် တန်ဖိုး။

**thrift** *n.* ချွေတာခြင်း။ ခြိုးခြံချွေတာခြင်း။ ငွေစုငွေချေးအသင်း။ ငွေစုဘဏ်။

**throttle** *n.* လောင်စာစီးဆင်းမှုကို ချုပ်ကိုင်၍ စက်အရှိန်ထိန်းသော ကိရိယာ။

**throughput** *n.* (သတ်မှတ်ချိန်တစ်ခုအတွင်း)ဆောင်ကြဉ်းပေး



နိုင်မှု ပမာဏ၊ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းပမာဏ။ ကြိတ်ခွဲပေးနိုင်သည့် ကုန်ကြမ်းပမာဏ။

**throw-away** *adj.* တစ်ခါသုံးဖြစ်သော။ တစ်ခါသုံး(ခွက်၊ မုတ်ဆိတ်ရိတ်ဓား စသည်)။

**throw away** *n.* လမ်းသွား၊ လမ်းလာများ၊နေအိမ်အဆောက်အအုံများစသည်အနှံ့ လိုက်လံဝေသည့်လက်ကမ်းကြော်ငြာစာရွက်။

**tick** *n.* စိစစ်ပြီးဖြစ်ကြောင်းအမှတ်အသား။ အမှန်အမှတ်အသား။ *v.* စာရင်းစာတိုင်တွင် အမှန်အမှတ်အသား တစ်ခုချင်းခြစ်သည်။

**ticket** *n.* လက်မှတ်။ ခရီးသွားလက်မှတ်။ လေဘယ်ကတ်ပြား။ (ဈေးနှုန်းစသည်) ကတ်ပြားငယ်။

**ticket day** *n.* လက်မှတ်နေ့။

**ticketing** *n.* ဆင့်စာ၊ လက်မှတ်ထုတ်ပေးခြင်း။

**ticket statement** *n.* လက်မှတ်စာရင်းချုပ်။

**ticket tally** *n.* လက်မှတ်ရောင်းစာရင်း။

**tidal bore** *n.* ဒီလှိုင်း။ဒီ။

**tidal force** *n.* ဒီအား၊ ဒီရေအား။

**tidal forest** *n.* ဒီရေတော။

**tidal waters** *n.* ရေတက်ရေကျဒေသ။

**tidal wave** *n.* ဒီလှိုင်း။ဒီရေလှိုင်း။

**tide** *n.* ဒီရေ။ ခေတ်ရေစီးကြောင်း။

**tide market** *n.* ဒီရေအမှတ်။

**tidings** *n.* သတင်း။ သတင်းစကား။

**tied** *adj.* အမှုထမ်းနေစဉ်သာ နေထိုင်ခွင့်ရှိသော။ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချသည့်သူ တစ်ဦးတည်းထံမှ၊ တစ်ဆိုင်တည်းထံမှ ကုန်ပစ္စည်းအားလုံးကိုဝယ်ယူရောင်းချသော။

**tied house** *n.* ဘီယာကုမ္ပဏီတစ်ခုကပိုင်ဆိုင်၍ ယင်းဘီယာကိုသာ ရောင်းရသည့် အရက်ဆိုင်။

**tied loan** *n.* ငွေထုတ်ချေးသည့်နိုင်ငံမှ ကုန်ပစ္စည်းများ ဝယ်ယူသည့် ကိစ္စတွင်သာ အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



ရမည် ဟူသည့် စည်းမျဉ်းစည်းကမ်းဖြင့် နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံသို့ ထုတ်ချေးသော ငွေကြေး။ နှောင်ကြိုးရှိ ချေးငွေ။

**tie - in sale** *n.* တွဲ၍ရောင်းခြင်း။ တွဲရောင်းခြင်း။

**tie-up** *n.* နှစ်ဝုနှစ်ဖွဲ့ အတူတကွ ပူးပေါင်းလုပ်ကိုင်ခြင်း။

**tight market** *n.* အရောင်းရကျပ်သော ဈေး။ အရောင်းရ ခက်ခဲသော ဈေးကွက်။

**tight money** *n.* အတိုးနှုန်းမြင့်မားမှုကြောင့် ချေးယူရန် ခက်ခဲသည့် ငွေ။

**till** *n.* ဆိုင်၊ ဘဏ်စသည် ကောင်တာရှိ ငွေထည့်အံဆွဲ။

**till money** *n.* အသင့်ဆောင်ထားငွေ။ အသင့်ထားငွေ။

**till supply** *n.* ငွေပေးခုံ ထုတ်အား။

**timber** *n.* သစ်။ ပျဉ်။ သစ်သား။ သစ်လုံး။

**timber building** *n.* ပျဉ်ထောင်အိမ်။ ပျဉ်ထောင် အဆောက်အအုံ။

**timber concession** *n.* သစ်စာချုပ်။

**timber cruising** *n.* သစ် အတွက် မှန်းဆခြင်း၊

**timber hitch** *n.* စောင်းကြိုး သတ် ချည်နှောင်နည်း။

**timber industry** *n.* သစ်လုပ်ငန်းစု။

**timber lease** *n.* နှစ်ရှည်သစ် စာချုပ်။

**timber licence** *n.* သစ်ထုတ် လုပ်မှု လိုင်စင်။

**timber line** *n.* သစ်တောဆုံး မျဉ်း။

**timber operation** *n.* သစ်ထုတ်လုပ်ရေးလုပ်ငန်း။

**timber requisition** *n.* သစ်သား ထုတ်ယူစာရင်း။

**timber reserve** *n.* သစ်သီးသန့် အပိုထားခြင်း။

**timber transport** *n.* သစ်သယ်ယူပို့ဆောင်ရေး။

**timber yard** *n.* သစ်ပုံဆိပ်၊

**time** *n.* အချိန်။ စံတော်ချိန်။ စံ... အချိန်အခါ။ လက်ထက်။



**time account** *n.* အတိုးရရန် ဘဏ်စာရင်းဖွင့်၍ ရင်းနှီးမြှုပ်နှံထားသည့် ငွေ။

**time and activity plan** *n.* အချိန်နှင့် လုပ်ငန်းစဉ်။

***time and a half*** *n.* သာမန်လုပ်ခ၏ တစ်ဆခွဲပေးသည့် အချိန်ပိုလခနှုန်း။

**time-and-motion** *adj.* (အထူးသဖြင့် စက်မှုလုပ်ငန်းတွင်) လုပ်ငန်းစဉ်များ၏ ထိရောက်မှုကို ဆန်းစစ်သော။

**time and motion study** *n.* အချိန်နှင့် လှုပ်ရှားပုံလေ့လာချက်။ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ရာတွင် မည်မျှအချိန်ကြာသည်ကို စီမံချက်ချဆောင်ရွက်၍ ကုန်ကျစရိတ်အသက်သာဆုံး၊ လုပ်ငန်းခွင်အတွင်ကျယ်ဆုံး စသည်ကို စူးစမ်းလေ့လာခြင်း။

**time bargain** *n.* ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းကို နောင်အနာဂတ်ကာလတစ်ရက်ရက်တွင် ပေးအပ်ပါမည်ဟူ၍ စတော့ဈေးကွက်တွင်အရောင်းအဝယ်ပြုလုပ် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

**time base** *n.* အချိန်အခြေခံ။

***time bills*** *n.* ငွေချေရက် သတ်မှတ်ချက်ရှိသော ဘီလ်။ စာချုပ်ရေးသားခဲ့သည့် နေ့ရက်မှဖြစ်စေ၊ စာချုပ်တင်ပြလာသည့် နေ့ရက်မှ ဖြစ်စေ ရက်ပေါင်းမည်မျှ အကြာတွင် ငွေပေးချေပါမည်ဟု သတ်မှတ်ချက် ရှိသော ငွေလွှဲစာချုပ်။

**time card** *n.* ဝန်ထမ်းတစ်ဦး လုပ်ငန်းခွင်ရောက်ရှိချိန်နှင့် ထွက်ခွာချိန်ကို မှတ်တမ်းတင်ထားသော ကတ်။

**time chart** *n.* အချိန်ဇယား ကားချပ်။

**time charter** *n.* အချိန်ကာလအပိုင်းအခြားဖြင့် (လေယာဉ် သင်္ဘော) စင်းလုံးငှားခြင်း၊

**time chit** *n.* အလုပ်ချိန် မှတ်တမ်း။

www.burmeseclassic.com

www.burmeseclassic.com



**time clock** *n.* အလုပ်ဌာန၊ စက်ရုံ၊ ရုံး စသည်တို့တွင်ထားရှိသော ဝန်ထမ်းများ ရောက်ရှိချိန်၊ ထွက်ခွာချိန်တို့ကို မှတ်တမ်း တင်ထားပေးသည့် စက်။

**time -consuming** *adj.* အချိန်များများပေးရသော။ အချိန်စားသော။ လက်ဝင်သော (အလုပ်စသည်)။

**time deposit** *n.* အချိန်ပိုင်း အပ်ငွေ။

**time draft** *n.* ငွေချေရက် သတ်မှတ်ချက်ရှိသည့် ငွေထုတ်လက်မှတ်။အချိန်စေ့ငွေတောင်းလွှာ။

**time frame** *n.* သတ်မှတ်ချိန်။ သတ်မှတ်ကာလ။

**time interval** *n.* ရပ်နားချိန်။ ကြားချိန်။

**time keeper***n.* အလုပ်လုပ်ချိန်ကို မှတ်တမ်းတင်သောနာရီမှူး။

**time keeping** *n.* အလုပ်ခွင် အချိန်မှန်မှန်ရောက်သည့်အလေ့အကျင့်။

**time liabilities** *n.* အချိန်စေ့ ပေးရန် တာဝန်။

**time - limit** *n.* အချိန်အတန့် အသတ်။ ကန့်သတ်ချိန်။

**time log** *n.*အချိန်တိုင်းမှတ်တမ်း။

**time management** *n.* အချိန် စီမံခန့်ခွဲမှု။

**time off** *n.* အားလပ်ရက်၊ နာမကျန်းဖြစ်မှု စသည်တို့ကြောင့် အလုပ်မဆင်းနိုင်သည့် ကာလအပိုင်းအခြား။

**time option** *n.* ကုန်ပစ္စည်း၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်စာတမ်းများကို နေ့ရက်တစ်ရက်တွင်မဟုတ်ဘဲအနာဂတ်ကာလ အဆင်ပြေသောအချိန်တွင် ရောင်း၊ ဝယ်ရန် သဘောတူညီမှု။

**time policy** *n.* သင်္ဘောများကို သက်တမ်းကာလ တစ်လမှ တစ်နှစ်အကြား သတ်မှတ်၍ အာမခံထားသည့် ပေါ်လစီစာချုပ်။

**timer** *n.* အချိန်တိုင်း ကိရိယာ။

**time rate** *n.* အချိန်အလိုက်ပေးနှုန်း။ အလုပ်လုပ်သည့် အချိန်နာရီအပေါ်အခြေခံ၍လုပ်အားခပေးချေခြင်း။



**time record** *n.* အချိန်မှတ်တမ်း။

**time recoder** *n.* **Also** time clock.

**time scale** *n.* အချိန်စကေး။ အလုပ်လုပ်ချိန်စကေး။ အချိန်အလျောက် လုပ်ရသည့် လုပ်ငန်းစဉ်။

**time scale of pay** *n.* အချိန်သတ်မှတ် လစာနှုန်း။

**time-server** *n.* ဝတ်ကျေတမ်းကျေလုပ်ရင်း အခွင့်အရေးကို ချောင်းနေသူ။

**time-serving** *n.* ဝတ်ကျေတမ်းကျေ ပြုလုပ်ခြင်း။ *adj.* ဝတ်ကျေတမ်းကျေ လုပ်ကိုင်သော။

**time share** *n.* အားလပ်ရက်ကာလတွင် အပန်းဖြေအနားယူနိုင်ရန်အတွက် အိမ်တစ်လုံးကို အခြားသူများနှင့် စုပေါင်းယူပြီး အလှည့်ကျ အနားယူသည့် အစီအစဉ်။

**time sharing** *n.* ပင်မကွန်ပျူတာ စနစ်တစ်ခုလုံးကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သုံးစွဲနိုင်ခွင့်ကို ဝယ်ယူထားခြင်း။

**time sheet** *n.* အလုပ်တက် အလုပ်ဆင်း မှတ်တမ်း။

**time -span** *n.* အချိန်ပိုင်း။ အချိန်တာ။

**time switch** *n.* သတ်မှတ်ပေးသည့်အချိန်တွင်ပွင့်သည့်ခလုတ်။

**time table** *n.* အချိန်ဇယား *v.* အချိန်ဇယားဆွဲသည်။

**time utility** *n.* အချိန်အလိုက် အသုံးဝင်ခြင်း။

**time wage rate** *n.* အလုပ်သည့်နာရီ၊ ရက်၊ အရေအတွက်ပေါ်မူတည်၍လုပ်ခပေးသည့် စနစ်။

**time wages** *n.* အချိန်အလိုက် လုပ်ခ။

**timework** *n.* အချိန်စား (အလုပ်)။

**timing** *n.* အချိန်ကိုက်မှု။ အချိန်ဇယား။

**tin** *n.* သံဖြူ ဒြပ်စင်။ စည်သွတ်ဘူး။စည်သွတ်ထားသည့်အစားအစာ။ သံဘူးနှင့် ထည့်ထားသည့် ဆေး၊ အချဉ် စသည်။

www.burmeseclassic.com

www.burmeseclassic.com



**tin can** *n.* စည်သွတ်ဘူး။ စည်သွတ်ထားသည့် အစားအစာ။

**tin foil** *n.* သံဖြူပါးလွှာ။

**tin plate** *n.* သံဖြူစိမ်သံပြား။

**tip** *n.* သဒ္ဓါကြေး။ ဘောက်ဆူး။ လက်တွေ့အသုံးကျသည့် အကြံပေးစကား။ အကြံပြုချက်။ *v.* ဘောက်ဆူးပေးသည်။ဆုချသည်။

**tip top** *adj.* ပထမတန်းစား ဖြစ်သော။

**tissue** *n.* တစ်ရှူး။ တစ်ရှူးစက္ကူ၊ တစ်ရှူးလက်သုတ်ပဝါ။ ဖန်၊ ကြွေ စသည်ပစ္စည်းများ ထုတ်ပိုးရာတွင် အသုံးပြုသည့် စက္ကူပါး။

**tissue paper** *n.*တစ်ရှူးစက္ကူပါး။

**titanium** *n.* တိုက်တေနီယမ် ဒြပ်စင်။တိုက်တေနီယမ် သတ္တု။

**tithe barn** *n.* သသသမေဓ လယ်ယာခွန်နှက်တို့ သိုလှောင်သည့် ကျီတိုက်။

**title** *n.* ကုန်ပစ္စည်း မြေရာ အဆောက်အအုံစသည် တရားဝင် ပိုင်ဆိုင်ခွင့်။

**title-deeds** *n.* ပိုင်ဆိုင်ခွင့်ရှိကြောင်း စာချုပ်စာတမ်း။ ပိုင်ဆိုင်ခွင့်စာချုပ်။

**toast** *n.* ပေါင်မုန့်မီးကင်။

**toaster** *n.* လျှပ်စစ် ပေါင်မုန့်မီးကင်စက်။

**tobacco** *n.* ဆေးရွက်ကြီးနှင့်ယင်းမှထုတ်လုပ်သည့်ဆေးလိပ်၊ ဆေးတံ၊ ဆေး စသည်။

**tabacconist** *n.* စီးကရက်၊ ဆေးတံ၊ ဆေးစသည် ရောင်းသူ။

**toe-hold** *n.* (လုပ်ငန်းစသည် ရှေ့တက်လှမ်းနိုင်ရန်) ခြေကုပ်။

**toffee-nosed** *adj.* အောက်ခြေလွှတ်သော။ ဘဝင်မြင့်သော။

**together** *adv.* အတူ။ အတူတကွ။ တစ်စိတ်တစ်ဝမ်းတည်း၊ ပြိုင်တူ။

**togetherness** *n.* ရင်းနှီးမှု။ ခင်မင်မှု။

**toil** *v.* အလုပ်ကို ပင်ပင်ပန်းပန်းလုပ်သည်။ *n.* အလုပ်ကြမ်း။ ပင်ပန်းခက်ခဲသောအလုပ်။

**toilet** *n.* အိမ်သာ။ ရေအိမ်။ ရေချိုးခန်း။



**toilet paper** *n.* အိမ်သာသုံးစက္ကူ။ ရေအိမ် စက္ကူ။

**toilet roll** *n.* ရေအိမ်သုံးစက္ကူလိပ်။ အိမ်သာသုံး စက္ကူလိပ်။

**toilet soap** *n.* ကိုယ်တိုက် ဆပ်ပြာ။

**toilet water** *n.* (ကိုယ်လိမ်းရန် ရေများများနှင့် စပ်ထားသည့်) ရေမွှေး။

**token** *n.* လက်ဆောင်ပစ္စည်း၊ ငွေစသည်တို့နှင့် လဲလှယ်ဝယ်ယူနိုင်သည့် ဖြတ်ပိုင်း။ တိုကင်။ မိမိလိုရာအတွက် စက်ကပြုလုပ်စေရန် ထည့်ရသည့် ပလတ်စတစ်၊ သတ္တုစသည်ဖြင့် ပြုလုပ်ထားသော တိုကင်ပြား။ သင်္ကေတ။အမှတ်သညာ။အထိမ်းအမှတ်။

**token charge** *n.* စတိမျှ ပေးရသည့် အခကြေးငွေ။ ဝန်ဆောင်မှု။ ကုန်ပစ္စည်းစသည် အတွက် အနည်းငယ်သဘောမျှ ပေးရသည့် ငွေကြေး။

**token coin** *n.* တိုကင်ပြား။

**token payment** *n.* ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ကြောင်း ပြသသည့်အနေဖြင့် စတိသဘော အနည်းငယ်မျှပေးဆပ်ငွေ။

**token strike** *n.* စတိသဘောမျှ မှောက်သည့် အချိန်တိုအလုပ်သမားသပိတ်။

**tolerance** *n.*ခံနိုင်ရည်။တိုးလျှော့နှုန်း။ ခံနိုင်ရည်ရှိခြင်း။ (စက်ယန္တရား စသည်တွင်) လက်သင့်ခံနိုင်သည့် ကွာခြားချက်၊ ကွာဟချက်။

**toll** *n.* (လမ်း၊တံတားစသည်)ဖြတ်သန်းခ။ အဝေးပြော (တယ်လီဖုန်း) ပြောခ။ (ကပ်ဆိုက်၍ဖြစ်ပေါ်သော) ဆုံးရှုံးမှု။

**tollbooth** *n.* ဖြတ်သန်းခကောက်ခံသည့် စခန်းရှိကောက်ခံသူထိုင်သည့်ရုံ။

**toll -bridge** *n.* ဖြတ်သန်းခ ယူသော တံတား။

**toll-free** *adj.* (လက်ခံသူအား ပြောသည့် ဌာနက ငွေဆောင်သဖြင့်) အဝေးပြောခ ပေးရန် မလိုသော။

www.burmeseclassic.com

www.burmeseclassic.com



**toll-gate** *n.* (လမ်း၊တံတား စသည်) ဖြတ်သန်းခ ကောက်ခံသည့်ဂိတ်။

**toll-road** *n.* ဖြတ်သန်းခပေးရသော လမ်း။

**tombstone** *n.* စတော့နှင့် ငွေချေးစာချုပ်အမြောက်အမြားကို ရောင်းချရာတွင် တာဝန်ခံဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု ဘဏ်များစာရင်းကြော်ငြာ။

**ton** *n.*တန်။ (ဗြိတိသျှသုံး ပေါင် ၂၂၄၀ရှိ တန်ရှည်နှင့် အမေရိကန်သုံး ပေါင် ၂၀၀၀ရှိ တန်တိုဟူ၍ ကွဲသည်)။ (သင်္ဘောထုထည်ကို ၁၀၀ကုဗပေလျှင် တစ်တန်နှုန်းဖြင့် တွက်သော) ဆံ့နိုင်စွမ်း ပမာဏ။

**tonnage** *n.* ကုန်တင်ချိန်။ တန်(အားဖြင့်) ပမာဏ။ (သင်္ဘောတစ်စင်း၏ ဆံ့နိုင်စွမ်းကို ၁၀၀ ကုဗပေလျှင် တစ်တန်နှုန်းဖြင့် တွက်ချက်ရရှိသည့်)တန်ပမာဏ။

**tonnage up and down** *n.* အစုန်အဆန် တန်ချိန်။

**tool** *n.* ကိရိယာ။ တန်ဆာပလာ။ လက်နက်ကိရိယာ။

**tool shop** *n.* စက်ရုံသုံး ကိရိယာလက်နက်များနှင့် စက်ကိရိယာများ ထုတ်လုပ်ပေးသည့် စက်ရုံဌာနခွဲ။

**toothbrush** *n.* သွားပွတ်တံ။ သွားတိုက်တံ။

**toothpaste** *n.* သွားတိုက်ဆေး။

**top** *n.* ထိပ်။ အထွတ်။ ထိပ်ပိုင်း။ အပေါ်ပိုင်း။ အထွတ်အထိပ်။ *v.* အထွတ်အထိပ်ရောက်သည်။ သာလွန်သည်။

**top- class** *adj.*ထိပ်တန်း။ ပထမတန်း၊

**top copy** *n.* စာချုပ်စာတမ်းတစ်စောင်၏ ပထမမိတ္တူ။

**top- dressing** *n.* အပေါ်ယံ ကြဲပက်ထားသော နွားချေး။ မြေဩဇာစသည်။

**top- flight** *adj.* ထိပ်တန်း ဖြစ်သော။ပထမတန်းစားဖြစ်သော။

**top gear** *n.* အမြင့်ဆုံးဂီယာ။

**top management** *n.* အဆင့်အမြင့်ဆုံးဖြစ်သည့် စီမံခန့်ခွဲမှုအဆင့်အတန်း။



**top-notch** *adj.* ပထမတန်း (ရှေ့နေ စသည်)။

**top- of- the range** *adj.* ဈေးအကြီးဆုံး (ကင်မရာ၊ ဗီဒီယိုကင်မရာစသည်)။

**top soil** *n.* အပေါ်ယံမြေဆီလွှာ။

**top -up** *n.* ပြည့်အောင် ပြန်လည်ထပ်ဖြည့်ခြင်း။

**tornado** *n.* လေဆင်နှာမောင်း။

**tort** *n.* တရားမနစ်နာမှု။

**total** *adj.* စုစုပေါင်း။ လုံးဝဥဿုံ။ *v.* စာရင်းချုပ်သည်။စာရင်းအားလုံး ပေါင်းသည်။

**total account** *n.* စုစုပေါင်းစာရင်း။ စာရင်းချုပ်။

**total cost** *n.* စုစုပေါင်းစရိတ်။

**total cost schedule** *n.* စုစုပေါင်းစရိတ်ဇယား။

**total creditors account** *n.* စုစုပေါင်း မြီရှင်စာရင်း။

**total debtors account** *n.* စုစုပေါင်းမြီစားစာရင်း။

**total demand curve** *n.* စုစုပေါင်း ဝယ်လိုအား မျဉ်းကွေး။

**total fixed cost** *n.* စုစုပေါင်း ပုံသေ ကုန်ကျစရိတ်။

**total frequency** *n.* ဖြစ်နှုန်းပေါင်း။

**total income** *n.* ဝင်ငွေစုစုပေါင်း။

**total loss** *n.* ဆယ်ယူပြင်ဆင်ကုန်ကျစရိတ်က သင်္ဘောနှင့် သင်္ဘောကုန်စည်များ နစ်မြုပ်ပျက်စီးသည့် စုစုပေါင်းတန်ဖိုးထက်ပို၍ များပြားသည့် အနေအထား။

**total output** *n.*သတ်မှတ်ကာလအတွင်း ဈေးနှုန်းအတက်အကျပေါ် မူတည်ပြီး တစ်နိုင်ငံလုံးဈေးကွက်သို့ ရောင်းချလိုသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း။

**total product** *n.* စုစုပေါင်းထုတ်ကုန်။

**total quality management** *n.* စီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းတစ်ရပ် အတွင်း ကုန်ပစ္စည်းအမျိုးအစားနှင့် ဝန်ဆောင်မှုများ အကောင်းဆုံးဖြစ်စေရန် ကြီးကြပ်စစ်ဆေးမှုစနစ်။

www.burmeseclassic.com

www.burmeseclassic.com



**total receipts** *n.* စုစုပေါင်းရငွေ။

**total reflux** *n.* လုံးဝပြန်သွင်းခြင်း။

**total return of premium** *n.* အားလုံးပြန်ပေးရသော ပရီမီယံ။

**total revenue** *n.* စုစုပေါင်းအခွန်တော်။ အခွန်တော် စုစုပေါင်း။

**total summation book** *n.* အကျဉ်းချုပ်စုစုပေါင်းမှတ်တမ်းစာအုပ်။

**total utility** *n.* လုံးဝဥသုံအသုံးဝင်ခြင်း။

**total variable cost** *n.* စရိတ်ရှင် စုစုပေါင်း။စုစုပေါင်းကုန်ကျစရိတ်ရှင်။

**total weight** *n.* စုစုပေါင်းအလေးချိန်။

**tour** *n.* အလည်အပတ်ခရီး။ *v.* လှည့်လည်သည်။ သွားလာလည်ပတ်သည်။

**tour company** *n.* ခရီးသွား ပို့ဆောင်ရေးကုမ္ပဏီ။ အပျော်ခရီးထွက်သူများအတွက် သွားလာနေထိုင်မှု၊ စားရေးသောက်ရေးကိစ္စအဝဝစသည်ကို ဆောင်ရွက်ပေးသော ကုမ္ပဏီ။

**tourism** *n.* ခရီးသွားလုပ်ငန်း။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်း။

**tourist** *n.* ကမ္ဘာလှည့် ခရီးသည်။ ကမ္ဘာလှည့် ခရီးသွားဧည့်သည်။

**tourist centre** *n.* ခရီးသွားလာရေး ဗဟိုဌာန။

**tourist class** *n.* (လေယာဉ်၊ သင်္ဘော စသည်တွင်) ဒုတိယတန်း။

**tourist class passenger** *n.* (လေယာဉ်၊ သင်္ဘော) ဒုတိယတန်းစီး' ခရီးသည်။

**tourist expenditure** *n.* ကမ္ဘာလှည့်ခရီးသွား အသုံးစရိတ်။

**tourist industry** *n.* ခရီးသွားပို့ဆောင်ရေး ကုမ္ပဏီ။

**tourist trap** *n.* ခရီးသွားဧည့်သည်များထံမှ ငွေသဲ့ယူရန် ပြင်ဆင်ထားသော အကွက်အကွင်း။

**tourist visa** *n.* ကမ္ဘာလှည့်ခရီးသည် ပြည်ဝင်ခွင့် ဗီဇာ။



**tour operator** *n.* ခရီးသွားပို့ဆောင်ရေး ကုမ္ပဏီ။

**tow-bar** *n.* ဆွဲသည့် ယာဉ်ကို အဆွဲခံယာဉ်က ဝင်မဆောင့်မိစေရန်ယာဉ်နှစ်စီးအကြား ဆက်ထားသည့် တုံး။

**tower** *n.* မျှော်စင်။ မိုးမျှော်အဆောက်အအုံ။

**tower block** *n.* မိုးပျံတိုက်။

**towing** *n.* (ကြိုး၊ သံကြိုးစသည်ဖြင့်) ဆွဲယူခြင်း။

**towing lights** *n.* ဆွဲသင်္ဘောမီး။

**towing path** *n.* လှေ၊ ဖောင်စသည်ကို မြစ်ကမ်းပါး၊ တူးမြောင်းတစ်လျှောက် ဆွဲယူရန် အသုံးပြုသည့် လမ်း။ ကြိုးဆွဲလမ်း။

**towing vessel** *n.* ဆွဲသင်္ဘော။

**town** *n.* မြို့။ မြို့တွင်။ မြို့နေလူထု။

**town centre** *n.* မြို့လယ်ကောင်။

**town hall** *n.* မြို့တော်ခန်းမ။

**town house** *n.* မြို့လယ်ရပ်ကွက်ရှိအဆင့်မြင့်သီးသန့်တိုက်အိမ်။

**town planning** *n.* မြို့ပြစီမံကိန်း။ မြို့စီမံကိန်း။

**townscape** *n.* မြို့ပြမြင်ကွင်း။ မြို့ပြရှုခင်း။

**townsfolk** *n.* မြို့နေလူထု။

**tow-rope** *n.* ယာဉ်ကို ဆွဲရာတွင် အသုံးပြုသည့် လွန်ကြိုး။

**toy** *n.* ကလေးကစားစရာ။ ကစားစရာ။

**toy making** *n.* ကလေးကစားစရာလုပ်ငန်း။

**tracing** *n.* ပုံထပ်ကူးဆွဲခြင်း။ စက္ကူပါးဖြင့် ထပ်ကူးဆွဲထားသော မြေပုံ၊ ရုပ်ပုံ မိတ္တူ။

**tracing paper** *n.* ပုံထပ်ကူးစက္ကူ။ စက္ကူပါး။ထပ်ကူးစက္ကူ။

**track** *n.* မီးရထားသံလမ်း။ လမ်းကြမ်း။ ရထားစကြီ။ ပြေးလမ်း။ အသံသွင်းထားသည့် သီချင်း၊ တေးသံ။ (တိပ်ခွေတွင်) အသံသွင်း လမ်းကြောင်း။ (ကွန်ပျူတာ စီဒီတွင်) အကြောင်းအရာအချက်အလက်များ သိုမှီးထားရှိသည့် လမ်းကြောင်း။ (မြေထိုးစက်၊ မြေတူးစက်များတွင်) ဘီးပတ်ချိန်းကြိုး၊ တာနံ့လနံ့ကာ၊

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာခန်းဆီး အဖွင့်အပိတ် လမ်းကြောင်း။ လမ်းကြောင်း။

**track record** *n.* လက်တွေ့ အောင်မြင်မှု။ အတိတ်ကာလက လူပုဂ္ဂိုလ်၊ ကုမ္ပဏီ စသည် နာမည်ကောင်း ရှိခဲ့မှု၊ ယုံကြည်အားထားခံရမှု၊ အောင်မြင်မှု အတိုင်းအတာ။

**trade** *n.* ကုန်သွယ်ခြင်း။ ရောင်းဝယ်ဖောက်ကားခြင်း။ကုန်သွယ်မှု။ အရောင်းအဝယ်။ (ရောင်းဝယ်မှုစီးပွား)လုပ်ငန်း။ အသက်မွေးမှုလုပ်ငန်း။ *v.* ရောင်းဝယ်ဖောက်ကားသည်။ ကုန်သွယ်သည်။(ကုန်ပစ္စည်းချင်း)ဖလှယ်သည်။

**tradeable** *adj.* ရောင်းနိုင်/ဖလှယ်နိုင်သော။

**tradeable instrument** *n.* ရောင်းနိုင်ဖလှယ်နိုင်သောတရားဝင်စာချုပ်စာတမ်း။

**trade acceptance** *n.* ကုန်သွယ်မှု ငွေလက်ခံစာ။

**trade agreement** *n.* ကုန်သွယ်ရေး သဘောတူစာချုပ်။

**trade allowance** *n.* ကုန်သွယ်စရိတ်။

**trade association** *n.* လုပ်ငန်းတူ ကုန်သွယ်မှုအသင်းအဖွဲ့။

**trade balance** *n.* ကုန်သွယ်မှုရှင်းတမ်း။ ဝင်ကုန်ထုတ်ကုန်ရှင်းတမ်း။

**trade barrier** *n.* ကုန်သွယ်မှုကန့်သတ်ချက်။ ကုန်သွယ်မှုအတားအဆီး။

**trade bill** *n.*ကုန်သွယ်မှုငွေလွှဲစာ။

**trade bloc** *n.* တစ်နိုင်ငံနှင့် တစ်နိုင်ငံ အခွင့်ထူးပေးထားသော စည်းကမ်းချက်များဖြင့် နိုင်ငံအချင်းချင်းကုန်သွယ်မှုထူထောင်ရန် သဘောတူညီထားကြသည့် နိုင်ငံများ အစု၊ အဖွဲ့။

**trade centre** *n.* ကုန်သွယ်မှုဗဟိုဌာန။

**trade charges** *n.* ကုန်သွယ်စရိတ်။

**trade concession** *n.* ကုန်သွယ်မှု လိုက်လျောချက်။

**trade counter** *n.* လက်ကားဈေးနှုန်းဖြင့် စက်ရုံ၊ ကုန်လှောင်ရုံများတွင် ကုန်ပစ္စည်းများကို လက်လီ ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူရရှိနိုင်သည့် နေရာ။



**trade creditor** *n.* ကုန်သွယ်မြီရှင်။

**trade cycle** *n.* စီးပွားရေးသံသရာ။

**trade debtor** *n.* ကုန်သည်မြီစား။

**trade deficit** *n.* ပို့ကုန် တန်ဖိုးပမာဏထက် သွင်းကုန်တန်ဖိုးပမာဏက ပိုမို များနေခြင်း။ ကုန်သွယ်ရေး လိုငွေပြမှု၊

**trade depression** *n.* ကုန်သွယ်ရေးကပ်။ စီးပွားရေးညှိုးဖျော့မှု။

**trade dictionary** *n.*ကုန်သွယ်မှု အဘိဓာန်။

**trade directory** *n.* ကုန်ပစ္စည်းများ၊ ကုမ္ပဏီများကို ဝန်ဆောင်မှုအလိုက်၊ အမျိုးအစားအလိုက် နေရာဒေသအလိုက်၊ အချက်အလက်များစွာကို ခွဲခြားစာရင်းပြုစုထားသည့်လမ်းညွှန်စာအုပ်။

**trade discount** *n.* ကုန်သည်အချင်းချင်း သာမန်လက်လီရောင်းချဈေးနှုန်းထက် လျှော့ပေးငွေ။

**trade dispute** *n.* ဝါဏိဇ္ဇပဋိပက္ခ။ လုပ်ငန်းခွင် အခြေအနေ၊လုပ်ခတို့နှင့်ပတ်သက်၍အလုပ်သမားနှင့်အလုပ်ရှင်တို့အကြားဖြစ်ပွားသည့် အငြင်းပွားမှု။

**trade draft** *n.* ကုန်သွယ်မှုငွေလွှဲစာ။

**traded option** *n.* စတော့ဈေးကွက်၊ ကုန်စည်ဒိုင်စသည်တွင် အရောင်းအဝယ် ပြုလုပ်နိုင်သည့် ကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းစသည်အား ဝယ်ယူနိုင်ခွင့်။

**trade -expert** *n.* ကုန်သွယ်မှုဆိုင်ရာကျွမ်းကျင်သူ၊ ပညာရှင်။

**trade fair** *n.* ကုန်စည်ပြပွဲ။

**trade figures** *n.* ပို့ကုန်တန်ဖိုးကို သွင်းကုန်တန်ဖိုးနှင့်နှိုင်းယှဉ်ဖော်ပြသော ကိန်းဂဏန်းများ။

**trade gap** *n.* ကုန်သွယ်မှုတွင် သွင်းကုန်နှင့်ပို့ကုန်တန်ဖိုးကွာဟချက်။

www.burmeseclassic.com

www.burmeseclassic.com



**trade goods** *n.* အရောင်းအဝယ်ပြုလုပ်သည့် ကုန်၊ ကုန်ပစ္စည်း။

**trade -in** *n.* အလိုက်ပေး၍ အသစ်လဲရာတွင် သွင်းရသည့် ပစ္စည်းဟောင်း။အဟောင်းသွင်း အသစ်ဝယ်စနစ်။

**trade investment** *n.* ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံငွေ။

**trade journal** *n.* ကုန်သွယ်မှု၊ စီးပွားရေး၊ စက်မှုလက်မှု လုပ်ငန်းစသည်အကြောင်းအရာများ ဖော်ပြသည့် ဂျာနယ်၊ မဂ္ဂဇင်း။

**trade licence** *n.* ကုန်သွယ်မှု လိုင်စင်။ ကုန်သွယ်လိုင်စင်။

**trade mark** *n.* ကုန်အမှတ်တံဆိပ်။ ကုန်သွယ် အမှတ်တံဆိပ်။မူပိုင်အမှတ်အသား လက္ခဏာ။ ကုန်ပစ္စည်းများပေါ်တွင် ဖော်ပြထားသည့် မူပိုင်အမှတ်အသား၊ တံဆိပ်၊ သင်္ကေတ။

**trade monopoly** *n.* လက်ဝါးကြီးအုပ်၍ ကုန်သွယ်မှု။

**trade name** *n.* ကုန်အမှတ်တံဆိပ်။ရောင်းကုန်အဖြစ်အသုံးပြုသော ကုန်ပစ္စည်း အမည်။ ကုန်သွယ်အမည်။

**trade network** *n.* ကုန်သွယ်ရေး ကွန်ရက်။

**trade -off** *n.* အကောင်းဆုံး အခြေအနေ ဖြစ်အောင် အတိုးအလျှော့၊ အပေးအယူလုပ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း။

**trade orientation** *n.* ကုန်သွယ်မှု ရှေးရှုခြင်း။

**trade press** *n.* ကုန်သွယ်မှုဆိုင်ရာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း။

**trade price** *n.* ပင်ရင်းဈေးနှုန်း။

**trade purpose** *n.* ကုန်သွယ်ရေးကိစ္စ။

**trader** *n.* ကုန်သည်။ အရောင်းအဝယ်လုပ်သူ။

**trade recession** *n.* စီးပွားရေးဆုတ်ယုတ်မှု။

**trade representative** *n.* ကုန်ပစ္စည်းများ ဝယ်ယူရန် အလားအလာရှိသူများထံသို့ ကိုယ်တိုင်သွားရောက်၍ ကုန်ရောင်းချသူ။



**trade restriction** *n.* ကုန်သွယ်မှုဆိုင်ရာကန့်သတ်ချက်။ပို့ကုန်သွင်းကုန်ဆိုင်ရာကန့်သတ်ချက်။

**trade rights** *n.* ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးများ။

**trade risk** *n.* ကုန်သွယ်မှုဆိုင်ရာ အန္တရာယ်။

**trade route** *n.* ကုန်သွယ်ရေး လမ်းကြောင်း။

**trade school** *n.* သက်မွေးမှု အတတ်ပညာသင်ကျောင်း။

**trade secret** *n.* ကုန်သွယ် လျှို့ဝှက်ချက်။ ကုန်ထုတ်လုပ်မှုဆိုင်ရာ လျှို့ဝှက်ချက်။

**tradesman** *n.* ဝယ်ယူပြီး ပစ္စည်းကို အိမ်တိုင်ရာရောက် လာပို့သူ။ ဈေးသည်။ ကုန်ပစ္စည်းရောင်းချသူ။ ဈေးဆိုင်ရှင်။

**trades people** *n.* အရောင်းအဝယ်သမား။ ဈေးသည်။

**trades person** *n* Also trades man.

**trade surplus** *n.* ပို့ကုန်ကသွင်းကုန်ထက်ပိုလျှံနေသည့် အခြေအနေ။

**trade terms** *n.* လက်ကားရောင်းချသူကလက်လီရောင်းချသူများကိုလျှော့ချပေးသည့်လျှော့ဈေး။

**trade test** *n.* လုပ်ငန်းသိမှု စစ်ဆေးလွှာ။

**trade union** *n.* အလုပ်သမားသမဂ္ဂ။ အလုပ်သမား အစည်းအရုံး။

**trade-unionism** *n.* သက်မွေးပညာအလိုက် အလုပ်သမားအစည်းအရုံး ဖွဲ့စည်းမှုစနစ်။

**trade -unionist** *n.* အလုပ်သမား အစည်းအရုံးဝင်။

**trade valuer** *n.* ကုန်ပစ္စည်းရာပြတ်။

**trading** *n.* အရောင်းအဝယ် လုပ်ခြင်း။ ကုန်သွယ်လုပ်ငန်း။ ရောင်းဝယ်ခြင်း။ကုန်သွယ်ခြင်း။ အရောင်းအဝယ် ပြုလုပ်ခြင်း။ အရောင်းအဝယ် ပြုလုပ်သည့် ပမာဏ။

**trading account** *n.* ကုန်သွယ်မှု စာရင်း။ကုန်ရောင်းကုန်ဝယ်စာရင်း။ ကုန်သွယ်စာရင်း။

**trading and profit and loss account** *n.* ကုန်သွယ်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အရှုံးအမြတ်စာရင်း။ကုန်ရောင်းကုန်ဝယ်နှင့်အရှုံးအမြတ်စာရင်း။

**trading association** *n.* ကုန်သွယ်မှုအသင်း။

**trading centre** *n.* ကုန်သွယ်မှုပြုရာဌာန။

**trading certificate** *n.* ကုန်သွယ်မှုလက်မှတ်။

**trading company** *n.* ရောင်းဝယ်ရေး ကုမ္ပဏီ။ ကုန်ရောင်းကုန်ဝယ်ကုမ္ပဏီ။

**trading conditions** *n.* ကုန်ရောင်းကုန်ဝယ်လုပ်မှုမှ အမြတ်အစွန်းရရှိမှု အခြေအနေ။

**trading estate** *n.* ကုန်သွယ်မှုဇုန်။ မြို့အစွန်အဖျားနေရာများတွင် တည်ရှိသော ကုန်လှောင်ရုံ၊ စက်ရုံ၊ အလုပ်ရုံများနှင့် စက်မှုဆိုင်ရာရုံးများရှိသည့်ဧရိယာ။

**trading loans** *n.* ကုန်သွယ်မှုချေးငွေ။

**trading loss** *n.* ကုန်သွယ်မှုအရှုံး။ကုန်ရောင်းကုန်ဝယ်အရှုံး။

**trading on equity** *n.* ချေးငွေဖြင့် အကျိုးဖြစ်ရင်းနှီးခြင်း။

**trading partner** *n.* ကုန်သွယ်ဖက်။ ကုန်သွယ်ဖက် ကုမ္ပဏီ၊ နိုင်ငံ စသည်။

**trading profit** *n.* ကုန်သွယ်မှုအမြတ်အစွန်း။ ကုန်သွယ်အမြတ်။

**trading result** *n.* ကုန်သွယ်မှုရလဒ်။ ကုန်သွယ်မှု အကျိုး၊ အပြစ်။

**trading stock** *n.* အသေးစိတ်စာရင်း။ မှုပိုင်ဟန်။ စီးပွားရေးလုပ်ငန်းတစ်ရပ်၏ လက်ဝယ်ရှိနေပြီး ကာလတစ်ရပ်တွင် ရောင်းချပေးမည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည်။

**tradition** *n.* ဓလေ့။ ထုံးစံ။ အစဉ်အလာ။ ရိုးရာ။

**traditional management** *n.* သမားရိုးကျ စီမံအုပ်ချုပ်မှု။

**traffic** *n.* ယာဉ်အသွားအလာ။ ကူးလူးသွားလာခြင်း။တရားမဝင်ကုန်ကူးခြင်း။ တရားမဝင် အရောင်းအဝယ် ပြုလုပ်ခြင်း။ *v.* တရားမဝင် ကုန်ကူးသည်။



**trafficker** *n.* တရားမဝင် ကုန်ကူးသူ။ (မူးယစ်ဆေးစသည်) ကုန်ကူးသူ။

**traffic warden** *n.* ယာဉ်ရပ်စခန်းကြီးကြပ်သူ။

**trail** *n.* လမ်းကြောင်း။ ခရီးလမ်းကြောင်း။ တောလမ်း။ တောင်လမ်း။

**trail-blazer** *n.* တီထွင်သူ။ မြေစမ်း ခရမ်းပျိုးသူ။

**trailer** *n.* နောက်တွဲယာဉ်။ နောက်တွဲ လူနေယာဉ်။

**train** *n.* မီးရထား။ *v.* လေ့ကျင့်သည်။ ပုံစံသွင်းသည်။ ပြုပြင်ပေးသည်။ ကျင့်သားရသည်။ ကျွမ်းကျင်သည်။

**trainee** *n.* သင်တန်းသား။ သင်တန်းသူ။

**trainee salesman** *n.* အရောင်းဈေးသည် သင်တန်းသား။

**trainee solicitor** *n.* အလုပ်သင်ရှေ့နေ။

**trainer** *n.* လေ့ကျင့်ပေးသူ။ ပတ္တူဖိနပ်။

**training** *n.*လေ့ကျင့်မှု။သင်တန်း။

**training and development** *n.* လေ့ကျင့်သင်တန်းပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု။အလုပ်သမား၊ လုပ်သားများ၏ အရည်အသွေးနှင့် ဆောင်ရွက်မှုကို မြှင့်တင်၍ ကုန်ထုတ်လုပ်မှု တိုးတက်စေသည့် ကြိုးပမ်းဆောင်ရွက်မှု။

**training manual** *n.* ဝန်ထမ်းသစ်၊ အလုပ်ခွင်သို့ စတင်ဝင်ရောက်သူများအတွက် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကို ဖော်ပြထားသည့် လက်စွဲ စာစောင်၊ စာအုပ်။

**training programme** *n.* သင်ကြားမှု အစီအစဉ်။

**trainman** *n.* ရထားအမှုထမ်း။

**trait** *n.* ဉာဉ်။ လက္ခဏာ။

**tram** *n.* ဓာတ်ရထား။

**tramcar** *n.* **Also** tram.

**tramlines** *n.* ဓာတ်ရထားသံလမ်း။

**tramp ship** *n.* ကြုံးဖောက် ကုန်သင်္ဘော။

www.burmeseclassic.com

www.burmeseclassic.com



**tramp steamer** *n.* ကုန်တင်ကြားသင်္ဘော။ ကြားဖောက်ကုန်သင်္ဘော။

**tramway** *n.* ဓာတ်ရထားသံလမ်း။

**tranche** *n.* (ကုမ္ပဏီတစ်ခု၏) အစုရှယ်ယာ စုစုပေါင်း။ အရစ်ကျပေးချေသည့် ငွေ။

**transact** *v.* တွေ့တွေ့ဆိုင်ဆိုင် ညှိနှိုင်းသည်။ ရောင်းဝယ်သည်။ နှစ်ဦး၊ နှစ်ဖက်၊ နှစ်ဖွဲ့ စသည်၊ အပေးအယူလုပ်သည်၊အရောင်းအဝယ် လုပ်သည်။

**transaction** *n.* လုပ်ငန်း။ ကိစ္စ။ အရောင်းအဝယ်။ စီးပွားရေးဆိုင်ရာ အပေးအယူ၊ အရောင်းအဝယ် ပြုလုပ်ခြင်း။ ရောင်းဝယ်မှု။ ဆောင်ရွက်မှု။ ဖလှယ်မှု။

**transaction approach** *n.* ရောင်းဝယ်မှု ရှုထောင့်။

**transaction demand for money** *n.* ရောင်းဝယ်ရန် ငွေလိုအပ်မှု။

**transaction of business** *n.* လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု။ စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု။

**transactions tax** *n.* ရောင်းခွန်။

**transactions velocity of circulation** *n.* သတ်မှတ်ကာလအတိုင်းအတာအတွင်း စီးပွားရေးဆိုင်ရာ ရောင်းဝယ် ပြုလုပ်မှုများတွင် ငွေကြေးတစ်ယူနစ် အနေဖြင့် ပါဝင်သည့် အကြိမ်အရေအတွက်။

**transducer** *n.* စွမ်းအင်အသွင်ပြောင်းကိရိယာ။

**transfer** *n.* လွှဲခြင်း။ပြောင်းခြင်း။ လွှဲပြောင်းခြင်း။ (ငွေကြေး၊ မြေရာ အဆောက်အအုံ၊ အစုရှယ်ယာစသည်) ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း။ ဘဏ်ငွေလွှဲခြင်းလုပ်ငန်း။ အဖွဲ့အစည်း၊ကုမ္ပဏီတစ်ခုတည်း၌ အလုပ်အကိုင် နေရာဌာန ပြောင်းရွှေ့ခြင်း။ ခရီးစဉ်အတွင်း ယာဉ်တစ်မျိုးမှ တစ်မျိုးပြောင်းစီးခြင်း။ ရထား၊ ဘတ်စ်ကား ပြောင်းစီးခွင့် လက်မှတ်။ *v.* ပြောင်းသည်။ လွှဲပြောင်းသည်။ ရွှေ့သည်။



လွှဲသည်။ ဘဏ်ငွေလွှဲသည်။ ပိုင်ဆိုင်မှု လွှဲပြောင်းသည်။

**transferable** *adj.* လွှဲပြောင်းပေးနိုင်သော။ လွှဲပြောင်းနိုင်သော။

**transferable bond** *n.* ထုတ်ဝေခဲ့သည့် ကုမ္ပဏီကို အသိပေးစရာမလိုဘဲ အခြားသူတစ်ဦးဦးကို လွှဲပြောင်းရောင်းချနိုင်သည့် ငွေချေးစာချုပ်။

**transfer agent** *n.* အစုရှယ်ယာ မှတ်ပုံတင် ကိုယ်စားလှယ်၊အဖွဲ့အစည်း။

**transfer book** *n.* ကုမ္ပဏီ အစုရှယ်ယာပိုင်ဆိုင်မှု အပြောင်းအလဲကိုမှတ်တမ်းတင်ထားသည့် စာအုပ်။

**transfer certificate** *n.* ပိုင်ဆိုင်မှု လွှဲပြောင်းထားသည်ကို မှတ်ပုံတင်ပြီး ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် စာရွက်စာတမ်း။

**transfer condition** *n.* ရွှေ့ပြောင်း အခြေအနေ။

**transfer costs** *n.* လွှဲပြောင်းစရိတ်။

**transfer day** *n.* လွှဲပြောင်းရက်။ လွှဲပြောင်းပေးသည့် ရက်။

**transfer deed** *n.* လွှဲပြောင်းစာချုပ်။

**transfer duty** *n.* ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ။ (ဒီဗင်ချာငွေချေးစာချုပ်၊ အစိုးရထုတ် ငွေချေးစာချုပ်၊ အသစ်ထုတ်ဝေလိုက်သော အစုရှယ်ယာများမှအပ) ရောင်း၊ဝယ်သည့်အခါ ဝယ်သူက ပေးရသည့် အခွန်။

**transferee** *n.* ပိုင်ဆိုင်မှု လွှဲပြောင်း ပေးအပ်ခြင်းခံရသူ။ လွှဲပြောင်း လက်ခံသူ။

**transference** *n.* လွှဲပြောင်းပေးခြင်း။

**transfer entries** *n.* စာရင်းလွှဲပြောင်းချက်။

**transfer fees** *n.* လွှဲပြောင်းခ။

**transferform** *n.* ပိုင်ဆိုင်မှု လွှဲပြောင်းသည့်အခါ ရေးသွင်းဖြည့်ရသော သတ်မှတ်ပုံစံ။

**transfer impedance** *n.* လွှဲပြောင်းဟန့်တားမှု။

www.burmeseclassic.com

www.burmeseclassic.com



**transfer income** *n.* ပင်စင်လစာ၊ အလုပ်လက်မဲ့ ထောက်ပံ့ငွေ၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာအမတော်ကြေးစသည် အစိုးရထံမှ ရရှိငွေများ။

**transfer journal** *n.* လွှဲပြောင်းဂျာနယ်။ (အစုရှယ်ယာ) အလွှဲအပြောင်းဂျာနယ်။

**transferor** *n.* မိမိပိုင်ဆိုင်မှုကို အခြားသူတစ်ဦးထံ လွှဲပြောင်းပေးသူ။

**transfer passenger** *n.* လေယာဉ်တစ်စင်းမှ အခြားလေယာဉ်တစ်စင်းသို့ ကူးပြောင်းလိုက်ပါ စီးနင်းသည့် လေယာဉ်ခရီးသည်။

**transfer payment** *n.*လွှဲပြောင်းပေးငွေ။

**transferred change call** *n.* ဖုန်းခေါ်ခံရသူက ကျသင့်ငွေကို ပေးချေရန် သဘောတူမှ ဆက်သွယ်ပေးသော ဖုန်းပြောဆိုမှု။

**transfer register** *n* **Also** transfer book .

**transferrer** *n.* လွှဲပြောင်းပေးသူ။

**transferring** *adj.* လွှဲပြောင်းသော။ *n.* လွှဲပြောင်းခြင်း။

**transferring entry** *n.* လွှဲပြောင်း ရေးသွင်းချက်။

**transfer tax** *n.* **Also** transfer duty.

**transformer** *n.* မီးအားမြှင့်စက်။ ထရန်စဖော်မာ။လျှပ်တာပြောင်း။

**transhipment** *n.* လွှဲပြောင်းပို့ခြင်း။ ယာဉ်ပြောင်းပို့ခြင်း။ သင်္ဘောတစ်စင်းမှ အခြားတစ်စင်းသို့ ကုန်လွှဲပြောင်း တင်ဆောင်ခြင်း။

**transistor** *n.* ထရန်စစ်စတာ။ လျှပ်စစ်ဓာတ်ကူးခြင်းကို တစ်စိတ်တစ်ပိုင်းခုခံနိုင်သည့်အီလက်ထရွန်နစ်ကိရိယာ။

**transit** *n.*အကူးအပြောင်း။အတင်အချ။ ဖြတ်သန်းခြင်း။ လူ၊ ကုန်စသည် စသည် တစ်နေရာမှ တစ်နေရာသို့ ဖြတ်သန်းခြင်း ကူးပြောင်းမှု။

**transit camp** *n.* ယာယီတည်းခိုရေးစခန်း။



**transit depots** *n.* လမ်းခုလတ်ရှိ သစ်ဆိပ်များ။

**transition** *n.* အကူးအပြောင်း။ စပ်ကူးမပ်ကူး။

**transitional relief** *n.* အခွန်စနစ်အကူးအပြောင်းတွင် စနစ်ဟောင်းအရ အခွန်ပို ဆောင်ရမည့်သူများအတွက်လျှော့ပေါ့ပေးဆောင်ခွင့်ရသောကာလတို။

**transit time** *n.* ဖြတ်ကူးချိန်။

**transit trade** *n.* ဖြတ်ကူးကုန်။

**transit visa** *n.* ခေတ္တဝင်ရောက်ရပ်နား ပြည်ဝင်ခွင့်ဗီဇာ။

**translate** *v.* ဘာသာပြန်ဆိုသည်။ ဘာသာပြန်နိုင်သည်။

**translation** *n.* ဘာသာပြန်ဆိုခြင်း။ ဘာသာပြန်ဆိုချက်။

**translator** *n.* ဘာသာပြန်။ ဘာသာပြန်ဆိုသူ။

**transmission** *n.* ထုတ်လွှင့်ခြင်း။ တစ်ဆင့်ပို့ပေးခြင်း။ရေဒီယိုရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း။ကူးစက်ခြင်း။

**transmitter** *n.* အသံလွှင့်စက်။ ပို့လွှတ်ကိရိယာ။

**transnational** *adj.* နိုင်ငံတစ်နိုင်ငံတွင်မျှ ရုံးချုပ်အတည်တကျ ဖွင့်လှစ်ထားခြင်း မရှိသော (ကုမ္ပဏီကြီး၊ ကော်ပိုရေးရှင်းကြီး စသည်)။

**transom** *n.* တံခါးထုပ်တန်း။ ထုပ်တန်းအပေါ်ရှိ ပြတင်းပေါက်။ လှေ၊ သင်္ဘောပဲ့ပိုင်းကန့်လန့်ဘောင်။

**transparency** *n.* ဖောက်ထွင်းမြင်နိုင်ခြင်း၊ ကြည်လင်မှု။ ပရိယာယ် ကင်းရှင်းမှု။ ရိုးသားပွင့်လင်းမှု။

**transplant** *n.* အစားထိုး ကုသခြင်း။ *v.* (အပင်) ပြောင်းရွှေ့စိုက်ပျိုးသည်။ (ကိုယ်အင်္ဂါအစိတ်အပိုင်း) အစားထိုးကုသသည်။

**transport** *n.* သယ်ယူပို့ဆောင်ရေး။ လူ၊ ကုန်စည် စသည်ကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ပေးခြင်း။ သယ်ယူပို့ဆောင်ရေးယာဉ်စက်များ။ ယာဉ်။စီးနင်းလိုက်ပါနိုင်သည့်ယာဉ်၊ ရထား။သယ်ယူပို့ဆောင်မှုဆိုင်ရာ သင်္ဘော၊

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံ စသည်။ *v.* သယ်ပို့သည်။ ပို့ဆောင်သည်။

**transportable** *adj.* သယ်ယူပို့ဆောင်နိုင်သော။

**transportation** *n.* သယ်ယူပို့ဆောင်ရေး။ သယ်ယူပို့ဆောင်ခြင်း။ သယ်ယူပို့ဆောင်မှု ဆိုင်ရာ ယာဉ်၊ သင်္ဘော၊ လေယာဉ်ပျံ စသည်။ လမ်းပန်းဆက်သွယ်ရေး။

**transportation hub** *n.* သယ်ယူပို့ဆောင်ရေး ဗဟိုချက်မ။

**transport café** *n.* ဈေးပေါပေါ လမ်းဘေးစားသောက်ဆိုင်။

**transport co-operative** *n.* သယ်ယူပို့ဆောင်ရေးသမဝါယမ အသင်း။

**transporter** *n.* နောက်တွဲယာဉ်ပါ ဝန်လေးဆွဲကားကြီး။

**transport industry** *n.* သယ်ယူပို့ဆောင်ရေး လုပ်ငန်းစု။

**transport international routier** *n.* ကုန်းလမ်းဖြင့် ကုန်စည်များကိုသယ်ယူပို့ဆောင်ရန်အတွက် နိုင်ငံတကာစာရွက်စာတမ်းများအသုံးပြုရန် ချမှတ်ထားသည့် ဥရောပနိုင်ငံများ အစီအစဉ်။

**transport pass** *n.* သယ်ဆောင်ရန် ခွင့်ပြုစာ။

**transport system** *n.* သယ်ပို့အဖွဲ့။ သယ်ယူပို့ဆောင်ရေး စနစ်။

**trash** *n.* အညံ့စား။ အပေါစား။ အမှိုက်သရိုက်။

**trash can** *n.* အမှိုက်ပုံး။

**travel** *n.* ခရီး။ *v.* ခရီးသွားသည်။ ခရီးထွက်သည်။

**travel agency** *n.* ခရီးသွား လုပ်ငန်း ဌာန။ ခရီးသွား အေဂျင်စီ။

**travel agent** *n.* ခရီးသွား လုပ်ငန်း ကိုယ်စားလှယ်။ ခရီးသွား လုပ်ငန်းဆိုင်ရာ စီစဉ်ပေးသူ အဖွဲ့အစည်း။

**travel allowance** *n.* ခရီးစရိတ်။တာဝန်ဖြင့်ခရီးသွားလာရသော ဝန်ထမ်းအတွက် ခရီးစရိတ်ထောက်ပံ့ငွေ။

**travel expenses** *n.* ခရီးကုန်ကျစရိတ်။ ခရီးသွားလာခြင်း ဆိုင်ရာ ကုန်ကျစရိတ်။



**traveller** *n.* ခရီးသွား။ခရီးသည်။ (စီးပွားရေး ဆိုင်ရာ) နယ်လှည့်ကိုယ်စားလှယ်။

**traveller's cheque** *n.* ခရီးသွားချက်လက်မှတ်။

**traveller's commission** *n.* ခရီးသည် ဝန်ဆောင်ခ။

**traveller's expenses** *n.* ခရီးသည် အသုံးစရိတ်။

**traveller's letter of credit** *n.* ဘဏ်တိုက်တစ်ခုက ခရီးသည်တစ်ဦးအား ထုတ်ပေးထားသည့် နိုင်ငံရပ်ခြားဘဏ်တိုက်ကိုယ်စားလှယ်များထံမှသတ်မှတ်ငွေတစ်ရပ်အထိ ရယူ၊ ထုတ်ယူစေနိုင်သည့် စာရွက်စာတမ်း။

**travelling agent** *n.* နယ်လှည့်ကိုယ်စားလှယ်။

**travelling allowance** *n.* ခရီးစရိတ်။ ခရီးသွား ခွင့်ပြုစရိတ်။

**travelling charges** *n.* ခရီးစရိတ်။ ခရီးသွားစရိတ်။

**travelling expenses** *n.* ခရီးစရိတ်။ ခရီးသွား အသုံးစရိတ်။

**travelling salesman** *n.* နယ်လှည့် အရောင်းကိုယ်စားလှယ်။

**travel sickness** *n.* ခရီးသွားရင်းပျို့အန်ခြင်း။ ခရီးတောက်ခြင်း။

**trawl** *n.* ပင်လယ်ငါးဖမ်းဆွဲပိုက်ကြီး။ *v.* ဆွဲပိုက်ဖြင့် ငါးဖမ်းသည်။

**trawler** *n.* ဆွဲပိုက်ချ သင်္ဘော။

**tray** *n.* လင်ပန်း။ ဗန်း။

**treacle** *n.* သကာရည်။ တင်လဲရည်။

**treasure** *n.* ရတနာ။ အဖိုးထိုက်အဖိုးတန် ပစ္စည်း။ တန်ဖိုးကြီးပစ္စည်း။

**treasure- house** *n.* ဘဏ္ဍာတိုက်။ အဖိုးတန်ပစ္စည်းများထားသိုရာ နေရာ။

**treasure hunt** *n.* ရတနာသိုက်ရှာဖွေခြင်း။

**treasurer** *n.* ဘဏ္ဍာရေးမှူး။ ဘဏ္ဍာတော်ထိန်း။ ဘဏ္ဍာစိုး။ ငွေထိန်း။

**treasure trove** *n.* ပိုင်ရှင်မဲ့ရတနာသိုက်။ ရတနာသိုက်။

www.burmeseclassic.com

www.burmeseclassic.com



**treasury** *n.* ငွေတိုက်။ ဘဏ္ဍာတိုက်။

**treasury agency** *n.* ငွေတိုက်ကိုယ်စားလှယ်။

**treasury balance** *n.* အစိုးရငွေသေတ္တာ လက်ကျန်ငွေ။

**treasury bill** *n.* အစိုးရ ငွေချေးလပိုင်းစာချုပ်။

**treasury bond** *n.* အစိုးရထုတ်ငွေချေးစာချုပ်။ အစိုးရထုတ်ဘွန်းငွေချေးစာချုပ်။

**treasury note** *n.* အစိုးရငွေချေးနှစ်တိုးစာချုပ်။

**treatise** *n.* သုတေသနကျမ်း။

**treatment** *n.* ပြုမူခြင်း။ ဆက်ဆံခြင်း။ ကုသမှု။ ပြုစုမှု။ အရေးယူမှု။

**treaty** *n.* စာချုပ်။ (ရောင်းရေးဝယ်တာနှင့်ပတ်သက်၍)တရားဝင်သဘောတူညီချက်။ အရောင်းအဝယ်စာချုပ်။

**treaty insurance** *n.* စာချုပ်အာမခံ။

**trend** *n.* ဦးတည်ရာ။ အလားအလာ။

**trend- setter** *n.* ခေတ်ဆန်းသမား။ ဖက်ရှင်ရှေ့ဆောင်။

**trendy** *adj.* ခေတ်ဆန်သော။ ခေတ်ရှေ့ပြေးသော။ ခေတ်ရေစီးကြောင်းကို လိုက်သော။ *n.* ခေတ်ဆန်သူ။ ခေတ်ရှေ့ပြေးသူ။

**trial** *n.* စမ်းသပ်စစ်ဆေးခြင်း။ စစ်ဆေးစီရင်ခြင်း။ အမှုရင်ဆိုင်ရခြင်း။

**trial balance** *n.* အစမ်းရှင်းတမ်း။

**trial digging** *n.* အစမ်းတူးဖော်ခြင်း။ စမ်းသပ်တူးဖော်ခြင်း။

**trial run** *n.* အစမ်း။ စမ်းသပ်ခြင်း။ စစ်ဆေးခြင်း။

**trial period** *n.* ဝယ်သူကို စမ်းသပ်သုံးစွဲကြည့်စေသည့်ကာလ။ အလုပ်အစမ်းခန့် ကာလ။

**triangular trade** *n.* သုံးနိုင်ငံကုန်သွယ်မှု။

**tribunal** *n.* ခုံအဖွဲ့။ ခုံရုံး။

**trickle charger** *n.* ဘက်ထရီ လျှပ်စစ်ဓာတ်အားသွင်း ကိရိယာ။



**tricycle** *n.* သုံးဘီးစက်ဘီး။

**trigger price** *n.* ကုန်ပစ္စည်းတင်သွင်းသည့် မူရင်းနိုင်ငံတွင် ရောင်းချသည့် ဈေးနှုန်းထက် သာမက၊ ကုန်ပစ္စည်းတင်သွင်းခံရသည့် နိုင်ငံတွင်း ထုတ်လုပ်သူများ ရောင်းချသည့် ဈေးနှုန်းထက်ပါ များစွာလျော့နည်းလွန်းနေသည့်သွင်းကုန်ဈေးနှုန်း။

**trim** *v.* (လှေသင်္ဘော) ရွက်များကို လေကြောင်းနှင့် အလိုက်သင့်ဖြစ်အောင် ပြုပြင်သည်။

**trimaran** *n.* သုံးစင်းတွဲလှေ။

**trinket** *n.* အပေါစား လက်ဝတ်တန်ဆာ။

**triumph** *n.* အောင်ပွဲ။ အောင်ပွဲခံခြင်း။ အောင်ပန်းဆွတ်ခြင်း။

**triumvirate** *n.* သုံးဦးတွဲဖက်အုပ်ချုပ်ရေး။

**trolley** *n.*လက်တွန်းလှည်း။တွန်းလှည်း။ ဘီးတပ် စားပွဲ။ ဓာတ်ရထား။

**trolley bus** *n.* ကောင်းကင်ကြိုးဓာတ်အားဖြင့်သွားသောဘတ်စ်ကား။

**trouble** *n.* အလုပ်ပို။ အနှောင့်အယှက်။ ပြဿနာ။ ပဋိပက္ခ။ (စက်ပစ္စည်း) ချွတ်ယွင်းခြင်း။

**troublemaker** *n.* ပြဿနာဖန်တီးလေ့ရှိသူ။

**troubleshooter** *n.* ပြဿနာရှင်းပေးသူ။ (စက်ယန္တရား) ပြစ်ချက် ရှာဖွေကုစားပေးသူ။

**trough** *n.* စီးပွားရေးလုပ်ငန်းအကျဆင်းဆုံးအချိန်။ ယင်းအခြေအနေကို ဖော်ပြထားသည့် ပုံပြမျဉ်းအစိတ်အပိုင်း။

**trousers** *n.* ဘောင်းဘီရှည်။

**trowel** *n.* (ဥယျာဉ်သုံး) ဂေါ်ပြားငယ်။ သံလက်။

**truancy** *n.* တာဝန်ရှောင်မှု။

**truant** *n.* (အလုပ်တာဝန် ထမ်းဆောင်သည့် နေရာမှ) လစ်ထွက်နေသူ။

**truck** *n.* ထရပ်ကား။ ကုန်တင်ကား။ ပက်လက် ကုန်တင်တွဲ။ လက်တွန်းလှည်း။

**truckage** *n.* ပက်လက်ကုန်တင်ရထားတွဲဖြင့် ကုန်စည်များသယ်ယူပို့ဆောင်ခြင်း။ ပက်

www.burmeseclassic.com

www.burmeseclassic.com



လက် ကုန်တင်ရထားတွဲဖြင့် သယ်ယူပို့ဆောင်စရိတ်။

**true** *adj*. မှန်ကန်သော။ စစ်မှန်သော။ ဖြောင့်မှန်သော။

**true and fair view** *n*. (စီးပွားရေး၊ လုပ်ငန်း၊ ကုမ္ပဏီစာရင်းများနှင့် ပတ်သက်၍) တိကျမှန်ကန်ပြီး အဓိပ္ပာယ်လွဲမှားစရာမရှိသည့်စာရင်းဇယားမှတ်တမ်း။

**true copy** *n*. မိတ္တူမှန်။

**true discount** *n*. လျှော့ငွေမှန်။ လျှော့စျေးမှန်။

**true interest** *n*. ငွေတိုးသက်သက်။

**trunk** *n*. ပင်စည်။ ကိုယ်လုံး။ အဝတ်စသည်သယ်ရန်သေတ္တာကြီး။မော်တော်ကားပစ္စည်းခန်း။

**trunk call** *n*. နိုင်ငံတွင်းရပ်ဝေးဒေသခေါ် တယ်လီဖုန်း။

**trunk road** *n*. ပင်မလမ်းမကြီး။

**trust** *n*. ယုံမှတ်အပ်ငွေ။ ယုံကြည်အပ်နှံမှု။ စောင့်ရှောက်မှု။ လက်ဝယ်ယုံကြည်မှု။ ယုံကြည်မှု။ စိတ်ချခြင်း။ ဂေါပကအဖွဲ့။ အုပ်ထိန်းသူအဖွဲ့။ ကုမ္ပဏီများက အကျိုးအမြတ်ကို ရှေးရှုပြီး အချင်းချင်း ပြိုင်ဆိုင်မှုကို ထိန်းသိမ်းရန် ပူးပေါင်းဖွဲ့စည်းမှု။ ကုမ္ပဏီ စီမံရေး လွှဲအပ်ခံအဖွဲ့။

**trust account** *n*. ဘဏ္ဍာထိန်းငွေစာရင်း။

**trust company** *n*. ဘဏ္ဍာထိန်းကုမ္ပဏီ။ ကုမ္ပဏီချုပ်။

**trust deed** *n*. ယုံကြည်အပ်နှံ စီမံခန့်ခွဲမှုဆိုင်ရာတရားဝင်စာချုပ်စာတမ်း။

**trustee** *n*. ယုံကြည်အပ်နှံခြင်းခံရမှု။ အုပ်ထိန်းသူ။ ဂေါပကလူကြီး။ ဘဏ္ဍာထိန်းအဖွဲ့။

**trusteeship** *n*. အပ်နှံခြင်းခံရသူ။ ဂေါပကရာထူး။ ဘဏ္ဍာတော်ထိန်းရာထူး။

**trusteestock** *n*. ဘဏ္ဍာတော်ထိန်းစတော့။

**trust fund** *n*. အုပ်ထိန်းရေး အဖွဲ့ရန်ပုံငွေ။ ဘဏ္ဍာထိန်းထံ အပ်နှံငွေ။ယုံကြည်အပ်နှံမှုအရ ထိန်းသိမ်းထားရှိသည့် အဖိုးတန်ပစ္စည်းများ။



**trust receipt** *n*. ဘဏ္ဍာတော်ထိန်း လက်ခံဖြတ်ပိုင်း။ ငွေလွှဲစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော်လည်း ကုန်များရောက်လာချိန်၌ ငွေမပေးချေနိုင်သည့် သွင်းကုန်လုပ်ငန်းရှင်က ဘဏ်ကို ပေးအပ်ထားရသည့် ခံဝန်စာရွက်စာတမ်း။

**trust security** *n*. ဘဏ္ဍာတော်ထိန်း အာမခံစာချုပ်။

**trust unit** *n*. စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အစုရှယ်ယာယူနစ်။

**trustworthy** *n*. ယုံကြည်စိတ်ချရသော။ အားကိုး ယုံကြည်ရသော။

**trusty** *n*. ယုံကြည် စိတ်ချရသဖြင့် အခွင့်ထူးများ၊ တာဝန်လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းခံရသူ။

**truth** *n*. အမှန်။ အမှန်တရား။

**try** *n*. စမ်းကြည့်ခြင်း။ *v*. ကြိုးစားသည်။ စမ်းသည်။အကဲစမ်းသည်။

**tub** *n*. စည်ပိုင်း။ (စားသောက်ဖွယ်ထည့်ရသော စည်ပိုင်းပုံ) ခွက်၊ ဘူး။

**tube** *n*. ပြွန်။ ကျည်တောက်၊ သွားတိုက်ဆေးဘူး ကဲ့သို့သော ဘူးမျိုး။

**tubing** *n*. ပြွန်ချောင်း။ပိုက်လိုင်း။

**tug** *n*. ဆွဲသင်္ဘော။

**tug vessel** *n*. ဆွဲရန်သင်္ဘော။

**tun** *n*. ဘီယာ၊ ဝိုင် စသည် ထည့်သော စည်ကြီး။

**tuner** *n*. (ရေဒီယို၊ ရုပ်မြင်သံကြားစက်တို့တွင်) လိုရာလိုင်း ဖမ်းယူသည့် အပိုင်း။

**tungsten** *n*. အဖြိုက်နက်ဒြပ်စင်။

**tunnel** *n*. ဥမင်။ လိုဏ်ခေါင်း။ *v*. ဥမင်၊ လိုဏ်ခေါင်းဖောက်သည်။

**turbine** *n*. တာဗိုင်စက်။

**turbocharger** *n*. တာဘို ဖိအားမြှင့်စက်။

**turbojet** *n*. တာဘိုဂျက်အင်ဂျင်။

**turn-about** *n*. အပြောင်းအလဲ။

**turnaround** *n*. စျေးကွက်၊ စီးပွားရေး လုပ်ငန်း၊ ကုမ္ပဏီ၊ နိုင်ငံစီးပွားရေး အခြေအနေ စသည် ပြန်လည်ကောင်းမွန်လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**turn around time** *n.* လုပ်ငန်းတစ်ခုကို စတင်အပ်နှံချိန်မှစ၍ ဆောင်ရွက်ပြီးစီး ပြန်လည်အပ်နှံသည်အထိ ကြာမြင့်ချိန်။

**turn-out** *n.* ကုန်ထွက်။ ပရိသတ်။ တက်ရောက်သူ။

**turnover** *n.* (ဆိုင်တစ်ဆိုင်၏) အနုတ်အသိမ်း။ ကုမ္ပဏီဝန်ထမ်းအလုပ်မှ နုတ်ထွက်သည့်နှုန်း။ ရောင်းချသည့် အကြိမ်ပေါင်း။ ကာလတစ်ရပ်အတွင်း ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်း တစ်ရပ်က ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းတန်ဖိုး။

**turnover rate** *n.* သွင်း၊ ထုတ် လည်ပတ်နှုန်း။

**turnover ratio** *n.* စီးပွားရေးလုပ်ငန်းပိုင် မတည်ပစ္စည်းများ တန်ဖိုးစုစုပေါင်းနှင့် ကုန်ပစ္စည်းရောင်းရငွေ စုစုပေါင်း အချိုး။

**turnover tax** *n.* ကုန်ရောင်းရငွေအပေါ် ကောက်ခံသည့် အခွန်။ ရောင်းခွန်။

**turnpike** *n.* ဖြတ်သန်းခကောက်ခံသော အမြန်လမ်းမကြီး။

**turn-round** *n.* ယာဉ်၊ သင်္ဘောစသည် ခရီးဆက်လက်မထွက်ခွာမီ ကုန်ချ၊ ကုန်တင်၊ လောင်စာဆီ ဖြည့်တင်းမှုများ ဆောင်ရွက်ခြင်း။

**turn- round time** *n.* ယာဉ်၊ သင်္ဘောစသည် ဆိုက်ကပ်ချိန်မှစ၍ ထွက်ခွာချိန်အထိ ကုန်ချ၊ ကုန်တင်၊ လောင်စာဆီ ဖြည့်တင်းမှုပြုလုပ်ရန် ကြာမြင့်ချိန်။

**turnstile** *n.* တစ်ကြိမ်လျှင် လူတစ်ယောက်သာ ဝင်ထွက်နိုင်သော ဆုံလည်ဂိတ်တံခါး။

**turntable** *n.* စီဒီဓာတ်ပြားစသည် တင်ရသော ဆုံလည်။ မီးရထားစက်ခေါင်း ရှေ့နောက်လှည့်ရန် ဆုံလည်။

**turpentine** *n.* တာပင်တိုင်ဆီ။ ထင်းရှူးဆီ။

**twin bed** *n.* ယှဉ်လျက် တစ်ယောက်အိပ် ခုတင်နှစ်လုံး။

**twin bedroom** *n.* တစ်ယောက်အိပ် ခုတင် နှစ်လုံးပါသည့် ဟိုတယ်ခန်း။

**twin-engined** *adj.* အင်ဂျင်စက်နှစ်လုံး တပ်ဆင်ထားသော။



**twin-screw** *n.* အင်ဂျင်နှစ်လုံးတပ်သင်္ဘော။

**two-name paper** *n.* နှစ်ဦးအာမခံထားသည့် စာချုပ်။

**two-seater** *n.* နှစ်ယောက်စီးလေယာဉ်၊ ယာဉ်။

**two-way** *adj.* နှစ်လမ်းမောင်း (ယာဉ်ကြော၊ လမ်းစသည်)။ ခလုတ်နှစ်ခုအနက် တစ်ခုခုဖြင့် ဖွင့်ပိတ်နိုင်သော။

**two-way mirror** *n.* တစ်ဖက်ပိတ်မှန်။

**tycoon** *n.* သက်ဆိုင်ရာလုပ်ငန်းတွင် ဩဇာအာဏာကြီးမား၍ ထင်ရှားသည့် သူဌေးကြီး။ ဩဇာတိက္ကမရှိသော ကြွယ်ဝချမ်းသာသည့် စီးပွားရေး လုပ်ငန်းရှင်ကြီး။

**type**[1] *n.* အမျိုးအစား။ အုပ်စု။ ပုံစံ။ အတန်းအစား။ အုပ်စုခွဲသည်။ အမျိုးအစား ခွဲသည်။

**type**[2] *n.* ခဲစာလုံး။ စာလုံးပုံစံ။ *v.* (လက်နှိပ်စက်၊ ကွန်ပျူတာစသည်) ရိုက်သည်။

**typescript** *n.* လက်နှိပ်စက်မှု။ စက်ရိုက်မှု။ လက်နှိပ်စက် ရိုက်ပြီး မှု။

**typesetter** *n.* စာစီသမား။ စာစီစက်။

**typesetting** *n.* စာစီခြင်း။

**typewriter** *n.* လက်နှိပ်စက်။

**typing** *n.* (လက်နှိပ်စက်၊ ကွန်ပျူတာ) ရိုက်ခြင်း။ ယင်းသို့ ရိုက်ထားသောစာ။

**typist** *n.* လက်နှိပ်စက်ရိုက်သူ။ လက်နှိပ်စက်စာရေး။

**typhoon** *n.* တိုင်ဖွန်းမုန်တိုင်း။

**typography** *n.* ပုံနှိပ်အတတ်။ ပုံနှိပ်လက်ရာ။ ပုံနှိပ်ခြင်း။

**typographer** *n.* ပုံနှိပ်အတတ်ပညာရှင်။ ပုံနှိပ် ကျွမ်းကျင်သူ။

**tyre** *n.* တာယာ။ (စက်ဘီး၊ကား၊ လေယာဉ်ပျံစသည်) တာယာ။

**tyro** *n.* လက်သစ်။

www.burmeseclassic.com

www.burmeseclassic.com



## U u

**UEFA** *abbr.* ဥရောပဘောလုံးအဖွဲ့ချုပ်။ Union of European Football Associations.

**ullage** *n.* အငွေ့ပျံခြင်း၊ ယိုစိမ့်ခြင်းတို့ကြောင့် ဘူး၊ ပုလင်းချင့်ဝန် အတိုင်းအတာ အပြည့်ထည့်ထားသည့်ထုထည်ပမာဏ ကွာခြားချက်။ လျော့ကျသွားသည့်ပမာဏ၊ထုထည်။တင်သွင်းရောက်ရှိလာချိန်တွင် ပုံး၊ ဘူး၊ သေတ္တာအတွင်း ကုန်ပစ္စည်းပါရှိသည့် ပမာဏ၊ ထုထည်။

**ultimate consumer** *n.* ကုန်ပစ္စည်းဝယ်ယူသုံးစွဲသူ။

**ultraviolet** *n.* ခရမ်းလွန်ရောင်ခြည်။

**ultra vires** *adj.* (လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ကုမ္ပဏီစသည်၏ လုပ်ဆောင်မှုသည်) လုပ်ပိုင်ခွင့်ရှိသည်ထက် ကျော်လွန်နေသော။

**umbrella fund** *n.* နိုင်ငံပြင်ပအခွန်နှုန်းထား ကောက်ခံမှုနည်းပါးသည့်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် သီးသန့်ထားရှိငွေ။

**umbrella organization** *n.* လုပ်ငန်း၊ အဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းထားရှိသည့်စီးပွားရေး လုပ်ငန်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အဖွဲ့ကြီး။

**umbrella policy** *n.* အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့် ရှိသော အာမခံဆိုင်ရာ ပေါ်လစီ၊ မူဝါဒ။

**umpire** *n.* ခုံသမာဓိလူကြီး။ ဒိုင်။ *v.* ခုံသမာဓိလူကြီးအဖြစ်ဆောင်ရွက်သည်။

**unabsorbed cost** *n.* ကုန်ထုတ်လုပ်မှုအဆင့်တစ်ရပ် ကျဆင်းသွား၍ ဝင်ငွေနှင့် မကာမိတော့သော ကုန်ပစ္စည်းထုတ်လုပ်မှုစရိတ်။

**unaccountable** *adj.* တာဝန်မခံရသော။ ရှင်းပြရန် မလိုသော။ ရှင်းမပြနိုင်သော။



**unaccounted for** *adj.* စာရင်းပျောက်နေသော။ အကြောင်းမရှိဘဲလျော့နည်းကွာခြားနေသော။

**unaccustomed** *adj.* ကျင့်သားမရသော။ အကျင့်မရှိသော။ နေသားမကျသော။

**unadventurous** *adj.* ဆန်းသစ်တီထွင်မှု မရှိသော။ ငြီးငွေ့ဖွယ်ကောင်းသော။

**unappropriated profit** *n.* အမြတ်ဝေစုအဖြစ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း မပြုဘဲထားသော အမြတ်ငွေ။

**unaudited** *adj.* စာရင်းမစစ်ဆေးရသေးသော။

**unaudited accounts** *n.* စာရင်း မစစ်ဆေးရသေးသော စာရင်းများ။

**unauthorized** *adj.* ခွင့်ပြုချက်မရသော။

**unavailability** *n.* မရရှိနိုင်ခြင်း။

**unbalance** *v.* ကမောက်ကမဖြစ်စေသည်။ တစ်ဖက်စောင်းနင်းဖြစ်စေသည်။

**unbalanced** *adj.* ဝင်ငွေထက်ထွက်ငွေက ပိုများနေသည့် ငွေစာရင်း ဖြစ်သော။ စုစုပေါင်းမြီစားနှင့် စုစုပေါင်း မြီရှင်စာရင်းတို့ကို ကိုက်ညီမှု မရှိသည့် စာရင်းဖြစ်သော။

**unbalanced accounts** *n* ဝင်ငွေနှင့် ထွက်ငွေ မမျှတ၊ မကိုက်ညီသော စာရင်းများ။

**unbundling** *n.* ကုမ္ပဏီအဖွဲ့အစည်းကြီးတစ်ရပ်ကို ဝယ်ယူသိမ်းပိုက်ရာတွင် လက်အောက်ခံ စီးပွားရေးလုပ်ငန်းအဖွဲ့ငယ်များကို ရောင်းချပစ်ခြင်း။

**uncalled** *adj.* မတောင်းခေါ်ရသေးသော။

**uncalled capital** *n.* မတောင်းခေါ်ရသေးသော အရင်းအနှီး။

**uncashed** *adj.* ငွေမထုတ်ယူရသေးသော (ချက်လက်မှတ်စသည်)။ ဘဏ်စာရင်း တစ်ခုခုသို့ မပေးသွင်းရသေးသော။

**uncashed documents** *n.* ငွေမထုတ်ယူရသေးသော စာရွက်စာတမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



**uncertified units** *n.* ထောက်ခံချက်လက်မှတ် သီးသန့်ထုတ်ပေးရလောက်အောင် တန်ဖိုးပမာဏမများသောအစုရှယ်ယာအနည်းစု။

**unclaimed** *adj.* ပိုင်ရှင်မဲ့ဖြစ်သော။ မတောင်းခံသေးသော။

**unclaimed balances** *n.* မတောင်းခံရသေးသော လက်ကျန်။

**unclaimed dividends** *n.* မတောင်းခံရသေးသော အမြတ်ဝေစု။

**unclaimed interest** *n.* မတောင်းခံရသေးသော အတိုး။

**uncompleted** *adj.* မပြီးဆုံးသေးသော။ အပြီးမသတ်သေးသော အတိုး။

**unconditional** *adj.* အကြွင်းမဲ့ဖြစ်သော။ ခြွင်းချက် မရှိသော။

**unconditional takeover bid** *n.*သတ်မှတ်ချက် မထားရှိဘဲ ရရှိနိုင်သမျှ အစုရှယ်ယာများကို ဝယ်ယူရန် ဈေးနှုန်းဖော်ပြကမ်းလှမ်း၍ ဝယ်ယူသိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခြင်း။

**unconfirmed** *adj.* အတည်မပြုရသေးသော။အတည်မဖြစ်သေးသော။

**unconfirmed letter of credit** *n.* ထုတ်ပေးထားသည့်ဘဏ်က ငွေထုတ်ပေးရမည့် ငွေလွှဲစာချုပ်များ လက်ခံမည်ဟု အတည်မပြုထားသော ငွေရပိုင်ခွင့်လွှာ။အတည်မပြုရသေးသော ငွေရပိုင်ဆိုင်ခွင့်စာ။

**unconscionable bargain** *n.* တစ်ဖက်သားအပေါ်တရားမျှတမှုကင်းမဲ့စွာ အသာစီးယူ၍ ချုပ်ဆိုပြီး ဥပဒေနှင့်မညီညွတ်သော ပဋိညာဉ်စာချုပ်။

**uncontrollable cost** *n.* ထိန်းချုပ်မရနိုင်သည့်ကုန်ကျစရိတ်။

**uncrossed cheque** *n.*မျဉ်းသားမထားသော ချက်လက်မှတ်။

**UNCTAD** *abbr.* ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ။ United Nations Conference on Trade and Development .



**undated** *adj.* နေ့စွဲ၊ ရက်စွဲမပါသော။ နေ့စွဲ၊ ရက်စွဲ မသိရသော။

**undated bill** *n.* နေ့စွဲ၊ ရက်စွဲမပါသော ဘီလ်။

**undated cheque** *n.* နေ့စွဲ၊ ရက်စွဲမပါသော ချက်လက်မှတ်။

**undated security** *n.* ပြန်ပေးဆပ်ရမည့်ကာလ ကန့်သတ်ချက် မရှိသည့် ပုံသေအတိုးနှုန်းခံစားခွင့်ရှိသော ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်း။

**undeclared** *adj.* အကောက်ခွန်စည်းကြပ်ရန် တင်ပြခြင်း မရှိသော ဝင်ငွေခွန် စည်းကြပ်ရန်တင်ပြခြင်းမရှိသော။

**under** *prep.* အောက်။ ယုတ်။ လျော့။ အောက်တွင်။ မှာ။ ၌။

**underbid** *v.* (လေလံဆွဲရာ၊ ဈေးပြိုင်ပေးသွင်းရာတွင်) အောက်ဈေးပေးသည်။ ဈေးနှုန်းလျော့၍ တင်ဒါသွင်းသည်။

**undercharge** *v.*ဈေးနှုန်းလျော့၍ ရောင်းချမိသည်။

**underconsumption** *n.* စားသုံးမှု နည်းပါးခြင်း။

**under cut** *v.*ဈေးပြိုင်လျှော့ရောင်းသည်။

**underdeveloped** *n.* စီးပွားရေးမဖွံ့ဖြိုးသေးသော။

**underdeveloped country** *n.* မဖွံ့ဖြိုးသေးသော တိုင်းပြည်။

**underemployment** *n.* စွမ်းအားပြည့် အလုပ်မရှိခြင်း။

**underestimation** *n.* လျော့ခန့်မှန်းခြင်း။ အလုပ်မလောက်ငမှု။ အလုပ်မပြည့်ဝမှု။

**underground mining** *n.* မြေအောက်သတ္တုတူးဖော်ခြင်း။

**underground water** *n.* မြေအောက်ရေ။

**underlease** *n.* **Also** sublease.

**underlying bond** *n.* ဦးစားပေးအာမခံစာချုပ်။

**underpopulation** *n.* လူဦးရေနည်းပါးလွန်းခြင်း။

**underrate** *v.* နှုန်းလျော့ယူသည်။ လျော့တွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**undersell** *v.* ဈေးပြိုင်လျှော့ရောင်းသည်။

**(the) undersigned** *n.* (စာချုပ်စာတမ်း စသည်) အောက်တွင် လက်မှတ်ရေးထိုးသူများ။

**understanding** *n.* အသိအမှတ်ပြုမှု။ သဘောတူညီမှု။ နားလည်မှု။

**under supply** *v.* လျှော့သွင်းသည်။ လျှော့ပေးသည်။

**undertake** *v.* တာဝန်ယူသည်။ လက်ခံဆောင်ရွက်သည်။

**undertaking** *n.* ကတိ။ အာမခံချက်။ တာဝန်။ လုပ်ငန်း။ တာဝန်ခံခြင်း။

**under the counter** *(IDM)* လက်သိပ်ထိုး ရောင်းဝယ်ခြင်း။ တရားမဝင် ရောင်းဝယ်ခြင်း။

**undervalue** *v.* တန်ဖိုးနှိမ်ထားသည်၊ ချထားသည်။

**underwrite** *v.* အာမခံဈေးနှုန်းပေးသည်။ အာမခံသည်။ အကုန်အကျခံသည်။ တာဝန်ခံသည်။ တစ်ဆင့်တာဝန်ခံသည်။

**underwriter** *n.* အာမခံသူ။တစ်ဆင့်တာဝန်ခံသူ၊ အာမခံသူ။

**underwriting** *n.* အစုရှယ်ယာများ တာဝန်ခံ ရောင်းဝယ်ပေးခြင်း။

**underwriting capital** *n.* အာမခံထားသည့် ရင်းနှီးငွေ။

**underwriting commission** *n.* အာမခံဝန်ဆောင်ကြေး။ အာမခံကော်မရှင်။

**undifferentiated marketing** *n.* ကုန်ပစ္စည်းဝယ်ယူသုံးစွဲသည့် လူတန်းစားပေါင်းစုံ နှစ်သက် သဘောကျလာအောင် ကုန်ပစ္စည်းကို ပြင်ဆင်ထုပ်ပိုး ပြုပြင်ခြင်း။

**undischarged** *adj.* (အကြွေး) မကျေသော။ ကြွေးကျန်သော။

**undischarged bankrupt** *n.* ကြွေးကျန်လူမွဲ။လူမွဲစာရင်းဝင်။

**undischarged liability** *n.* အပြေအလျော်တာဝန်။ မပြေသေးသော အကြွေးပေးလျော်ရန် တာဝန်။

**undisclosed principle** *n.* အမည်ကို လူသိမခံဘဲ အခြားသူ၊ ပွဲစား၊ ကိုယ်စားလှယ်တစ်ဦးဦးကို ငွေပေးခိုင်းစေ၍ ဝယ်ယူ၊ ရောင်းချ၊ လေလံဆွဲခြင်း စသည် ပြုလုပ်စေသူ။



**undistributed profit** *n.* အမြတ်ဝေစုအဖြစ် ထုတ်ပေးခြင်း၊ အသုံးပြုခြင်း မလုပ်ဘဲထားသည့် အမြတ်ငွေ။

**unearned** *n.* မလုပ်ဘဲရရှိခဲ့သော။ ချွေးမြေမကျဘဲ ရရှိခဲ့သော။ ပင်ပင်ပန်းပန်း မလုပ်ဘဲ ရရှိသော။

**unearned income** *n.* ပင်ပင်ပန်းပန်း မလုပ်ကိုင်ဘဲရရှိသောဝင်ငွေ။ မိမိလုပ်အားဖြင့် ရရှိသည့် ဝင်ငွေမဟုတ်သော ဝင်ငွေ။ လုပ်အားမဲ့ဝင်ငွေ။

**unearned increment** *n.* မျှော်လင့်မထားသည့် အတိုးငွေ။

**unearned interest** *n.* ကြိုတင်တိုး။

**uneconomic** *adj.* အရှုံးပေါ်သော။ တွက်ခြေမကိုက်သော။

**uneconomical** *adj.* တွက်ခြေမကိုက်လှသော။

**uneconomical cars** *n.* ဆီစားသော ကားများ။

**unemployable** *adj.* အလုပ်အကိုင် ရနိုင်ခြေမရှိသော။

**unemployment** *n.* အလုပ်လက်မဲ့ဖြစ်ခြင်း။ အလုပ်လက်မဲ့ဦးရေ။

**unemployment benefit** *n.* အလုပ်လက်မဲ့အကျိုးခံစားခွင့်။ အလုပ်လက်မဲ့ထောက်ပံ့ကြေး။

**unemployment insurance** *n.* အလုပ်လက်မဲ့ အာမခံ။

**unemployment problem** *n.* အလုပ်လက်မဲ့ ပြဿနာ။

**UNESCO** *abbr.* ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့။ ယူနက်စကို။ United Nations Education, Scientific and Cultural Organization.

**unexprired** *adj.* မကုန်ဆုံးသေးသော။

**unfair** *adj.* မတရားသော။တရားမဝင်သော။

**unfair trade practice** *n.* မသမာသောကုန်သွယ်ရေးကျင့်သုံးမှု။

www.burmeseclassic.com

www.burmeseclassic.com



**unfashionable** *adj.* ခေတ်မမီသော။ ခေတ်မဆန်သော။

**unfavourable** *adj.* မသင့်လျော်သော။ အကြိုက်မတွေ့သော။

**unfavourable balance** *n.* ခွင့်မသာ လက်ကျန်။ စာရင်းရှင်းတမ်းတွင်ဖော်ပြထားသောကြွေးမြီပမာဏ၊ လိုငွေ။

**unfavourable balance of payment** *n.* ခွင့်မသာ ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်။

**unfavourable balance of trade** *n.* ကုန်သွယ်မှု အရှုံးလက်ကျန်။

**unfettered** *adj.* နှောင်ကြိုး မပါသော။ လွတ်လပ်သော။

**unfinished** *adj.* မပြီးဆုံးသေးသော။

**unfinished contracts** *n.* မပြီးဆုံးသေးသော ကန်ထရိုက်။

**unfinished goods** *n.* ပြုလုပ်ဆဲဖြစ်သော ကုန်ပစ္စည်း။

**unforeseen** *adj.* တင်ကြို မခန့်မှန်းနိုင်သော။ ကြိုတင်တွက်ဆမထားနိုင်သော။

**unfreeze** *v.* (ဘဏ်စာရင်းအပြောင်းအလွှဲ) ပိတ်ပင်ထားရာမှ ပြန်လည်ဖွင့်ပေးသည်။

**unfulfilled** *adj.* (လိုအင်ဆန္ဒအတိုင်း) မပြည့်ဝသော၊ ဖြစ်မလာသော။ ကတိပြုထားသည့်အတိုင်း၊ ကုန်အမှာစာအတိုင်း၊ ကုန်အမှာစာအတိုင်း မဆောင်ရွက်ရသေးသော။

**unfulfilled contract** *n.* သဘောတူ ကတိပြုထားသည့်အတိုင်း၊ မဆောင်ရွက်နိုင်သေးသည့် ပဋိညာဉ်စာချုပ်။

**unfulfilled order** *n.* ကုန်ပစ္စည်းပေးပို့ရခြင်း မပြုလုပ်ရသေးသည့် ကုန်အမှာစာ။

**unfunded debt** *n.* အချိန်စေ့ရောက်၍ပေးဆပ်ရမည့်ကြွေးမြီ။

**unfunded floating debt** *n.* အချိန်စေ့ရောက်၍ ပေးဆပ်ရမည့် ကာလတိုကြွေးမြီ။

**unfurnished** *adj.* ပရိဘောဂမပါဝင်သော။

**ungeared** *adj.* (ပြန်လည် ပေးဆပ်ပြီးဖြစ်၍) ပေးဆပ်ရန် ချေးငွေများ မကျန်ရှိတော့သော။



**ungeared account** *n.* (ပေးဆပ်ပြီးဖြစ်၍) ပေးဆပ်တော့ရန် ချေးငွေများ မရှိတော့သည့် စာရင်း။

**UNICEF** *abbr.* ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့။ United Nation Children's Fund.

**UNIDO** *abbr.* တတိယနိုင်ငံများစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ရန် ကုလသမဂ္ဂက ဖွဲ့စည်းခဲ့သောအဖွဲ့အစည်း။ United Nations Industrial Development Organization.

**unified bond** *n.* တစ်ခဲစု အာမခံစာချုပ်။

**uniform** *n.* တူညီဝတ်စုံ။ ယူနီဖောင်း။ ညီတူ။

**Uniform Commercial Code** *n.* တူညီသောကုန်သွယ်မှုဆိုင်ရာဥပဒေ။

**uniform rate** *n.* တူညီသောနှုန်းထား။ နှုန်းတူ။

**unilateral agreement** *n.* တစ်ဖက်သတ် တစ်ဦးတည်းတာဝန်ယူထားသည့်သဘောတူစာချုပ်။

**unilinear tariff** *n.* အမျိုးအစားတူ ကုန်ပစ္စည်းအပေါ် ကောက်ခံသည့် အခွန်နှုန်းထား။

**uninsurable risk** *n.* အာမခံမထားသော ဘေးအန္တရာယ်။

**uninviting** *adj.* နေချင့်စဖွယ်မကောင်းသော။ (ဟိုတယ်အခန်း စသည်)။

**union** *n.* အသင်း။ အဖွဲ့။ အစည်းအရုံး။ ကလပ်။ သမဂ္ဂ။ ပေါင်းစည်းခြင်း။

**union certification** *n.* သမဂ္ဂအသိအမှတ်ပြုခြင်း။

**unionism** *n.* အဖွဲ့အစည်းဝါဒ။ အစည်းအရုံးဝါဒ။

**unionist** *n.* အလုပ်သမားသမဂ္ဂဝင်။ အလုပ်သမား သမဂ္ဂကိုထောက်ခံသူ။သမဂ္ဂဝါဒီ။အစည်းအရုံး။

**unique** *adj.* ပြိုင်ဘက်ကင်းသော။ ထူးခြားသော။ တစ်မူထူးခြားသော။

www.burmeseclassic.com

www.burmeseclassic.com



**unique selling proposition** *n.* စားသုံးသူများ၊ သုံးစွဲသူများအတွက် အခြားကုန်ပစ္စည်းများနှင့် မတူကွဲပြားခြားနားပြီး ပိုမိုဆွဲဆောင်မှုရှိစေသော ကုန်ပစ္စည်း၏ ထူးခြားသည့် အသွင်အပြင်။

**unisex** *adj.* ကျားမ မရွေး။ ကျားမ မရွေးဖြစ်သော။

**unisex fashion** *n.* ကျားမမရွေးဖက်ရှင်ဝတ်စုံ။

**unissued** *adj* . မထုတ်ရသေးသော။ မထုတ်ဝေရသေးသော။

**unissued capital** *n.* ရှယ်ယာအဖြစ် ထုတ်ဝေခြင်း မပြုရသေးသော မတည်ငွေရင်း။

**unit** *n.* သတ်မှတ်ထားသည့် အခြေခံ အတိုင်းအတာ၊ စံနှုန်း၊ ယူနစ်။ သီးသန့်လုပ်ငန်း တစ်တစ်ရပ်အတွက် ဖွဲ့စည်းထားသော ဌာန။ သီးသန့်လုပ်ငန်း တစ်ရပ်အတွက် စက်ကိရိယာ (သို့) ယင်း၏ အစိတ်အပိုင်း တစ်ရပ်။

**unit banking** *n.* ယူနစ်ဘဏ်လုပ်ငန်း။

**unit cost** *n.* တစ်ခုချင်း ကုန်ကျစရိတ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုထုတ်လုပ်သည့်ပစ္စည်းအရေအတွက်နှင့် စားခြင်းဖြင့်ရရှိသည့် တစ်ယူနစ် ကုန်ကျမှုစရိတ်။

**unit elasticity** *n.* ယူနစ်အလျှော့အတင်း။ဆတူအလျှော့အတင်း။

**unit of currency** *n.* နိုင်ငံငွေကြေး အခြေခံယူနစ်။

**unit of output** *n.* ကုန်ထွက်ယူနစ်။

**unit of value** *n.* တန်ဖိုးယူနစ်။

**unit price** *n.* ကုန်ပစ္စည်းတစ်ခုဈေးနှုန်း။ တစ်ယူနစ်ဈေးနှုန်း။

**unit trust** *n.* ရှယ်ယာဝင်များ၏ မတည်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ စီမံခန့်ခွဲပေးသည့် ရန်ပုံငွေ။

**unlimited** *adj.* အကန့်အသတ်မဲ့။ အကန့်အသတ်မရှိသော။



**unlimited liability** *n.* အကန့်အသတ်မရှိ ပေးလျော်ရန် တာဝန်။

**unlisted** *n.* စာရင်းမတင်သော။ စာရင်းမဝင်သော။

**unlisted company** *n.* စတော့ရှယ်ယာဈေးကွက်ဗဟိုတွင် မိမိကုမ္ပဏီအစုရှယ်ယာများမှတ်တမ်းမဝင်သေးသည့် ကုမ္ပဏီ။

**unlisted securities** *n.* စတော့ရှယ်ယာဈေးကွက်ဒိုင်က ထုတ်ပြန် ကြေညာထားသည့် စာရင်းဇယားတွင် မပါဝင်သေးသည့် အစုရှယ်ယာ၊ စတော့ရှယ်ယာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်စာတမ်းများ။

**unlisted securities market** *n.* နိုင်ငံတကာစတော့ရှယ်ယာဈေးကွက်ရောင်းဝယ်ရေးဒိုင်က ယင်း၏ တရားဝင် ထုတ်ပြန်ကြေညာထားသည့် စာရင်းတွင် မပါဝင်သော ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရောင်းဝယ်နိုင်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် ဈေးကွက်။

**unlisted stock** *n.* စာရင်းမဝင်သော စတော့ရှယ်ယာ။

**unload** *v.* (ယာဉ်၊ သင်္ဘောပေါ်မှ) ကုန်ချသည်။

**unmissable** *adj.* လက်မလွှတ်သင့်သော (ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းစသည်)။

**unpaid** *adj.* ငွေမပေးချေရသေးသော။ ငွေမရှင်းရသေးသော။ လုပ်ခမရသော။

**unpaid dividend** *n.* လုပ်ငန်းကုမ္ပဏီက ကြေညာထားပြီးဖြစ်သော်လည်း သတ်မှတ်နေ့မရောက်သေး၍ ထုတ်မပေးရသေးသည့် အမြတ်ဝေစု။

**unparted bullion** *n.* ရွှေ၊ ငွေအရိုင်း။

**unproductive consumption** *n.* ထုတ်လုပ်နိုင်စွမ်းမဲ့ စားသုံးခြင်း။ ထုတ်လုပ်နိုင်စွမ်းမဲ့ စားသုံးမှု။

**unproductive expenses** *n.* ထုတ်လုပ်နိုင်စွမ်းမဲ့အသုံးစရိတ်။

**unproductive labour** *n.* ထုတ်လုပ်နိုင်စွမ်းမဲ့ အလုပ်၊ လုပ်အား။

www.burmeseclassic.com

www.burmeseclassic.com



**unproductive land** *n.* ထုတ်လုပ်နိုင်စွမ်းမဲ့ မြေယာ။

**unproductive wages** *n.* ထုတ်လုပ်နိုင်စွမ်းမဲ့ လုပ်ခ။

**unprofessional** *adj.*(လက်ရာ) စံချိန်မမီသော။

**unprofitable** *adj.*အမြတ်အစွန်း မရှိသော။ အကျိုးမရှိသော။

**unpublished** *adj.* ပုံနှိပ်ထုတ်ဝေခြင်း မပြုသော၊ မရှိသော။

**unqualified** *adj.* အရည်အချင်း မပြည့်မီသော။ အဆင့်မမီသော။

**unquoted share** *n.* စတော့ရှယ်ယာရောင်းဝယ်ရေးဈေးကွက်ဒိုင်က တရားဝင်ထုတ်ပြန်ထားသည့် ရောင်းဈေး၊ ဝယ်ဈေးစာရင်းတွင် ဖော်ပြခြင်းမခံရသည့် အစုရှယ်ယာ။

**unrealisable** *adj.* ပြန်မရနိုင်သော။

**unredeemed area** *n.* ပြန်မရသေးသည့် နယ်မြေဒေသ။

**unredeemed pledge** *n.* ချေးငွေပေးဆပ်ပြီး ဖြစ်သော်လည်း ပြန်လည် မရွေးယူသေးသည့် အပေါင်ပစ္စည်း။

**unremunerative** *adj.*အကျိုးမဲ့သော။ အခကြေးငွေမရသော။

**unsaleable** *adj.* ရောင်း၍ မရသော။ ရောင်းချမရသော။

**unsatisfactory** *adj.* ကျေနပ်ဖွယ်မရှိသော။မပြေလည်သော။

**unsecured** *adj.* အာမခံ မရှိသော။ အာမခံမဲ့။

**unsecured bond** *n.* အာမခံမဲ့ ဘွန်းစာချုပ်။

**unsecured creditor** *n.* အာမခံမဲ့ မြီရှင်။ ခိုင်မာသော အာမခံပစ္စည်းမရှိသည့် မြီရှင်။

**unsecured debenture** *n.* အာမခံ ပိုင်ဆိုင်ပစ္စည်းများ မရှိသည့် ကုမ္ပဏီက ချေးယူထားသည့် ချေးငွေ။

**unsecured debt** *n.* အာမခံပိုင်ဆိုင်ပစ္စည်းများမရှိသည့်ကုမ္ပဏီက ပေးရန်ရှိသော ကြွေးမြီ။

**unsecured liability** *n.* အာမခံမဲ့ ပေးလျော်ရန်တာဝန်။

**unsecured loan** *n.* အာမခံမဲ့ ချေးငွေ။



**unskilled labour** *n.* မကျွမ်းကျင်သောလုပ်သား။ကျွမ်းကျင်မှု မရှိသေးသည့် အလုပ်သမား။

**unsocial** *adj.* ပုံမှန်အလုပ်ချိန် မဟုတ်သော။

**unsocial hours** *n.* ပုံမှန်အလုပ်ချိန် မဟုတ်သည့် အလုပ်လုပ်ချိန်။

**unsold** *adj.* မရောင်းရသေးသော။

**unstable** *adj.* မတည်ငြိမ်သော။ မခိုင်ခံ့သော။

**unvalued policy** *n.* တန်ဖိုးကို ခွဲခြားဖော်ပြခြင်း မပြုဘဲ တစ်လုံးတစ်ခဲတည်း ဖော်ပြထားသည့် အာမခံပေါ်လစီစာချုပ်။

**unwaged** *adj.* လုပ်ခမရသော။

**update** *v.* ခေတ်နှင့်အညီ မွမ်းမံသည်။ နောက်ဆုံးအခြေအနေ ရှင်းပြသည်။ *n.* ခေတ်နှင့်အညီ မွမ်းမံခြင်း။ နောက်ဆုံးအခြေအနေ။

**upholsterer** *n.* ကူရှင်ချုပ်သူ။

**upholstery** *n.* ကူရှင်ချုပ်လုပ်ငန်း။ (ကူရှင် ဖုံး၊ အုပ်ရန်) အစ၊ အထည်။

**upkeep** *n.* (အိမ်၊ ကားစသည်) ထိန်းသိမ်းစရိတ်။

**upmarket** *adj.* အဆင့်မြင့် (ဈေးဆိုင်၊ ကား၊ စားသောက်ဆိုင်စသည်)။ *adv.* အထက်တန်းလွှာအကြိုက် (တက်လှမ်းသည်)။

**upmarket goods** *n.* တန်ဖိုးကြီး အဆင့်မြင့် ပစ္စည်းများ။

**upper class limit** *n.* အထက်တန်းစည်း။

**upset price** *n.* အနိမ့်ဆုံး လေလံဆွဲမည့်ဈေး။

**upstairs** *n.* အပေါ်ထပ်။

**upturn** *n.* (စီးပွားရေး လုပ်ငန်း) ဦးမော့လာခြင်း။

**urban** *adj.* မြို့ပေါ်။ မြို့ပြ။ မြို့တွင်း။ မြို့နေ။

**urgent** *adj.* အဆောတလျင်။ အရေးတကြီး။ အလောတကြီး။

**usage** *n.* အသုံး။ အသုံးအနှုန်း။ သုံးစွဲမှု။ အသုံးပြုပုံ။ အသုံးပြုမှု။

**usance** *n.* သတ်မှတ်ချိန်။ ငွေလွှဲစာချုပ်များကို ပေးချေရန် ခွင့်ပြု

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသည့် အချိန် အကန့်အသတ်။ (ငွေလွှဲစာချုပ်) ရက်ချိန်း။

**usance bill** *n.* ငွေချေရက်သတ်မှတ်ထားသည့် ဘီလ်။

**use** *v.* အသုံးပြုသည်။ သုံးသည်။ အသုံးချသည်။ ခုတုံးလုပ်သည်။ *n.* အသုံးပြုမှု။ အသုံး။ သုံးနိုင်ခွင့်။ သုံးနိုင်စွမ်း။သုံးပုံသုံးနည်း။

**used** *adj.* သုံးပြီးသား။ တစ်ပတ်ရစ်။တစ်ပတ်နွမ်း။အသုံးပြုပြီး။

**useful** *adj.* အသုံးဝင်သော။အသုံးကျသော။

**usefulness** *n.* အသုံးဝင်မှု။အသုံးကျခြင်း။

**useful work** *n.* အသုံးဝင်သောလုပ်အား။ အသုံးဝင်သောအလုပ်။

**useless** *adj.* အသုံးမဝင်သော။ အလဟဿ။ အချည်းနှီးဖြစ်သော။

**user** *n.* သုံးစွဲသူ။ သုံးသူ။ အသုံးပြုသူ။

**user cost** *n.* မတည်ပစ္စည်း ကိရိယာမှ အနာဂတ်တွင် ရနိုင်မည့်ဝင်ငွေကို ထည့်သွင်းစဉ်းစား၍ ယင်းအတွက် တန်ဖိုးလျော့ငွေကို တွက်သည့်နည်း။

**use-friendly** *adj.* အသုံးပြုရလွယ်ကူသော။ လွယ်ကူစွာ အသုံးပြုနိုင်သော။

**uses of funds** *n.* ဘဏ္ဍာငွေအသုံးချမှုများ။

**use value** *n.* အသုံးတန်ဖိုး။

**usurer** *n.* အတိုးကြီးဖြင့် ငွေတိုးချသူ။

**usurious** *adj.* အတိုးနှုန်းကြီးမြင့်သော။ တရားလွန် အတိုးနှုန်းမြင့်သော။

**usurious interest** *n.* မတရားလွန်းလှသော အတိုး။

**usury** *n.* အတိုးကြီးစား၍ ငွေတိုးချခြင်း။

**utensil** *n.* အသုံးအဆောင်။ ပရိဘောဂ။

**utility** *n.* လျှပ်စစ်မီး၊ရေ၊လျှပ်စစ်ဓာတ်အားစသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ သုံးစွဲမှုဝန်ဆောင်လုပ်ငန်း။ကုန်ပစ္စည်း၊ဝန်ဆောင်မှု စသည်တို့ကြောင့် စားသုံးသူရရှိသော အကျိုးခံစားရရှိမှု၊ ကြည်နူးကျေနပ်မှု။ အသုံးဝင်ခြင်း။ အသုံးတည့်ခြင်း။ အများပြည်သူများ သုံးစွဲရရှိ ခံစားနိုင်သည့် (လျှပ်စစ်ဓာတ်အား၊ ရေပေးဝေမှု၊ ပို့ဆောင်ရေးစသော) ဝန်ဆောင်မှုလုပ်ငန်း။



**utilization** *n.* အသုံးချခြင်း။ အသုံးချမှု။

**utlization of milling and logging waste** *n.* သစ်လုံးခွဲဖြတ်ရာတွင် ထွက်ရှိလာသည့် သစ်အလေများကို အသုံးချခြင်း။

**utilization time** *n.*အသုံးပြုချိန်။

**utmost** *adj.* အဆုံးစွန်။ အစွမ်းကုန်။ အတတ်နိုင်ဆုံး။

**utmost good faith** *n.* အာမခံထားရှိသူကလိုအပ်သည့်အချက်အလက် အကြောင်းအရာများကို အမှန်အတိုင်း ဖြည့်ပေးရမည်ဟူသည့် အာမခံဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း။

**Utopia** *n.* စိတ်ကူးယဉ်လောက။

**Utopian** *adj.* လက်တွေ့ဘဝနှင့် မအပ်စပ်သော။ စိတ်ကူးယဉ်ဆန်သော။

**Utopianism** *n.*စိတ်ကူးယဉ်ဝါဒ။

**utterance** *n.* ဖွင့်ဟပြောဆိုခြင်း။ ဖွင့်ဟပြောဆိုချက်။

**U-turn** *n.* ဂငယ်ကွေ့။

www.burmeseclassic.com

www.burmeseclassic.com



## Vv

**vacancy** *n.* (ဟိုတယ်စသည်တွင်အခန်း)လွတ်။ အလွတ်။ (ရာထူး၊ အလုပ်အကိုင်နေရာ) လစ်လပ်မှု။

**vacancy rate** *n.* လွတ်နေသော၊ လူမနေသည့်အိမ်ခန်းရာခိုင်နှုန်း။

**vacant** *adj.* (အခန်း၊ နေရာ၊ ရာထူး၊ အလုပ်အကိုင် စသည်) လစ်လပ်နေသော။

**vacant pocession** *n.* (ကြော်ငြာများတွင် ဖော်ပြသည့်) အိမ်၊ တိုက်ခန်း၊ အိမ်ခန်း စသည် အလွတ်။

**vacation** *n.* အားလပ်ရက်။

**vaccine** *n.* ကာကွယ်ဆေး။

**vacuity** *n.* ဘူး၊ ပုလင်း စသည်တွင် လပ်နေသည့်နေရာ။ ဘူး၊ ပုလင်းစသည်၏ဝင်ဆံ့နိုင်သည့် ပမာဏနှင့် ထည့်သွင်းထားသည့် ပမာဏတို့၏ခြားနားချက်။

**vacuum** *n.* လေဟာနယ်။ ဟာကွက်။ *v.* ဖုန်စုပ်စက်ဖြင့် စုပ်သည်။

**vacuum cleaner** *n.* ဖုန်စုပ်စက်။

**vacuum flask** *n.* ဓာတ်ဘူး။

**vacuum-packed** *adj.* လေထုတ်ပြီး အလုံပိတ်ထားသော (ဘူး၊ ပုလင်း စသည်)။

**vacuum pump** *n.* လေစုပ်ပန့် (ကိရိယာ)။

**vade-mecum** *n.* ခါးပိုက်ဆောင်ရည်ညွှန်းစာအုပ်။

**vagrancy** *n.* အခြေမဲ့ အနေမဲ့မှု။

**valet** *n.* ဟိုတယ် အဝတ်လျှော်အလုပ်သမား။ *v.* ကားအတွင်းပိုင်းကို သန့်ရှင်းပေးသည်။

**valid** *adj.* အကျိုးအကြောင်းညီညွတ်သော။ ခိုင်လုံသော။ တရားဝင်သော။ တရားဝင်သက်တမ်းမကုန်ဆုံးသေးသော (လိုင်စင်စသည်)။

**validate** *v.* တရားဝင်ဖြစ်အောင်ပြုလုပ်သည်။ ကျိုးကြောင်းညီညွတ်၊ ခိုင်လုံကြောင်း အထောက်အထား တင်ပြသည်။ မှန်ကန်ခြင်းရှိမရှိ စစ်ဆေး၍ အတည်ပြုသည်။



**validation** *n.* တရားဝင်ဖြစ်အောင်ပြုလုပ်ခြင်း။ အထောက်အထားပြခြင်း။

**valley** *n.* မြစ်ဝှမ်း။ ချိုင့်ဝှမ်း။ တောင်ကြား။

**valorization** *n.* ဈေးသတ်မှတ်ခြင်း။

**valuable** *adj.* အဖိုးတန်သော။ တန်ဖိုးကြီးသော။ အရေးပါသော။

**valuables** *n.* အဖိုးတန် လက်ဝတ်ရတနာ။

**valuation** *n.* တန်ဖိုးဖြတ်ခြင်း။ ရာဖြတ်တန်ဖိုး။ တန်ဖိုးထားခြင်း။

**valuation of mine** *n.* သတ္တုတွင်း တန်ဖိုးဖြတ်ခြင်း။

**valuation of plantation** *n.* စိုက်ခင်းတန်ဖိုးဖြတ်ခြင်း။

**value** *n.* တန်ဖိုး။ အာနိသင်။ *v.* တန်ဖိုးဖြတ်သည်။

**value added** *n.* ကုန်ထုတ်လုပ်မှုတွင် ထုတ်လုပ်မှုအဆင့်တစ်ရပ်က ယင်းကုန်ပစ္စည်းတန်ဖိုးအပေါ် ထပ်တိုးစေသည့်တန်ဖိုး။ ထပ်ဆင့်တန်ဖိုး။

**value added statement** *n.* ကုမ္ပဏီဝင်ငွေ၊ အသုံးစရိတ်ကိုအသေးစိတ်ဖော်ပြထားသည့် ငွေစာရင်းရှင်းတမ်း။

**value added tax** *n.* (*abbr* VAT) ကုန်ပစ္စည်း၏ဝန်ဆောင်မှုအပေါ် စည်းကြပ်သည့်အခွန်။ ထပ်တိုး တန်ဖိုးခွန်။

**value analysis** *n.* ကုန်ပစ္စည်းအရည်အသွေးမလျော့ကျစေရန် ဆန်းစစ်လေ့လာချက်။

**value policy** *n.* တန်ဖိုးပြအာမခံစာချုပ်။

**value for money audit** *n.* အမြတ်အစွန်းအတွက်လုပ်ဆောင်နေခြင်းမဟုတ်သော အဖွဲ့အစည်း (ကုသိုလ်အဖြစ်အဖွဲ့စသည်) အနေဖြင့် ရေပေါင်းဆောင်ရွက်ခြင်း ထိရောက်မှု ရှိမရှိကို စစ်ဆေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**value in use** *n.* အသုံးဝင်တန်ဖိုး။

**value judgement** *n.* ပုဂ္ဂိုလ်စွဲဖြင့် အကဲဖြတ်တိုင်းတာခြင်း။

**value of gross output** *n.* စုစုပေါင်း ကုန်ထွက်တန်ဖိုး။

**valuer** *n.* ရာပြတ်။ တန်ဖိုးဖြတ်ပေးသူ။

**value received** *n.* ငွေလွှဲစာချုပ်ပါ တန်ဖိုးနှင့်ညီသည့် ကုန်ပစ္စည်း ဝန်ဆောင်မှုအတွက် ငွေပေးချေကြောင်း ယင်းငွေလွှဲစာချုပ်တွင် ဖော်ပြထားသည့် စကားရပ်။

**valuer's certificate** *n.* ရာပြတ်လက်မှတ်။

**valuer's system** *n.* တန်ဖိုးစနစ်။

**value share** *n.* ရောင်းချရငွေအရ ဈေးကွက်တွင် ကုန်ပစ္စည်းတစ်ခုရရှိထားသည့်အချိုးအစား၊ ခွဲတမ်း၊ ဝေစု။

**vaporization** *n.* အငွေ့ပြန်ခြင်း။

**variable** *adj.* ပုံသေမဟုတ်သော။ ပြောင်းလဲသော။ မူသေမဟုတ်သော။ ပြောင်းလဲနိုင်သော။

**variable amount** *n.* ပြောင်းလဲနိုင်သော ပမာဏ။

**variable budget** *n.* ပြောင်းလဲနိုင်သည့် ဘတ်ဂျက်လျာထားမှု။

**variable cost** *n.* စရိတ်ရှင်။ ပြောင်းလဲမှုရှိသော ကုန်ထုတ်စရိတ်။

**variable interest rate** *n.* ငွေချေးသူ မနစ်နာစေရန် သင့်လျော်သည့် အညွှန်းကိန်းပေါ်မူတည်၍ ပြောင်းလဲပေးသော အတိုးနှုန်း။

**variable market** *n.* တက်ဈေးကျဈေးပြောင်းလဲမှုရှိသောဈေး။

**variable pricing** *n.* အချိန်အခါနှင့် အခြေအနေကို ကြည့်ပြီး ဈေးနှုန်းအရှင်ထား၍ ရောင်းချသည့် နည်းလမ်း။

**variance** *n.* ကွဲလွဲချက်။ ခြားနားမှု။ ခန့်မှန်းချက်နှင့် တကယ့်လက်တွေ့ပမာဏ၏ ကွဲပြားခြားနားမှု။

**variety** *n.* အမျိုးစုံလင်မှု။ အမျိုးမျိုး အဖုံဖုံ။ စုံလင်မှု။



**variety store** *n.* ကုန်မျိုးစုံလက်လီဆိုင်။ ကျူလယာဆိုင်။

**varnish** *n.* အရောင်တင်ဆီ။ *v.* အရောင်တင်ဆီဖြင့် အရောင်တင်သည်။

**VAT** *abbr.* ကုန်ပစ္စည်း၏ဝန်ဆောင်မှုအပေါ် စည်းကြပ်သည့်အခွန်။ ထပ်တိုးခွန်။ Value Added Tax.

**VAT return** *n.* ကုန်ပစ္စည်း၏ ဝန်ဆောင်မှုအပေါ် စည်းကြပ်သည့် အခွန်ကောက်ခံရန်အခွန်ဌာနသို့တင်ပြရသည့် ရ၊ သုံးငွေစာရင်းရှင်းတမ်း။

**vault** *n.* (ဘဏ်တိုက်ရှိ)အလုံခန်း။

**vegetable** *n.* ဟင်းသီးဟင်းရွက်။

**vegetable market** *n.* ကုန်စိမ်းဈေး။

**vegetable oil** *n.* ဟင်းရွက်ဆီ။ ဟင်းသီးဟင်းရွက်ဆီ။

**vegetarian** *n.* သတ်သတ်လွတ်စားသူ။သက်သက်လွတ်သမား။

**vehicle** *n.* (ကုန်းလမ်းသွား) ယာဉ်။ ပို့ဆောင်ပေးသည့် အရာ။ ယာဉ်။

**velocity** *n.* အလျင်။

**velocity of circulation** *n.* ငွေကြေးလည်ပတ်မှုနှုန်းထား။

**velocity of current** *n.* ရေစီးအလျင်။

**velocity of water** *n.* ရေအလျင်။

**velvet** *n.* ကတ္တီပါ။

**velveteen** *n.* ချည်ကတ္တီပါ။

**venal** *adj.* ငွေမက်သော။ ငွေမျက်နှာတစ်ခုတည်း ကြည့်သော။

**vending agreement** *n.* အရောင်းသဘောတူညီချက်။

**vending machine** *n.* ငွေအကြွေ ထည့်ထားလျှင် စားသောက်ဖွယ်ပစ္စည်း ထုတ်ပေးသည့် စက်။ အရောင်းစက်။

**vendor** *n.* ပျံကျဈေးသည်။ခေါင်းရွက်ဗျပ်ထိုးဈေးသည်။ လက်ပွေ့အရောင်းဈေးသည်။ အိမ်(သို့) အခြားပစ္စည်း ရောင်းသူ။

**vendor placing** *n.* ငွေကြိုတင်ပေးထားသည့် ရှင်းနီးမြှုပ်နှံမှုအတွက် အစုရှယ်ယာများထုတ်ရောင်းပေးရန် ကုမ္ပဏီ၏ သဘောတူညီချက်။

www.burmeseclassic.com

www.burmeseclassic.com



**vendor's share** *n.* ရောင်းသူပိုင် အစုရှယ်ယာ။

**veneer** *n.* သစ်ပါးလွှာ။ အပေါ်ယံလွှာပါးသစ်။

**venetian blind** *n.* တရုတ်ကတ်။ နေကာ။

**venture** *n.* (စွန့်စားရမှုနှင့် မကင်းသော စီးပွားရေး) လုပ်ငန်း။ စွန့်စား၍ လုပ်ဆောင်ရသည့် စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်း။ *v.* စီးပွားရေး လုပ်ငန်း၌ စွန့်စား၍ (ငွေကြေး) ထည့်ဝင် ရင်းနှီးမြှုပ်နှံသည်။

**venture capital** *n.* စွန့်၍ ထည့်ထားသည့် ရင်းနှီးမတည်ငွေ။ စီးပွားရေး လုပ်ငန်းတွင် (ဆုံးရှုံးနိုင်သည်ကို သိသော်လည်း) စွန့်စား၍ ထည့်ထားသည့် မတည်ရင်းနှီးမြှုပ်နှံငွေ။

**venture team** *n.* စီးပွားရေးလုပ်ငန်း စီမံချက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့။

**verge** *n.* လမ်းပခုံး။ လမ်းဘေးမြက်ခင်း။

**verification** *n.* စိစစ်ခြင်း။ အတည်ပြုခြင်း။

**verification of accounts** *n.* စာရင်းစိစစ်ခြင်း။ စာရင်းအတည်ပြုခြင်း။

**verification of assets** *n.* ကုမ္ပဏီပိုင်ဆိုင်မှုတန်ဖိုးကို ဖြတ်ရန် အမှန်တကယ် တွက်ချက်စစ်ဆေး အတည်ပြုခြင်း။

**verifier** *n.* စာရင်းစိစစ် အတည်ပြုသူ။

**verify** *v.* မှန်ကန်ကြောင်း အတည်ပြုသည်။ အတည်ပြုနိုင်ရန် စစ်ဆေးသည်။

**verso** *n.* ကျောဘက်(စာမျက်နှာ)။

**vertical** *adj.* မတ်သော။ မတ်စောက်သော။ ထောင့်မှန်။

**vertical axis** *n.* ဝင်ရိုးမတ်။

**vertical expansion** *n.* ထောင်လိုက်ချဲ့ခြင်း။

**vertical integration** *n.* ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်အမျိုးမျိုးကို လုပ်ကိုင်သည့် နှစ်ဖွဲ့၊ သို့မဟုတ် နှစ်ဖွဲ့ထက်များသည့် အဖွဲ့အစည်းများ ပေါင်း၍ ကုမ္ပဏီအဖြစ် ဖွဲ့စည်းထူထောင်ခြင်း။



**vertical line** *n.* မျဉ်းမတ်။

**vertically** *adv.* ထောင့်မှန်ကျကျ။ မတ်မတ်။ စောက်စောက်။

**vertical market** *n.* ဇောက်နက်ဈေးကွက်။

**vertical scale** *n.* အမြင့်ပြစကေး။ စကေးမတ်။

**vessel** *n.* လှေ။ သင်္ဘော။ ရေယာဉ်။

**vest** *n.* စွပ်ကျယ် အင်္ကျီ။ *v.* တရားဝင် အပ်နှင်းသည်။

**vested interest** *n.* ကိုယ်ကျိုးမျှော်လင့်ချက်၊ မိမိအကျိုးပါဝင်ပတ်သက်နေသူ။ လတ်တလောတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင် ဖြစ်စေ အကျိုးခံစားရန်အတွက် လက်ရှိပိုင်ဆိုင်ထားပြီး အခွင့်အရေး။ ရှိရင်းစွဲပိုင်ဆိုင်ခွင့်။

**via** *prep.* မှတစ်ဆင့်ဖြင့်။

**viable** *adj.* အလားအလာရှိသော။

**viaduct** *n.* နက်ရှိုင်းသည့် တောင်ကြားဖြတ် မီးရထား၊ ကားလမ်းတံတား။

**vice** *n.* ပြုတ်တူ။

**vice-consul** *n.* ဒုတိယကောင်စစ်ဝန်။

**vice versa** *adv.* အပြန်အလှန်။

**victory** *n.* အောင်ပွဲ။ အောင်မြင်ခြင်း။ အောင်မြင်မှု။

**video** *n.* ဗီဒီယို။ ဗီဒီယိုစက်၊ တိပ်ခွေ။ ဗီဒီယိုရိုက်ကူး ပြသမှုစနစ်။

**video conference** *n.* မျက်နှာစုံညီ တွေ့နိုင်ခြင်းမရှိသူများ အတွက် ဗီဒီယိုရုပ်သံလွှင့်စနစ်ဖြင့်တွေ့ဆုံနိုင်စေလျက်အစည်းအဝေးပြုလုပ်ခြင်း။

**Videotex** *n.* ကွန်ပျူတာဆိုင်ရာ အချက်အလက်များကိုဖုန်းလိုင်းမှတစ်ဆင့် ရုပ်/သံဖန်သားပြင်ပေါ်တွင် ဖော်ပြသည့် သတင်းအချက်အလက် ဆက်သွယ်ရေးစနစ်။

**vie** *v.* ပြိုင်သည်။ ယှဉ်ပြိုင်သည်။

**view** *n.* မြင်ကွင်း။ ရှုခင်း၊ ရှုထောင့်။ အမြင်။ *v.* ရှုသည်။ သဘောထားသည်။ ရှုမြင်သည်။ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



**viewdata** *n.* ရုပ်/သံဖန်သားပြင်ပေါ် ပုံရိပ်ထင်စေရန် ဖုန်းလိုင်းသုံး၍ ကွန်ပျူတာအချက်အလက် ပေးပို့သည့်စနစ်။

**viewer** *n.* ပွဲကြည့်ပရိသတ်။ ရှုမြင်သူ။ ကြည့်ရှုသူ ပရိသတ်။

**villa** *n.* မြို့ပြင်ရှိ အိမ်ကြီးအိမ်ကောင်း။ အပန်းဖြေရန် ပင်လယ် ကမ်းခြေအိမ်။

**village** *n.* ကျေးရွာ။ ရွာ။ ရွာသူရွာသား။

**village bank** *n.* ကျေးရွာဘဏ်။

**village supply** *n.* ကျေးရွာထောက်ပံ့ရေး။

**vineyard** *n.* စပျစ်ခြံ။

**violation** *n.* ချိုးဖောက်ခြင်း။

**VIP** *abbr.* အရေးကြီး ပုဂ္ဂိုလ်။ Very Important Person.

**virus** *n.* ရောဂါပိုးမွှား။ ဗိုင်းရပ်စ်ပိုး။ ကွန်ပျူတာ ဗိုင်းရပ်။

**visa** *n.* ပြည်ဝင်ခွင့်။ ဗီဇာ။

**visible balance** *n.* ဝန်ဆောင်မှုမပါဘဲ ကုန်ပစ္စည်းသက်သက်ရောင်းဝယ်မှုကို ဖော်ပြသည့်စာရင်းရှင်းတမ်း။

**visible export** *n.* ဝန်ဆောင်မှုမပါဝင်ဘဲ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသည့် ကုန်ပစ္စည်း။

**visible import** *n.* ဝန်ဆောင်မှုမပါဝင်ဘဲ ပြည်ပနိုင်ငံများမှ တင်သွင်းသည့် ကုန်ပစ္စည်း။

**visible items of trade** *n.* မြင်တွေ့နိုင်သော ကုန်သွယ်မှု လုပ်ငန်းဆိုင်ရာ ကုန်ပစ္စည်း အမျိုးအမည်များ။

**vision** *n.* မြင်ကွင်း။ အမြင်။ အမြော်အမြင်။ စိတ်ကူး။ အတွေး။ စိတ်ကူးစိတ်သန်း။

**visit** *n.* အလည်သွားခြင်း။ အလည်။ *v.* အလည်အပတ်သွားသည်။

**visiting card** *n.* လိပ်စာကတ်ပြား။ လိပ်စာကတ်။

**visitor** *n.* ဧည့်သည်။ ခရီးသည်။ ခရီးသွား။

**visual** *n.* ပုံ။ ဓာတ်ပုံ။ *adj.* မြင်ကွင်းဆိုင်ရာ။ စက္ခုအာရုံဆိုင်ရာ။



**visual aid** *n.* (ရုပ်ပုံ၊ ရုပ်သေ၊ ရုပ်ရှင်ကား၊ ရုပ်မြင်သံကြား စသည်)သင်ထောက်ကူပစ္စည်း။

**visual control board** *n.* (စျေးနှုန်း၊ အရောင်းအဝယ်ပမာဏ၊ ကုန်ပစ္စည်းအမျိုးအမည် စသည်တို့ကို ဖော်ပြထားသည့်) ရွှေ့လျားနိုင်သော အမှတ်သင်္ကေတများပါ ဆိုင်းဘုတ်၊ သင်ပုန်း။

**visual display unit** *n.* ကွန်ပျူတာဆိုင်ရာ အချက်အလက်များကို ကြည့်ရှုနိုင်ရန် တွဲဆက်ရသည့် ကွန်ပျူတာ ဖန်သားပြင်နှင့် ကီးဘုတ်ပါရှိသည့် ကွန်ပျူတာ အစိတ်အပိုင်း။

**vital statistics** *n.* ဖွား၊ သေ စာရင်းစု။

**vitamin** *n.* ဗီတာမင်ဓာတ်။

**viticulture** *n.* စပျစ်ခြံ စိုက်ခြင်း။ စပျစ်ခြံ စိုက်ပျိုးရေး။

**vitrification** *n.* ဖန်၊ မှန်အဖြစ်သို့ ရောက်ရှိခြင်း။

**vitrify** *v.* ဖန်ချက်သည်။ ဖန်ချက်လုပ်ငန်းလုပ်သည်။

**vocation** *n.* အသက်မွေးမှု။ မွေးရာပါတာဝန်ဟု ခံယူထားခြင်း။

**vocational** *adj.* အသက်မွေးမှုနှင့်ဆိုင်သော။

**vocational counselling** *n.* အသက်မွေးမှု အကြံပေးခြင်း။

**vocational guidance** *n.* အသက်မွေးမှု လမ်းညွှန်။

**vocational school** *n.* အသက်မွေးမှုအတတ်ပညာသင်ကျောင်း။

**vocational test** *n.* အသက်မွေးမှု စစ်ဆေးချက်။

**vocational tryout** *n.* အစမ်းသဘော အလုပ်ဝင်လုပ်ခြင်း။

**voice data entry** *n.* စကားသံအသံလှိုင်းအား ကွန်ပျူတာက မှတ်တမ်းတင်သိရှိမှုကို သုံးစွဲ၍ ရုံး၊ အဆောက်အအုံ စသည်အတွင်း ဝင်ရောက်နိုင်ခွင့်ကို အသုံးပြုထားသည့် ကွန်ပျူတာစနစ်။

**volt** *n.* လျှပ်စစ်ဓာတ်အား တိုင်းတာသော ယူနစ်။ ဗို့။

**voltage** *n.* ဗို့အား။

www.burmeseclassic.com

www.burmeseclassic.com



**volume** *n.* (စာအုပ်၊ ကျမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်) အတွဲ။ စာအုပ် အတွဲလိုက် ထုတ်သည့် မဂ္ဂဇင်း၊ စာစောင် အတွဲ။ ထုထည်။ အသံအတိုးအကျယ်ပမာဏ။

**volume business** *n.* ကုန်ပစ္စည်းအရေအတွက်၊ပမာဏအမြောက်အမြားကိုကို အရောင်းအဝယ်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းကြီး။

**volume discount** *n.* ဝယ်သူတစ်ကြိမ်ဝယ်ယူတိုင်းသတ်မှတ်ကုန်ပစ္စည်းအရေအတွက်ထက် မနည်း ဝယ်ယူမှုအပေါ် အခြေခံပြီး လျှော့ပေးသော လျှော့ငွေ၊ လျှော့နှုန်း။

**volume merchandise allowance** *n.* လက်လီရောင်းချသူ၊ လက်ကားရောင်းချသူတို့၏ ကုန်ပစ္စည်းအမြောက်အမြားဝယ်ယူခြင်းအတွက် ကုန်ထုတ်လုပ်ရောင်းချသူက လျှော့ပေးငွေ။

**volume of foreign investment** *n.* နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ။

**volume of foreign trade** *n.*နိုင်ငံခြား ထုတ်ကုန်ပမာဏ။

**voluntary** *adj.* သဘောဆန္ဒအလျောက် ဖြစ်သော။စေတနာအလျောက်ဖြစ်သော။ ဆန္ဒအတိုင်းဖြစ်သော။

**voluntary arrangement** *n.* ကုမ္ပဏီကိုမဖျက်သိမ်းဘဲ၊ကြွေးမြီအားလုံးကို ပေးဆပ်၍ ငွေကြေးကိစ္စရပ်အားလုံးကိုကုမ္ပဏီကသာ သီးသန့်စီမံခန့်ခွဲသွားရန်ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များနှင့် မြီရှင်တို့၏ သဘောတူ ညှိနှိုင်းထားသည့် အစီအစဉ်။

**voluntary bankruptcy** *n.* သဘောဆန္ဒအတိုင်းလူမွဲစာရင်းခံယူခြင်း။

**voluntary checkoff** *n.* သဘောဆန္ဒအရ နုတ်ယူခြင်း။

**voluntary conveyance** *n.* မိမိသဘောဆန္ဒအရ မြေရာ အ



ဆောက်အအုံကို ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊

**voluntary lien** *n.* မြေရာအဆောက်အအုံပိုင်ရှင်ကအပေါင်စာချုပ်ဖြင့် မှတ်တမ်းမှတ်ရာထားရှိရန် သဘောတူညီသည့် ကြွေးမြီ။

**voluntary liquidation** *n.* အလိုအလျောက် ဖျက်သိမ်းခြင်း။

**voluntary redundancy** *n.* အလုပ်သမားက မိမိသဘောဆန္ဒအရ အလုပ်ကို စွန့်လွှတ်ရန် သဘောတူညီခြင်း။

**voluntary winding up** *n.* သဘောဆန္ဒအတိုင်းဖျက်သိမ်းခြင်း။

**volunteer** *n.* စေတနာ့ဝန်ထမ်း။ *v.* ဆန္ဒပြုသည်။ ထင်မြင်ချက်၊ အကြံဉာဏ်ပေးသည်။ စာရင်းပေးသည်။

**vostro account** *n.* ဘဏ်တစ်ခုက ပြည်ပရှိ ဘဏ်တစ်ခုတွင်၊ ယင်းဘဏ်တည်ရှိရာ နိုင်ငံသုံးငွေဖြင့် ဖွင့်လှစ်ထားခဲ့သည့် ဘဏ်စာရင်း။

**vote** *n.* မဲ။ ဆန္ဒမဲ။ *v.* မဲခွဲသည်။ ဆန္ဒမဲပေးသည်။ မဲခွဲရွေးချယ်သည်။ အကြံပြုသည်။ အဆိုပြုသည်။ ကြေညာသည်။ သတ်မှတ်သည်။

**vote by ballot** *n.* လျှို့ဝှက်မဲပေးခြင်း။

**vote by proxy** *n.* ကိုယ်စားမဲပေးခြင်း။

**voting** *n.* ဆန္ဒမဲပေးခြင်း။ မဲပေးခြင်း။

**voting rights** *n.* အစုရှယ်ယာပိုင်ရှင်များ၏ မဲပေးပိုင်ခွင့်။

**voting shares** *n.* ပိုင်ရှင်အားအစည်းအဝေးများတွင် မဲပေးခွင့်ပြုသည့် ကုမ္ပဏီအစုရှယ်ယာများ။

**voting trust** *n.* ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အုပ်ထိန်းမှုအဖွဲ့။

**voting- trust certificate** *n.* အုပ်ထိန်းမှုအဖွဲ့ရွေး တရားဝင်လက်မှတ်။

**voucher** *n.* အထောက်အထား၊ ပြေစာလက်မှတ်။ကူပွန်ဘောက်ချာ။ ငွေစာရင်းပြေစာ။

www.burmeseclassic.com

www.burmeseclassic.com



**voucher number** *n.* ပြေစာနံပါတ်။ ဘောက်ချာနံပါတ်။

**vouching** *n.* တိုက်ဆိုင်စစ်ဆေးခြင်း။ သက်ဆိုင်သည့် စာရွက်စာတမ်း၊ ပြေစာ၊ ဘောက်ချာ၊ ကုန်ပို့လွှာများအားလုံးကို တိုက်ဆိုင်စစ်ဆေးခြင်း။ စာရင်းစစ်ရာတွင် စာရွက်စာတမ်းအားလုံးနှင့် တိုက်ဆိုင်စစ်ဆေးရမည့် စာရင်းစစ်၊ စာရင်းကိုင်၏ တာဝန်ဝတ္တရား။

**voyage** *n.* ခရီး။ (ပင်လယ်ရေကြောင်း)ခရီး။

**voyage accounts** *n.*ရေကြောင်းခရီးစာရင်း။

**voyage charter** *n.* သင်္ဘောကို ခရီးစဉ်အလိုက်၊ အခေါက်ရေအလိုက် ငှားရမ်းခြင်း။

**voyage note** *n.* ရေကြောင်းခရီးထွက်ခွင့်အမိန့်။

**voyage policy** *n.* ရေကြောင်းခရီး ပေါ်လစီ။

**vulcanized** *adj.* ပို၍ ခိုင်ခံ့ပျော့ပျောင်းအောင် ကန့်နှင့်ပေါင်းတင်ထားသော(ရော်ဘာစသည်)။

# Ww

**wad** *n.* (ဂွမ်းစသည်) အဖတ်။ (ငွေစက္ကူစသည်) အခေါက်၊ အထပ်အလိပ်။

**wadi** *n.* သဲချောင်း။

**wafer** *n.* ဝေဖာမုန့်။

**wage** *n.* လုပ်ခ။ လုပ်အားခ။

**wage and salary control** *n.* လုပ်အားခနှင့်လစာ ကြီးကြပ်မှု။

**wage bill** *n.* လုပ်ခ ဘီလ်။ လုပ်အားခ ဘီလ်။

**wage bracket** *n.* အနိမ့်ဆုံးလစာမှ အမြင့်ဆုံးလစာအထိ လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံအရတိုးပေးမည့်လစာနှုန်းထား။

**wage ceiling** *n.* အမြင့်ဆုံးရရှိနိုင်သည့် လုပ်ခ၊ လစာ။

**wage - claim** *n.* လုပ်ခတိုး၍တောင်းခြင်း။



**wage control** *n.* လုပ်ခ၊ လုပ်စာများကို ရာခိုင်နှုန်းမည်မျှထက်ပို၍ တိုးမြှင့်မပေးတော့ဘဲ အစိုးရက (ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရေးအတွက်) ကန့်သတ်ထားရှိမှု။

**wage differential** *n.* လုပ်ခခြားနားချက်။

**wage dividend** *n.* လုပ်သားအမြတ်ဝေစု။

**wage-earner** *n.* လုပ်ခစား။ လုပ်ခစား အလုပ်သမား။

**wage earing worker** *n.* လုပ်ခစား လုပ်သား။

**wage-freeze** *n.* လုပ်ခတိုးမြှင့်ခွင့်မပြုဘဲ ရပ်ဆိုင်းထားခြင်း။ လုပ်ခ မတိုးမြှင့်ဘဲရပ်ဆိုင်းထားသည့်ကာလ။ လုပ်ခတိုးမြှင့်မှုရပ်ဆိုင်းထားခြင်း။

**wage-fund theory** *n.* လုပ်ခရန်ပုံငွေ သီအိုရီ။

**wage incentive** *n.* လုပ်ခ၊လစာတိုးပေး၍ အလုပ်သမား၏ကုန်ထုတ်စွမ်းအား ပိုတိုးလာစေရန် မက်လုံးပေးသည့်နည်း။

**wage inflation** *n.*လုပ်ခ၊ လစာကြောင့် ငွေဖောင်းပွမှု။

**wage leadership** *n.* လုပ်ခ၊ လစာ၏ ရှေ့ဆောင်မှု။

**wage level** *n.* လုပ်ခ၊ လစာနှုန်းအဆင့်။

**wage negotiation** *n.* လုပ်ခ၊ လစာအတွက်ဈေးစပ်ညှိနှိုင်းခြင်း။ လုပ်ခနှုန်းထားအတွက် အလုပ်ရှင်နှင့် အလုပ်သမား ဈေးစပ်ညှိနှိုင်းမှု။

**wage-packet** *n.* လုပ်ခ၊လစာငွေစာအိတ်။ အမှန်တကယ် ရရှိသည့် အလုပ်သမား၏ လုပ်ခ၊ လစာ။

**wage policy** *n.* လုပ်ခ၊ လစာထိန်းချုပ်ရေးဆိုင်ရာ မူဝါဒ။

**wage price spiral** *n.* လုပ်ခ၊ လစာနှင့် ကုန်ဈေးနှုန်းအပြိုင်တက်ခြင်း။ လုပ်ခ၊ လစာနှင့် ဈေးနှုန်းအပြိုင်တက်ခြင်း။

**wage - push inflation** *n.* လုပ်ခ၊ လစာတိုးမြှင့်ပေးသလောက် ကုန်ထုတ်လုပ်မှု မြင့်မားမလာသဖြင့် ဖြစ်ပေါ်လာရသည့် ငွေကြေးဖောင်းပွမှု။

www.burmeseclassic.com

www.burmeseclassic.com



**wages** *n.* လုပ်အားခ။

**wages analysis** *n.* လုပ်ခ၊ လုပ်အားခ စိစစ်ချက်။

**wages analysis book** *n.* လုပ်အားခ ခွဲတမ်းစာအုပ်။

**wages book** *n.* လုပ်ခစာရင်းစာအုပ်။လုပ်ခ၊လုပ်အားခစာအုပ်။

**wage scale** *n.* ကုမ္ပဏီလုပ်ငန်းအဖွဲ့အတွင်း အလုပ်အကိုင်အလိုက် သတ်မှတ်ထားသည့် လုပ်ခ၊ လစာနှုန်းထားစာရင်း။

**wages clerk** *n.* လုပ်ခ၊ လစာစာရေး။ လုပ်ခ၊ လုပ်အားခ၊ လစာ ထုတ်ပေးရသူ။

**wages fund** *n.* လုပ်အားခ ရန်ပုံငွေ။

**wages fund theory** *n.* လုပ်အားခ ရန်ပုံငွေ သီအိုရီ။

**wages percentage rate** *n.* လုပ်ခမှီး ရာခိုင်နှုန်း။

**wages rate variance** *n.* လုပ်အားခ နှုန်းထားကွဲလွဲချက်။

**wages sheet** *n.* လုပ်ခ၊ လုပ်အားခလွှာ။

**wages stabilization** *n.* လုပ်ခ၊ လစာတည်ငြိမ်မှု။

**wages threshold** *n.* လုပ်ခ၊ လုပ်အားခ မြင့်တက်ရောက်ရှိရမည့် အဆင့်။

**wagon** *n.* ရထားပက်လက်တွဲ။ ကုန်တွဲ။ (တိရစ္ဆာန်ဆွဲသော) လေးဘီးတပ်လှည်း။

**wagonage** *n.* ကုန်တင်ယာဉ်၊ ရထားဖြင့် ကုန်များ သယ်ယူပို့ဆောင်ခြင်း။ ယင်းကဲ့သို့ ကုန်သယ်ယူပို့ဆောင်မှုအတွက် ပေးချေရငွေ။

**wagon-lit** *n.*(ရထား)အိပ်ခန်းတွဲ။

**wagonload** *n.* ကုန်တွဲတစ်တွဲစာ။

**wagons** *n.* (ရထား) ကုန်တွဲများ။

**waif** *n.* သစ်လေသစ်လွင့်။ သစ်အလေအလွင့်။

**waistband** *n.* ခါးစည်း။

**waistcoat** *n.* (ကုတ်အင်္ကျီအောက်ခံ) လက်ပြတ်ခါးတိုကိုယ်ကျပ်အင်္ကျီ။

**waiter** *n.* စားပွဲထိုး။

**waiting list** *n.* တန်းစီစာရင်း။



**waiting-room** *n.* (မီးရထားဘူတာရုံ) ခရီးသည်နားနေခန်း။ ဆရာဝန်နှင့်တွေ့ရန် စောင့်ဆိုင်းခန်း။

**waive** *v.* လျှော့ပေါ့ပေးသည်။ သက်ညှာခွင့်ပေးသည်။

**waiver** *n.* (တောင်းဆိုပိုင်ခွင့်စသည်)စွန့်လွှတ်ကြောင်းတရားဝင်စာ။

**wake** *n.* (သင်္ဘော)ယက်ကြောင်း။

**walk** *n.* ခြေကျင်ခရီး။ လမ်းလျှောက်ထွက်ခြင်း။လမ်းလျှောက်ထွက်ရန်ကောင်းသောလမ်း။ *v.* (လမ်း) လျှောက်သည်။ ကုန်းကြောင်း လျှောက်သည်။

**walk in** *adj.* လူတစ်ယောက်ဝင်ဆံ့နိုင်အောင် ကြီးသော(ဗီရိုစသည်)။ (တိုက်ခန်းစသည်) သီးသန့်ဝင်ပေါက်ရှိသော။

**walking papers** *n.* အလုပ်ထုတ် အမိန့်စာ။

**walk out** *v.* ရုတ်တရက် ထ၍ သပိတ်မှောက်သည်။

**walk -out** *n.* ရုတ်ခြည်းပေါ်လာသော အလုပ်သမားသပိတ်။ ဒေါသဖြစ်ပြီး အစည်းအဝေးမှ ရုတ်တရက် ထွက်သွားခြင်း။

**walk out the door** *n.* ကုမ္ပဏီမှ အလုပ်ထွက်ခြင်း။ အလုပ်ထွက်ခြင်း။

**walk-up** *n.* ဓာတ်လှေကားမရှိသည့် တိုက်မြင့်။ ဓာတ်လှေကားမရှိသည့် တိုက်မြင့်တွင်ရှိသောရုံးခန်း၊ အိမ်ခန်းစသည်။

**walkway** *n.* လူသွားလမ်း။ စင်္ကြံ။

**wall** *n.* တံတိုင်း။ နံရံ။ ထရံ။ အဆီးအတား။ တံတိုင်း။ *v.* တံတိုင်းခတ်သည်။နံရံကာသည်။

**walling** *n.* တံတိုင်းခတ်ခြင်း။ နံရံကာခြင်း။ နံရံ။ အကာအဖြစ် အသုံးပြုသော ပစ္စည်း။

**wallpaper** *n.* နံရံကပ်ပန်းပြောက်စက္ကူ။

**Wall Street** *n.* နယူးယောက်မြို့ရှိ ငွေကြေးလုပ်ငန်း ဗဟိုဈေးကွက်။နယူးယောက်စတော့ရှယ်ယာဈေးကွက်ဒိုင်၊

**want** *v.* ရချင်၊ လိုချင်သည်။ လိုအပ်သည်။ဆန္ဒရှိသည်။ တောင့်

www.burmeseclassic.com

www.burmeseclassic.com



တာသည်။ *n.* လိုအင်ဆန္ဒ။ မလုံလောက်ခြင်း။ မဖူလုံခြင်း။ ဆင်းရဲနွမ်းပါးခြင်း။ ချို့တဲ့ခြင်း။

**ward** *n.* ရပ်ကွက်။ (ဆေးရုံ) အဆောင်။ အအုပ်ထိန်းခံ ကလေးငယ်။

**wardship** *n.* ရပ်ကွက်အဖြစ် သတ်မှတ်ခြင်း။

**ware** *n.* (ကြွေ၊ မြေ၊ စဉ့်၊ သံ စသည်) ထည်ပစ္စည်း။

**war economy** *n.* စစ်တွင်း စီးပွားရေး။

**warehouse** *n.* ကုန်လှောင်ရုံ။ ဂိုဒေါင်။ ပရိဘောဂ သိုလှောင်ရုံ။ ကုန်ရုံ။

**warehouse book** *n.* ကုန်လှောင်ရုံစာအုပ်။

**warehouse charge** *n.* ကုန်လှောင်ရုံခ။

**warehouse-keeper** *n.* ကုန်လှောင်ရုံတာဝန်ခံ။ ကုန်လှောင်ရုံထိန်း။

**warehouse-keeper's certificate** *n.* ကုန်လှောင်ရုံ တာဝန်ခံ လက်မှတ်။

**warehouse-keeper's order** *n.* ကုန်စည်များ ထုတ်ပေးရန် ကုန်လှောင်ရုံ တာဝန်ခံအား အကောက်ခွန်အရာရှိကအကြောင်းကြားစာအမိန့်။

**warehouse keeper's receipt** *n.* ကုန်စည်များကို ကုန်လှောင်ရုံတွင် သိမ်းဆည်းထားကြောင်း အထောက်အထားစာရွက်စာတမ်း။

**warehouseman** *n.* ကုန်လှောင်ရုံဝန်ထမ်း။ ကုန်လှောင်ရုံတွင် အလုပ်လုပ်သူ။

**warehouse rent** *n.* ကုန်လှောင်ရုံ ငှားရမ်းခ။

**warehouse warrant** *n.* ကုန်ထုတ်ယူခွင့်လွှာ။

**warehousing** *n.* ကုန်ပစ္စည်းများ သိုလှောင်ခြင်း။ ကုန်လှောင်ရုံတွင်ကုန်ပစ္စည်းအသွင်းအထုတ် ဆောင်ရွက်မှု။

**wares** *n.* လူသုံးရောင်းကုန်ပစ္စည်းများ။

**warfare** *n.* စစ်ပွဲ။အချင်းများခြင်း။ ပဋိပက္ခ။



**warning** *n.* သတိပေးချက်။

**war-profits tax** *n.* စစ်မက် အမြတ်အခွန်။

**warrant** *n.* (ခရီးသွားခွင့်၊ ငွေထုတ်ခွင့်စသည်) ခွင့်ပြုမိန့်၊ ခွင့်ပြုစာ။ ဆောင်ရွက်ခွင့်ပြုသည့် စာရွက်စာတမ်း။ ကုန်စည်များကို ကုန်လှောင်ရုံတွင် သိမ်းဆည်းထားပြီး ဖြစ်ကြောင်း အထောက်အထား စာရွက် စာတမ်း။ ရိုးရိုးအစုရှယ်ယာများကို သတ်မှတ်နေ့ရက်နှင့် သတ်မှတ်ဈေးနှုန်းတို့ဖြင့် ဝယ်ယူလျှောက်ထားခွင့်ပြုသည့် စာရွက်စာတမ်း။ *v.* အကြောင်းခိုင်လုံစေသည်၊ လုံလောက်စေသည်။ ကုန်ပစ္စည်းအမျိုးအစား မှန်ကန်ကြောင်း၊ စစ်မှန်ကြောင်း၊ ကောင်းမွန်ကြောင်း အာမခံသည်။

**warrantee** *n.* အာမခံချက်အပေးခံရသူ။

**warrant of attachment** *n.* ကြွေးမြီပေးဆပ်ခြင်းမပြု၍ မြေရာ အဆောက်အအုံကို သိမ်းယူရန် တရားရုံးခွင့်ပြုအမိန့်။

**warrant of attorney** *n.* ကြွေးမြီပေးဆပ်ရန် ရှိသူက တရားရုံးတွင် မိမိကိုယ်စား ထွက်ဆိုပေးရန် ရှေ့နေအား ခွင့်ပြုထားကြောင်း ခွင့်ပြုသည့် အမိန့်စာ။

**warrantor** *n.* အာမခံချက်ပေးသူ။

**warrants to bearer** *n.* ယူဆောင်လာသူသို့ ပေးခွင့်အမိန့်။

**warranty** *n.* (ဝယ်ယူသော ပစ္စည်းအတွက်ပြင်ဆင်လဲလှယ်နိုင်ခွင့်) အာမခံလက်မှတ်။ သတ်မှတ်ကာလအတွင်း ကုန်ပစ္စည်း၌ ချွတ်ယွင်း အားနည်းချက် မရှိကြောင်း အာမခံထားသည့် လက်မှတ်။ အာမခံထားရှိသူ ပေးထားသည့် အချက်အလက်အားလုံးမှန်ကန်ကြောင်း အာမခံစာချုပ်ပါစည်းကမ်းချက် ခံဝန်ချက်။

**war risk insurance** *n.* စစ်ဘေးအာမခံ။စစ်ဘေးအန္တရာယ် အာမခံ။

www.burmeseclassic.com

www.burmeseclassic.com



**wash** *n.* ရေဆေးခြင်း။လျှော်ခြင်း။

**washable** *adj.* ရေလျှော်ခံနိုင်သော။ လျှော်ဖွပ်နိုင်သော။

**wash-basin** *n.* နံရံကပ်လက်ဆေးကန်။

**washer** *n.*ဝါရှာ။အဝတ်လျှော်စက်။

**washing** *n.* လျှော်ဖွပ်ခြင်း ကိစ္စ။ အလျှော်အဖွပ်။

**washing-machine** *n.* အဝတ်လျှော်စက်။

**washing-powder** *n.*အဝတ်လျှော်ဆပ်ပြာမှုန့်။

**washing-up liquid** *n.* ပန်းကန်ဆေး ဆပ်ပြာရည်။

**washroom** *n.* အများသုံးသန့်စင်ခန်း။

**wash sale** *n.* အလံရှူးရောင်းဝယ်ခြင်း။ ကုန်ပစ္စည်းဝယ်လိုအားများစွာရှိဟန်ပြပြီး၊ ကုန်ပစ္စည်းဈေးကို အဆမတန်တင်၍ မသမာသောနည်းလမ်းဖြင့်ရောင်းဝယ်ခြင်း။

**wastage** *n.* လေလွင့်ဆုံးရှုံးမှု။ အဟောသိကံဖြစ်မှု။ အငြိမ်းစားယူခြင်း၊ အလုပ်ပြောင်းရွှေ့ခြင်းကြောင့်အလုပ်သမားလျော့ပါးမှု။

**waste** *n.* စွန့်ပစ်ပစ္စည်း။ လူအင်အား၊ ပစ္စည်းအား၊ အချိန်အတိုင်းအတာ စသည်ကို အကျိုးရှိရှိအသုံးမပြုခြင်း။ ဖြုန်းတီးမှု။ *v.* ဖြုန်းတီးသည်။ အလဟဿဖြစ်စေသည်။ အချည်းနှီးဖြစ်သွားသော အလုပ်ကို လုပ်ကိုင်သည်။ အချည်းနှီးဖြစ်သည်။ *adj.*စွန့်ပစ်မည့်(ရေဆိုးစသည်)။

**waste book** *n.* အကြမ်းစာအုပ်။

**wasteland** *n.* မြေရိုင်း။

**waste paper** *n.* စက္ကူစုတ်။

**waste-paper basket** *n.*အမှိုက်ခြင်း။ အမှိုက်ပုံး။

**waste product** *n.*စွန့်ပစ်ပစ္စည်း။ အသုံးမဝင်သော ပစ္စည်း။

**wasting asset** *n.* သက်တမ်းလွန်သွားပါက ယိုယွင်း၊ ကုန်ဆုံး၊ ပျက်စီးခေတ်မမီတော့သော ပိုင်ဆိုင်ပစ္စည်း။ ပြုန်းတီး ယိုယွင်းသွားနိုင်သည့် ပိုင်ဆိုင်ပစ္စည်း။

**watch** *n.* လက်ပတ်နာရီ။ စောင့်ကြည့်သူ။ (သင်္ဘောတွင်)



သင်္ဘောသားတစ်ဆိုင်း၏ (လေးနာရီကြာသော) သတ်မှတ်အလုပ်ချိန်။

**watchmaker** *n.* နာရီပြင်ဆရာ။ နာရီလုပ်သူ။

**watchman** *n.* အစောင့်။ လုံခြုံရေး။

**water** *n.* ရေ။ (သောက်သုံးရန်ဖြန့်ဝေပေးသော)ရေ။ (ကန်၊ ချောင်း၊ မြစ်၊ သမုဒ္ဒရာ၊ ပင်လယ်)ရေ။ မျက်နှာပြင်။ ရေတက်ရေကျ။

**water-bed** *n.* ရေမွေ့ရာ။

**water cooler** *n.* သောက်ရေအေးစက်။ ရေအေးစက်။

**water cock** *n.* ရေဘုံဘိုင်ခေါင်း။

**water closet** *n.* ရေအိမ်။

**water consumption** *n.* ရေအသုံး။ ရေသုံးစွဲမှု။

**watered stock** *n.* တန်ဖိုးဈေးနှုန်း အဆမတန် မြှင့်တင်ထုတ်ဝေထားသည့် စတော့ရှယ်ယာ။ တန်ဖိုးတိုးထားသည့် စတော့ရှယ်ယာ။

**water hole** *n.* ရေထွက်။ စမ်း။

**water level** *n.* ရေမျက်နှာပြင်။ ရေမျက်နှာပြင်အမြင့်။

**waterline** *n.* လှေ၊ သင်္ဘောနံဘေးနှင့် ရေမျက်နှာပြင် ထိစပ်ရာမျဉ်း။ ရေရိုး။

**watermark** *n.* ရေစာ၊ ရေမှတ်။

**water-mill** *n.* ရေရဟတ်စက်။

**water-power** *n.* (စက်လည်ပတ်ရန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်) ရေအား။

**waterproof** *adj.* ရေလုံသော။ ရေစိမ်ခံသော။ *n.* မိုးကာ (အဝတ်အထည်)။

**water-rate** *n.* အများသုံး ရေသုံးစွဲခ နှုန်းထား။

**water-resistant** *adj.* ရေစိမ်ခံ (နာရီစသည်)။

**watershed** *n.* ရေဝေကုန်းတန်း။ အရေးပါသော အပြောင်းအလဲ ဖြစ်ရပ်၊ ကာလ။

**water-supply** *n.* ရေလှောင် ရေဝေစနစ်။ ဖြန့်ဝေရန် သိုလှောင်ရေပမာဏ။

**water tight** *adj.* ရေလုံသော။ခိုင်လုံသော။ ကောင်းစွာပြည့်စုံသော။

www.burmeseclassic.com

www.burmeseclassic.com



**water-tower** *n.* ရေစင်။

**waterway** *n.* ရေကြောင်း။ ရေလမ်း။ ကုန်စည်များ သယ်ယူပို့ဆောင်သည့် မြစ်ကြောင်း၊ တူးမြောင်းများ။

**water way inspector** *n.* ရေကြောင်းစစ်ဆေးရေးအရာရှိ။

**waterworks** *n.* ရေစက်အဆောက်အအုံ။ ရေ ရရှိရေးလုပ်ငန်း။

**watt** *n.* (လျှပ်စစ်) ဝပ်။

**wattage** *n.* (လျှပ်စစ်) ဝပ်အား။

**wave** *n.* လှိုင်းလုံး။ လှိုင်း။

**wax** *n.* ဖယောင်း။ ပျားဖယောင်း။ ရေနံဖယောင်းကဲ့သို့ အရည်ပျော်လွယ်သည့် အဆီအခဲ တစ်မျိုးမျိုး။

**waxed paper** *n.* ဖယောင်းစက္ကူ။

**way** *n.* လမ်း။ လမ်းကြောင်း။ ခရီးလမ်း။ လမ်းပန်း။ သွားရန်လမ်း။လမ်းကြော။လမ်းပေါက်။ လုပ်နည်းကိုင်နည်း။နည်းလမ်း။ ပြုမူပုံ။ အကျင့်စရိုက်။

**way-bill** *n.* တန်ဆာစာရွက် ပို့လိုက်သည့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့် အာမခံထားရန် တာဝန်ရှိသော ရောင်းသူ၊ ဝယ်သူတို့ကို ဖော်ပြထားသည့်အထောက်အထားစာရွက်စာတမ်း။

**ways and means budget** *n.* ရှာဖွေသုံးစွဲရေးရသုံးခန့်မှန်းခြေ။

**wayside** *n.* လမ်းဘေး။

**wd** *abbr.* အာမခံသည်။ warranted.

**weak** *adj.* မကြံ့ခိုင်သော။ အားအင် ကုန်ခန်းသော။ (ငွေကြေး စီးပွား၊ ဥစ္စာ) မခိုင်မာသော။ မတောင့်တင်းသော၊ အားပျော့သော။

**weak market** *n.* ဝယ်သူထက်ရောင်းသူ ပိုမိုများပြားနေ၍ ဈေးနှုန်းအကျဘက်သို့ ဦးတည်နေသည့် ဈေးကွက်။

**wealth** *n.* ဓနဥစ္စာ။ ချမ်းသာကြွယ်ဝမှု။ အမြောက်အမြား။ တစ်ပုံတစ်ခေါင်း။

**wealthy** *adj.* ချမ်းသာကြွယ်ဝသော။ ချမ်းသာသော။



**wear** *v.* ဝတ်ဆင်သည်။ တာရှည်ခံသည်။ အသုံးခံသည်။ *n.* ဝတ်ဆင်ခြင်း။ တာရှည်ခံမှု။ အသုံးခံမှု။ အသုံးပြုနိုင်နေသေးခြင်း။

**wear and tear** *(IDM).* ယိုယွင်းပျက်စီးမှု။ ဟောင်းနွမ်းပျက်စီးမှု။ ဟောင်းနွမ်းယိုယွင်း ပျက်စီးခြင်းကြောင့် စက်ကိရိယာ၊ ယာဉ်စသည် တန်ဖိုးလျော့ကျမှု။

**weather** *n.* ရာသီဥတု။ မိုးလေဝသ အခြေအနေ။

**weather-beaten** *adj.* ရာသီဥတုဒဏ် မပြတ်ခံထားရသော။

**weather forecast** *n.* မိုးလေဝသ ကြိုတင်ခန့်မှန်းချက်။

**weatherproof** *adj.* ရာသီဥတုဒဏ်ခံနိုင်ရည် ရှိသော။

**weather working days** *n.* ရာသီဥတုကောင်းမွန်၍ အလုပ်လုပ်နိုင်သည့် နေ့ရက်များ။

**weaver** *n.* ရက်ကန်းသမား။ ရက်ကန်းသည်။

**weaving** *n.* ရက်ကန်းလုပ်ငန်း။

**wedding** *n.* မင်္ဂလာဆောင်။ လက်ထပ်ထိမ်းမြားမင်္ဂလာ။

**wedge** *n.* သပ်။ သပ်ပုံပစ္စည်း။

**weed-killer** *n.*ပေါင်းသတ်ဆေး။

**week** *n.* ရက်သတ္တပတ်။ တစ်ပတ်။ တနင်္ဂနွေမှအပ အခြားခြောက်ရက်။ စနေ၊ တနင်္ဂနွေမှအပ အခြား ငါးရက်။

**weekday** *n.* တနင်္ဂနွေ(သို့) စနေ၊ တနင်္ဂနွေအပတ်မှအပ ကြားရက်။

**weekend** *n.* စနေ၊ တနင်္ဂနွေ။ စနေ၊ တနင်္ဂနွေ (သို့) စနေ၊ တနင်္ဂနွေနှင့် ဆက်နေသော အားလပ်ရက်၊ နားရက်။

**weekender** *n.* စနေ၊ တနင်္ဂနွေ အားလပ်ရက် အလည်အပတ်ခရီးထွက်သူ။

**weekly** *adj,adv.* တစ်ပတ်တစ်ခါ။ အပတ်စဉ်။

**weevil** *n.* ကောက်နှံပိုး။ ဆန်ပိုး။

**weigh** *v.* ချိန်တွယ်သည်။ လေးသည်။ အလေးချိန်ရှိသည်။ တွက်ဆသည်။ လေ့လာချိန်ဆသည်။

www.burmeseclassic.com

www.burmeseclassic.com



**weighbridge** *n.* (ကုန်တင်) ယာဉ်ချိန်စက်။

**weighing-machine** *n.* ကုန်ချိန်စက်။ ကတ္တား။ ချိန်စက်။

**weight** *n.* အလေးချိန်။ လေးခြင်း ချိန်ဝန်။ အချိန်စီးခြင်း။ ဝန်အလေး။ ကြီးလေးသော တာဝန်။ ဩဇာညောင်းခြင်း။ ဩဇာသက်ရောက်မှု။

**weightage** *n.* ချိန်တွယ်ခ။

**weight and measure** *n.*အလေးချိန်နှင့် အတိုင်းအတာ။ အလေးတင်းတောင်း။

**weighted ballot** *n.* အစုရှယ်ယာ ဝယ်လိုသူ များပြား၍ လျှောက်ထားသည့်အစုရှယ်ယာ အရေအတွက်အပေါ် မူတည်ပြီး အချိုးကျ အစုရှယ်ယာများကို ခွဲဝေရောင်းချနည်း။

**weighted price index** *n.* အလေးတင်း ဈေးဆနှုန်း။

**weighting** *n.* အပိုထောက်ပံ့ကြေး။နေထိုင်စားသောက်စရိတ် ကြီးသည့် ဒေသတွင် တာဝန်ထမ်းဆောင်ရ၍လစာအပြင်အပို ထောက်ပံ့ကြေး။

**weight note** *n.* သင်္ဘောပေါ်မှ ကုန်စည်ချသည့်အခါ ပေးပို့ကုန်စည်အလေးချိန်မည်မျှရှိကြောင်း ဖော်ပြသည့် စာရွက်စာတမ်း။

**weir** *n.* ဆည်။ တာတမံ။ ငါးဖမ်းဆည်။

**welcome** *n.* ဖက်လဲတကင်း ကြိုဆိုခြင်း။ လှိုက်လှဲပျူငှာစွာ ကြိုဆိုခြင်း။ *v.* ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလက်ခံသည်။ လှိုက်လှဲပျူငှာစွာ ကြိုဆိုသည်။

**welder** *n.* ဂဟေဆော်သမား။ ဂဟေဆက်သူ။

**welfare** *n.* လူမှုဘဝဖူလုံရေး သက်သာချောင်ချိရေး။ ပြေစောင်ရှောက်ရေး။

**welfare state** *n.* သက်ကြီးရွယ်အို၊ ကလေးသူငယ် စသည်တို့ လူမှုဘဝကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးသည့် စနစ်။ ယင်းစနစ် ကျင့်သုံးသော နိုင်ငံ။

**welfare work** *n.* လူမှုဖူလုံရေး လုပ်ငန်း။ လူမှုဝန်ထမ်းဌာန။



**well** *n.* ရေတွင်း။ ရေနံတွင်း။

**well adjusted** *adj.* ချင့်ချိန်စဉ်းစားတတ်သော။

**well advised** *adj.* လိမ္မာပါးနပ်သော။

**well connected** *adj.* အဆက်အသွယ်ကောင်းသော။ ဝင်ဆံ့ပေါက်ရောက်သော။

**well disposed** *adj.* ထောက်ထား ညှာတာသော။ ကူညီတတ်သော။

**well dressed** *adj.* ခေတ်မီမီဝတ်ဆင်ထားသော။ စမတ်ကျကျ ဝတ်ဆင်ထားသော။

**well-earned** *adj.* ရသင့်ရထိုက်သော။

**well-established** *adj.*ခိုင်မာတောင့်တင်းသော (ငွေကြေးအဖွဲ့အစည်းစသည်)။

**well-run** *adj.* စနစ်တကျကွပ်ကဲ စီမံထားသော။

**well-to-do** *adj.* ကြွယ်ဝချမ်းသာသော။

**well-tried** *adj.* စိတ်ချလက်ချ သုံးစွဲနိုင်သော။

**western** *adj.* အနောက်(တိုင်း)။ (ကမ္ဘာ) အနောက်ခြမ်း။

**wet** *adj.* စိုစွတ်သော။ မိုးရွာသော။ မခြောက်သေးသော။

**wet cultivation** *n.* အစိုထွန်ယက်စိုက်ပျိုးခြင်း။

**wet farming** *n.* အစိုစိုက်ပျိုးခြင်း။

**wet finishing** *n.* အစိုအချောကိုင်ခြင်း။

**wet goods** *n.* ပုလင်း၊ စည်၊ ဘူးများအတွင်း၊ အရည်အဖြစ်ရှိနေသော ကုန်စည်များ။

**wetlands** *n.* စိုစွတ်မြေ။ စိမ့်မြေအရပ်။

**wetting** *n.* ရေစိုခြင်း။ ရေဆွတ်ခြင်း။

**whale** *n.* ဝေလငါး။

**whaler** *n.* ဝေလငါးဖမ်းသင်္ဘော။ ဝေလမုဆိုး။

**whaling** *n.*ဝေလငါးဖမ်းလုပ်ငန်း။ ဝေလငါးဖမ်းအလုပ်။

**wharf** *n.* ဆိပ်ခံတံတား။ ဆိပ်ခံဇောတံတား။

**wharfage** *n.* ဆိပ်ခံဇောတံတားကြေး။ ဆိပ်ခံဇောတံတားအသုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုသည့်အတွက် ပေးဆောင်ရငွေ။

**wharf clearing agents** *n.* ဆိပ်ခံအကောက်ခွန် ရှင်းလင်းရေးကိုယ်စားလှယ်။

**wharfinger** *n.*ဆိပ်ခံဖောတံတားပိုင်ရှင်၊ အဖွဲ့အစည်း။

**wharfhead** *n.* ဖောတံတားဦး။

**wheat** *n.* ဂျုံ။ ဂျုံစေ့။ ဂျုံပင်။

**wheel** *n.* ဘီး။ (စက်ကိုလည်ပတ်စေသော) ဘီး။ *v.* ဘီးများဖြင့်ရွေ့လျားစေသည်။ ဘီးတပ်၍ဆွဲသည်။ဘီးတပ်လှည်း စသည်ဖြင့် သယ်ပို့သည်။

**wheelbarrow** *n.* တစ်ဘီးတပ်လက်တွန်းလှည်း။

**wheelbase** *n.* (စက်တပ်ယာဉ်) အရှေ့နှင့်အနောက်ဝင်ရိုးအကွာအဝေး။

**wheelchair** *n.* (လူနာတင်) ဘီးတပ်ကုလားထိုင်။

**wheeler-dealer** *n.* ပွဲစားလူလည်။ လူလည်ပွဲစား။

**wheels** *n.* မော်တော်ကား။ကား။

**wheelwright** *n.* လှည်းဘီးချွေဆရာ။

**whip-round** *n.* ကောက်ခံငွေ။

**whipsawed** *adj.*ဈေးနှုန်းမတည်မငြိမ်ဖြစ်နေချိန်တွင် ဈေးနှုန်းမကျမီ ဝယ်ယူမိခြင်းနှင့် ဈေးနှုန်း မတက်မီ ထုတ်ရောင်းမိခြင်းတို့ကြောင့်အရှုံးပေါ်သော။

**whirl** *n.* ချာချာလည်ခြင်း။လက်မလည်အောင် အလုပ်များခြင်း။

**whisky** *n.* ဝီစကီအရက်။

**whistle** *n.* (ရထား၊ သင်္ဘော) ဥသြသံ။

**whistle˝stop** *n.* အချက်ပြမှ ရထားရပ်ပေးသည့် ဘူတာရုံငယ်။ အရပ်အနားများသော ခရီး။

**white-collar** *adj.* ရုံးဝန်ထမ်းနှင့်ဆိုင်သော။ ဉာဏလုပ်သား။

**white-collar crime** *n.* စားသုံးသူ၊ သုံးစွဲသူများအပေါ် စီးပွားရေးသမားများနှင့် ရုံးဝန်ထမ်းများ ကျူးလွန်ခဲ့သည့်စီးပွားရေးမသမာမှုမျိုးစုံ။



**white-collar worker** *n.* ဉာဏအလုပ်သမား။ စက်ရုံအလုပ်သမား၊ စက်ရုံဝန်ထမ်းမဟုတ်သူညီ ရုံးဝန်ထမ်း။

**white goods** *n.* (အဖြူရောင်ဆေးသုတ်ထားသည့်) ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကဲ့သို့သော ပစ္စည်းများ။

**white knight** *n.* ကုမ္ပဏီ၊ စီးပွားရေး အဖွဲ့အစည်းတစ်ရပ်အား မတရားဝယ်ယူ အပိုင်သိမ်းခံရမည့် အန္တရာယ်မှ ကယ်ထုတ်ပေးသူ၊ အဖွဲ့အစည်း။ ကုမ္ပဏီကို ခြောက်ပြားတစ်ပဲနှင့်ရောင်းချရတော့မည့်ဘေးမှ ကယ်တင်လိုက်သူ၊ အဖွဲ့အစည်း။

**white paper** *n.* ပါလီမန်သို့တင်သွင်းမည့် ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရ၏ မူဝါဒသဘောထား အစီရင်ခံစာ။ စက္ကူဖြူစာတမ်း။ အကြောင်းအရာတစ်ရပ်နှင့်ပတ်သက်၍ တရားဝင်ထုတ်ပြန်သော အစိုးရအစီရင်ခံစာ။

**whizz-kid** *n.* နေ့ချင်းညချင်း (စီးပွားရေးလုပ်ငန်းတွင်)အောင်မြင် ပေါက်မြောက်သွားသူ။

**WHO** *abbr.* ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ World Health Organization.

**whole life insurance** *n.* အသက် ၁၀၀အထိ နေနိုင်သူများသာအကျိုးခံစားခွင့်ရှိသည့် အသက်အာမခံ။

**whole-life policy** *n.* အာမခံထားရှိသူက သတ်မှတ်ငွေနှစ်စဉ် ပေးသွင်း၍ ယင်းပုဂ္ဂိုလ်ကွယ်လွန်ပါက သူ၏မိသားစုသို့ သတ်မှတ်ထားသည့် ငွေကို အာမခံကုမ္ပဏီက ထုတ်ပေးသည့် အာမခံပေါ်လစီစာချုပ်။

**whole milk** *n.* မလိုင်အပြည့်ပါသော နို့။

**wholesale** *n.* လက်ကားရောင်းခြင်း။

**wholesale dealer** *n.* လက်ကားရောင်းဝယ်သူ။ လက်ကားကုန်သည်။

**wholesale price** *n.* လက်ကားဈေးနှုန်း။လက်ကားရောင်းဈေး။

www.burmeseclassic.com

www.burmeseclassic.com



**wholesaler** *n.* လက်ကားရောင်းသူ။ လက်ကားရောင်းချသည့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း။

**wholesale trade** *n.* လက်ကားရောင်းဝယ်မှု။

**wholly owned subsidiary** *n.* အခြားကုမ္ပဏီအဖွဲ့အစည်းတစ်ခုက အပြည့်အဝ ပိုင်ဆိုင်ထားသည့် ကုမ္ပဏီ။

**wick** *n.* (ဖယောင်းတိုင်၊ မီးခွက်၊ မှန်အိမ်) မီးစာ။

**wicker** *n.* ကြိမ်၊ ဝါး၊ အသုံးအဆောင် ပရိဘောဂ။

**wickerwork** *n.* ကြိမ်ထည်၊ ဝါးထည်ပစ္စည်း။

**wicket-gate** *n.* (တံခါးမကြီးဘေး) မလွယ်ပေါက်။

**wide area network** *n.* ကျယ်ဝန်းသည့် နယ်ပယ်ဧရိယာအတွင်း ကွန်ပျူတာချင်း ဆက်သွယ်ချိတ်ဆက်ထားသည့်စနစ်။

**wide boy** *n.* အကြံအဖန်စီးပွားရေးသမား။

**widthways** *adv.* အနံအလိုက်။

**wild** *adj.* အလေ့ကျပေါက်သော။ ရိုင်းသော။ တောရိုင်း (တိရစ္ဆာန်စသည်)။

**wildcat** *adj.* (သမဂ္ဂထောက်ခံမှုမပါဘဲ)အလုပ်သမားများ ရုတ်တရက်ထမှောက်သော(သပိတ်)။ အကြီးအကျယ်အရှုံးအမြတ် ရှိနိုင်သော (စီးပွားရေးလုပ်ငန်းစသည်)။ စွန့်စား၍ လုပ်ဆောင်ရသော (စီးပွားရေး လုပ်ငန်း၊ စီမံကိန်းစသည်)။

**wildcat business** *n.* အလွန့်အလွန် စွန့်စား၍ လုပ်ဆောင်ရသည့် စီးပွားရေးလုပ်ငန်း။

**wildfire** *n.* တောမီး။

**wildlife** *n.* တောရိုင်းတိရစ္ဆာန်။

**wildlife conservation** *n.* တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး။

**will** *n.* သေတမ်းစာ။

**win** *v.* အနိုင်ရသည်။ နိုင်သည်။ ဆုရသည်။ မဲပေါက်သည်။ *n.* အနိုင်ရခြင်း။ အောင်မြင်မှု။ အောင်ပွဲ။

**winch** *n.* ဝန်ချီစက်။ *v.* ဝန်ချီစက်ဖြင့်မသည်၊ ဆွဲတင်သည်။



**wind bill** *n.* ချိုးမြှင့်ငွေလွှဲစာချုပ်၊

**windfall** *n.* မမျှော်လင့်ဘဲ ရရှိလိုက်သည့် အမြတ်အစွန်း။ ပွပေါက်တိုးခြင်း။

**wind fall profit** *n.* မမျှော်လင့်ဘဲ ရရှိလိုက်သည့် အမြတ်။

**winding up** *n.* မြေရာ အဆောက်အအုံစသည် ပိုင်ဆိုင်ပစ္စည်းများ ထုခွဲရောင်းချ၍ ကြွေးမြီများပေးဆပ်ပြီး ကုမ္ပဏီဖျက်သိမ်းခြင်း။

**winding up sale** *n.* ကုမ္ပဏီလုပ်ငန်းမဖျက်သိမ်းမီ၊ ကုန်လက်ကျန်အားလုံးကို လျှော့ဈေးဖြင့် ထုခွဲရောင်းချခြင်း။

**windmill** *n.* လေရဟတ်။ လေအားသုံး လျှပ်စစ်စက်။

**window** *n.* ပြတင်းပေါက်။ ပြတင်းပေါက်မှန်။ ဆိုင်ပြတင်းပေါက်နောက်တွင် အရောင်းပစ္စည်းများ ခင်းကျင်းပြသထားသော နေရာ။ (စက္ကူဘူး၊ စာအိတ်စသည်) အတွင်းသို့ ထိုးဖောက်မြင်နိုင်သော အကွက်။ ကွန်ပျူတာဝင်းဒိုး။

**window-dressing** *n.* (ဆိုင်မျက်နှာစာတွင်) မျက်စိပသာဒဖြစ်အောင်ကုန်ပစ္စည်းခင်းကျင်းမှု အတတ်ပညာ။ စီးပွားရေးလုပ်ငန်းတွင် အမှန်တကယ်မြတ်စွန်းသည်ထက် ပို၍မြတ်စွန်းနေသယောင် ဖန်တီးပြုလုပ်ပြခြင်း။

**window-pane** *n.* ပြတင်းမှန်ကွက်။

**window-shopping** *n.* ဆိုင်ပြတင်းနောက်တွင် ခင်းကျင်းပြသ ထားသည့် ကုန်ပစ္စည်းများကို ဖြတ်လျှောက်ငေးမောကြည့်ရှုခြင်း။

**windscreen** *n.* (ကားရှေ့) လေကာမှန်။

**wind shield** *n.* မော်တော် ဆိုင်ကယ်လေကာ။ လေကာမှန်။

**wind up** *v.* (လုပ်ငန်း) ရပ်စဲလိုက်သည်။ (ကုမ္ပဏီ၊လုပ်ငန်း) ဖျက်သိမ်းသည်။ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲ စသည် နိဂုံးချုပ်သည်။ အဆုံးသတ်သည်။

**wine** *n.* ဝိုင်။ ဝိုင်အရက်။

www.burmeseclassic.com

www.burmeseclassic.com



**wine cellar** *n.* ဝိုင်သိုလှောင်ထား ရှိရာ မြေအောက်ခန်း။

**wineglass** *n.* ဝိုင်အရက်ခွက်။

**winery** *n.* ဝိုင်အရက် ထုတ်လုပ်သည့် အရပ်။

**wing** *n.* တောင်ပံ။ လေယာဉ်တောင်ပံ။ (ကား၊ စက်ဘီး) ရွံ့ကာ။

**winner** *n.* ဆုရသူ။ အနိုင်ရသူ။ အောင်ပန်းဆွတ်ခူးသူ။ ပေါက်မြောက် အောင်မြင်သူ။

**winnings** *n.* လောင်းကစား ပြုလုပ်၍ အနိုင်ရသောငွေ။

**wire** *n.* နန်းကြိုး။ ဝိုင်ယာကြိုး။ ကြေးနန်းကြိုး။

**wire house** *n.* ငွေကြေး ဈေးကွက်ဆိုင်ရာ အချက်အလက်များ စုဆောင်းရရှိရန် ခေတ်မီဆက်သွယ်ရေး နည်းပညာဖြင့် မိမိရုံးခွဲနှင့် ချိတ်ဆက်ထားသည့် စတော့ရောင်းဝယ်ရေးဒိုင်ကြီး။

**wire netting** *n.* သံဆန်ခါ။

**wiring** *n.* လျှပ်စစ်ကြိုးသွယ်တန်းဆက်သွယ်တပ်ဆင်မှု။

**wireless** *n.* ကြိုးမဲ့ကြေးနန်း။ ဝိုင်ယာလက်။

**wise** *adj.* ဉာဏ်ရှိသော။ အမြော်အမြင်ရှိသော။ စဉ်းစားဆင်ခြင်တတ်သော။

**wish** *n.* လိုအင်ဆန္ဒ။ အာသီသ။ *v.* ဆန္ဒရှိသည်။ ဆုတောင်းသည်။ တောင့်တသည်။

**withdraw** *v.* ရုပ်သိမ်းသည်။ နုတ်သိမ်းသည်။ ပြန်လည်ရုပ်သိမ်းသည်။ (ငွေ) ထုတ်ယူသည်။ နုတ်ထွက်သည်။

**withdrawal** *n.* (ဘဏ်စာရင်းမှ) ငွေထုတ်ယူခြင်း။ (ဘဏ်စာရင်းမှ) ထုတ်ယူသည့် ငွေ။ ရုတ်သိမ်းခြင်း။ ထုတ်ယူခြင်း။ နုတ်ထွက်ခြင်း။

**withdraw amount** *n.* ထုတ်ငွေပမာဏ။

**withdrawer** *n.* ထုတ်ယူသူ။ (ဘဏ်စာရင်းမှ) ငွေထုတ်ယူသူ။

**withheld amount** *n.* (ဘဏ်စာရင်းတွင်) ထားရှိငွေ။

**within** *prep.* (အချိန်) အတွင်း။ (အကွာအဝေး) အတွင်း။ (အဝိုင်း အတာ၊ ဘောင်) အတွင်း။ အတွင်းမှ။



**without engagement** *adj.* ရောင်းချသူက (ကက်တလောက်စသည်) ဖော်ပြပါ ဈေးနှုန်းအတိုင်း ရောင်းချမည်ဟု တာဝန်ယူမထားသော။

**without prejudice** *adj.* ဖော်ပြပါ အချက်အလက်များသည် ဥပဒေအရ တရားမဝင်ကြောင်း၊ တရားရုံးတွင် သက်သေခံ အထောက်အထားအဖြစ် အသုံးပြုရန်မဟုတ်သော (စာရွက်စာတမ်းပေါ်တွင်ဖော်ပြထားသည့်စကားရပ်)။

**without recourse** *adj.* ငွေထုတ်ပေးရန် အကြောင်းကြားခံရသူက ငွေထုတ်ခြင်းမပြုလျှင် ငွေလွှဲစာချုပ်ပိုင်ရှင်သည် ထပ်ဆင့် လက်မှတ်ရေးထိုးသူထံမှ ငွေတောင်းခံခြင်း မပြုနိုင်သော။ တောင်းဆိုခွင့်မဲ့သော။

**without reserves** *adj.* ခြွင်းချက်မဲ့ဖြစ်သော။

**with-profit policy** *n.* အာမခံကြေးများ ရင်းနှီးမြှုပ်နှံရာမှ ရရှိသည့် အမြတ်ငွေများကိုပါ မူလအာမခံထားသည့်ငွေအပေါ် အပိုထပ်ဆောင်းပေးသော အသက်အာမခံပေါ်လစီစာချုပ်။

**witness** *n.* (မျက်မြင်)သက်သေ။ (တရားရုံး) သက်သေ။ အသိသက်သေ။ သက်သေခံချက်။ သက်သေထွက်ချက်။ သက်သေခံပစ္စည်း။ သက်သေအထောက်အထား။ *v.* (တရားရုံးတွင်) သက်သေထွက်ဆိုသည်။ မျက်မြင်တွေ့သည်။ အသိသက်သေအဖြစ် လက်မှတ်ထိုးသည်။

**wodge** *n.* (ငွေ၊ ပိုက်ဆံစသည်) တစ်ထောကြီး၊ တစ်ထပ်ကြီး။

**wood** *n.* သစ်၊ သစ်သား။ တော။ သစ်တော။

**wooded** *adj.* တောထူသော။ တောဖုံးလွှမ်းနေသော။

**woodland** *n.* သစ်တော ဖုံးလွှမ်းနေသည့် နယ်မြေ။

**woodwork** *n.* သစ်သားထည်။ လက်သမားအတတ်ပညာ။

**wool** *n.* သိုး၊ ဆိတ်အမွေး။ သိုးမွေးထည်။ သိုးမွေးချည်။

**woolens** *n.* သိုးမွေးထည်များ။

www.burmeseclassic.com

www.burmeseclassic.com



**word** *n.* စကားလုံး။ စာလုံး။ ဝေါဟာရ။ ကတိစကား။

**word-of-mouth advertising** *n.* ကုန်ပစ္စည်းဝယ်ယူသူများက အခြားသူများအား ကုန်ပစ္စည်းအကြောင်း တစ်ဆင့်ပြောကြားခြင်းဖြင့် ကြော်ငြာပြီးသား ဖြစ်နေခြင်း။

**word-of-mouth promotion** *n.* ကုန်ပစ္စည်းဝယ်သူများက ကုန်ပစ္စည်းအကြောင်း အခြားသူများကို ပြောပြ၍ အရောင်းမြှင့်တင်ခြင်း။

**word processing** *n.* စာစီစာရိုက် ကွန်ပျူတာပရိုဂရမ်ဖြင့် စာစီစာရိုက်ပြုလုပ်ခြင်း။

**word processor** *n.* စာစီစာရိုက် ကွန်ပျူတာပရိုဂရမ်။

**words and figures do not agree** *n.* ချက်လက်မှတ်ပေါ်တွင် စာဖြင့်ရေးသားထားသည့် ငွေပမာဏနှင့် ဂဏန်းဖြင့် ဖော်ပြထားသည့် ငွေပမာဏ တူညီမှု မရှိခြင်း။ (ယင်းအချက်ကို ဘဏ်ကချက်လက်မှတ်ပေါ်တွင် ရေးသားဖော်ပြသည့် စကားရပ်)။

**work** *n.* အလုပ်။ လုပ်ငန်း။ လုပ်စရာ။ လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာ။အလုပ်အကိုင်။ အလုပ်ဌာန။ လုပ်ငန်းခွင်။ လက်ရာ။ လက်စွမ်း။ *v.* (အလုပ်) လုပ်ကိုင်သည်။ အလုပ်လုပ်သည်။ ကြိုးပမ်းသည်။ စီမံလုပ်ကိုင်သည်။ (စက်) လည်ပတ်စေသည်။

**workable** *adj.* လုပ်၍ ဖြစ်နိုင်သော။ မာခဲ မသွားခင် လုပ်ကိုင်နိုင်သော။ (သတ္တုတွင်းစသည်) လုပ်ကိုင်၍ အကျိုးအမြတ်ရနိုင်သော။

**workaholic** *n.*အလုပ်ကိုအဆက်မပြတ်သရဲစိုးနေသလို လုပ်ကိုင်တတ်သူ။ အလုပ်သရဲ။

**work area** *n.* အလုပ်နယ်ပယ်။

**workbench** *n.* လက်သမားသုံးခုံရှည်။

**workday** *n.* အလုပ်ဆင်းရက်။ အလုပ်လုပ်ရက်။



**worker** *n.* လုပ်သား။ အလုပ်သမား။ ကာယအလုပ်သမား။ အလုပ်ကြိုးစားသူ။

**worker director** *n.* ကုမ္ပဏီစီမံခန့်ခွဲမှုတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့် ဝန်ထမ်းကိုယ်စားလှယ်။

**worker participation** *n.* ကုမ္ပဏီ၊ လုပ်ငန်း အဖွဲ့အစည်း ဒါရိုက်တာဘုတ်အဖွဲ့တွင် ဝန်ထမ်းကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုခြင်းစသည့် နည်းများဖြင့် ကုမ္ပဏီ၏ အရေးပါသော လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အလုပ်သမား၊ ဝန်ထမ်းများကို ပါဝင်ခွင့်ပြုခြင်း။

**worker's compensation insurance** *n.* အလုပ်သမားလျော်ကြေးအာမခံ။

**workforce** *n.* အလုပ်သမားအင်အား။ ရုံးဝန်ထမ်းအင်အား။

**workhorse** *n.* ဒူပေနာပေခံရသော အလုပ်သမား၊ စက်။

**workhouse** *n.* (ရှေးကာလက) ဒုက္ခိတများနှင့် သူဆင်းရဲများကို နေစရာနှင့် အလုပ်ပေးထားသည့် အလုပ်ရုံ၊ ဂေဟာ။

**working** *adj.* အလုပ်ရှိသော။ အလုပ်လုပ်သော။ အလုပ်နှင့်ဆိုင်သော။ အလုပ်နှင့်သင့်လျော်သော။ အလုပ်လုပ်နိုင်သော။ လက်တွေ့ဆောင်နိုင်သော။ *n.* သတ္တုတွင်း။

**working account** *n.* လုပ်ငန်းသုံးစာရင်း။

**working capital** *n.* လုပ်ငန်းမတည်ငွေ အရင်းအနှီး။

**working cost** *n.* လုပ်ငန်းကုန်ကျစရိတ်။

**working day** *n.* တစ်နေ့အလုပ်ချိန်။ တစ်နေ့တာ အလုပ်ချိန်။

**working expenses** *n.* အလုပ်အသုံးစရိတ်။

**working hour** *n.* ရုံးချိန်။အလုပ်ချိန်။

**working partner** *n.* ကုန်သွယ်ဖက်။ လုပ်ငန်းလုပ်ကိုင်ဖက်။

**working party** *n.* (ဌာနဆိုင်ရာက ခန့်အပ်ထားသော) စိစစ်အကြံပြုရေးအဖွဲ့။

www.burmeseclassic.com

www.burmeseclassic.com



**working plan** *n.* လုပ်ကိုင်မှု စီမံကိန်း။ လုပ်ငန်းစီမံကိန်း။

**working plan area** *n.*လုပ်ကိုင်မှု စီမံကိန်းဧရိယာ။ လုပ်ငန်းစီမံကိန်းဧရိယာ။

**working plan period** *n.* လုပ်ငန်းလုပ်ဆောင်မှုစီမံကိန်းကာလ။

**working poor** *n.* အချိန်ပြည့်အလုပ်အကိုင် ရှိသော်လည်း အကျိုးစီးပွား တိုးတက်ရန် အခွင့်အလမ်းမဲ့နေသူများ။

**working in process** *n.* လုပ်ဆဲကုန်ပစ္စည်း။ ထုတ်လုပ်ဆဲကုန်ပစ္စည်း။မပြီးစီးသေးသော လုပ်ငန်း။ လုပ်ဆဲအလုပ်။

**work in process** *n.* *Also* in process.

**workman** *n.* ကာယလုပ်သား။ အလုပ်ကြမ်းသမား။

**workmanlike** *adj.* အလုပ်သမားကောင်း ပီသသော။ ကျွမ်းကျင်နိုင်နင်းသော။

**workman ship** *n.* လုပ်ငန်းခွင်ကျွမ်းကျင်နိုင်နင်းမှု။ လက်ရာ။

**workmate** *n.* လုပ်ဖော်ကိုင်ဖက်။

**workmen's attendance record** *n.* အလုပ်သမားများ အလုပ်တက်မှတ်တမ်း။

**workmen's compensation law** *n.* အလုပ်သမား လျော်ကြေးဥပဒေများ။

**work permit** *n.* နိုင်ငံခြားသား တစ်ဦးအား အလုပ်လုပ်ခွင့်ပြုသည့်တရားဝင်စာရွက်စာတမ်း။

**workplace** *n.*လုပ်ငန်းခွင်။ အလုပ်ခွင်။

**work report** *n.* အလုပ်အစီရင်ခံစာ။

**work requisiton** *n.* လုပ်သားချထားရေး စာရင်း။

**workroom** *n.* အလုပ်ခန်း။

**works audit** *n.* လုပ်ငန်းစာရင်းစစ်။

**works committee** *n.* လုပ်ငန်းကော်မတီ။

**works cost** *n.* လုပ်ငန်း ကုန်ကျစရိတ်။

**works estimates** *n.* လုပ်ငန်းခန့်မှန်းခြေ။

**works expenses** *n.* လုပ်ငန်းအသုံးစရိတ်။



**work sharing** *n.* အလုပ်မျှဝေလုပ်ကိုင်ခြင်း။

**work sheet** *n.* အလုပ်မှတ်တမ်းစာရွက်။

**workshop** *n.*အလုပ်ရုံ။ဝပ်ရှော့။ လုပ်ငန်းခွင် ဆွေးနွေးပွဲ။ အလုပ်ရုံဆွေးနွေးပွဲ။

**work simplification** *n.*အလုပ်လွယ်ကူစေမှု။ လုပ်ငန်းတစ်ခု၊ စီမံချက်တစ်ခု ပြီးမြောက်အောင် လုပ်ဆောင်ရသည့်အဆင့်အရေအတွက်ကို လျှော့ချခြင်း။

**works manager** *n.* လုပ်ငန်းမန်နေဂျာ။

**works on cost** *n.* လုပ်ငန်းသွယ်ဝိုက်စရိတ်။

**works order** *n.* အလုပ်လက်ခံစာရင်း။ အလုပ်အော်ဒါ။

**works order form** *n.* အလုပ်လက်ခံစာရင်းပုံစံ။ အလုပ်အော်ဒါပုံစံ။

**workstation** *n.* ကွန်ပျူတာခန်း။ အလုပ်ရုံ။

**work-to- rule** *n.* ကန့်ကွက်သည့်အနေဖြင့် အလုပ်သမားသမဂ္ဂနှင့် စီမံခန့်ခွဲရေးအဖွဲ့တို့ အကြားသဘောတူညီထားသည့် စည်းကမ်းများအရသာ အလုပ်လုပ်ကိုင်ခြင်း။

**world** *n.* ကမ္ဘာ။ ကမ္ဘာမြေ။

**World Bank** *n.* ကမ္ဘာ့ဘဏ်။

**world-class** *adj.* ကမ္ဘာ့အဆင့်မီသော။

**world -famous** *n.* ကမ္ဘာကျော်။ ကမ္ဘာကျော်ဖြစ်သော။

**world power** *n.* ကမ္ဘာ့အင်အားကြီးနိုင်ငံ။

**World Trade Organization** *n.* ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့။

**world wide** *adj.* ကမ္ဘာအနှံ့။

**worst** *n.* အဆိုးဆုံး။ အညံ့ဆုံး။ အချာဆုံး။

**worsted** *n.* သိုးမွေးအထည်စ။

**worth** *adj.* ကြွယ်ဝသော။ ချမ်းသာသော။သင့်သော။ *n.*တန်ဖိုး။ အဖိုးငွေပမာဏ။

**worthwhile** *adj* ကြွယ်ဝသော။ ချမ်းသာသော။ လုပ်ရကျိုးနပ်သော။လုပ်သင့်လုပ်ထိုက်သော။

**wrapper** *n.* ထုပ်ပိုးစက္ကူ။ ထုပ်ပိုးစရာ။

www.burmeseclassic.com

www.burmeseclassic.com



**wrapping** *n.* ထုပ်ပိုးပစ္စည်း။

**wrapping paper** *n.* ထုပ်ပိုးစက္ကူ။

**wreck** *n.* နစ်မြုပ်နေသောသင်္ဘော။ သင်္ဘောပျက်။ ပျက်စီးသွားသောယာဉ်။

**wreckage** *n.* အပျက်အစီး။

**wrecker** *n.* ယာဉ်ပျက်ရှင်းလင်းသည့် ယန္တရားယာဉ်။

**wreck marking buoy** *n.* သင်္ဘောပျက် ရေအောက်တွင်ရှိနေကြောင်း ညွှန်ပြသည့် ဗော်ယာ။

**wrestler** *n.* နပန်းသမား။

**wrestling** *n.* နပန်းပွဲ။

**wringer** *n.* အဝတ်ရေညှစ်စက်။

**wrist -watch** *n.* လက်ပတ်နာရီ။

**writ** *n.* အမိန့်စာချွန်။ တရားရုံးအမိန့်စာ။

**write back** *n.* တန်ဖိုးမရှိတော့ဟု သတ်မှတ်ခဲ့သောပိုင်ဆိုင်ပစ္စည်း၊ ရနိုင်စရာမရှိဟု ယူဆခဲ့သော ရပိုင်ခွင့်ကို မူလစာရင်းဝင် တန်ဖိုးအဖြစ် ပြန်လည်စာရင်းသွင်းဖော်ပြခြင်း။

**writ of delivery** *n.* အမှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ပြန်လည်သိမ်းဆည်းရန် ရဲအရာရှိသို့ ထုတ်ပြန်သည့် အမိန့်စာ။

**writ of execution** *n.* တရားရုံးဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ရန် ထုတ်ပြန်သည့်အမိန့်စာ။

**writ of summon** *n.* သမ္မန်စာ။ ဆင့်ခေါ်စာ။

**write** *v.* ရေးသည်။ ရေးသားသည်။ ရေးဖွဲ့သည်။

**write-down** *n.* တန်ဖိုးလျှော့ခြင်း။ ပိုင်ဆိုင်ပစ္စည်းတန်ဖိုးကို လျှော့ချခြင်း။

**write down** *v.* တန်ဖိုးလျှော့ချသည်။ ရေးမှတ်သည်။ ချရေးသည်။

**write into** *n.* (စာချုပ်စာတမ်းတွင်)အချက်အလက် ထပ်ဖြည့်သည်။

**write-off** *n.* အကြွေး လျှော်ပစ်ခြင်း။ သုံးမရအောင် ပျက်စီးသွားသော ယာဉ်။ သုံးမရအောင် ပျက်စီးဆုံးရှုံးမှု။



**write off** *v.* ဆုံးရှုံးမှုအဖြစ်သတ်မှတ်သည်။ အကြွေးလျှော်ပစ်သည်။(ယာဉ်) ပြင်၍မရအောင် ပျက်စီးသွားသည်။

**writer** *n.* စာရေးဆရာ။ စာရေးသူ။

**write-up** *n.* သတင်းဆောင်းပါး။

**write up** *v.* အပြည့်အစုံရေးမှတ်သည်။ အပြည့်အစုံ မှတ်တမ်းတင်သည်။ စာရင်းတွင် ပိုင်ဆိုင်ပစ္စည်းတန်ဖိုးကို တိုးမြှင့်ဖော်ပြသည်။

**writing** *n.* စာရေးခြင်းအလုပ်။ စာရေးရန်။ စာ။ လက်ရေး။ ရေးဟန်။

**writing table** *n.* စာရေးစားပွဲ။

**wrong** *adj.* မှားနေသော။ မမှန်ကန်သော။ ချွတ်ယွင်းနေသော။ မလျော်ကန်သော။ ပြဿနာရှိသော။ တစ်ခုခုဖြစ်နေသော။ *n.* အမှား။ မှားခြင်း။ မတရားမှု။ မမှန်ကန်မှု။ မလျော်ကန်မှု။

**wrongdoer** *n.* မမှန်မကန် လုပ်သူ။ မတော်မတရားလုပ်သူ။

**wrongdoing** *n.* အပြစ်။ အမှား။

# Xx

**x.d** *symb.* (သတင်းစာတွင် ဖော်ပြထားသည့်စတော့ဈေးနှုန်းမှာ) အမြတ်ဝေစုမပါဝင်ဘဲ(အရောင်းအဝယ်ပြုလုပ်သည့် ဈေးနှုန်း)။ ex-dividend.

**Xerox** *n.* (ခတ်ပုံ)မိတ္တူကူးစက်။ မိတ္တူကူးစက်။ မိတ္တူ ကူးစက်ဖြင့် ကူးယူထားသည့် မိတ္တူ။ *v.* မိတ္တူကူးသည်။ ခတ်ပုံမိတ္တူကူးသည်။

**x-inefficiency** *n.* လုပ်ငန်း၊ အဖွဲ့အစည်းက စရိတ်အသက်သာဆုံး၊ ကုန်ပစ္စည်းကောင်းအများဆုံးကိုအမြန်ဆုံးထုတ်လုပ်နိုင်သည့် အရေအတွက်ထက် လျော့နည်း ထုတ်လုပ်သော အရေအတွက်ပမာဏ။

**x-inefficiency due to bad management** *n.* ညံ့ဖျင်းစွာစီမံခန့်ခွဲမှုကြောင့် ပေါ်ထွက်လာရသည့် ကုန်ပစ္စည်း အရည်အ

www.burmeseclassic.com

www.burmeseclassic.com



သွေး၊ အရေအတွက် ညှံ့ဖျင်းလျော့ကျမှု။

**XL** *abbr.* ပုံမှန်အရွယ်အစားထက်ကြီးသော (အင်္ကျီဘောင်းဘီစသည်)။ Extra large.

**Xmas** *n.* ခရစ္စမတ်ပွဲတော်။

**X-rated** *adj.* ကလေးမကြည့်ရသော(ဗီဒီယို၊ ရုပ်ရှင်စသည်)။

**X-ray** *n.* အိတ်စရေး ဓာတ်ရောင်ခြည်။ ဓာတ်မှန်။ ဓာတ်မှန်ရိုက်ခြင်း။ *v.* ဓာတ်မှန်ရိုက်သည်။

## Yy

**yacht** *n.* ရွက်လှေ။ အပျော်စီးသင်္ဘော။

**yachting** *n.* ရွက်လှေ အပျော်စီးခြင်း၊ ပြိုင်ခြင်း။

**yard** *n.* ခြံ၊ ဝင်းခြံ။ ရွက်တိုင်တွင် ရွက်လွှင့်ရန် ချည်ထားသောသစ်သားတန်း။ ကိုက် (၃၆ လက်မရှိသော အတိုင်းအတာ)။

**yardstick** *n.* စံပေတံ။

**yarn** *n.* ချည်ခင်။

**year** *n.* (ပြက္ခဒိန်) နှစ်။(တစ်)နှစ်။ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သောနှစ်။ (စာသင်၊ ဘဏ္ဍာရေး) နှစ်။ အသက်။

**year book** *n.* နှစ်ပတ်လည်စာစောင်။ နှစ်ချုပ်။ သက်ဆိုင်သည့်နှစ်အတွင်းဖြစ်ပေါ်တိုးတက်မှု၊ သတင်းဆိုင်ရာအချက်အလက်အသစ်၊ နေရပ်လိပ်စာအသစ်စသည်တို့ကို ဖော်ပြထားသည့်နှစ်ချုပ်စာအုပ်။



**year-end** *n.* လုပ်ငန်း။ ကုမ္ပဏီ၊ အဖွဲ့အစည်းစာရင်းများအတွက် အစီရင်ခံစာ ရေးသားပြုစုရန် စာရင်းပိတ်ရသော ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်ကာလ။

**year-end dividend** *n.* (ကုမ္ပဏီအချို့က အမြတ်အစွန်း ထူးထူးခြားခြား မြတ်သည့်နှစ်အတွက်) နှစ်ကုန်ဆုံးချိန်တွင် အပိုထပ်ထုတ်ပေးသည့် အမြတ်ဝေစု။

**yearly** *adv.* နှစ်စဉ်။ နှစ်တိုင်း။ တစ်နှစ်တစ်ကြိမ်။

**year-on-year** *adj.* တစ်နှစ်ထက် တစ်နှစ်။

**year-round** *adj.* တစ်နှစ်ပတ်လုံး။ တစ်နှစ်လုံး။

**year-to-date** *n.* ဘဏ္ဍာရေးနှစ်အစမှ နောက်ဆုံးစာရင်းရသည့်ကာလ၊ အချိန်အထိ စုစုပေါင်း။

**yeast** *n.* တဆေး။

**yellow dog contract** *n.* အလုပ်သမားသမဂ္ဂသို့ ဝင်ရောက်လျှင် အလုပ်ဖြုတ်မည်ဟု စည်းကမ်းချက် ပါရှိသည့် အလုပ်ခန့်စာချုပ်။

**yellow goods** *n.* ငွေကြေးပမာဏတန်ဖိုးကြီးပြီး၊ အသစ်ဝယ်ယူအစားမထိုးဘဲ ကာလကြာရှည်စွာ သုံးစွဲနိုင်သည့် ရေခဲသေတ္တာ၊ လျှပ်စစ်မီးဖိုကဲ့သို့သော အိမ်သုံးပစ္စည်းများ။

**yellow line** *n.* (ကားမရပ်ရကြောင်းပြ) မျဉ်းဝါအမှတ်အသား။ မျဉ်းဝါ။

**Yellow Pages** *n.* တယ်လီဖုန်းလမ်းညွှန်စာအုပ်။ စီးပွားရေးလုပ်ငန်းမျိုးစုံကို ဝန်ဆောင်မှု၊ ရောင်းချသည့် ပစ္စည်းအလိုက် စနစ်တကျ ခွဲခြားဖော်ပြထားသည့် တယ်လီဖုန်း လမ်းညွှန်စာအုပ်။

**yellow press** *n.* ထိတ်လန့်စရာသတင်း၊ ဓာတ်ပုံများဖြင့် ရောင်းကောင်းအောင်ထုတ်ဝေထားသည့်သတင်းစာများ။

**Yen** *n.* (ဂျပန်) ယန်းငွေ။

**yesman** *n.* (အထက်လူအား)

www.burmeseclassic.com

www.burmeseclassic.com



အမြဲတစေ မှန်ပါ၊ မှန်ကြောင်း ဟု မြှောက်ပင့်ပြောဆိုတတ်သူ။

**yesterday** *n.* ယမန်နေ့။ မနေ့။

**yet** *adv.* ယခုထိ။ ယခုတိုင်။ သည့်အပြင်။ သည့်ထက်။

**yield** *v.* အကျိုးအမြတ်ဖြစ်ထွန်းသည်။ (ကုန်ပစ္စည်း) ထွက်ရှိသည်။ လျှော့ပေးသည်။ အရှုံးပေးသည်။ *n.* ထွက်ရှိသည့် ကုန်ပစ္စည်းပမာဏ။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် ငွေကြေး။ အထွက်။ ထွက်နှုန်း။

**yield curve** *n.* ထုတ်ချေးသည့် ငွေချေးကာလသက်တမ်းအလိုက် ငွေချေးစာချုပ်များမှ ရရှိသည့် အတိုးနှုန်းများကို ဖော်ပြသည့် ပုံပြမျဉ်း။

**yield gap** *n.* ပုံသေ အတိုးနှုန်းအရ ငွေချေးစာချုပ်မှ ရရှိသော အတိုးနှင့် သာမန်အစုရှယ်ယာမှ ရရှိသည့် အမြတ်ဝေစုတို့ ကွာဟခြားနားချက်။

**yield spread** *n.* ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများမှ ရရှိသည့် အကျိုးအမြတ် ရာခိုင်နှုန်း ကွာဟခြားနားချက်။

**yield-to-maturity** *n.* နှစ်စဉ်အသားတင်အတိုး။ လက်ရှိနေ့ရက်မှစ၍ ငွေချေးစာချုပ် သက်တမ်းကုန်ဆုံးသည့်နေ့အထိ ရရှိမည့် အကျိုးအမြတ်သည် ယင်းငွေကြေးစာချုပ်ဝယ်ယူခဲ့သည့် တန်ဖိုး၏ရာခိုင်နှုန်း မည်မျှရှိသည်ကို တွက်ဆခြင်း။

**yoke** *n.* ထမ်းပိုး။ လှည်းထမ်းပိုး။ ဖိနှိပ်ချုပ်ချယ်ခြင်း။

**youth** *n.* လူငယ်။ ပျိုမျစ်ခြင်း။ ပျိုရွယ်ချိန်။

**youth hostel** *n.* လူငယ်အဆောင်။ လူငယ်ဆောင်။

**yo-yo stock** *n.* ဈေးအတက်အကျလျင်မြန်လွန်းသည့်စတော့ရှယ်ယာ။

**yuan** *n.* (တရုတ်) ယွမ်ငွေ။

**yummy** *adj.* အရသာရှိသော (ချောကလက်၊ မုန့်စသည်)။

**yuppie** *n.* အသက်ငယ်ငယ်နှင့် ငွေပွပေါက်ရှာတတ်သည့် လုပ်ငန်းရှင်၊ အတတ်ပညာရှင်။



## Zz

**zap** *v.* (တီဗီ၊ ကွန်ပျူတာ) ပိတ်သည်။

**zebra crossing** *n.* လူကူးမျဉ်းကျား။ မျဉ်းကျား။

**zenith** *n.* ထိပ်တည့်မှတ်။ကောင်းကင်ရှိ မိမိဦးထိပ်တည့်တည့် အမှတ်။ အထွတ်အထိပ်။

**zero** *n.* သုည။ (အပူချိန်၊ ဖိအား) သုညမှတ်။ ဘာမျှ မရှိခြင်း။ နတ္ထိ။ ဗလာ။ ကင်းမဲ့ခြင်း။ မရှိခြင်း။

**zero-base budgeting** *n.* ကုမ္ပဏီ၊စီးပွားရေးအဖွဲ့အစည်းများ၊ ယခင်နှစ်ကထက် ကျော်လွန်သော အသုံးစရိတ်သာမက အကြောင်းပြချက် ခိုင်လုံမှုရှိခဲ့လျှင် ဘတ်ဂျက်အသုံးစရိတ်ငွေခွဲဝေခွင့်ပြုခြင်း။ အသုံးစရိတ်အသီးသီး ခွင့်ပြုငွေကို သုညမှ စတင်သည်ဟု သတ်မှတ်၍ အကြောင်းခိုင်လုံမှုရှိလျှင်သုံးစွဲခွင့်ပြုခြင်း။

**zero coupon bond** *n.* မျက်မြင်တန်ဖိုးထက် ဈေးနှုန်းလျှော့ချရောင်းသည့် အတိုးမရသော ငွေချေးစာချုပ်။

**zero defects** *n.* ချို့ယွင်း၊ ချွတ်ယွင်းချက်မရှိစေဘဲ အရည်အသွေး ပြည့်ဝကောင်းမွန်မှုကို ရည်ရွယ်ဆောင်ရွက်သည့် ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေး အစီအစဉ်။

**zero economic growth** *n.* တိုင်းပြည်ဝင်ငွေ အတက်အကျမရှိခြင်း။

**zero inflation** *n.* ငွေကြေးဖောင်းပွမှု မရှိခြင်း။ ဈေးနှုန်းတည်ငြိမ်ခြင်း။ငွေကြေးဖောင်းပွမှုရာခိုင်နှုန်း သုညဖြစ်နေခြင်း။

**zero lot line** *n.* သီးခြားမြေကွက်ပေါ်တွင် နေအိမ်အသီးသီးတည်ရှိနေသော်လည်း တစ်အိမ်နှင့်တစ်အိမ် ယှဉ်တွဲတည်ဆောက်ထားကြသည့် လူနေအိမ် အစုအဝေး၊ အိမ်ရာစီမံကိန်း။

www.burmeseclassic.com

www.burmeseclassic.com



**zero population growth** *n.* သေဆုံးသူနှင့် မွေးဖွားသူ ဦးရေ ညီမျှနေ၍ လူဦးရေတိုးတက်မှု တန့်နေခြင်း။

**zero rated** *adj.* ထပ်တိုးတန်ဖိုး ခွန်ကောက်ခံခြင်းမရှိသော(ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည်)။

**zero-sum game** *n.* လောင်းကစားသူများ၏ အနိုင်ရငွေနှင့် ရှုံးငွေစုစုပေါင်းကို ကိုက်ညီကြည့်ပါက (အနိုင်အရှုံး မရှိသော)သုညလောင်းကစားနည်း။

**zest** *n.* အနံ့အရသာအတွက် ဟင်းခတ်သော လိမ္မော်ခွံ၊ သံပရာခွံ။

**zonal** *adj.* ဇုန်နယ်အလိုက် ဖြစ်သော။

**zone** *n.* ဇုန်။ ဇုန်နယ်မြေ။ သတ်မှတ်နယ်မြေ။စာတိုက်ခ။ကားခ။ တယ်လီဖုန်းခသီးခြားနှုန်းထားရှိသော နယ်မြေဒေသ။ သီးသန့်နယ်မြေဒေသ။ *v.* နယ်မြေပိုင်းခြား သတ်မှတ်သည်။ (အသုံးပြုမည့် ကိစ္စကို မူတည်၍) နယ်မြေ သတ်မှတ်ပေးသည်။

**zone co-operative council** *n.* ဇုန်သမဝါယမ ကောင်စီ။

**zoning** *n.* ဇုန်ခွဲခြင်း။

**zoo** *n.* တိရစ္ဆာန်ဥယျာဉ်။

**zoo-keeper** *n.* တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ထမ်း။

**zoological gardens** *n.* **Also** zoo.

**zoom** *v.* (ဈေးနှုန်း၊ စရိတ်စသည်) တစ်ဟုန်ထိုးတက်သည်။

**zymometer** *n.* တဆေးပြင်းအားတိုင်းကိရိယာ။

□ □ □



## မှီငြမ်းကိုးကားသည့် စာအုပ်များ


- A Concise Dictionary of Business.
- Dictionary of Business Terms.
- Oxford Dictionary of Business English.
- Oxford Learner's Dictionary.
- Chamber Mini-Dictionary.
- Longman English Language and Culture Dictionary.
- Webster's Dictionary.
- Webster's New World Dictionary.
- အင်္ဂလိပ်–မြန်မာ ဝေါဟာရဘဏ်။
- ပညာရပ် ဝေါဟာရများ။
- အင်္ဂလိပ်–မြန်မာ အဘိဓာန် (မြန်မာစာအဖွဲ့)။


www.burmeseclassic.com

www.burmeseclassic.com



Collins COBULID ACTIVE ENGLISH DICTIONARY ပါ အင်္ဂလိပ်စာ လေ့လာသူများ အမှန်တကယ် လိုအပ်သော အသုံးအတွင်ကျယ်ဆုံး ဝေါဟာရ ၆၀၀၀ ခန့်ကို ရှထောင့်စုံမှ ချဉ်းကပ် အဓိပ္ပာယ် ဖွင့်ဆိုထားပြီး နမူနာဝါကျများလည်း ဝေဝေဆာဆာ ပါဝင်သည့်

# MMA

## အင်္ဂလိပ် - မြန်မာ

## အိတ်ဆောင်အဘိဓာန်

(အသုံးအတွင်ကျယ်ဆုံး ဝေါဟာရများ)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရပေါင်း ၃၀၀၀၀ ကျော်၏
ကျစ်လျစ်နိုင်မာသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ

# MMA

## ၂၁ ရာစု [အင်္ဂလိပ် - မြန်မာ]

## အိတ်ဆောင်အဘိဓာန်

THE WORKING PEOPLE'S DAILY နှင့် THE NEW LIGHT OF MYANMAR သတင်းစာကြီးများတွင် နှစ်ပေါင်း နှစ်ဆယ်ကျော်ကြာ အင်္ဂလိပ်စာ အတွေ့အကြုံနှင့် အဘိဓာန်ကြီးများ ပြုစုခဲ့သည့် အတွေ့အကြုံရှိ သတင်းစာဆရာကြီး ပြုစုသည့် အဘိဓာန်စာအုပ်



လက်တွေ့အသုံးအများဆုံး
ဝေါဟာရ တည်ပုဒ်ပေါင်း ၉၀၀၀ ကျော်
ပါဝင်သည့်

## ပညာကျော်

## မြန်မာ - အင်္ဂလိပ်

## အိတ်ဆောင်အဘိဓာန်

MYANMAR - ENGLISH
POCKET DICTIONARY

www.burmeseclassic.com

www.burmeseclassic.com



ကဇာတ်ရုံဆိုင်ရာ ဝေါဟာရများ၊ သတင်းစာဆိုင်ရာ ဝေါဟာရများမှသည် အိမ်သုံးပစ္စည်းဆိုင်ရာ ဝေါဟာရများအထိ အကြောင်းအရာ နယ်ပယ်စုံ ၇၆ မျိုးအောက်တွင် အသုံးအဝင်ဆုံး ဝေါဟာရပေါင်း ၁၆၀၀၀ ကျော် ပါဝင်ပြီး ပညာရပ်ဆိုင်ရာ မြန်မာ - အင်္ဂလိပ် အဘိဓာန် နှင့် အိတ်ဆောင် မြန်မာ - အင်္ဂလိပ် အဘိဓာန် အဖြစ်လည်း အသုံးပြုနိုင်သည့်

# ပညာကျော်

## မသိမဖြစ် ဝေါဟာရအဘိဓာန်

## Essential Words Dictionary

BURMESE CLASSIC

www.burmeseclassic.com